George Orwell

1984

၁၉၈၄

ဝင့်ငြိမ်းမြင့်

WHISPER OF WORDS

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများ လည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင် လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ (လုံးဝ) အသုံးမပြုပါ။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

About Author

ဝင့်ပြုံးမြင့်(၁၉၇၁ -...)

မြန်မာပြန်သူ ဝင့်ပြုံးမြင့်ကို အဘ ဦးစန်းမြင့်၊ အမိ ဒေါ်ကြင်မြင့် တို့မှ ၁၉၇၁ ခု၊ ဒီဇင်ဘာ ၈ ရက် နေ့တွင် ဖျာပုံမြို့၌ မွေးဖွားသည်။ ၁၉၇၉ ခုတွင် ရန်ကုန်မြို့သို့ မိဘများနှင့်အတူ ပြောင်းရွှေ့နေထိုင်ပြီး မရမ်းကုန်းမြို့နယ် အထက(၃)ကျောင်းမှ ၁၉၈၈ခုတွင် အခြေခံပညာ အထက်တန်းအောင်မြင်ခဲ့သည်။ ၁၉၉၅ ခုတွင် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒအဓိကဘာသာဖြင့် သိပ္ပံဂုဏ်ထူးဘွဲ့ ရရှိခဲ့သည်။

"သံစဉ်သံလှိုင်း စိတ်ခိုင်းစေရာ" သည် ဝင့်ပြုံးမြင့်၏ ပွဲဦးထွက် ဘာသာပြန်လက်ရာဖြစ်ပြီး ထိုစာအုပ်ကို ပုဂံစာအုပ် တိုက်၏ အုပ် ၃၀၀ပြည့် အထူးထုတ်အဖြစ် ထုတ်ဝေခဲ့သည်။ ထို့နောက် "ဘူဒင်ဘရွတ်(ခ်)"၊ "မဆုတ်မတွန့်မရွံ့စတမ်း" "တိမ်ယံသစ္စာ"၊ "နေအသင်္ချေ လအနန္တ"၊ "ဆောင်းညရှိုက်သံ" တို့ကို ဘာသာပြန်ခဲ့ပြီး ယခုအခါ ကမ္ဘာ့အကောင်းဆုံးစာအုပ် ၁၀၀ စာရင်းတွင် အခိုင်အမာ နေရာယူထားသော George Orwell ၏ "1984" ကို မြန်မာပြန်ဆိုပါသည်။

၁၉၈၄

ဝင့်ပြုံးမြင့်

1984

by

GEORGE ORWELL

လောကသစ်

လောကသစ် စာအုပ်အမှတ် ၆၇

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်- ၅၀၁၄၀၆၁၁၁

ထုတ်ဝေသူ - ဒေါ်ဝေဝေမြင့် (မြဲ ဝ၃၉၀၉) လောကသစ်စာပေ၊ ၇၊ သုဝဏ္ဏလမ်း၊
ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးတင်မောင်ဝင်း (ဝ၅၉၄၆) သင်းလဲ့ဝင်းပုံနှိပ်တိုက်၊

အဖုံးပုံနှိပ်သူ - ဦးတင်မောင်ဝင်း (ဝ၅၉၄၆)သင်းလဲ့ဝင်းပုံနှိပ်တိုက်၊၁၂၊ ဒေါနလမ်း၊
ပုဇွန်တောင်မြို့နယ်၊

အဖုံးဒီဇိုင်း - တော်တီဆွေ

ဖလင် - Perfect

ပုံနှိပ်ခြင်း ပထမအကြိမ်၊ အုပ်ရေ - ၇၀၀ နိုဝင်ဘာလ၊ ၂၀၁၂ ခုနှစ်။

တန်ဖိုး ၄၀၀၀ ကျပ်

လောကသစ်စာပေ ၇၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၂၅၁ ၃၅၉ (ရုံး)၊ ၄၀၁ ၃၈၇ (အိမ်)၊ ၃၂၀. ၉ ဝင့်ပြုံးမြင့် ၁၉၈၄/ ဝင့်ပြုံးမြင့်။ - ရန်ကုန်၊

လောကသစ်စာပေ၊ ၂၀၁၂။

၃၇၅ စာ ၊ 13. 3 x 20. 9 စင်တီ (၁) ၁၉၈၄

Ebook Creator - Whisper Of Words

ဂျော့ချ်အော်ဝဲလ် မိတ်ဆက်

Eric Arthur Blair ကို ၁၉၀၃ ခုတွင် ဗြိတိသျှအိန္ဒိယ၌ မွေးဖွားခဲ့သည်။ Eric ၏ဖခင် R. W. Blair သည် အိန္ဒိယအစိုးရ၏ မူးယစ် ဆေးဝါးဌာနတွင် အလုပ်လုပ်သည်။ Eric ၏မိခင် Ida Mable Blair သည် မြန်မာပြည်တွင်ကြီးပြင်းခဲ့သည်။ Eric တွင် အစ်မ Majorie နှင့် ညီမ Avril တို့ရှိသေးသည်။

Eric တစ်နှစ်သားအရွယ်တွင် မိခင် Ida က အင်္ဂလန် ခေါ်ဆောင်သွားခဲ့သည်။ ၁၉၀၄ ခုတွင် မိခင်သည် Henley-on-Thames တွင် အခြေချသည်။ ၁၉၁၂ ခုထိ ဖခင်ကိုသိပ်မတွေ့ရဘဲ မိခင်နှင့် နှမများကြားတွင် Eric ကြီးပြင်းလာခဲ့သည်။

ငါးနှစ်သားတွင် Eric ကို ကက်သလစ်ကွန်ဗင့်ကျောင်းအပ် လိုက်ကြသည်။ မိခင်ကသားအတွက် ကျောင်းကောင်းကောင်းထားချင် သော်လည်း ကျောင်းလခမတတ်နိုင်သောကြောင့် Eric ဘကြီး၏ အဆက် အသွယ်ဖြင့် Eric ကိုပညာသင်ဆုရစေကာ Cyprian’s School တွင် Eric ကိုကျောင်းတက်စေခဲ့သည်။ အထင်ကရ ကျောင်းကြီး နှစ်ကျောင်းဖြစ်သော ဝယ်လင်တန်နှင့် အီတန် ကျောင်းတက်ရန် Eric သည် ပညာသင်ဆုရရှိခဲ့သည်။ ဝယ်လင်တန်ကျောင်း၌ သင်ရိုးတစ်ခုတက်ခဲ့ပြီး ဘုရင့်ကျောင်းဖြစ်သော အီတန်တွင် ၁၉၂၁ ခုထိပညာသင်ခဲ့သည်။

မော်လမြိုင်မြို့တွင် Eric ၏အဖွားရှိသောကြောင့် Eric ၏ အလုပ် ရွေးချယ်မှုသည် မြန်မာပြည် ဖြစ်လာခဲ့သည်။ မေမြို့တွင် ယာယီတာဝန်ကျပြီး ၁၉၂၄ ခုတွင် မြောင်းမြသို့ ပြောင်းရွှေ့ အမှုထမ်းရသည်။ ၁၉၂၆ခု၊ ဧပြီလတွင် အဖွားနေထိုင်သော မော်လမြိုင်သို့ပြောင်းရွှေ့နိုင်ခဲ့ကာ ထိုနှစ်ကုန်တွင် ကသာသို့ ပြောင်းရွှေ့ခဲ့သည်။

၁၉၂၇ ခုတွင် တုတ်ကွေးရသောကြောင့် အင်္ဂလန်ပြန်ဖို့ဖြစ်လာခဲ့ရာ EriC သည် စာရေးဆရာ တစ်ယောက် ဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် အလုပ်မှနုတ်ထွက်ခဲ့သည်။ မြန်မာပြည်ရဲအမှုထမ်း အတွေ့အကြုံကြောင့် ၁၉၃၄ တွင် ‘Burmese Days’ ဟူသောစာအုပ် ပေါ်ထွက်ခဲ့သည်။

၁၉၂၉ ဒီဇင်ဘာတွင် အင်္ဂလန်မှမိဘများရှိရာ Southwold သို့တန်းပြန်သည်။ မိဘများနှင့်အတူ နေထိုင်သည့် ငါးနှစ်တာကာလအတွင်း မြို့ခံလူများနှင့် Eric ရင်းနှီးခဲ့သည်။ ဓမ္မဆရာ၏သမီးဖြစ်သော Salkield သည် Eric ၏လက်ထပ်ခွင့်ကို ငြင်းပယ်ခဲ့သော်လည်း နောင်နှစ်ပေါင်း များစွာအထိ Eric ၏ အလုပ်နှင့် ပတ်သက်ပြီး အဆက်အသွယ်မပြတ်ခဲ့သူ မိတ်ဆွေကောင်းတစ်ဦးဖြစ်ခဲ့သည်။

၁၉၃၆ ခုတွင် Orwell သည် O’Shaughnessy နှင့် လက်ထပ်ပြီးသိပ်မကြာ စပိန်ပြည်တွင် နိုင်ငံရေး တင်းမာမှုများ ပေါ်ပေါက်ခဲ့သဖြင့် Orwell သည် စပိန်ပြည်တွင်း မရရအောင် ဝင်ကာ ရီပတ်ဗလီကင် တို့ဘက်မှ စေတနာ့ဝန်ထမ်း ဝင်တိုက်လေသည်။ Orwell လည်မျိုကို ကျည်ဆံထိပြီး ကံကောင်း၍မသေ။ ဇနီးမောင်နှံနှစ်ဦး အဖမ်းခံရမည့်ဘေးမှ သီသီကလေးလွတ်ပြီး စပိန်ပြည်တွင်းမှထွက်လာနိုင်ခဲ့သည်။

၁၉၄၄ ဧပြီလတွင် Orwell ၏ Animal Farm သည် ထုတ်ဝေဖို့ အသင့်ဖြစ်နေခဲ့ပြီ။ သို့သော် သူ့ စာအုပ်ကိုထုတ်ဝေဖို့ Gallance ကပယ်ချသည်။ အခြားထုတ်ဝေသူများကလည်း ပယ်ချသည်။ Jonathan Cape တစ်ဦးတည်းသာ ထုတ်ဝေဖို့သဘောတူခဲ့သည်။

၁၉၄၄၊ ဇွန်လတွင် သူ့အိမ် ဗုံးထိသောကြောင့် Orwell သည် နေစရာရှာဖွေရသည်။ အပျက်အစီးပုံ ကြားထဲမှ စာအုပ်များ ပြန်ကောက်ပြီး လက်တွန်းလှည်းနှင့် သယ်ရသည်။

နောက်ထပ်ဗုံးတစ်လုံးမှာ Cape စိတ် ပြောင်းသွားခြင်း ဖြစ်သည်။ သတင်းဌာနတွင် အလုပ်လုပ်သော ဆိုဗီယက် အေးဂျင့်တစ်ဦး၏ လွှမ်းမိုးခြယ်လှယ်မှု ကြောင့် Cape စိတ်ပြောင်းသွားသည်ဟု ယုံကြည်ရသည်။

၁၉၄၅ မတ်လတွင် Orwell ၏ချစ်ဇနီး ဆေးရုံတက် ခွဲစိတ် ကုသရာမှ ကွယ်လွန်ခဲ့သည်။ Orwell ၏ Animal Farm ကို ၁၉၄၅ ဩဂုတ်လရောက်မှ ဗြိတိန်တွင် ထုတ်ဝေနိုင်ခဲ့ကာ စစ်ပြီးခေတ်၏ ရသမြောက် စာအုပ်အဖြစ် ကမ္ဘာတစ်ဝှမ်းအောင်မြင်မှုရခဲ့သည်။ Orwell မဆုံးခင် နောင်လေးနှစ်တာ ကာလအတွင်း Orwell 3 Tribune, Observer, Manchester Evening News တို့တွင် အမိကရေးသားနေပြီး သူ၏ အကောင်းဆုံးလက်ရာ ဖြစ်သော 1984ကို ရေးသားခဲ့သည်။ ၁၉၄၆ ခုတွင် Orwellသည် အဆုတ်နာရောဂါကို ခံစားနေရပြီ။ ၁၉၄၈၊ ဒီဇင်ဘာတွင် 1984 လက်ရေးစာမူ အပြီးသတ်နိုင်ခဲ့ပြီး ၁၉၄၉ ဇန်နဝါရီတွင် အလွန်ချည့်နဲ့သော အခြေအနေဖြင့် ဆေးကုဌာနကို ရောက်ရှိခဲ့ရသည်။

၁၉၄၉ ခု၊ ဇွန်လတွင် 1984 ကို ထုတ်ဝေလိုက်သည်နှင့် ဝေဖန်ရေးဂယက်ရိုက်ခဲ့သည်။ လန်ဒန်ရှိ University College Hospital သို့ မပြောင်း ရွှေ့မီကလေးတွင် Orwell သည် Sonia Brownell နှင့်ဒုတိယအကြိမ် လက်ထပ်ခဲ့သည်။ ၁၉၅၀ခု၊ ဇန်နဝါရီ ၂၁ရက်တွင် Orwell ကွယ်လွန်သည်။ ကမ္ဘာ့အကောင်းဆုံးစာအုပ် ၁၀၀ စာရင်းထဲတွင် ဂုဏ်သိန်ကြီးစွာ လျှမ်းလျှမ်းတောက် နေရာယူထားသော Orwell ၏ 1984 ကို ၁၉၈၄ ခုတွင် Prometheus Award ချီးမြှင့်၍ ဂုဏ်ပြုခဲ့ကြသည်။

အပိုင်း (၁)

(၁)

ဧပြီလ၏ လင်းကျင်းအေးမြနေသောနေ့။ နာရီများက ဆယ့်သုံးချက်ကို ရိုက်ကျည်းလိုက်ကြသည်။ တိုက်ခတ်နေသော လေစိမ်းများ၏ဒဏ်မှ လွတ်လိုလွတ်ငြား ဝင်စတန်စမစ်သ်သည် ဦးခေါင်းကို အတင်းငုံ့ထားပြီး 'ဗစ်ထရီ' တိုက်တန်း၏မှန်တံခါးမှ လုစ်ခနဲဝင်လာသည်။ ဤမျှ မြန်မြန်သွက်သွက် ဝင်ပါလျက် သူ့နောက်မှ လေပွေက သဲတသောသောနှင့် အတူဝင်လိုက်လာ နိုင်သည်။

ခန်းမထဲတွင် ဂေါ်ဖီပြုတ်နံ့နှင့် ဖျာစုတ်နံ့ရသည်။ ခန်းမ၏ နံရံတစ်ဖက်တွင် ဆေးရောင်စုံ ပိုစတာကြီး တစ်ခုကို သံမှိုနှက်၍ ကပ်ထားသည်။ အိမ်တွင်းအလှဆင်ဖို့အတွက် အရွယ်အစား ကြီးလွန်းနေသော ပိုစတာ။ ပိုစတာပေါ်မှ နှုတ်ခမ်းမွေးမည်းမည်းတုတ် တုတ်ကြီးနှင့် လူ့မျက်နှာသည် တစ်မီတာ သာသာခန့်ကျယ်သည်။ ထိုပုဂ္ဂိုလ်သည် အသက်လေးဆယ့်ငါး နှစ်ခန့်ဖြစ်ပြီး ကြမ်းကြမ်း ရမ်းရမ်းနှင့်ခန့်ချောကြီးဖြစ်၏။

ဝင်စတန် လှေကားတက်လာသည်။ ဓာတ်လှေကားကို ကြိုးစားနေလျှင် အပိုပဲ။ အဆင်အပြေဆုံးအချိန်မျိုး၌ပင် ဓာတ်လှေကားသည် အလုပ်လုပ်ခဲသည်။ လောလောဆယ် တွင်လည်း နေ့အလင်းရောင် ရနေသည့် အချိန်၌လျှပ်စစ်ဓာတ်အား ဖြတ်တောက်ထားသည်။

အမုန်းရက်သတ္တပတ်အတွက် ကြိုတင်ပြင်ဆင်သော စွမ်းအင်ချွေတာရေးအစီအစဉ်ဖြစ်၏။ ညာဘက် ခြေကျင်းဝတ် အထက်တွင် သွေးကြောထုံးနာကြီး ရောင်အမ်းမို့နေသော ဝင်စတန်အဖို့ ခုနစ်ထပ်မြင့်သော အဆောက်အဦးကို ဖြည်းဖြည်းနှေးနှေးနှင့် နား၍နား၍တက်သွားရသည်။ ဓာတ်လှေကားတွင်းနှင့် မျက်နှာချင်းဆိုင် လှေကားတက်တိုင်းတွင် ရောမမျက်နှာကြီးနှင့်ပိုစတာသည် နံရံပေါ်မှကြည့်နေသည်။

ပိုစတာထဲမှ မျက်လုံးတစ်စုံသည် သင်သွားလေရာ သင့်နောက်ကို ထပ်ချပ်မကွာ လိုက်နေသကဲ့သို့ ဖြစ်ရာ အင်မတန် အသက်ပါလွန်းသော ဓာတ်ပုံဟုခေါ်ရမည်။ ပိုစတာအောက်ရေးထိုးထားသော စာတန်းက "အစ်ကိုကြီးသည် သင့်အား စောင့်ကြည့်နေသည်"။ သံကြွပ်ထုတ်လုပ်မှုနှင့် ပတ်သက်သော ကိန်းဂဏန်း ရွတ်သံ တိုက်ခန်းထဲမှ ထွက်ပေါ်နေသည်။ လက်ယာဘက် အခန်းနံရံတွင် မှုန်ဝါးဝါး ကြည့်မှန်နှင့် တူသော အလျားရှည်ဖန်သားပြင်ကို နံရံတစိတ်တပိုင်းသဖွယ် နံရံနှင့်တသားတည်း ပြုလုပ်ထားရာ အသံသည် ထိုဖန်သားပြင်မှ ပေါ်ထွက် နေခြင်းဖြစ်သည်။ ဝင်စတန်သည် ခလုတ်ကိုလှည့်၍ အသံကိုတိုးသည်။ 'တယ်လီစကင်" ဟုခေါ်သော ထိုကိရိယာကို အရုပ်နှင့်အသံ

လျှော့ချ၍ရသော်လည်း လုံးလုံး ပိတ်သွားအောင် လုပ်၍မရ။စက်ပိတ်သွားအောင် လုပ်နိုင်သော နည်းလမ်းမရှိ။

ပြတင်းဝနားသို့ ဝင်စတန်သွားသည်။ ဝင်စတန်သည် လူကောင်သေးသေး ချည့်ချည့်နဲ့နဲ့ ကလေးဖြစ်၏။ သူ့ခန္ဓာကိုယ် သေးသေးကလေးသည် ပါတီယူနီဖောင်း အပြာရောင် ဝတ်စုံပွကြောင့်သာလျှင် ထင်ထင်သာသာ ရှိနေခြင်းဖြစ်သည်။ ဝင်စတန်၏ မျက်နှာသည် သူ့နဂိုသဘာဝအတိုင်း နီမြန်း နေကာ ဆံပင်ကမူ ရွှေရောင်။ ဆပ်ပြာကြမ်းနှင့် သင်တုန်းဓားတုံးတုံးကြောင့် လည်းကောင်း၊ ယခုမှကုန်သွားသော ဆောင်းကြမ်းရာသီ၏ အအေးဒဏ် ကြောင့်လည်းကောင်း၊ အသားအရေနုနုဖတ်ဖတ်မရှိ။

ပိတ်ထားသောမှန်ပြတင်းမှ ကြည့်လျှင်ပင် ပြင်ပလောကသည် အေးစိမ့်နေပုံပေါ်သည်။ လမ်းထဲတွင် ဖုန်လေပွေများမွှေ့လျက်။ လေပွေတွေထဲ စက္ကူစုတ်များ ချာလည်ဝဲလျက်။ ထို့ပြင် နေကလည်းသာ၊ ကောင်းကင်ကလည်း ပြာနေပါလျက် နေရာအနှံ့ကပ်ထားသော ပိုစတာပုံများမှလွဲ၍ အခြား အရောင် အသွေးများ မရှိတော့သလို ဖြစ်သည်။ နှုတ်ခမ်းမွေးမည်းမည်း တုတ်တုတ်နှင့် မျက်နှာသည် မြင်ကွင်း စိုးမိုးသော လမ်းထောင့်တိုင်းတွင် ကြည့်နေလေသည်။ မျက်နှာချင်းဆိုင်မှ အိမ်ရှေ့တွင်လည်း ထိုပိုစတာ။ ပုံအောက်တွင် “အစ်ကိုကြီးက သင့်အား စောင့်ကြည့်နေသည်' ဟူသော စာတန်းပါသလို ပိုစတာထဲမှ ပုဂ္ဂိုလ်ကြီး၏မျက်လုံး ညိုမှောင်မှောင်က ဝင်စတန်၏မျက်လုံးများထဲတည့်တည့် ကြည့်နေလေသည်။

လမ်းထဲတွင် အနားစုတ်နေသော အခြားပိုစတာ တစ်ပုံရှိသေးသည်။ ထိုပုံသည် လေထဲဖလပ်ဖလပ် ဖြစ်နေ၍ “အင်ဆော့” ဟူသော တစ်လုံး တည်းသော စာလုံးကို ဖုံးအုပ်လိုက်ဖွင့်ပြလိုက်နှင့် ရှိသည်။ ဟိုအဝေးမှ အိမ်ခေါင်တွေကြားထဲ ရဟတ်ယာဉ်တစ်စီး နိမ့်နိမ့် ကလေးဝဲပျံနေပုံသည် ယင်မဲရိုင်း လေးတစ်ကောင်နှင့်မခြား။ ထို့နောက်မှ အဝေးဆီသို့ဝိုက်၍ ပျံသန်း ထွက်ခွာသွားသည်။ ထိုရဟတ်ယာဉ်သည် ရဲများ၏လှည့်ကင်းဖြစ်၏။ လူနေ အိမ်တွေထဲ ပြတင်းမှလိုက်ချောင်းသောလှည့်ကင်း။ တကယ်တော့ ထို လှည့်ကင်းများသည် ဘာမှအရေးမကြီး။ အရေးကြီးသည်မှာ မနောကံဆိုင် ရာ မှုခင်းရဲ၊ သို့မဟုတ် အတွေးပုလိပ်။

ဝင်စတန်၏နောက်ကျောရှိ တယ်လီစကင်ထဲမှ သံကွပ်များ အကြောင်း ပြောသောအသံ ဗလုံးဗထွေး ပေါ်ထွက်နေဆဲ။ ထို့ပြင် နဝမမြောက် သုံးနှစ် စီမံကိန်း၏ အတိုင်းထက်အလွန် စိတ်တိုင်းကျစရာကောင်းပုံကို ပြောနေသည်။ တယ်လီစကင်သည် အသံဖမ်းယူခြင်းနှင့် အသံထုတ်ပြန်ခြင်းကို တစ်ပြိုင်နက် တည်း လုပ်နိုင်သည်။ ဝင်စတန်ထံမှ ပေါ်ထွက်လာသမျှ အသံအားလုံးကို တယ်လီစကင်က ဖမ်းယူနိုင်သည်။ လေသံထက်နည်းနည်းလေး ပိုကျယ်သွားရုံနှင့် ထိုအသံကို တယ်လီစကင်က ဖမ်းနိုင်သည်။ ထို့ပြင် တယ်လီစကင်၏ မြင်ကွင်းအတွင်း

ဝင်စတန်ရောက်နေပါက တယ်လီစက်ပေါ်တွင် ဝင်စတန့် ပုံကိုလည်း မြင်ရမည်။ အသံကိုလည်းကြားရမည်။

မည်သည့်အချိန်မျိုး၌မဆို ကိုယ့်ကို တယ်လီစက်က စောင့်ကြည့်နေသလား၊ မကြည့်ဘူးလား သိနိုင်သည့်နည်းလမ်း လုံးဝမရှိချေ။

အတွေးပုလိပ်က တစ်စုံတစ်ဦး၏တယ်လီစက် ဝါယာကြိုးကို အကြိမ်မည်မျှဆက်သွယ်သနည်း၊ မည်သည့်စနစ်ကို သုံးထားသနည်းဆိုသည်ကို ရမ်းသမ်းမှန်းဆရုံမှတစ်ပါး အခြား သိနိုင်သော နည်းလမ်း မရှိချေ။ လူတိုင်းကို အချိန်ပြည့် စောင့်ကြည့်နေသည်ဟုဆိုလျှင်ပင် ဖြစ်နိုင်လောက်သည်။ သင့်တယ်လီစက်ကို အတွေးပုလိပ်များက အနေးနှင့် အမြန်ဆက်သွယ် နိုင်သည်။ သင့်ထံမှထွက်ပေါ်နေသမျှ အသံအားလုံးကို သူတို့ ကြားနေရသည်။ မှောင်မိုက်နေသော အချိန်မှလွဲ၍ သင့်လှုပ်ရှားမှုအလုံးစုံကိုလည်း စေ့စေ့စပ်စပ် စောင့်ကြည့်ခြင်းခံနေရသည်။ ထိုကိစ္စအပေါ် သင်က ကျင့်သားရအောင် လုပ်ယူရင်း ပင်ကိုသဘာဝအသိ ဖြစ်သွားသည်အထိ အသားကျနေထိုင် သွား နိုင်ရမည်။ နေလည်းနေနေရသည်။

ဝင်စတန်သည် တယ်လီစက်ကို ကျောပေးထားသည်။ သူ့နောက်ကျောသည် ပင်လျှင် စိတ်မချရကြောင်း ဝင်စတန် ကောင်းကောင်းသိသော်လည်း ကျောပေးထားရသည်က ပိုလုံခြုံသည်။ ဝင်စတန်နေသော တိုက်တန်းမှ တစ်ကီလိုမီတာအကွာတွင် ဝင်စတန်အလုပ်လုပ်သော အမှန်တရားဝန်ကြီး ဌာနရှိသည်။ ညစ်ထေးထေး မြေပြင်ရှုခင်းအပေါ်မှ ထီးထီးမားမားနှင့် ဖြူဖြူဖွေးဖွေးကြီး ပေါ်ထွက်နေသော ထိုဌာနကြီးကို ဝင်စတန့်စိတ်ထဲ- ဒါ လန်ဒန်ပဲ၊ ဒါ လေယာဉ်ဆင်းကွင်း နံပါတ်တစ်ရဲ့ အဓိကမြို့ကြီးပဲဟု မနှစ်မြို့စွာ တွေးမိသည်။

လန်ဒန်သည် အိုရှင်းနီးယားနိုင်ငံ၏ တတိယမြောက် လူဦးရေ အထူထပ်ဆုံးမြို့ဖြစ်၏။ ဟိုယခင်တုန်းက လန်ဒန်နှင့် ယခုလန်ဒန် အတူတူပဲလားဟု ဝင်စတန်သည် ကလေးဘဝ မှတ်ဉာဏ်များကို ညှစ်ထုတ်စဉ်းစားသေးသည်။ ယခုမြင်နေရသော ၁၉ရာစုအိမ်အို အိမ်ဟောင်းများ၏ ရိပ်သာသည် ယခင်ကတည်းက လန်ဒန်တွင် ရှိခဲ့ခြင်းလော။ အိမ်နံရံများကို အတုံးလိုက် အတစ်လိုက် သစ်သားများဖြင့် ဆောက်ထားခြင်း၊ ပြတင်းများကို ကဒ်ထူပြား ဖြင့်ဖာထေးထားခြင်း၊ အိမ်ခေါင်မိုးသွပ်ပြားမိုးထားခြင်း၊ ခြံဝင်းတံတိုင်းများ အရပ်ရှစ်မျက်နှာသို့ ညွတ်ပဲ့နေခြင်း၊ ဗုံးဒဏ်ခံရသောမြေနေရာတွင် အင်္ဂတေအမှုန်များ လေထဲလွင့်ပျံ့နေခြင်း၊ အပျက်အစီးပုံပေါ် မိုးမခြံနွယ်များ ဖြဲလရမ်းပေါက်ရောက်နေခြင်း၊ ဗုံးကြောင့်ရှင်းလင်း သွားသော မြေကွက်လပ်ထဲ ကြက်ခြံသာသာပျဉ်ထောင်အိမ်စုတ်များ ပြွတ်သိပ်ထိုးနေခြင်း၊ စသည်တို့သည် ယခုနှင့်ယခင် အတူတူ ပဲလားဟု ဝင်စတန်စဉ်းစားနေသည်။

သို့သော် စဉ်းစားနေခြင်းဖြင့် အကြောင်းမထူး။ ငယ်ဘဝကို ဝင်စတန်

မမှတ်မိ။ ငယ်ဘဝကို မှတ်မိသလောက်မှာ ကွက်ကွက်ကွင်းကွင်း ပြကွက်များသာဖြစ်၏။ နောက်ခံမရှိ။ နားလည် နိုင်စရာမရှိ။

ခေတ်သစ်ဘာသာစကားဖြင့် "အမှန်ဌာန" ဟုခေါ်သော အမှန်တရားဝန်ကြီးဌာနသည် မြေပြင်အထက် မီတာသုံးရာမြင့်သော ပိရမစ်ပုံ ဖြူဖြူတောက်တောက် ရောမကွန်ကရစ် အဆောက်အဦးကြီး ဖြစ်၍ မြင်ကွင်း ထဲရှိ အခြားသောအရာအားလုံးနှင့် ကွဲပြားနေ ပုံကား လန့်စရာပင်ကောင်း သေး၏။ ထိုအဆောက်အဦး၏ အဖြူရောင်မျက်နှာပြင်တွင် ပါတီ၏ ဆောင်ပုဒ်သုံးခုကို ခန့်ညားလှပသော စာလုံးများဖြင့် ရေးထွင်းထားသည်။ ထိုစာလုံးများကို ယခုဝင်စတန် ရပ်နေသောနေရာမှ ဖတ်၍ ရသည်။

စစ်သည် ငြိမ်းချမ်းရေး။ လွတ်လပ်ရေးသည် ကျွန်စနစ်။ မသိခြင်းသည် အင်အား။

အမှန်တရားဝန်ကြီးဌာန၏ မြေညီထပ်အပေါ်မှ အလွှာများတွင် အခန်းပေါင်း သုံးထောင်ရှိကြောင်း၊ လန်ဒန်တစ်မြို့လုံးတွင် ထိုအဆောက်အဦးမျိုး နောက်ထပ်သုံးလုံးသာ ဖြန့်ကြက်တည်ရှိကြောင်း ပြောကြသည်။ အဆောက်အဦး လေးလုံးစလုံး ပုံသဏ္ဍာန်ရော အရွယ်အစားပါ ထပ်တူကျသည်။ ထိုအဆောက်အဦး လေးလုံးစလုံးသည် ပတ်ပတ်လည်မှ ဗိသုကာလက်ရာများကို ညှက်ဝင်သွား စေသဖြင့် ဝင်စတန်နေသော တိုက်တန်းခေါင်မိုးမှနေ၍ အဆောက်အဦး လေးလုံးစလုံးကို မြင်ရနိုင်သည်။ ထိုအဆောက်အဦးကြီး လေးခုကား အစိုးရစနစ် တစ်ခုလုံးကို ခွဲဝေပိုင်းခြားထားသော ဌာနချုပ်ကြီး လေးခုပင်တည်း။

သတင်း၊ ဖျော်ဖြေရေး၊ ပညာရေးနှင့် အနုပညာရေးရာများသည် အမှန်တရားဝန်ကြီးဌာနနှင့် သက်ဆိုင်သည်။ ငြိမ်းချမ်းရေးဝန်ကြီးဌာနသည် စစ်နှင့်သက်ဆိုင်သည်။ မေတ္တာဝန်ကြီးဌာနသည် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည်။ အလျှံပယ်ဝန်ကြီးဌာနသည် စီးပွားရေးကိစ္စရပ်များအတွက် တာဝန်ရှိသည်။ ဝန်ကြီးဌာနလေးခုကို ခေတ်သစ်ဘာသာစကားဖြင့် အမှန်ဌာန၊ ငြိမ်းချမ်းဌာန၊ မေတ္တာဌာန၊ လျှံဌာနဟုခေါ်သည်။ ခေတ်သစ် ဘာသာစကားဆိုသည်မှာ ဝင်စတန်တို့အိုရှင်းနီးယား နိုင်ငံ၏ ရုံးသုံးဘာသာစကား ဖြစ်သည်။

ကြောက်စရာအကောင်းဆုံး ဌာနမှာ မေတ္တာဝန်ကြီးဌာနဖြစ်သည်။ ထိုဌာနတွင် ပြတင်းပေါက် လုံးဝမရှိ။ မေတ္တာဝန်ကြီးဌာနထဲ ဝင်စတန်တစ်ခါမျှ မရောက်ဖူးသေး။ ကီလိုမီတာ တစ်ဝက် အကွာလောက် ကိုပင် ဝင်စတန်မကပ် ဖူးသေး။ ရုံးကိစ္စမှလွဲ၍ အခြားမည်သည့် အကြောင်းမျိုးနှင့်မှ မေတ္တာဝန်ကြီး ဌာနထဲ ဝင်ဖို့မလွယ်။ ဝင်ချင်လျှင် သံဆူးကြိုးခွေ အရှုပ်အထွေးကို ဖြတ်နိုင်ပါမှ၊ သံမဏိတံခါးများကို ဖွင့်နိုင်ပါမှ၊ ထို့ပြင် အပြုံလိုက်ဝှက်ထားသော စက်သေနတ်များကို အသက်ရှင်လျက် ကျော်ဖြတ်နိုင်ပါမှ ဌာနထဲရောက်မည်။ ဌာနအဝင်လမ်းမပေါ်တွင် နံပါတ်တုတ်ကိုင်ဆောင်ထားသော အစောင့်များ

လှည့်လည် စောင့်ကြပ်နေသည်။ ယူနီဖောင်းအနက်ဝတ်ထားသော အစောင့်များ၏ မျက်နှာသည် လူဝံနှင့်တူ၏။

ဝင်စတန် ချာခနဲလှည့်လိုက်သည်။ တယ်လီစက်ကို မျက်နှာမူလျှင် ပုံမှန်အေးဆေးသော မျက်နှာထား ရှိသင့်သည်ဖြစ်၍ ဝင်စတန်သည် တည်ငြိမ်သောအသွင်ကို မျက်နှာပေါ် တင်ထားသည်။ အခန်းကို ဖြတ်လျှောက်ပြီး မီးဖိုချောင်လေးထဲ ဝင်လာသည်။ အချိန်မတော် ဌာနထဲမှ ထွက်လာသည့်အတွက် စားသောက်ဆောင်မှ နေ့လယ်စာကို လက်လွှတ်ခံခဲ့ရသည်။ မီးဖိုချောင်ထဲတွင် မဲမဲသဲသဲ ပေါင်မုန့်တစ်တုံး မှလွဲ၍ ဘာမှမရှိမှန်း ဝင်စတန် သတိထားမိသည်။ ထိုပေါင်မုန့်သည်ပင် မနက်ဖြန် မနက်စာအတွက် သိမ်းထားရမည့် ရိက္ခာ။ နံရံကပ်စင်ပေါ်မှ ပုလင်းတစ်လုံး သူဆွဲချလာသည်။ ပုလင်းထဲမှ အရည်မှာ အရောင်အသွေးမရှိ။ ကပ်စေးစေး ပျစ်ချွဲချွဲနိုင်ပုံက တရုတ်ဆန်အရက် အတိုင်းဖြစ်၏။ ထိုအရည်ကို လက်ဖက်ရည်ပန်းကန်တစ်လုံး ပြည့်လုအောင် ဖြည့်ပြီး မိမိကိုယ်ကို အားတင်းကာ ဆေးသောက်သလို တရှိန်ထိုး မော့ချလိုက်၏။

ဝင်စတန့်မျက်နှာသည် ရုတ်ချည်းလိုပင် ကြက်သွေးရောင် မြန်းသွားသည်။ သူသောက်လိုက်သော အရည်များကား နိုက်ထရစ်အက်ဆစ်အတိုင်း ပြင်း၏။ နောက်စေ့ကို ရာဘာတုတ်နှင့် ရိုက်ချခံလိုက်ရသည့် အလား။ တအောင့်အကြာတွင် ဝမ်းဗိုက်ထဲမှ ဆာလောင်မွတ်သိပ်မှု ပြေပျောက်သွားပြီး လောကကြီးလည်း သာယာလှပလာသည်။ “ဗစ်ထရီစီးကရက်’ အမည်ရှိသော စီးကရက် ဘူးခွံပိန်ရှုံ့ရှုံ့ထဲမှ စီးကရက်တစ်လိပ် သူဆွဲထုတ်သည်။ စီးကရက်ကို အမှတ်တမဲ့ထောင်ပြီး ကိုင်ထားမိသဖြင့် စီးကရက်ထဲမှ ဆေးရွက်ကြီး အမှုန်များ ကြမ်းပြင်ပေါ်ကျလာသည်။ စီးကရက်နှင့်မှ သူပိုပြီး အဆင်ပြေ သွားသည်။ ဧည့်ခန်းထဲပြန်ဝင်လာပြီး ဝဲဘက်မှ စားပွဲတွင်ဝင်ထိုင်သည်။ စားပွဲ အံဆွဲထဲမှ ဖောင်တိန်စိုက်သော ခွက်၊ မင်ပုလင်းနှင့် ဆိုက်ပြည့်ဗလာစာအုပ် ကို ဆွဲထုတ်သည်။ ကျောဖုံးအနီ၊ ရှေ့ဖုံးအစင်းအကွက်နှင့် ဗလာစာအုပ်သည် အတန် ကလေးထူသည်။

အကြောင်းတစ်ခုခုကြောင့် ဧည့်ခန်းထဲမှ တယ်လီစက်သည် ပုံမှန် အနေအထားဖြစ်မနေ။ ပုံမှန်အတိုင်းဆိုလျှင် အခန်းမြင်ကွင်းတစ်ခုလုံးရအောင် နံရံအဆုံးတွင် စက်ကိုတပ်ရမည်။ ယခုမူ ပြတင်းနှင့် မျက်နှာချင်းဆိုင် အပြန့်ကျယ်သောနံရံတွင် တယ်လီစက် နေရာယူထားသည်။ ယခု ဝင်စတန် ထိုင်သောနေရာသည် ဆောင်ထုတ် အခန်းထဲတွင်ဖြစ်ပြီး ဤတိုက်တန်းများကို ဆောက်လုပ်စဉ်အခါက ထိုဆောင်ထုတ်အခန်း တိမ်တိမ်လေးများကို စာအုပ် စင်ထားစရာနေရာအဖြစ် ရည်ရွယ်ခဲ့ကြဟန်တူသည်။ ဆောင်ထုတ်အခန်းထဲ တယ်လီစက်ကို ကျောပေးထိုင်နေခြင်းအားဖြင့် ဝင်စတန်သည် တယ်လီစက် ၏ မြင်ကွင်းဖမ်းယူနိုင်သော နယ်ပယ်နှင့် ဝေးဝေးရှောင်နေနိုင်သည်။ ဝင်စတန့်ထံမှ ချိုးချိုးချွတ်ချွတ် ထွက်ပေါ်နေသော အသံကိုမူ တယ်လီစက်က မုချဖမ်းယူနိုင်လိမ့်မည်။

ဤနေရာတွင် ထိုင်နေသရွေ့တော့ ဝင်စတန့်ကို တယ်လီစကင်က မြင်မည်မဟုတ်။ အခန်း၏ ပုံမှန်မဟုတ်သော ဖွဲ့စည်းမှုသည် ယခုသူလုပ်မည့်အရာကို လုပ်ပါဟု အရိပ်အမြွက် ဆိုနေသလိုရှိသည်။

အခန်း၏ဖွဲ့စည်းမှုတင်မက ယခုကလေးတင် အံဆွဲထဲမှ သူဆွဲထုတ်လိုက်သော ဗလာစာအုပ်ကလည်း သူ့ကိုလုပ်စရာရှိ တာဆက်လုပ်ပါဟု အရိပ်အမြွက်အကြံပြုနေသည်။ အဆန်းတကြယ် လှနေသော ဗလာစာအုပ်၊ နို့နှစ်ရောင်စာရွက်များက ချောမွတ်နေသည်။ မဆိုစလောက်ကလေး ဝါရောင်သန်းနေခြင်းမှာ စာအုပ်သက်တမ်းကြောင့် ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းလေးဆယ် ကတည်းက ဤစာအုပ်မျိုး မထုတ်လုပ် ကြတော့။ စာအုပ်သည် နှစ်လေးဆယ်မကပင် သက်တမ်းရှိနေမည်ဟု သူမှန်းဆ၍ရသည်။ ဆင်းရဲသား ရပ်ကွက်ထဲရှိ နံစော်စုတ်ပြတ်နေသော အဟောင်းဆိုင်တစ်ဆိုင်မှ ဤစာအုပ်ကို သူ တွေ့ခဲ့ခြင်းဖြစ်သည်။ ရပ်ကွက်အမည်ကိုမူ သူစဉ်းစား၍ မရတော့။ စာအုပ်ကိုမြင်မြင်ချင်း သူလိုချင်စိတ် ကြီးခဲ့သည်။

အမှန်မှာ ပါတီဝင်များသည် သာမန်ဈေးဆိုင်ခန်းထဲ မဝင်ရ။ ထိုလုပ်ရပ်ကို လွတ်လပ်သော ဈေးကွက်နှင့် ပတ်သက်ခြင်းဟုခေါ်သည်။ သို့သော်ငြား ပစ္စည်းပစ္စယတွေက များပြားလှဘိသည်။ ဤသို့ဖြင့် ထိုစည်းမျဉ်း စည်းကမ်းကို ပါတီဝင်များ တိတိကျကျ မလိုက်နာနိုင်ကြတော့။ ဖိနပ်သဲကြိုး၊ ဘလိတ်ဓားစသော ပစ္စည်းများကို အခြားနည်းဖြင့် ရှာဖို့ဆိုသည်မှာ မလွယ်၊ စာအုပ်ကလေးကို ဆိုင်ထဲတွင် တွေ့လိုက်သည်နှင့် ဝင်စတန်သည် လမ်းကို ထက်အောက်စုန်ဆန် အလျင်အမြန်ကြည့်လိုက်ပြီး ဆိုင်ထဲလှစ်ခနဲဝင်ကာ စာအုပ်ကို နှစ်ဒေါ်လာနှင့် ဆင့်ငါးဆယ်ပေးပြီး ဝယ်ယူခဲ့သည်။ ထိုစဉ်တုန်းကတော့ စာအုပ်ကိုဝယ်သာဝယ်လိုက် သော်လည်း ဘာအတွက်သုံးရမလဲ သူ့ဖာသာ သူမသိသေး။ စာအုပ်ကို လက်ဆွဲအိတ်ထဲထည့်ကာ မလုံမလဲဖြင့် အိမ်ကိုသယ်လာခဲ့သည်။ စာအုပ်ထဲဘာမှထည့်သွင်း မရေးရသေးဘဲနှင့် စာအုပ်သည် ကိုယ်ပိုင်စာအုပ်ဖြစ်ပြီဟု သဘောရခဲ့သည်။

သူလုပ်မည့်အလုပ်မှာ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီရေးသွင်းမည့် အလုပ်ဖြစ်၏။ ထိုအလုပ်သည် ဥပဒေနှင့်မဆန့်ကျင်။ ဥပဒေဆိုသည်မှာ ရှိကို မရှိတော့ပြီဖြစ်၍ ဥပဒေနှင့်ဆန့်ကျင်သော အလုပ်လည်း တစ်ခုမှမရှိချေ။ သို့သော် ဤလုပ်ရပ်ကို သူတို့ရှာဖွေ တွေ့ရှိသွားပါက သေမိန့်ချနိုင်သည်။ မဟုတ်ပါက အနည်းဆုံး အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်ဆယ့်ငါးနှစ် ချနိုင်သည်။

ဝင်စတန်သည် နစ်သွားကိုဖောင်တိန်တွင်တပ်ပြီး ဆီချေးများ မှုတ်ထုတ်သည်။ ဖောင်တိန်သည် ရှေးဟောင်းပစ္စည်းဖြစ်၏။ လက်မှတ်ထိုးဖို့ အတွက်ပင် သုံးခဲသည်။ ဤဖောင်တိန်သည်လည်း သူ ခိုးကြောင်ခိုးဝှက်နှင့် ခက်ခက်ခဲခဲ ရယူထားသော ပစ္စည်းဖြစ်သည်။ ဘာအတွက်မှမဟုတ်၊ စာအုပ်၏ နို့နှစ်ရောင်စာရွက် ချောချောနုနုလေးသည် မင်စိုခဲတံများနှင့်

လျှောက်ခြစ်ခံရမည့်အစား တကယ့် နစ်သွားအစစ် နှင့်မှ ထိုက်တန်သည်ဟု သူယူဆမိခြင်း ကြောင့်ဖြစ်သည်။ တကယ်တော့ သူသည် လက်နှင့်စာရေးခြင်းကို ကျင့်သားမရသေး။ စာတိုလေးများမှလွဲ၍ သူရေးချင်သမျှကို စာရေးစက်ထဲ ပြောထည့်လိုက်သည် ချည်း။ လောလောဆယ်တွင်မူ စာရေးစက်ကိုသုံး၍ မဖြစ်။

ဖောင်တိန်ကို မင်ထဲနှစ်လိုက်စဉ်ခဏတွင် သူရှုံ့တွန့်တွန့် ဖြစ်သွားသည်။ ခန္ဓာကိုယ်တွင်းကလီစာများ ကပြောင်းကပြန်ဖြစ်သွားသည်။ စာရွက်ပေါ်ချရေးခြင်းသည် ပြတ်သားသောလုပ်ရပ်ဖြစ်၏။ ဤသို့ဖြင့် ပဲပင်ပေါက် လက်ရေးဖြင့် သူစတင်ရေးသည်။

ဧပြီလ ၄ ရက်၊ ၁၉၈၄။

သူကျောမှီချလိုက်ရသည်။ ကူရာမဲ့ကယ်ရာမဲ့ဘဝသို့ လုံးလုံး ရောက်သွားသလိုမျိုးခံစားရသည်။ စစရေးချင်းမှာပင် ၁၉၈၄ ဟုတ်မဟုတ်ကို သူမသေချာ။ သူအသက်သုံးဆယ့်ကိုးနှစ်ဆိုသည်ကတော့ သေချာနိုင်သည်။ ၁၉၄၄ခု၊ သို့မဟုတ် ၁၉၄၅ခုတုန်းက သူ့ကိုမွေးခဲ့သည်ဟု သူယုံသည်။ သို့သော် ကနေ့ခေတ်တွင် ခုနှစ်သက္ကရာဇ်တစ်ခုကို ချရေးဖို့ဆိုသည်မှာ ဘယ်တုန်းကမှ မဖြစ်နိုင်။

ဘယ်သူ့အတွက်များ ဤဒိုင်ယာရီကိုရေးမှာပါလိမ့်။ အနာဂတ် အတွက်၊ မမွေးဖွားသေးသူများအတွက် သူရေးမည်။ စာရွက်ပေါ်မှ မသေချာသော ရက်စွဲအတွက် သူခဏတော့ဇဝေဇဝါဖြစ်နေသည်။ ထိုစဉ်ခေတ်သစ် ဘာသာစကားထဲမှ “နှစ်ထပ်ကွမ်းအတွေး” ဟူသော ဝေါဟာရနှင့် သူဝင်ဆောင့်မိသည်။ သူတာဝန်ယူမည့် ကိစ္စအပေါ် ပထမဆုံးအကြိမ်အဖြစ် ကွက်ကွက်ကွင်းကွင်း မြင်လာသည်။ အနာဂတ်နှင့် မည်သို့ ဆက်သွယ်နိုင် ပါ့မည်နည်း။ အနာဂတ်’ ဆိုသည်ကိုက ဆက်သွယ်ဖို့မဖြစ်နိုင်။ အနာဂတ် သည် ယခုလက်ရှိ အခြေအနေနှင့် တူချင်လည်းတူမည်။ မတူဘဲ လည်းကွဲပြား နိုင်သည်။ သို့ဖြစ်က ယခုသူ၏အနာဂတ်ကိုမျှော်၍ ဒုက္ခရှာခြင်းသည် အဓိပ္ပါယ်မဲ့လွန်းရာရောက်၏။

ရှေ့မှစာအုပ်ကို သူသည်အတိုင်း ငုတ်တုတ်ထိုင်ကြည့်နေသည်။ တယ်လီစကရ်မှ စစ်ချီတေး ပေါ်ထွက်လာသည်။ စိတ်ကူးများပြောထုတ်လိုက် မဟဲ့ဆိုသော သူ့အစွမ်းသတ္တိများ ပျောက်ဆုံးသွားရုံတင်မက စောစောတုန်းက သူပြောဖို့ရည်ရွယ်ထားသည့် စကားများကိုပါမေ့သွားပုံသည် ဆန်းလှတော့သည်။ ယခုလို ဒိုင်ယာရီချရေးလိုက်မည့် အခိုက်အတန့်လေးအတွက် သူ ရက်ပေါင်းများစွာကြိုတင်ပြင်ဆင်ထားခဲ့သည်။ ဒိုင်ယာရီချရေးဖို့အတွက် လိုအပ်နေသောအရာများထဲတွင် သတ္တိရှိဖို့လိုကြောင်း သူ့ခေါင်းထဲတစ်ခါမျှ ယောင်၍ ပင်ရောက်မလာခဲ့။

တကယ်တမ်းရေးပြီဟေ့ဆိုလျှင် ဘာမှမခက်။ သူ့ဦးခေါင်းထဲ အတောမသတ်ပြေးလွှားနေသော တစ်ကိုယ်တော်စကားပြောများကို

စာမျက်နှာထက် လွဲပြောင်းတင်ပေးလိုက်ရုံသာဖြစ်၏။ ယခုမူ ဦးခေါင်းထဲမှ စကားပြောများ ခန်းခြောက်သွားသည်။ သည့်အပြင်ခြေကျင်းဝတ်အထက်မှ ရောင်အမ်းမို့နေသော အကြောထုံးနာသည် မခံသာအောင်ကိုက်ခဲလာသည်၊ အနာကိုကုတ်လိုက်တိုင်း အနာပိုရောင်လာသဖြင့် သူ့မှာအနာကို ကုတ်ပင် မကုတ်ရဲ။ စက္ကန့်သံလေးများ ချက်ချောက်မြည်နေသည်။ မျက်စိရှေ့မှောက် ရှိစာရွက်ဗလာ၊ ခြေကျင်းဝတ်အထက် တစစ်စစ်ကိုက်နေသော ဝေဒနာ၊ ဆူညံကျယ်လောင်သော စစ်ချီတေး၊ ဂျင်အရက်အရှိန် ဖြင့် ရီတီတီဖြစ်နေခြင်း-၎င်းတို့မှလွဲ၍ သူဘာကိုမှအသိမရှိတော့။

ဖြုန်းခနဲ သူမောပန်းတကြီးစာရေးသည်။ ကိုယ်ရေးသမျှ ကိုယ့်ဖာ သာ သေသေချာချာသတိမထားမိ။ သူ၏ ကလေးလက်ရေး သေးသေးလေးများ စာမျက်နှာထက်ပြေးလွှားနေသည်။ ရေးရင်း ရေးရင်း အစစာလုံးကို စာလုံးကြီး ဖြင့်ရေးဖို့ သူမေ့သွားသည်။ စာကြောင်းများအဆုံးတွင် အစက်ချဖို့သူမေ့သွားသည်။

ဧပြီလ ၄ ရက်၊ ၁၉၈၄။

ညတုန်းက ရုပ်ရှင်သွားကြည့်တယ်။ စစ်ကားချည်းပဲ။ တစ်ကား ကတော့ မြေထဲပင်လယ်ထဲ ဗုံးခွဲခံရတဲ့သင်္ဘောအကြောင်း၊ သင်္ဘောပေါ်မှာ ဒုက္ခသည်တွေအပြည့်ပါတယ်။ လူဝကြီးတစ်ယောက် နောက်က ရဟတ် ယာဉ်လိုက်လို့ ရေထဲမှာတလိမ့်လိမ့် ကူးနေလိုက်တာ လင်းပိုင်ကြီး လိုပါပဲ။ ရေကူးနေတုန်းမှာပဲ ရဟတ်ယာဉ်ပေါ်ကနေ သေနတ်နဲ့မွှေလိုက်တာ သူ့တစ်ကိုယ်လုံးဇကာ ပေါက် ဖြစ်ကုန်တယ်။ ဘေးပတ်ပတ်လည်ရေတွေ ပန်းသွေးရောင်ထပြီး လူဝကြီးရေထဲနစ်သွားတယ်။ ခန္ဓာကိုယ်ဇကာပေါက်တွေ ထဲကနေ ရေတွေဝင်သွားလို့ ဖြုန်းခနဲနစ်သွားတာ။ လူဝကြီးရေနစ်သွားတော့ ရုပ်ရှင်ကြည့်ပရိသတ်က ရယ်လိုက်ကြတာဆိုတာ။

တော်တော်လည်းကြာရော ကလေးတွေအပြည့်တင်ထားတဲ့ အသက်ကယ် လှေတစ်စီးပေါ်မှာ ရဟတ်ယာဉ် ကဝဲနေပြန်ရော။ အသက်ကယ်လှေပေါ်မှာ သက်လတ်ပိုင်း မိန်းမ တစ်ယောက် က ကလေးတစ်ယောက်ကို ဖက်ထားတယ်။ သုံးနှစ်သား ယောကျ်ားကလေး။ ကောင်လေးက ကြောက်လွန်းလို့ အော်ငိုပြီး အဲဒီမိန်းမ ရဲ့ရင်ခွင်ထဲ ခေါင်းနဲ့ အတင်းတိုးနေတာများ၊ အဲဒီမိန်းမရဲ့ခန္ဓာကိုယ်ထဲ ခွဲပြီး ဝင်သွားလို့ ရတော့မယ့်အတိုင်းပဲ။ အဲဒီမိန်းမကလည်း ကိုယ်တိုင်က ကြောက်လွန်းလို့ ပြာနှမ်းနေတာတောင် ကောင်လေးကို ဖက်ထားပြီးချော့နေတယ်။ ကောင်လေးကို ကျည်မမှန်အောင် လက်မောင်းနဲ့ ကာကွယ်ပေး ထားလို့ ရမယ်ထင်ပြီး တစ်ချိန်လုံးဖက်ထားတယ်။ ရဟတ်ယာဉ်က ကီလို နှစ်ဆယ်ဗုံးကိုလည်း ချလိုက်ရော လှေက မီးခြစ်ဆံချောင်း ဖြစ်သွားရော။ ပြီးတော့မှ ကလေး လက်မောင်းလေးတစ်ခု လေထဲမြောက်မြောက်ပြီး တက်အလာကို ကင်မရာက လိုက်ရိုက်ပြတာ ကင်မရာတပ်ထားတဲ့ ရဟတ်ယာဉ်က အဲဒီ လက်ကလေး နောက်ကို လိုက်နေတဲ့အတိုင်းပဲ။ တကယ့်ကို အံ့သြဖို့ကောင်းတဲ့ ရိုက်ချက်။ ပါတီဝင်ထိုင်ခုံတွေဆီကနေ လက်ခုပ်သံ တွေညံထွက်သွားတယ်။ ဒါပေမယ့် အခြေခံတန်းဘက်က မိန်းမတစ်ယောက်ကတော့ ဘာမဟုတ်တာလေးကို ပုံကြီးချဲ့ပြဿနာရှာပြီး ဒီလိုရုပ်ရှင်တွေကို ကလေးတွေရှေ့

မပြသင့်ဘူးဆိုပြီး အော်ပါလေရော။

ကလေးတွေရှေ့မှာ ပြဖို့အခွင့်အရေးမရှိဘူးတဲ့။ ရဲတွေ လာဆွဲထုတ်သွားတဲ့အထိ ဒီမိန်းမအော်တုန်း ၊ ဒီမိန်းမ ဘာမှဖြစ်မယ်မထင်ပါဘူး၊ အခြေခံလူတန်းစားတစ်ယောက် ဘာပြောပြော ဘယ်သူမှဂရုမစိုက်ပါဘူး။

ဝင်စတန် စာရေးရပ်လိုက်သည်။ စာရေးရပ်လိုက်ခြင်းမှာ ကြွက်တက်နေခြင်းကြောင့်လည်း ပါသည်။ ဘယ်လိုကြောင့်များ ပေါက်တတ် ကရ တွေကို သူသွန်ထုတ်နေမိမှန်းမသိ။ ဆန်းသည်ကတော့ ယခုလို သူရေး ချင်ရာ ရေးလိုက်သည့်အတွက် သူ့စိတ်ထဲမှ လုံးဝကွဲပြားသော မှတ်ဉာဏ် တစ်ခုသည် သူ့အလိုလို ပီသရှင်းလင်းစွာပေါ်ထွက်ခဲ့သည်။ အသစ်ထွက်လာသော ထိုမှတ်ဉာဏ်ကိုလည်း ချရေးသင့်သည်ဟု သူထင်သည်။ ထိုအသစ် ထွက်လာသော မှတ်ဉာဏ်ထဲမှ ကိစ္စကြောင့်သာလျှင် သူ ယနေ့ အိမ်ပြန်လာပြီး ဒိုင်ယာရီကို ချက်ချင်းရေးသွင်းခြင်းဖြစ်၏။

ထိုကိစ္စသည် မနက်တုန်းက ဝန်ကြီးဌာနတွင်ဖြစ်ပေါ်ခဲ့သည် မှန်သော်လည်း ကိစ္စတစ်ရပ်ဟု ဆို၍ပင်မရ။ ထိုကိစ္စသည် သိမ်မွေ့ဝေဝါး လွန်းနေသည်။ နာရီထောင့်တစ်ရာ ထိုးကာနီးတုန်းက ဝင်စတန် တာဝန်ကျသော မှတ်တမ်းဌာနထဲတွင် "နှစ်မိနစ်အမုန်း'အတွက် သူတို့တတွေ ကြိုတင်ပြင်ဆင်ခဲ့ကြသည်။ အခန်းကန့်များထဲမှ ထိုင်စရာခုံများဆွဲ ထုတ်လာကြကာ ရောမ တယ်လီစက်ကြီးနှင့် မျက်နှာချင်းဆိုင် ခန်းမအလယ်တွင် သူတို့ အားလုံး စုစုစည်းစည်း နေရာယူကြသည်။ အလယ်ကြောမှ ထိုင်ခုံတစ်လုံးတွင် ဝင်စတန် ထိုင်မလိုလုပ်စဉ် အခန်းထဲသို့ မထင်မှတ်ဘဲ လူနှစ်ဦးဝင်လာသည်၊ ဝင်စတန်နှင့် စကား မပြောဖူးသော်လည်း မျက်မှန်း တန်းမိနေသူနှစ်ဦး။

နှစ်ဦးအနက်မှ တစ်ဦးသည် ကော်ရစ်ဒါတွင် ဝင်စတန်နှင့် မကြာခဏဆုံဖူးသည့် မိန်းကလေး တစ်ဦးဖြစ်၏။ အမည်ကို ဝင်စတန် မသိ။ ဝတ္ထု ဌာနတွင်တာဝန်ကျသော မိန်းကလေးဖြစ်မှန်းတော့ သိသည်။ တစ်ခါတရံ မိန်းကလေး၏လက်များ ဆီပေနေသည်ကို သူတွေ့သည်။ ခွရှင်ကိုင်ထား သည်ကို သူတွေ့သည်။ ဝတ္ထုရေးစက်များထဲမှ စက်တစ်လုံးလုံး၏ စက်ပစ္စည်း ချို့ယွင်းမှုကို ဤမိန်းကလေးလုပ်ကိုင်နေရသည်ဟု သူယူဆသည်။ မိန်းကလေးကြည့်ရသည်မှာ သတ္တိကောင်းပုံရသည်။ အသက်နှစ်ဆယ့်ခုနစ်နှစ် ခန့်ရှိမည်။ မည်းနက်သောဆံပင်၊ မဲ့ခြောက်ပါသောမျက်နှာ၊ အားကစားသမား၏ ကိုယ်ဟန်လှုပ်ရှားမှုမျိုးရှိသည်။ သက်ငယ်တန်းလိင်ဆန့်ကျင်ရေး အသင်း၏ သင်္ကေတဖြစ်သော ကြက်သွေးရောင်ခါးစည်းကို သူမ၏ပုံကျသော တင်ပါးအလှ ပေါ်လွင်စေရုံ လောက် ခပ်တင်းတင်းကလေးရစ်ပတ်ထားသည်။

ဤမိန်းကလေးကို မြင်မြင်ချင်း ဝင်စတန်သဘောမတွေ့။ အကြောင်းရင်းကို သူ့ဖာသာသူသိသည်။ ဤကလေးမ၏ စရိုက်လက္ခဏာမှာ ဟော်ကီကွင်း၊ ရေခဲရေချိုးခြင်း၊ အုပ်စုလိုက်ခြေလျင်ခရီးထွက်ခြင်းနှင့် ယေဘုယျ

စိတ်ရှင်းလက်ရှင်းနေသွားဖို့ စီစဉ်ထားခြင်းတို့ဖြစ်သည်။

ဝင်စတန်သည် မိန်းမတိုင်းလိုလိုကို မနှစ်မြို့။ အထူးသဖြင့် ငယ်ငယ်ချောချောဆိုလျှင် သာဆိုး၏။ သက်ငယ်တန်းထဲကြည့် လိုက်၍ တစ်ယူသန်ပါတီနောက်လိုက်များကိုတွေ့ရလျှင်၊ ပါတီဆောင်ပုဒ်ကို သည်အတိုင်းမျိုချထားသူများတွေ့ရလျှင်၊ အယူမှားများကို အနံ့ခံခြင်း၊ အပျော်တမ်း သတင်းပေးလုပ်ခြင်းတို့ကို တွေ့ရလျှင် အမြဲတမ်း မိန်းမများ ချည်းသာ ဖြစ်၏။ မိန်းမမှ ငယ်ငယ်ချောချော မိန်းမများ ချည်းသာ။ ၎င်းတို့အထဲတွင် ဤမိန်း ကလေးကားအန္တရာယ်အရှိဆုံးဟု ဝင်စတန် စိတ်ထဲစွဲနေသည်။

တစ်ခါတုန်းက ကော်ရစ်ဒါတွင်ကြုံခဲ့ကြစဉ် ဝင်စတန်အား ဤမိန်း ကလေးမျက်စောင်းတစ်ချက် ပစ်ထိုးသွားသည်။ ထိုမျက်စောင်းသည် ဝင်စတန် ခန္ဓာကိုယ်ထဲထွင်းဖောက်ဝင်ရောက်သွားသည့် အလား ဝင်စတန် ဖြန်းခနဲ ကြောက်စိတ်မွှန်သွားခဲ့သည်။ ဤမိန်းကလေးကို အတွေးပုလိပ်ဌာနမှ အေးဂျင့်တစ်ယောက်များလား ဟု ကြံကြံဖန်ဖန်တွေးခဲ့မိသည်အထိ။ ဖြစ်တော့ မဖြစ်နိုင်။ မဖြစ်နိုင်မှန်း သိလျက် ဤမိန်းကလေး သူ့အနားရောက်လာတိုင်း သူမ အီမသာကြီးဆက်ဖြစ်နေဆဲ။ အကြောက်တရားနှင့် မလိုလားခြင်းတို့ ရောမွှေသွားသောခံစားချက်ဟု ခေါ်ရမည်။

အခန်းထဲဝင်လာသူ နောက်တစ်ဦးမှာ ဗဟိုပါတီဝင် “အိုဘရိုင်ယန်” ဖြစ်၏။ ထိုလူသည် အရေးကြီးရာထူးကို ရယူထားသူ။ ဝင်စတန်တို့နှင့် အလှမ်းဝေးလွန်းသဖြင့် ဤရာထူး၏ သဘောသဘာဝကို ဝင်စတန်ရိုးတိုးရိပ်တိတ်လောက်သာ သိသည်။ ဗဟိုပါတီဝင်၏ ယူနီဖောင်းအနက်ကိုမြင်လိုက်သည် နှင့် ထိုင်ခုံတွေဘေးနားဝိုင်းနေသော လူအုပ် ငြိမ်ကျသွားသည်။ ဇက်ပိုးတုတ်တုတ်ကြီးနှင့် အိုဘရိုင်ယန်သည် ထွားကျိုင်း သန်မာလှသည်။ ကြမ်းတမ်းရက်စက်သော၊ ရယ်စရာကောင်းသော မျက်နှာကို ထိုလူကြီးပိုင်ဆိုင်ထားသည်။ ခန့်ညားကြောက်ရွံ့စရာ ပုံပန်းသွင်ပြင်ရှိသည့်တိုင် အမှုအရာကတော့ -ဥပမာ နှာခေါင်းပေါ် မျက်မှန်တွန်းတင်ပုံသည် ထူးထူးဆန်း ဆန်းချစ်စရာကောင်းနေသည်။ တစ်မူထူးသော မြို့ကြီးသားပီသပုံကို ဝင်စတန် ဘယ်လိုပြောပြရမလဲမသိ။ အိုဘရိုင်ယန်၏ မျက်မှန်တွန်းတင်သော အမူအရာအပေါ်အတွေးဖြန့်ကြက်သည့်လူသာရှိပါက ၁၈ ရာစု ခေတ် က လူကြီးလူကောင်းတစ်ဦးနှာဂျူဆေးဘူးဂျူသောပုံစံကို သတိရပေလိမ့်မည်၊

နှစ်များစွာအတွင်း အိုဘရိုင်ယန်ကို ဝင်စတန် အကြိမ်များစွာတွေ့ဖူးခဲ့သည်။ အိုဘရိုင်ယန်ကို ဝင်စတန်သည်စိတ်ထဲတွင် လိုလား နှစ်ခြိုက်နေသည်။ အိုဘရိုင်ယန်၏ဆန့်ကျင်ဘက်နှစ်ခုဖြစ်သော သိမ်မွေ့သော ဟန်မူရာနှင့် ဆုရလက်ဝှေ့သမား၏ ခန္ဓာကိုယ်အချိုးအစားတို့အပေါ် အာရုံ ဝင်စားသော်လည်း ထိုကိစ္စတစ်ခုတည်းကြောင့် အိုဘရိုင်ယန်ကို ဝင်စတန် လိုလားနှစ်ခြိုက်ခြင်း မဟုတ်။ အဓိကမှာ အိုဘရိုင်ယန်၏ တိတ်တခိုး ယုံကြည် ချက် ကြောင့်ဖြစ်သည်။

ယုံကြည်ချက်မဟုတ်ပါကလည်း မျှော်လင့်ချက် သက် သက်ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ အိုဘရိုင်ယန်၏ နိုင်ငံရေးအယူသည် စင်းလုံးချောမဟုတ်။ ထိုအချက်ကို အိုဘရိုင်ယန်၏ မျက်နှာပေါ်မှ တစ်ခုခုက ပြောပြနေသည်။ ထို့ပြင် အိုဘရိုင်ယန်၏ မျက်နှာပေါ်တွင် ဖော်ပြနေသည်မှာ အစဉ်အလာကို ဆန့်ကျင်ခြင်းမဟုတ်ပါကလည်း အသိဉာဏ်ဖြစ်မည်။

အကယ်၍သာ သင်သည် တယ်လီစကက်ကိုနှပ်ချနိုင်ပြီး အိုဘရိုင်ယန် တစ်ယောက်တည်းကို စကား သွားပြောနိုင်ပါက သူသည် စကားလက်ခံ ပြောမည့်အသွင် ရှိသည်။ သို့သော် ဝင်စတန်သည် ဤမှန်းဆချက် မှန်ကန်ကြောင်း ပြသဖို့ တစ်ခါမှမကြိုးပမ်းဖူးခဲ့။ တကယ်တော့ ကြိုးပမ်းစရာလည်း ဘာအကြောင်းမှ မရှိ။

လောလောဆယ်တွင် အိုဘရိုင်ယန်သည် သူ့လက်ပတ်နာရီကို တစ်ချက်ကြည့်သည်။ နာရီထောင့်တစ်ရာ ထိုးခါနီးပြီ။ "နှစ်မိနစ်အမုန်း" ပြီးသည်အထိ မှတ်တမ်းဌာနထဲတွင် နေတော့မည်ဟု ရှင်းရှင်းလင်းလင်း ဆုံးဖြတ်လိုက်သည်။ အိုဘရိုင်ယန်သည် ဝင်စတန်နှင့် တစ်တန်းတည်း ခုံနှစ် လုံးခြားတွင် ဝင်ထိုင်သည်။ ကပ်လျက်အခန်းကန့်တွင် တာဝန်ကျသော လူကောင်သေးသေး ဆံပင်နီဝါရောင်နှင့် အမျိုးသမီးက ဝင်စတန်နှင့် အိုဘရိုင်ယန်တို့ ကြားထဲတွင်ရှိသည်။ ဝတ္ထုဌာနမှ ပိတုန်းရောင်ကေသာ မိန်း ကလေးကမူ ဝင်စတန့်နောက် တည့်တည့်တွင် ဝင်ထိုင်သည်။

တစ်ခဏအကြာတွင် ဂျိုးဂျိုးဂျုန်းဂျုန်းအသံကြီး ပေါ်ထွက်လာသည်။ ကြောက်စရာ့ စက်ယန္တရားကြီးကို ဆီမရှိဘဲမောင်းနှင်သလို အသံထွက်လာကာ ထိုအသံနှင့်အတူ အခန်း၏အဆုံးမှ ရောမ တယ်လီစကက်ကြီး ဗြုန်းခနဲ ပွင့်သွားသည်။ စောင်းမွေးများ တဖွားဖွားထ၍ သွားကြိတ်နေသည့် အသံ။ အမုန်းစပြီ။

ခါတိုင်းလိုပင် ပြည်သူလူထု၏ရန်သူတော် အီမင်န်ျူယယ် ဂိုးစတိန်း၏ မျက်နှာကြီး ဖန်သားပြင်ပေါ် ရောက်လာသည်။ ပွဲကြည့်ပရိသတ်ထဲမှ ဟိုကဒီကအသံများထွက်လာသည်။ ဆံပင်နီဝါရောင် အမျိုးသမီး၏ ကျီခနဲ အော်သံထဲ အမုန်းနှင့်အကြောက် နှစ်မျိုးစွက်နေသည်။ ဂိုးစတိန်းသည် ပါတီ ကိုသစ္စာဖောက်သူ၊ ခွေးမြီးကောက် ကျည်တောက်စွပ်ဖြစ်၏။ တချိန်တုန်း ကတော့ ပါတီ၏အထင်ကရ ရှေ့ဆောင်လမ်းပြတစ်ဦး။ အစ်ကိုကြီးနှင့် တန်းတူဖြစ်လုနီး ရှေ့ဆောင်လမ်းပြတစ်ဦး။ ထို့နောက် တန်ပြန်တော်လှန် ရေးထဲဝင်ခဲ့ပြီး သေမိန့်ကျခဲ့သည်။ ဂိုးစတိန်းသည် သေမိန့်ကျသော်လည်း အသိရခက်လှစွာ လွတ်မြောက် ပျောက်ဆုံး သွားခဲ့သည်။

နှစ်မိနစ်အမုန်း အစီအစဉ်သည် နေ့စဉ်နှင့်အမျှပြောင်းလဲ လာခဲ့သော်လည်း ဂိုးစတိန်းသည် အဓိကပုဂ္ဂိုလ်အဖြစ်မှ မရွေ့လျောသေး။ ဂိုးစတိန်း သည် ပါတီ၏သန့်စင်မှုကို အစောဆုံး ညစ်ထေးစေခဲ့သူ၊ ပါတီ၏ ပွဲဦးထွက် သစ္စာဖောက်ဖြစ်၏။ ပါတီကို ကဏ္ဍာကောဇလုပ်သော နောက်ဆက်တွဲ

ရာဇဝတ်မှုဟူသမျှ၊ ကောက်ကျစ်စဉ်းလဲမှုဟူသမျှ၊ အဖျက်အမှောင့်လုပ်ငန်း နှင့် အယူမှားခြင်း၊ သွေးဖည်ခြင်း အလုံးစုံတို့သည် ဂိုးစတိန်း၏သင်ကြားပြသမှုမှ တိုက်ရိုက်ပေါ်ထွက်လာနေခြင်းဖြစ်သည်။ ဂိုးစတိန်းသည် တစ်နေရာ ရာတွင် အသက်ရှင်လျက်ရှိပြီး လျှို့ဝှက်ပူးပေါင်းကြံစည်မှုများ စက်ပုန်း ခုတ်လျက်ရှိသည်။ ဂိုးစတိန်းသည် ရေခြားမြေခြား တိုင်းတစ်ပါး၌ သူ့ကို ပေးကမ်းထောက်ပံ့ထားသော ပြည်ပ အရှင်သခင်များ၏ ကာကွယ်ပေးမှု အောက်တွင် ရှိနေနိုင်သည်။ မဟုတ်ပါကလည်း အခွင့်သင့်တိုင်းပေါ်လာ တတ်သော ကောလဟာလများအရ ဂိုးစတိန်းသည် ဝင်စတန်တို့၏ အိုးရှင်းနီးယားနိုင်ငံထဲတင် ပုန်းအောင်းနေနိုင်သည်။

ဝင်စတန် အာစေးမိနေသည်။ ဂိုးစတိန်း၏မျက်နှာကြီးကို ကြည့် လိုက်တိုင်း သူ့ရင်ထဲဝေဒနာများ ကလီကမာဖြစ်လာသည်။ ဂိုးစတိန်း၏ မျက်နှာသည် ပါးလျသောဂျူးမျက်နှာ။ မျက်နှာဘေးပတ်ပတ်လည်တွင် ဆွတ်ဆွတ်ဖြူသောဆံပင်အုံကြီး ပွသယောင်းလျက် ကားထွက်နေသည်။ မုတ်ဆိတ်ကမူ ဆိတ်မုတ်ဆိတ်။ မျက်နှာသည် ပါးရည်နပ်ရည်ရှိသောမျက်နှာ၊ သို့တိုင် အထင်သေးစရာ တစ်မျိုးကောင်းနေသည်။

ထိုအထင်သေးစရာသည် မွေးရာပါလို မျက်နှာမှ ခွာကြည့်၍မရ။ မျက်မှန်တင်ထားသော ရှည်သွယ် သွယ်နှာခေါင်းတွင် ဇရာထောင်း၍ အားပျော့လာသော မိုက်မဲမှုကို တွေ့ရသည်။ ဤမျက်နှာသည် သိုးတစ်ကောင်၏ မျက်နှာနှင့် ဆင်ဆင်တူသည်။ သူ့အသံသည်လည်း သိုးအော်သံနှင့် သိပ်မခြားလှ။

ဂိုးစတိန်းသည် ပါတီ၏အယူဝါဒကို ပြင်းထန်စွာ တိုက်ခိုက်သည်၊ ပုံကြီးချဲ့လွန်း၊ ဂလန့်တိုက်လွန်း၍ သူလုပ်ပုံကို ကလေးတစ်ယောက်ပင် အထာပေါက်နိုင်သည်။ သို့ရာတွင် ဂိုးစတိန်း၏ အပြောသည် လူတစ်ယောက်ကို အလန့်တကြား ခံစားချက်မျိုး ပေးစွမ်းနိုင်သဖြင့် တစ်ဖက်သားခမျာ သူ့အပြောတွင် ကျသွားနိုင်လောက်သည်။ ချိန်ထိုးတွေးခေါ်မှု အားနည်းသူ ဖြစ်ပါက သူ့ဘက်ပါသွားတော့၏။

ဝင်စတန်တို့၏အကြီးဥက္ကဋ္ဌ အစ်ကိုကြီးကို ဂိုးစတိန်းက ဆဲရေးတိုင်းထွာသည်။ ပါတီ၏ အာဏာရှင် စနစ်ကို ရှုတ်ချသည်။ ယူရေးရှားနိုင်ငံနှင့် ငြိမ်းချမ်းမှုရယူရန် တောင်းဆိုသည်။ စကားပြော လွတ်လပ်ခွင့်၊ ပုံနှိပ်လွတ်လပ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်တို့ကို သူထောက်ခံကြောင်း၊ တော်လှန်ရေးသည် သစ္စာဖောက်ခံလိုက်ရပြီ ဖြစ်ကြောင်း ဂိုးစတိန်းသည် အရူးတစ်ကောင်လို သွက်သွက်ခါ အော်ဟစ်နေလေသည်။ ပါတီတွင်းမှ အပြောအဟောသမားများ ၏ လေကိုတု၍ အသံထွက်အစုံအလင် သုံးကာ ရေပက်မဝင်အောင် တရကြမ်းပြောသွားသည်။ ဂိုးစတိန်း၏ စကားထဲ ခေတ်သစ်ဝေါဟာရပင် ပါဝင်နေ၏။ တကယ့်ဘဝထဲ ပါတီဝင်များသုံးသော အရေအတွက်ထက်ပင် ဂိုးစတိန်းသုံးသွားသော ခေတ်သစ်ဝေါဟာရ အရေ အတွက်က ပိုများနေသည်။

ဂိုးစတိန်း ဟန်ရေးများပြသလားဟု အထင်ခံရမည်စိုး၍ တယ်လီစက်ပေါ်တွင် အရှိကိုအရှိအတိုင်း ဖော်ပြထားသေးသည်။ ဂိုးစတိန်း၏ ဦးခေါင်းနောက်ဘက်တွင် မဆုံးနိုင်တော့သော ယူရေးရှားနိုင်ငံ၏ စစ်တပ်ကြီး အတန်းလိုက်အတန်းလိုက် ချီတက်နေသည်။ ကျောက်တုံးပမာ မျက်နှာမူရာ ကင်းမဲ့သော အာရှဆန်ဆန်မျက်နှာများ တယ်လီစက်၏ဖန်သားပြင်ပေါ် တက်လာလိုက် ပျောက်ကွယ်သွားလိုက်နှင့် အားလုံးတစ်ပုံတည်း တစ်ထေရာ တည်းဖြစ်၏။ စစ်သားများ၏ လေးပင်သောစည်းချက်ကျကျဘွတ်ဖိနပ်သံ ကိုနောက်ခံထား၍ ဂိုးစတိန်း၏မကျေမနပ် ပြောဆိုသံ ပေါ်ထွက်နေသည်။

အမုန်းတိုက်ပွဲ စက္ကန့်သုံးဆယ်ပင် မပြည့်သေး။ အခန်းထဲမှ ပွဲကြည့်ပရိသတ် တစ်ဝက်သည် ထိန်းမနိုင် သိမ်းမရ ရှူးရှူးရှားရှား ဖြစ်လာကြသည်။ ဖန်သားပြင်ပေါ် မြင်နေရသော ဂိုးစတိန်း၏ မိမိကိုယ်ကို ဟုတ်လှပြီ ထင်သော မျက်နှာကြီးနှင့် ယူရေးရှားစစ်တပ်၏ ကြောက်ခမန်းလိလိ အင်အားသည် လက်သင့်ခံနိုင်ဖို့ ရာ ခက်ခဲလွန်းနေသည်။ သည့်အပြင် ဂိုးစတိန်းကို တွေ့ရခြင်းနှင့် ဂိုးစတိန်းအကြောင်း တွေးမိခြင်းတို့သည် အကြောက်တရားကိုရော အမုန်းတရားကိုပါ အလိုလိုနေရင်းထုတ်လုပ်ခြင်း ဖြစ်နေသည်။ ယူရေးရှား နိုင်ငံ၊ အိစတာရှားနိုင်ငံတို့ထက် ဂိုးစတိန်းသည်သာ တစိုက်မတ်မတ် အမုန်း ပစ်မှတ်ဖြစ်နေခဲ့သည်။ ဝင်စတန်တို့၏ အိုးရှင်းနီးယားနိုင်ငံသည် အခြား နိုင်ငံနှစ်ခုထဲမှ တစ်ခုခုနှင့်စစ်ဖြစ်လျှင် ကျန်တစ်ခုနှင့် ငြိမ်းချမ်းနေတတ်သည်။

ဂိုးစတိန်းသည် လူတိုင်း၏ မုန်းတီးစက်ဆုပ်ခြင်း ကိုခံရသူ။ နေ့တိုင်းနေ့တိုင်း တနေ့လျှင် အကြိမ်ထောင်ချီပြီး အမုန်းခံရသူ။ ပလက်ဖောင်းပေါ် တယ်လီစက်ပေါ်၊ သတင်းစာထဲ၊ စာအုပ်တွေထဲ၊ ဂိုးစတိန်း၏ သီဝရီများကို ရိုက်ချိုးပြကြသည်။ ချေပကြသည်။ လှောင်ကြပြောင်ကြသည်။ အမှိုက်သရိုက် ဖြစ်ကြောင်း သိသာထင်ရှားအောင် လုပ်ပြကြသည်။ သို့ရာတွင် ထူးဆန်းသည် မှာ ဂိုးစတိန်း၏လွှမ်းမိုးမှုသည် တရံတဆစ်မျှ အားပျော့သွား ပုံမရ။ သူ့သွေး ဆောင်ဖြားယောင်းမှုကို ခံယူဖို့ လူသစ် မအူမလည် ကလေးများ အသင့်စောင့် ဆိုင်းလျက်ရှိသည်။

ဂိုးစတိန်း၏ညွှဗာအောက်သို့ ကျရောက်သွားသော သူလျှိုများ၊ အဖျက်အမှောင့်သမားများကို အတွေးပုလိပ်တပ်ဖွဲ့က နေ့စဉ် ရှာဖွေတွေ့ ရှိနေသည်။ ရှာမတွေ့သောနေ့ဟူ၍ မရှိ။ ဂိုးစတိန်းသည် အမှောင်ကမ္ဘာထဲမှ စစ်တပ်ကြီး၏တပ်မှူး။ တိုင်းပြည်ရေစုန်မျှောရေးအတွက် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းကြံရွယ် ကြသူများ၏ မြေအောက်ကွန်ရက် တပ်မှူး၊ ထိုမြေအောက်ကွန်ရက်ကို “ညီနောင်သားရင်း” ဟုခေါ်ကြဟန်တူသည်။

ဂိုးစတိန်းရေးသားခဲ့သော စာအုပ်အကြောင်း တီးတိုးပုံပြင်များလည်း ရှိသေးသည်။ ယင်းစာအုပ်သည် အားလုံးသောအယူမှားတို့၏ အနှစ်ချုပ်ဖြစ်၏။ ထိုစာအုပ်ကို ပေါ်ပေါ်တင်တင်မဟုတ်ဘဲ လက်သိပ်ထိုး ဝေငှဖြန့်ချိကြသည်။ စာအုပ်

သည်ခေါင်းစဉ်မရှိ။ “စာအုပ်” ဟုသာခေါ်ကြသည်။ သို့သော် ထိုအကြောင်း များကို မရေမရာ ကောလဟာလများအဖြစ်သာ သိကြရခြင်းဖြစ်သည်။ ရိုးရိုးသာမန်ပါတီဝင် ဘယ်သူမဆို ရှောင်လွှဲ၍ရပါက ‘စာအုပ်’ အကြောင်းရော၊ ‘ညီနောင်သားရင်း” အကြောင်းကိုပါ ဘယ်တော့မှ စကားထဲ ထည့်မပြောကြချေ။

ဒုတိယမိနစ်ပိုင်းတွင် အမုန်းတိုက်ပွဲသည် ထိန်းမနိုင် သိမ်းမရဖြစ်လာကြသည်။ ပွဲကြည့်ပရိသတ်များ သည် ထခုန်လိုက်၊ ပြန်ထိုင်ချလိုက်။ ဖန်သားပြင် တယ်လီစက်မှ ပေါ်ထွက်နေသော မကျေမနပ် ပြောဆိုသံ အရူး စကား တိမ်ဝင်သွားမလားဟု ပရိသတ်သည် အသံကုန်ဖြဲ၍ အော်ဟစ်ကြသည်။

ဆံပင်နီဝါရောင် သေးသေးညှက်ညှက် အမျိုးသမီးသည် မျက်နှာသွေး ရောင်လွှမ်းနေသည်။ ကုန်းပေါ်ပစ်တင်ခံရသော ငါးပမာ အမျိုးသမီး၏ပါးစပ်

ဟစိဟစိဖြစ်နေသည်။ အိုဘရိုင်ယန်၏ မျက်နှာပြည့်ပြည့်ကြီးပင် နီမြန်းလျက်ရှိသည်။ အိုဘရိုင်ယန်သည် ခုံပေါ်တွင် မတ်နေအောင် ထိုင်သည်။ လှိုင်းလုံး၏ တိုက်ခိုက်မှုကို တောင့်ခံထားရသလို အိုဘရိုင်ယန်၏ အားကောင်း မောင်းသန် ရင်အုပ်ကြီးသည် မိုမောက်တက်လာပြီး ဖိုလှိုက်တုန်ယင်နေသည်။

ဝင်စတန့်နောက်တွင်ထိုင်သော ဝတ္ထုဌာနမှ ဆံပင်နက်ကြုတ် အမျိုးသမီးသည် “အယုတ်တမာကောင်” ဟုအော်ဟစ်နေပြီး အချိန်စီးလှသော ခေတ်သစ် အဘိဓာန်စာအုပ်ကြီးဖြင့် တယ်လီစက် ဖန်သားပြင်ကို ပေါက်ချလိုက်၏။ အဘိဓာန်စာအုပ်သည် ဂိုးစတိန်း၏နှာခေါင်းကို မှန်ပြီး ပြန် ကန်ထွက်လာသည်။ ဂိုးစတိန်း၏အသံကမူ အလျှော့မပေးစတမ်း ထွက်ပေါ်နေဆဲ။ ဘာမှမကြာလိုက် ဝင်စတန်ကိုယ်တိုင် အများနှင့်အတူ အော်ဟစ်ကာ ထိုင်ခုံ၏အောက်ထစ်ကို တအားကန်နေမိမှန်း မိမိကိုယ်ကို တွေ့လိုက်ရ တော့၏။

နှစ်မိနစ်အမုန်း၏ကြောက်စရာကောင်းသော ဤအပိုင်းမှာ လူတစ်ယောက်သည် ကိုယ့်အပိုင်းကိုယ် သရုပ်ဆောင်နေခြင်း မဟုတ်ဘဲ ဆန့်ကျင်ဘက်အားဖြင့် လူအများနှင့် ခွာတ်မကူးအောင်နေဖို့ ဘယ်လိုမှ မဖြစ်နိုင်ခြင်းပင်တည်း။ စက္ကန့်သုံးဆယ်အတွင်း သရုပ်ဆောင်ဖို့ဆိုသည်မှာ လိုကိုမလိုအပ်။ တိတ်တခိုး ပုန်းအောင်း နေသော ကြောက်စိတ်၊ လက်တုံ့ပြန်လိုစိတ်၊ လူသတ်လိုစိတ်၊ ညှဉ်းပန်းလိုစိတ်၊ ဆယ်ပေါင်တူကြီးဖြင့် မျက်နှာများကို အမှုန့်ကြိတ်လိုစိတ် စသည်တို့သည် လျှပ်စီးပတ်လမ်းပမာ လူအုပ်တစ်အုပ်လုံးကို လျှင်မြန်စွာ ကူးစက်သွားသည်။ ကိုယ့်သဘောမပါဘဲ မိမိကိုယ်တိုင်သည် အော်ဟစ်ရှုံ့မဲ့နေသော အရူးတစ်ကောင်အဖြစ် ပုံစံပြောင်းသွားလေသည်။

သို့တိုင် ဒေါသသည်ဒြပ်မရှိ၊ ရည်ရွယ်ရာမရှိသော စိတ်လှုပ်ရှားမှု တစ်မျိုးဖြစ်၏။ အရာဝတ္ထုတစ်ခုမှတစ်ခုသို့ လေမှုတ်မီး၏ မီးတောက်လို အဖွင့်အပိတ်လုပ်၍ရသည်။ ဤသို့ဖြင့် တစ်နေရာတွင် ဝင်စတန့် အမုန်း သည် ဂိုးစတိန်းထံမရောက်ဘဲ အစ်ကိုကြီး၊ ပါတီနှင့် အတွေးပုလိပ်များထံ ရောက်သွားခဲ့သည်။ ဖန်သားပြင်ပေါ်မှ ပုဂ္ဂိုလ်သည် ပါတီနှင့် ဝိဝါဒကွဲပြား သူဟု

ပြောင်ပြောင်တင်းတင်း ဝန်ခံထားသူ၊ ဤမုသားကမ္ဘာကြီးထဲ အမှန်တရားနှင့် မှုမှန်ခြင်းတို့ကို ဒိုင်ခံကာကွယ်စောင့်ရှောက်ထားသူ။ အထီးကျန်သော၊ အလှောင်ခံနေရသော ထိုပုဂ္ဂိုလ်ကို ဝင်စတန် သနားသွားသည်။

သို့သော် လက်ဖျစ်တစ်တွက်အတွင်းမှာပင် ဝင်စတန်သည် ဘေးနားမှ လူများနှင့် တစ်သဘောတည်း ဖြစ်သွားပြန်သည်။ ဂိုးစတိန်း အကြောင်းပြောသမျှကို သူ့စိတ်ထဲ မှန်သလိုလိုထင်လာသည်။ ထိုအခါ သူ့စိတ်ထဲ အစ်ကိုကြီးကို တိတ်တိတ်ကြိတ်ပြီးမုန်းထားသမျှ အမုန်းတွေ အကုန်လုံး အချစ်တွေ လေးစားမှုတွေ ဖြစ်ကုန်သည်။ အစ်ကိုကြီးသည် ဝင်စတန့်ရှေ့ မားမားကြီးပေါ်ထွက်လာသည်။ တွန်းလှန်ဖြိုဖျက်၍ မရနိုင်သော၊ အကြောက်အရွံ့ကင်းမဲ့သော၊ အာရှသားတစ်အုပ်တစ်မကြီးကို ကျောက်စိုင်ကျောက်သားပမာ ကြံ့ကြံ့ခံအံတုထားနိုင်သော အစ်ကိုကြီး၊ ဂိုးစတိန်းကမူ လူအများ ကြဉ်ထားသူ၊ သူ့ဒုက္ခ၊ သူ့သက်ရှိထင်ရှား ရှိမရှိကို သံသယအဝင် ခံရသူ။ ဤအချက်များကြောင့် ဂြိုဟ်မွှေမည့်လူဟုထင်ရသည်။ သူ့အသံသည် ယဉ်ကျေးမှုအဆောက်အအုံကို ဖြိုဖျက်နိုင်စွမ်း သက်သက် အတွက်သာ။

အမုန်းကို တစ်ဦးမှတစ်ဦး မီးဖွင့်သလို ဖွင့်လိုက် ပိတ်လိုက် လုပ်ဖို့ ရာ ဖြစ်နိုင်ခြေရှိနေသည်။ ခေါင်းအုံးပေါ်မှ လူတစ်ယောက်၏ ဦးခေါင်းကို အိပ်မက်ဆိုးထဲရောက်သွားအောင် ဖိညှစ်ချေလိုက်သော အင်အားမျိုးဖြင့် ဝင်စတန်သည် ရုတ်တရက် သူ့အမုန်းများကို လူပြောင်း၍ ရသွားသည်။ ဖန်သားပြင်ပေါ်မှမျက်နှာကို မုန်းနေရာမှတဆင့် သူ့နောက်ဘက်တွင် ထိုင်နေသော ဆံပင်နက်ကြုတ် အမျိုးသမီးကို သူပြောင်းမုန်းသည်။ အရောင် အသွေးစုံလင်လှပနေသော မိမိစိတ်ကိုလှည့်စားခြင်းများ သူ့စိတ်ထဲဖျပ်ခနဲ မီးပွင့်သွားသည်။

ဤမိန်းမကို ရာဘာနံပါတ်တုတ်ဖြင့် သေအောင်ရိုက်သတ်ပစ်မည်။ ဤမိန်းမ၏လုံးတီးခန္ဓာကိုယ်ကို ငုတ်တိုင်တွင်ကြိုးဖြင့်တုပ်ပြီး သူက သူတော် စင်စီဘက်စ်ရှန်းလို ဤမိန်းမထံမြှားတွေ တရစပ်ပစ်လွှတ်မည်။ ဤမိန်းမကို အဓမ္မကျင့်ပြီး လည်ပင်းကို ဓားနှင့်လှီးမည်။ ဤမိန်းမကို သူဘာကြောင့် မုန်း မှန်း စောစောကတည်းက သူ့ဖာသာကောင်းကောင်း သိသည်။ ဤမိန်းမကို

သူမုန်းသည်။ ဤမိန်းမသည် ငယ်ရွယ်နုပျိုသည်။ လှပသည်။ လိင်ဆွဲဆောင်မှု မရှိ။ ဤမိန်းမနှင့် သူခန်းစက်ရာဝင်ချင်သည်။ သူမ၏ သေးကျင်သော ခါးသည် သူ့အားလက်မောင်းနှစ်ဖက်နှင့် သိုင်းဖက်လှည့်ပါဟု ဖိတ်ခေါ်နေ သယောင်ရှိသော်လည်း တကယ်တမ်း ခါးတွင်ပတ်ထားသည်က အမြင် ကတ်စရာကောင်းသော ကြက်သွေးရောင် ခါးစည်းဖြစ်၏။ ဤမိန်းမနှင့် သူ ဘယ်တော့မှတူနှစ်ကိုယ် မပျော်မွေ့နိုင်။ ခါးစည်းမှာ ဘယ်သူနှင့်မျှ လိင်မ ဆက်ဆံဟူသော မာရေကျောရေသင်္ကေတဖြစ်လေသည်။

အမုန်းတိုက်ပွဲ အထွတ်အထိပ်ရောက်လာသည်။ ဂိုးစတိန်း၏ အသံ သည်

တကယ့် သိုးအော်သံ ဖြစ်လာသည်။ သူ့မျက်နှာသည် ချက်ချင်းလို သိုးမျက်နှာအဖြစ်အသွင်ပြောင်းသွားသည်။ သိုးမျက်နှာအရည်ပျော် ကျသွား ပြီး ယူရေရှုန်းစစ်သားတစ်ဦး ရှေ့တက်လာသည်။ ထိုစစ်သား၏မျက်နှာ ကြီးသထက်ကြီးလာပြီး ကြောက်စရာကောင်းလာသည်။ စစ်သား၏ စက် သေနတ်သံကြီး ဟိန်းထွက်နေသည်။ တယ်လီစက်ဖန်သားပြင်ထဲမှ ခုန်ထွက် လာတော့မလိုထင်ရသည်။ ရှေ့ဆုံးတန်းထိုင်ခုံပေါ်မှ ပွဲကြည့်ပရိသတ်များ နောက်တွန့်သွားပြီးမှ စိတ်သက်သာရာရကာ သက်မချကြသည်။

စစ်သား၏ရိုင်းစိုင်းသောရုပ်သွင် အရည်ပျော်သွားကာ အစ်ကိုကြီး၏မျက်နှာ တယ်လီစက် ဖန်သားပြင်ပေါ် ရောက်လာသည်။ ဆံပင်အမည်း၊ နှုတ်ခမ်းမွေးမည်းမည်းတုတ်တုတ်နှင့် ဩဇာအာဏာ ကြီးသော၊ အသိရခက်လှစွာ ငြိမ်သက်နေသော အစ်ကိုကြီး။ သူ့၏ရုပ်သွင်သည် ကြီးမားလွန်းသဖြင့် တယ်လီစက်ဖန်သားပြင်တစ်ခုလုံး ပြည့်လုနီးပါးဖြစ်နေသည်။ သူ ဘာပြောနေ မှန်း ဘယ်သူမှမကြား။ အားပေးစကားပြောခြင်းသက်သက်ဖြစ် နိုင်သည်။ အပြင်းအထန်တိုက်ပွဲကြားထဲ ပြောသလို တစ်ဦးချင်းစီ သဲသဲကွဲကွဲ ကြားနေရဖို့မဟုတ်။ အားပေးစကားအပြောခံရသည်ဟူသော အဖြစ်ကသာ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုကို ပြန်လည်သိုမှီးစေနိုင်ခြင်းဖြစ်သည်။ ထို့နောက် အစ်ကိုကြီး၏မျက်နှာ မှိန်ဝါးပျောက်ကွယ် သွားကာ ပါတီ၏ ဆောင်ပုဒ် သုံးခုသည် စာလုံးမည်းမည်းထင်းထင်းဖြင့် ပေါ်ထွက်လာသည်။

စစ်သည် ငြိမ်းချမ်းရေး။

လွတ်လပ်ရေးသည် ကျွန်စံနစ်။

မသိခြင်းသည် အင်အား။

ဖန်သားပြင်ပေါ် ဆောင်ပုဒ်သုံးခုရောက်လာသည့်တိုင် အစ်ကိုကြီး ၏ မျက်နှာသည် ဖန်သားပြင်ပေါ် စက္ကန့်အတော်ကြာအောင် စွဲထင်နေ သယောင်ရှိသည်။ လူတိုင်း၏သူငယ်အိမ်သည် ပုံရိပ်တစ်ခုကို ချက်ချင်း လက်ငင်းဖယ်ရှားလိုက်ဖို့ရာ ဗာဟီရများ စုံလင်ထွေပြားနေသကဲ့သို့ပင် ဆံပင်နီဝါရောင် သေးသေးညှက်ညှက် အမျိုးသမီးသည် ရှေ့မှ ကုလားထိုင် ကျောမှီပေါ်လွှားခနဲ ကျော်တက်လိုက်သည်။ တုန်ယင်လှိုက်ခါနေသော အသံ သည် "ကျွန်မရဲ့ကယ်တင်ရှင်" ဟူသော အသံထွက်မျိုးဖြစ်၏။ ထိုအမျိုး သမီးသည် တယ်လီစက် ဖန်သားပြင်ဆီ လက်နှစ်ဖက်ဆန့်တန်းထားသည်၊ ထို့နောက်မျက်နှာကို လက်ဝါးဖြင့် အုပ်ထားပြန်ရာ ဆုတောင်းနေဟန် သိသာ နေသည်။

ထိုအချိန်တွင် တစ်အုပ်စုလုံးသည် "အစ်ကိုကြီး .. အစ်ကိုကြီး အစ်ကိုကြီး"ဟု ထပ်တလဲလဲ ဆိုနေကြသည်။ အသံသည် ဖြည်းဖြည်း နှေးနှေးနှင့် စည်းချက်မှန်မှန်။ တီးတိုးရေရွတ်သော အသံမျှသာ ဖြစ်သော် လည်း တစ်နည်းနည်းဖြင့် ဆန်းပြားစွာ အရိုင်းဆန်နေသည်။ ထိုအသံ၏ နောက်ခံသံအဖြစ် ခြေဗလာများ၏ခြေဆောင့်သံနှင့် တဒုန်ဒုန် ဗုံရှည်သံများကို အလိုလို

နေရင်းကြားယောင်နေရသည်။ အသံသည် စက္ကန့်သုံးဆယ်ခန့်ကြာသည်။ စိတ်လှုပ်ရှားမှုများလျှံတက်လာတိုင်း ထိုသံပြိုင် ကောက်သံကိုကြားရ တတ်သည်။ အစ်ကိုကြီး၏ ဉာဏ်ပညာအမြော်အမြင်နှင့် ကြီးကျယ် မြင့်မြတ်မှုကို ချီးကျူးဂုဏ်ပြု လိုခြင်းကလည်း တစ်ပိုင်းပါသည်။ စည်းချက်ကျအသံနှင့် အတူ မိမိ၏သိစိတ်ကို တမင် အိပ်မွေ့ချလိုသော အပိုင်းက ပိုများသည်။

ဝင်စတန့်အတွင်းကလီစာများ အေးစိမ့်လာသည်။ နှစ်မိနစ်အမုန်း ၏ နှစ်မိနစ်တာကာလအတွင်း ဝင်စတန်သည် တောင့်မခံနိုင်ဘဲ အများတကာလို ကယောင်ကတမ်းဖြစ်ခဲ့သည်။ သို့ရာတွင် ထိုသံပြိုင်ရွတ်သံကိုကြားရတိုင်း ဝင်စတန် ကြောက်စိတ်များမွန်တက်လာမြဲ။ တကယ်တော့ သူလည်း အများ နှင့်အတူ လိုက်ဆိုနေသည်။ စိတ်ရင်းအမှန်ကိုဖုံးအုပ်ထားဖို့ မျက်နှာကိုထိန်းချုပ်ထားဖို့ အများနှင့်အတူ ရောယိမ်းလိုက် ဘသားယိမ်းလိုက်လုပ်ဖို့ ဆိုသည်မှာ အလိုအလျောက်တုံ့ပြန်ချက်ဖြစ်နေသည်။ သို့သော် စက္ကန့် အလပ်အခြားကာလလေး၌ သူ့မျက်လုံးသည် သူ့ကို ခိုးကြောင်ခိုးဝှက် သစ္စာမဲ့သွားနိုင်သည်။ ထိုအခိုက်ကလေးမှာပင် ထိုအထင်အရှားကိစ္စသည် ဖြစ်ပေါ်ခဲ့သည်။ အမှန်တကယ်ဖြစ်ပေါ်ခဲ့သည်။

အခိုက်အတန့် အားဖြင့် အိုဘရိုင်ယန်နှင့်သူ မျက်လုံးချင်း ခလုတ်တိုက်မိသွားသည်။ အိုဘရိုင်ယန် မတ်တတ်ရပ်နေသည်။ အိုဘရိုင်ယန်သည် မျက်မှန်ချွတ်ပြီး သူ့မူပိုင်ဟန်အတိုင်း နှာရိုးပေါ် မျက်မှန်ပြန်တင်သည်။ ထိုတစ်ဒင်္ဂလေးအတွင်း မျက်လုံးချင်းခလုတ် တိုက်မိကြသည့်အချိန်သည် တစ်စက္ကန့်ပင်မပြည့်သော်လည်း ဝင်စတန် တစ်ခုခုကိုသိလိုက်ဖို့ လုံလောက် နေသည်။ မှန်ပါသည်။ ဝင်စတန် သိလိုက်သည်။ အိုဘရိုင်ယန်သည် ဝင်စတန့်လိုပင်တွေး တတ်သူတည်း။ မလွဲနိုင်သောသတင်းတစ်ရပ်ကို ရရှိခဲ့ပြီ။ ဘာနှင့် တူသနည်းဆိုသော် သူတို့နှစ်ဦး၏ဟဒယနှလုံးအိမ်သည် ပွင့် ထွက်သွားပြီး အတွေးများသည် မျက်လုံးများမှတစ်ဆင့် အပြန်အလှန် ကူးသန်း ဝင်ရောက်သွားကြသည့်အတိုင်းဖြစ်၏။

"ငါမင်းဘက်မှာပါ" ဟု အိုဘရိုင်ယန်က သူ့ကိုပြောနေဘိသကဲ့သို့ ရှိသည်။ "မင်းဘယ်လိုနေသလဲဆိုတာ ငါတပ်အပ်သိတယ်။ မင်းဘာတွေကို အထင်သေးတယ်ဆိုတာ၊ မင်းရဲ့အမုန်းတွေ၊ မင်းရဲ့စက်ဆုပ်မှုတွေ ငါအကုန် သိတယ်။ ဒါပေမယ့် မင်းမပူပါနဲ့ကွာ။ ငါလည်းမင်းဘက်မှာပါ" ဟု အိုဘရိုင်ယန်ဆိုနေသယောင်ရှိသည်။ ထိုစဉ်မှာပင် သတင်းအချက်အလက် ပေးပို့ခြင်း ဖျတ်ခနဲ ပြီးဆုံးသွားသည်။ အိုဘရိုင်ယန်၏မျက်နှာသည် အခြား လူများကဲ့သို့ပင် နားလည်ရခက်ခဲနေသည်။

အဖြစ်အပျက်သည် ဤမျှသာ။ ယခုပင်လျှင် ထိုဖြစ်ရပ် ရှိခဲ့သလား၊ မရှိခဲ့ဘူးလား သူ့ဘာသာ မသေချာတော့။ ထိုဖြစ်ရပ်မျိုးတွင် ဘယ်တော့မှ အဆက်မရှိ။ယခု အိုဘရိုင်ယန်နှင့် အတွေးဖလှယ်သော ကိစ္စသည် ဘာမျှ သက်

သေသာခကေလည်းမရှိ။ ရိုးခနဲရိပ်ခနဲကြည့်လိုက်သည့် အကြည့်ထဲ အဓိပ္ပါယ် ရှိချင်လည်းရှိမည်၊ မရှိချင်လည်းမရှိ။ သူစိမ်းနှစ်ဦး လမ်းတွင်ဆုံကြ၍ မသိမသာ လက်ကလေး လှုပ်ပြခြင်း သည်ပင် တစ်ဦးကိုတစ်ဦး အသိအမှတ်ပြုသော သင်္ကေတဖြစ်နေသည်။ အဖြစ်အပျက်တစ်ခုလုံးသည် မှန်းဆချက်များ သာဖြစ်နေသည်။ အရာရာကို သူစိတ်ကူးယဉ်ခဲ့ခြင်း ဖြစ်နိုင်သည်။

အိုဘာရိုင်ယန့်မျက်နှာကို သူနောက်တစ်ကြိမ်မကြည့်ဘဲ တာဝန်ကျရာ သူ့အခန်းကန့်ဆီ ပြန်လာခဲ့သည်။ အိုဘာရိုင်ယန်နှင့် မျက်လုံးချင်း ခလုတ်တိုက်မှုအပေါ် သူဆက်လိုက်ရန် လုံးဝမတွေးမိ။ ထိုကိစ္စကို သူဘယ်လို ခွင်ချရမည်ဆိုသည်ကို သိရုံနှင့် စိတ်ကူး၍ပင်မရအောင် အန္တရာယ်ကြီး ပေတော့မည်။ တစ်စက္ကန့် နှစ်စက္ကန့်ခန့်ရှိမည်။ သူတို့နှစ်ဦး မရေမရာ မျက်လုံးချင်းခလုတ်တိုက်မိ ကြသည်။ ဇာတ်လမ်းသည် ထိုမျှသာ။ သို့ရာတွင် သော့ခတ်ပိတ် လှောင်ထားသော အထီးကျန်မှုထဲ ရှင်သန်နေထိုင်ရသူအဖို့ အမှတ်ရစရာ ဇာတ်လမ်းဖြစ်ခဲ့သည်။

ဝင်စတန်သည် မတ်မတ်ပြင်ထိုင်ပြီး မိမိကိုယ်ကိုလှုံ့ဆော်သည်။ လေချဉ်တစ်ချက် အော့ခနဲ တက်လာသည်။ အစာအိမ်ထဲမှ ဂျင်အရက် တန်ခိုးပြလာပြီ။

မျက်လုံးများကို စာမျက်နှာပေါ် ပြန်ချိန်လိုက်သည်။ စိတ်က လွတ်ထွက်သွားပြီး အတွေးတွေ ခုနစ်စဉ်အမျှင်တန်းနေချိန်၌ လက်ကလည်း အလိုလိုစာရေးနေမိမှန်း ယခုမှသိသည်။ သည်တစ်ခါတော့ စောစောကလို ယိုင်နဲ့နဲ့ပဲပင်ပေါက်လက်ရေးမဟုတ်ဘဲ သူ့ဖောင်တိန်သည် ချောမွေ့သော စာရွက်ပေါ် ရဲရဲကြီးရေးချနေသည်။ စာလုံးကြီးနှင့်ရေးထားသော စာများမှာ-

အစ်ကိုကြီး ကျဆုံးပါစေ အစ်ကိုကြီး ကျဆုံးပါစေ

အစ်ကိုကြီး ကျဆုံးပါစေ

ထိုတစ်ကြောင်းတည်းကို ထပ်ခါထပ်ခါရေးနေရာ စာမျက်နှာတစ်ဝက်ပြည့် သွားသည်။

သူအလွန်အမင်း အမောဆို့လာသည်။ တကယ့်ကို ကြံကြီးစည်ရာ၊ ဤစာလုံးဤစာသားများကို ချရေးခြင်းသည် ကနဦးလုပ်ရပ်ဖြစ်သော နေ့စဉ်မှတ်တမ်းဖွင့်ခြင်းလောက် အန္တရာယ်မများသော်လည်း တစ်ခဏတော့ သူ့ စိတ်ထဲ၌စာရွက်ကို ဆွဲဆုတ်ပစ်လိုက်ချင်သည်။ ဤစွန့်စွန့်စားစား အလုပ်ကြီး တစ်ခုလုံးကို စွန့်ပစ်လိုက်ချင်သည်။

သို့သော် သူမလုပ်။ လုပ်လည်း အလကားပဲဟု သူသိနေသည်။ "အစ်ကိုကြီး ကျဆုံးပါစေ" ဟူသောစာသားကို သူရေးရေး မရေးရေး၊ ဤမှတ် တမ်းဒိုင်ယာရီကို သူဖွင့်ဖွင့် မဖွင့်ဖွင့်၊ ဘာမှ မထူး။ အတွေးပုလိပ်က သူ့ကို ဖမ်းမည်သာတည်း။ သူက ပြစ်မှုကျူးလွန်ခဲ့ပြီ။ ဆက်ပြီးကျူးလွန်နေ ဦးမည်။ စာရွက်နှင့်ဖောင်တိန် မထိ ဘဲရှိနေစေဦး၊ သူပြစ်မှုကျူးလွန်ခဲ့သည်။ ပြစ်မှုသည် အင်္ဂါရပ်စုံလင်စွာဖြင့်

အထမြောက်ခဲ့ပြီ။ ဤပြစ်မှုကို သူတို့ အခေါ်အရ 'မနောကံမြောက်မှုခင်း" ဟုခေါ်သည်။

မနောကံမြောက်မှုခင်းသည် တစ်သက် လုံး ဖုံးအုပ်ထား၍ ရသောအရာမျိုး မဟုတ်။ ခဏတဖြုတ်၊ သို့မဟုတ် နှစ်နှင့် ချီပြီး သင်ဖုံးအုပ်ထား၍ရနိုင်သော်လည်း အနေးနှင့်အမြန် သင့်ကို သူတို့ ဖမ်းမည်သာတည်း။

ဖမ်းဆီးခြင်းကို အမြဲတမ်းညဘက်တွင်လုပ်သည်။ ညပိုင်းတွင်သာ အဖမ်းအဆီးကိစ္စပေါ်သည်။ အိပ်ပျော်နေရာမှ ဇတ်ခနဲ အနှိုးခံလိုက်ရခြင်း၊ ကြမ်းတမ်းသောလက်က သင့်ပခုံးကို ကိုင်လှုပ်နေခြင်း၊ သင့်မျက်လုံးထဲ မီးထိုးနေခြင်း၊ မာတင်းတင်း မျက်နှာများ သင့်အိပ်ရာဘေးဝန်းရံနေခြင်း၊ စသည်တို့ သည် ညဘက်တွင်သာဖြစ်ပေါ်သည်။

မှုခင်းအများစုကို ကြားနာစစ်ဆေးခြင်းမရှိ။ ဖမ်းဆီးကြောင်း အသိပေးခြင်းမရှိ။ လူတွေ သည်အတိုင်း နေ့မြင် ညပျောက် ပျောက်သွားကြသည်။ အမည်နှင့်တကွ လုပ်သမျှမှတ်တမ်းမှတ်ရာ အလုံးစုံကို မှတ်တမ်းစာအုပ်ထဲမှ ပယ်ဖျက်လိုက်ကြသည်။ တစ်ချိန်တုန်းက သင်၏တည်ရှိမှုသည် ငြင်းဆို ခံလိုက်ရသည်။ အမေ့ခံလိုက်ရသည်။ ဖျက်သိမ်းခံလိုက်ရသည်။ အပြီးအပြတ် သုတ်သင်ချေမှုန်း ခံလိုက်ရသည်။ 'အငွေ့ပြန်သွားခြင်း" ဆိုသည်မှာ ဤဖြစ်ရပ် အတွက် သုံးစွဲနေကျစကားလုံးဖြစ်၏။

သူတို့ ငါ့ကိုပစ်သတ်ကြတော့မယ်၊ ဂရုမစိုက်သေးဘူး။ သူတို့ ငါ့ နောက်စေ့ကို ပစ်သတ်ကြတော့မယ်၊ ဂရုမစိုက်သေးဘူး။ အစ်ကိုကြီး ကျဆုံးပါစေ။ သူတို့က အမြဲတမ်း နောက်စေ့ကိုပဲ ပစ်တယ်၊ ဂရုမစိုက်သေးဘူ အစ်ကိုကြီး ကျဆုံးပါစေ . . .

ဝင်စတန်သည် ကုလားထိုင်ပေါ် ကျောမှီလှန်ချလိုက်ကာ ဖောင်တိန်ကိုချထားသည်။ ကိုယ့်ကိုယ်ကိုယ် နည်းနည်းတော့ပြန် ရှက်နေသည်။ ထိုစဉ် တံခါးခေါက်သံကြောင့် ဝင်စတန် ဖြုန်းခနဲ လန့်သွားသည်။

ခုပဲ ရောက်လာကြလေပြီ။ သူ ကြွက်ကလေးလို ကုပ်ကုပ်လေး ထိုင်နေသည်။ တံခါးခေါက်သူ ဘယ်သူပဲဖြစ်ဖြစ် တစ်ကြိမ်တစ်ခါလောက် ခေါက်ပြီးလျှင် ထွက်သွားပါစေဟု အချည်းနှီးမျှော်လင့်နေသည်။ သို့ရာတွင် တံခါးခေါက်သံ ဆင့်ကဲဆင့်ကဲပေါ်ထွက်လာသည်။ အချိန်ဆွဲခြင်းသည် အဆိုး တကာ့အဆိုးဆုံးပင်။ သူ့နှလုံးသည် ဗိန်းမောင်းတိုက်သလို ခုန်နေသည်။ မျက်နှာကမူ နှစ်ရှည်လများကျင့်ထားသော အကျင့်အတိုင်း မျက်နှာသေဖြစ် ၏။ သူထရပ်ပြီး တံခါးဆီလေးကန်စွာ လျှောက်လာသည်။

တံခါးလက်ကိုင်ဘုပေါ် လက်တင်လိုက်စဉ်မှာပင် စားပွဲပေါ်ဖွင့် လျက်သား ထားခဲ့မိသော ဒိုင်ယာရီစာအုပ်ကို ဝင်စတန် မြင်တော့သည်။ စာမျက်နှာပေါ် ပွစိထိုးအောင်ရေးထားသော "အစ်ကိုကြီး ကျဆုံးပါစေ' စာသားကို အခန်း အစွန်မှနေ၍ ထင်ထင်ရှားရှားကြီး မြင်နေရသည်။ သူ နမော်နမဲ့နိုင်ပုံကား ယုံနိုင်စရာပင်မရှိ။ သို့သော် သူ့ကိုယ် သူ သတိထားမိသည်မှာ သူ၏မှူ လိုက်မောကြီးမောနေပါလျက် စာအုပ်ကိုမပိတ်ချင်။ မင်မခြောက် သေးခင် စာအုပ်ပိတ်လိုက်လျှင် နို့နှစ်ရောင်စက္ကူလေးများ မင်စွန်းသွား မည်စိုးသည်။

သူအသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး တံခါးဖွင့်သည်။ ချက်ချင်း စိတ် ပေါ့ပါးသွားရသည်။ ချုံးချုံးကျနေသော ဖြူရော်ရော်အမျိုးသမီးတစ်ဦး တံခါးဝ တွင်ရပ်စောင့်နေသည်။ ဆံပင်ကျိုးတိကျိုးကျဲ၊ မျက်နှာဇရာရေးကြောင်းများ နှင့် အမျိုးသမီးသည် "အိုး၊ ရဲဘော်" ဟု သူ့အား နှုတ်ခွန်းဆက်သည်။ ဆက်လက်ပြီး "ရဲဘော်ဝင်လာတဲ့ အသံကြားလိုက်လို့ပါ။ ဖြစ်နိုင်ရင် မီးဖိုချောင်လက်ဆေးကန် လိုက်ကြည့်ပေးပါလား။ ရေထွက်ပေါက်ဆို့ပြီး-"

၎င်းအမျိုးသမီးသည် ဝင်စတန်နှင့်တစ်လွှာတည်း အတူနေသော အခန်းနီးချင်း မစ္စစ်ပါဆန်ဖြစ်သည်။ မစ္စစ်ဟူသော အသုံးအနှုန်းသည် ပါတီ တွင်း၌ အရိုအသေတန်သော အသုံးအနှုန်းဖြစ်သည်။ ပါတီဝင်အချင်းချင်း'ရဲဘော်'ဟု သုံးနှုန်းရမည်ဖြစ်သော်လည်း အချို့အမျိုးသမီးများကို မစ္စစ် ဟူသောအခေါ်အဝေါ် အလိုလိုနေရင်း သုံးမိနေသည်။

မစ္စစ်ပါဆန်သည် ရှိရင်းစွဲ အသက်သုံးဆယ်ဝန်းကျင်ထက် ပိုအိုစာနေသည်။ မျက်နှာ၏ အရေးအကြောင်းများကြားထဲ ဖုန်ဝင်နေသော အသွင်ဖြစ်၏။ ဝင်စတန်သည် အမျိုးသမီးနောက် လိုက်လာသည်။ စေတနာသက် သက် လိုက်လံပြုပြင်ပေးရသော ၎င်းအလုပ်များသည် နိစ္စဓူဝ စိတ်တိုစရာများ ဖြစ်သည်။

ဝင်စတန်တို့၏ ဗစ်ထရီတိုက်တန်းသည် ၁၉၃၀ သို့မဟုတ် ထို နှစ်ပတ်ဝန်းကျင်တွင် ဆောက်လုပ်ခဲ့သော တိုက်အိုတိုက်ဟောင်းကြီး တစ်လုံး ဖြစ်ရာ အိုမင်းယိုယွင်းလျက်ရှိပြီ။ မျက်နှာကြက်မှ အင်္ဂတေစများ အမြဲတမ်း ကွာကျသည်။ ရေခဲတိုင်း ရေပိုက်များ ကွဲထွက်သည်။ နှင်းကျတိုင်း ခေါင်မိုးယိုသည်။ ချွေတာရေးလှုံ့ဆော်မှုများကြောင့် အပူပေးစံနစ်ကို မပိတ်ခင်အထိတော့ စွမ်းအားတစ်ဝက်ခန့်သုံးရပါသည်။ (ကိုယ့်အားကိုယ်ကိုးပြုပြင်ခြင်း မှလွဲ၍ ပြုပြင်မှုဟူသမျှကို အဝေးမှကော်မတီ၏ ခွင့်ပြုချက်ကိုရယူရသည်။ ထိုကော်မတီသည် ပြတင်းမှန်တံခါးလေးပြုပြင်ဖို့ကိုပင် နှစ်နှစ် ကြာအောင် အချိန်ဆွဲတတ်သည်။

"တွမ် အိမ်မှာမရှိလို့ပါ" ဟု မစ္စစ်ပါဆန် ခပ်ဝါးဝါးပြောနေသည်။ ပါဆန်တို့၏အခန်းသည် ဝင်စတန့်အခန်းထက် ပိုကျယ်သည်။ နည်းလမ်းတစ်မျိုးဖြင့်

ပိုစုတ်ချာသည်။ တစ်ခန်းလုံးရှိရှိသမျှပစ္စည်းများ ထုထောင်းနင်းချေခံထားရသလို၊ ရောမ သတ္တဝါကြီးတစ်ကောင် ခုလေးတင် ဝင်ရောက် ဝုန်းဒိုင်းကြဲခြင်း ခံထားရသလို ပစ္စည်းများ ကျိုးကြေလျက် ရှိသည်၊ ဟော်ကီရိုက်တံ၊ လက်ဖွေ့ထိုးလက်အိတ်၊ ဘောလုံးအကွဲ၊ ပြောင်းပြန်လှန်ထားသော ချွေးခံဘောင်းဘီစသော အားကစားပစ္စည်းများ ကြမ်းပေါ်ဖြဲလရမ်း ပြန့်ကျဲနေသည်။ စားပွဲပေါ်တွင် မဆေးရသေးသော ပန်းကန်များနှင့် အနား လိပ်နေသော လေ့ကျင့်ခန်းစာအုပ်များ ပွစိထိုးလျက်ရှိသည်။ နံရံပေါ်တွင် ထောက်လှမ်းရေးနှင့် လူငယ်သင်း၏ ကြက်သွေးရောင်ကြက်လျှာအလံများ၊ ထို့ပြင် အစ်ကိုကြီး၏ ဆိုက်ပြည့် ပိုစတာပုံကြီး။

ထုံးစံအတိုင်း အခန်းထဲတွင် ဂေါ်ဖီပြုတ်နံ့ရသည်။ အဆောက် အဦးတစ်ခုလုံး ထိုအနံ့စွဲနေခြင်းဖြစ်၏။ သို့သော် ဤအခန်းထဲတွင် ချွေးစော် တစ်မျိုးကျန်နေသေးသည်။ ထိုချွေးစော်ကို ပထမတစ်ချက် ရှူမိလိုက်စဉ်မှာ ပင် ထိုချွေးနံ့ပိုင်ရှင်သည် လောလောဆယ် အခန်းထဲ၌မရှိ၊ ထိုလူထွက်သွား၍ စွဲကျန်နေသော ရနံ့ဖြစ်မှန်းသိလိုက်သည်။ အခြားအခန်းထဲတွင် ဘီး၊ ရေအိမ် သုံးစက္ကူတို့ဖြင့် တယ်လီစက်မှပေါ်ထွက်နေဆဲ စစ်ချီတေးကို စည်းချက်လိုက် နေသောအသံ ကြားရသည်။

“ကလေးတွေပေါ့” ဟု မစ္စစ်ပါဆန် စကားစရင်း စိတ်ပူသလို တံခါး ဘက်တစ်ချက်ဝေ့ကြည့်သည်။ “ကလေးတွေက ဒီနေ့ အပြင်မထွက်ရသေးဘူး၊ အဲဒီတော့-“

မစ္စစ်ပါဆန်သည် စကားပြောရင်းတန်းလန်း ရပ်ပစ်တတ်သော အကျင့်ရှိသည်။ မီးဖိုချောင်လက်ဆေးကန်ထဲ စိမ်းရွှေရွှေနံစော်ညစ်ပတ်သော ရေများ နှုတ်ခမ်းသားထိ လျှံတက်နေသည်။ ရေပုပ်နံ့က ဂေါ်ဖီပြုတ်နံ့ထက် အဆပေါင်းများစွာ နံဟောင်လျက် ရှိသည်။ ဝင်စတန် ဒူးထောက်ပြီး ပိုက်တစ် ဆစ်ချိုးနေရာကိုကြည့်သည်။ သူ့လက်တွေအသုံးပြုပြီး ကိုင်ရတွယ်ရခြင်းကို သူမုန်းသည်။ ကုန်းကုန်းကွကွလုပ်ရခြင်းကို သူမုန်းသည်။ ကုန်းလိုက်သည်နှင့် သူချောင်းဆိုးတတ်သည်။ မစ္စစ်ပါဆန်သည် ဘာမှမတတ်နိုင်ဘဲ ကြည့်နေသည်။

“တွမ်သာ အိမ်မှာရှိရင် ချက်ချင်းလုပ်ပေးမှာပါ။ တွမ်က အဲဒါမျိုး တွေလုပ်ရတာကြိုက်တယ်။ လက်ရာမြောက်တယ်။ တွမ့်ကို ပြောတာပါ” ဟု မစ္စစ်ပါဆန်ပြောနေသည်။

အမှန်တရားဝန်ကြီးဌာနတွင် ဝင်စတန်နှင့်ပါဆန်တို့သည် လုပ်ဖော် ကိုင်ဖက်များဖြစ်သည်။ ပါဆန်သည် ဝသော်လည်း အမိုက်ဘက်သန်ရ တော့မည်ဆိုလျှင် အင်မတန်လှုပ်ရှားထကြွရှိသည်။

အသက်သုံးဆယ့်ငါးနှစ်တွင် ပါဆန်သည် မိမိသဘော ဆန္ဒမပါဘဲ လူငယ်သင်းထဲမှ အထုတ်ခံရသည်။ လူငယ်သင်းထဲ ပညာမယူခင်တုန်းက ထောက်လှမ်းရေးကျောင်းတွင် ပြဋ္ဌာန်းထားသောအသက်အရွယ်ထက်

တစ်နှစ်ပိုကြာအောင်နေခဲ့ရသည်။ ဝန်ကြီးဌာနတွင်လည်း ရာထူးကောင်းကောင်း မရ၊ ဥာဏ်ရည်ဥာဏ်သွေး မလိုအပ်သော အနိမ့်စားနေရာတွင်သာ အလုပ်ရသည်။ သို့သော် အခြားတစ်ဖက်တွင်မူ ပါဆန်သည် အားကစားကော်မတီ၏ အဓိက ခေါင်းဆောင်တစ်ဦးဖြစ်သည်။

ဝင်စတန်သည် ပိုက်တစ်ဆစ်ချိုးနေရာရှိ မူလီခေါင်းကို ကိုင်တွယ်ပြီး "ခွရှင်ရှိလား" ဟုမေးကြည့်သည်။

"ခွရှင် ဟုတ်လား" ဟု မစ္စစ်ပါဆန်ဖြေပြီး ချက်ချင်းလိုလိုကျောရိုးမဲ့ သတ္တဝါဖြစ်သွားသည်။ "ကျွန်မ မသိဘူး။ တကယ် အဟုတ်။ ကေ့တ္တ ကလေး တွေများ-"

ကလေးများ ဧည့်ခန်းထဲဝင်လာ၍ ဘွတ်ဖိနပ်သံများကြားရသည်။ မစ္စစ်ပါဆန် ခွရှင်တစ်လက် ယူလာပေးသည်။ ဝင်စတန်သည် ရေကိုထုတ်ချလိုက်ပြီး ပိုက်ကိုဆို့နေသည့် ဆံပင်ခြည်အမျှင်အထွေးကို ရွံရှာစွာဖယ်ရှား ရှင်းလင်းပေးသည်။ ရေဖွင့်ချပြီး ရေအေးအေးလေးနှင့် လက်ကို စင်နိုင်သမျှ စင်အောင်ဆေးသည်။ ထို့နောက် အခြားအခန်းထဲပြန်ဝင်လာခဲ့သည်။

"လက်မြှောက်"

အရိုင်းအစိုင်းအော်သံနှင့်အတူ စားပွဲနောက်မှ ကိုးနှစ်အရွယ် သနား ကမားကောင်လေးတစ်ဦး လှစ်ခနဲရှေ့ထွက်လာသည်။ ကြမ်းကြမ်း ရမ်းရမ်း နိုင်ပုံရသော ကောင်လေးသည် ဝင်စတန့်အား ကစားစရာ အော်တိုမစ်တစ် ပစ္စတိုတစ်လက်ဖြင့် ချိန်ထားသည်။ ကောင်လေးထက် နှစ်နှစ်ခန့်ငယ်နိုင်သော အငယ်မလေး ကလည်း ကောင်လေးနည်းတူ ဝင်စတန့်အား သစ်သား ချောင်းဖြင့်ချိန်ထားသည်။ ကလေးနှစ်ယောက်စလုံး ထောက်လှမ်းရေး ယူနီဖောင်းဖြစ်သော ဘောင်းဘီအပြာ၊ ရှပ်အညို၊ လည်စည်းအနီတို့ကို ဆင်တူ ဝတ်စား ထားသည်။

ဝင်စတန် လက်မြှောက်ပေးလိုက်သည်။ သို့သော် စိတ်ထဲ မသက်သာ။ ကောင်လေး၏ကိုယ်နှုတ်မူရာမှာ ဆိုးယုတ်လှသည်ဖြစ်ရာ ဤလုပ်ရပ်ကို ကလေးသဘာဝ ဆော့ကစားခြင်းဟု သတ်မှတ်၍ မရနိုင်တော့။

"ခင်ဗျားကြီးဟာ သစ္စာဖောက်။ ခင်ဗျားကြီးဟာ မနောကံပြစ်မှုကျူးလွန်တယ်။ ခင်ဗျားကြီးက ယူရေးရှန်းသူလျှို။ ပစ်သတ်မယ်ဗျာ။ ခင်ဗျား ကြီးကို အငွေ့ပြန်အောင်လုပ်ပေးမယ်။ ခင်ဗျားကြီးကို ဆားတွင်းပို့ပေးမယ်"

ကလေးနှစ်ယောက် ပြုန်းခနဲ ဝင်စတန်ရှေ့ခုန်ထွက်လာပြီး ဝင်စတန့်ကိုဝိုင်းထားသည်။ "သစ္စာဖောက်၊ သစ္စာဖောက်"၊ "မနောကံ ရာဇဝတ်သား" ဟုအော်ကြသည်။ အငယ်မလေးက သူ့အစ်ကိုဟန်အတိုင်း တသဝေမတိမ်းလိုက်တုသည်။ သူတို့လေးတွေသည် နည်းနည်းတော့ ကြောက် စရာကောင်းသည်။ မကြာခင် လူသားစား ကျားအဖြစ် ကြီးထွားလာကြတော့မည့် ကျားပေါက်လေးများ ခုန်ပေါက်ကစားနေကြသလိုဖြစ်သည်။ ကောင်

ကလေး၏မျက်လုံးထဲမှ ကြမ်းကြုတ်ရက်စက်ခြင်းက တွက်ချက်လျက်ရှိသည်။ ဝင်စတန့်ကို ထုရိုက်ကန်ကျောက်လိုသောဆန္ဒ ထင်ရှားနေသည်။ ထိုသို့ လုပ်ဖို့ သူ့ခန္ဓာကိုယ်သည် သိပ်မလိုတော့ကြောင်း သူ့ဘာသာ သိနေသည်။ လက်ထဲကိုင်ထားသည်မှာ သေနတ်အစစ်မဟုတ်၍ တော်သေးသည်။

မစ္စစ်ပါဆန်၏ပူပင်သောအကြည့်သည် ဝင်စတန်နှင့်ကလေးများ ထံ တစ်လှည့်စီခုန်ကူးနေသည်။ အလင်းရောင်ပိုရသော ယခုဧည့်ခန်း ထဲရောက်မှ မစ္စစ်ပါဆန်၏မျက်နှာအရေးကြောင်းများကြားထဲ ဖုန်တကယ် တင်နေကြောင်း ဝင်စတန်တွေ့ရတော့သည်။

"ကလေးတွေသိပ်ဆူတာပဲ။ စိတ်ကောက်ကြတာလေ။ ကြိုးပေးတာကို မကြည့်ရလို့တဲ့။ ကျွန်မအလုပ်များနေတော့ သူတို့ကို ခေါ် မသွားနိုင်ဘူး။ တွမ်ကလည်း အချိန်မီအိမ်ပြန်မရောက်နိုင်ဘူး"

"ဘာဖြစ်လို့ မကြည့်ရတာလဲ" ဟု ကောင်လေးက အသံသြကြီး နှင့် အော်သည်။

ဝင်စတန့်အား ပတ်ချာလည်ခုန်ပေါက်နေဆဲဖြစ်သော အငယ်မ လေးက "ကြည့်ချင်တယ်။ ကြည့်ချင်တယ်" ဟု ညာသံပေးသည်။

ယနေ့ညနေတွင် စစ်ရာဇဝတ်ကောင် ယူရေးရှန်းသုံ့ပန်းများအား ပန်းခြံထဲတွင် ကြိုးပေးကွပ်မျက်ကြမည်။ ဝင်စတန် မမေ့။ တစ်လတစ်ကြိမ် မှန်မှန်ကျင်းပသောထိုပွဲသည် လူကြိုက်များသော ပွဲပင်တည်း။ ကလေးတို့ ပွဲကြည့်လိုက်မည်တကဲကဲနှင့် ပူဆာကြသော ကြိုးပေးကွပ်မျက်ပွဲ။

မစ္စစ်ပါဆန်ကို ဝင်စတန်နှုတ်ဆက်ပြီး တံခါးမှထွက်လာသည်။ သို့သော် ခြောက်လှမ်းမျှသာ လှမ်းရသေးသည်၊ ဇက်ပိုးကို တစ်ခုခု ပြင်းထန်စွာ လာထိသည်။ မီးအပူပေးထား၍နီရဲနေသော ဝိုင်ယာကြိုးနှင့် အထိုးခံလိုက်ရ သလို သူ့မှာနာလိုက်သည့် ဖြစ်ခြင်း။ သူချာခနဲလှည့်ကြည့်လိုက်ရာ တံခါးဝတွင် ကောင်လေး နှင့်မစ္စစ်ပါဆန်ကို အချိန်မီရုံကလေး သူမြင်လိုက်ရသည်။ လောက်လေးကို အိတ်ထဲထည့်နေသော ကောင်လေးအား မစ္စစ်ပါဆန်က အတင်းဆွဲခေါ်သွားသည်။ တံခါးအပိတ်တွင် ကောင်လေးက "ဂိုးစတိန်း" ဟု ဝမ်းခေါင်းသံကြီး နှင့် အော်သေးသည်။ သို့သော် ဝင်စတန် စိတ်အထိခိုက်ရဆုံး မြင်ကွင်းမှာ အမျိုးသမီး၏ ဖြူရော်ရော်မျက်နှာပေါ်မှ ချောက်ချားမှု။ ကိုယ့်အခန်းထဲပြန်ရောက်သော် ဝင်စတန်သည် တယ်လီစက်ကို မြန်မြန်ဖြတ်လျှောက်လာပြီး စောစောကထိုင်ခဲ့သော စားပွဲတွင် ဝင်ထိုင်သည်။ သူ့မှာ ဇက်ပိုးကို ပွတ်နေရဆဲ။ တယ်လီစက်မှ စစ်ချီတေးရပ်သွားပြီ။ ထိုအစား သွေးဆာသော၊ ပြတ်တောင်းသော အသံတစ်သံက အိုက်စလန်ကျွန်းနှင့် ဖာရိုး ကျွန်းတို့အကြား တပ်စွဲထားသော ရေပေါ်ခံတပ်၏ လက်နက်တပ်ဆင်ခြင်း အကြောင်း သတင်းကြေငြာနေသည်။

ထိုသို့သောကလေးများကို မွေးထားမိမှတော့ ထိုမိန်းမခမျာ အသက်ကို

ဖက်နှင့် ထုပ်ထားရ ပေတော့မည်။ နောက်တစ်နှစ်၊ နှစ်နှစ်လောက် ဆိုလျှင် ကလေးများက သူတို့အမေကို အယူမှားသလား၊ အယူမှန်သလား စောင့်ကြည့်ကြပေတော့မည်။ ကနေ့ခေတ်တွင် ကလေးအားလုံးနီးပါး ကြောက်စရာကောင်းသည်။ အဆိုးတကာ့ အဆိုးဆုံးမှာ ထောက်လှမ်းရေးလို ကျောင်း များက ကလေးများကို ထိန်းမနိုင်သိမ်းမရ အရိုင်းအစိုင်းလေးများဖြစ်အောင် စံနစ်တကျ ပုံပြောင်းပေးလိုက်ခြင်းပင်။

ကလေးများပုံပြောင်းသွားသော်လည်း ပါတီ၏ စည်းမျဉ်းကိုမူ ဘာဆိုဘာတစ်ခုမှ တော်လှန်ပုန်ကန်ခြင်း မရှိ။ ဆန့်ကျင်ဘက်အားဖြင့် သူတို့သည် ပါတီအပါအဝင် ပါတီနှင့်ဆက်နွယ်သမျှ အားလုံးကို ကိုးကွယ်သွားကြလေသည်။ သီချင်းများ၊ စီတန်းလှည့်လည်ခြင်း များ၊ အလံများ၊ ချီတက်ခြင်း၊ ရိုင်ဖယ်အတုဖြင့် စစ်ရေးပြခြင်း၊ ပါတီဆောင်ပုဒ်ကြွေးကြော်ခြင်း၊ အစ်ကိုကြီးအားကိုးကွယ်ခြင်း၊ အစရှိသမျှတို့သည် သူတို့လေး တွေအတွက် ကြီးကျယ်ခမ်းနားသော ကစားနည်းများဖြစ် နေကြလေသည်။ သူတို့၏အရိုင်းအစိုင်းစိတ်သည် အပြင်ပကိုသာ ဦးတည်ကြသည်။ တိုင်းပြည် ၏ရန်စွယ်များ၊ နိုင်ငံခြားသားများ၊ သစ္စာဖောက်များ၊ အဖျက်သမားနှင့် မနောကံရာဇဝတ်သားများအပေါ်သာ ဦးတည်ကြသည်။

အသက်သုံးဆယ်တန်းကျော်သွားသူတိုင်း ကိုယ့်သားသမီးကိုယ် ပြန်ကြောက်ရသောကိစ္စသည် ပုံမှန်လိုဖြစ်နေသည်။ မိဘများပြောစကားကို ချောင်းနားထောင်ပြီး အတွေးပုလိပ်အား အကြောင်းကြားလိုက်သော ကလေး များအကြောင်း တိုင်းမ်စ်သတင်းစာတွင် အပတ်တိုင်းပါသည်။ ထိုသတင်း များအတွက် ယေဘုယျအားဖြင့် “ကလေးသူရဲကောင်း” ဟုခေါင်းစဉ်တပ်ကြသည်။

ဇက်ပိုးပေါ်မှ လောက်စာလုံးဒဏ် တဖြည်းဖြည်းလျော့ပါး သက်သာလာသည်။ ဝင်စတန်သည် သိပ်စိတ်မပါဘဲ ဖောင်တိန် ကောက်ကိုင်သည်။ ဒိုင်ယာရီထဲ ရေးထည့်စရာဘာများရှိသေးသနည်းဟု သူတောင်တောင် အီအီ တွေးနေစဉ် အိုဘရိုင်ယန်ကို ဖျပ်ခနဲ သတိရသည်။

အိပ်မက်တစ်ခုမက်ခဲ့သည်မှာ ကြာတော့ကြာပြီ။ ဘယ်လောက်များ ကြာခဲ့ပါလိမ့်။ ခုနစ်နှစ်ခန့်ဖြစ်မည်။ အိပ်မက်ထဲဝယ် ပိတ်ပိတ်ပိန်းအောင် မှောင်နေသောအခန်းထဲ ဝင်စတန် လမ်းလျှောက်နေသည်။ ဝင်စတန်ဖြတ် လျှောက်သွားစဉ် ထိုင်နေသောလူတစ် ယောက်က ဝင်စတန့်အား “အမှောင် ထုမရှိတဲ့နေရာမှာ ငါတို့တွေ့ ကြမယ်” ဟုပြောသည်။ အေးအေးဆေးဆေးနှင့် ပုံမှန်အတိုင်း ပြောလိုက်သောအသံ။ အမိန့်ပေးခြင်းလည်း မဟုတ်။ ဝင်စတန် ကတော့ မရပ်ဘဲဆက်လျှောက်နေသည်။

ဆန်းသည်မှာ အိပ်မက်ထဲကြားလိုက်ရသော စကားကို အိပ်မက်ထဲ တုန်းက အလေးအနက်မထားခဲ့ဘဲ ကြာမှ ထိုစကားအပေါ် သူတဖြည်းဖြည်း ဒီဂရီတက်လာခြင်းဖြစ်သည်။ အိပ်မက်မက်ပြီးမှ အိုဘရိုင်ယန်ကို သူ ပထမ

ဆုံးတွေ့ဖူးခြင်းလား၊ မမက်ခင် တွေ့ဖူးခြင်းလားဆိုသည်ကိုမူ သူမမှတ်မိတော့။ အိုဘာရိုင်ယန်၏ အသံကို သူ ဘယ်တုန်းက စတင်ခွဲခြားမိသလဲဆိုသည်ကို လည်း သူမမှတ်မိ။ သို့သော် အနေးနှင့်အမြန်ဆိုသလို အိုဘာရိုင်ယန်၏ အသံကို သူခွဲခြားနိုင်ခဲ့သည်။ အိပ်မက်ထဲ သူ့ကိုစကားပြောလိုက် သူသည် အိုဘာရိုင်ယန် ဖြစ်နေသည်။

အိုဘာရိုင်ယန်သည် မိတ်ဆွေလော၊ ရန်သူလောဆို သည်ကို ဝင်စတန်သည် စိတ်ထဲတစ်ခါမှ မသေချာခဲ့။ ယနေ့မနက် အိုဘာရိုင်ယန်နှင့်သူ မျက်လုံးချင်းခလုတ်တိုက်လိုက်သည့်တိုင် သူမသေချာ နိုင်သေး။ မိတ်ဆွေ ဖြစ်ဖြစ် ရန်သူဖြစ်ဖြစ် ဘာမှအရေးမကြီးသလိုလည်းထင်ရသည်။ အိုဘာရိုင်ယန်နှင့်သူ့အကြားတွင် နားလည်ခြင်းဟူသောချိတ်ဆက်မှုတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ထိုချိတ်ဆက်မှုသည် ခင်မင်မှု၊ သို့မဟုတ် ဘက်တော်သား ဖြစ်ခြင်းတို့ထက် ပိုအရေးပါသည်။ "အမှောင်ထုမရှိတဲ့နေရာမှာ ငါတို့ တွေ့ကြ မယ်" ဟု အိုဘာရိုင်ယန်ပြောခဲ့သည်။ ထိုစကား၏အဓိပ္ပါယ်ကို ဝင်စတန် မသိ၊ တစ်နည်းမဟုတ်တစ်နည်းဖြင့် ထိုစကားမှန်လာလိမ့်မည်ဟု သာသိနေခြင်း ဖြစ်၏။

တယ်လီစက်မှအသံရပ်သွားကာ တန့်နေသောလေထုထဲ ခရာမှုတ်သံ ပီသကြည်လင်စွာ ထွက်လာသည်။ ထို့နောက် အာခြစ်သံ ထွက်လာပြန်သည်။

"နားထောင်ကြပါ၊ ကျေးဇူးပြုပြီး နားထောင်ကြပါ။ မာလာဘား ရှေ့တန်းခံတပ်မှ အရေးကြီးသတင်း အခုလေးတင်ဝင်လာပါတယ်။ အိန္ဒိယ တောင်ပိုင်းက ကျွန်တော်တို့ရဲ့တပ်မတော်ဟာ တိုက်ပွဲမှာ အောင်နိုင်ခဲ့ပါပြီ။ အခု ကျွန်တော်တို့အစီရင်ခံနေတဲ့ တိုက်ပွဲဟာ စစ်ကိုအတိုင်းအတာ တစ်ခု အထိ အဆုံးသတ်စေမယ် ဆိုတာ ကျွန်တော်ခွင့်ပြုမိန့်ရလို့ပြောပါတယ်။ ကြားဖြတ်သတင်းက ဒီလိုပါ-"

သတင်းဆိုးများလာကြချေပြီဟု ဝင်စတန်အတွေးပေါက်သည်။ သေချာပါသည်။ ယူရေးရှန်းနိုင်ငံ၏စစ်တပ်ကြီး ပြုတ်ပြုတ်ပြုန်းအောင် ချေမှုန်း ခဲ့ပုံကို အသေးစိတ်ပြောသည်။ ပြီးလျှင် အံ့ဖွယ် လိလိဖြစ်နေသော သေ စာရင်း၊ သုံ့ပန်းစာရင်းကို ကြေငြာသည်။ ထို့နောက်မှ လာမည့်အပတ်တွင် ချောကလက်ရာရှင်ကို ဂရမ်သုံးဆယ်မှ နှစ်ဆယ်အထိ လျှော့ချလိုက်ကြောင်း ကြေငြာချက် ထုတ်သွားသည်။

ဝင်စတန် လေချဉ်တက်သည်။ ဂျင်အရက်အရှိန်သေသွားပြီမို့ လူ က လေလျော့သည့်ဘောလုံးလို အားပျော့သွားသည်။ တယ်လီစက်မှ တေးသံ ဗြုန်းခနဲပွင့်ထွက်လာသည်။

"သင်တို့အတွက် ဖြစ်ပါသည်xxxအမိတိုင်းပြည်"

စစ်အောင်နိုင်မှုအတွက် ကျင်းပခြင်းလည်းဖြစ်နိုင်သည်။ ချောက လက်ရာရှင် အလျှော့ခံရသည့် အတွက်လည်း ဖြစ်နိုင်သည်။ မတ်တပ်ရပ် သတိဆွဲကာ နားထောင်ကြရမည်ဟု သူတို့ပြောထားသော်လည်း လက်ရှိတွင်

ဝင်စတန့်ကို သူတို့မမြင်နိုင်။

“သင်တို့အတွက်ဖြစ်ပါသည်×××အမိတိုင်းပြည်” သီချင်းသည် နားဝင်ပျော့ပျောင်းသွားသည်။ ဝင်စတန်သည် ပြတင်းဆီ လျှောက်သွားပြီး တယ်လီစကက်ကိုကျောပေးထားသည်။ ရာသီဥတု အေးမြ ကြည်လင်နေဆဲ။ အဝေးတစ်နေရာမှ ဒုံးကျည်ပေါက်ကွဲသံ နှင့် ပဲ့တင်ဟည်းသံကို သဲ့သဲ့မျှကြားရသည်။ လောလောဆယ်တွင် လန်ဒန်၌ သီတင်းတစ်ပတ်လျှင် ထိုသို့သော ဒုံးကျည်များ အလုံးနှစ်ဆယ်သုံးဆယ်ခန့် ကျတတ်သည်။

ဝင်စတန်သည် ကိုယ့်ကိုယ်ကိုယ် ပင်လယ်ရေအောက်ကမ္ဘာထဲမှ ဘီလူးသရဲတို့၏တောနက်ကြီးထဲ စမ်းတဝါးဝါးလမ်းပျောက်နေသလို ခံစားရသည်။ ကိုယ်တိုင်သည်လည်း ဘီလူးသရဲတစ်ကောင်ဖြစ်လျက်။ ဝင်စတန် သည် တစ်ကိုယ်တည်း။ သူ့အတိတ်သည် သေဆုံးသွားခဲ့ပြီ။ အနာဂတ်ကို လည်း မတွေးတတ်တော့။ သက်ရှိ လူသားတစ်ယောက်တစ်လေ သူ့ဘက်မှာ ရှိသည်ဟု သူဘယ်လို သေချာနိုင်သနည်း။

ပါတီ၏စိုးမိုးအုပ်ချုပ်မှု အစွန့် ရှည်မည်မဟုတ်ဆိုသည်ကို ဘယ်လိုနည်းလမ်းဖြင့် သူသိနိုင်သနည်း။ သူ့ မေးခွန်းများကို အဖြေပေးသည့်အလား အမှန်တရားဝန်ကြီးဌာန၏ မျက်နှာစာ အဖြူခံပေါ်မှ ဆောင်ပုဒ်သုံးခု သူ့မြင်ကွင်းထဲဝင်လာသည်။

စစ်သည် ငြိမ်းချမ်းရေး။

လွတ်လပ်ရေးသည် ကျွန်စံနစ်။

မသိခြင်းသည် အင်အား။

အိတ်ထဲမှ နှစ်ဆယ့်ငါးဆင့်တန် အကြွေစေ့ကို သူ ထုတ်ကြည့်သည်။ အကြွေစေ့မျက်နှာပြင်ပေါ်တွင် စာလုံးသေးသေးဖြင့် ပီသရှင်းလင်းစွာ ရေးထားသော အဆိုပါဆောင်ပုဒ်သုံးခုကို တွေ့ရသည်။ အကြွေစေ့၏ အခြား တစ်ဖက်တွင် အစ်ကိုကြီး၏ဦးခေါင်းပုံ။ အကြွေစေ့ထဲမှာပင် အစ်ကိုကြီး၏ မျက်လုံးများက သင့်ကိုကြည့် နိုင်လွန်းသည်။ အကြွေစေ့ပေါ်၊ တံဆိပ်ခေါင်း ပေါ်၊ စာအုပ်မျက်နှာဖုံးများပေါ်၊ အလံနှင့်ပိုစတာ၊ စီးကရက်ဘူးခွံအထိ နေရာ အနှံ့ ထိုမျက်လုံးများရှိနေသည်။

မျက်လုံးများက သင့်ကိုအချိန်ပြည့်ကြည့်နေသည်။ အသံက သင့်ကို တစ်ရံမလပ်လွှမ်းခြုံထားသည်။ အိပ်ပျော်နေသည်ဖြစ်စေ၊ နိုးနေသည်ဖြစ်စေ အလုပ်လုပ်နေစဉ်၊ စားသောက်နေစဉ်၊ အိမ် ထဲပဲရှိရှိ၊ အိမ်ပြင်ပဲ ရောက်ရောက်၊ ရေပဲချိုးချိုး၊ အိပ်ရာထဲပဲဝင်ဝင်၊ ထိုမျက်လုံး ထိုအသံတို့မှ လွတ်လမ်းမရှိ၊ ဦးခေါင်းခွံတွင်းရှိ ကုဗစင်တီမီတာအနည်းငယ်မှအပ ဘာကိုမှ ကိုယ်မပိုင်၊

နေစောင်းသွားပြီမို့ အမှန်တရားဝန်ကြီးဌာန၏ မြောက်မြားစွာသော ပြတင်းများသည် နေရောင်မရရှိဘဲ မှုန်သိုးနေသည်။ ရောမပိရမစ် အဆောက်အဦးကြီးရှေ့တွင် သူကြောက်ရွံ့ အားငယ် လာသည်။ အဆောက်

အဦးသည် ကြီးမားလှဘိတောင်း။ ဒုံးကျည်များ ထောင်ချီပြီး သုံးလျှင်သော်မှ အဆောက်အဦးကို ဖြိုမချနိုင်။ သူကကော ဘယ်သူ့အတွက်များ ဤဒိုင်ယာရီကိုရေးသွင်းနေမိပါလိမ့်။ အနာဂတ်အတွက်၊ အတိတ်အတွက်၊ စိတ်ကူးယဉ်သက်တမ်းတစ်ခုအတွက်။ သူ့ရှေ့တွင်မတော့ သေခြင်းတရားက စောင့်နေခြင်းမဟုတ်ဘဲ အမြစ်ပြတ်သုတ်သင်ချေမှုန်းရေးက စောင့်စားနေသည်။ ဒိုင်ယာရီစာအုပ်သည် ပြာဘဝရောက်သွားမည်။ သူကိုယ်တိုင်ကတော့ အငွေ့ပြန်သွား မည်။ သူရေးသွင်းသမျှကို အတွေးပုလိပ်များကသာ ဖတ်ရှုပြီး စာအုပ်၏ဖြစ်တည်မှုကိုရော၊ မှတ်သိဉာဏ်ကိုရော ဖယ်ရှားရှင်းလင်းကြရော့မည်။

သင်၏သဲလွန်စလေးတစ်ခုပင် မကျန်ရစ်ဘဲ၊ စာရွက်ပိုင်းလေးပေါ်ဟိုသည်လျှောက်ခြစ်ထားသော အမည်မသိလူတစ်ယောက်၏ စာလုံးလေးများကိုပင် ချန်မထားရစ်နိုင်ဘဲ သင်သည် အနာဂတ်ကို ဘယ်လိုများ မေတ္တာရပ်ခံနိုင်မည်နည်း။

တယ်လီစကက်မှ နာရီ ဆယ့်လေးချက်ထိုးသည်။ ဆယ်မိနစ်အတွင်းသူအခန်းထဲမှထွက်ရမည်။ အလုပ်သို့ ဆယ့်လေးနာရီခွဲ အရောက်ပြန်ရမည်။

ထူးထူးဆန်းဆန်း နာရီထိုးသံက သူ့ကိုအားသစ်လောင်းပေးလိုက်သလိုရှိသည်။ သူသည် အမှန်တရားကို ထုတ်ပြောနေသော၊ တစ်ကောင်တည်းသောသရဲ။ သူ့အသံကို ဘယ်သူမှ ကြားမည်မဟုတ်။ သို့သော် သူသည် တစ်နည်းနည်းဖြင့်အလျှင်မပြတ်ပြော နေလိမ့်မည်။ ကိုယ့်ကိုယ်ကိုယ် ခွင့်ပြု ထားခြင်းကြောင့်မဟုတ်ဘဲ လူ့အမွေကို လက်ဆင့်ကမ်းနေခြင်းပါ တကားဟု သတိရှိနေ၍ဖြစ်သည်။ စားပွဲဆီ ဝင်စတန်ပြန်လျှောက်လာသည်။ ဖောင်တိန် ကို မင်ထဲနှစ်ပြီး စာရေးသည်။

သို့- အနာဂတ် သို့မဟုတ် အတိတ်၊ အတွေးအကြံလွတ်လပ်သော ကာလ၊ လူတွေကွဲပြားခြားနားပြီး တစ်ကိုယ်တည်းနေထိုင်ခြင်းမရှိတော့သော အချိန်၊ သစ္စာတရားထွန်းကားပြီး ပြုပြီးအလုပ် ပြန်ပြင်၍ မရတော့သော အချိန်။

မှ-တူညီခြင်းခေတ်၊ အထီးကျန်ခေတ်၊ အစ်ကိုကြီးခေတ်၊ နှစ်ထပ်ကွမ်းအတွေးခေတ်။

နှုတ်ခွန်းဆက်-

ခုပင် သူသေသွားပြီဟု ဝင်စတန်ဆင်ခြင်မိသည်။ သူ့အတွေးများကိုစတင်စီကုံးဖော်ထုတ်နိုင်သည်မှာ ယခုအချိန်သာ ဖြစ်ပုံရသည်။ ပြတ်သားသော ခြေလှမ်းကိုလှမ်းမိချိန်။ လုပ်ရပ်တိုင်း၏နောက်ဆက်တွဲသည် လုပ်ရပ် အတွင်းမှာပဲ အကျုံးဝင်နေသည်။ သူရေးသည်။

မနောကံရာဇဝတ်မှုသည် သေစေခြင်းမဟုတ်။ မနောကံ ရာဇဝတ်မှုသည် သေခြင်းဖြစ်၏။

သူ့ကိုယ်သူ သေလူတစ်ယောက်ဖြစ်မှန်းသိလိုက်ပြီ။ တတ်နိုင်သမျှကြာကြာအသက်ရှင်ဖို့ အရေးကြီးသည်။ မင်စွန်းနေသော သူ့ညာဘက်လက်ချောင်းနှစ်ချောင်းသည် သစ္စာဖောက်မည့်အရာ စင်စစ်ဖြစ်၏။ ဌာနထဲမှ

အနံ့ခံတက်ကြွလွန်းသူတစ်ယောက်(အမျိုးသမီးတစ်ဦးဖြစ်နိုင်သည်၊ ဆံပင်နီဝါရောင် သေးသေးညှက်ညှက် အမျိုးသမီးလည်းဖြစ်နိုင်သည်၊ ဝတ္ထုဌာနမှ ပိတုန်းရောင်ကေသာ မိန်းကလေးလည်း ဖြစ်နိုင်သည်)က စတင်တွေး မိသွား နိုင်သည်။

နေ့လယ်ထမင်းစားချိန်ကြီး ဝင်စတန် အဘယ်ကြောင့် စာရေး သနည်း။ အဘယ်ကြောင့် ရှေးခေတ်သုံး ဖောင်တိန်နှင့် စာရေးသနည်း။ ဘာတွေများရေးနေသနည်း စသဖြင့် တွေးတောပြီး သင့်တော်ရာ ရာဇဝတ် တရားရုံးသို့ လက်တို့ လိုက်နိုင်သည်။

ရေချိုးခန်းထဲဝင်ပြီး နီညိုရောင်သဲကြမ်းဆပ်ပြာနှင့် လက်ကို စင် အောင်ဆေးသည်။ ဆပ်ပြာသည် အရေပြားကို ကော်ဖတ်စားသလို စားချနိုင် ရာ ဤကိစ္စအတွက်အဆင်ပြေသည်။ ဒိုင်ယာရီစာအုပ်ကို အံဆွဲထဲ ထည့်သည်။ စာအုပ်ကိုဝှက်ထားဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်။ သို့သော် အနည်းဆုံး တော့ စာအုပ်ကို သူတို့တွေ့ သွားသလား၊ မတွေ့သေးဘူးလား၊ သူသေချာချင်သည်။ စာမျက်နှာထောင့်တွင် ဆံချည်မျှင်တစ်မျှင် လွှားထားလျှင် သိသာ ထင်ရှားနေဦးမည်။ ဖုန်မှုန့်ဖြူဖြူများကို သူလက်ချောင်းဖြင့်ဖိယူပြီး စာအုပ် မျက်နှာဖုံးထောင့်တွင် ဖြူးထားသည်။ စာအုပ်ကိုကောက်ကိုင်သည်နှင့် ဖုန်မှုန့် များ လျှောကျသွားမည်။

(၃)

ဝင်စတန်သည် သူ့အမေကို အိပ်မက်မက်နေသည်။

အမေပျောက်သွားတုန်းက သူဆယ်နှစ် ဆယ့်တစ်နှစ်ခန့်သာ ရှိဦး မည်။ အမေသည်ဒေါင်ကောင်း၍ ကိုယ်ဟန်ကျော့ရှင်းသည်။ အလှထည်ဝါသော ရွှေဝါရောင်ဆံပင်များနှင့်အမေသည် အေးဆေးငြိမ်သက်သော အမျိုး သမီးကြီးတစ်ဦးဖြစ်၏။

အဖေ့ကိုမူ သူရေးရေးသာမှတ်မိသည်။ မည်းခြောက်ခြောက် အဖေသည် ဝတ်လိုက်လျှင် အမြဲတမ်းသပ်သပ်ရပ်ရပ်နှင့် အရောင်ရင့်ရင့်ကို ဝတ်သည်။ မျက်မှန်တပ်သည်။ အထူးသဖြင့် ဝင်စတန်သည် အလွန်အမင်း ပါးနေသော အဖေ့ဖိနပ်ခွာများကို မှတ်မှတ်ရရ ဖြစ်နေသည်။ ပထမဆုံးနှင့် အကြီး ကျယ်ဆုံး ပါတီသန့်စင်ပွဲကြီးတွင် အဖေနှင့်အမေ နှစ်ဦးစလုံးအဝါးမျို ခံလိုက်ရ သည်မှာ ထင်ရှားပါသည်။

အိပ်မက်ထဲတွင် ဝင်စတန်၏အောက်ဘက် နက်ရှိုင်းသော တစ် နေရာတွင် အမေသည် ဝင်စတန့်ညီမလေးကို ပွေ့ထားပြီး ထိုင်နေသည်။ ဝင်စတန်သည် နှမလေးကို ကောင်းကောင်းမမှတ်မိ။ ပြူးကျယ်သော မျက်လုံး ကြီးများဖြင့် စောင့်ကြည့်ငြိမ်သက်နေသော ချည့်နဲ့ သေးကွေးလွန်းသည့် ကလေးတစ်ယောက် ဟုသာ မှတ်မိသည်။ အမေတို့သားအမိ သူ့ကိုမော့ကြည့်နေသည်။ အမေတို့ သားအမိကို မြေအောက်ထဲချနေခြင်း၊ ရေတွင်း ထဲ၊ သို့မဟုတ် အင်မတန်နက်သောဂူထဲ ချနေခြင်းမျိုးဖြစ်၏။ အစောက တည်းက ရှိပြီးဖြစ်သော ထိုနက်ရှိုင်းသောနေရာကို အမေတို့ သားအမိ အလို လို ကျသွားကြသည်။

အမေတို့သားအမိသည် နစ်မြုပ်နေသော သင်္ဘောခန်းထဲမှ နေ၍ ရေပြင်မည်းမည်း၏အထက်မှသူ့ကို မော့ကြည့်နေကြသည်။ သင်္ဘောခန့် ထဲတွင် လေကျန်သေးသည်။ ဝင်စတန့်ကိုလည်း မြင်နေနိုင်သေးသည်။ ဝင်စတန်ကလည်း အမေတို့သားအမိကို မြင်နေရသည်။ တချိန်လုံး သူတို့ ကျကျသွားသည်။ မကြာခင် တွေ့ရတော့မည်မဟုတ်။ ဝင်စတန်သည် အလင်း ရောင်ထဲ လေထုထဲ ကျန်ရစ်ခဲ့စဉ် အမေတို့ကတော့ သေသည်အထိ နစ်မြုပ် သွားလိမ့်မည်။ အမေတို့ အောက်ကိုဆင်းသွားခြင်းမှာ သူက အပေါ်တွင် ကျန်နေခဲ့ခြင်းကြောင့် ဖြစ်၏။ ထိုအဖြစ်ကို သူကလည်း သိသည်၊ အမေတို့က လည်းသိသည်။ သူတို့မျက်နှာကိုလည်း ဝင်စတန်ဖတ် နိုင်သည်။ သူတို့ မျက်နှာပေါ်မှာရော၊ နှလုံးသားထဲမှာရော ဒေါမနဿဖြစ်ခြင်းမျိုးမရှိ၊ ဝင်စတန်က အသက်ရှင်ကျန်ရစ်ရမည်၊ သူတို့သေရမည်၊ ထိုကိစ္စသည် ရှောင်လွှဲ၍ မရနိုင်သောဖြစ်စဉ် တစ်ရပ်ဟု သိထားခြင်းသာဖြစ်၏။

ဘာတွေဆက်ဖြစ်မှန်း ဝင်စတန် မမှတ်မိတော့။ သို့သော် အိပ်မက် ထဲသိလိုက်ရသည်မှာ ဝင်စတန့်အသက်အတွက် အမေတို့ သားအမိ၏ အသက်ကို

စတေးခဲ့ရကြောင်းပင်။ အိပ်မက်၏အထင်ကရ မြင်ကွင်းကို ထိန်းထားနိုင်စဉ် လူတစ်ယောက်၏မှုပိုင်ဘဝထဲ စဉ်ဆက်မပြတ်ဖြစ်နေသော အိပ်မက်တွေထဲမှ အိပ်မက်တစ်ခု။ အိပ်မက်ထဲမှ အမှန်တရားနှင့် စိတ်ကူး စိတ်သန်းကို သတိထားမိလိုက်ပြီး လန့်နိုးသွားချိန်တွင် ထိုအမှန် တရားနှင့် စိတ်ကူးစိတ်သန်းများ တန်ဖိုးရှိနေသော၊ လတ်ဆတ်နေသော အိပ်မက်မျိုး ဖြစ်၏။

ဝင်စတန် ယခုမှဖြူန်းခနဲ စိတ်ထိခိုက်ခံစားလိုက်ရခြင်းမှာ လွန်ခဲ့နှစ်ပေါင်းသုံးဆယ်နီးပါးက အမေ့သေဆုံးမှုသည် ယခုခေတ်တွင် မရှိတော့သော ရင်နင့်စရာ၊ ဝမ်းနည်းစရာကိစ္စဖြစ်နေခြင်းပင်။ ယင်းဇာတ်လမ်းသည် ရှေးခေတ်နှင့်သာ သက်ဆိုင်သည်။ ရှေးခေတ်မှာသာ ကိုယ်ပိုင်ဘဝ၊ ချစ်ခြင်းမေတ္တာ၊ ခင်မင်ရင်းနှီးမှု၊ မိသားစုဝင်အချင်းချင်း အကြောင်းရင်း သိစရာမလိုဘဲ ရိုင်းပင်းမှု စသည်တို့ ဖြစ်ထွန်းခဲ့ပေသည်။

အမေ့ကို မှတ်မိခြင်းက သူ့နှလုံးသားကို ဆုတ်ဖြဲလိုက်သလို ဖြစ်ရခြင်းမှာ အမေသည် သူ့ကိုချစ်ရင်း သေဆုံးခဲ့သောကြောင့် ဖြစ်သည်။ သူ ကတော့ ငယ်လွန်း၊ တစ်ကိုယ်ကောင်းဆန်လွန်း၍ အမေ့ကို ပြန်မချစ်နိုင်ခဲ့။ အမေသည် တစ်နည်းနည်းဖြင့် (ဘယ်လိုနည်းမှန်းတော့ သူမသိ) သစ္စာရှိရမည်ဟူသော ပုဂ္ဂိုလ်ရေးဆန်ပြီး မပြောင်းလဲနိုင်သော အသိဖြင့် သူ့ကိုယ်သူ စတေးခဲ့သည်။ ထိုဖြစ်ရပ်မျိုးသည် ယနေ့ခေတ်တွင် မရှိတော့။

ယနေ့ခေတ်တွင် အကြောက်၊ အမုန်းနှင့် နာကျင်မှုသာရှိတော့သည်။ စိတ်ခံစားချက်ဆိုင်ရာ ဂုဏ်သိက္ခာမရှိ။ နင့်နဲသောသို့မဟုတ် ထွေပြားသော ဝမ်းနည်းကြေကွဲရမှုမျိုး မရှိ။ ထိုအရာများအားလုံးကို သူသည် အမေနှင့် နှမကလေး၏ ပြူးကျယ်သော မျက်လုံးများထဲ မြင်တွေ့နေရသယောင်ရှိသည်။ သူ့ကို မော့ကြည့်နေသောမျက်နှာများ၊ ရေပြင်စိမ်းစိမ်းအောက် နက်သည်ထက် နက်ရှိုင်းစွာ ဆင်းသက်နေဆဲ ဖြစ်သော မျက်နှာများ။

အိပ်မက်ထဲတွင် သူသည်မြက်မွေးနုနုလေးပေါ် ရပ်နေမိလျက်သား ဖြစ်နေသည်။ နွေညနေခင်းမို့ ရွှေစောင်းသောနေခြည်တန်းများ မြေပြင် ပေါ်ရွှေရည်လောင်းလျက်ရှိသည်။ သူကြည့်နေသော မြေမျက်နှာသွင်ပြင် သည် အိပ်မက်ထဲ သူထပ်ခါတလဲလဲ မြင်ဖူးနေကျ ရှုခင်းဖြစ်ပြီး ထိုရှုခင်းမျိုး အပြင်တွင် တကယ်မြင်ဖူးခဲ့သလား သူဘယ်တုန်းကမှ မသေချာ။

နိုးနေစဉ်အတွေးထဲတွင် ထိုအရပ်ကိုသူက ‘ရွှေနိုင်ငံ” ဟုခေါ်သည်။ သက်တမ်းရင့်ယုန်စားကျက်ကွင်းထဲ ကွင်းလယ်ကိုဖြတ်သွားသော လူသွား လမ်းဖုံဖုံလေး။ ဟိုတစ်ခုသည်တစ်ခု တောင်ပို့များ။ မျက်နှာချင်းဆိုင်မှ ထိုးထိုး ထောင်ထောင် ချုံပင်စည်းရိုးထဲ သစ်ပင်ကြီးတို့၏ ခက်မကြီးများ လေအသွဲ့ တွင် တန္ဓဲ့နွဲ့နှင့်ညွတ်ပွဲ့နေသည်။ မိန်းမပျို၏ အုံကောင်းသော ဆံပင်များ လှုပ်ယိမ်းသွားသလို ထူထူသိပ်သိပ်ရွက်စိပ်များ ယိမ်းခတ်သွားသည်။

အနီးဝန်း ကျင်တွင် မြင်ကွင်းကွယ်နေသော ရေစီးနှေးသည့်

စမ်းချောင်းကလေး။ မိုးမခရိပ်တို့အုပ်မိုးနေသော စမ်းရေအိုင်များထဲ ငါးခုံးမများ မြူးလျက်...

ယုန်စားကျက်ကွင်းကိုဖြတ်၍ မိန်းကလေးတစ်ဦး သူ့ဘက်သို့လျှောက်လာနေသည်။ မိန်းကလေးသည် ကိုယ်ပေါ်မှအဝတ်အစားကို မတန်မရာအထင်သေးစရာလို တစ်ချက်တည်းချွတ်ချကာ လွှားခနဲ လွှင့်ပစ်လိုက်သည်။ မိန်းကလေး၏ ခန္ဓာကိုယ်သည် ဖြူဖွေးချောမွတ်နေသည်။ သို့သော် ဝင်စတန့် ဆန္ဒရမ္မက်ကို မနှိုးဆွ။ တကယ်တော့ဝင်စတန်ကြည့်ရုံ သာ ကြည့်နေခဲ့သည်။ ထိုအခိုက်အတန့်ကလေးတွင် ဝင်စတန့်ကို လွှမ်းမိုးသွားသည်မှာ မိန်းကလေး အဝတ်အစား လွှင့်ပစ်လိုက်သောအ မူအရာဖြစ်၏။

ဤမျှကျက်သရေရှိသော၊ ဤမျှ ဂရုမထားသော အမူအရာသည် ယဉ်ကျေးမှုတစ်ခုလုံးကို ပြတ်ချေမှုန်းလိုက်သလို ရှိသည်၊ အတွေး စဉ်တစ်ခုလုံးကို သုတ်သင်လိုက်သလိုဖြစ်၏။ အစ်ကိုကြီး, ပါတီနှင့် အတွေး ပုလိပ်တို့သည် မိန်းကလေး၏ခမ်းနားသော လက်တစ်ချက် အလှုပ်တွင် အားလုံးဘာမှ မဟုတ်ကြတော့။ ထိုအမူအရာသည်လ ည်လည်း ရှေးခေတ်နှင့် သာဆိုင်သည်။ ဝင်စတန်သည် နှုတ်မှ “ရှိတ်စပီးယား” ဟု အော်ဟစ်ရင်း အိပ်ပျော်ရာမှ နိုးလာခဲ့သည်။

တယ်လီစကက်မှ နားကွဲလောက်စရာ ဝီစီသံသည် စက္ကန့်သုံးဆယ်ကြာ ဆက်တိုက်ထွက်လာနေသည်။ ရုံးလုပ်သားများ အိပ်ရာထချိန် မနက်ခုနစ် နာရီ ဆယ့်ငါးမိနစ်ရှိပြီ။ ဝင်စတန်သည် ကိုယ်ကိုလိမ်တွန့်ပြီး အိပ်ရာမှထသည်။ အဝတ်အစားမပါ။ အပြင် ပါတီဝန်ထမ်းများသည် အဝတ်အစား အတွက် တစ်နှစ်လျှင် ကူပွန်သုံးထောင်သာရသည်။ ညအိပ်ဝတ်စုံ တစ်ထည် ကို ကူပွန်ခြောက်ရာ။ ဝင်စတန်သည် ထိုင်ခုံပေါ်လွှားတင်ထားသော ညစ်ထပ် ထပ်စွပ်ကျယ်နှင့် ဘောင်းဘီတို့ကိုလှမ်းဆွဲသည်။ သုံးမိနစ်အတွင်း ကာယ လေ့ကျင့်ခန်းစတင်တော့မည်။

ဝင်စတန်သည် ကိုယ်ကိုကွေးပြီး အပြင်းအထန်ချောင်းဆိုးသည်။ သူအိပ်ရာမှ ထတိုင်း အလွန်အမင်းချောင်းဆိုးလာလေ့ရှိသည်။ အဆုတ်ထဲ ရှိရှိ သမျှကုန်သွား၍ အိပ်ရာပေါ်ပက်လက်ကြီးလှန်ကာ အသက်ကို ပြတ်တောင်း ပြတ်တောင်းနှင့် မနည်းကြီးရှူ နေရသည်။ ချောင်းဆိုးခြင်းအပေါ်အင်အားစိုက်ထုတ်ရ၍ သူ့ သွေးပြန်ကြောများရောင်လာပြီး သွေးကြောထုံးနာ ကိုက်ခဲလာသည်။

စူးရှကျည်လောင်သော အမျိုးသမီးအသံ တယ်လီစကက်မှ ထွက်လာသည်။ “အသက်သုံးဆယ်နဲ့လေးဆယ်ကြားအုပ်စု။ အသက်သုံးဆယ်နဲ့ လေးဆယ်ကြား။ ကိုယ့်နေရာကိုယ်ယူကြပါ။ သုံးဆယ်နဲ့ လေးဆယ်”

ဝင်စတန်ခုန်ထပြီး တယ်လီစကက်ရှေ့ရောက်သွားသည်။ အပေါ်အင်္ကျီ၊ အားကစားဖိနပ်တို့ကို ဝတ်စားထားသော အမျိုးသမီးငယ်၏ ပုံရိပ် ရှေ့သို့

ရောက်သွားသည်။ အမျိုးသမီးသည် ပိန်သော်လည်း သန်မာသည်။ "လက်မြှောက်၊ ဆွဲဆန့်" ဟူသောအသံ ဖြုန်းခနဲပွင့် ထွက်လာသည်။ "ကျွန်မ လုပ်တာကို ကြည့်ကြပါ။ တစ် နှစ် သုံး လေး။ တစ် နှစ် သုံး လေး။ ရဲဘော်တို့ ဆက်လုပ်ကြ။ စိတ်ပါလက်ပါလုပ်ကြပါ။ တစ် နှစ် သုံး လေး။ တစ် နှစ် သုံး လေး"

ဝင်စတန့် စိတ်ထဲမှ အိပ်မက်မြင်ကွင်းကို ချောင်းဆိုးထားရသော မောပန်းနာကျင်မှုက ကောင်းကောင်းဖယ်ရှင်းမပေးနိုင်သည့် အပြင် ယခုလို စည်းချက်ကျလှုပ်ရှားနေရမှုက အိပ်မက်မြင်ကွင်းကို ပိုထိန်းသိမ်းပေးရာ ရောက်နေသည်။ ကာယလေ့ကျင့်ခန်းလုပ်ချိန်တွင် ပုံမှန်ဖြစ်နေသင့်သော ခပ်မာမာ ပျော်ရွှင်ရိပ်ကို မျက်နှာပေါ်တင်ထားရင်း၊ သူ့လက်မောင်းများကို စက်ရုပ်လိုလွှဲရင်း၊ သူ့စိတ်ကူးအတွေးများကို ငယ်စဉ်တောင်ကျေး ကလေး ဘဝဆီ နောက်ပြန်ဆွဲယူကြည့်နေသည်။ ထိုအလုပ်အင်မတန် လက်ဝင်သည်။

၁၉၅၀ နှောင်းပိုင်းကာလများတွင် အရာရာတိုင်းမှိန်ဝါးနေသည်။ ကိုးကားရည်ညွှန်းပြောစရာ ပြင်ပမှတ်တမ်းမှတ်ရာများ မရှိပါက ကိုယ့်ဘဝ၏ အနားရေးကောက်ကြောင်းများပင် ရေးရေးကလေး ဖြစ်နေတော့မည်။ သင် အမှတ်ရနေသော ရောမအဖြစ်အ ပျက်ကြီးများသည် မဖြစ်ခဲ့သလိုပင်။ သင် သည် ဝန်းကျင်အခြေအနေကို ပြန်လည်ဖမ်းဆုပ်မယူနိုင်ဘဲ အဖြစ်အပျက် အသေးစိတ်များကို အမှတ်ရခြင်းဖြစ်နေသည်။ ထို့ပြင် ကြားထဲတွင်ရှည်ကြာသော ဟာလာဟင်းလင်းကာလများ ရှိနေသေးသည်။ ဟိုယခင်နှင့် ယခုအရာရာကွဲပြားသွားခဲ့ပြီ။ မြို့ရွာများ၏အမည်များကအစ၊ မြေပုံစာရွက်ပေါ်မှ သဏ္ဌာန်များကအစ ယခုနှင့်ယခင် မတူတော့။ ဥပမာ နံပါတ်တစ် လေယာဉ် ဆင်းကွင်းကို ဟိုတုန်းက အင်္ဂလန် သို့မဟုတ် ဗြိတိန်ဟုခေါ်ကြသည်။ သို့သော် လန်ဒန်ကိုမူ ဟိုယခင်ကတည်းက လန်ဒန် ဟုခေါ်ခဲ့ကြပုံရသည်။ ဤအချက်သည် သူ့စိတ်ထဲ နည်းနည်းတော့ သေချာနေသည်။

တိုင်းပြည်စစ်ထဲမဝင်ခင်တုန်းက အချိန်ကို ဝင်စတန် တိတိကျကျ မမှတ်မိ။ သို့သော် သူ့ငယ်ဘဝတွင် အေးချမ်းကာလရှည် ကြာခဲ့သည်က တော့ သိသာထင်ရှားပါသည်။ အကြောင်းမူ သူ၏ ကနဦး မှတ်ဉာဏ်များ ထဲမှ တစ်ခုမှာ လူတိုင်း အံ့အားသင့်သွားသော လေကြောင်းစီးနင်းတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ကိုချက်စတာကို အနုမြူဗုံးကြဲသောကာလတုန်းက ဖြစ်နိုင်သည်။ လေကြောင်းစီးနင်းတိုက်ခိုက်မှုဟု သတိရနေခြင်းမဟုတ်ဘဲ သူ့လက်ကို သူ့အဖေက အတင်းဆွဲပြီး မြေအောက်ထဲ ကြောင်လိမ်လှေကားကို ပတ်ပတ် ပြီး ဆင်းပြေးခဲ့ပုံကို အမှတ်ရခြင်းဖြစ်သည်။ ခြေထောက်အောက်မှ လှေကား ဆန်များကို နင်းရင်းနင်းရင်း သူ့ခြေထောက်များ မခံနိုင်အောင်ဖြစ်လာကာ သူတအီအီညည်းသည်။ သူတို့အပြေးရပ်ပြီး နားခဲ့ရသည်။

သူတို့သားအဖနောက်မှ အမေကနှေးကွေးလေးလံစွာ ပြတ်ကျန်ခဲ့သည်။ အမေသည် ဝင်စတန့် ညီမလေးကို ပွေ့ထားသည်။ ဝင်စတန့် ညီမ လေး

မဟုတ်ပါကလည်း အဝတ်ထုပ်ဖြစ်ချင်ဖြစ်နိုင်သည်။ ထိုစဉ်တုန်းက သူ့ညီမကို မွေးပြီလား၊ မမွေးသေးဘူးလား သူမသေချာ။ နောက်ဆုံးတွင် ဝင်းစတန်တို့ မိသားစုသည် လူတွေ ပြွတ်သိပ်နေသောနေရာသို့ ရောက်လာခဲ့သည်။ မြေအောက်ဘူတာရုံဖြစ်ရမည်ဟု ဝင်းစတန်သိလိုက်သည်။

ကျောက်ခင်းကြမ်းလမ်းပေါ် လူတွေအပြည့်ထိုင်နေကြသည်။ နံရံကပ်အိပ်စင်ပေါ်တွင်လည်း လူတွေကျပ်ညပ်ပြုံခဲလျက်။ ဝင်းစတန်တို့ မိသားစု လေးကြမ်းပေါ် နေရာတစ်နေရာရသည်။ ဝင်းစတန်တို့အနီးတွင် နံရံကပ် အိပ် စင်ပေါ် ဘေးချင်းယှဉ်၍ထိုင်နေသော အဘိုးကြီးတစ်ဦးနှင့် အဘွားကြီး တစ်ဦး။ အဘိုးကြီးသည် အနက်ရောင်ဝတ်ကောင်းစားလှနှင့်ဖြစ်ပြီး ပိတ်သား ကက်ဦးထုပ်အနက်ကို ခေါင်းနောက်လှန် ဆောင်းထားသည်။ အဘိုးကြီး၏ဆံပင်များ ဆွတ်ဆွတ်ဖြူလှပြီ။ အဘိုးကြီး၏ နီမြန်းသောမျက်နှာပေါ်မှ အပြာ ရောင် မျက်လုံးများ မျက်ရည်အိုင်ထွန်းနေသည်။ ကိုယ်ပေါ်မှ ဂျင်အရက် နံ့ရသည်။ အရေပြားထဲမှထွက်လာသည်မှာ ချွေးမဟုတ်ဘဲ ဂျင်အရက်ဟု ထင်ရသည်။ မျက်လုံးအိမ်ထဲလျှံတက်လာသော မျက်ရည်များသည်ပင် ဂျင် အရက်များလားဟု စိတ်ကူးယဉ်လောက်စရာ ဖြစ်သည်။

အဘိုးကြီးသည် ရီတီတီဖြစ်နေသော်လည်း ပရိဒေဝတစ်ခုကို မချိအောင်ခံစားနေရရှာသည်။ ခွင့်လွှတ်နိုင်စရာမရှိသောကိစ္စ၊ ကုစားနိုင်စရာ လမ်းမမြင်သောကိစ္စသည် ယခုကလေးတင်ဖြစ် ပျက်သွားခဲ့သည်ဟု ဝင်းစတန် သည် ကလေးသဘာဝနည်းလမ်းဖြင့် သဘောပေါက်ခဲ့သည်။ အဘိုးကြီး ချစ်ရ သူတစ်ယောက်ယောက်၊ ဥပမာ မြေးမလေး အသတ်ခံရခြင်းမျိုးဟု ဝင်းစတန် သိနေသလိုလိုပင်။

အဘိုးကြီးသည် စကားတစ်ခွန်းကိုပဲ နားလိုက်ပြောလိုက် ထပ်တလဲ လဲလုပ်နေသည်။

"ဒီကောင်တွေကို ငါတို့မယုံသင့်ဘူး။ ငါပြောသားပဲ၊ မပြောဘူးလား၊ သူတို့ကို ယုံမိလို့ ခုလိုဖြစ်တာ။ ငါတစ် လျှောက်လုံးပြောခဲ့တာ။ ဒီကောင်တွေ ကို ငါတို့မယုံသင့်ဘူး"

ဘယ်ကောင်တွေကိုရည်ညွှန်းသလဲဆိုသည်ကို ဝင်းစတန် မမှတ်မိတော့။ ထိုအချိန်ထိုကာလမှစ၍ စစ်သည် မပြတ်တမ်းဖြစ်လာခဲ့သည် ဝင်းစတန် ကလေးဘဝက လန်ဒန်တွင် အဓိကရုဏ်းများ မနည်းခဲ့။ အချို့ကို သူ စုံစုံလင်လင်မှတ်မိနေသည်။

သို့သော် ကာလတစ်ခု၏သမိုင်းကြောင်းကို အစပြန်ဖော်ဖို့ဆိုသည် မှာ- ဘယ်သူကဘယ်သူ့ကို ဘယ်တုန်းက တိုက်ခဲ့သလဲဆိုသည်ကို ဖြေဖို့ လုံးလုံးမဖြစ်နိုင်။

စာဖြင့်ရေးသားထားသော မှတ်တမ်းမှတ်ရာမရှိ။ ပြောခဲ့သော စကားမရှိ။ ယခုဖြစ်နေသော စစ်မှ လွဲ၍ အခြားသောစစ်များအကြောင်း

ထုတ်ဖော်ပြောဆိုခြင်းများ မရှိ။ ယခုလက်ငင်းကာလ၊ ဥပမာ-၁၉၈၄ ခု (အကယ်၍ ၁၉၈၄ ဖြစ်ပါက) တွင် အိုရှင်းနီးယားသည် ယူရေးရှားနှင့် စစ်ဖြစ် နေပြီး အီစတာရှားနိုင်ငံနှင့်မူ မဟာမိတ်ဖြစ်၏။ အင်အားကြီး တိုင်းပြည်သုံးခုသည် အခြားပုံစံတစ်မျိုးဖြင့်ရှိခဲ့ဖူးသည်ကို လူသိရှင်ကြား ထုတ်ဖော်ခြင်း လည်းမရှိ၊ တိုးတိုးတိတ်တိတ် ပြောဆိုခြင်းလည်းမရှိ။ အိုရှင်းနီးယားသည် ယူရေးရှားနှင့် မဟာမိတ်ဖြစ်ပြီး အီစတာရှားနိုင်ငံ နှင့်စစ်ဖြစ်ခဲ့သည်မှာ လေး နှစ်သာရှိသေးမှန်း ဝင်စတန် ကောင်းကောင်းသိသည်။ သို့သော် ဤအသိက လည်း ခိုးကြောင်ခိုးဝှက် သိရသောအသိသာဖြစ်သည်။ သူ့ မှတ်ဉာဏ်သည် ထိန်းချုပ်မှု အောက်တွင် စိတ်တိုင်းကျလောက်စရာမရှိ။

တရားဝင်ဘက်ပြောင်းခြင်းသည် ဘယ်တုန်းကမှ မဖြစ်ပေါ်ခဲ့ပေ။ အိုရှင်းနီးယားသည် ယူရေးရှားနှင့်စစ်ဖြစ်နေသည်။ ထို့ကြောင့် အိုရှင်းနီးယား သည် ယူရေးရှားနှင့်အမြဲတမ်းစစ်ဖြစ်ခဲ့သည်။ လက်ငင်းရန်သူသည်သာ တကယ့် မကောင်းဆိုးဝါးဖြစ်၏။ ထို့ကြောင့် အတိတ် သို့မဟုတ် အနာဂတ်နှင့် ဝင်စတန် သဘောတူညီမှုတစ်ခုခုရှိနေခြင်းသည် မဖြစ်နိုင်။

ကြောက်စရာကောင်းသည်မှာ- ဝင်စတန်သည် ပခုံးများကို နာကျင် စွာ လှည့်လိုက်ရင်း အကြိမ်တစ်သောင်းမြောက် တွေးမိပြန်သည်။ (ဝင်စတန်တို့တတွေသည် ခါးထောက်ထားပြီး ခန္ဓာကိုယ်ကို ခါးမှ လှည့်နေကြရသည်။ ဤလေ့ကျင့်ခန်းသည် နောက်ကျောကြွက်သားများအတွက် ကောင်းသည် ဟုဆိုသည်။) ကြောက်စရာကောင်းသည်မှာ ထိုကိစ္စ မှန်လာမှာကိုပဲ ဖြစ်၏။ ပါတီသည် အတိတ်ထဲ ဝင်စွက်ဖက်ပြီး ဟိုဟာဒီဟာ ဝင်ပြောပြီဆိုလျှင် ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်းတို့ထက် ထိုကိစ္စ ပိုကြောက်စရာ ကောင်းသည်။

ပါတီ၏အပြောအရ အိုရှင်းနီးယားသည် ယူရေးရှားနှင့် တစ်ခါမှ မဟာမိတ်မဖြစ်ခဲ့။ သို့သော် ဝင်စတန်ကတော့သိနေသည်။ အိုရှင်းနီးယား သည် ယူရေးရှားနှင့် မဟာမိတ်ဖြစ်ခဲ့သည်မှာ လွန်ခဲ့သော လေးနှစ်လောက် က ဖြစ်သည်။ သို့သော် ထိုအသိ ဘယ်နားတွင်ရှိနေသနည်း။ သူ၏ ကိုယ်ပိုင် သိစိတ်အတွင်းမှာပင် ထိုအသိကို မကြာမီ ဖယ်ရှားရှင်းလင်းရပေတော့မည်၊ ပါတီက တင်သွင်းလာသော အလိမ်အညာကို အားလုံးကလက်ခံလျှင် မှတ်တမ်းမှတ်ရာအားလုံးက ဇာတ်လမ်းတစ်မျိုးတည်းကိုသာ ဖော်ပြထားလျှင် ထိုမုသားသည် သမိုင်းကြောင်းထဲဝင်သွားပြီး အမှန်တရား ဖြစ်သွားတော့၏။

ပါတီဆောင်ပုဒ်မှာ “အတိတ်ကို ထိန်းချုပ်သူသည် အနာဂတ်ကိုထိန်းချုပ်သည်။ ပစ္စုပ္ပန်ကိုထိန်းချုပ်သူသည် အတိတ်ကိုထိန်းချုပ်သည်။”

သို့တိုင် အတိတ်ဟူသည်ပြောင်းလဲ၍ ရသော သဘောသဘာဝရှိပါ လျက် အတိတ်သည် ဘယ်တော့မှပြောင်းလဲပေးခြင်း မခံရ။ ယခုမှန်နေသော အရာဟူသမျှသည် ထာဝရမှသည် ထာဝရသို့တိုင် မှန်နေ၏။ ဤမျှ ရိုးရှင်းသည်။

သင်လိုအပ်သမျှမှာ သင့်ကိုယ်ပိုင်မှတ်ဉာဏ်ထဲ မဆုံးနိုင်တော့သော အောင်မြင်မှုများ ထည့်ထားရန်ပင်တည်း။ သူတို့အပြောအရ "အမှန်တရား ထိန်းချုပ်သည်။" ခေတ်သစ်ဘာသာစကားအရ "နှစ်ထပ်ကွမ်းအတွေး"။

"သက်သာ"

တယ်လီစကင်ထဲမှ သရုပ်ပြအမျိုးသမီး အပြောအဆို နည်းနည်းပါး ပါးဖော်ရွေလာသည်။

ဝင်စတန်သည် ပခုံးများကိုဖြေလျှော့ချလိုက်ပြီး အဆုတ်များထဲ လေကိုဖြည်းဖြည်းရှူသွင်းသည်။ သူ့စိတ်သည် နှစ်ထပ်ကွမ်းအတွေးဟူသော သပွတ်အူကမ္ဘာထဲ အသာလျှောဝင်သွားသည်။ သိဖို့နှင့်မသိဖို့ အသေအချာ တည်ဆောက်ယူထားသော မုသားကို ပြောနေရင်း လုံးဝဥဿုံအမှန်တရားဟု သိနေဖို့၊ တွန်းကန်ခွာထွက်နေသော သဘောထားနှစ်ရပ်ကို တစ်ပြိုင်နက် တည်းဆုပ်ကိုင်ထားဖို့၊ ၎င်းသဘောထား နှစ်ရပ် ဆန့်ကျင်ကြောင်း သိထားပြီး နှစ်ခုစလုံးကိုယုံကြည်ဖို့၊ ယုတ္တိဗေဒကို ယုတ္တိဗေဒသုံး၍တွက်ချက်ဖို့၊ ကိုယ်ကျင့် သိက္ခာအကြောင်းပြောရင်း ကိုယ်ကျင့်သိက္ခာကို စွန့်လွှတ်ထားဖို့၊ ဒီမိုကရေစီ သည် မဖြစ်နိုင်ပြား၊ ပါတီကိုမူ ဒီမိုကရေစီ၏ ရှေ့ဆောင်လမ်းပြဟု ယုံကြည် ထားရန်၊ မေ့ဖို့လိုအပ်သမျှကို မေ့ပစ်လိုက်ဖို့၊ လိုအပ်လာချိန်တွင် မှတ်ဉာဏ် ထဲပြန် လည်ဆင့်ခေါ်ဖို့၊ ထို့နောက် ချက်ချင်း ပြန်မေ့ပစ်လိုက်ဖို့၊ အချုပ်မှာ နဂိုမူလဖြစ်စဉ်ကို ဤတူညီသော ဖြစ်စဉ်အတိုင်း ကျင့်သုံးဖို့ ဖြစ်သည်။ မသိစိတ်ကို တမင်ညှို့ယူပြီးမှ ထိုညှို့ယူ အိပ်မွေ့ချသော လုပ်ရပ်ကို မသိဘဲဖြစ်လာ အောင်လုပ်ခြင်းသည် အလွန်အမင်း သိမ်မွေ့သော ကိစ္စဖြစ်၏။ "နှစ်ထပ်ကွမ်း အတွေး" ဟူသောစာလုံးကို နားလည်ဖို့ရန် နှစ်ထပ်ကွမ်း အတွေးကို အသုံးပြု ရပေဦးမည်။

တယ်လီစကင်ထဲမှ သရုပ်ပြအမျိုးသမီးသည် စိတ်ပါလက်ပါပြောနေသည်။

"ကဲ၊ ကြည့်ကြရအောင်၊ ခြေမ'ထိအောင် ဘယ်သူကုန်း နိုင်သလဲ၊ ဒူးမကွေးရဘူး၊ ရဲဘော်။ တစ်နှစ်၊ တစ်နှစ်"

ဝင်စတန်မုန်းသော လေ့ကျင့်ခန်းဖြစ်၏။ ခြေဖနောင့်မှသည် တင်ပါး အထိ တစ်ကိုယ်လုံး တဆစ်ဆစ်ကိုက်ခဲကာ ရံခါတွင် ချောင်းဆိုးခြင်းဖြင့် အဆုံးသတ်ရသောလေ့ကျင့်ခန်းဖြစ်၏။ စိတ်ကူးယဉ် ဈာန်ဝင်စားရာမှ တစ် ဝက်ပျော်ရသည့်ပီတိလေး ထွက်ခွာသွားသည်။ အတိတ်သည် ပြောင်းလဲ သွားခြင်းမဟုတ်။ ဖျက်ဆီးခံလိုက်ရခြင်းဟု ဝင်စတန် အတွေးပေါက်သည်။ သင့်ကိုယ်ပိုင်မှတ်ဉာဏ်၏ အပြင်ဘက်တွင် မှတ်တမ်းမှတ်ရာ ဘာဆိုဘာ တစ်ခုမှမရှိဘဲ သိသာထင်ရှားသော အမှန်တရားတစ်ခု ပြဖို့ဆိုသည်မှာ ဘယ် နှယ့် လုပ်ဖြစ်နိုင်ပါ့မလဲ။

အစ်ကိုကြီးဟူသောအခေါ်အဝေါ်ကို ဘယ်နှခုနှစ်လောက်တုန်းက သူစတင်ကြားဖူးခဲ့သလဲဟု ကြိုးစားပမ်းစားတွေးကြည့်သည်။ ၁၉၆၀ ဝန်းကျင် ခန့်ကဖြစ်မည်။ တပ်အပ်ပြောဖို့ဆိုသည်ကတော့ မဖြစ်နိုင်။ ပါတီသမိုင်း ကြောင်းတွင်

အစ်ကိုကြီးသည် ခေါင်းဆောင်ဖြစ်၏။ စဦးကာလရက်များက တည်းက တော်လှန်ရေး၏ဖခင်ကြီးဖြစ်၏။ ၁၉၄၀နှင့် ၁၉၃၀ ခုများတုန်းက အံ့ဖွယ် ကမ္ဘာကြီးကို အစ်ကိုကြီး၏စွန့်စားခန်းက အချိန်မီတိုက်ထုတ်ဟန့် တားနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်တုန်းက အရင်းရှင်များသည် ထူးထူးဆန်းဆန်းဦးထုပ် မြင့်မြင့်ဝိုင်းဝိုင်းကြီးများဆောင်းပြီး လန်ဒန်လမ်းတွေထဲ ဖိတ်ဖိတ်တောက် နေသော မော်တော်ကားကြီးများ၊ မှန်ကာထားသော မြင်းလှည်းကြီးများ စီးနင်း ကြလေသည်။ ထိုဒဏ္ဍာရီသည် ဘယ်အတိုင်းအတာထိ မှန်ပြီး ထွင်လုံး မည်မျှ ပါသည်ကိုမူ သိနိုင်စရာမရှိချေ။ ပါတီပေါ်ထွန်းလာသောရက်စွဲကိုပင် ဝင်စတန်မမှတ်မိ။

"အင်ဆော့" ဟူသောစကားလုံးကို ၁၉၆၀ မတိုင်ခင်က ကြားဖူး ခဲ့သည်ဟု မထင်။ သို့သော် အင်ဆော့ ဟူသောစကားလုံးမှာ ရှေးခေတ်စာ သား "အင်္ဂလိပ်ဆိုရှယ်လစ်" ဖြစ်ဖွယ်ရှိသည်။ ဟိုယခင်က ထိုစကားလုံး ခေတ်စားခဲ့သည်ဟုပဲ ပြောရမည်။ အရာရာသည် နှင်းမြူထဲ ဝေဝါးပျောက် ကွယ်သွားသည်။ တစ်ခါတလေ သင်ကိုယ်တိုင် အလိမ်အညာတစ်ခုကို ထောက်ပြ၍ရသည်။ ဥပမာ ပါတီသည် လေယာဉ်ပျံကို တီထွင်ခဲ့သည်ဟု သမိုင်းစာအုပ်ထဲတွင် ရေးထားသည်။ ထိုအချက် မမှန်။ ဝင်စတန် ကလေး ဘဝကတည်းက လေယာဉ်ပျံကိုမှတ်မိနေသည်။ သို့သော် ဘာကိုမှ သက်သေ မပြနိုင်။ ဘယ်နေရာမှ သက်သေမရှိခဲ့စဖူး။

သမိုင်းကြောင်းဆိုင်ရာအမှန်တရားနှင့် ပတ်သက်သော စာရွက် စာတမ်းသက်သေကို ဘဝတွင် တစ်ကြိမ်တည်းသာ သူ့လက်ထဲ ကိုင်ခဲ့ဖူးသည်။

တယ်လီစက်ထဲမှ ဒေါသသံထွက်လာသည်။

"စမစ်သ်။ ၆၀၇၉ စမစ်သ် ဒဗလျူ။ ဟုတ်တယ်၊ ရဲဘော်ကိုပြော တာ။ ကုန်းပါဦး။ ဒီ့ထက်ကုန်းနိုင်သေးတယ်။ ရဲဘော်က မကြိုးစားဘူးနော်။ ကုန်းဦး၊ ကုန်းဦး၊ ဟုတ်ပြီ။ ပိုကောင်း လာပြီ။ ကဲ၊ တစ်ဖွဲ့လုံးရပ်လို့ ရပြီ။ ကျွန်မကို ကြည့်ပါ"

ဝင်စတန့်ခန္ဓာတစ်ကိုယ်လုံး ပူထူလာပြီး ချွေးတုတ်တုတ်ကျလာသည်။ မျက်နှာကိုမူ မင်သေသေထားရသည်။ စိတ်ပျက်ခြင်းကို မဖော်ပြ၊ ဒေါမနဿများ ပေါ်လွင်မနေစေရ။ သရုပ်ပြဆရာမ လက်နှစ်ဖက်ကို မြှောက် လိုက်စဉ် ဝင်စတန် မတ်တတ်ရပ်ကြည့်နေသည်။ ဆရာမ လက်မြှောက် ထားပုံကို လှသည်ဟုခေါ်၍မရသော်လည်း သေသေသပ်သပ်နှင့် မာန်ပါသည်။ ဆရာမသည် လက်ချောင်းပထမဆစ်ကို ခြေမနှင့် ဖိထား၍ရအောင် သရုပ်ပြသည်။

"တွေ့လား ရဲဘော်တွေ။ ဒီလိုဖြစ်စေချင်တာ။ ကျွန်မ လုပ်တာကို ကြည့်ကြပါ။ ကျွန်မသုံးဆယ့်ကိုးနှစ်ရှိပြီ။ သားသမီးက လေးယောက်။ ကဲ၊ သရုပ်ပြဆရာမ နောက်တစ်ခါက်သရုပ်ပြသည်။

"တွေ့လား၊ ဒူးမကွေးစေနဲ့။ အသက်လေးဆယ့်ငါးနှစ် အောက် ဘယ်သူမဆို ခြေမကိုထိလို့ရတယ်။ ကျွန်မတို့ဟာ ရှေ့တန်းစစ်ထွက်တိုက်ဖို့ အခွင့်ထူးရမထားဘူး။ ဒါပေမယ့် အနည်းဆုံးတော့ ကိုယ့်ကိုယ်ကိုယ် ကြံ့ခိုင်အောင်

လုပ်လို့ရတယ်။ မာလာဘားရှေ့တန်းထွက်တိုက်နေတဲ့ လူတွေ၊ ရေပေါ်ခံတပ်က သဘော်သားတွေ၊ သူတို့အကြောင်းတွေးရုံလေးတွေ ကြည့်ကြပါ။ ကဲ၊ ကြိုးစားကြမယ်။ ဟုတ်ပြီ။ ပိုကောင်းလာပြီ။ ရဲဘော်”

ဝင်စတန်သည် အားသုံးပြီးကြိုးစားလိုက်ရာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် အဖြစ် ဒူးများကိုမကွေးစေဘဲ ခြေမကိုလက်နှင့်ထိ၍ ရသွားသည်။

တစ်နေ့တာလုပ်ငန်းစတင်ချိန်တွင် ဝင်စတန်သည် တယ်လီစက်နှင့် နီးနီးကပ်ကပ်ရှိနေသည့်ကိုပင် မမှုနိုင်တော့ဘဲ သက်ပြင်းမောကြီးကိုချကာ စာရေးစက်ကိုဆွဲယူသည်။ စကားပြောခွက်မှဖုန်များကို မှုတ်ထုတ်ပြီး မျက်မှန်ကောက်တပ်သည်။ သူ့စာရေးစားပွဲ၏ညာဘက်တွင် လေဖိအားသုံးပြွန်ရှိပြီး ထိုပြွန်ထဲမှ ထွက်လာသော စက္ကူလိပ်လေးခုကို သူဖြည်သည်။ စာရွက်ပိုင်း များကို ကလစ်တွဲသည်။

အခန်းကန့်၏နံရံပေါ်တွင် ပြွန်ဝသုံးခုရှိသည်။ စာရေးစက် ညာ ဘက်တွင် ပြွန်သေးတစ်ခု၊ ဘယ်ဘက်တွင် သတင်းစာအတွက် ပြွန်ကြီးတစ်ခု။ လက်တစ်ကမ်းအကွာမှ ဘေးနံရံတွင် ပြွန်ရှည်တစ်ခု။ ဝါယာကြိုးများဖြင့် ဘောင်ခံထားသော ထိုပြွန်ရှည်သည် စာရွက်စွန့်ပစ်ရန်ဖြစ်၏။ အဆောက် အဦး တစ်ခုလုံးတွင် ထိုစွန့်ထုတ်ပြွန်ရှည် မျိုးထောင်သောင်းချီပြီးရှိသည်။ အခန်းတိုင်းတွင်ရှိရုံမက ကော်ရစ်ဒါ တွင်လည်း ခြားရှခြားရှ စွန့်ထုတ်ပြွန်ရှည်များရှိနေသည်။ အကြောင်းတစ်မျိုးမျိုးကြောင့် ထိုစွန့်ထုတ် ပြွန်ရှည်များကို မှတ်ဉာဏ်တွင်းဟု နာမည်ပြောင်ပေးထားကြသည်။ ဖျက်ဆီးစရာ စာရွက်စာတမ်းဟု သိလိုက်သည်နှင့် အနီးဆုံး မှတ်ဉာဏ်တွင်းထဲ ထည့်ပစ်လိုက်ခြင်းသည် အလိုအလျောက် လုပ်ဆောင်ချက် ဖြစ်သည်။ လွင့်ကျနေသော စာရွက်ပိုင်းလေး တစ်ရွက်တလေ တွေ့ရုံနှင့် မှတ်ဉာဏ်တွင်း ထဲ ကောက်ထည့် လိုက်ကြသည်။ စာရွက်များသည် လေပူစီ ကြောင်းအတိုင်း ပြွန်မှတစ်ဆင့်ဆင်းသွားကာ အဆောက်အဦ၏ မြေ အောက်ခန်း တစ်နေရာရာရှိ ရောမမီးဖိုကြီး ထဲရောက်သည်။

စောစောကဖြည်ထားသော ညွှန်ကြားချက်စက္ကူလိပ်လေးခုကို ဝင်စတန်ဖတ်သည်။ စက္ကူပိုင်းပေါ်တွင် စာကြောင်းတစ်ကြောင်း နှစ်ကြောင်း သာပါသည်။ ခေတ်သစ်ဘာသာစကား စစ်စစ်လည်း မဟုတ်သော ဖားတစ်ပိုင်း ငါးတစ်ပိုင်းဘာသာဖြင့် ရေးထားသောညွှန်ကြား ချက်များဖြစ်သည်။ ဝန်ကြီး ဌာနတွင် အတွင်းရေးကိစ္စများအတွက် ထိုစကားလုံးသုံးသည်။ စာရွက်ပိုင်း လေးခုပေါ်မှ စာသားများမှာ-

တိုင်းမ်စ် ၁၇၊၃၊၈၄
အစ်ကိုကြီး မိန့်ခွန်း မှားယွင်းသတင်းပို့ အာဖရိက ပြုပြင်
တိုင်းမ်စ် ၁၉၊၁၂၊၈၃
၈၃မှားရိုက်၊ အတည်ပြု
တိုင်းမ်စ် ၁၄၊၂၊၈၄
အသေးစား အလျှံပယ်၊ချောကလက် မှားယွင်း စျေးခေါ်အတည်ပြု
တိုင်းမ်စ် ၃၊၁၂၊၈၃
နေ့အော်ဒါ၊ အစ်ကိုကြီး သတင်းပို့၊ နှစ်ထပ်ကွမ်း ထပ်ပေါင်း မကောင်း၊ ကိုးကား၊

လူမဖြစ်၊ ပြန်ရေး၊ အပြည့်အစုံ၊ အပေါ်တင်။

ဖိုင်မတွဲခင် လေးခုမြောက်ညွှန်ကြားချက်အတွက် ဝင်စတာန်စိတ်မောစွာ စာရွက်ကို ဘေးဖယ်ထားလိုက်သည်။ ထိုအလုပ်သည် ရှုပ်ထွေးပြီး တာဝန်ယူရသော အလုပ်ဖြစ်နေ၍ နောက်ဆုံးမှ လုပ်လျှင်ပိုကောင်းမည်။ ကျန်သုံးခုကမူသော အချိန်မှန်အရေးကိစ္စများသာ။ ထိုအထဲမှ ဒုတိယအလုပ်သည် ကိန်းဂဏန်း တွေကြားထဲ ရှန်းရကန်ရဦးမည့် အလုပ်ဖြစ်၏။

ဝင်စတန်သည် တယ်လီစကင်ပေါ်မှာ "နောက်ကြောင်းပြန် နံပတ်' ကိုလှည့်ပြီး သင့်တော်သော တိုင်းမ်စ်သတင်းစာများ မှာသည်။ မိနစ်အနည်း ငယ်အကြာတွင် လေဖိအားသုံးပြွန်အကြီးမှ 'တိုင်းမ်စ်" သတင်းစာများ လျှောခ နဲ့ ထွက်လာသည်။

သူ့ကိုစေခိုင်းသည့်အလုပ်မှာ ဆောင်းပါးနှင့်သတင်းများသည်အကြောင်းတစ်မျိုးမျိုးကြောင့် ပြောင်းလဲဖို့လိုအပ်လာပြီဟု ထင်မြင်ကြလျှင် သူကပြောင်းပေးရမည်။ ဤကိစ္စအတွက် ရုံးသုံးဝေါဟာရမှာ "အတည်ပြုခြင်း" ဖြစ်၏။

ဥပမာ အစ်ကိုကြီးမိန့်ခွန်းပြောပြီး နောက်တစ်နေ့ မတ်လ ၁၇ ရက်နေ့ထုတ် တိုင်းမ်စ်သတင်းစာတွင် ထိုမိန့်ခွန်းပါလာသည်။ မိန့်ခွန်းထဲတွင် တောင်အိန္ဒိယရှေ့တန်းသည် ငြိမ်ဝပ်နေမည်၊ သို့သော် ယူရေးရှန်းသည် မြောက်အာဖရိကကို မကြာခင်ထိုးစစ်ဆင်တော့မည်ဟု အစ်ကိုကြီးက ဟောကိန်းထုတ်ထားသည်။ ဖြစ်ချင်တော့ ယူရေးရှန်းသည် တောင်အိန္ဒိယ ကိုပစ်ပြီး မြောက်အာဖရိကကို ဘာမှ မလုပ်။ ဤသို့ဖြင့် အစ်ကိုကြီး၏ မိန့်ခွန်းကို ပြုပြင်ရေးသားဖို့ လိုအပ်လာသည်။ အမှန်တကယ် ဖြစ်ပေါ်လာ သည့် အကြောင်းအရာကို အစ်ကိုကြီးက ကြိုတင်ဟောကိန်းထုတ်ထားသလို မျိုး ပြင်ရေးရမည်။

နောက်တစ်ခုမှာ ဒီဇင်ဘာ ၁၉ရက်နေ့ထုတ် တိုင်းမ်စ်သတင်းစာ တွင် ၁၉၈၃ ခု၊ နောက်ဆုံးသုံးလပတ်၏ စားသုံးသူအသွာပေါင်းစုံ၏ ထုတ်လုပ် နိုင်စွမ်းကို ကြိုတင်ခန့်မှန်းထားသည်။ ယနေ့ထုတ်သော တိုင်းမ်စ်တွင်မူ အမှန်တကယ်ထုတ်လုပ်နိုင်စွမ်းပါရှိနေပြီး စောစောက ကြိုတင်ခန့်မှန်း ချက် များ အရုပ်ဆိုးလွန်းစွာ လွဲမှားနေခဲ့သည်။ ဝင်စတန့်အလုပ်မှာ မူလ ကိန်းဂဏန်းများသည် နောက်ထပ်ထွက်သော ကိန်းဂဏန်းများနှင့်တူကြောင်း အတည်ပြုပေးရမည်။

တတိယညွှန်ကြားချက်ကိုမူ မိနစ်ပိုင်းမျှသာ အချိန်ယူရမည်။ ဘာမှ မကြာသေးသော ဖေဖော်ဝါရီလက အလျှံပယ်ဝန်ကြီးဌာနသည် ၁၉၈၄ ခု အတွင်း ချောကလက်ရာရှင်လျှော့ခြင်း မလုပ်ပါဟု ကတိပေးခဲ့သည်။ "ကတိသစ္စာပြုခြင်း' ဟူသောစကားလုံးသည် ရုံးသုံးဖြစ်၏။ ဝင်စတန်သတိပြုမိသော တကယ့်ဖြစ်ရပ်မှာ ယခုသီတင်းပတ်အကုန်တွင် ချောကလက်ရာရှင်ကို ဂရမ် သုံးဆယ်မှ ဂရမ်နှစ်ဆယ်အထိ လျှော့ချတော့မည်။ ထိုကိစ္စအတွက် လုပ်ရန် မှာ

မူလပေးထားသော ကတိကဝတ်နေရာတွင် သတိပေးခြင်းတစ်ခုဖြင့် အစားထိုးရမည်။ ပြေီလအတွင်း ချောကလက်ရာရှင်လျှော့ချဖို့ လိုအပ်လာနိုင်သည်ဟု သတိပေးချက်အစားထိုးလိုက်ရန်သာ ဖြစ်၏။

ဝင်စတန်သည် သတင်းလွှာများကို ဆန်းစစ်ပြီးသည်နှင့် စာရေးစက် လဲပြောထားသော အမှန်ပြင် ရေးသားချက်များကို တိုင်းမ်စ်သတင်းစာနှင့် သင့် သလိုတွဲပြီး လေဖိအားသုံးပြွန်ထဲ ထည့်လိုက်သည်။ ထို့နောက်တွင် ကိုယ့် ကိုယ်ကိုယ်ပင် သတိမထားမိဘဲ မူလသတင်းလွှာနှင့် သူကိုယ်တိုင် ထုတ်ထားသော မှတ်စုစာရွက်များကို တစ်ချက်တည်းသိမ်းကျုံးပြီး မှတ်ဉာဏ်တွင်းထဲ ပစ်ချလိုက်တော့၏။ စာရွက်များကို မီးတောက်က ဝါးမျိုပေအံ့။

လေဖိအားသုံးပြွန်များသွားရာ မမြင်ရသောဝက်ပါထဲ ဘာတွေ ဖြစ် ကုန်သနည်းဆိုသည်ကိုမူ ဝင်စတန် အသေးစိတ်မသိ။ ယေဘုယျသဘော လောက်တော့ သိထားသည်။ လိုအပ်လာ၍ အမှန်ပြင်ရေးထားသော တိုင်းမ်စ် သတင်းစာကို စာမျက်နှာပြန်စီ၊ နံပါတ် အသစ်ပုံနှိပ်ပြီးသည်နှင့် မူလ တိုင်းမ်စ် သတင်းစာကို ဖျက်ဆီးပစ်လိုက်ကြမည်။ မူလသတင်းစာနေရာတွင် ပြင်ဆင် ထားသော ကော်ပီ တစ်စောင်ကို ဖိုင်တွဲပေးလိုက်ကြမည်။ ထိုသို့သော စဉ်ဆက် မပြတ် ပြောင်းလဲခြင်းသည် သတင်းစာ များတင်မက၊ စာအုပ်များ ဂျာနယ်များ လက်ကမ်းစာစောင် ပိုစတာ ရုပ်ရှင် အသံသွင်းတိတ်ခွေ ကာတွန်း ဓာတ်ပုံ- ဆိုလိုသည်မှာ နိုင်ငံရေးနှင့် သဘောတရားရေးရာ ထူးခြားမှုတစ်ခုခုကို ဆုပ်ကိုင်ထားဟန်တူသော အားလုံးသော စာပေအနုပညာ သို့မဟုတ် စာရွက် စာတမ်းဟူသမျှကို စဉ်ဆက်မပြတ် ပြောင်းလဲ ပေးနေသည်။

နေ့တိုင်းနေ့တိုင်း မိနစ်တိုင်းမိနစ်တိုင်း အတိတ်ကို ပစ္စုပ္ပန်ဆီ ဆွဲတင်ပေးကြသည်။ ဤနည်းဖြင့် ပါတီ၏ဟောကိန်းအတိုင်း မှန်ကန်လာ အောင် စာရွက်စာတမ်းသက်သေသာဓကဖြင့် ပြသနိုင်သည်။ မဟုတ်ပါ ကလည်း သတင်းတစ်စ သို့မဟုတ် သဘောထားတစ်ရပ်သ စ်ရပ်သည် လေ လောလော ဆယ်လိုအပ်ချက်နှင့် ပြဿနာရှိနေပါက မှတ်တမ်းတင်မခံရတော့ပေ၊ အားလုံးသော ရာဇဝင်ကြောင်းတို့သည် အထပ်ထပ် ပြင်ရေးထားသော စပ်ထိုး စာများသာဖြစ်၏။ ရှင်းသန့် နေသည်။ လိုအပ်သည့်အချိန်တိုင်း အတိအကျ ပြန်ရိုက်ထားသော စာများဖြစ်နေသည်။

အစားထိုးရန် ၊ ဖျက်ဆီးရန်လိုအပ်သော စာအုပ်၊သတင်းစာနှင့် အခြားသောစာရွက်စာတမ်းများကို သက်သက်လိုက်ရှာဖို့ အတွက် ဝင်စတန်တို့၏မှတ်တမ်းဌာနထဲ အကြီးဆုံးဌာနခွဲတစ်ခု ထားပေး ရသည်။ ဝင်စတန်တာဝန်ကျသော ဌာနခွဲထက် လိုဌာနခွဲ ကပိုကြီးသည်။ နိုင်ငံရေးအရွေ့ကြောင့်သော် လည်းကောင်း၊ အစ်ကိုကြီး၏ မှားယွင်းသော ဟောကိန်းများကြောင့် သော်လည်းကောင်း၊ တိုင်းမ်စ်သတင်းစာ အတော်များ များကိုပြင် ရေးခဲ့ကြရသည်။ အကြိမ်ပေါင်းဒါဇင်ချီအောင် ပြင်ရေးထားသော

သတင်းစာများကို မူလရက်စွဲအတိုင်း ဖိုင်တွဲထားကြသည်။ ပြဿနာရှာနိုင်သော နှောင်းမူများလည်း လုံးဝမရှိကြ။

စာအုပ်များကိုလည်း အဖန်တလဲလဲ ပြင်ရေးခဲ့ကြသည်။ ပြင်ရေးထားကြောင်း ခွင့်တောင်းခြင်းလည်းမရှိဘဲ အစဉ် တစိုက်ပြန်ထုတ်နေကြသည်။

ဝင်စတန်လက်ခံရရှိသော ညွှန်ကြားချက်များပင်လျှင် အတုအပပြု လုပ်သော အနေအထားမျိုး ရေးမထား။ မှားယွင်းခြင်း၊ ချွတ်ချော်ခြင်း၊ စာမှား ရိုက်ခြင်း၊ မှားယွင်းကိုးကားခြင်း၊ တိကျမှုအတွက် မှန်မှန်ကန်ကန် ရေးသားဖို့လိုအပ်ခြင်း စသောအသုံးအနှုန်း များကိုသာတွေ့ရသည်။ ထိုညွှန်ကြားချက် စာရွက်ပိုင်းများကို ဝင်စတန်သည် ကိစ္စပြီးသည်နှင့် ချက်ချင်းစွန့်ပစ်လိုက်မြဲ။

အလျှံပယ်ဝန်ကြီးဌာန၏ ကိန်းဂဏန်းများကို ပြန်လည် ချိန်ညှိရင်း ဝင်စတန်စဉ်းစားကြည့်သည်။ ဤလုပ်ရပ်သည် အတုအပပြုလုပ်ခြင်းပင် မဟုတ်။ ကြံကြီးစည်ရာ မဟုတ်တရုတ်တစ်ခုကို နောက်ထပ်ကြံကြီးစည်ရာ မဟုတ်မဟပ်တစ်ခုဖြင့် အစားထိုးခြင်း ဖြစ်၏။ ပတ်သက်နေရသောကိစ္စရပ် များသည် လက်တွေ့လောကနှင့် ဘယ်လိုမှဆက်စပ်မှုရှိမနေ။ ကိန်းဂဏန်း များ၏ မူလတင်ဆက်မှုသည် ပြင်ရေးထားသောတင်ဆက်မှုလိုပင် ထွေထွေ ရာရာ စိတ်ကူးတည့်ရာ ရမ်းသမ်းရေးထားသော ကိန်းဂဏန်းများဖြစ်နေသည်။ ထိုအရာများကို ဦးခေါင်းထဲမှထုတ်လုပ်ဖို့အတွက် အချိန်မြောက်မြားစွာ ယူထားရသည်။

ဥပမာ သုံးလပတ်အတွက် ဘွတ်ဖိနပ်ထုတ်လုပ်နိုင်စွမ်းသည် အရံ ပေါင်း ၁၄၅သန်းဟု အလျှံပယ်ဝန်ကြီးဌာနမှ ကြိုတင် ခန့်မှန်းချက်ထုတ်ထားသည်။ အမှန်တကယ်ထုတ်လုပ်နိုင်စွမ်းကို ၆၂သန်းဟု ကိန်းဂဏန်းပေးလာသည်။ ကြိုတင်ခန့်မှန်းချက်ကို ပြန်လည်ရေးသားရသော ဝင်စတန့်အ ကိန်းဂဏန်းများကို ၅၇ သန်းဟုရေးလိုက်သည်။ ဤနည်းအားဖြင့် ကြိုတ လျာထားချက် ပြည့်မီရုံမက ကျော်လွန်သည်ဟူသော ပုံမှန်ရေးသားချက်ကို ရေးသားခွင့်ရသွားစေ၏။

မည်သို့ဆိုစေ ၆၂သန်း ဆိုသောကိန်းဂဏန်းသည် ၅၂ သန်း သို့မဟုတ် ၁၄၅သန်းတို့ထက်ပိုပြီး အမှန်တရားနှင့်နီးစပ် မသွား။ ဖြစ်နိုင် သည်မှာ ဘွတ်ဖိနပ်တစ်ရံမှ ထုတ်လုပ်ခဲ့ပုံမရ။ ပိုပြီးဖြစ်နိုင်သည်မှာ ဘွတ်ဖိနပ် ဘယ်နှရံထုတ်ခဲ့သည်ကို ဘယ်သူမှ သိမည်မဟုတ်ပေ။ ဘယ်သူမှလည်း ဂရုစိုက်နေမည်မဟုတ်။ လူတွေအားလုံးသိထားကြသည်မှာ ကြီးမားလှသော ဘွတ်ဖိနပ်ကိန်းဂဏန်းတိုင်းသည် စာရွက်ပေါ်တွင် ထုတ်လုပ်ခြင်းဖြစ် သည်၊ အိုရှင်းနီးယား၏ လူဦးရေတစ်ဝက်ခန့်သည် ဖိနပ်မပါဘဲလမ်းလျှောက်နေရသည်။

မှတ်တမ်းဝင်အမှန်တရားဟူသည် သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ အားလုံးထိုပုံအတိုင်းဖြစ်၏။ အရာရာတိုင်းသည် အရိပ်ကမ္ဘာထဲ မှိန်ဝါး

ပျောက်ကွယ်သွားသည်။ နောက်ဆုံးတွင် နှစ်တစ်နှစ်၏ ရက်စွဲသည်ပင် မသေချာတော့။ ဝင်စတန်သည် ခန်းမထဲတစ်ချက်စွေကြည့်လိုက်သည်။ လူကောင်သေးသေး၊ မေးစေ့မည်းမည်းနှင့် တိကျသေချာပုံပေါက်သော လူတစ်ယောက် သည် သက်ဆိုင်ရာအခန်းကန့်ထဲ ပုံမှန် အလုပ်လုပ်နေသည်။

ထိုလူ့အမည် သည် တီလော့စန်။ ခေါက်လျက်သားသတင်းစာကို ဒူးပေါ်တင်ထား၍ စာရေး စက်၏စကားပြောခွက်ကို ပါးစပ်နှင့်တေ့ထားသည်။ တီလော့စန်၏ ပုံစံသည် တယ်လီစက်နှင့် နှစ်ကိုယ်ကြားပြောနေသကဲ့သို့ ဖြစ်၏။ မော့ကြည့်လိုက်သော တီလော့စန်၏မျက်မှန်သည် ဝင်စတန်ရှိရာဘက် ဝင်းခနဲ ပြက်သွားသည်။

ဝင်စတန်သည် တီလော့စန်နှင့်မသိ။ ဘယ်နေရာအတွက် တီလော့စန်ကို အလုပ်ခန့်ထားမှန်းပင် ဝင်စတန်မသိ။ မှတ်တမ်းဌာနမှ ဝန်ထမ်းများသည် ကိုယ့်အလုပ်ကိုယ်ပြောပြဖို့ စိတ်လိုလက်ရ မရှိတတ်ကြ ချေ။ ပြတင်းပေါက်မရှိသော ခန်းမရှည်ကြီးထဲ အခန်းကန့်များ နှစ်တန်းခွဲထားသည်။ စာရွက်သံနှင့် စကားပြောနေကြသံတို့ ဟုန်ညံနေသော ဤခန်းမကြီးထဲဝင်စတန် လူနှင့်နာမည်တွဲပြီး သိသူ ဆယ့်နှစ်ယောက်ပြည့် အောင်ပင် မရှိချေ။ ကော်ရစ်ဒါတွင် သွားလိုက်လာလိုက် သုတ်ခြေတင်နေသော၊ နှစ်မိနစ် ကမုန်းတွင် လက်ရောခြေပါ ပျာလောင်ခတ်နေကြသော သူတို့တတွေကို ဝင်စတန် နိစ္စဓူဝမြင်တွေ့နေရသည်။

ကပ်လျက်အခန်းကန့်တွင် ဆံပင်နီဝါရောင်အမျိုးသမီးသည် တစ်နေ့ဝင်တစ်နေ့ထွက် ပင်ပန်းကြီးစွာ အလုပ်လုပ်နေမှန်း ဝင်စတန် သိသည်။ အငွေ့ပြန်ပျောက်ကွယ်သွားသော အမည်စာရင်းကို ပုံနှိပ်စာရွက် စာတမ်းများထဲမှာ ရှာပြီးဖျက်ရသည်။ ထို့ကြောင့် ထိုလူများသည် ဘယ်တုန်း ကမှ မရှိခဲ့။ ဤအလုပ်သည် ကြံ့ခိုင်ဖို့လိုအပ်သည်။ သူမ၏ ခင်ပွန်းကိုယ်တိုင် အငွေ့ပြန်သွားသည်မှာ နှစ်နှစ် သာရှိသေး၏။

အလုပ်သမားအယောက်ငါးဆယ်၊ ငါးဆယ်ဝန်းကျင်ခန့်ရှိသော ဤခန်းမသည် ကျယ်ပြော ရှုပ်ထွေးလှသော မှတ်တမ်းဌာန၏ ဌာနခွဲလေး တစ်ခုသာ ရှိသေးသည်။ မှတ်တမ်းဌာန၏အနောက်ဘက်၊ အထက်ဘက်၊ အောက်ဘက်တို့တွင် အလုပ်သမားအုပ်ကြီးသည် စိတ်ကူး၍ပင်မရနိုင်သော ထွေပြားသောတာဝန်အသီးသီးတွင် အလုပ်ဝင်ကြသည်။

ဌာနထဲတွင် ပုံနှိပ် ဆိုင်များ၊ လက်ထောက်အယ်ဒီတာများ၊ ပုံနှိပ်ကျွမ်းကျင်များ၊ ဓာတ်ပုံအတု ပြုလုပ်ဖို့အတွက် အလွန်အကျွံဇာချဲ့ထားသော ဓာတ်ပုံစတူဒီယိုများ၊ ထို့ပြင် အင်ဂျင်နီယာ၊ ထုတ်လုပ်သူနှင့် သရုပ်ဆောင်အဖွဲ့များ ပါဝင်သည့် ရုပ်မြင် သံကြားအစီအစဉ်ပြုလုပ်သည့် အခန်းများ မနည်းမနောကြီး ရှိနေသည်။ သရုပ်ဆောင်အုပ်စုမှာ အထူးသဖြင့် အသံတုပဖို့အတွက်ဖြစ်သည်။ အကူ ရှုံးလုပ်သားအုပ်စုကား စစ်တပ်ကြီးတမျှရှိသည်။ ထိုသူတို့လုပ်ရန်မှာ ပြန်ရှာ ရမည့် စာအုပ်နှင့်ဂျာနယ်များစာရင်း ပြုစုရခြင်းဖြစ်သည်။

အမှန်ပြင်ရေးပြီးသား စာရွက်စာတမ်းများ သိုလှောင်သည့် ကုန်လှောင်ရုံများမှာ များပြားလှသည်။ မူရင်းစာရွက်စာတမ်းများ ဖျက်ဆီးသော မီးပြင်းဖိုကြီးများကို လျှို့ဝှက်ဆောက်လုပ်ထားသည်။ ဌာန၏တစ်နေရာ မဟုတ်တစ်နေရာတွင် အမည်မသိ ညွှန်ကြားရေးဦးနှောက်ပိုင်ရှင်များသည် လုပ်ငန်းစဉ်တစ်ခုလုံးကို ပူးပေါင်းဆောင်ရွက်နေသည်။ အတိတ်၏ ဤအရာကိုထိန်းသိမ်းဖို့၊ ထိုအရာကိုပြုပြင်ဖို့၊ တည်ရှိခြင်းမှ ဖျက်သိမ်းဖို့စသော ပေါ်လစီ တကယ်တော့ မှတ်တမ်းဌာနသည် အမှန်တရားဝန်ကြီးဌာန၏ လိုင်းကို ဖြန့်ခင်းပေးနေကြသည်။

တစ်ခုသော ဌာနခွဲမျှသာ ဖြစ်သည်။ အမှန်တရားဝန်ကြီးဌာန၏ မူလ ပဓာနအလုပ်မှာ အတိတ်ကို ပြန်လည်တည်ဆောက်ခြင်း မဟုတ်ဘဲ အိုရှင်းနီးယားနိုင်ငံသားများအတွက် သတင်းစာ၊ ရုပ်ရှင်၊ ဖတ်စာအုပ်၊ တယ်လီစကင်) အစဉ်၊ ပြဇာတ်၊ ဝတ္ထု၊ စသောဖြစ်နိုင်သမျှ သတင်းအချက်အလက် ညွှန်ကြားမှု သို့မဟုတ် ဖျော်ဖြေမှု၊ ရုပ်တုမှ သည်ဆောင်ပုဒ်အထိ၊ ရတုကာ များမှသည် ဇီဝဗေဒသုတေသနကျမ်းအထိ၊ ကလေးများအတွက် စာလုံးပေ သတ်ပုံစာအုပ်မှသည် ခေတ်သစ်အဘိဓာန်အထိ နိုင်ငံသားများကို ပံ့ပိုးပေးရခြင်းဖြစ်သည်။ အမှန်တရားဝန်ကြီးဌာနသည် ပါတီ၏ သဗ္ဗန်ပေါင်းစုံ လိုအချက်များကို ဖြည့်တင်းပေးရရုံသာမက ပစ္စည်းမဲ့ လူတန်းစားတို့အကျိုးအတွက် အစီအစဉ်တစ်ခုလုံးကို စျေးချပြီး နောက်တစ်ကြော့ ပြန်လုပ်ပေးရသည်၊

အခြေခံလူတန်းစားများ၏ စာပေ၊ဂီတ၊ပြဇာတ်နှင့်ဖျော်ဖြေနေ တို့အတွက် သီးသန့်ဌာနများ အတွဲလိုက်ရှိနေသည်။ အားကစားသတင်း ရာဇဝတ်မှုနှင့် ဗေဒင်သာပါသော အမှိုက်သရိုက် သတင်းစာ၊ လူပြိန်းကြိုက် ငါးဆင့်တန်ဝတ္ထုတို၊ လိင်မှုကိစ္စများ ယိုစိမ့်ရောယှက်နေသော ရုပ်ရှင်၊ ကဗျာဖွဲ့ စက်ဟုခေါ်သော အထူးစပယ်ရှယ်ပန်းစုံဘူးကို စက်မှုနည်းပညာအားကိုးဖြင့် စပ်ဆိုသီကုံးထားသော တေးသီချင်း။ ခေတ်သစ်ဘာသာစကားဖြင့် “အပြာဌာန စိတ်’ ဟုခေါ်သော ဌာနတစ်ခုပင် ထိုအခြေခံ လူတန်းစားသီးသန့် ဌာန၏ လက်အောက်တွင် ထားရှိထားသည်။ အပြာဌာနစိတ်သည် အနိမ့်ဆုံး အမျိုး အစားဖြစ်သော တဏှာပေမဆိုင်ရာထုတ်ဝေမှုကို ချိပ်ပိတ်ထားသော စာထုပ် များဖြင့်ဖြန့်ချိသည်။ ထိုတာဝန်ကိုယူရသော ပါတီဝင်များမှအပ ပါတီဝင်များ အားလုံးသည် အပြာစာထုပ်များကို ကြည့်ရှုခွင့်မရှိချေ။

ဝင်စတန် အလုပ်လုပ်နေစဉ် လေဖိအားသုံးပြွန်မှ နောက်ထပ်ညွှန်ကြားချက်သုံးစောင် ထွက်လာသည်။ သာမန်ကိစ္စများသာဖြစ်၍ “နှစ်မိနစ် အမုန်း’ မတိုင်ခင် စိတ်ရှုပ်မခံလို၍ အသာဘေး ဖယ်ထားလိုက်သည်။

“အမုန်း’ ပြီးဆုံးသွားသောအခါ ဝင်စတန် ကိုယ့်အခန်းကန့်ထဲ ကိုယ်ပြန်ဝင်လာသည်။ စင်ပေါ်မှခေတ်သစ် အဘိဓာန်ကိုယူပြီး စာရေးစက်ကို တွန်းထုတ်သည်။ မျက်မှန်ကို သုတ်ပြီး ယနေ့မနက်၏အဓိကအလုပ်အတွက် အထိုင်ချသည်။

အလုပ်လုပ်ရခြင်းသည် ဝင်စတန့်ဘဝ၏ အကြီးကျယ်ဆုံး ပျော်ရွှင်မှု

ဖြစ်သည်။ အလုပ်အများစုသည် ငြီးငွေ့စရာအချိန်မှန် အလုပ်များဖြစ်သော် လည်း ခက်ခက်ခဲခဲအလုပ်များပါနေသည်။ ခက်ခဲရှုပ်ထွေးလွန်း၍ ဂဏန်း သင်္ချာပြဿနာ၏ နက်ရှိုင်းမှုထဲ ကိုယ်တိုင်ပျောက်ဆုံးသွားသလို- သိမ်မွေ့ လွန်းသော အတုအပပြုလုပ်မှုထဲ "အင်ဆော့" ဥပဒေသများနှင့် ပါတီကသင့် အားဘာပြောစေချင်သလဲဆိုသော အကြမ်းဖျင်းခန့်မှန်းချက်မှ လွဲ၍ သင်သည် ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်လမ်းညွှန်စရာ ဘာမှမလိုချေ။ ထိုကိစ္စမျိုးတွင် ဝင်စတန်တော်ပြီးသားဖြစ်၏။ အခွင့်သင့်တိုင်း တိုင်းမ်စ်သတင်းစာ၏ ခေါင်းကြီးပိုင်း ပြုပြင်မှုအတွက် ဝင်စတန့်ထံအပ်နှံကြသည်။ ခေါင်းကြီးပိုင်းတစ်ခုလုံး ကို ခေတ်သစ်ဘာသာစကားဖြင့် ရေးရသည်။ စောစောတုန်းကဘေးဖယ်ထားသော ညွှန်ကြားချက်စာရွက်လိပ်ကို ဝင်စတန်ဖြည်သည်။

တိုင်းမ်စ် ၃၊၁၂၊၈၃ နေ့အော်ဒါ အစ်ကိုကြီး သတင်းပို့ နှစ်ထပ်ကွမ်း ထပ်ပေါင်း မကောင်း၊ ကိုးကား၊ လူမဖြစ်၊ ပြန်ရေး၊ အပြည့်အစုံ၊ အပေါ်တင်၊ ဖိုင်မတွဲခင် ထိုညွှန်ကြားချက်ကို ခေတ်ဟောင်းဘာသာစကား (အဆင့်မီ အင်္ဂလိပ် ဘာသာစကား) ဖြင့် အဓိပ္ပါယ်ဖော်ရလျှင်-

၁၉၈၃ ခု၊ ဒီဇင်ဘာ ၃ ရက်နေ့ထုတ် တိုင်းမ်စ်သတင်းစာတွင် အစ်ကိုကြီး၏အမိန့်ကို သတင်းထုတ်ပြန်ရာ၌ အင်မတန် စိတ်တိုင်းမကျစရာ ဖြစ်နေသည်။ မရှိတော့သောပုဂ္ဂိုလ်များကို ကိုးကားထားသည်။ ထိုသတင်းကို အပြည့်အစုံပြန်ရေးပြီး သင်၏ မူကြမ်းကို အထက်အာဏာပိုင်များထံ ဖိုင်မတွဲ ခင် တင်သွင်းပါ။

မတော်တရော်ဖြစ်နေသော ဆောင်းပါးတစ်ခုလုံးကို ဝင်စတန် ဖတ်ရှုကြည့်သည်။ အစ်ကိုကြီး၏မိန့်ခွန်းသည် FFCC ဟုခေါ်သောအဖွဲ့အစည်းတစ်ခု၏လုပ်ဆောင်မှုကို သက်သက် ချီးကျူး ထားခြင်းဖြစ်သည် FFCC သည်ရေပေါ်ခံတပ်များမှ သဘော်သားများအား စီးကရက်နှင့် အခြား ဖိမ်ခံပစ္စည်း ပံ့ပိုးပေးသော အဖွဲ့အစည်းဖြစ်၏။ ဗဟိုပါတီတွင်းမှ ထင်ရှားသောအဖွဲ့ဝင် ရဲဘော်ဝစ်သာကို တစ်ဦးတည်းကို ရွေးထုတ်ပြီး ဆုတံဆိပ်တစ်ခု အပ်နှင်းထားသည်။ ဒုတိယအဆင့် လူမှုထူးချွန်ဆု။

ဆုတံဆိပ်အပ်နှင်းပြီး သုံးလအကြာတွင် FFCC ပျော်ဝင် ပျောက်ပျက်သွားသည်ကို အကြောင်းရင်း ဘာမှမသိရ။ ဝစ်သာနှင့် အပေါင်း အပါများ သိက္ခာကျ၊ အမည်းကွက်စွန်းသွားသည်ဟု ယူဆရသည်။ တယ်လီစကင်နှင့် ပုံနှိပ်စာရွက်စာတမ်းများမှ ဘာသတင်းမှ မထုတ်ပြန်၊ နိုင်ငံရေးအတိုက်အခံများကို ခုံရုံးတင်ခြင်းမရှိ၊ လူမြင်ကွင်းတွင် ရှုတ်ချခြင်းပင် မရှိဘဲ သည်အတိုင်း ပျောက်ပျက်သွားခြင်းသည် ပုံမှန် ဖြစ်ရိုးဖြစ်စဉ် မဟုတ်ပေ။

ရောမပါတီသန့်စင်ပွဲဟူသည် လူပေါင်းထောင်ချီပါဝင်ပြီး သစ္စာ ဖောက်နှင့် မနောကံ ရာဇဝတ်သား များကို လူထုရှေ့မှောက် ရုံးတင် စစ်ဆေးကြသည်။ ရာဇဝတ်သားများက မိမိတို့ပြစ်မှုအတွက် တွင်းဆုံးကျ ဝန်ခံမှုကို ပြုပြီး သည်နှင့်

အသတ်ခံရသည်။ ထိုသို့သော ပါတီသန့်စင်ပွဲများသည် အထူးပြပွဲ များဖြစ်ပြီး မကြာခဏဖြစ်ပေါ်ခြင်းမဟုတ်။ နှစ်နှစ်လျှင်တစ်ကြိမ်ထက် မပို။

များသောအားဖြင့် ပါတီကမကြိုက်သောလူများသည် ရိုးရိုးကလေး ပျောက်ပျက်သွားကာ ၎င်းတို့အကြောင်း ဘာမှမကြားရတော့ချေ။ ၎င်းတို့ ဘာဖြစ်သွားသနည်းဆိုသော အသေးဆုံး သဲလွန်စလေးကိုပင် မရကြ။ အချို့ ဖြစ်ရပ်များတွင် ထိုလူများအသတ်မခံရ။ ဝင်စတန်နှင့် အသိအကျွမ်း (မိဘနှစ်ပါး မပါ) လူသုံးဆယ်ခန့်သည် ထိုပုံအတိုင်း ပျောက်ပျက်သွားခဲ့ကြသည်။

ဝင်စတန်သည် စာရွက်ညှပ်ကလစ်ဖြင့် နှာခေါင်းကို အသာကုတ်သည်။ မျက်နှာချင်းဆိုင်အခန်းကန့်မှ ရဲဘော်တီလော့စန်သည် စကားပြော စက်နှင့် နှစ်ကိုယ်ကြား သိုသိုသိပ်သိပ် ပြောနေဆဲ။ တီလော့စန် ခေါင်း တစ်ချက် မော့ကြည့်လိုက်ပြန်ရာ မျက်မှန်ကြီးဝင်းခနဲ ပြက်သွားပြန်သည်။ သူသည် ဝင်စတန်ရထားသော အလုပ်ကိုပင် လုပ်နေရသလားဟု ဝင်စတန်တွေးမိသည်။ ကောင်းကောင်းဖြစ်နိုင်ခြေရှိသည်။

အလုပ်တစ်ခုသည် ပရိယာယ်မာယာ များလွန်းလှရာ လူတစ်ဦးတည်းကို အလုပ်အပ်ခြင်း ဘယ်တော့မှ မရှိ။ အခြားတစ်ဖက်မှ ကြည့်လျှင် အလုပ်ကို ကော်မတီလက်ထဲ ပြန်အပ်လိုက်လျှင် လံကြုပ်လုပ်ခြင်းဟု အတိအလင်းဝန်ခံရာ ရောက်နေသည်။ ဖြစ်နိုင်ခြေရှိသည်မှာ အစ်ကိုကြီး ပြောခဲ့သော စကားကို လောလော ဆယ် လူအယောက်တစ်ဒါဇင်လောက်က မူအမျိုးမျိုးဖြင့် တင်ပြနေကြသည်။ ဗဟိုပါတီတွင်းမှ ဉာဏ်ကြီးရှင်များက ဟိုမူ ကိုရွေး၊ သည်မူကိုပယ်၊ ပြန်လည် တည်းဖြတ်၊ ပြန်လှန်ညွှန်းဟူသော ရှုပ်ထွေးသောဖြစ်စဉ်ထဲ ကူးလူးစေပြီးမှ ရွေးချယ်လိုက်သော အလိမ်အညာကို ထာဝရ မှတ်တမ်းထဲဖြတ်သန်းစေကာ အမှန်တရားဖြစ်စေသည်။

ဝစ်သာတို့ အဘယ်ကြောင့်သိက္ခာကျသွားသနည်း ဆိုသည်ကို ဝင်စတန်မသိ။ ခြစားခြင်း သို့မဟုတ် ညံ့ဖျင်းခြင်းကြောင့် ဖြစ်နိုင်သည်။ နာမည်ကြီးလွန်းသော လက်အောက်ငယ်သားကို အစ်ကိုကြီးက သက်သက်မဲ့ ရှင်းပစ်ခြင်းလည်း ဖြစ်နိုင်သည်။ မဟုတ်ပါကလည်း ဝစ်သာ သို့မဟုတ် ဝစ်သာနှင့် နီးစပ်သူကို အယူမှားဟု သံသယအဝင်ခံရ၍လည်း ဖြစ်နိုင်သည်။ အထက်ပါအချက် များကြောင့်မဟုတ်ပါက အဖြစ်နိုင်ဆုံးမှာ ပါတီသန့်စင်ခြင်း၊ အငွေ့ပြန်ခြင်းတို့သည် အစိုးရယန္တရားအတွက် လိုအပ်သောကြောင့် ထိုကိစ္စမျိုး ဖြစ်ပေါ်ပေးရခြင်း ဖြစ်နိုင်သည်။

ထိုသတင်းအတွက် တစ်ခုတည်းသောသဲလွန်စသည် "ကိုးကား၊ လူ မဖြစ်" ဟူသော စာလုံးလေးတွင်သာ ရှိသည်။ ဆိုလိုသည်မှာ ဝစ်သာသည် သေဆုံးသွားခဲ့ပြီ။ ထောင်ချခံရခြင်းဟု ယူဆ၍ မရ။ တစ်ခါတရံ သူတို့သည် လူကိုတစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် လွှတ်ထားပြီးမှ သတ်ခြင်းမျိုးရှိသည်။

အချို့လူများကို သေပြီဟုယူဆထားပြီးမှ လူအများ ရှေ့မှောက်

တရားခွင်တွင် သရဲတစ်ကောင်လို ပြန်မြင်ရခြင်းလည်း မကြာခဏဖြစ်သည်။ ထိုလူ၏ မသေခင်ထွက်ချက်ကြောင့် အခြားလူများ ရာဇဝတ်မှုနှင့် ငြိစွန်းကုန်ရသည်။ မည်သို့ဆိုစေ ဝစ်သာကမူ လုံးဝသေဆုံးသွားခဲ့ပြီ။ ရှိကိုမရှိတော့။ ဘယ်တုန်းကမှ မရှိခဲ့။ ရဲဘော်ကြီး၏မိန့်ခွန်းကို ပြောင်းပြန် ရေးလိုက်ရုံ နှင့် မလုံလောက်ဟု ဝင်စတန် ဆုံးဖြတ်သည်။ မူလအကြောင်းအရာနှင့် လုံးဝ ဆက်စပ်မှုမရှိသော အကြောင်းတစ်ခုကို ဆွဲထည့်ခြင်းက ပိုကောင်း လိမ့်မည်။

သူသည် မိန့်ခွန်းကို သစ္စာဖောက်နှင့် မနောကံရာဇဝတ်သားများ အား ရှုတ်ချသောမိန့်ခွန်းအဖြစ် ခါတိုင်းလို ပြောင်းလဲပေးလိုက်လျှင် နည်းနည်း တော့သိသာနေမည်။ ရှေ့တန်းမှ အောင်ပွဲရကိစ္စတစ်ရပ်အဖြစ် ထွင်၍ လျှင် သော်လည်းကောင်း၊ ကိုးကြိမ်မြောက်သုံးနှစ်စီမံကိန်း၏ လျာထားချက် ထက်ကျော်လွန်သော ကုန်ထုတ်လုပ်မှုတစ်ခုခုကိုလည်းကောင်း ႏ ရေးသားလိုက် လျှင် မှတ်တမ်းများ အလွန်အမင်းရှုပ်ထွေးသွားနိုင်သည်။ တကယ်လိုအပ် သည်မှာ စိတ်ကူးယဉ်မှု သန့်သန့်လေးတစ်ခု။

ရုတ်တရက်သူ့ စိတ်ထဲ ရဲဘော်အိုဂိုင်ဗီ၏ပုံရိပ် လွှားခနဲ ပေါ်ထွက် လာသည်။ မကြာသေးခင်ကမှ တိုက်ပွဲတွင်ကျသွားခဲ့သူ၊ သူရဲကောင်းဟူသော အခြေအနေများဝန်းရံထားသူ။ အသင့်လုပ်ပြီးသား ပုံရိပ်ကလေး တစ်ခုဖြစ် ၏။ အောက်ခြေထုပါတီဝင်အချို့ ၏အောက်မေ့ဖွယ် အထိမ်းအမှတ်ပွဲများတွင် အစ်ကိုကြီး မှာတမ်း ခြွေတတ်သည်။ အညတရပါတီဝင်လေးများ၏ ဘဝနှင့် သေဆုံးခြင်းကို အတုယူစရာ နမူနာအဖြစ် အစ်ကိုကြီးက ညွှန်းတတ်သည်။ ယနေ့ ရဲဘော်အိုဂိုင်ဗီကို အစ်ကိုကြီးက အထိမ်းအမှတ် မှာတမ်းခြွေမည်။ ရဲဘော်အိုဂိုင်ဗီလိုလူစား နှစ်ယောက်မရှိသည်ကတော့ အမှန်ပင်။ သို့သော် ပုံနှိပ်ထားပြီးသား စာကြောင်းရေ အနည်းငယ်နှင့် ဓာတ်ပုံတုများက ရဲဘော် အိုဂိုင်ဗီကို အသက်သွင်းပေးပေတော့မည်။

ဝင်စတန်သည် တအောင့်မျှစဉ်းစားပြီး စာရေးစက်ကို အနားဆွဲယူ ကာ ရင်းနှီးနေသော အစ်ကိုကြီး၏ စတိုင်အတိုင်း စကားပြောသည်။ စစ်ပုံစံနှင့် စာအုပ်ကြီးပုံစံ တစ်ပြိုင်တည်းဖြစ်နေသော စတိုင်။

မေးခွန်းထုတ်လိုက်၊ ချက်ချင်းပြန်ဖြေလိုက်နှင့် မေးလိုက် ဖြေလိုက်ပြောသွားသော အစ်ကိုကြီး၏ စတိုင်သည် တုပဖို့မခက်။ (ရဲဘော်တို့ ဒီအမှန်တရားကနေ ဘာသင်ခန်း စာရသလဲ၊ သင်ခန်းစာ။ သင်ခန်းစာဆိုတာ အင်ဆော့ရဲ့ အခြေခံကျတဲ့ ဥပဒေ တွေထဲက တစ်ခုပါ။ စသည် ... စသည် . . .)

ရဲဘော်အိုဂိုင်ဗီသည် အသက်သုံးနှစ်အရွယ်တွင် ဗုံတစ်လုံး၊ စက် သေနတ်နှင့် ရဟတ်ယာဉ်မှလွဲ၍ ကစားစရာမှန်သမျှကိုငြင်းခဲ့သည်။ အသက် ခြောက်နှစ်တွင် ထောက်လှမ်းရေးထဲဝင်ခဲ့သည်။ အထူးလျှော့ပေါ့ ပေးထားသော စည်းမျဉ်းစည်းကမ်းကြောင့် သတ်မှတ်ထားသောအသက်ထက် တစ်နှစ် စောပြီးဝင်နိုင်ခဲ့သည်။ ကိုးနှစ်တွင် အုပ်စုခေါင်းဆောင်။ ဆယ့်တစ်နှစ်တွင်

ဦးလေးအား အတွေးပုလိပ် လက်ထဲအပ်ခဲ့သည်။ နားစွန်နားဖျားကြား လိုက်သော ဦးလေး၏ စကားသည် သူ့အတွက်ရာဇဝတ်မှု ကျူးလွန်မည့် အလား အလာ ဖြစ်နေသည်။

ဆယ့်ခုနစ်နှစ်အရွယ်တွင် အငယ်တန်းလိုင်ဆန့်ကျင်ရေး အသင်း အတွက် ဒေသတွင်း စည်းရုံးရေးသမား။ ဆယ့်ကိုးနှစ်တွင် လက်ပစ်ဗုံး ဒီဇိုင်း ဖော်ခဲ့သည်။ အိုဂိုင်ဗီ ဒီဇိုင်းထွင်ခဲ့သော လက်ပစ်ဗုံးကို ငြိမ်းချမ်းရေးဝန်ကြီး ဌာနက ဒီဇိုင်းအမွေယူရသည်။ ပွဲဦးထွက်စမ်းသပ်မှုမှာတင် ဗုံးတစ်လုံး တည်းနှင့် ယူရေးရှန်း အကျဉ်းသား သုံးဆယ့်တစ်ယောက်ကို ကိစ္စတုံးရှင်း နိုင်ခဲ့သည်။ နှစ်ဆယ့်သုံးတွင် အိုဂိုင်ဗီသည် တိုက်ပွဲကျခဲ့သည်။ အရေးကြီး သတင်းများကို သယ်ဆောင်ပြီး အိန္ဒိယသမုဒ္ဒရာကို ရဟတ်ယာဉ်ဖြင့်ဖြတ် သန်းလာစဉ် ရန်သူဂျက်လေယာဉ်များက နောက်မှလိုက်သည်။ အိုဂိုင်ဗီသည် ခန္ဓာကိုယ်ကို စက်သေနတ်ဖြင့် အလေးဆွဲပြီး ရဟတ်ယာဉ်ထဲမှ ခုန်ထွက်၊ ရေနက်ထဲ ကျပြီး သူနှင့်အတူ အရေးကြီးသတင်းများကို အားလုံးတစ်ချက် တည်းရှင်း ပစ်ခဲ့၏။

ထိုလုပ်ရပ်ကိုပြန်စဉ်းစားတိုင်း မနာလိုမဖြစ်ဘဲမနေဟု အစ်ကိုကြီး ကမိန့်ခဲ့သည်။ ရဲဘော်အိုဂိုင်ဗီ၏ သန့်စင်မှု၊ စိတ်တစ်မျိုးတည်းသာရှိမှုတို့ အပေါ် သူက ဖြည့်စွက် ချီးကျူးသွားသေးသည်။ ရဲဘော်အိုဂိုင်ဗီသည် အရက် သေစာလုံးဝရှောင်ရှားသူ၊ ဆေးလိပ်မသောက်သူ၊ တစ်နေ့တစ်နာရီ အားကစား ရုံသွားခြင်းမှ လွဲ၍ အပန်းဖြေခြင်းလုံးဝမရှိသူ၊ ဗြဟ္မစရိယကျင့်မည် ဟု သစ္စာ ဆိုထားသူ၊ အိမ်ထောင်ရေးနှင့် မိသားစုကို ဂရုစိုက်ရခြင်းသည် တစ်ရက်လျှင် နှစ်ဆယ့်လေးနာရီတာဝန်ယူထားသော တိုင်းပြည့်တာဝန်နှင့် သဟဇာတမ ဖြစ်ဟု ယုံကြည်ထားသူ။ အိုဂိုင်ဗီသည် အင်ဆော့ဥပဒေသများမှလွဲ၍ အခြားစကားမပြောတတ်။ ရန်သူ ယူရေးရှန်းများကို အနိုင်တိုက်ဖို့နှင့် သူလျှိုများ၊ အဖျက်သမားများ၊ မနောကံရာဇဝတ်သားများ၊ သစ္စာဖောက်များ ကို ပိုက်စိတ်တိုက်ရှာဖွေဖို့မှလွဲ၍ ဘဝတွင်အခြား ရည်ရွယ်ချက် မရှိခဲ့ချေ။

အဆိုပါပုဂ္ဂိုလ် ရဲဘော်အိုဂိုင်ဗီကို လူမှုထူးချွန်ဆုအပ်နှင်းလိုက်လျှင် ကောင်းမလားဟု ဝင်စတန်သည် တစ်ကိုယ်တော် စကားနိုင်လုနေသည်၊ နောက်ဆုံးတွင် ထိုအကြံကို သူ ငြင်းလိုက်သည်။ မလိုအပ်သော ပြန်လှန် ညွှန်းခြင်းများ လိုအပ်လာလိမ့်မည်။

မျက်နှာချင်းဆိုင်အခန်းကန့်ထဲမှ သူ့ပြိုင်ဘက်ကို ဝင်စတန် နောက် တစ်ခေါက်ကြည့်မိပြန်သည်။ တီလော့စန် အလုပ်များနေသည်။ တီလော့စန် ကို ပေးထားသောအလုပ်နှင့် ဝင်စတန့်ကိုပေးထားသောအလုပ် အတူတူဖြစ် ကြောင်း တစ်စုံတစ်ရာက ဝင်စတန့်ကို ပြောပြနေသည်။ နောက်ဆုံးတွင် ဘယ်သူ့အလုပ်ကို လက်ခံမလဲဆိုသည်ကို သိနိုင်စရာ နည်းလမ်းမရှိချေ။ သို့ရာတွင် နက်နဲခိုင်မာသော ထင်မြင်ချက်တစ်ခုဖြင့် သူ့ရင်ထဲ သိနှင့်နေသည်။ သူ့အလုပ်ကိုသာ ရွေးချယ်ကြပေလိမ့်မည်။

လွန်ခဲ့သောတစ်နာရီက စိတ်ကူး၍ မရခဲ့သော ရဲဘော်အို ဂိုင်ဗီသည် ယခုတော့ ဖြစ်ရပ်မှန် ဖြစ်နေသည်။ အံ့ဩစရာတော့ ကောင်းသည်။ သက်ရှိထင်ရှားရှိနေသူကို မဟုတ်ဘဲ သေဆုံးပြီး သားလူတစ်ယောက်ကို သင်ဖန်တီး၍ရသည်။ ပစ္စုပ္ပန်တွင် ဘယ်တုန်းကမှမရှိခဲ့သော ရဲဘော်အိုဂိုင်ဗီသည် ယခု တော့ အတိတ်ထဲ ရှိနေသည်။ အတုပြုလုပ်ခြင်းကို မေ့သွားချိန်၌ အိုဂိုင်ဗီသည် ရှာလီမိန်း သို့မဟုတ် ဂျူးလီးယပ်စ်ဆီဇာတို့နှင့်တူသော သက်သေမျိုးဖြင့် အမှန်တကယ် တည်ရှိနေတော့မည်။

(၅)

မြေအောက်ခန်းအနက်ပိုင်းမှ မျက်နှာကြက်နိမ့်နိမ့် ကင်တင်းထဲတွင် နေ့လည်စာ ယူနေသော လူတန်းသည် တရွေ့ရွေ့ရွေ့တက်နေကြသည်။ အခန်းထဲ လူပြည့်နေပြီ။ နားကွဲလောက်စရာ အသံများညံလျက်။ ကောင်တာ သံဇကာ ကွက်မှ တထောင်းထောင်းထွက်လာနေသော ဟင်းရည်ငွေ့သည် "ဗစ်ထရီဂျင် အရက်" နံ့ကိုသိပ်မလွှမ်း မိုးနိုင်။ အခန်းအစွန်ဘက်တွင် အရက်ဘားလေး တစ်ခုရှိသည်။ အရက်ဘားဆိုသည်မှာ နံရံမှ အပေါက်ကလေးတစ်ပေါက် သာဖြစ်၏။ တစ်ကျိုက်စာကို ဆယ်ဆင့်ပေးဝယ်၍ ရသည်။

"ရှာနေတဲ့လူ ခုမှတွေ့တော့တယ်"

နောက်ကျောဘက်မှအသံကြောင့် ဝင်စတန်လှည့်ကြည့်သည်။ သုတေသနဌာနတွင် အလုပ်လုပ်သော မိတ်ဆွေကြီး ဆိုင်မီ။

"မိတ်ဆွေ" ဆိုသောစကားလုံးသည် အတိအကျမှန်ကန်သော စကား လုံးမဖြစ်နိုင်လောက်ပါ။ ကနေ့ခေတ်တွင် မိတ်ဆွေမရှိကြတော့။ ရဲဘော်သာရှိသည်။ သို့သော် အချို့ရဲဘော်များ၏ လူမှုဝန်းကျင်က အခြားရဲဘော်များ၏ လူမှုဝန်းကျင်ထက် ပိုပြီးနှစ်လို ဖွယ်ဖြစ်နေသည်။

ဆိုင်မီသည် ဝေါဟာရဗေဒပညာရှင်။ ခေတ်သစ်ဘာသာစကားစပယ်ရှယ်လစ်။ ယခုပြုစုနေသော ဆယ့်တစ်ကြိမ်မြောက် တည်းဖြတ်ခြင်း ခေတ်သစ်ဘာသာအဘိဓာန်အတွက် အကျော်အမော်ပညာရှင်များအုပ်စုထဲမှ တစ်ဦးအပါအဝင်ပညာရှင်ဖြစ်သည်။ ဆိုင်မီသည် လူကောင်သေးသေး ကလေးဖြစ်၏။ ဝင်စတန်ထက် ပိုသေးသည်။ မျက်လုံးပြူးပြူး၊ ဆံပင်မည်း မည်းနှင့် တစ်ပြိုင်တည်းမှာပင် ဝမ်းနည်းရိပ်လည်းရှိသည်။ ပြောင်စပ်စပ် လည်းဖြစ်နေသည်။ စကားပြောနေရင်း သင့်မျက်နှာကို အနီးကပ် စောင့်ကြည့် ရှာဖွေ နေသယောင်ထင်ရသည်။

"မေးချင်လို့ဗျ။ ခင်ဗျားဆီမှာ ဘလိတ်ဓားရှိသေးလား"

"တစ်ခုမှမရှိဘူး" ဟု ဝင်စတန်သည် မလုံမလဲပျာပျာသလဲ ဖြေသည်။ "ကျွန်တော်နေရာအနှံ့လိုက်ရှာသေးတယ်။ ရှိကို မရှိတော့ဘူး"

လူတိုင်း ဘလိတ်ဓားအကြောင်းပဲ မေးနေကြသည်။ အမှန်မှာ ဝင်စတန့်တွင် မသုံးရသေးသော ဘလိတ်ဓားနှစ်ခုရှိသည်။ ဘလိတ်ဓားပြတ် လပ်နေသော လပေါင်းမနည်းတော့ပြီ။ ပါတီဈေးထဲ ကုန်ပစ္စည်းအချို့ပြတ် လပ်ခြင်းများ အချိန်အခါအလျောက် ဖြစ်တတ်သည်။ ရံခါတွင် ကြယ်သီး၊ ရံခါတွင် ဂွမ်း၊ ရံခါတွင် ဖိနပ်သဲကြိုး၊ လောလောဆယ်တွင် ဘလိတ်ဓား။ မှောင်ခိုဈေးထဲ ခိုးကြောင်ခိုးဝှက်ဝင်ပြီး သွားဆွဲနိုင်မှ ထိုပစ္စည်းများရနိုင်စရာရှိသည်။

"ကျွန်တော်တောင် ဓားတစ်ချောင်းထဲသုံးနေတာ ခြောက်ပတ်ရှိပြီ" ဟုမမှန်သောစကားကို ထပ်ဖြည့်ပြောလိုက်သည်။

လူတန်းသည် ရှေ့ကိုတစ်ချက်တိုးလိုက်ကြပြန်သည်။ ဝင်စတန် သည် ဆိုင်မီကို မျက်နှာချင်းဆိုင် လှည့်ကြည့်သည်။ ဝင်စတန်တို့ နှစ်ယောက် စလုံး ဆီမစင်သောလင်ပန်း တစ်ချပ်စီကို ကောင်တာအစွန်ဘက်မှ သွားယူကြသည်။

"မနေ့က အကျဉ်းသားတွေကိုကြိုးပေးတဲ့ပွဲ သွားကြည့်သေးလား" ဟု ဆိုင်မီမေးသည်။

"ကျွန်တော်အလုပ်ရှိလို့၊ နောက်မှပဲ ရုပ်ရှင်ထဲကြည့်တော့မယ်" ဝင်စတန် ဘာမှမဖြစ်သလိုဖြေပေးလိုက်သည်။

"ဘယ်တူနိုင်ပါ့မလဲဗျ"

ဆိုင်မီ၏လှောင်သရော်သောမျက်လုံးများ ဝင်စတန့်မျက်နှာပေါ် ပြေးလွှားနေသည်။ "ခင်ဗျားအကြောင်း ခုတ်သိပါဗျာ" ဟု သူ့မျက်လုံးများ က ဆိုနေသယောင်ရှိသည်။ "ခင်ဗျားကို ကျုပ် ကောင်းကောင်းမြင်တယ်။ အကျဉ်းသားတွေကြိုးပေးတဲ့ပွဲ ဘာဖြစ်လို့ သွားမကြည့်သလဲ ကျုပ် ကောင်း ကောင်းသိတယ်" ဟု ထိုမျက်လုံးများက ပြောနေသည်။ ဆိုင်မီသည် ပညာ တတ်နည်းလမ်းမျိုးဖြင့် အဆိပ်ပြင်းလှသော ရေးရိုးစွဲသမားဖြစ်၏။ ရန်သူ့ရွာ များကို ရဟတ်ယာဉ်ဖြင့် စီးနင်းတိုက်ခိုက်မှုအကြောင်း၊ မနောကံရာဇဝတ် သားများ၏ခံဝန်ချက်နှင့် ပြစ်ဒဏ်စီရင်ခြင်းများအကြောင်း၊ မေတ္တာဝန်ကြီး ဌာနမှ မြေတိုက်အကျဉ်းသားများအား သတ်သည့်ပွဲအကြောင်း မြိန်ရည် ယှက်ရည် ရွှံ့စရာကောင်းလောက်အောင် ပြောတတ်သူဖြစ်သည်။

ဆိုင်မီ့မျက်လုံးမည်းမည်းကြီးများ၏ စေ့စေ့စပ်စပ်ကြည့်ရှုနေမှုကို ရှောင်ကွင်းရန် ဝင်စတန်သည် ဦးခေါင်းကိုအသာငဲ့လိုက်သည်။

"ကြိုးပေးတဲ့ပွဲက တော်တော်ကောင်းတယ်ဗျ" ဟုဆိုကာ ဆိုင်မီ တသသဖြစ်နေသည်။ "ခြေထောက်တွေကြိုးချည်တာကတော့ ပွဲဖျက်သွား သလိုပဲ။ ကန်ထုတ်တာကို ကျွန်တော်က ကြည့်ချင်တာဗျ။ အကြိုက်ဆုံးက တော့ လျှာထွက်တာပဲ။ ပြာနှမ်းနေမှ။ အဲဒါ ကျွန်တော်အစွဲဆုံး"

ယောက်ကော်ဇွန်းကြီးကိုင်ထားသော ရှေ့ဖုံးခါးစည်းအဖြူနှင့် စည်း ထားသူက "နောက်တစ်ယောက်" ဟု အော်လိုက်ရာ ဝင်စတန်နှင့် ဆိုင်မီ သံဇကာကွက်အောက်သို့ လင်ပန်းချပေးလိုက်သည်။ လင်ပန်းနှစ်ချပ်ထဲသို့ ပုံမှန်နေ့လယ်စာ စွပ်ခနဲရောက်လာသည်။ ပေါင်မုန့်တစ်တုံး၊ ဒိန်ခဲတစ်ခဲ၊ သတ္တုခွက်ထဲ ထည့်ထားသော အရည်သောက် ချက်ထားသည့် အသားပြုတ် ဟင်း၊ နို့မပါသော ဗစ်ထရီကော်ဖီ မတ်ခွက်တစ်ခွက်နှင့် ဆေးသကြား တစ်ပြား။

"ဟိုဘက်မှာစားပွဲတစ်လုံး၊ တယ်လီစကင်အောက်မှာလေ။ ဂျင်ပါ တစ်ခါတည်း ယူသွားရအောင်" ဟု ဆိုင်မီပြောသည်။

ကိုင်းမပါသောကြွေမတ်ခွက်ဖြင့် ဂျင်အရက်ထွက်လာသည်။

လူပြည့်နေသောအခန်းထဲ ဝင်စတန်တို့တတွေ လမ်းထွင်လျှောက်ကာ သတ္တု ပြားအုပ်ထားသော စားပွဲပေါ် လင်ပန်းများချလိုက်ကြသည်။ စားပွဲ

ထောင့်တွင် ဖိတ်ကျနေသော ဟင်းရည်အကွက်ကြီး တစ်ကွက်။ ညစ်တီးညစ်ပတ် ဟင်းရည်ကွက်သည် အန်ဖတ်နှင့် တူနေသည်။

ဝင်စတန်သည် ဂျင်မတ်ခွက်ကိုမပြီး ပျစ်ချွဲချွဲအရည်များကို အားတင်းပြီး တရှိန်ထိုးမော့ချလိုက်သည်။ မျက်ရည်ဝိုင်းလာသည်ကို ပုတ်ခတ် ပုတ်ခတ်လုပ်ပြီးသည်နှင့် သူသိပ်ဆာလောင်နေမှန်း ချက်ချင်း သိလိုက်သည်။ အသားပြုတ်ဟင်းရည်ကို ဇွန်းအပြည့် ခပ်ခပ်ပြီးမျိုသည်။ ထုံးစံအတိုင်း ဖုံးဖောလအော အရည်ထဲ အသားအဖြစ် မည်ကာမတ္တ ဖန်တီးထားဟန်တူသော ပန်းနုရောင်ပျော့စိစိအတုံးလေးများပါသည်။

သတ္တုခွက်ထဲမှ အရည်သောက်ဟင်းများ မကုန်မချင်း ဝင်စတန်ရော ဆိုင်မီပါ စကားမပြောကြ။ ဝင်စတန့်ဘယ်ဘက် နောက်ကျောနားကလေးတွင် တစ်ယောက်ကအသံကုန်မောင်းတင်ပြီး တရစပ်ပြောနေသည်။ ဘဲတဂတ် ဂတ်အော်သည့်အတိုင်းဖြစ်၏။ အခန်းထဲ ဟုန်နေသောအသံများကို ထွင်းဖောက်၍ ထိုလူ့အသံ ပေါ်ထွက်လာနေသည်။

"အဘိဓာန်စာအုပ်ကော ဘယ်လိုလဲ" ဟု ဝင်စတန်သည် အခြား အသံများကို ကျော်လွှန်နိုင်အောင် ကျယ်ကျယ်မေးသည်။

"နှေးပါ့ဗျာ။ ကျွန်တော်က နာမဝိသေသနပိုင်းကို လုပ်ရတယ်။ စိတ်ဝင်စားဖို့တော့ကောင်းတယ်"

ခေတ်သစ်ဘာသာစကားအကြောင်း ဖွင့်ဟလိုက်ရ၍ ဆိုင်မီ မျက်နှာ ဝင်းသွားသည်။ ဟင်းရည်ခွက်ကို ဘေးတွန်းလိုက်သည်။ ပေါင်မုန့်နှင့်ဒိန်ခဲကို လက်တစ်ဖက်စီတွင်ကိုင်ထားပြီး အော်မပြောရအောင် ကိုယ်ကြီးရှေ့ကိုင်း လာသည်။

"အခုဆယ့်တစ်ကြိမ်မြောက် အဘိဓာန်တည်းဖြတ်တာ အပီပဲဗျာ။ ဒီဘာသာစကားကို နောက်ဆုံးအဆင့် ပုံပေါ်လာအောင် လုပ်နေတာဗျ။ လူ တွေ စကားမပြောတော့ဘူးဆိုမှ ဒီအဘိဓာန် နောက်ဆုံးအဆင့်ရောက်လာ မယ်။ ကျွန်တော်တို့တည်းဖြတ်လို့ ပြီးသွားပြီဆိုရင် ခင်ဗျားတို့လို လူတွေက ပြန်သင်ယူရဦးမယ်။ ခင်ဗျားထင်တာက- ကျွန်တော်ပြောရဲတယ်ဗျာ။ ခင်ဗျား စိတ်ထဲ ကျွန်တော်တို့ရဲ့ အဓိကအလုပ်က ဝေါဟာရအသစ်တွေ တီထွင်ဖန်တီး တယ်လို့ ထင်တယ်မဟုတ်လား။ တစ်စက်မှ မဟုတ်ဘူး။ ကျွန်တော်တို့က ဝေါဟာရတွေကို ဖျက်ဆီးပစ်တာ။ နည်းနည်းနောနော မဟုတ်ဘူး။ နေ့တိုင်း နေ့တိုင်း ရာချီပြီးတော့ကို ဖျက်ဆီးပစ်တာ။ ဘာသာစကားကို အသားတွေ ထွင်ပြီး အရိုးပဲကျန် အောင်လုပ်တာ။ အခု ဆယ့်တစ်ကြိမ်မြောက် တည်းဖြတ်ခြင်းထဲမှာ ၂၀၅၀ ပြည့်နှစ် မတိုင်ခင် ပေ့ နောက်ကျသွားမယ့် ဝေါဟာရတစ်လုံးမှ မပါဘူး" ဆိုင်မီသည် ပေါင်မုန့်ကို ဆာလောင်မွတ်သိပ်စွာ ပလုပ်ပလောင်း လွေးသည်။ ထို့နောက် အနုစိတ်ကျလွန်းသူတစ်ယောက်၏ စိတ်အားထက် သန်မှုမျိုးဖြင့် စကားတွေပြောသည်။ ညိုမှောင်သေးသွယ်သော သူ့မျက်နှာ သည်

သက်ဝင်လှုပ်ရှားနေသည်။ မျက်လုံးထဲမှ ပြောင်စပ်စပ်မှုရာ ဆိတ်သုဉ်း သွားကာ ထိုမျက်လုံးများ စိတ်ကူးယဉ်နေသည်။

"သိပ်လှတဲ့အလုပ်ဗျာ။ ဝေါဟာရဖျက်ဆီးတာကို ပြောတာ။ အပို တွေ များတာက ကြိယာနဲ့ နာမဝိသေသန။ ဒါပေမယ့် ဖျက်မယ်ဆိုရင် နာမ်ထဲ မှာ လည်း စာလုံးရေရာချီပြီးရှိတယ်။ ဆင်တူယိုးမှား ဝေါဟာရတင်မကဘူး။ ဆန့်ကျင်ဘက်ဝေါဟာရတွေပါ ရှိတယ်။ ပြောရရင် ဝေါဟာရတစ်ခုဟာ တခြားဝေါဟာရရဲ့ဆန့်ကျင်ဘက်ဖြစ်ဖို့ ဘာတွေများရှင်းချက်ရှိသလဲ။ ဝေါဟာရတစ်ခုမှာ သူ့ရဲ့ ဆန့်ကျင်ဘက်က အလိုလိုရှိပြီးသားပဲ။ ဥပမာ 'ကောင်းတယ်' ဆိုတဲ့ဝေါဟာရကိုကြည့်၊ 'ကောင်းတယ်" ဆိုတဲ့ဝေါဟာရ ရှိနေမှ တော့ 'ဆိုးတယ်" ဆိုတဲ့ဝေါဟာရ ရှိဖို့လိုသေးလား။ "မကောင်းဘူး" ဆိုရင် အတူတူပဲပေါ့။ ပိုတောင်ကောင်းသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိကျတဲ့ ဆန့်ကျင်ဘက်စကား ဖြစ်သွားလို့။ ပြီးတော့ ရှိသေးတယ်။ တကယ်လို့ ခင်ဗျား က 'ကောင်းတယ်" ဆိုတဲ့ ဝေါဟာရထက် ပိုပြီးအားကောင်းတဲ့ သဘောကို ပြောချင်ရင် 'ထူးကဲတယ်" "ပြောင်မြောက်တယ်""အတိုင်းထက်အလွန်' ဒီလို အရည်မရ အဖတ်မရတွေ ပြောနေမယ့်အစား "ထပ်ပေါင်းကောင်းတယ်" ဆို ရင် မပြီးဘူးလား။ ဒီ့ထက်ပိုပြီး အားကောင်းတဲ့ ဝေါဟာရကိုမှ သုံးချင်ပါတယ်ဆိုရင် 'နှစ်ထပ်ကွမ်းထပ်ပေါင်းကောင်းတယ်' လို့ သုံးရုံပဲ။ ဒီလိုပုံစံတွေ အခုပဲသုံးနေကြပါပြီလေ။ ဒါပေမယ့် ခေတ်သစ်ဘာသာစကားရဲ့ နောက်ဆုံး တည်းဖြတ်ခြင်းမှာ ဘာမှမပါတော့ဘူး။ နောက်ဆုံးမှာ ကောင်းတယ်တို့ဆိုး တယ်တို့ အသိမျိုးအတွက် စာလုံးခြောက်လုံးနဲ့ပြီးပြီ။ တကယ့်အစစ်အမှန်က တစ်လုံးထဲဗျာ။ အဲဒီအလှအပကို ခင်ဗျားမြင်ပြီလား ဝင်စတန်။ အဲဒီအကြံ ဟာ အစ်ကိုကြီးဆီက မြစ်ဖျားခံခဲ့တာ၊ တကယ်ဗျ"

နောက်ဆုံးစကားကို ဆိုင်မီသည် နောက်ကျမှသတိရ၍ ပြောလိုက်ခြင်းဖြစ်သည်။

ရဲဘော်ကြီးဆိုသော အသံကြားလိုက်ရ၍ ဝင်စတန်နှင့်မျက်နှာပေါ် ငြီးငွေ့ရိပ်ဖြတ်ပြေးသွားသည်။ ဝင်စတန် စိတ်အားထက်သန်မှုမရှိမှန်း ဆိုင်မီ ချက်ချင်းရိပ်မိလိုက်၏။

"ခေတ်သစ်ဘာသာစကားကို ခင်ဗျားတကယ်စိတ်မဝင်စားပါဘူး ဝင်စတန်။" ဆိုင်မ့်ပုံစံက ဝမ်းနည်းပက်လက် ဖြစ်တော့မည့်ပုံစံ။ "ခင်ဗျား စာရေးနေတဲ့အချိန်မှာတောင် ခေတ်ဟောင်းအပြောကိုပဲ ခင်ဗျားတွေးနေတာ။ တိုင်းမ်စ်သတင်းစာထဲမှာ ခင်ဗျားရေးထားတာတွေ ကျွန်တော်ဖတ်ရပါတယ်။ မဆိုးပါဘူး။ ဒါပေမယ့် ဘာသာပြန်တွေဖြစ်နေတယ်။ ခင်ဗျားရင်ထဲမှာကိုက ခေတ်ဟောင်းအပြောကို ခင်ဗျားပိုကြိုက်နေတာ။ ဝေဝေဝါးဝါးနိုင်တာတွေ၊ အရိပ် မိုးနေတဲ့အဓိပ္ပါယ်တွေ။ ဝေါဟာရဖြိုချခြင်းဆိုတဲ့ အလှအပကို ခင်ဗျား မိမိရရမရှိသေးဘူး။ နှစ်တိုင်းနှစ်တိုင်း ဝေါဟာရတွေနည်းသွားတဲ့ ဘာသာ စကားဟာ

ဒီကမ္ဘာပေါ်မှာ ခေတ်သစ်စကားတစ်ခုပဲရှိတာ ခင်ဗျားသိလား”

ဝင်စတန် သိပါသည်။ ဝင်စတန် ပြုံးပြသည်။ လိုက်လိုက်လျောလျောအပြီးဖြစ်မည်ဟု မျှော်လင့်ရသည်။ စကားပြောဖို့ကိုမူ မိမိကိုယ်ကို စိတ်မချ။ ဆိုင်မီသည် မဲမဲသဲသဲပေါင်မုန့်ကို နောက်တစ်ကိုက်ကိုက်ပြီး သုံးလေးချက်လောက်ဝါးကာ စကားဆက်သည်။

“ခေတ်သစ်ဘာသာစကားရဲ့ ရည်ရွယ်ချက်တစ်ခုလုံးဟာ အတွေးစဉ်ကိုချုံ့ဖို့ဆိုတာ ခင်ဗျား သဘောမပေါက်ဘူးလား။ နောက်ဆုံးမှာ မနောကံရာဇဝတ်မှုဆိုတာ တကယ်မဖြစ်နိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့မနောကံကိုဖော်ပြဖို့အတွက် ဘာစာလုံးမှ မရှိတော့ဘူးလေ။ လိုအပ်တဲ့ အယူအဆကို စကားလုံးတစ်လုံးနဲ့ပဲ ဖော်ပြတော့မယ်။ အဓိပ္ပါယ်ကလည်း ခိုင်မာမယ်။ ဘေးထွက်အဓိပ္ပါယ်တွေကိုလည်း ဖျက်ချလိုက်ပြီး မေ့ပစ်လိုက်မယ်။ အခုဆယ့်တစ်ကြိမ်မြောက် တည်းဖြတ်ခြင်းမှာတောင် ဒီရည်ရွယ်ချက်နဲ့ သိပ်မဝေးတော့ဘူး။ ဒါပေမယ့် ဖြစ်စဉ်ကတော့ကြာဦးမှာပါ။ ခင်ဗျားတို့ ကျွန်တော်တို့ သေသွားပြီးတဲ့အထိ ဆက်ဖြစ်နေဦးမှာပဲ။

နှစ်တိုင်းနှစ်တိုင်း ဝေါဟာရတွေနည်းလာမယ်။ ဦးနှောက်အသိဟာလည်း တဖြည်းဖြည်းသေးလာ မယ်။ အခုတောင်မှ၊ တကယ်ပြောတာ၊ အခုတောင်မှ မနောကံရာဇဝတ်မှု ကျူးလွန်ဖို့ ဘာအကြောင်းမှ မရှိတော့ဘူး။ အရှိတရား ထိန်းချုပ်မှု၊ မိမိကိုယ်ကို စည်းကမ်းသတ်မှတ်မှု- ဒီကိစ္စပါပဲ။ ဒါပေမယ့်လည်းဗျာ၊ နောက်ဆုံးမှာ ဒါမျိုး တွေ မလိုအပ်တော့ပါဘူး။ ဘာသာစကား ပြီးပြည့်စုံသွားပြီဆိုရင် တော်လှန်ရေးဟာလည်း ပြီးဆုံးသွားပါပြီ။ ခေတ်သစ်ဘာသာစကားဆိုတာ “အင်ဆော့”၊ “အင်ဆော့” ဆိုတာ ခေတ်သစ်ဘာသာစကား”

အဆန်းတကြယ်စိတ်ကျေနပ်မှုတစ်မျိုးဖြင့် ဆိုင်မီစကား ထပ်ဖြည့်သည်။

“ဝင်စတန်၊ ခင်ဗျားတွေးဖူးလား။ ၂၀၅၀ ပြည့်နှစ်ကို နောက်ဆုံး ထားဗျာ။ အဲဒီအချိန်ကျရင် အခုခင်ဗျားနဲ့ကျွန်တော် ပြောနေတဲ့စကားကို နားလည်တဲ့လူတစ်ယောက်မှ ရှိတော့မှာမဟုတ်ဘူး”

“ဒါပေမယ့်-”

ဝင်စတန် ဇဝေဇဝါဖြင့်စကားဆက်မပြော။ “အခြေခံလူတန်းစား တွေက လွဲလို့ပေါ့ဗျာ” ဟူသောစကားသည် ဝင်စတန့် လျှာဖျားလေးတင်ရှိနေသည်။ သို့ရာတွင် ထိုမှတ်ချက်များသည် တစ်နည်းနည်းဖြင့် အယူမှားသလား ဆိုသည်ကို ဝင်စတန် မသေချာ။ မည်သို့ဆိုစေ ဆိုင်မီသည် ဝင်စတန်ပြော ချင်သည့်စကားကို အာရုံခံမိသွားသည်။ ဆိုင်မီ ပစ္စလက္ခတ်ပြောသည်။

“အခြေခံ ပစ္စည်းမဲ့လူတန်းစားတွေဟာ လူသားမဟုတ်ပါဘူး။ ၂၀၅၀ ပြည့်နှစ်- ဒါမှမဟုတ် ဒီ့ထက်လည်း စောချင်စောမှာပေါ့။ အဲဒီအချိန် လောက်ဆိုရင် ခေတ်ဟောင်းဘာသာစကားရဲ့ အစစ်အမှန် အသိဉာဏ်တွေဟာ ပျောက်ကွယ်သွားပြီ။ အတိတ်ခေတ်ရဲ့စာပေ အလုံးစုံပျက်စီးသွားပြီ။ ရှောဆာတို့

ရှိတ်စပီးယားတို့ မီလ်တန်တို့ ဘိုင်ရွန်တို့ သူတို့တွေဟာ ခေတ်သစ် ဘာသာစကားထဲမှာပဲ ရှိနေတော့မယ်။ ကွဲပြားတဲ့အသွင်အဖြစ် ပြောင်းလဲ သွားရုံတင် သက်သက်မဟုတ်ဘူး။ သူတို့ဖြစ်တည်နေကျပုံစံနဲ့ ဖြောင့်ဖြောင့် ကြီး ဆန့်ကျင်ဘက်ဖြစ်သွားမှာ။ ပါတီရဲ့စာပေတောင် ပြောင်းလဲသွားမယ်။ ပါတီဆောင်ပုဒ်တွေတောင် ပြောင်းသွားဦးမယ်။ ဥပမာ- 'လွတ်လပ်ရေးသည် ကျွန်စံနစ်" ဆိုတဲ့ဆောင်ပုဒ်ကိုကြည့်။ လွတ်လပ်ရေးဆိုတဲ့ သဘောတရားကို ဖျက်သိမ်းပစ်လိုက်ပြီဆိုမှတော့ ဒီဆောင်ပုဒ် ဘယ်လိုလုပ် ရှိနိုင်တော့မလဲ။ တွေးပုံခေါ်ပုံတစ်ခုလုံးဟာ ကွဲပြားသွားတော့မယ်လေ။ တကယ် ပြောရရင် ဘာအတွေးအခေါ်မှကို ရှိမလာတော့ဘူး။ ကျွန်တော်တို့ နားလည်ပြီးသားပဲ။ အယူမှန်တယ်ဆိုတာ မစဉ်းစားခြင်းကိုပြောတာ။ စဉ်းစားဖို့လိုအပ်တာ မဟုတ်ဘူး။ အယူမှန်တယ်ဆိုတာ ဘာမှမသိခြင်းပဲ"

တစ်နေ့နေ့တွင် ဆိုင်မီ အငွေ့ပြန်တော့မည်ကို ဝင်စတန် ဖြုန်းခနဲ အသေအချာသိလိုက်သည်။ ဆိုင်မီသည် ဉာဏ်ကောင်းလွန်းနေသည်။ အရာရာကို ပီပြင်စွာမြင်တတ်လွန်းသည်။ စကားကိုလည်း အရှင်းသားကြီး ပြောချနေသည်။ ပါတီသည် ထိုလူစားမျိုးကို မကြိုက်။ တစ်နေ့နေ့တွင် ဆိုင်မီ ကွယ်ပျောက်တော့မည်ဟု မျက်နှာပေါ် ကမ္ပည်းတင်ထားသည်။

ပေါင်မုန့်နှင့်ဒိန်ခဲကို ဝင်စတန်စားပြီးသွားပြီ။ ကော်ဖီသောက်ရန် မသိမသာကိုယ်ကိုလှည့်၍ ဘယ်ဘက်မှလူကို အသာ အကဲခတ်ကြည့်သော် ထိုလူသည် ငှက်ဆိုးထိုးသံဖြင့် တရစပ် ပါးစပ်သေနတ် ပစ်နေလေသည်။ ဝင်စတန့်ကို ကျောပေးထိုင်နေသော မိန်းမငယ်ငယ်တစ်ယောက်က ထိုလူ စကားပြောသည်ကို နားထောင်နေသည်။ ထိုလူ၏အတွင်းရေးမှူးမလေး ဖြစ်နိုင်သည်။ ထိုလူကြီး ဘာပြောပြော၊ ထိုကောင်မလေးက အားတက်သရော သဘောတူပေးချင်ပုံရသည်။ "သိပ်သိပ်ကို မှန်တာပါပဲရှင်" "အရမ်းအရမ်း ကို သဘောတူတယ်" စသောမှတ်ချက်များကို ဝင်စတန် တုံ့ပိုင်း တုံ့ပိုင်းကြား လာရသည်။ အသံသည် ပေါသလိုလိုကြောင်သလိုလို ကလေးအသံဖြစ်သည်။ သို့သော် လူကြီး၏အသံက တရုံတဆစ်မျှ ရပ်တန့်မသွား။ ကောင်မလေးစကားဝင်ပြောချိန်မှာပင် ထိုလူကြီး စကားပြောမနား။

ထိုလူကြီးကို ဝင်စတန် မကြာခဏမြင်ဖူးသော်လည်း ဝတ္ထုဌာနတွင် အရေးကြီးတာဝန်ကို ယူထားသည့် အကြောင်းမှလွဲ၍ ထိုလူကြီးအကြောင်း ဘာမှမသိ။ ထိုလူသည် အသက်သုံးဆယ်ခန့်၊ လည်ပင်းအစ်အစ်နှင့် ပါးစပ်ပြဲ ကြီးက လှုပ်ရှားမှုများသည်။ ဦးခေါင်းကို မဆိုစလောက်မော့ထားသည်။ မျက်မှန်သည် အလင်းရောင် ဟပ်နေသဖြင့် ဝင်စတန့်နေရာမှ ကြည့်လျှင် မျက်လုံးကို မမြင်ရဘဲ မှန်ဝိုင်းကြီးနှစ်ချပ်သာပြူးနေသည်။

ထိုလူကြီးနှုတ်မှ စကားလုံးများ တရစပ်ထွက်အန်ကျနေသော်လည်း ဝင်စတန် တစ်လုံးမှ သဲသဲကွဲကွဲနားမလည်။ ဤအဖြစ်က နည်းနည်းတော့

လန့်စရာကောင်းသည်။ သူ့စကားထဲမှ စကားလုံးတစ်တွဲကိုသာ ဖမ်းမိလိုက်သည်။ "ဂိုးစတိန်းဝါဒကို လုံးဝဥဿုံ ဖယ်ရှားသုတ်သင်ခြင်း"။ ထိုစကားလုံး သည် အရှိန်ဖြင့်ထွက်ထွက် လာသည်။။ ထိုစကားတစ်တွဲမှလွဲ၍ ကျန်အားလုံး သည် ဘဲတဂတ် ဂတ်မြည်နေခြင်းသာဖြစ်၏။ ထိုလူကြီး ဘာပြောနေမှန်းသာ မသိသော်လည်း စကားအကြောင်းအရာ၏ ယေဘုယျသဘောကို သံသယ ဖြစ်နေစရာပင်မလို။ ဂိုးစတိန်းကို ရှုတ်ချခြင်း ဖြစ်မည်။ မနောကံ ရာဇဝတ် သားများနှင့် အဖျက်သမားများကို ပိုပြီးတင်းကျပ်ဖို့ တောင်းဆိုခြင်း ဖြစ်မည်။ ယူရေးရှားတပ်မတော်၏ ရက်စက်ကြမ်းကြုတ်မှုကို အာပေါင် အာရင်းသန်သန်ပြောခြင်းဖြစ်မည်။ အစ်ကိုကြီးနှင့် မာလာဘားရှေ့တန်းမှ သူရဲကောင်းများကို ချီးကျူးခြင်းဖြစ်မည်။ ဘာမှမထူး။ ထိုလူကြီး ဘာကိုပဲပြော နေနေ၊ စကားလုံးတိုင်းသည် အယူမှန် သန့်သန့်ကလေးဖြစ်နေမည်။ အင် ဆော့ သန့်သန့်ကလေးဖြစ်နေမည်။

မျက်လုံးမပါသောမျက်နှာကြီး၊ နိမ့်ချည်မြင့်ချည် လှုပ်ရှားနေသော မေးရိုး။ ဝင်စတန်သည် ကြည့်ရင်းကြည့်ရင်း စိတ်ထဲ အထူးတဆန်းဖြစ်လာသည်။ ထိုလူကြီးသည် လူသားစစ်စစ်မဟုတ်ဘဲ ကိုယ်တိုင်းရုပ်တစ်မျိုးသာ ဖြစ်၏။ ပြောနေသောစကားသည် ဦးနှောက်ထဲမှမဟုတ်။ အသံအိုးထဲမှ ဖြစ်၏။ ထိုလူကြီးထံမှ စကားလုံးများထွက်လာနေသော်လည်း ယုတ္တိယုတ္တာရှိသည့် စကားမဟုတ်။ သတိလက်လွတ် ဘဲလိုတဂတ်ဂတ်အော်နေခြင်းသာဖြစ်၏။

ဆိုင်မီသည် ခဏတော့ငြိမ်ကျသွားသည်။ ဟင်းရည်ကွက်ပေါ် ဇွန်း ဖြင့်ပုံရေးနေသည်။ ဘေးစားပွဲမှအသံသည် ပတ်ပတ်လည် သားရဲတွင်းထဲမှ အသံများကို ထိုးခွဲပြီး တဂတ်ဂတ်မြည်ကောင်းနေဆဲ။

"ခေတ်သစ်ဘာသာစကားမှာ စကားလုံးတစ်လုံးရှိတယ်ဗျ။ ဝင်စတန်၊ အဲဒါခင်ဗျားသိမလား မသိဘူး။ 'ဘဲစကား'တဲ့။ ဘဲလို တဂတ်ဂတ် မြည်နေတာ။ စိတ်ဝင်စားစရာကောင်းတာက ဒီစကားလုံးမှာ ဆန့်ကျင်ဘက် အဓိပ္ပါယ်နှစ်မျိုးရှိတယ်။ ကိုယ်သဘောကျတဲ့ လူဆိုရင် ဒါချီးကျူးတဲ့ စကားလုံး ပေါ့။ ကိုယ်သဘောမကျတဲ့လူ ဆိုရင် ဒါရှုတ်ချတဲ့စကားလုံးဖြစ်ရော"

မေးစရာပင်မလိုတော့။ ဆိုင်မီ အငွေ့ပြန်တော့မည်။ ဝင်စတန့် စိတ်ထဲမကောင်း။ ဆိုင်မီသည် ဝင်စတန့်ကို အထင်သေးမှန်း၊ နည်းနည်းတော့ မုန်းတီးမှန်း၊ ဝင်စတန်သိသည်။ ဝင်စတန့်ထံတွင် အကြောင်းပြချက် တစ်ခုခု သာ ရှာတွေ့ပါက မနောကံရာဇဝတ်ပြစ်မှုအတွက် ရဲကိုလက်တို့ဖို့သေချာသည်။ ဆိုင်မီသည် သိမ်မွေ့စွာ တစ်ခုခုမှားနေသည်။ သူ့ထံတွင် တစ်ခုခု ချို့တဲ့နေသည်။ လိမ္မာသိုသိပ်ခြင်း၊ အများတကာနှင့်ခပ်တန်းတန်းနေခြင်း၊ မိုက်ရူးရဲ မလုပ်ခြင်းစသော အရည်အသွေးမျိုး ချို့တဲ့နေသည်။

ဆိုင်မီကို ရှေးရိုးစွဲ ဆန့်ကျင်ရေးသမားဟု ပြော၍မရ။ ဆိုင်မီသည် အင်ဆော့ ဥပဒေသများကို ယုံကြည်သူ၊ အစ်ကိုကြီးကို ကိုးကွယ်သူ၊ အောင် ပွဲများအပေါ်

ပျော်ရွှင်တတ်သူ၊ အယူမှားများကိုမုန်းတီးသူ။ နောက်ဆုံးပေါ် သတင်းများကို ဆိုင်မီသိသည်။ နောက်ဆုံးပေါ်သတင်းဆိုသည်မှာ သာမန် ပါတီဝင်များ မချဉ်းကပ်နိုင်သောအရာ။ သို့တစေ ဆိုင်မီကို မသိမသာ နာမည် ဆိုးတစ်ခုက တွယ်ငင်ထားသည်။ မပြောဘဲနေလျှင် ပိုကောင်းမည့် စကားများ ကို ဆိုင်မီပြောသည်။ စာဖတ်လွန်းသည်။ ပန်းချီဆရာများ၊ ဂီတသမားများ စက်ကျသော သစ်အယ်ပင်ကဖီးဆိုင်ကို မကြာခဏသွားသည်။

ထိုကဖီးဆိုင်ကို မသွားရဟူသော ဥပဒေမရှိ။ ရေးမထားသော ဥပဒေပင် မရှိ။ သို့တိုင် ထိုနေရာသည် ကျိန်စာမိနေသည်။ ဂုဏ်သိက္ခာဆုံးရှုံး သွားသော ပါတီဝင်ခေါင်းဆောင်အိုကြီးများ နောက်ဆုံးအဆင့် သန့်စင်ပွဲထဲမသက်ဆင်းမီ ထိုကဖီးဆိုင်တွင် ရုံးစုရုံးစုလုပ်ကြသည်။ လွန်ခဲ့သော နှစ်များစွာ က ဂိုးစတိန်းကိုယ်တိုင် ထိုကဖီးဆိုင်ကို သွားတတ်လေ့ရှိကြောင်း ဝင်စတန် ကြားဖူးထားသည်။

ဆိုင်မီ့အနာဂတ်ကိုမြင်ဖို့ရာ ဘာမှမခက်တော့ပြီ။ သို့သော်လည်း ထိုအချက်ကို ဆိုင်မီ ဆုပ်မိသွားပါက၊ သုံးစက္ကန့်လောက် ပင်ထားဦး၊ ဆိုင်မီ သည် ဝင်စတန့်ကို သစ္စာဖောက်တော့မည်။ မနောကံရဲကို အချိန်မဆိုင်းဘဲ လက်တို့ ပေတော့မည်။ ဤသည်မှာ ဆိုင်မီ၏ သဘောသဘာဝ ပင်တည်းဟု ဝင်စတန် စိတ်ထဲက သိနေသည်။

ဆိုင်မီမော့ကြည့်ပြီး "ပါဆန် လာပြီဟေ့" ဟုဆိုသည်။

ဆိုင်မီ့အသံထဲမှ လေတစ်မျိုးက အဓိပ္ပါယ်တစ်ခု ထပ်ပေါင်း ပေးထားသည်။ "ဟိုသောက်ရူး"။

ဗစ်ထရီတိုက်တန်းမှ ဝင်စတန့်အဖော်ပါဆန်သည် လူအုပ်ထဲမှ တိုးထွက်လာနေသည်။ ပါဆန်သည် ဂင်တိုတိုနှင့်အလုံး အဖန် မကြီးမသေး အနေတော်ဖြစ်သည်။ ဆံပင်များက ရွှေဝါရောင်။ မျက်နှာက ဖားမျက်နှာ။ အသက်သုံးဆယ့်ငါးနှစ်အရွယ်တွင် ပါဆန်သည် ကုပ်ပိုးသားတက်ကာ ခါးတွင် အဆီစုနေပြီ။ သို့သော် သွက်သွက်လက်လက်နှင့် ကောင်ကလေးတစ်ယောက် လို ဖျပ်လတ်နေမြဲ။

ပါဆန့်ပုံသဏ္ဌာန်တစ်ခုလုံးသည် ကြီးကောင် ဝင်စကောင် လေးနှင့် ဘာမှမခြား။ ပါဆန်သည် ပုံမှန်ပါတီယူနီဖောင်းကို ဝတ်ထားသော် လည်း ထောက်လှမ်းရေးမှ ချာတိတ်လေးလို ဘောင်းဘီတို အပြာရုပ်အညိုနှင့် လည်စည်းအနီဝတ်ထားသလားဟု မတွေးဘဲမနေနိုင် အောင်ဖြစ်ရသည်။ ပါဆန့်ပုံစံကို စက္ခုအာရုံထဲ ပုံဖော်ကြည့်လျှင် အမြဲတမ်း ဒူးဆစ်လုံးလုံးလေးကို တွေ့ရမည်။ အင်္ကျီလက်များ လိပ်တင်ထားသော ဝဝကစ်ကစ် လက်မောင်း သားကိုတွေ့ရမည်။ အမှန်တကယ်တွင်လည်း လူထုလမ်းလျှောက်ပွဲများနှင့် အခြားကာယလှုပ်ရှားမှုများက ပါဆန့်ကို ဘောင်းဘီတိုနှင့် ရှပ်လက်တို ဝတ်ခွင့်ရစေသည်။

ပါဆန်သည် ဝင်စတန်နှင့်ဆိုင်မီ နှစ်ယောက်စလုံးကို ရွှင်ပျစွာ နှုတ်ဆက်ပြီး စားပွဲတွင်ဝင်ထိုင်သည်။ ဝင်စတန်တို့တတွေ ချွေးစေ်နံဟောင်သွားသည်။ ပါဆန်၏ပန်းနုရောင်မျက်နှာပေါ် ချွေးလုံးကြီးသီးနေသည်။ ပါဆန်၏ချွေးထွက်နိုင်စွမ်းသည် သာမန်ထက် ထူးကဲသည်။ ရပ်ကွက်အသင်းတိုက် တွင် ဘက်တံလက်ကိုင်၏စိုထိုင်းဆကိုကြည့်ပြီး ပါဆန်ဘယ်တုန်းက စားပွဲ တင်တင်းနစ် ကစားသွားသည်ကို တပ်အပ်ပြောနိုင်သည်။

ဆိုင်မီသည် စာရွက်ပိုင်းလေးထုတ်ပြီး စာရွက်ပေါ်မှ စာလုံးများကို လေ့လာနေသည်။ မင်စိုခဲတံကိုင်ထား၏။ ပါဆန်သည် ဝင်စတန့်ကို တံတောင်နှင့်တွက်ပြီး "ကြည့်ပါဦး။ စားချိန်မှာတောင် အလုပ်လုပ်နေတယ်။ အရမ်းစိတ်ပါတယ်ပေါ့၊ ဟလား။ ၊ ဘာတွေများတုန်း ကောင်လေးရေ။ ကျုပ် အတွက် ဦးနှောက်စားတဲ့ အလုပ်တွေလား။ ဟုတ်မှာပါ။ ဒီမယ် စမစ်သ်၊ ခင်ဗျားကို ဘာဖြစ်လို့ ကျုပ်လိုက်ရှာနေတယ် ဆိုတာ ပြောပြမယ်။ ခင်ဗျားငွေ သွင်းစရာ ရှိတယ်လေ"

"ဘာများတုန်း"

ငွေရေးကြေးရေးကို ဝင်စတန် ချက်ချင်းစိတ်ရောက်သွားသည်။ လစာငွေ၏လေးပုံတစ်ပုံကို ဟိုကြေးသည်ကြေးပေးလိုက်ရသည်မှာ စုံလို့နေသည်။ ပေးစရာဟူသမျှကို မျက်ခြေမပြတ် ဖြစ်နေဖို့ဆိုသည်မှာ မလွယ်။

"အမုန်းရက်သတ္တပတ်အတွက်လေ။ ခင်ဗျားသိပါတယ်။ အိမ်တိုင်း စေ့ ကောက်တယ်။ ကျုပ်က ဗစ်ထရီတိုက်တန်းရဲ့ ငွေထိန်း။ ကျုပ်တို့ အစွမ်း ကုန်လုပ်ကြမှာ။ ကျုပ်ပြောမယ်။ တစ်လမ်းလုံးမှာ ကျုပ်တို့တိုက်တန်းက အလံ အများဆုံးမရရင် ကျုပ်အပြစ်မဟုတ်ဘူး။ ခင်ဗျား နှစ်ဒေါ်လာထည့်မယ်လို့ ကတိပေးပြီး သားနော်"

နွမ်းဖတ်နေသော ငွေစက္ကူကို ဝင်စတန်ရှာတွေ့ပြီး ပါဆန့်အား ပေး လိုက်သည်။ စာမတတ်သူ၏ သပ်ရပ်သောလက်ရေးဖြင့် ပါဆန်သည် မှတ်စု စာအုပ်ထဲ စာရင်းသွင်းသည်။

"စကားမစပ်ပြောရဦးမယ်။ မနေ့ကပေါ့၊ ကျုပ်အိမ်က သူတောင်း စားလေးက ခင်ဗျားကို လောက်လေးနဲ့ ပစ်တယ်ဆို၊ ကျုပ်သူ့ကို ကောင်း ကောင်းသမပေးလိုက်တယ်။ နောက်တစ်ခါ ဒါမျိုးထပ်လုပ်လို့ကတော့ လောက်လေးသိမ်းမယ်လို့ ပြောထားတယ်""ကြိုးပေးပွဲမသွားရလို့ ကလေးက ခင်ဗျားကိုနည်းနည်း စိတ်ခုနေ တယ်ထင်တယ်" ဟု ဝင်စတန်ဖြေပေးသည်။

"အင်း . . . ကျုပ်ပြောချင်တာက ဒီလို။ အဲဒါ ကလေးက စိတ်မှန် နေပြီလို့ ဖော်ပြနေတာ။ မဟုတ်ဘူးလား။ နှစ်ကောင်စလုံးပါပဲ။ တကယ့် အပုပ်အယုတ် သူတောင်းစားလေးတွေ။ ဒါပေမယ့် ထက်ပုံကိုပြောရမယ်ဆိုရင် ပြီးခဲ့တဲ့ စနေနေ့တုန်းက အိမ်ကသူတောင်းစားမလေး ဘာလုပ်လဲသိလား။ သူတို့စစ်ကြောင်း ဘက်ခမ်းစတက်ကို အသွားမှာ ဒီကောင်မလေးက အဖော် နှစ်ယောက်နဲ့ အသာလစ်ထွက် လာပြီး လူတစ်ယောက်နောက်ကို လိုက်ကြတယ်။

နှစ်နာရီတောင်ကြာတယ်။ တောထဲဖြတ်ပြီး လိုက်ကြတာဗျ။ အေမား ရှမ်းကိုရောက်မှ အဲဒီလူကို လှည့်ကင်းလက်ထဲအပ်လိုက်တာ"

ဝင်စတန်လန့်သွားသည်။ "ဘာဖြစ်လို့တုန်းဗျ"

ပါဆန်ကမူ အောင်နိုင်ဝံ့ကြွားစွာ စကားဆက်သည်။

"ကျုပ်သမီးက ဒီလူကို ရန်သူ့အေးဂျင့်လို့ယုံတယ်။ ဥပမာ လေထီး နဲ့ ကျလာတာမျိုး။ ဒါပေမယ့် တကယ့်အချက်ကို ပြောမယ်။ ဘယ်လိုကြောင့် ဒီလူဟာ ကျုပ်သမီးခေါင်းထဲကိုဝင်သွားလဲ။ ခင်ဗျားဘယ်လိုထင်လဲ။ ဒီလူစီး ထားတဲ့ဖိနပ်ဟာ ရယ်စရာကြီးဗျ။ ဒါကိုသမီးကတွေ့သွားတယ်။ အရင်က တစ်ခါမှ ဒါမျိုး မမြင်ဖူးဘူးတဲ့။ နိုင်ငံခြားသားဖြစ်ပုံ ရတယ်ပေါ့။ ခုမှ ခုနစ်နှစ် ရှိသေးတဲ့ကလေး၊ မထက်ဘူးလား"

"ဟိုလူဘာဖြစ်သွားလဲ"

"အ-ဒါတော့ ဘယ်ပြောတတ်မလဲ။ ဒါပေမယ့် မအံ့ဩပါဘူး ဗျာ-" ဟု ပြောပြောဆိုဆို ပါဆန်သည် ရိုင်ဖယ်ချိန်သည့် ပုံစံမျိုးလုပ်ပြသည်။ သေနတ်သံပေါက်ကွဲခြင်းအတွက် လျှာကို ကလောက်ခနဲလုပ်သည်။

"ကောင်းပါတယ်" ဟု ဆိုင်မီသည် မော့မကြည့်ဘဲ စိတ်လက်မပါ စကားထောက်သည်။

"ဒါပေါ့။ ကျွန်တော်တို့များ စွန့်စားနိုင်တဲ့အစွမ်းမရှိဘူး" ဟု ဝင်စတန် ဝတ္တရားကျေပြောလိုက်သည်။

"ကျုပ်ပြောချင်တာက စစ်ပွဲကတော့ စနေပြီ"

ပါဆန့်စကားကို အတည်ပြုပေးလိုက်သည့်အလား သူတို့ ဦးခေါင်း အထက်နားလေးရှိ တယ်လီစကင်မှ ခရာသံလွင့်ပျံလာသည်။ သည်တစ်ကြိမ် အောင်ပွဲရစစ်သတင်းများ ကြေငြာခြင်းမဟုတ်ဘဲ အလျှံပယ်ဝန်ကြီးဌာန၏ ကြေငြာချက်ဖြစ်နေသည်။

"ရဲဘော်တို့" ဟူသော နုပျိုတက်ကြွသည့် အသံဟိန်းထွက်လာသည်။ "နားထောင်ကြပါ။ ရဲဘော်တို့အတွက် သတင်းကောင်းဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ရေးတိုက်ပွဲကို ကျွန်တော်တို့အနိုင်ရ ရှိခဲ့ပါပြီ။ အလွှာပေါင်းစုံရဲ့ စားသုံးကုန်ထုတ်လုပ်နိုင်စွမ်းဟာ ဘာကိုပြခဲ့သလဲဆိုရင် လူနေမှုအဆင့် အတန်းဟာ ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင် နှစ်ဆယ်ရာခိုင်နှုန်းထက်မနည်း တိုးတက် မြင့်မားလာခဲ့ပါပြီ။ ဒီမနက်မှာတော့ အိုရှင်းနီးယားတစ်နိုင်ငံလုံးမှာ ဆန္ဒ ထုတ်ဖော်ပွဲတွေကို ဘယ်လိုမှဖိနှိပ်လို့ မရခဲ့ပါဘူး။ ကာယဉာဏလုပ်သား တွေဟာ စက်ရုံနဲ့ရုံးတွေထဲကနေ ထွက်လာပြီး လမ်းတွေထဲစီတန်း လှည့်လည် ကြတယ်။ အလံတွေကိုင်ပြီး အစ်ကိုကြီးကို ကျေးဇူးတင်ကြောင်း ဖွင့်ဟကြပါတယ်။ အစ်ကိုကြီးရဲ့ ဉာဏ်ပညာကြီးမားတဲ့ ဦးဆောင်မှု အောက်မှာ ပျော်ရွှင်စရာဘဝသစ်ကို ရရှိခဲ့ကြပါပြီ။ ကုန်ထုတ်လုပ်မှုကိန်းဂဏန်းအချို့ကို ကြေငြာပါမယ်။ စားသောက်ကုန်-"

"ပျော်ရွှင်စရာဘဝသစ်" ဟူသောစကားလုံးကို နားမဆံ့အောင်ကြား ရသည်။ ထိုစကားလုံးသည် အလျှံပယ်ဝန်ကြီးဌာန၏ နောက်ဆုံးပေါ် အသည်း ကြော် စကားလုံးဖြစ်၏။ ခရာသံကြောင့် တယ်လီစက်ဆီ အာရုံရောက်သွားသော ပါဆန်သည် ပါးစပ်အဟောင်းသားနှင့် တည်တည်ကြည်ကြည် နားထောင်နေသည်။ အတိုးချ ပျင်းရိငြီးငွေ့မှု တစ်မျိုးဖြစ်၏။ တယ်လီစက်မှ ပေါ်ထွက်နေသော ကိန်းဂဏန်းများနောက်ကို ပါဆန် မလိုက်နိုင်သော်လည်း စိတ်ကျေနပ်စရာ အကြောင်းရင်းတစ်ခုအဖြစ် သတိထားမိသည်။

ပေရေနေသောဆေးတံကြီးကို ပါဆန်ဆွဲထုတ်သည်။ ဆေးတံအိုးထဲ မီးကျွမ်းနေသောဆေးရွက်ကြီး တစ်ဝက်ပြည့်နေသည်။ တစ်ပတ်လျှင် ဆေးရွက်ကြီးခွဲတမ်း ဂရမ်၁၀၀ သာရရာ ဆေးတံအိုးထဲ ဆေးအပြည့်ဖြည့်ထားဖို့ ဆိုသည်မှာမဖြစ်နိုင်။

ဝင်စတန်သည် သောက်လက်စဗစ်ထရီစီးကရက်ကို ဂရုတစိုက် ရေပြင်ညီကိုင်ထားသည်။ သူ့တွင်စီးကရက်လေးလိပ်သာ ကျန်တော့သည်။ မနက်ဖြန်ထိ ခွဲတမ်းချပေးဦးမည်မဟုတ်။ အဝေးမှ အသံများအတွက် သူ့နားကို ခဏပိတ်ထားပြီး တယ်လီစက်မှစီးဆင်းလာသော အသံများကို သူနားစွင့်ထားသည်။ နားထောင်ကြည့်ရသလောက် ချောကလက်ခွဲတမ်းကို တစ်ပတ်လျှင် ဂရမ်နှစ်ဆယ် အထိတိုးပေးလိုက်၍ အစ်ကိုကြီးကို ကျေးဇူးတင်သော ဆန္ဒ ထုတ်ဖော်ပွဲပင်ရှိနေသည်။ ချောကလက်ခွဲတမ်းကို တစ်ပတ်စာအတွက် ဂရမ် နှစ်ဆယ်အထိ လျှော့ချလိုက်ကြောင်း ကြေငြာသွားသည်ကို မနေ့ကလေးတင် ဝင်စတန်နားထောင်လိုက်ရသေးသည်။

သူတို့တတွေ နှစ်ဆယ့်လေးနာရီတစ်ကြိမ် အယုံသွင်းခံနေရသည် ကို ယုံနိုင်ကြရော့သလား။ မှန်ပါသည်။ သူတို့ယုံလိုက်ကြသည်။ ပါဆန်ဆို လျှင် တိရစ္ဆာန်တစ်ကောင်လို လွယ်လွယ်လေး ယုံနိုင်သည်။ ဆိုင်မီလည်း ထိုနည်းလည်းကောင်း။ ဆိုင်မီသည် နှစ်ထပ်ကွမ်းအတွေးအပါအဝင် ပို၍ရှုပ်ထွေးသော နည်းလမ်းများဖြင့် ယုံသည်။ သို့ဆိုလျှင် မှတ်ဉာဏ်ကို ပိုင်ဆိုင် ထားသူမှာ ဝင်စတန် တစ်ဦးတည်း ဖြစ်နေရော့သလား။

အံ့ဖွယ်သရဲကိန်းဂဏန်းများ တယ်လီစက်မှသွန်ထွက်နေဆဲ။ မနှစ်ကနှင့်စာလျှင် ယခုနှစ်တွင် အစားအသောက် ပိုပေါသည်။ ရောဂါဘယ၊ ရာဇဝတ်မှု၊ ရူးသွပ်မှုတို့မှလွဲ၍ အစစအရာရာအားလုံး- အဝတ်အစား၊ နေ အိမ်၊ ပရိဘောဂ၊ အိုးခွက်ပန်းကန်၊ လောင်စာ၊ သင်္ဘောများ၊ ရဟတ်ယာဉ်များ၊ စာအုပ်နှင့်ကလေးများ- တစ်နှစ်ထက် တစ်နှစ်၊ မိနစ်တိုင်း မိနစ်တိုင်း ပွဲချီး တိုးတက်နေကြသည်။

စောစောတုန်းက ဆိုင်မီလုပ်သလို ဝင်စတန်သည် ဇွန်းကို ကောက် ကိုင်လိုက်ကာ စားပွဲထောင့်မှ ဟင်းရည်ကွက်ကို ဟိုသည် လျှောက်ခြစ်ပြီး ပုံဖော်သည်။ ဘဝ၏ရုပ်ပိုင်းဆိုင်ရာ အဆင်အသွေးအကြောင်း စိတ်နာနာ နှင့်

စဉ်းစားနေမိသည်။ အမြဲတမ်း ဤအတိုင်းပေပဲလား။ အစားအသောက်၏ အရသာသည် ထာဝရဤအတိုင်း ဖြစ်နေသလား။ ကင်တင်းထဲ သူကြည့်လိုက် တော့ ကင်တင်းသည် မျက်နှာကြက်နိမ့်သည်။ လူတွေတိုးမပေါက်။ မရေမတွက်နိုင်သော ကိုယ်ခန္ဓာများ၏ ပွတ်တိုက်မှုကြောင့် နံရံသည်မဲညစ်နေသည်။ အထု အထောင်းခံရပါများသော သတ္တုစားပွဲနှင့်ခုံများကို ပူးပူးကပ်ကပ် ချထား ၍ ထိုင်နေသူများ တံတောင်ချင်းတိုက်နေသည်။ ကွေးနေသော ဇွန်းများ၊ ချိုင့်နေသော လင်ပန်းများ၊ အကြမ်းစား မတ်ခွက် အဖြူ။ မျက်နှာပြင်တိုင်း သည် ဆီစွဲနေသည်။ အက်ရာတိုင်းသည် မဲသဲနေသည်။ ထို့ပြင် ဂျင်အရက် ညှံ့ညှံ့၏ ချဉ်စုတ်စုတ် အနံ့၊ အညံ့စား ကော်ဖီနံ့၊ ဟင်းကြွေးနံ့၊ အဝတ်စုတ် အောက်စော်။

သဘောမကျနိုင်ခြင်းသည် အူထဲအသည်းထဲမှာ အမြဲ ရှိသည်။ ရပိုင်ခွင့်တစ်ခုကို အလှည့်စား ခံလိုက်ရသလို ခံစားချက်ဖြစ်သည်။ ယခုပုံစံ နှင့် များစွာခြားနားသောပုံစံသည် သူ့မှတ်ဉာဏ်ထဲရှိမနေပါ။ ဤအချက် မှန်၏။ ဘယ်အချိန်မဆို သူတိတိကျကျ မှတ်မိနေသည်မှာ ဘယ်တုန်းကမှ စားဖွယ်သောက်ဖွယ်များ ဖောဖောသီသီ ရှိမနေခဲ့။ အပေါက်ဗရပွမပါသော ခြေအိတ်နှင့်အတွင်းခံများ ပိုင်ဆိုင်သူမရှိ။ ပရိဘောဂများ အမြဲစုတ်ချာနေသည်။ အခန်းများ ပုံမှန်အပူချိန်မရ။ မြေအောက်ရထားများ လူတွေ ကျပ်သိပ် နေသည်။ ဗုံးဗုံးလဲပြိုကျနေသောအိမ်များ၊ မဲမဲသဲသဲပေါင်မုန့်၊ ရှားရှားပါးပါး လက်ဖက်ရည်၊ ရွံ့စရာကော်ဖီ၊ မလောက်ငသော စီးကရက်။ ဂျင်အရက်မှ လွဲ၍ ဘယ်အရာမှ ပေါလည်းမပေါ၊ စျေးလည်းမချို။

သက်တောင့်သက်သာမရှိခြင်း၊ ညစ်ပတ်ပေရေခြင်း၊ ရှားပါးခြင်း၊ ရှည်လျားလှသောဆောင်းရက်များ၊ ကပ်စီးစီးနိုင်သော ခြေအိတ်များ၊ ဘယ်တုန်းကမှ အလုပ်မလုပ်သောဓာတ်လှေခါး၊ အေးစက်သောရေ၊ သဲကြမ်း ဆပ်ပြာ၊ ကျိုးကြေနေသောစီးကရက်၊ ဆန်းပြားစွာအဝင်ဆိုးလှသော အစား အသောက်၊ စသည်တို့အပေါ် လူ့ခန္ဓာကိုယ် အရွယ်ထောင်းလာသည်နှင့် အမျှ မတရားစိတ်ကုန်ခန်းလာခြင်းမှာ သဘာဝဖြစ်စဉ်မဟုတ်သော လက္ခဏာ တစ်ရပ် ဖြစ်မနေပေဘူးလား။ လက်ရှိဘဝနှင့် ခြားနားသော ရှေးတုန်းက ဘဝပုံစံတစ်မျိုးမျိုးကို မှတ်မိနေခြင်းမရှိဘဲ ယခုလက်ရှိဘဝကို အဘယ် ကြောင့် သည်းမခံနိုင်အောင် ဖြစ်ရသနည်း။

ကင်တင်းထဲ သူနောက်တစ်ကြိမ်ကြည့်မိပြန်သည်။ လူတိုင်းစေ့နီးပါး ပုံဆိုးပန်းဆိုးနိုင်လှသည်။ အပြာရောင်ယူနီဖောင်းနှင့် မဟုတ်ဘဲ အခြား အဝတ်အစားများကို ဝတ်ဆင်ထားစေဦး၊ ရုပ်ဆိုးမြဲ ဆိုးနေမည်သာ ဖြစ်၏။ အစွန်ဘက်မှ စားပွဲတစ်လုံးတွင် တစ်ယောက်တည်း ကော်ဖီသောက်နေသော စုတ်ချွန်းချွန်းငနဲသည် လူကောင်သေးပြီး မျက်လုံးက ကျီးကန်းတောင်းမှောက် ဖြစ်နေသည်။ ပါတီက ပျိုးထောင်ပေးလိုက်သော စံနမူနာ ကိုယ်လုံးကိုယ်ပေါက် ဟူသည် ယောကျ်ားလေးဆိုလျှင်လည်း အရပ်အမောင်း ကောင်းကောင်း၊ ဗလ

တောင့်တောင့်၊ မိန်းကလေးဆိုလျှင်လည်း ဆံပင်ရွှေဝါရောင်၊ နေလောင်ထားသောအသားအရေ၊ ဒေါင်းတင်မောင်းတင်၊ ကြောင့်ကြကင်းသော ပုံစံမျိုးဖြစ်ကြောင်း၊ ဘေးဘီကိုကြည့်မနေဘဲ ယုံလိုက်ပါက ဘယ်လောက်သက်သာလွယ်ကူမည်နည်းဟု ဝင်စတန်တွေးမိသည်။

လက်တွေ့တွင် လေယာဉ်ဆင်းကွင်းတစ်၏ လူအများစုမှာ လူစဉ် မမီမည်းမည်းသည်းသည်း၊ သေးသေးညှက်ညှက်များချည်းသာ။ ဌာနတွေထဲထိုသို့သောစုတ်ချွန်းချွန်းလူများ တစ်ဟုန်ထိုး တိုးပွားလာခြင်းသည် စိတ်ဝင်စားစရာကောင်းသည်။ ခပ်ညှက်ညှက်ယောကျ်ားလေးများ စောစောစီးစီးပုအိုင့်အိုင့်ဖြစ်လာသည်။ တိုတိုတုတ်တုတ်ခြေထောက်လေးများ ကသုတ် ကရက်ပြေးကြသည်။ မျက်ပေါက်ကျဉ်းကျဉ်း၊ မျက်နှာအစ်အစ်နှင့် ထိုပုံစံ လူသားသည်ပါတီ၏အုပ်စိုးမှုအောက်တွင် အလွန်ကဲဆုံး စည်ပင်လာခြင်း ဖြစ်သည်။

အလျှံပယ်ဝန်ကြီးဌာန၏ ကြေငြာချက်အဆုံးသတ်သွားပြီး ခရာသံကြားခံကာ တင်တင်တောင် တောင် ဂီတသံ တယ်လီစကင်မှ ပေါ်ထွက်လာသည်။ ဖုံးကြဲသလို ကြဲချနေသည့် ကိန်းဂဏန်းများအောက် မိန်းမောနေသော ပါဆန်သည် လှုပ်လှုပ်ရွရွ ဖြစ်လာပြီး ပါးစပ်မှ ဆေးတံကို ဖြုတ်သည်။

“အလျှံပယ်ဝန်ကြီးဌာနကလုပ်တာ ဒီနှစ်အရမ်းကောင်းတယ်” ဟုဆိုကာ ပါဆန်သည် သိသလို တတ်သလိုပုံစံဖြင့် ခေါင်းကြီးရမ်းနေသည်။

“ဒါနဲ့ စမစ်သ်ရေ၊ ဘလိတ်ဓားအပိုလေး ရှိမယ်မထင်ဘူးနော်။ ရှိရင်မျှပါဦး”

“တစ်ခုမှ မရှိဘူးဗျာ။ ကျွန်တော်တောင် ဘလိတ်ဓားတစ်ချောင်းတည်းသုံးနေတာ ခြောက်ပတ်ရှိပြီ”

“ဩော် ဟုတ်လား”

“ဆောရီးပဲဗျာ”

အလျှံပယ်ဝန်ကြီးဌာန၏ကြေငြာချက် ဆုံးသွားသည်နှင့် ဘေးစားပွဲ မှ ဘဲတဂတ်ဂတ်မြည်သံသည် တစ်ကြော့ပြန်ညံလာသည်။ ဘာကြောင့်မှန်း မသိ၊ ဝင်စတန်သည် မစ္စစ်ပါဆန်အကြောင်း တွေးမိလျက်သား ဖြစ်နေသည်။ ပါးလျသောဆံပင်နှင့် မျက်နှာပြင်အရေး အကြောင်းများကြားထဲ ဖုန်ဝင်နေသောအမျိုးသမီး။

နှစ်နှစ်အတွင်း ကလေးနှစ်ကောင်က သူမကို မနောကံရဲ လက်ထဲပို့တော့မည်။ အငွေ့ပြန်သလို ပျောက်ကွယ်သွားရတော့မည်။ ဆိုင်မီ လည်း အငွေ့ပြန်လိမ့်မည်။ ဝင်စတန်လည်း အငွေ့ပြန်လိမ့်မည်။ အိုဘရိုင်ယန် လည်း အငွေ့ပြန်လိမ့်မည်။ ပါဆန်ကမူ ဘယ်တော့မှ အငွေ့ပြန်ရမည့် သူ မဟုတ်။ ဘေးစားပွဲမှ ဘဲလိုတဂတ်ဂတ်မြည်နေသော မျက်လုံးမပါသည့် သတ္တဝါလည်း ဘယ်တော့မှအငွေ့မပြန်။ ဌာနထဲမှ ကော်ရစ်ဒါဝက်ပါတွေထဲ ကသုတ် ကရက်ပြေးလွှားနေသော စုတ်ချွန်းချွန်းငနဲများလည်း ဘယ်တော့မှ အငွေ့မပြန်။ ဝတ္ထုဌာနမှ ပိတုန်းရောင်ကေသာမိန်းကလေး ဘယ်တော့မှ အငွေ့မပြန်။

ဘယ်သူတွေရှင်ကျန်ပြီး ဘယ်သူတွေ ကြေပျက်မည်ကို ဝင်စတန်သည် အလိုလိုနေရင်း သိနေသယောင်ဖြစ်သည်။ ဘယ်အချက်က အသက်ရှင်ကျန်စေခြင်းကိုမူ ပြောရမလွယ်။

တွေးကောင်းကောင်းနှင့်တွေးနေရင်း ဝင်စတန် ဖိန်းခနဲ ကြောက်ဖျားဖျားသွားသည်။ ဘေးစားပွဲမှ မိန်းကလေး သူ့ကိုလှည့် ကြည့်နေပါပကော။ ဝတ္ထုဌာနမှ ပိတုန်းရောင်ကေသာမိန်းကလေး ဖြစ်သည်။ မိန်းကလေးသည် သူ့ကိုစွေကြည့်နေသော်လည်း အကြည့်ကစပ်စပ်စုစုနှင့်တင်းသည်။ ဝင်စတန် နှင့်အကြည့်ချင်းဆုံ မိလိုက်သည်နှင့် ဖျပ်ခနဲမျက်နှာလွှဲသွားသည်။

ဝင်စတန့်ကျောရိုးတစ်လျှောက် ချွေးပြန်လာပြီ။ အကြောက်တရား သည် သူ့တစ်ကိုယ်လုံးကို ဖြတ်သန်းပြီး ချက်ချင်းဖယ်ခွာ ရုပ်သိမ်းသွားသော် လည်း လူကမသက်မသာကျန်ရစ်သည်။ ထိုမိန်းကလေး သူ့ကို အဘယ် ကြောင့် ကြည့်နေသနည်း။ သူ့နောက်ကို အဘယ်ကြောင့်လိုက်နေသနည်း။

ကံမကောင်းချင်တော့ သူမရောက် ခင်ကတည်းက ထိုမိန်းကလေး ဘေးစားပွဲ ကို အလျင်ရောက်နှင့် နေသလား၊ သူရောက်ပြီးမှ ထိုမိန်းကလေးရောက်လာခြင်းလား၊ သူမမှတ်မိတော့။ မနေ့ကလည်း 'နှစ်မိနစ်အမုန်း' တွင် ထို မိန်းကလေးသည် ထိုင်စရာမရှားဘဲနှင့် သူ့နောက်တည့်တည့်မှာမှ လာထိုင်သည်။ သူဘာပြောသလဲ လာနားထောင်ခြင်း အများကြီးဖြစ်နိုင်သည်။ သူကျယ်ကျယ်မှ အော်ရဲ့လား သေချာအောင် လာစစ်ခြင်း အများကြီးဖြစ်နိုင်သည်။

အစောပိုင်းတုန်းက တွေးထားမိသမျှပြန်ပေါ်လာသည်။ ထိုမိန်း ကလေးသည် အတွေးပုလိပ်တပ်ဖွဲ့ဝင် ဟုတ်မဟုတ်မသေချာသော်လည်း အပျော်တမ်းသတင်းပေးဖြစ်ဖို့ အတိအကျသေချာသည်။ အပျော်တမ်း သတင်းပေးသည် အန္တရာယ်အကြီးဆုံး။ ထိုမိန်းကလေး သူ့ကို ဘယ်လောက် ကြာကြာကြည့်နေမှန်း သူမသိ။ ငါးမိနစ်လောက်ပင် ရှိစေဦး၊ သူ့သွင်ပြင်မူရာ သည် ထိန်းချုပ်မှုအောက်တွင် ပိပိရိရိရှိနေမည်မဟုတ်။ လူအများကြားထဲ ရောက်နေစဉ်၊ သို့မဟုတ် တယ်လီစကင်၏မြင်ကွင်းအတွင်းရှိနေစဉ် သင့် အတွေးများကို ဇက်လွှတ်လိုက်ခြင်းသည် အလွန်အမင်း အန္တရာယ်ကြီးသည်။ အသေးမွှားဆုံးလေးကအစ သင့်ကို ဆွဲချသွားနိုင်သည်။

မျက်နှာလေး တစ်ချက်လောက်တွန့်သွားခြင်း၊ သတိလက်လွတ် စိုးရိမ်ကြောင့်ကြမှုလေး ပေါ်သွားခြင်း၊ တစ်ကိုယ်တည်းစကားပြောကျင့်၊ စသောပုံမှန်မဟုတ်သည့် ကိစ္စလေးများသည် စိတ်ထဲ တစ်ခုခုကို ဖုံးကွယ်ထားခြင်းဖြစ်၏။ မျက်နှာမူရာမှားယွင်းခြင်းသည်လည်း ပြစ်ဒဏ်ကျစေပြန်သည်။ ဥပမာ တိုက်ပွဲများအောင်နိုင်ကြောင်း ကြေငြာစဉ် မျက်နှာမူရာသည် မယုံ သလိုလို ဖြစ်သွားခြင်းမျိုး။ ထိုအတွက် ခေတ်သစ်အသုံးအနှုန်းပင် ရှိသေးသည်။ သူတို့အခေါ် "မျက်နှာပေး ရာဇဝတ်မှု"။

မိန်းကလေးက သူ့ကိုကျောပေးထားပြန်သည်။ သူ့နောက်ကို ဤမိန်းကလေးလိုက်နေခြင်း ဟုတ်ချင်မှဟုတ်မည်။ နှစ်ရက်ဆက်တိုက် သူ့အနားရောက်လာခြင်းမှာ တိုက်ဆိုင်မှုဖြစ်ပါလိမ့်မည်။ စီးကရက် မီးသေသွားပြီမို့ စားပွဲစွန်းတွင် သေသေချာချာ လှဲထားသည်။ စီးကရက်ထဲမှဆေးများ ထွက်မကျလျှင် အလုပ်ဆင်းပါက ဆက်သောက်နိုင်မည်။ ဘေးစားပွဲမှ ပုဂ္ဂိုလ်သည် အတွေးပုလိပ်၏ သတင်းပေး အများကြီးဖြစ်နိုင်သည်။ သုံးရက်အတွင်း မေတ္တာ ဝန်ကြီးဌာန၏ မြေတိုက်ခန်းထဲ ဝင်စတန်ရောက်သွားဖို့ အများကြီး ဖြစ်နိုင်သည်။ သို့သော် စီးကရက်တိုတစ်လိပ်ကိုတော့ မဖြုန်းတီးသင့်။

ဆိုင်မီသည် စာရွက်ပိုင်းကိုခေါက်ပြီး အိတ်ထဲထည့်သည်။ ပါဆန် သည် "ပြောပြီးပြီလားမသိဘူး" ဟုဆိုကာ ဆေးတံကိုက်ရင်း တခစ်ခစ်ရယ် နေသည်။ "အိမ်ကနှစ်ကောင်လေ၊ ဈေးသည်မကြီး စကတ်ကို မီးရှို့ထည့်လိုက် တာ။ အစ်ကိုကြီးပုံပိုစတာနဲ့ ဝက်အူချောင်းတွေ ထုပ်နေတာမြင်လို့တဲ့။ သူတို့ နှစ်ယောက်က ဈေးသည်မကြီးနောက်ကို တိတ်တိတ်ကလေးကပ်သွားပြီး မီးခြစ်ဆံမီးနဲ့ ရှို့လိုက်တာ။ ဒီမိန်းမကြီးတော့ တော်တော်ခံရမှာဗျ။ တကယ့် ခွေးသူတောင်းစားလေးတွေ။ ဒါပေမယ့်ထက်ပုံကတော့ မပြောပါနဲ့တော့။ ဒီပုံစံဟာ ဒီခေတ်မှာ ထောက်လှမ်းရေးကျောင်းရဲ့ ပထမတန်းစားလေ့ကျင့် ပေးမှုဗျ။

ကျုပ်တို့ခေတ်တုန်းကထက် ပိုကောင်းတယ်။ ကလေးတွေကို သူတို့ ပေးတဲ့နောက်ဆုံးပေါ်ပစ္စည်းက ဘာလို့ထင်သလဲ။ သော့ပေါက်ကနေ ချောင်း နားထောင်ဖို့ကတော့ဗျ။ အိမ်ကကောင်မလေး အဲဒီပစ္စည်း အိမ်သယ်လာတယ်။ အိမ်တံခါးမှာ စမ်းသုံးကြည့်ဖို့တဲ့။ ပုံမှန်ထက်နှစ်ဆ ပိုကျယ်ကျယ်ကြား ရသတဲ့။ ကစားစရာတော့ ကစားစရာပေါ့ဗျာ။ မှန်ပါတယ်။ ဒါပေမယ့် ကလေး တွေအတွက် မှန်ကန်တဲ့ စိတ်ကူးဗျ"

ထိုစဉ် တယ်လီစကၠန်မှ စူးရှသောဝီစီသံထွက်လာသည်။ အလုပ်ပြန် တက်ကြရန် သတိပေးခြင်း။ ဝင်စတန်တို့ယောကျ်ား သုံးဦးစလုံး ဝုန်းခနဲ ခုန်ထပြီး ကြိတ်ကြိတ်တိုးလူအုပ်ထဲ ဝင်တိုးကြစဉ် ဝင်စတန့် စီးကရက်ထဲမှ လက်ကျန်ဆေးများသွန်ထွက်သွားသည်။

(၆)

ဝင်စတန် ဒိုင်ယာရီရေးနေသည်။ "လွန်ခဲ့တဲ့သုံးနှစ်ကပေါ့။ မိုးကလည်းချုပ်နေပြီ။ မီးရထား ဘူတာရုံ နားက လမ်းကြားလေးထဲမှာ။ ကောင်မလေးက အုတ်တံ တိုင်းဝင်ပေါက်နား မတ်တတ်ရပ်နေတယ်။ လမ်းမီးကမှုန်လိုက်တာ။ ကောင်မလေးမျက်နှာက နုနုလေး။ မျက်နှာကိုလိမ်းထားတာ အထူကြီးပဲ။ တကယ်တော့ ကျွန်တော့်ကို ဆွဲဆောင်ခဲ့တာ အဲဒါ။ မျက်နှာခြယ်ထားတာ။ မျက်နှာဖြူဖွေးနေတာ မျက်နှာ ဖုံးစွပ်ထားတဲ့ အတိုင်းပဲ။ နှုတ်ခမ်းကတော့နီရဲလို့။ ပါတီဝင်မိန်းမတွေ ဘယ်တော့မှ မျက်နှာမလိမ်းဘူး။ လမ်းကြားထဲမှာ ဘယ်သူမှမရှိဘူး။ တယ် လီစကက်လည်း မရှိဘူး။ ကောင်မလေးက နှစ်ဒေါ်လာလို့ပြောတယ်။ ကျွန်တော်-"

ဝင်စတန် ရှေ့ဆက်ရေးဖို့ခက်နေသည်။ မျက်လုံးမှိတ်ပြီး မျက်စိပေါ်လက်ချောင်းများဖြင့်ဖိကာ ထပ်ပြန်တလဲလဲမြင်နေသော မြင်ကွင်းကို ညှစ်ထုတ်ဖို့ ကြိုးစားသည်။ အသံကုန်အော်ဟစ်ပြီး ဆဲရေးပစ်ချင်သော ဆန္ဒက သူ့ကိုအကြီးအကျယ် လွှမ်းပတ်ညှို့ယူနေပြီ။ နံရံကိုခေါင်းနှင့် ဝင်ဆောင့် ပစ်ချင်သည်။ စားပွဲကိုဆောင့်ကန်ပြီး မင်အိုးကို နံရံဆီပစ်ပေါက်လိုက်ချင်သည်။ သူ့ကိုနှိပ်စက်နေသော ဤမှတ်ဉာဏ်ကို အမှောင်ချလိုက်ဖို့ ပေါက်ကွဲသော လုပ်ရပ်ဖြစ်ဖြစ်၊ ဆူညံသော လုပ်ရပ်ဖြစ်ဖြစ်၊ နာကျင်သော လုပ်ရပ်ဖြစ် ဖြစ်၊ ဘာဖြစ်ဖြစ် လုပ်ပစ်လိုက်ချင်သည်။

သင်၏အဆိုးဆုံးရန်သူမှာ သင်ကိုယ်တိုင်၏ အာရုံကြော စနစ်ပင် ဖြစ်သည်ဟု ဝင်စတန် ဆင်ခြင်ရသည်။ ဘယ်တော့မဆို သင့်ကိုယ်တွင်းမှ စိတ်တင်းအားသည် ထင်သာမြင်သာလက္ခဏာ တစ်ရပ်အဖြစ် သူ့သဘော နှင့် သူပြောင်းလဲသွားတတ်သည်။ မကြာသေးခင်က လမ်းတွင်တွေ့ခဲ့ရသော လူတစ်ယောက်ကို ဝင်စတန် ပြေးသတိရသည်။

ထိုလူသည် အင်မတိအင်မတန် ပုံမှန်သွင်ပြင်ရှိနေသော ပါတီဝင် တစ်ဦး။ အသက်သုံးဆယ့်ငါးနှစ်မှ လေးဆယ်တွင်းရှိမည်။ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် လက်ဆွဲအိတ်ပါသည်။ ထိုလူ့မျက်နှာ၏ ဘယ်ဘက်ခြမ်း အကြောဆွဲသွားသည်ကို သူနှင့်နီးကပ်မလာခင် ခပ်လှမ်းလှမ်းကတစ်ခါ တွေ့သည်။ သူတို့နှစ်ဦး ဖြတ်လျှောက်သွားစဉ် နောက်တစ်ခါအကြောဆွဲသည် ကို သူတွေ့သည်။ တကယ်တော့ ဆတ်ခနဲ အကြောရှုန်းသွားခြင်းသာ။ ကင်မရာခလုတ်ကလေး နှိပ်လိုက်သလိုမြန်သည်။ သို့သော် ထိုလူ၏ ဝသီဖြစ် မှန်း သိသာ ထင်ရှားနေသည်။ ထိုစဉ်ကထိုငနဲအတွက် သူတွေးမိလိုက်သည်မှာ "သွားပြီ၊ ပြီးပြီ" ဟူ၍သာ။ ကြောက်စရာကောင်းသည်မှာ ထိုငနဲသည် အမှုမဲ့ အမှတ်မဲ့ယောင်၍ လုပ်လိုက်ခြင်း။ အိပ်ပျော်နေရင်း ယောင်၍ စကားပြောခြင်း သည် အန္တရာယ်အကြီးဆုံးဖြစ်ပြီး ဝင်စတန် သိသရွေ့ ထိုဝသီမျိုးကို ဘယ်လိုမှ ထိန်းသိမ်းမရ။

ဝင်စတန် ပင့်သက်ကိုတင်ပြီး စာဆက်ရေးသည်။

“ကောင်မလေးနဲ့အတူ ဝင်ပေါက်ထဲဝင်ပြီး အိမ်နောက်ဖေးကိုဖြတ်၊ ပြီးတော့ မီးဖိုချောင် မြေအောက်ခန်း ထဲ ရောက်လာတယ်။ အခန်းထဲမှာ ခုတင် တစ်လုံး။ နံရံဘေးနားကပ်ထားတယ်။ စားပွဲပေါ်မှာ မှန်အိမ်။ မှန်အိမ်မီးစာက အရမ်းမှိန်တယ်။ ကောင်မလေးက-“

ဝင်စတန် သွားတွေတကြွကြွဖြစ်လာသည်။ တံတွေးထွေးချင်လှသည်။ မီးဖိုချောင်မြေအောက်ခန်းထဲ ထိုမိန်းမနှင့်အတူရှိနေစဉ် သူ့ဇနီးကက်သရင်းကို သူသတိရသည်။ ဝင်စတန် လက်ထပ်ခဲ့ဖူးပါသည်။ ဝင်စတန် လက်ထပ်ပြီးသားဖြစ်၏။ သူ့ ဇနီးမသေ သေးမှန်း သူသိနေသရွေ့ ယခုချိန်ထိသူသည်လက်ထပ်ပြီးသား လူတစ်ယောက်ဖြစ်နေသည်မှာ သေချာလောက်သည်။ မီးဖိုချောင် မြေအောက်ခန်းထဲ ကြမ်းပိုးစော်၊ အဝတ်အောက်စော်နှင့် ကောက်ကျစ်သော အပေါစားမွှေးရနံ့တို့ မွှန်ထွန်နေသည်။ ထိုရနံ့ကို ယခု ပင်ရှူရှိုက်လိုက်ရသလို ထင်ရသည်။ အပေါစားမွှေးရနံ့သည် လူကိုညှို့တော့ ညှို့နိုင်သည်။ အကြောင်းမှာ ပါတီဝင်အမျိုးသမီးများ ဘယ်တော့မှ မွှေးရနံ့ မသုံး။ မွှေးရနံ့သုံးဖို့ကိုလည်း စဉ်းစားနိုင် စွမ်းရှိပုံမရ။ အခြေခံလူတန်းစား ဆင်းရဲသားများသာ မွှေးရနံ့သုံးသည်။ သူ့စိတ်ထဲ ထိုရနံ့ကို ကာမေသုမိစ္ဆာ စာရင်းမှောက်မှားခြင်းနှင့် ခွဲခြား၍ မရဟုထင်သည်။

ယခုဤမိန်းမနှင့် စခန်းသွားခြင်းသည် နှစ်နှစ်၊ သို့မဟုတ် နှစ်နှစ် ခန့်အတွင်း သူ့ဘက်ကပထမဆုံး စာရိတ္တပျက်ယွင်းခြင်း ဖြစ်သည်။ ပြည့်တန်ဆာများနှင့်ဆက်ဆံခြင်း သည် တားမြစ်ထားသောကိစ္စဖြစ်သည်။ သို့ရာတွင် အခွင့်သင့်လျှင်ချိုး ဖောက်၍ရသည်။ ထိုပြစ်မှုသည် အန္တရာယ်ရှိသော်လည်း သေရေးရှင်ရေး အမှုမဟုတ်။ လက်ပူးလက်ကြပ်ဖမ်းမိပါက အလုပ်ကြမ်းစခန်းသို့ ငါးနှစ်အပို့ခံရမည်။

အခြားပြစ်မှုရှာမတွေ့ပါက ငါးနှစ် ထက်မပို။ ထို့ပြင် ဤအမှုက ကျူးလွန်ရလွယ်သည်။ ဆင်းရဲသားရပ်ကွက် တွေထဲ မိမိကိုယ်ကိုရောင်းစားမည့်မိန်းမများ ဖောချင်းသောချင်း အောတိုက် နေသည်။ အချို့ကို ဂျင်တစ်ပုလင်းလောက်နှင့် ဝယ်၍ရသည်။ ဂျင်သည် ဆင်းရဲသားများ သောက်ဖို့မဟုတ်။

ပြည့်တန်ဆာကိစ္စကို ဖိနှိပ်ချုပ်တည်း၍မရသော တုံ့ပြန်မှုများ အတွက် ထွက်ပေါက်ဟု သဘောထားကာ ပါတီသည် ထိုအမှုကို အားပေး အားမြှောက်ပြုလိုကြောင်း မပြောဘဲနှင့်သိနေကြသည်။ အပျော်အပါး လိုက်စားမှုသက်သက်သည် ပြဿနာသိပ်မရှိ။ ထိုအမှုသည် ခိုးကြောင်ခိုးဝှက် နိုင်ပြီး ပျော်စရာလည်းသိပ်မရှိ။ ပတ်သက်ရသောမိန်းမများမှာလည်း မသတီစရာအဆင့်ထဲကဖြစ်သည်။ တကယ်တမ်းခွင့်မလွှတ်သော ရာဇဝတ်မှု မှာ ပါတီဝင်အချင်းချင်း သောင်းပြောင်းလိင်ဆက်ဆံခြင်းဖြစ်သည်။

ပါတီ၏ရည်ရွယ်ချက်သည် ယောကျ်ားနှင့်မိန်းမကြား ထိန်းချုပ်ရန် ခက်ခဲသော သစ္စာတရား ဖြစ်တည်မှုကို တားဆီးရုံသာ မဟုတ်။ ဖွင့်ဟကြေငြာ မထားသော ပါတီ၏ တကယ့်ရည်ရွယ်ချက်မှာ လိင်ဆက်ဆံမှု၏ သုခအလုံးစုံ ကို ဖယ်ရှားလိုခြင်းဖြစ်၏။ အချစ်သည် အိမ်ထောင်ရေး၏ အတွင်းအပြင် နှစ်ရပ်စလုံးအတွက် ရန်သူဖြစ်ရာ

နှစ်နှစ်ကာကာချစ်ခြင်းမရှိရ။ ပါတီဝင် အချင်းချင်း လက်ထပ်တော့မည် ဆိုလျှင် ကော်မတီ၏ သဘောတူထောက်ခံမှု လိုအပ်သည်။ အိမ်ထောင်ရေးဥပဒေသများကို ရှင်းရှင်းလင်းလင်း ရေးမထား သော်လည်း အကယ်၍သာ သက်ဆိုင်ရာစုံတွဲသည် အချင်းချင်း ရုပ်ပိုင်း ဆိုင်ရာ ဆွဲဆောင်နိုင်စွမ်းရှိနေပါက လက်ထပ်ခွင့် ပယ်ချခံရသည်။

အိမ်ထောင်ပြုခြင်း၏ တစ်ခုတည်းသော အသိအမှတ်ပြုထားသည့် ရည်ရွယ်ချက်မှာ ပါတီကို အလုပ်အကျွေးပြုမည့် ကလေးရရှိရေးဖြစ်သည်။ လိင်ဆက်ဆံသောကိစ္စကို နည်းနည်းလေး မသတီစရာ အသေးစား အော်ပရေးရှင်း - (ဥပမာ ဝမ်းချူခြင်းကဲ့သို့) မြင်ကြသည်။ ထိုအဖြစ်ကို ထပ်မံပြီး ဘယ်တော့မှရိုးရှင်းသော စကား လုံးများမသုံး။ ပါတီဝင်ဟူသမျှ ကလေးဘဝကတည်းက သွယ်ဝိုက်သောနည်းဖြင့် ပွတ်တိုက်ခြင်း ခံလိုက်ရသည်။

အငယ်တန်းလိင်ဆန့် ကျင်ရေးအသင်းများပင် ရှိနေလေပြီ။ ထိုအသင်းများသည် အမျိုးသား အမျိုးသမီးအားလုံး ဗြဟ္မစရိယကျင့်ခြင်းကို အားပေးသောအသင်းဖြစ်၏။ ကလေးများအားလုံးကို မေထုန်မှဲ့ပဋိသန္ဓေ တည်စေခြင်းဖြင့် ရယူခဲ့ကြသည်။ ကလေးများကို ပြည်သူပိုင်ကျောင်းများ တွင် ပြုစုပျိုးထောင်ကြသည်။ အလေးအနက်မဟုတ်လှသော်လည်း ပါတီ၏ ယေဘုယျသဘောတရားနှင့် တနည်းနည်း အံ့ဝင်ခွင်ကျ ရှိသည်ဟု ဝင်စတန် သတိထားမိသည်။ ပါတီသည် လိင်စိတ်ကို သတ်ဖို့ ကြိုးစားခြင်းဖြစ်သည်။ မသတ်နိုင်ပါကလည်း ထိုလိင်စိတ်ကို ပုံပျက်အောင် ညစ်ထေးအောင် လုပ်ခြင်း ဖြစ်သည်။ အဘယ်ကြောင့် ဤသို့လုပ်မှန်း ဝင်စတန် မသိ။ သို့သော်ဤ လုပ်ရပ်သည် သဘာဝလိုဖြစ်နေပြီ။ ထို့ပြင် အမျိုးသမီးများနှင့် ပတ်သက် နီးနွယ်နေသော ဤလုပ်ရပ်တွင် ပါတီ၏ ကြိုးပမ်းမှုများစွာ အောင်မြင်ခဲ့လေသည်။

ကက်သရင်းကို သတိရလာပြန်သည်။ ကက်သရင်းနှင့်သူ ကွဲကွာ ခဲ့သည်မှာ ကိုးနှစ်ဆယ်နှစ် - ဆယ့်တစ်နှစ်နီးပါးခန့်ရှိမည်။ ထူးဆန်းသည်မှာ သူသည်ဇနီးကို တစ်ခါတလေမှသတိရတတ်သည်။ သူလက်ထပ်ခဲ့သည်မှာ ဟုတ်မှဟုတ်ရဲ့လားဟု မမေ့အောင် မနည်းကြိုး ကြိုးစားနေရသည်။ သူနှင့် ကက်သရင်း ဆယ့်ငါးလခန့်သာ ပေါင်းလိုက်ရသည်။ ပါတီသည် ကွာရှင်း ပြတ်စဲခြင်းကို ခွင့်မပြု။ သို့သော် သားသမီးမရှိပါက ခွဲခွာနေထိုင်ခြင်းကို အားပေးလိုသော သဘောရှိသည်။

ဆံပင်ရွှေဝါရောင်နှင့် ကက်သရင်းသည် အရပ်ရှည်ရှည်နှင့် ဖြောင့်သည်။ ကျော့ရှင်းသည်။ မျက်နှာက လင်းယုန်ကဲ့သို့ ရဲတင်းသောမျက်နှာ။သည်။ ထိုမျက်နှာ၏နောက်ကွယ်၌ ဘာမှမရှိသည်ကို မသိမချင်း မြင့်မြတ်သည်ဟု ခေါ်၍ ရသည်။

ဝင်စတန်သည် ကက်သရင်းကို သူများထက်ပိုပြီး ရင်းရင်းနှီးနှီး သိခဲ့ရသည်။ အိမ်ထောင်ဦးကာလ၌ပင် ဝင်စတန်ခြေခြေမြစ်မြစ် သိခဲ့ရသည် မှာ ကက်သရင်းသည် ဘာဆိုဘာမှ ချွင်းချက်မရှိအောင် အမိုက်မဲဆုံး၊ အပေါ့ တန်ဆုံး၊ စိတ်ခံစားချက်မရှိဆုံးလူဖြစ်၏။ ကက်သရင်း၏ ဦးခေါင်းထဲတွင် ပါတီဆောင်ပုဒ်မှလွဲ၍ ဘာမှမရှိ။ ဝင်စတန့်စိတ်ထဲ၌ ကက်သရင်းကို “လူသား အသံပွား” ဟု နာမည်ပြောင်ပေးထားမိသည်အထိ။ သို့တိုင် ဝင်စတန်သည် လိင်ကိစ္စတစ်ခုတည်းအတွက်ကြောင့်သာ မဟုတ်ဘူးဆိုလျှင် ကက်သရင်းနှင့်

သည်းခံပြီးပေါင်းနိုင်ပါသည်။

ကက်သရင်းကို အသာအယာသွားထိလိုက်သည်နှင့် သူမသည် မျက်နှာရှုံ့မဲ့ပြီး သစ်သားရုပ်လို တောင့်တောင့်ကြီး ဖြစ်နေသည်။ ထူးဆန်း သည်မှာ ကက်သရင်းကိုယ်တိုင် ဝင်စတန့် ကိုဖက်ထားလျှင်ပင် ကက်သရင်း သည် တပြိုင်နက်တည်းမှာပင် ဝင်စတန့်ကို အားကုန်တွန်းထုတ်နေသည်။

သူမ၏တောင့်တင်းနေသော ကြွက်သားများက ထိုအနေအထားထို သဘောမျိုး ကို ပြဆိုနေခြင်းဖြစ်သည်။ ကက်သရင်းသည် မျက်လုံးမှိတ်ပြီး လဲလျောင်း နေမည်။ ခုလည်းမခုခံ၊ ပူးလည်းမပူးပေါင်း၊ မတတ်သာ၍ အညွှံခံခြင်းဖြစ်နေမည်။ ဝင်စတန့်အဖို့ အင်မတန်ရှက်စရာကောင်းသည်။ ခဏကြာသော် ကြောက်လာမိသည်။ နှစ်ဦးလုံးပြဟ္မစရိယကျင့်ရမည်ဆိုလျှင်သော်မှ ဝင်စတန် သည် ကက်သရင်းနှင့် ရေရှည်လက်တွဲနေထိုင်သွား နိုင်ပါသည်။ သို့ရာတွင် ထူးဆန်းသည်မှာ အဲဒီလိုကျတော့ ကက်သရင်းက လက်မခံ။

သူမက ကလေးတစ်ဦးမွေးရမည်ဟုဆိုသည်။ ဤသို့ဖြင့် တစ်ပတ် တစ်ကြိမ်နှုန်း ဆက်စခန်း သွားနေကြသည်။ ကက်သရင်းသည် ယင်းကိစ္စကို မမေ့သင့်သည့် ကိစ္စတစ်ရပ်လို မနက်ကတည်းက သူ့ကို သတိပေးထားသည်။ ထိုကိစ္စအတွက် ကက်သရင်း နာမည်နှစ်မျိုးတပ်ပြီး ပြောသည်။ တစ်မျိုးမှာ 'ကလေးယူခြင်း' နောက်တစ်မျိုးမှာ "ပါတီတာဝန်"၊ (ထိုစကားစုကို ကက်သရင်း တကယ်ပြောခဲ့သည်) ဘာမှမကြာ၊ တာဝန်ကျသည့်နေ့ဆိုလျှင် ဝင်စတန် ကြောက်နေရတော့၏။ သို့သော် ကံကောင်းထောက်မပြီး သူတို့ကလေးမရခဲ့။ အဆုံးတွင် လက်လျှော့လိုက်ကြဖို့ ကက်သရင်းသဘောတူပြီး သိပ်မကြာခင် သူတို့ လမ်းခွဲခဲ့သည်။

ဝင်စတန် ရှူးခနဲသက်ပြင်းချကာ ဖောင်တိန်ကောက်ကိုင်ပြီး စာဆက်ရေးသည်။

"ကောင်မလေးကအိပ်ရာပေါ်ပစ်လှဲပြီး ဘာမှ အစပျိုးခြင်းမရှိဘဲ သူ့ စကတ်ကို ပက်ပက်စက်စက် ဆွဲလှန်တယ်။ ကျွန်တော်-"မီးရောင်မှောင်မဲထဲ မတ်တတ်ရပ်နေသော မိမိကိုယ်ကို ဝင်စတန် မြင်မိသည်။ နှာဝတွင် ကြမ်းပိုးစော်နှင့် အပေါစားမွှေးရနံ့။ ရင်ထဲတွင် အရှုံး သမားခံစားချက်နှင့် မကျေမချမ်း ဖြစ်ရခြင်းများ။ ထိုအချိန်မျိုးမှာပင် ကက်သရင်း၏ဖြူဖွေးသော ခန္ဓာကိုယ်လေးကို တွေးဖြစ်အောင် တွေးမိနေသည်။ ပါတီ၏အိပ်မွေ့ချတန်ခိုးဖြင့် အေးစက်နေသော ခန္ဓာကိုယ်။ ဘာကြောင့်သည်လို အမြဲတမ်း ဖြစ်နေရသလဲ။ သည်နှစ်တွေအတွင်းမှာ မသတီစရာတွေနှင့် လုံးထွေးမနေဘဲ ဘာကြောင့် ကိုယ့်ကိုယ်ပိုင်မိန်းမ တစ်ယောက် မရနိုင်ရတာလဲ။ ဒါပေမဲ့ စစ်မှန်တဲ့ ချစ်မှုရေးရာဆိုသည်မှာ တွေးပင်မတွေး ကောင်းသောကိစ္စ။

ပါတီဝင်အမျိုးသမီးများအားလုံး တစ်ပုံစံ တည်း ဖြစ်သည်။ သူတို့တတွေသည် ပါတီအပေါ် အရိုးစွဲအောင် သစ္စာရှိကြသလို ဗြဟ္မစရိယကျင့်ခြင်းကိုလည်း အရိုးစွဲနေကြသူများဖြစ်၏။ မနက် စောစော ကိုယ်လက် လေ့ကျင့်ခန်းလုပ်ခြင်း၊ ကစားခြင်း၊ ရေအေးချိုးခြင်း၊ ထောက်လှမ်းရေးကျောင်း လူငယ်သင်း စသည်တို့တွင် ခေါင်းထဲ အမှိုက်များ

ရိုက်သွင်းခံခဲ့ရခြင်း၊ လက်ချာရိုက်ခံရခြင်း၊ စီတန်းလှည့်လည်ခြင်း၊ သီချင်း များ၊ ဆောင်ပုဒ်များ၊ စစ်သီချင်းများ . . စသည်တို့ဖြင့် သဘာဝမှန် ခံစားချက်များ မောင်းထုတ်ခံ လိုက်ရသူများ ဖြစ်သည်။

ချွင်းချက်များရှိနိုင်သည်ဟု သူ၏ကျိုးကြောင်းဆင်ခြင်တတ်မှုက သူ့ကိုပြောနေသည်။ သို့သော် သူ့နှလုံးသားကတော့ မယုံ။ ပါတီဝင် အမျိုးသမီးများအားလုံး ဤအဖြစ်ကိုမတော်လှန်နိုင်ကြ။ သူကလည်း အချစ် ခံရဖို့ထက် သူလိုချင်သည်မှာ သုစရိုက်တံတိုင်းကို တစ်သက်တွင် တစ်ကြိမ်ပဲ ဖြစ်ပစေ ဖြိုချဖူးချင်သည်။ လိင်မှုရေးရာကိုအောင်မြင်စွာ စွမ်းဆောင်ခြင်း သည် ပုန်ကန်ခြင်းမည်၏။ ရမ္မက်ဆန္ဒသည် မနောကံ ရာဇဝတ်မှု ဖြစ်၏။ ကက်သရင်းကို နိုးထလာအောင် သူလုပ်နိုင်ခဲ့လျှင် ကိုယ့်မိန်းမပင်ဖြစ်ပစေဦး၊ သွေးဆောင် ဖြားယောင်းမှုမည်၏။

ဤဇာတ်လမ်းကို ဆက်ရေးရဦးမည်။

"ကျွန်တော်မှန်အိမ်မီးစာကို မြှင့်လိုက်တယ်။ အလင်းရောင်ထဲမှာ သူမကို မြင်လိုက်တော့-"

မှောင်ပြီးမှလင်းလာရသဖြင့် ရေနံဆီမီးအိမ်၏အလင်းရောင်သည် ဖျော့သော်လည်း ထိန်တောက်သွားသည်ဟု ထင်ရသည်။ အမျိုးသမီးကို ယခု မှ ကောင်းကောင်း မြင်ရသည်။ သူရှေ့ခြေတစ် လှမ်းတိုးပြီးမှ ရှေ့ဆက်မသွား မိ။ သူ့တွင်ကြောက်စိတ်ရော၊ ရာဂစိတ်ရော မွှန်ထွန်နေသည်။ ဤအခန်း လေးထဲ စွန့်စွန့်စားစား ဝင်လိုက်လာရခြင်းအပေါ် သူနာကျင်စွာ အသိရှိနေသည်။ ပြန်အထွက်တွင် လှည့်ကင်းများက သူ့ကိုလှလှပပကြီးမိသွားနိုင်သည်။ ယခုဆိုလျှင်ပဲ သူ့ကိုဖမ်းဖို့ တံခါးဝတွင် အသင့်စောင့်နေနိုင်သည်။ ဤနေရာ အထိ သူလိုက်လာပြီးမှ ဘာမှမလုပ်ဘဲပြန်ထွက်သွားလျှင်ပင်-

ချရေးမှဖြစ်မည်။ ဝန်ခံမှဖြစ်မည်။ မှန်အိမ်အလင်းရောင် ဝင်းဝင်းထဲ သူမြင်လိုက်ရသည်မှာ စောစောကကောင်မလေးသည် အဘွားကြီးအို ဖြစ်နေသည်။ မျက်နှာပေါ်ခြယ်ထားသောဆေးသည် ထူပျစ်လွန်းသဖြင့် ကဒ်ထူ ပြား မျက်နှာဖုံးကြီး ကွဲထွက်တော့မလို ထင်ရသည်။ ဆံပင်တွေဖြူကြောင်ကြား ဖြစ်လျက်။ သို့သော် အမှန်တကယ်ကြောက်စရာကောင်းသည်မှာ မဆို စလောက်ပွင့်ဟနေသော အဘွားကြီးအို၏ပါးစပ်သည် လိုဏ်ဂူကဲ့သို့ မှောင် တွင်းနက်နေသည်။ သွားတစ်ချောင်းဆို တစ်ချောင်းမှမရှိ။

ဝင်စတန် အူရားဖားရားစာချရေးသည်။ ယက်ကန်ယက်ကန်စာလုံး လေးများမှာ-

"အလင်းရောင်ထဲမှာ မြင်လိုက်ရတာက ကောင်မလေးဟာ တကယ့် အဘွားကြီးဖြစ်နေတယ်။ အနည်းဆုံး အသက်ငါးဆယ်တော့ ရှိပြီ။ ဒါပေမယ့် ကျွန်တော်ရှေ့ဆက်တိုးတယ်။ ခါတိုင်းလိုလုပ်တယ်"

ဝင်စတန်သည် မျက်ခွံများကို လက်ဖြင့်ဖိထားသည်။ နောက်ဆုံး မတော့ သူရေးပြီးသွားပြီ။ သို့သော်ဘာမှမထူး။ ရောဂါကုထုံးသည် အလုပ် မလုပ်။ အသံကုန်အော်ဟစ်၍

ပျစ်ပျစ်နှစ်နှစ် ဆဲရေးပစ်လိုက်ချင်စိတ်သည် ခါတိုင်းလို အားကောင်းနေဆဲ။

‘မျှော်လင့်ချက်ဆိုတာသာရှိလျှင် ထိုမျှော်လင့်ချက်သည် ပစ္စည်းမဲ့ လူတန်းစား ထဲတွင်ရှိသည်။”

မျှော်လင့်ချက်ဆိုတာသာရှိလျှင် ထိုမျှော်လင့်ချက်သည် ပစ္စည်းမဲ့ လူတန်းစားထဲတွင်သာရှိရမည်။ အကြောင်းမှာ အိုရှင်းနီးယားနိုင်ငံ လူဦးရေ၏ ၈၅ ရာခိုင်နှုန်းဖြစ်သော အသိအမှတ်ပြုခြင်းမခံရသည့် လူထုကြီးကသာလျှင် ထိုပါတီမျိုး နောက်ထပ်ဖြစ်ပေါ်မလာရအောင် ဖျက်ဆီးနိုင်မည်ဖြစ်၏။ ပါတီ သည် အတွင်းမှနေ၍မပြိုကွဲနိုင်။ ပါတီ၏ရန်သူများသည် (အကယ်၍သာ ရန်သူရှိခဲ့လျှင်) ပူးပေါင်းသွားစရာ နည်းလမ်းမရှိချေ။ ကိုယ့်လူသူ့ လူခွဲခြား သိဖို့ပင် မဖြစ်နိုင်။ ဒဏ္ဍာရီလာရဲဘော်ရဲဘက်စိတ်ဓါတ် ရှိနေစေဦး၊ ပါတီ ဝင်များသည် နှစ်ဦးစသုံးဦးစထက်ပိုပြီး လူများများစုစည်းမိကြဖို့ ဆိုသည်မှာ စိတ်ကူးထဲ၌ပင်မဖြစ်နိုင်။ ပုန်ကန်ခြင်းဟူသည် မျက်လုံးထဲကို ကြည့်ခြင်း၊ အသံအနိမ့်အမြင့်ပြောင်းလဲခြင်း၊ များသောအားဖြင့် အခွင့်သင့်တိုင်း တီးတိုး ပြောခြင်း။ သို့ရာတွင် ပစ္စည်းမဲ့ကျောမွဲများကား မိမိတို့အင်အားကို မိမိတို့ ဘာသာ တစ်နည်းနည်းဖြင့်သိနေစေဦး၊ ပူးပေါင်းကြံစည်နေစရာမလို။ မြင်း တစ်ကောင်က ယင်ကောင်များကို ခါထုတ်လိုက်သလို လူတန်းစားတစ်ရပ်လုံး ခေါင်းထောင်အုံကြွ လိုက်ရုံသာရှိ၏။ သူတို့သာ ဤနည်းကိုရွေးမည်ဆိုလျှင်မနက်ဖြန် မနက်တင် ပါတီကို အစိတ်စိတ်အမွှာမွှာ ပြိုကွဲအောင် ဖြိုခွဲနိုင်သည်။ သို့တိုင် -

လူတွေအုံခဲနေသောလမ်းထဲ သူဝင်သွားခဲ့ပုံကို ဝင်စတန် သတိရမိသည်။ ရှေ့နားတွင် ရာချီနေသော မိန်းမတို့၏ ဒေါသသံ စိတ်ပျက်သံများ ကြောက်ခမန်းလိလိ ဝက်ဝက်ကွဲ ပေါ်ထွက်နေသည်။ အသံနက်ကြီးများ ခေါင်းလောင်းတီးသလို ဆင့်ကဲဆင့်ကဲ ပဲ့တင်ရိုက်လျက်။ ဝင်စတန် ရင်တဆတ်ဆတ်ခုန်လာသည်။ စပြီ၊ ပွဲတော့စပြီဟု တွေးမိလိုက်သည်။ ဆူပူ အုံကြွမှုကြီး။ အဆုံးမတော့ ကျောမွဲဆင်းရဲသားများ ရုန်းကန်ထကြွလေပြီ။ ထိုနေရာကို သူရောက်သွားမှ လမ်းဘေးဈေးဆိုင်တွင် မိန်းမအယောက် နှစ်ရာ သုံးရာခန့် အုံနေခြင်းဖြစ်ကြောင်းတွေ့ရသည်။သူတို့တတွေ၏မျက်နှာသည် နစ်နေသော သင်္ဘောပေါ်မှ ကံဆိုးမိုးမှောင်ကျသော ခရီးသည်များပမာ ဆွေးကြေနေသည်။ ထိုစဉ် ရန်ပွဲတစ်ပွဲကြီးထွားလာသည်။

ကြည့်ရသလောက် လမ်းဘေးဈေးဆိုင်သည် လက်ကိုင်တပ် ဒယ်အိုးများရောင်းပုံရသည်။ ခနော်ခနဲ့ယိုင်ယဲ့ယဲ့ပစ္စည်းလေးများသာ ဖြစ်သော်လည်း ဟင်းချက်စရာအိုးခွက်ဟူသည် ရှားတောင့်ရှားပါး တစ်ခါတလေမှ ရသည့် ပစ္စည်းမျိုးဖြစ်သည့်အပြင် မမျှော်လင့်ဘဲ ပစ္စည်းလက်ကျန်ပြတ်သွား သည်နှင့် ကြုံရပုံရသည်။ ဒယ်အိုးဝယ် နိုင်လိုက်သည့်မိန်းမက မဝယ်နိုင်သည့်

မိန်းမများကြား တွန်းထိုးရုန်းကန်ပြီး လူအုပ်ထဲမှထွက်သည်။ ဆိုင်နားတွင် အုံခဲနေသောမိန်းမများက ဆိုင်ရှင်အားမျက်နှာလိုက်သလေး၊ ပစ္စည်းအကုန် မရောင်းဘဲ ဝှက်ထားသလေး၊ စသဖြင့်စွပ်စွဲနေကြချိန်။

ထိုစဉ်စီခနဲအော်သံများထွက်လာပြီး ဒယ်အိုးလုနေသော ပွဖောင်း ဖောင်းမိန်းမကြီးနှစ်ဦးကို ဝင်စတန်တွေ့လိုက်ရသည်။ ဒယ်အိုးကို သူတစ်ဖက် ကိုယ်တစ်ဖက် တစ်အောင့်မျှသာလွန်ဆွဲလိုက်ရသည်၊ ဒယ်အိုးလက်ကိုင် ပြုတ် ထွက်လာသည်။ ဝင်စတန် စိတ်ပျက်စွာကြည့်နေသည်။ ကြီးမားသော အင်အားထုသည် လူအယောက်တစ်ရာလောက်၏လည်မျိုထဲမှသာ အသံ အဖြစ်ထွက်ပေါ်လာသည်။ ဘယ်ကိစ္စမျိုးမဆို ယခုလိုအော်ဟစ်မပစ်နိုင် သည်မှာ အဘယ်အကြောင်းကြောင့်နည်း။

ဝင်စတန် စာရေးသည်။

"ဘယ်တော့မှ မပုန်ကန်နိုင်တော့ဘူးလို့ သိသွားတဲ့အချိန်အထိ၊ ပြီးတော့ ပုန်ကန်ပြီးသွားလို့ အသိမရှိနိုင်တော့တဲ့အချိန်ထိ"

ပါတီပြဋ္ဌာန်းစာအုပ်ထဲမှ စာသားများကို ဝင်စတန် သတိရလာသည်။ ပစ္စည်းမဲ့ဆင်းရဲသားများကို အချုပ်အနှောင်မှ လွတ်ငြိမ်းခွင့်ပေးမည်ဟု ပါတီသည်သစ္စာဆိုခဲ့သည်။ တော်လှန်ရေးမတိုင်ခင်ကဆိုလျှင် အရင်းရှင်များ သည် ပစ္စည်းမဲ့များကို ဖိနှိပ်ညှဉ်းဆဲခဲ့သည်။ ပစ္စည်းမဲ့များခမျာ အငတ်ထား ခံခဲ့ရသည်။ ကြိမ်ရိုက်ခံရသည်။ ကျောက်မီးသွေးကျင်းတွင် အမျိုးသမီးများကို အတင်းအကျပ် စေခိုင်းကြသည်။ (တကယ်တော့ အမျိုးသမီးများ ယခုချိန်ထိကျောက်မီးသွေးကျင်းတွင် အလုပ်လုပ်နေဆဲ။) အသက်ခြောက်နှစ်ရွယ်တွင် ကလေးသူငယ်များသည် နှစ်ထပ်ကွမ်းအတွေး၏ ဥပဒေသနှင့် ညီညွတ်စွာ စက်ရုံများသို့ ရောင်းချခံရသည်။ သို့ရာတွင် တစ်ပြိုင်တည်းမှာပင် ပါတီက သင်ကြားထားသည်မှာ အခြေခံလူတန်းစားများသည် သဘာဝအတိုင်း နိမ့်ကျ သူများဖြစ်ပြီး၊ ဥပမာ အပဟိတ်တိရစ္ဆာန်များကို ကိုင်တွယ်သလို ရိုးရှင်းသော စည်းမျဉ်း အနည်းငယ်လောက်ဖြင့် ထိန်းသိမ်းထားရမည်ဟူ၏။

အမှန်မှာ အခြေခံလူတန်းစားအကြောင်း ဘာမှမည်မည်ရရ မသိကြ။ သိစရာလည်းမလို။ ထိုလူတန်းစား အလုပ်လုပ်နေသရွေ့ ကလေး တွေ ဆက်မွေးနေသရွေ့ သူတို့၏အခြားလှုပ်ရှားမှုများသည် ဘာမှ အရေး မကြီး။ အာဂျင်တီးနားမှကွင်းတွေထဲ ကျွဲတွေ နွားတွေ သည်အတိုင်း လွှတ်ထား လိုက်သလို အခြေခံလူတန်းစားများကိုလည်း လွှတ်ထားလိုက်ရုံသာရှိ၏။

သူတို့တတွေ မွေးဖွားလာခဲ့သည်။ နိမ့်နိမ့်ကျကျ ဘဝမှာ ကြီးပြင်း လာခဲ့သည်။ အသက်ဆယ့်နှစ်နှစ်တွင် အလုပ်ဝင်သည်။ ခဏတဖြုတ်ကလေး သာ ဘဝအလှပန်းဖူးပွင့်လိုက်ကြရပြီး အသက်နှစ်ဆယ်တွင် အိမ်ထောင်ပြုသည်။ အသက်သုံးဆယ်တွင် သက်တမ်းထက်ဝက်ကျိုးပြီ။ အများစုသည် အသက်ခြောက်ဆယ်တွင် မရဏာစခန်းမြန်းကြသည်။ ပင်ပန်းဒဏ်ပိခြင်း၊ မိသားစုဝန်ကိုထမ်းရခြင်း၊ အိမ်နီးချင်းများနှင့်ရန်ဖြစ်ခြင်း၊ ရုပ်ရှင်၊ ဘောလုံးပွဲ၊ ဘီယာ၊ ထို့ပြင် အားအကောင်းဆုံးဖြစ်သော

လောင်းကစားခြင်း၊ စသည်တို့သာ စိတ်အာရုံ၏မိုးကုပ်စက်ဝိုင်း တစ်ခုလုံးတွင်ကျပ်ခဲနေခဲ့ကြသည်။ သူတို့ ကိုထိန်းချုပ်ထားဖို့ဆိုသည်မှာ ဘာမှမခက်။ အတွေးပုလိပ် အေးဂျင့်အနည်း ငယ်က သူတို့တတွေကြားထဲ အမြဲ သွားလာနေသည်။ မဟုတ်က ဟုတ်က 63252 များလွှင့်သည်။ ဒုက္ခပေးလာနိုင်ဖို့ အလားအလာရှိသူအချို့ကို မှတ်သားထားပြီး ရှင်းပစ်သည်။ သို့သော် ပါတီ၏သဘောတရားများ သင်ကြား ပြသဖို့ကိုမူ ဘယ်တော့မှမကြိုးပမ်း။

အခြေခံလူတန်းစားများတွင် အားကောင်းသောနိုင်ငံရေး အသိရှိရ မည်ဟု ဘယ်သူမှယူဆမထား။ သူတို့အတွက် လိုအပ်သမျှ အကုန်မှာ ရှေးကျသောမျိုးချစ်စိတ်ဓာတ် တစ်ခုသာလျှင်ဖြစ်၏။ အလုပ်ချိန်ကြာမြင့်ခြင်း၊ ရိက္ခာမဖူလုံခြင်း စသည်တို့ကိုလက်သင့် ခံဖို့ လိုအပ်လာတိုင်း ထိုရှေးကျသော မျိုးချစ်စိတ်ဓာတ်က မေတ္တာရပ်ခံပေးနိုင်သည်။ သူတို့တတွေ ကျေနပ် ရောင့်ရဲမှုမရှိလျှင် ထို မကျေနပ်မှုသည် ဘယ်ကိုမှဦးတည်မသွား။ အကြောင်း မှာ ယေဘုယျဒဿနများ မရှိခဲ့ကြ၍ သူတို့၏ မကျေနပ်မှုအတွက် အသေး အမွှားစိတ်သောကများကိုသာ ပစ်မှတ်ထားသည်။ ကြီးကြီးမားမား ပြစ်ချက် များကတော့ အမြဲ လွတ်ထွက်သွားကြသည်။

အများစုအခြေခံလူတန်းစားများ၏ နေအိမ်တွင် တယ်လီစကင် မရှိကြ။ မြို့တော်ရဲများကပင် သူတို့တတွေကြားထဲ ဘာမှ ဝင်မစွက်ဖက်။ လန်ဒန်တွင် ရာဇဝတ်မှုထူပြောလှသည်။ မြို့တော် တစ်ခုလုံးသည် သူခိုး ကြမ်းပိုးများ၊ ဓားပြများ၊ ပြည့်တန်ဆာများ၊ မူးယစ်ဆေးရောင်းသူနှင့် မသမာ သူများ၏ ကမ္ဘာဖြစ်နေသည်။ သို့သော် ပစ္စည်းမဲ့ကျောမွဲများအတွင်းမှ ကိစ္စဖြစ် နေ၍ ဘာမှ အရေးမကြီး။ ကိုယ်ကျင့်တရားကိစ္စနှင့် ပတ်သက်လျှင် သူတို့ကို ရှေးကကျင့်ဝတ်အတိုင်း လိုက်နာဖို့ခွင့်ပြုထားသည်။ ပါတီ၏ လိင်မှုကိစ္စ ရှောင်ကြဉ်ရေးကို သူတို့အပေါ် ပြဋ္ဌာန်းမထား။ အိမ်ထောင်ရေး ရှုပ်ထွေးခြင်း အပေါ် ပြစ်ဒဏ်မချ။ ကွာရှင်းခြင်းကို ခွင့်ပြုထားသည်။ ထိုအကြောင်းကြောင့် ကျောမွဲတစ်ယောက်သည် ဆန္ဒရှိပါက ဘာသာရေးဆိုင်ရာ ဝတ်ပြုမှုမျိုးပင် ပြုလုပ်ခွင့်ရသည်။ ကျောပွဲများသည် သံသယ၏ အောက်တွင် နေကြရသည်။ သူတို့အတွက် ပါတီဆောင်ပုဒ်မှာ "ပစ္စည်းမဲ့များနှင့် တိရစ္ဆာန်များကိုလွတ်လပ်ခွင့်ပေးသည်"။

ဝင်စတန်သည်ကုန်းပြီး ခြေထောက်မှ အကြောထုံးအနာကို သတိထားကုတ်သည်။ အနာကိုက်လာပြန်ပြီ။ တော်လှန်ရေးမတိုင်ခင်ခေတ် က ဘဝသည် ဘယ်သို့နေသနည်း။ ထိုဘူတာဟောင်းဆီ အတွေးများ တစ်ပတ်ပြန်လည်လာသည်မှာ အမြဲတမ်းဖြစ်၏။ မစ္စစ်ပါဆန်ဆီမှ ငှားလာသော ကလေးသမိုင်း ဖတ်စာအုပ်ကို အံဆွဲထဲမှဆွဲထုတ်ပြီး စာတစ်ပိုဒ်ကို သူ့ ဒိုင်ယာရီထဲ ကူးရေးသည်။

"တော်လှန်ရေးမတိုင်ခင်ခေတ်ကဆိုလျှင် လန်ဒန်သည် ကျွန်ုပ်တို့ ယခုသိထားသောလန်ဒန်ကဲ့သို့ လှပသောမြို့တော်ကြီး မဟုတ်ခဲ့ပေ။ လန်ဒန် သည် မှောင်မဲညစ်ပတ်သော စိတ်မချမ်းမြေ့ စရာမြို့ပျက်ကြီး တစ်ခုထက်မပို။ လူတွေ ဝဝလင်လင်မစားသောက် နိုင်။ ရာထောင်ချီနေသော ဆင်းရဲသားများ

ခြေထောက်တွင် ဖိနပ် မစီးနိုင်။ အမိုးအကာအောက် မအိပ်စက်နိုင်။ သင့်လောက် မကြီးသေးသောကလေးများ တစ်နေ့လျှင် ဆယ့်နှစ်နာရီ လုပ်ငန်းခွင်ဝင်ရသည်။ ရက်စက်သောအလုပ်ရှင်များက ကလေးများကို နှေးရ ကောင်းလားဟု ကြာပွတ်ဖြင့်ရိုက်သည်။ ကျွေးပြန်လျှင်လည်း အောက်သိုး သိုးပေါင်မုန့်အကြေများနှင့် ရေသာတိုက်သည်။

သို့သော် ဤမျှကြောက်စရာ ကောင်းသော မွဲတေမှုများအလယ်တွင် အိမ်ကြီးအိမ်ကောင်းများ လက်တစ် ဆုပ်စာခန့်ရှိနေသည်။ ထိုအိမ်ကြီးများထဲတွင် သူဌေးသူကြွယ်များ နေထိုင် ကြသည်။ သူဌေးတစ်ဦးလျှင် လက်ပါးစေအယောက်သုံးဆယ်ခန့်ရှိပြီး ထိုသူဌေးများကို အရင်းရှင်ဟုခေါ်သည်။ အရင်းရှင်များသည် ဝဝဖီးဖီးနှင့် အရုပ်ဆိုးလှသည်။ ကောက်ကျစ်သောမျက်နှာသည် တစ်ဖက်စာမျက်နှာပေါ် မှ ပုံအတိုင်းဖြစ်၏။ အရင်းရှင်တို့ဝတ်သော ညခင်းဝတ်စုံဟုခေါ်သည့် အနက်ရောင်ကုတ်အင်္ကျီကို သင်မြင်ရမည်။ ပြောင်ပြောင်လက်လက် ဆန်းပြားသောဦးထုပ်ကြီးကား မီးခိုးထုတ်ပြောင်းအတိုင်းဖြစ်၏။ ထိုဦးထုပ်မျိုး ကို ထိပ်မြင့်ဦးထုပ်ဟုခေါ်သည်။ ထိုဝတ်စုံသည် အရင်းရှင်တို့၏ ဝတ်စုံ ဖြစ်သည်။ အခြားလူများဝတ်ခွင့်မရှိ။

အရင်းရှင်များသည် တစ်လောကလုံး ရှိရှိသမျှကို ပိုင်ဆိုင်ကြသည်။ အရင်းရှင် မဟုတ်သူလူအပေါင်းသည် သူတို့၏လက်အောက်ခံ အစေအပါးများ ဖြစ်ကြသည်။ မြေနှင့် အိမ်ယာ၊ စက်ရုံ များ၊ငွေများကို သူတို့ ပိုင်ဆိုင်ထားသည်။ သူတို့စကားနားမထောင်သူကို အကျဉ်းထောင်ထဲ ပို့လိုပို့၊ မပို့ပါက အလုပ်ဖြုတ်ပြီး သေသည်အထိ အငတ် ထားကြသည်။ ရိုးရိုးသာမန်လူတစ်ယောက်က အရင်းရှင်တစ်ဦးကို ပြောလျှင် ကျိုကျိုယို့ယို့နှင့် ဦးညွှတ်ရသည်။ ဦးထုပ်ချွတ်ရသည်။ “သခင်’ ဟုလည်းခေါ်ရသည်။

အရင်းရှင်တို့၏ အကြီးအချုပ်ကို ရှင်ဘုရင်ဟုခေါ်သည်။ ထို့ပြင်-“ စကား ကျန်စာပုဒ်များကို ဝင်စတန်သိပြီးသားဖြစ်၏။ အင်္ကျီလက်ရှည် သင်တိုင်းကြီးများဝတ်သော ဘုန်းတော်ကြီးများအကြောင်း၊ ဝတ်ရုံကြီးခြုံထားသော တရားသူကြီးများ၊ လူအင်အားဖြင့် တရစပ်နင်းရသော ခြေနင်းဘီးကြီး များ၊ ကိုးပင်လိမ်ကြာပွတ်၊ မြို့စား၏ အဆာကျယ်လှသော ညစာ စားပွဲကြီး များ၊ ပုပ်ရဟန်းမင်းကြီး၏ခြေမကို နမ်းရှုတ်နှုတ်ဆက်ရပုံ။ “အသုံးတော်ခံခြင်း ဥပဒေ” ဆိုသည်ကိုမူ ကလေးများဖတ်စာအုပ်ထဲ ထည့်ရေးမထား။ အရင်းရှင် တိုင်းသည် သူပိုင်စက်ရုံတွင်အလုပ်လုပ်သော မည်သည့်မိန်းမကို မဆို ခြေတော် တင်ခွင့်ရှိသည့် ဥပဒေဖြစ်၏။

ထိုအကြောင်းများထဲတွင် မုသားမည်ရွေ့မည်မျှပါပါသည်ဟု သင်ဘယ်လိုလုပ်ပြောနိုင်သနည်း။ ယခုခေတ်သည် တော်လှန်ရေးမတိုင်မီ ခေတ်ထက် ပိုကောင်းသည်ဟုဆိုခြင်းမှာ မှန်နိုင်ပါလိမ့်မည်။ ထိုအပြောကို ဆန့်ကျင်နေသော တစ်ခုတည်းသောသက်သေမှာ သင့် အရိုးထဲမှ အသံ

တိတ်ကန့်ကွက် နေခြင်းဖြစ်၏။ ခံသာဖွယ်မရှိသော သင်၏နေထိုင်မှု အခြေ အနေကို သဘာဝအသိ သဘာဝခံစားချက်ဖြင့်သာ သိနေသည်။ ခေတ်လူနေမှု စနစ်ထဲ ဝင်စတန့်ကိုအလဲအကွဲ ထိုးနှက်ထားနိုင်သောအရာမှာ ရက်စက်ခြင်း၊ မလုံခြုံခြင်းတို့မဟုတ်ဘဲ ပြောင်တလင်းခါနေခြင်း၊ ညစ်ထေးခြင်း၊ အသေ ကောင်လို့ ဘာမှစိတ်မဝင်စားခြင်း တို့ဖြစ်နေသည်။

ဘေးဘီကိုကြည့်လိုက်ပါက ဘဝသည် ဘာနှင့်မှ ယောင်ယောင် လေးပင်သွားမတူ။ တယ်လီစက်မှ အလျှင်မပြတ် ထုတ်လွှင့်နေသော မုသားများ နှင့်လည်းမတူ။ ပါတီကကြိုးစားပမ်းစားရယူနေသော စံပြပုံစံများနှင့်လည်းမဆင်။ ရောမနယ်မြေကြီးထဲတွင် ပါတီဝင်ပင်ဖြစ်ပစေဦး၊ ဘဝများသည် မူလ ဂုဏ်သတ္တိမရှိ။ ငြီးငွေ့စရာအလုပ်များကို တကုန်းကုန်းလုပ်နေရခြင်း၊ မြေအောက်ရထားတွင် နေရာတစ်နေရာရဖို့အရေး တိုက်ခိုက်နေရခြင်း၊ ခြေ အိတ်စုတ်ကို ဖာထေးရခြင်း၊ ဆေးသကြားပြားလေးကို ကပ်ရပ်ယူရခြင်း၊ စီးကရက်တို စုရခြင်း စသည်တို့ ဖြစ်နေသည်။

ပါတီကပျိုးထောင်ထားသော စံပြပုံစံမှာ ကြီးမားခန့်ညားသော၊ ဖိတ်ဖိတ်တောက်နေသော၊ သံမဏိနှင့်ကွန်ကရစ်တို့၏ကမ္ဘာ၊ ရောမစက် ပစ္စည်းများနှင့် အစွမ်းထက်လက်နက်များ၊ စစ်သည်တော်နှင့် တစ်ယူသန်များ ညီညွတ်စည်းလုံးစွာ ရှေ့ချီတက်နေသောတိုင်းပြည်၊ အားလုံးသည် အတွေး တူညီပြီး တူညီသောဆောင်ပုဒ်ကို ကြွေးကြော်ကာ ချီတက်နေသောတိုင်းပြည်။ တစိုက်မတ်မတ်အလုပ်လုပ်မည်၊ တိုက်မည်၊ အောင်နိုင်ကြမည်၊ နှိပ်ကွပ်ကြ မည်၊ လူပေါင်း သန်းသုံးရာသည် တစ်မျက်နှာတည်းဖြစ်နေကြမည်။ ဤပုံစံ သည် ပါတီ၏စံပြပုံစံ။

တကယ့်အရှိတရားမှာ အူဟောင်းလောင်းလူများ ဖိနပ်ပေါက်စီးကာ လှုပ်တုတ်လှုပ်တုတ် နှင့်သွားလာနေကြရသည်။ ယိုယွင်း ညစ်ထေးနေသော တိုင်းပြည်တစ်ဝှမ်း၌ ဂေါ်ဖီပြုတ်နံ့နှင့် မိလ္လာနံ့စွဲနေသော ၁၉ ရာစု ခေတ်အိမ် များသာရှိသည်။ အမှိုက်ပုံးများသန်းချီ ရှိနေသော မြို့ပျက်ကြီးအဖြစ် လန်ဒန် မြို့မြင်ကွင်းကို ဝင်စတန် အာရုံထဲပုံဖော်မြင်ယောင်နေသည်။ ထိုမြင်ကွင်းနှင့် ရောနှောလျက် မစ္စစ်ပါဆန်ကိုပါမြင်နေမိသည်။ ဆံဖြူ သွားကြွေ ပါးရေတွန့် လိပ်နေသော အမျိုးသမီးတစ်ဦး ဆို့နေသောရေဆိုးထုတ်ပိုက်ဖြင့် ဒုက္ခတွေ ပွေလျက်။

ဝင်စတန်ကုန်းပြီး ခြေကျင်းဝတ်ကိုကုတ်ရပြန်သည်။ နေ့နေ့ညည တယ်လီစက်သည် ကိန်းဂဏန်းများဖြင့် သက်သေတွေပြကာ နားကို နှိပ်စက် နေသည်။ ယနေ့ပြည်သူလူထုသည် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်က လူများ ထက် အစားအသောက်အဝတ်အထည် ပို၍ ပေါပေါများများရကြောင်း၊ ကောင်းမွန်သောအိမ်ယာများဖြင့် နေထိုင်ရကြောင်း၊ ကောင်းမွန်စွာ အပန်း ဖြေရကြောင်း၊ ဤသို့ဖြင့် လူ့သက်တမ်းပိုရှည်လာကြကြောင်း၊

အလုပ်ချိန်ပိုနည်းလာကြောင်း၊ လူကောင်ပိုကြီးပိုထွား၊ ပိုကျန်းမာ၊ ပိုသန်၊ ပိုပျော်၊ ပိုဉာဏ်ကောင်းပြီး၊ ပိုကောင်းသောပညာရေးကိုရကြကြောင်း၊ ကိန်းဂဏန်း များဖြင့် သက်သေတွေပြသွားသည်။

ပါတီသည်ကိန်းဂဏန်းများဖြင့် အခိုင်အမာပြောဆိုနေသည်။ ဥပမာ ယနေ့ခေတ်တွင် အရွယ်ရောက်ပြီး ပစ္စည်းမဲ့များ၏ လေးဆယ်ရာခိုင်နှုန်းသည် စာတတ်ကြသည်။ တော်လှန်ရေးမတိုင်ခင်ခေတ်ကဆိုလျှင် ဆယ့်ငါး ရာခိုင်နှုန်းသာ စာတတ်သည်ဟုဆိုသည်။ ယနေ့ခေတ်တွင် မွေးစကလေး သေနှုန်းသည် တစ်ထောင်လျှင်တစ်ရာ့ ခြောက်ဆယ်နှုန်းသာ ရှိတော့သည်။

တော်လှန်ရေးမတိုင်ခင်က တစ်ထောင်လျှင်သုံးရာနှုန်းဖြစ်ကြောင်းစသဖြင့် ကြေငြာလေသည်။ ဘာနှင့်တူသနည်းဆိုသော် မသိကိန်းနှစ်လုံးပါသော ညီမျှခြင်းတစ်ခုနှင့်တူ၏။ သမိုင်းစာအုပ်ထဲမှ စာလုံးတိုင်း၊ ဘာမှ မေးခွန်းပြန် မထုတ်ဘဲ လက်ခံထားသောကိစ္စများကအစ အားလုံးသည် တကယ့်ကို စိတ်ကူးယဉ်များ ဖြစ်နေသည်။ သူ သိသရွေ့ 'အသုံးတော်ခံဥပဒေ" သည် ရှိချင်မှ ရှိမည်။ အရင်းရှင်ဆိုသော သတ္တဝါသည် လည်းကောင်း၊ ထိပ်မြင့် ဦးထုပ်ကဲ့သို့ အဝတ်တန်ဆာသည်လည်းကောင်း ရှိချင်မှရှိမည်။

အရာအားလုံးသည် မြူထဲမှိန်ဝါးနေသည်။ အတိတ်ကို ဖျက်ပစ် လိုက်ကြသည်။ ဖျက်သောလုပ်ရပ်ကို မေ့ပစ်လိုက်ကြသည်။ မုသားသည် အမှန်ဖြစ်လာသည်။ အတုပြုလုပ်ခြင်း၏ ခိုင်မာသော၊ မမှားနိုင်သော သက်သေကို သူ့ဘဝတွင် တစ်ကြိမ်တည်းသာပိုင် ဆိုင်ခဲ့ဖူးသည်။ ထိုသက်သေ ကို သူ့လက်ချောင်းတွေ ကြားထဲ စက္ကန့်သုံးဆယ်ခန့်သာ ကိုင်ထား လိုက်ရဖူးသည်။ ထိုစဉ်က ၁၉၇၃ခုနှစ် သူ့ဇနီးကက်သရင်းနှင့် လမ်းခွဲပြီးမှဖြစ်မည် ထင်သည်။ ဆီလျော်သောရက်စွဲကို ပြောရမည်ဆိုလျှင် လွန်ခဲ့သော ခုနစ် နှစ် ရှစ်နှစ်ခန့်ကဖြစ်၏။

ဇာတ်လမ်းစတင်ခဲ့သည်မှာ ၁၉၆၅ ခုနှစ်တဝိုက်တွင်ဖြစ်သည်။ ရောမပါတီသန့်စင်ပွဲကြီးတွင် တော်လှန်ရေး၏မူလခေါင်းဆောင်ကြီးများ အားလုံးကို တစ်ချက်တည်းနှင့် အပြီးအပြတ်သုတ်သင်ခဲ့သည်။ ၁၉၇၀ အရောက်တွင် အစ်ကိုကြီးမှလွဲ၍ ဘယ်သူမှ မကျန်တော့။ ကျန်လူအားလုံးကိုသစ္စာဖောက်များ၊ တန်ပြန်တော်လှန်ရေးသမားများအဖြစ် ဖော်ထုတ်လိုက်ကြသည်။ ဂိုးစတိန်း ကမူထွက်ပြေးနိုင်ခဲ့ပြီး ပုန်းအောင်းနေသည်။ ကျန်လူများထဲမှ အချို့ကို ရိုးရိုးကလေးကိစ္စရှင်းပစ်လိုက်ကြပြီး အများစုကိုမူ လူမြင်ကွင်းတွင် ခုံရုံးတင်၊ အပြစ်ဝန်ခံစေကာ ဇီဝိန်ပါချုပ်ပေးလိုက်ကြသည်။

နောက်ဆုံးအသက်ရှင်ကျန်ခဲ့သူသုံးဦးကား ဂျုန်း၊ အေရွန်စန်နှင့် ရူသာဖို့တို့ဖြစ်သည်။ ထိုလူသုံးဦး ထောင်ချခံရသည်မှာ ၁၉၆၅ ခုနှစ်က ဖြစ်မည်။ ဖြစ်နေကျအတိုင်း ထိုလူသုံးဦးသည် တစ်နှစ်၊ တစ်နှစ်သာသာ ခန့်ပျောက်သွားပြီးမှ၊ ရုတ်တရက် ထဆွဲခံရခြင်းဖြစ်သည်။ ရန်သူ့သတင်းပေး လုပ်ခဲ့ခြင်း

(ထိုခုနှစ်တွင်လည်း ရန်သူသည် ယူရေးရှား နိုင်ငံဖြစ်သည်) အများ ပိုင်ဘဏ္ဍာအလွဲသုံးစားလုပ်ခဲ့ခြင်း၊ သစ္စာခံပါတီဝင်များကို သတ်ခဲ့ခြင်း၊ တော်လှန်ရေးမတိုင်ခင် ဟိုးအရင်ကတည်းက အစ်ကိုကြီး၏ ခေါင်းဆောင်မှုကို အာခံပြီး ခြေပုန်းခုတ်ခဲ့ခြင်း၊ လူပေါင်း ထောင်သောင်းချီပြီး သေအောင်သတ်ခဲ့ သောအဖျက်သမားလုပ်ရပ်၊ စသည်တို့အတွက် သူတို့သုံးဦးဝန်ခံခဲ့သည်။ ဝန်ခံပြီးသည်နှင့် သူတို့သုံးဦးကို အပြစ်မှလွှတ်ကာ ပါတီထဲတွင်အလုပ်ပေး ခဲ့သည်။ အရေးကြီးနေရာဟု ထင်ရသယောင်ရှိသော်လည်း အမှန်မှာ လုပ်စ ရာမယ်မယ်ရရမရှိ။ သူတို့သုံးဦးစလုံး တိုင်းမ်စ်သတင်းစာတွင် ရှည်လျားသော ခပ်ညံ့ညံ့ ဆောင်းပါးများရေးကြသည်။ ကျူးလွန်ခဲ့သော ပြစ်မှု၏အကြောင်း ရင်းကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာပြပြီး ပြန်လည်ပေးဆပ်မည့်အကြောင်း ကတိကဝတ်တွေပေးကြသည်။

သူတို့ကို လွှတ်ပေးပြီးနောက်ပိုင်းတွင် သူတို့သုံးဦးကို သစ်အယ်ပင် ကဖီးတွင် ဝင်စတန် အသေအချာတွေ့ဖူးခဲ့သည်။ ခန့်ညားကြောက်ရွံ့စရာ စိတ်ကူးယဉ်မှုမျိုးဖြင့် ဝင်စတန် မျက်လုံးထောင့်ကပ်၍ ကြည့်နေခဲ့ပုံကို မှတ်မိသည်။ သူ့ထက်များစွာကြီးသော လူကြီးသုံးဦး။ ရှေးခေတ်ကမ္ဘာ၏ အကြွင်း အကျန်၊ ပါတီသူရဲကောင်းခေတ်၏ နောက်ဆုံးလက်ကျန် ပြယုဂ်များဟု ခေါ်ရ မည်။ မြေအောက်လှုပ်ရှားမှုနှင့် ပြည်တွင်းစစ်၏ စွဲမက်စရာများ သူတို့ထံတွင် ပါးပါးကလေးတွယ်ငင်နေဆဲဖြစ်သည်။ ဖြစ်ရပ်မှန်များနှင့် ရက်စွဲများ ဝေဝါး လိုက်လာနေချိန်ဖြစ်သော်လည်း အစ်ကိုကြီးဟူသော နာမထက် သူတို့ သုံးဦး၏ အမည်များကို စောစီးစွာ ဝင်စတန် သိနေခဲ့သည်။

သို့တစေ သူတို့သည် ဝရမ်းပြေးများ၊ ရန်သူများ၊ လက်လှမ်းပ နိုင်သူများ၊ တစ်နှစ်နှစ်နှစ်အတွင်း အသတ်ခံရတော့မည့် ကံခေသူများ ဖြစ်နေသည်။ အတွေးပုလိပ်လက်ထဲ တစ်ကြိမ်တစ်ခါ ကျရောက် ဖူးသူတိုင်း လွတ်သွားရိုး ထုံးစံမရှိ။ သူတို့တတွေသည် သင်္ချိုင်းကုန်းထဲ ပြန်အပို့ခံရရှိစောင့်နေသော အလောင်းကောင်များသာ ဖြစ်၏။

သူတို့သုံးဦးထိုင်နေသောဝိုင်း၏ အနီးအနားစားပွဲများ၌ လူလွတ်နေသည်။ ထိုလူစားများနှင့် နီးနီးကပ်ကပ်ရှိနေခြင်းသည် အသိဉာဏ် မရှိရာကျသည်။ သုံးဦးသားဂျင်ခွက်ရှေ့ချပြီး တိတ်တိတ် ဆိတ်ဆိတ်ထိုင်နေကြသည်။ ဂျင်ခွက်ထဲလေးညှင်းပွင့်လေးကဲထားသည်။ ဤကဖီးဆိုင်၏အထူးစပါယ် ရှယ်။

လူသုံးဦးထဲမှ ရူသာဖို့ကို ဝင်စတန် အမှတ်ထင်ထင် သတိထားမိနေသည်။ တချိန်တုန်းက ထင်ရှားသောရုပ်ပြောင်ရေးသမား ရူသာဖို့သည် တော်လှန်ရေးမတိုင်မီနှင့် တော်လှန်ရေးကာလအတွင်း အမြင်သဘောထား များကြွတက်လာအောင် ရုပ်ပြောင်များရေးဆွဲ၍ ◌ာင်များရေးဆွဲ၍ ကောင်း ကောင်းကောင်းကြီး ကူညီ နိုင်ခဲ့သည်။ ယခုချိန်ထိ ရူသာဖို့၏ကာတွန်းရုပ်ပြောင်များကို တိုင်းမ်စ် သတင်းစာတွင်

ကြိုးကြားမြင်နေရသေးသည်။ သို့သော် ထူးထူးဆန်းဆန်း အသက်မဝင်ဖြစ်နေသည်။ ဘဝင်မကျ နိုင်စရာဖြစ်နေသည်။ အမြဲတစေ ရှေးခေတ်၏ ခေတ်ပြားဟောင်းကြီးကိုသာ ဖွင့်ပြနေသည်။ ကျူးကျော်တဲများ၊ ငတ်နေသောကလေးများ၊ လမ်းထဲမှရန်ပွဲ၊ ထိပ်မြင့်ဦးထုပ်ဆောင်းသော အရင်းရှင်၊ စသည်တို့မှ မတက်နိုင်သေး။ ရှုသာဖို့သည် လူကောင်ကြီးမျိုးထဲမှ ဖြစ်သည်။ ထူအမ်းအမ်းကပွလီနှုတ်ခမ်း၊ ပွစိစိမျက်နှာ၊ ချွဲကျိုကျို ဆံပင်ဖြူ များနှင့် တချိန်တုန်းကတော့ အားကောင်း မောင်းသန်ဖြစ်ပါလိမ့်မည်။ ယခု တော့ ပျော့တွဲယိုင်ပွဲ့နေသော သူ့အတ္တဘောကြီးသည် မျက်စိရှေ့တင် ပြိုကျ တော့မလို ဖြစ်သည်။

ထိုနေ့က ဆယ့်ငါးနာရီတွင် ဝင်စတန် ကဖီးဆိုင်ထဲရောက်နေခဲ့သည်။ ဉာဏ်မျှပျင်းစရာကောင်းသော အချိန်ကြီးတွင် ကဖီးဆိုင်ထဲ ဘယ်လိုလုပ်ရောက်သွားမှန်း ဝင်စတန် မမှတ်မိတော့။ ဆိုင်ထဲတွင် ခြောက်ကပ် တိတ်ဆိတ်လျက်။ တယ်လီစကော်မှ တောင်တောင်တင်တင် ဂီတသံ ထွက်နေသည်။ ထိုလူကြီးသုံးဦးသည် ထိုင်နေကျ ထောင့်ကလေးတွင် တုတ်တုတ်မျှ မလှုပ်ဘဲ နှုတ်ပိတ်ကာ တိတ်ဆိတ်နေကြသည်။ မမှာဘဲနှင့် စားပွဲထိုးက ဂျင်ခွက်များချပေးသည်။ သူတို့ဘေးမှစားပွဲပေါ်တွင် စစ်တုရင်ခုံတစ်လုံး။ စစ်တုရင်ခုံပေါ် စစ်တုရင်ရုပ်များ အသင့်နေရာချထားသော်လည်း ကစားပွဲလုံးဝမစရသေး။ ထို့နောက် တယ်လီစကော်တွင် မိနစ်ဝက်လောက် တစ်ခုခု ဖြစ်လာခဲ့သည်။ လွှင့်ထုတ်နေသော တီးလုံး ပြောင်းသွားခြင်း ဖြစ်သည်။ သံစဉ် အနိမ့်အမြင့်လည်း ပြောင်းကာ တယ်လီစကော်မှ သီချင်းဆိုသံကိုကြားလိုက်ကြရသည်။

"သစ်အယ်ပင်ရိပ်အောက်မှာ xxx

ငါကမင်းကိုရောင်းစားတယ် xxx

မင်းကငါ့ကိုရောင်းစားတယ် xxx

ဟိုမှာ သူတို့တတွေ xxxဒီမှာ ငါတို့တတွေ xxx သစ်အယ်ပင်ရိပ်အောက်မှာ xxx"

လူကြီးသုံးဦးစလုံး နည်းနည်းကလေးမှလှုပ်မလာ။ သို့သော် ရှုသာဖို့ ၏ ယိုယွင်းနေသော မျက်နှာကြီးကို ဝင်စတန် နောက်တစ်ခေါက် လှမ်းကြည့် လိုက်သောအခါ ထိုလူကြီး၏မျက်လုံးထဲ မျက်ရည်များအိုင်ထွန်းနေသည်။ ထိုအခါမှ ပထမဆုံးအကြိမ်အဖြစ် အေရွှန်စန်နှင့် ရှုသာဖို့တို့ နှစ်ဦးစလုံး နှာရိုးကျိုးနေမှန်း ဝင်စတန် ထိတ်လန့်တကြား သတိထားမိတော့သည်။ ဘာကိုကြောက်မှန်း မသိဘဲ ဝင်စတန်သည် အူထဲအသည်းထဲမှ ဖိန့်ဖိန့်တုန် အောင် ကြောက်ခဲ့မိသည်။

မကြာခင် ထိုဝရမ်းပြေးကြီးသုံးဦးစလုံး ပြန်အဖမ်းခံရသည်။ သူတို့ သုံးဦးကို လွှတ်ပေးပြီး ဘာမှမကြာ၊ ပူးပေါင်းကြံစည်မှုများ ပြုလုပ်သည်ဟူသော အမှုနှင့်ဆွဲခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြိမ် ခုံရုံးတင်ကြသည်။ အစဉ်အဆက် က ပြစ်မှုတွေတသီကြီးအပါအဝင် ပြစ်မှုအသစ်ကိုပါ သုံးဦးစလုံးဝန်ခံကြသည်။ သူတို့သုံးဦးကို ဇီဝိန် ချွေပေးလိုက်သည်။ သူတို့၏ ကံကြမ္မာကို နှောင်းလူများအား

သတိပေးသောအနေဖြင့် ပါတီသမိုင်းတွင် မှတ်တမ်းတင်ခဲ့ကြသည်။
နောင်ငါးနှစ်အကြာ ၁၉၇၃ ခုတွင် လေဖိအားသုံးပြွန်မှ ထွက်လာသော

ညွှန်ကြားချက်စာလိပ်များကို စားပွဲပေါ်တွင် ဝင်စတန်ဖြန့်စီလိုက်သော အခါ စာရွက်ပိုင်းတစ်ခု ညပ်ပါလာသည်ကို တွေ့လိုက်ရသည်။ အခြားစာရွက် များနှင့် ရောနှောပြီးမေ့ကျန်ခဲ့ သောစာရွက်ပိုင်း။ ထိုစာရွက်ကို ဖြန့်ကြည့် လိုက်သည်နှင့် ထူးခြားမှုကို သူဒက်ခနဲတွေ့သည်။ တိုင်းမ်စ်သတင်းစာမှ ဆွဲမြဲ ထားသောစာရွက်။ ဖြဲထားသောစာရွက်သည် အပေါ်ပိုင်းဖြစ်၍ ရက်စွဲပါသည်။ လွန်ခဲ့သော ဆယ်နှစ်က တိုင်းမ်စ်သတင်းစာ။ သတင်းစာစာရွက်ပိုင်း ပေါ်မှ ဓာတ်ပုံသည် ပါတီလုပ်ငန်းစဉ်တစ်ခုခုအတွက် ကိုယ်စား လှယ်ဝင်များ နယူးယော့ခ်တွင် ဓာတ်ပုံရိုက်ခံထားသောပုံဖြစ်သည်။ အုပ်စုထဲထင်ရှားနေ သူများမှာ ဂျုန်း၊ အေရွန်စန်နှင့် ရူသာဖို့။ ဘာမှမှားနိုင်စရာမရှိ။ မှားချင် လျှင်ပင် မှား၍မရအောင် သူတို့အမည်များကို ပုံအောက်ခြေစာတန်းတွင် ရေးထားသည်။

အဓိကအချက်မှာ ခုံရုံးတင်သောနှစ်ကြိမ်စလုံး၌ သူတို့ သုံးဦးသည် ထိုရက်စွဲထိုကာလတုန်းက ယူရေးရှား၏မြေပေါ်တွင် ရှိနေကြသည်ဟု ဝန်ခံခဲ့ ကြသည်။ ကနေဒါ၏လျှို့ဝှက်လေယာဉ်ကွင်းမှ ပျံသန်းလာခဲ့ပြီး ဆိုက်ဘေးရီးယားတစ်နေရာတွင် ယူရေးရှားအကြီးအကဲများနှင့် ဆွေးနွေးခဲ့ကြ ပြီး အိုရှင်းနီးယားနိုင်ငံ၏ အရေးကြီးစစ်ရေးလျှို့ဝှက်ချက်များကို ပေးခဲ့ကြ သည်ဟု ဝန်ခံထားသည်။ ထိုရက်စွဲက ဝင်စတန့်ခေါင်းထဲ စွဲနေခြင်းမှာ နွေလယ်နေ့ (ဇွန် ၂၄) ဖြစ်သောကြောင့် ဖြစ်သည်။ ဇာတ်လမ်းတစ်ခုလုံးကို မရေမတွက်နိုင်သော အခြားနေရာများတွင် မှတ်တမ်းတင်ထားသော်လည်း တစ်ခုတည်းသော ဖြစ်နိုင်စရာ ကောက်ချက်မှာ ခံဝန်ချက်များမှာ အလိမ် အညာ ဖြစ်နေခြင်းပင်။

တကယ်တော့ ဤကိစ္စမှာ သူ့အတိုင်းဆိုလျှင် ရှာဖွေတွေ့ရှိချက် မဟုတ်သေး။ ထိုအချိန်ထိ ပါတီသန့်စင်ပွဲများတွင် သုတ်သင်ခံရသူများသည် သူတို့ကို တင်ထားသောစွဲချက်များအတိုင်း အမှန်တကယ် ကျူးလွန်ခဲ့ကြသလောဆိုသည်ကို ဝင်စတန် စဉ်းစား၍မရ။ မည်သို့ဆိုစေ ဤစာရွက် ပိုင်းလေးသည် ခိုင်မာသောသက်သေ။ ခဝါချခံလိုက်ရသော အတိတ်၏ အပိုင်းအစလေး။

ကျောက်ဖြစ်ရုပ်ကြွင်း အရိုးစလေးကို အလွှာမှားပြပြီး ဘူမိဗေဒဆိုင်ရာ သီဝရီများကို ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။ ဤစာရွက်ပိုင်း သက်သေလေးကို တနည်းနည်းဖြင့် ကမ္ဘာသို့ထုတ်ဝေပြနိုင်ခြင်း၊ ယင်း၏ ထူးခြားမှုကို လူသိရှင်ကြားလုပ်ပြနိုင်ခြင်းသည် ပါတီစိစိမွမွကြေသွားဖို့ လုံလောက်သော လုပ်ရပ်ဖြစ်၏။

ဝင်စတန် ဟန်မပျက်အလုပ်ဆက်လုပ်သည်။ ဓာတ်ပုံကို ကြည့်ပြီး ဆိုလိုချက်ကို သဘောပေါက်လိုက် သည်နှင့် ထိုစာရွက်ကို အခြားစာရွက်များ ဖြင့် အုပ်ထားလိုက်သည်။ ကံကောင်းထောက်မပြီး စာရွက်ပိုင်းကို ဖြည့်စဉ်က တယ်လီစကရင်ရှုထောင့်အတွက် ဇောက်ထိုးဖြစ်နေခဲ့သည်။

အကြမ်းရေးသောစာအုပ်ကို ပေါင်ပေါ်တင်ပြီး ကုလားထိုင်ကို တွန်း ထုတ်၍ ထိုင်သည်။ တယ်လီစက်နှင့် တတ်နိုင်သမျှ ဝေးသွားစေရန်ဖြစ်သည်။ မျက်နှာသေဖြင့်နေဖို့ဆိုသည်မှာ ဘာမှမခက်။ အားစိုက်ပြီး အသက်ရှူနှုန်းကို ထိန်းချုပ်ထား၍ရသည်။ သို့သော် နှလုံးခုန်နှုန်းကိုမူ ထိန်းချုပ်၍မရ။

တယ်လီစက်ဆိုသည်ကလည်း ထိုအရာလေးများကအစ ဖမ်းယူ၍ရနိုင်အောင် အင်မတန်နုသည်။ ဆယ်မိနစ်စောင့်မည်ဟု သူဆုံးဖြတ်ပြီးစောင့်သည်။ ရုတ်တရက် လေတစ်ချက်လောက် စားပွဲပေါ် ဝင်သော့သွားမလား စသည်ဖြင့် တွေးပူကာ ဆယ်မိနစ်လုံးလုံး သူ့မှာနှိပ်စက်ခံနေရသည်။ ထို့နောက်မှ ဓာတ်ပုံပါသောစာရွက်ပိုင်းကို 'ပြန်မလှန်တော့ဘဲ မှတ်ဉာဏ်တွင်းထဲ ပစ်ချ လိုက်၏။ တစ်မိနစ်အတွင်း ထိုစာရွက်သည် အခြားစာရွက်များနှင့်အတူ ပြာဖြစ်သွားပေလိမ့်မည်။

ထိုဖြစ်ရပ်သည် လွန်ခဲ့သောဆယ်နှစ်၊ ဆယ့်တစ်နှစ်တုန်းက ဖြစ် ရပ်။ ယနေ့တွင် ထိုဓာတ်ပုံကို သူထိန်းသိမ်းထားချင်သည်။ သူ့ လက်ချောင်း တွေကြားထဲ ဓာတ်ပုံကိုင်ထားဖူးသည်ဟူသော အဖြစ်မှန်က သူ့ကို ပြောင်းလဲ စေသည်ဟု ယခုထိသူထင်မြင်နေဆဲ။ ဓာတ်ပုံကမူ အဖြစ်အပျက်များကို မှတ်တမ်းတင် ထားသည့်တိုင် အမှတ်တရတစ်ခုသာ ဖြစ်သည်။ ပါတီ၏အတိတ်ကို ကိုင်တွယ်ပုံသည် လျော့တိလျော့ရဲဖြစ်နေသလောဟု ဝင်စတန် တွေးမိသည်။ အဘယ်ကြောင့်ဆိုသော် သက်သေအပိုင်းအစ လေးတစ်ခုသည် ယခုမရှိတော့သော်လည်း တစ်ချိန်ကရှိခဲ့သည်။

သို့သော်လည်း ကနေ့ခေတ်တွင် ပြာများသည်မူလပုံစံ ပြန်ရောက် သွားသည်ပဲထား၊ ထိုဓာတ်ပုံသည် သက်သေတစ်ခုမဟုတ်တော့ပြီ။ အိုရှင်းနီးယားသည် ယူရေးရှားနှင့် ရန်သူတော်များမဟုတ်ခဲ့။ သေဆုံးသွား သောလူသုံးယောက် ကိုယ့်တိုင်းပြည်ကို သစ္စာဖောက်ပြီး သွားပူးပေါင်းခဲ့ သူများ မှာ အိစတာရှားနိုင်ငံ ဖြစ်ပါလိမ့်မည်။ သူတို့၏ ခံဝန်ချက်များကို အဖန်ဖန် အထပ်ထပ် ပြုပြင်ရေးသားခဲ့ပြီး၍ ယခုလောက်ဆိုလျှင် မူလအချက်အလက်၊ မူလရက်စွဲများသည် ဘာမှ မမှန်တော့။ အတိတ်ကို ပြောင်းလဲခဲ့ရုံတင်မက၊ စဉ်ဆက်မပြတ် ပြောင်းလဲပေးနေခြင်းဖြစ်သည်။ အိပ်မက်ဆိုးမက်သူလို ဝင်စတန် ချောက်ချောက်ချားချားနှင့် ခေါင်းစားရသော ပြဿနာမှာ အဘယ် ကြောင့် ဤမျှကြီးကျယ်သော ရောမအတုအယောင်ကြီးကို ဖန်တီးကြသနည်း၊ အတိတ်ကို လိမ်ညာလိုက်၍ ချက်ချင်းလက်ငင်း အကျိုးကျေးဇူးရှိသည်မှာ ထင်ရှားပါသည်။ သို့ရာတွင် ဤလုပ်ရပ်၏ အကြောင်းရင်းမှာမူ သိရခက်လှသည်။

ဝင်စတန်သည် ဖောင်တိန်ထုတ်ပြီးချရေးသည်။ "ဘယ်လိုဆိုတာကို ကျွန်တော်နားလည်တယ်။ ဘာကြောင့်ဆိုတာ ကို ကျွန်တော်နားမလည်ဘူး။"

မိမိကိုယ်ကိုစိတ်မနှံ့ရဲ့လားဟု ဝင်စတန်အံ့ဩနေသည်။ ဟိုယခင် ကလည်း အကြိမ်ကြိမ်အံ့ဩဖူးခဲ့သည်။ စိတ်မနှံ့သူမှ တစ်ဦးတည်းသာရှိသော

လူနည်းစုဖြစ်ကောင်းဖြစ်နိုင်သည်။

တချိန်တုန်းကဆိုလျှင် ကမ္ဘာက နေကိုပတ်နေသည်ဟု ယုံဖို့ဆို သည်မှာ ရူးသွပ်ခြင်းလက္ခဏာတစ်ရပ်ဖြစ်သည်။ ယနေ့ခေတ်တွင် အတိတ်ကို မပြောင်းလဲနိုင်ဟု ယုံဖို့ဆိုသည်မှာ ရူးမှုပဲ ဖြစ်မည်။ ယုံသူသည် သူတစ်ဦး တည်းဖြစ်နိုင်သည်။ အကယ်၍သာ တစ်ဦးတည်းဆိုလျှင်လည်း အရူးပဲဖြစ်၏။ သို့သော်လည်း ရူးများနေပြီလားဆိုသောအတွေးက သူ့ကို ကြီးကြီးကျယ်ကျယ်ဒုက္ခမပေး။ သူမှားနေမှာကိုပဲအကြီးအကျယ်ကြောက်သည်။

ကလေးများဖတ်စာအုပ်ကို ကောက်ယူပြီး စာမျက်နှာရှေ့ဆုံးမှ အစ်ကိုကြီး၏ပုံကို သူကြည့်သည်။ အစ်ကိုကြီး၏အိပ်မွေ့ချနိုင်စွမ်းရှိသော မျက်လုံးများက ဝင်စတန့်မျက်လုံးထဲပြန်ကြည့်နေသည်။ ကြီးမားသော အင်အားတစ်မျိုးက သင့်အပေါ် ဖိစီးလာသကဲ့သို့ပင်။ သင့်ဦးခေါင်းခွံထဲ တစ်ခုခုက ဖောက်ဝင်သွားကာ ဦးနှောက်ထဲ ရိုက်သွင်းနေသည်။ သင့် ယုံကြည်ချက်များကို ခါထုတ်လိုက်ဖို့ခြိမ်းခြောက်နေသည်။

သင့်အာရုံငါးပါး၏ သက်သေများကို ငြင်းဆိုဖို့ဆွဲဆောင်နေသည်။ အဆုံးတွင် ပါတီက ကြေငြာ လိမ့်မည်။ နှစ်နှင့်နှစ်ပေါင်း-ငါး။ ထိုအခါ သင်ကလည်း ယုံပေးရမည်။ ထို အပြောကို အနှေးနှင့်အမြန် သူတို့ပြောတော့မည်။ ရှောင်လွှဲ၍မရ။ သူတို့ အနေအထား၏ ယုတ္တိဗေဒက ထိုအချက်ကို တောင်းဆိုသည်။

အတွေ့အကြုံကြောင့်တင်မက ပြင်ပအရှိတရားကြောင့် ၎င်းတို့၏ ဒဿနသည် ယုတ္တိကို ရေငုံနှုတ်ပိတ်၍ ငြင်းဆိုထားသည်။ အယူမှားတို့၏ မှားသောအယူဟူသည် လူပြိန်းတွေးမျှသာဖြစ်သည်။ တကယ်ကြောက်စရာ ကောင်းသည်မှာ ကိုယ်ကအတွေးဆန်း၍ အသတ်ခံရမှာကိုမဟုတ်။ သူတို့ မှန်နေမှာကိုပဲ ကြောက်ရသည်။ အကြောင်းမှာ နှစ်နှင့်နှစ်ပေါင်း-လေး ရသည် ဟု ကျွန်ုပ်တို့ဘယ်လို သိသနည်း။ ကမ္ဘာ့မြေဆွဲအား အလုပ်လုပ်သည်ကို ဘယ်လို သိသနည်း။ မဟုတ်ပါကလည်း အတိတ်ကို ပြောင်းလဲ၍မရဟု ဘယ်လို သိသနည်း။ အကယ်၍သာ အတိတ်နှင့်ပြင်ပကမ္ဘာသည် စိတ်ထဲ၌သာ ရှိသည်ဆိုလျှင် စိတ်ကိုလည်းထိန်းချုပ်၍ရသည်ဆိုလျှင် - သင်ဘာဆက် ပြောမည်နည်း။

သို့သော် မဟုတ်သေး။ သူ့သတ္တိများ ရုတ်ခြည်း တောင့်တင်းသွားသည်။ အိုဘရိုင်ယန်၏မျက်နှာသည် သူ့စိတ်အာရုံထဲပေါ် လောလှုပ်နေသည်။ အိုဘရိုင်ယန်သည် သူ့ဘက်မှာ ရှိသည်ဟု ယခင်ကထက် သူပိုသေချာနေသည်။ သူသည် အိုဘရိုင်ယန်အတွက် ဒိုင်ယာရီရေးနေခြင်းဖြစ်သည်။ ယင်းမှာ ဖတ်သူမရှိသည့် မဆုံးနိုင်သော စာရှည်ကြီးနှင့် တူသည်။

သင့်မျက်လုံး သင့်နားတို့မှ လက်ခံရရှိသော အထောက်အထားများကို ငြင်းပစ်လိုက်ရန် ပါတီကပြောထားသည်။ ဤသည်မှာ သူတို့၏ နောက်ဆုံး နှင့် အခြေခံအကျဆုံး အမိန့်။ သူ့အပေါ် ဖိစီးလွှမ်းမိုးနိုင်လွန်းသော အင်အား ကို သူတွေးမိပြီး စိတ်အားငယ်လာသည်။ ပါတီဝင်ပညာတတ် ဘယ်သူမဆို သူ့အား

စကားစစ်ထိုးပြီး အေးအေးကလေးဖြုတ်ချသွားနိုင်သည်။ သူတို့၏ သိမ်မွေ့သောစောဒကများကို သူဖြေဖို့နေနေသာသာ၊ သဘောပေါက်ဖို ပင်မလွယ်။

သို့တိုင် သူသည်မှန်သည့်ဘက်တွင်ရှိသည်။ သူတို့မှားပြီး သူက မှန်သည်။ အမှန်တရားသည် မှန်သည်။ ထိုအချက်ကို ကိုင်ထားလော့။ ဒြပ်ထု ကမ္ဘာကြီးရှိနေသည်။ ကမ္ဘာကြီး၏ ဥပဒေသများ မပြောင်းလဲ။ ကျောက်တုံး သည် မာသည်။ ရေသည် စိုစွတ်သည်။ ထောက်ပံ့ထားခြင်းမရှိသော အရာ ဝတ္ထုများ ကမ္ဘာ့အလယ်ဗဟိုဆီ ဦးတည်ပြီး ကျလာသည်။ အိုဘရိုင်ယန်ကို စကားပြောနေသည်ဟူသော ခံစားချက်ဖြင့် သူစာရေးသည်။ ထို့ပြင် အရေးကြီး နဂိုမှန်အဆိုကို တင်သွင်းနေသည်ဟူသော ခံစားချက်ဖြင့် သူ စာချရေးသည်။

“လွတ်လပ်ရေးဆိုသည်မှာ နှစ်နှင့်နှစ်ပေါင်း-လေး ဟု လွတ်လပ်စွာ ပြောဆိုရေးဖြစ်သည်။ ဤအချက်ကိုခွင့်ပြုလိုက်ပါက ကျန်အားလုံး နောက်က လိုက်လာပေမည်။”

လမ်းကျဉ်းလေး၏အောက်ဘက်မှ နှပ်ထားသောကော်ဖီရနံ့ သင်းသင်းလေး လမ်းပေါ် လွင့်တက်လာသည်။ ကော်ဖီစစ်စစ်ဖြစ်၏။ ဗစ်ထရီကော်ဖီမဟုတ်။ ဝင်စတန် အလိုလို လမ်းလျှောက် ရပ်သွားသည်။ မေ့လျော့ထားသော ကလေး ဘဝ၏ကမ္ဘာကြီးထဲ နှစ်စက္ကန့်လောက်ပြန်ရောက်သွားသည်။ ထိုစဉ် တံခါး ပိတ်သံကြားရပြီး စောစောကကော်ဖီရနံ့လေးလည်း အသံပိတ်သလို တိခနဲ ပြတ်တောက် သွားခဲ့၏။

ဝင်စတန် လမ်းလျှောက်လာခဲ့သည်မှာ ကီလိုမီတာပေါင်း မနည်း တော့။ ခြေထောက်မှ အကြောထုံးနာကြီး တဆစ်ဆစ်ကိုက် ခဲလာသည်။ အသင်းတိုက်ကိုမသွားဘဲ လစ်ထွက်လာခဲ့သည်မှာ သုံးပတ်အတွင်း ယခု အကြိမ်သည် ဒုတိယအကြိမ်။ အသင်းတိုက်ရှိ လူဦးရေကို သေသေချာချာ စစ်ဆေးနေမှန်းသိလျက် ယခုလိုအဆောတလျင်ထွက်လာခြင်းသည် မဆင် ခြင်သောလုပ်ရပ်ဖြစ်၏။

မူဝါဒအားဖြင့် ပါတီဝင်တစ်ယောက်သည် အချိန် ပိုမရှိစေရ၊ အိပ်ချိန်မှလွဲ၍ ဘယ်တော့မှ တစ်ယောက်ထဲ မနေရ။ ပါတီဝင် တစ်ဦးသည် အလုပ်လုပ်မနေဘူး၊ စားမနေဘူး၊ အိပ်မနေဘူးဆိုလျှင် အများနှင့် သက်ဆိုင်သော အပန်းဖြေခြင်းတစ်ခုခုတွင် ဝင်ပါရမည်။ တစ်ကိုယ်တည်းနေသောအရသာကိုမှ လိုချင်သည်ထားဦး၊ တစ်ယောက်ထဲလမ်းလျှောက်ထွက်ခြင်းသည် နည်းနည်းတော့ အန္တရာယ် ရှိသည်။ ထိုအတွက် ခေတ်သစ် အပြောပင်ရှိသေးသည်။ "ကိုယ်ပိုင် ဘဝ"။ ဆိုလိုသည်မှာ အထီးကျန်ခြင်း၊ တစ်မူထူးခြင်း။

ယနေ့တော့ ဌာနထဲမှသူထွက်လာစဉ် ပူနွေးနေသော ဧပြီ လေထု သူ့ကိုညို့ယူနေသည်။ တစ်နှစ်လုံးတွင် ယနေ့မှကောင်းကင်ကပိုပြာ နေသည်။ အသင်းတိုက်ထဲက ဟုန်ညံနေသောအသံများ၊ ပျင်းရိစရာများ၊ ပင်ပန်းသော ကစားနည်းများ၊ လက်ချာရိုက်ခြင်း၊ ဂျင်အရက်ဖြင့်ချောဆီထည့် ရဲဘော်ရဲဘက်စိတ်စသည်တို့ကား သည်းမခံနိုင်စရာများဖြစ် နေသည်။

ဝင်စတန်သည် ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် ကားမှတ်တိုင်မှ ချာခနဲ ထားသော လှည့်ထွက်လာပြီး လန်ဒန်၏ လမ်းဝက်ပါတွေထဲ လျှောက်လည်နေသည်။ ပထမတောင်ဘက်၊ ထို့နောက်အရှေ့၊ ပြီးမှမြောက်ဘက်ပြန်လှည့်လာရာ အမည်မသိ လမ်းတွေထဲ မျက်စိလည်နေသည်။ ဘယ်ဆီဘယ်ဝယ်ဦးတည်သ လဲ၊ အရေးလုပ်မနေတော့။

"မျှော်လင့်ချက်ဆိုတာရှိလျှင် ထိုမျှော်လင့်ချက်သည် ပစ္စည်းမဲ့ လူတန်းစားတွင်ရှိသည်" ဟု ဒိုင်ယာရီထဲသူရေးခဲ့သည်။ ခေါင်းထဲပြန်ပြန် ဝင်လာနေသော ထိုအပြောသည် အသိရခက်လှသောအမှန်တရား၊ ပေါ် တင် ကျူလွန်းသောကြံကြီးစည်ရာ။ မြောက်ပိုင်းနှင့်အရှေ့ပိုင်း၏ အပြောကျယ်လွန်းသော

ညို့မွဲမွဲဆင်းရဲသား တဲတွေကြား တစ်နေရာရာသို့ သူရောက်နေသည်။ တချိန်က စိန့်ပန်ကရာဘူတာရုံ ရှိခဲ့ရာနေရာဖြစ်၏။ သူလျှောက်နေသော ကျောက်ခင်းလမ်း၏ ဘေးနှစ်ချက်တွင် နှစ်ထပ်အိမ်လေးများ။ အထု အထောင်းခံရဖန်များသော အိမ်ဝင်တံခါးများက ကြွက်တွင်းကို ပြေးသတိရ စရာဖြစ်သည်။

လမ်းပေါ်ဗွက်ပေါက်လျက်။ အိမ်တွင်းအိမ်ပြင်နှင့် လမ်းကြားလမ်းမြှောင်အသွယ်သွယ်တွေထဲ လူတွေ ပြည့်လျက်။ လူအရေအတွက်မှာ အံ့သြစရာကြီး ဖြစ်သည်။ အပျိုကြီး ဖားဖားဖြစ်နေသော မိန်းကလေးတို့၏ နှုတ်ခမ်းသည် နီနီရဲရဲရိုင်းရိုင်းကြီးဖြစ် ၏။ မိန်းကလေးများ နောက်သို့ လိုက်ကြသော လူငယ်များ၊ အိုမင်းရင့် ရော် နေသော ခါးကုန်းကုန်းသက်ရှိများ၊

ဗွက်အိုင်ထဲဆော့နေသော ဖိနပ်မပါသည့် ပုစုခရုများ၊ အမေ့ထံမှဒေါသတကြီး အော်ဟစ် ထွက်ပြေး လာသော ကလေးများ၊ ထို့ပြင် ပွယောင်းယောင်းပွဖောင်းဖောင်း မိန်းမကြီးများ။ မိန်းကလေးများ နောင်ဆယ်နှစ်အကြာတွင် ဖြစ်လာမည့်ပုံစံကို မြင်နေရခြင်းဖြစ်သည်။ လမ်းထဲ ရှိရှိသမျှ ပြတင်းပေါက်တို့၏ လေးချိုးတစ်ချိုးသည် ပျက်စီးနေသည်။

လူအတော်များများက ဝင်စတန့်ကို ဂရုမစိုက်ကြပေ။ အချို့ကသာ သတိဖြင့်စောင့်ကြည့်နေသည်။ အိမ်တံခါးဝတွင် လက်ပိုက်၍ လေဖောနေ မိန်းမဝဝကြီးနှစ်ဦးကို ဝင်စတန်တွေ့သည်။ သူတို့၏ လက်မောင်းအိုး ကြီးများမှာ အုတ်နီခဲအလား ရဲတွတ်နေသည်။ သူတို့အနားရောက်လာစဉ်သော ပြောနေသောစကားများကို ဝင်စတန်ကြားသည်။

"ဟုတ်တယ်လို့ ကျုပ်ပြောလိုက်တယ်။ ကောင်းတာပေါ့လို့၊ ရှင်သာ ကျုပ်နေရာမှာဆို ကျုပ်လုပ်သလိုရှင်လုပ်မှာပဲ။ သူများကို ဝေဖန်ရတာ လွယ်တယ်။ ဒါပေမယ့် ကျုပ်လိုဒုက္ခမျိုး ရှင်မှမခံစား ရဖူးတာလို့၊ ဒီလိုကို ပြောခဲ့ တာ "

"ဩော်. . . ဟုတ်တာပေါ့တော်၊ ဟုတ်တာပေါ့"

ဒေါင်းတင်မောင်းတင်ပြောနေသော စကားသံ တိခနဲရပ် သွားသည်။ သူတို့ကိုဖြတ်ကျော်သွားသော ဝင်စတန့်အား ရိုင်းပျစွာ လေ့လာနေသည်။ သို့သော် ရိုင်းပျသည်ဟုလည်း ပြော၍မရ။ မရင်းနှီးသော တိရစ္ဆာန်တစ်ကောင် ကို သတိဖြင့်စောင့်ကြည့်ခြင်းမျိုး ဖြစ်သည်။

ဤလမ်းကြားထဲမှာ ပါတီ၏ အပြာ ရောင်ယူနီဖောင်းကို မြင်လေ့မြင်ထမရှိကြ။ အမှန်ပြောရလျှင် ဤနေရာ တွင် အလုပ်မရှိဘဲ လူမြင်လာခံခြင်းသည် အသိဥာဏ်မရှိရာကျသည်။ လှည့်ကင်းများက မေးမြန်းစစ်ဆေးနိုင်သည်။ "စာရွက်စာတမ်းပြပါဦး ရဲဘော်။ ဒီမှာ ဘာလာလုပ်နေတာလဲ။ ဘယ်အချိန်က အလုပ်ဆင်းတာလဲ။ ဒါ ပုံမှန် အိမ် အပြန်လမ်းလား" စသည်စသည်ဖြင့် မေးခွန်းတွေ ဆုံးတော့မည်မထင်။ ပြန်နေကျ လမ်းမှမဟုတ်ဘဲ အိမ်ပြန်ခြင်းအတွက် ဘာဥပဒေမှမရှိ။ သို့ရာတွင် အတွေးပုလိပ်က သင့်ကို အာရုံစိုက်လာနိုင်သည်။

ရုတ်တရက် တစ်လမ်းလုံးဝရုန်းသုန်းကားဖြစ်သွားသည်။ အော်ဟစ်သတိပေးသံများ ညံထွက်လာပြီး ယုန်ကလေးတွေလို လူတွေ အိမ်ထဲ ဝင်ပြေ ကြသည်။ မိန်းမရွယ်တစ်ဦး အိမ်ထဲမှသုတ်ခနဲ ထွက်လာပြီး ဗွက်ထဲ ဆော့နေ ပေါက်စနတစ်ကောင်ကို တစ်ချက်တည်းဆွဲမ၍ အိမ်ထဲ ဝင်ပြေးသည်။ တစ်ပြိုင်တည်းမှာပင် ဝင်စတန့်ဆီ လူတစ်ဦးပြေးလာပြီး မိုးပေါ်ကို လက်ညိုး ထိုးပြသည်။

"မီးသင်္ဘော၊ မီးသင်္ဘော။ သတိထား၊ မြန်မြန်လှဲချလိုက်။

မီးသင်္ဘောဆိုသည်မှာ ပစ္စည်းမဲ့များသုံးသော ဒုံးကျည်၏ နာမည် ပြောင်ဖြစ်သည်။ ဝင်စတန် မျက်နှာမှောက်ချလိုက်သည်။ ယခုလိုသတိပေးခြင်းမျိုးတွင် ပစ္စည်းမဲ့များ အမြဲလိုလိုမှန်သည်။ တကယ်တော့ ဒုံးကျည်သည် အသံထက် ပိုမြန်မြန်ပြေးသော်လည်း ဒုံးကျည်မကျခင် စက္ကန့် အတော်များ များစောပြီး သူတို့က ထိုကိစ္စကို မနောဖြင့် သိနေကြပုံရသည်။

ဝင်စတန်သည် ဦးခေါင်းကို လက်မောင်းနှစ်ဖက်ဖြင့် အုပ်ထားသည်။ လူသွားလမ်း မို့တက်လာသလား အောက်မေ့ရအောင် မြည်ဟိန်းသွားသောအသံနှင့်အတူ ဝင်စတန့်ကျောပေါ် အမှုန်အမွှား များကျလာသည်။ ထရပ်လိုက်မှ ပြတင်းမှန်ကွဲစများ ကျလာခြင်းဖြစ်ကြောင်း တွေ့ရသည်။

ဝင်စတန် ဆက်လျှောက်လာသည်။ ရှေ့မီတာနှစ်ရာအကွာတွင် အိမ်တစ်စု ဒုံးကျည်စာမိပြီး ဖွတ်ဖွတ်ကြေသွားချေပြီ။ မီးခိုးမည်းများ ကောင်းကင်ထဲအိတ်ွဲနေဆဲ။ အောက်ဘက်မှ အင်္ဂတေပုံ အပျက်အစီးကို လူတစ်အုပ်ဝိုင်းလျက်။ သူ့ရှေ့တွင် အင်္ဂတေပုံလေး တစ်ခုနှင့် ၎င်းအလယ်မှ နီနီရဲရဲအရာကို သူတွေ့သည်။ အနီးရောက်မှ လက်တစ်ဖက်ဖြစ်မှန်းသိသည်။ လက်ကောက်ဝတ်မှ ပြတ်ထွက်နေသော လက်သည် သွေးများပျစ်ခဲနေသော အပိုင်းမှလွဲ၍ ကျန်အပိုင်းသည် အင်္ဂတေနှင့်တစ်သားတည်း ဆွတ်ဆွတ်ဖြူနေသည်။

သူသည် ထိုအရာကို မြောင်းထဲသို့ ကန်ချလိုက်သည်။ လူအုပ်ကို ရှောင်ရန် လက်ယာဘက်ကိုကွေ့ပြီး ဆက်လျှောက်လာရာ သုံးလေးမိနစ် အတွင်းမှာပင် ဗုံးထိသောမြေဧရိယာမှ လွတ်လာခဲ့သည်။ လမ်းကြားထဲမှ စုတ်ချာသောဘဝများသည် ဘာမှမဖြစ်ခဲ့သလို နဂိုအတိုင်း စည်ကားလျက်ရှိသည်။ နာရီနှစ်ဆယ်ပင် ထိုးလုပြီ။ အခြေခံလူတန်းစားများ သောက်သော အရက်ဆိုင်တွေလဲ လူတွေ ကြိတ်ကြိတ်တိုးနေကြသည်။ မဲမဲသဲသဲ ဆင်နားရွက် တံခါးသည် ဖွင့်ချည်ပိတ်ချည်နှင့်။ ကျင်ငယ်နံ့၊ လွှစာမှုန့်နံ့နှင့် ချဉ်စုတ်စုတ် ဘီယာနံ့များ ယင်းတံခါးမှထွက်လာနေသည်။

အိမ်တစ်လုံးရှေ့တွင် ပူးပူးကပ်ကပ်ရပ်နေသော ယောကျ်ားသုံးဦးကို တွေ့သည်။ အလယ်မှလူသည် သတင်းစာကိုခေါက်၍ ကိုင်ထားသည်။ ကျန် နှစ်ဦးက အလယ်လူ၏ပခုံးပေါ်မှကျော်၍ သုံးဦးသား သတင်းစာ ဖတ်နေကြသည်။

သတင်းစာထဲ သုံးဦးစလုံး အာရုံဝင်စားနေသည်ကို သူတို့အနီး ဝင်စတန်ရောက်မလာခင် ခပ်လှမ်းလှမ်းကတည်းက ပုံဖော်၍ရနေသည်။ အရေးကြီးသတင်း ကိုဖတ်နေကြမှန်း သိသာပါသည်။ သူတို့အနားရောက်ဖို့ သုံးလေးလှမ်းအလိုတွင်မှ ဖြုန်းခနဲ စကားတဖောင်ဖောင်ထပြောကြသည်။

“ငါပြောတာ သေချာနားထောင်စမ်းကွာ၊ ငါမပြောဘူးလား။ ခုနစ်နောက်ပိတ်က မပေါက်တာ ဆယ့်လေးလကျော်ပြီကွ”

“ဟုတ်တယ်လေ၊ ဒီတော့”

“မဟုတ်ဘူးကွ။ မဟုတ်ဘူး။ အိမ်မှာ နှစ်နှစ်စာအကုန်လုံးကို ငါ စာရွက်ပေါ်ချရေးတယ်။ အစဉ်လိုက်ကိုချရေးတာ။ ဒီမယ် ငါပြောမယ်။ ခုနစ်နောက်ပိတ်-”

ထီအကြောင်းပြောနေကြခြင်းဖြစ်သည်။ မီတာသုံးရာလောက် ဆက်လျှောက်ပြီးမှ ဝင်စတန် ပြန်လှည့်ကြည့်သော် သူတို့တတွေ အင်မတန် စိတ်ပါလက်ပါ ငြင်းခုံနေဆဲ။ ဆုကြေးငွေအလွန်များသော အပတ်စဉ်ထီကို ပစ္စည်းမဲ့လူတန်းစားများ အလွန်အမင်းစိတ်ဝင်စားသည်။ သူတို့အသက်ရှင်ရပ်တည်ရေး အတွက် မဟုတ်ဘူးဆိုလျှင်သော်မှ ထီကိုအဓိကအမှီသဟဲပြုနေကြ သူ ပစ္စည်းမဲ့ ကျောမွဲများ သန်းချီပြီးရှိနေသည်။

ထီသည် သူတို့၏ဝမ်းမြောက်ဖွယ်ရာ၊ သူတို့၏မိုက်မဲမှု၊ ဖြေဆေး၊ ဉာဏ်ပညာပိုင်းလှုံ့ဆော်မှု။ စာရေးစာဖတ်ပင် မတတ်သူများက ထီကြောင့် သာလျှင် အင်မတန်ရှုပ်ထွေးသိမ်မွေ့လှသော အတွက်အချက်များကို တွက်မျက်လာကြနိုင်သယောင်ရှိသည်။ မှတ်ဉာဏ်များအင်မတန် ကြွယ်ဝကုန်ကြလေသည်။ တွက်ချက်နည်းစနစ်များ၊ ကြိုတင်ခန့်မှန်းချက်များ၊ ကံကောင်းစေသောအဆောင် လက်ဖွဲ့များရောင်း၍ ထီကိုအမှီပြု အသက်မွေးဝမ်း ကျောင်းသူ လူမျိုးနွယ်ကြီးတစ်ခုလုံးပင်ရှိသေး၏။

အလျှံပယ်ဝန်ကြီးဌာနမှ ကိုင်တွယ်သောထီကို ဝင်စတန် ဘာမှ ပတ်သက်စရာမရှိ။ သို့သော် သူသတိထားမိသော အရာရှိသည်။ တကယ်တော့ ပါတီတွင်းမှ လူစုံတက်စုံသတိထားမိခြင်း ဖြစ်သည်။ ထီဆုငွေများမှာ များသောအားဖြင့် စိတ်ကူးယဉ်များသာဖြစ်သည်။ ပေါက်မဲ အသေးလေးများကို သာပေးပြီး ဆုကြီးပေါက်သူများသည် မရှိတော့သော သူများဖြစ်သည်၊ အိုရှင်းနီးယားနိုင်ငံအတွင်း တစ်နေရာမှတစ်နေရာ ဆက်သွယ်ရေးမရှိ၍ ဤကိစ္စဖန်တီးဖို့ရာ ဘာမှမခက်ချေ။

သူကွေ့ဝင်လာခဲ့သောလမ်းသည် ကုန်းဆင်းဖြစ်၏။ ဤနေရာ ဤပတ်ဝန်းကျင်ကို ရောက်ဖူးသလိုလိုပင်။ သိပ်မဝေးလှသော နေရာ၌ တိုးလျှို ပေါက်လမ်းမကြီးရှိမှန်း သူအလိုလိုသိနေသည်။ ရှေ့တစ်နေရာရာတွင် ဆူညံ အော်ဟစ်သံများ ပွက်လောရိုက်နေကြသည်။ လမ်းသည် တိတိပပ ချိုးသွားပြီး မှ လှေခါးထစ်များကို ဆင်း၍ မြုပ်နေသောလမ်းကျဉ်းလေးပေါ် ရောက်လာသည်။

နွမ်းဖတ်နေသော ဟင်းသီးဟင်းရွက် ရောင်းသည့် ကုန်စိမ်းသည်တို့ကို တွေ့မှ သူဘယ်ရောက်နေမှန်း မှတ်မိတော့၏။ လမ်းကျဉ်းလေးမှ ထွက်လျှင် ပင်မလမ်းမကြီးပေါ်ရောက်မည်။ လမ်းမကြီးကို တစ်ဆစ်ချိုးလိုက်လျှင် ငါးမိနစ်ပင်ဆက်မလျှောက်ရဘဲ အဟောင်းဆိုင်ကိုရောက်မည်။ သူစာအုပ်ဝယ်ခဲ့သော အဟောင်းဆိုင်။ ခုတော့ စာအုပ်သည် သူ့ဒိုင်ယာရီဖြစ်နေပြီ။ အဟောင်းဆိုင်နှင့်သိပ်မဝေးသော စာရေးကိရိယာဆိုင်တွင် ကလောင်စိုက်တံနှင့်မင်အိုး ဝယ်ခဲ့ဖူးသည်။

လှေကားထိပ်တွင် သူတစ်အောင့်ကြာရပ်နေသည်။ ရှေ့တွင် မှုန်ကုပ်ကုပ်အရက်ဆိုင်။ ပြတင်းများကိုနှင်းမြူများဖုံးနေသည်ဟု ထင်ရသော်လည်း အမှန်မှာ ဖုန်တွေထုတက်နေခြင်းဖြစ်သည်။ အိုမင်းလှပြီဖြစ်သော အဘိုးကြီး တစ်ဦးဆင်နားရွက်တံခါးတွန်းဖွင့်ပြီး ဝင်သွားသည်။ ခါးကိုင်းသော်လည်း သွက်လက်နေသေးသည့် အဘိုးကြီးသည် နှုတ်ခမ်းမွေးဖြူဖြူများ ပုဇွန်တုပ်ကြီးလို ရှေ့ကို ကားထွက်နေသည်။ ဝင်စတန် ရပ်ကြည့်နေရင်း တွေးမိသည်မှာ အသက်ရဝခန့် အနည်းဆုံးရှိနိုင်သော ထိုအဘိုးကြီးသည် တော်လှန်ရေးကာလတုန်းက သက်လတ်ပိုင်းလောက်ရှိမည်။ ထိုအဘိုးကြီးနှင့်လူ အချို့လောက်သာ ကျဆုံးသွားသောအရင်းရှင်ခေတ်၏ နောက်ဆုံးကွင်းဆက်ဖြစ်

သည်။ တော်လှန်ရေးမတိုင်ခင်ခေတ်ကို မီလိုက်သူများ ပါတီထဲတွင် များများစားစားမရှိ။ သက်ကြီးတန်းမျိုးဆက်များကို ရောမ ပါတီသန့်စင်ပွဲ တုန်းက ရှင်းလင်းပစ်လိုက်ကြသည်။ ရှင်ကျန်သူ အနည်းငယ်ကလည်း အသိဉာဏ်ဆိုင်ရာပိုင်းတွင် လုံးလုံးလက် မြှောက်အညံ့ခံထားကြသည်မှာ ကြာလှပေပြီ။ ရာစုနှစ်အစောပိုင်းကာလအကြောင်း မှန်မှန်ကန်ကန် ပြောပြနိုင်သူ တစ်ဦးရှိမည်ဆိုလျှင် ထိုသူသည် ပစ္စည်းမဲ့တစ်ယောက်သာဖြစ်နိုင်သည်။

"ဒိုင်ယာရီထဲကူးရေးထားသော သမိုင်းစာအုပ်ထဲမှစာပုဒ်သည် ဝင်စတန့်ခေါင်းထဲဝင်လာသည်။ သွပ်ချောင်ချောင်အရူးစိတ်က သူ့ကို စီးလာသည်။ အရက်ဆိုင်ထဲ သူဝင်မည်။ အဘိုးကြီးနှင့် စကားရော ဖောရောလုပ်ပြီး မေးမြန်းကြည့်မည်။ "အဘငယ်ငယ်တုန်းကအကြောင်း ပြောပြပါလား။ ဟိုခေတ်က ဘယ်လိုနေလဲ။ ဒီခေတ်ထက်ပိုကောင်းသလား။ ပိုဆိုးသလား"

သူလှေကားမှ ကသုတ်ကရက်ဆင်းပြီး လမ်းကြားလေးကို မြန်မြန်ဖြတ်ကူးသည်။ နှေးနေပါက ကြောက်စိတ်ဝင်လာဖို့ အချိန်ရသွားလိမ့်မည်။ ဤအလုပ်သည် ရူးခြင်းသက်သက်။ ပစ္စည်းမဲ့ တစ်ယောက်ကို စကားပြောခြင်းအတွက်၊ သူတို့တတွေ၏ အရက်ဆိုင်ထဲ မကြာခဏရောက်ခြင်းအတွက် ဘာဥပဒေမှ သတ်သတ် မှတ်မှတ်မရှိ။ သို့သော် ဘယ်သူမှသတိမထားမိစေဘဲ လုပ်သွားဖို့ဆိုသည်မှာ မဖြစ်နိုင်။ အကယ်၍လှည့်ကင်းများ ရောက်လာပါက သူမူးသည် မော်သည်ဟု အကြောင်းပြအသနားခံလိုက်၍ရသည်။ သူ့စကား ယုံသွားဖို့ကတော့ ဖြစ်နိုင်စရာအလားအလာမရှိချေ။

တံခါးတွန်းဖွင့်ပြီး သူဝင်လာခဲ့ရာ ဘီယာ၏ချဉ်စူးစူးအနံ့က သူ့မျက်နှာကိုဆီးဟပ်လိုက်သည်။ သူဝင်လာသည်နှင့် ဆိုင်တွင်းမှ အသံများ တစ်ဝက်လောက်ကျသွားသည်။ သူဝတ်ထားသော အပြာရောင်ပါတီယူနီဖောင်းကြောင့် သူ့ကျောပေါ်မျက်လုံးများ စုပြုံကျလာပြီမှန်း သူသိသည်။ အခန်းအစွန်မှ မြှားပေါက်ပွဲလည်း စက္ကန့်သုံးဆယ်ခန့်တန့်သွားသည်။ သူလိုက်နေသောအဘိုးကြီးက အရက်ဘားတွင် အရက်စပ်ပေးသူလူငယ်နှင့် ကတောက်ကဆစကားများနေရာ ဖန်ခွက်ကိုယ်စီကိုင်ထားသော လူတစ်သိုက် က အဘိုးကြီးတို့အတွဲကို ကြည့်နေလေသည်။

အဘိုးကြီးသည် ပခုံးကိုမတ်၍ ရင်ဘတ်ကြီးကော့ကာ မောင်း တင်ထားသည်။

"လူမှုရေးနားလည်ဖို့ ငါပြောနေတယ်နော်။ တစ်ပိုင့်ခွက် ဘယ် အရက်ဆိုင်မှာမှ မရှိဘူး၊ မင်းပြောတယ်"

"တစ်ပိုင့်ဆိုတာ ဘာလဲဗျ" ဟု အရက်စပ်သမားလေးမေးသည်။

"မေးကြည့်ကြပါဦး၊ သူ့ကိုယ်သူအရက်စပ်သမားတဲ့။ တစ်ပိုင့်ဆို တာတောင် ဘာမှန်းမသိဘူး။ တစ်ပိုင့်ဆိုတာ တစ်ကွတ်ရဲ့ တစ်ဝက်ကွ။ တစ်ဂါလံမှာ လေးကွတ်ရှိတယ်။ မင်းတော့ကွာ၊ နောက်တော့မှ ကကြီးခကွေးသင်ပေးရဦးမယ်"
"မကြားဖူးပါဘူး။ လီတာ၊ လီတာဝက်၊ ဒီလိုပဲရောင်းတယ်။ အဘ ရှေ့ကစင်ပေါ်မှာ မမြင်ဘူးလား။ ဖန်ခွက်တွေ

"ငါကတစ်ပိုင့်ခွက်ပဲကြိုက်တယ်။ ငါကတစ်ပိုင့်ဆို မင်းက တစ်ပိုင့် ထည့်ပေးလိုက်၊ ပြီးရောပေါ့။ ငါတို့ငယ်တုန်းက လီတာဆိုတာ မရှိပါဘူး"

"အဘငယ်ငယ်တုန်းက ကျွန်တော်တို့က သစ်ပင်ထိပ်ပေါ်မှာ နေတာဗျ" ဟုပြောပြောဆိုဆို အရက်စပ်လူငယ်သည် ဖောက်သည်များကို တစ်ချက်လှမ်းကြည့်လိုက်ရာ ဝါးခနဲပွဲကျသွားသည်။ ဝင်စတန်ဝင်လာခြင်း ကြောင့် မသက်မသာဖြစ်ရခြင်းများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွား ကြပြီ။ အဘိုးကြီး၏မျက်နှာ ရှက်သွေးဖျန်းပြီး လှည့်အထွက်တွင် ဝင်စတန်နှင့် တိုက်မိသည်။ ဝင်စတန်က အဘိုးကြီးအားလက်မောင်းမှ အသာအယာ ထိန်းပေးသည်။

"ကျွန်တော် ဒကာခံပါရစေ" ဟု ဝင်စတန်ပြောသည်။

"မောင်ရင်ကတော့ လူကြီးလူကောင်းပဲ"

အဘိုးကြီးသည် ပခုံးကိုပြန်မတ်သည်။ ဝင်စတန်၏ အပြာရောင် ယူနီဖောင်းကို သတိထားမိပုံမရ။ "တစ်ပိုင့်ကွ။ တစ်ပိုင့်ပြင်းပြင်းလေး" ဟု အရက်စပ်လူငယ်ကို ခပ်စွာစွာပြောသည်။

အရက်စပ်သမားသည် နီညိုရောင်ဘီယာ� လီတာဝက်ကို ဖန်ခွက် တွေထဲဖြည့်သည်။ ဖန်ခွက်များသည် ကောင်တာအောက်မှ ရေပုံးထဲကျင်း ပြီးသားဖြစ်၏။

မြွားပေါက်ပွဲအရှိန်ကောင်းနေပြီ။ ဘားမှလူတစ်အုပ် ထီလက်မှတ် အကြောင်းပွဲကောင်းနေသည်။ ဝင်စတန့်ကို တစ်ခဏတော့ အားလုံး မေ့သွားကြသည်။ ပြတင်းနားတွင် ထင်းရှူးစားပွဲတစ်လုံး။ အဘိုးအိုနှင့်ဝင်စတန်တို့ ထိုစားပွဲတွင်ထိုင်စကားပြောလျှင် သူများကြားမှာ ပူနေဖို့မလို။ ယခုလုပ်ရပ် သည် အန္တရာယ်များသည် မှန်သော်လည်း ဆိုင်ထဲတွင် တယ်လီစကင်မရှိ။ ထိုအချက်ကို ဆိုင်ထဲ သူဝင်ဝင်ချင်း သေချာအောင်စစ်ဆေးထားပြီးဖြစ်၏။

အဘိုးအိုသည် ဖန်ခွက်ရှေ့ချပြီး မကျေချမ်းနိုင်သေး။ "တစ်ပိုင့်ဆို တစ်ပိုင့်ထည့်ပေးလိုက်ရောပေါ့။ လီတာဝက်နဲ့ငါမဝဘူးကွ။ အာသာမပြေဘူး။ တစ်လီတာအပြည့်ဆိုလည်း များနေပြန်ရော။ ဆီးမထိန်းနိုင်တော့ဘူး"

"အဘတို့ငယ်ငယ်တုန်းကနဲ့ မတူဘဲပြောင်းလဲခဲ့တာတွေ အများ ကြီး မြင်ဖူးမှာပေါ့နော်" ဟု ဝင်စတန် မြေစမ်းခရမ်းပျိုးမေးကြည့်သည်။

အဘိုးကြီး၏ပျာဖျော့မျက်လုံးများ မြွားပေါက်ပျဉ်ချပ်ပေါ်မှ အရက် ဘားဆီ၊ အရက်ဘားမှ အမျိုးသားသန့်စင်ခန်းတံခါးဆီ ရွေ့လာသည်။ မတူဘဲ ပြောင်းလဲသွားခြင်းများသည် ဤအရက်ဆိုင်ထဲ ဖြစ်ပျက်နေတော့သလို အဘိုးကြီးကြည့်နေသည်။

"ဘီယာကပိုကောင်းတယ်။ ဈေးလည်းချိုတယ်။ ငါငယ်တုန်းက ဘီယာအပျော့စားဆိုရင် တစ်ပိုင့်ကို ပဲနိလေးပြားပဲပေးရတယ်။ ဒါစစ်မဖြစ်ခင်ကပေါ့"

"ဘာစစ်လဲ အဘ"

"စစ်တွေအားလုံးပေါ့ကွာ" ဟု အဘိုးကြီးမရေမရာဖြေသည်။ ဖန်ခွက်မပြီး ပခုံးများပြန်မတ်ယူသည်။

"ကျန်းမာရေးအတွက်"

အဘိုးကြီး၏ လှီသောလည်ချောင်းထဲမှ လည်ဇလုတ်သည် တက် ချည်သက်ချည်နှင့် မြန်လှသည်။ ပြိုက်ခနဲ ဘီယာကုန်သွားသည်။ ဝင်စတန် အရက်ဘားဆီသွားပြီး နောက်ထပ်လီတာဝက် ဘီယာနှစ်ခွက် ယူလာသည်။ အဘိုးကြီးသည် စောစောတုန်းက ဘီယာတစ်လီတာ မသောက်နိုင်ကြောင်း ပြောထားသည့်ကိစ္စ မေ့သွားပုံရသည်။ "အဘက ကျွန်တော်တို့ထက် အများကြီးဝါကြီးတယ်။

အရွယ်ရောက်လူကြီးဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့က မွေးတောင် မမွေး သေးဘူး။ တော်လှန်ရေးမတိုင်ခင် ဟိုတုန်းကခေတ်ကို အဘမီလိုက်မှာပဲ။ ကျွန်တော်တို့ အရွယ်လူတွေကတော့ အရင်ခေတ်အကြောင်း ဘာမှရေ ရေရာ ရာမသိဘူး။ စာအုပ်ထဲဖတ်ရသလောက်ပဲ။ စာအုပ်တွေထဲ ပါတာကလည်း မမှန်လောက်ပါဘူး။ အဘတို့လို ရှေးမီနောက်မီလူကြီးတွေဆီကပဲ နားထောင် ချင်တာ။ သမိုင်းစာအုပ် ထဲမှာပါတာက တော်လှန်ရေးမတိုင်မီ ခေတ်က အခု ခေတ်နဲ့လုံးလုံး မတူဘူးတဲ့။ ဟိုအရင်ခေတ်ကဆိုရင် ဖိနှိပ်မှုတွေ သိပ်ကြောက်

စရာကောင်းတယ်တဲ့။ တရားမမျှတတာ၊ ဆင်းရဲမွဲတေတာ၊ ကျွန်တော်တို့ တွေးတတ်တာထက်တောင် ပိုဆိုးသတဲ့။

ဟောဒီလန်ဒန်မှာဆိုရင် မွေးကတည်းကနေ သေတဲ့အထိ တစ်သက်လုံး ဝဝလင်လင်မစားရတဲ့ လူတွေ အများ ကြီးပဲတဲ့။ လန်ဒန်မြို့လူဦးရေရဲ့ တစ်ဝက်လောက်ဟာ ဖိနပ်မစီးနိုင်ဘူးတဲ့။

တစ်ရက်အလုပ်ချိန်ဟာ ဆယ့်နှစ်နာရီရှိတယ်တဲ့။ ကိုးနှစ်ဆိုရင် ကျောင်းထွက် ကြရပြီ။ အခန်းတစ်ခန်းမှာ လူဆယ်ယောက်အိပ်ရတယ်။ ဒါပေမယ့် လက်တစ်ဆုပ်စာ လူတွေကတော့ အရင်းရှင်တွေတဲ့။ သူတို့က ချမ်းသာတယ်၊ ဩဇာကြီးတယ်။ ပိုင်ဆိုင်လို့ရသမျှ အကုန်လုံးကို သူတို့ ပိုင်ကြတယ်တဲ့။ နေတဲ့အိမ်တွေဆိုတာ အကြီးကြီး။ အစေခံအယောက် သုံးဆယ်လောက်ထားတယ်။ စီးတော့ မော်တော်ကားတို့၊ မြင်းလေးကောင်က ရထားတို့၊ သောက် တော့ရှမ်ပိန်၊ ဆောင်းတော့ ထိပ်မြင့် ဦးထုပ်ဆိုလား" အဘ

အဘိုးကြီး ရုတ်တရက်မျက်နှာဝင်းသွားသည်။

"ထိပ်မြင့်ဦးထုပ်- မောင်ရင်ကဒီစကားပြောတော့ ရယ်စရာကြီး၊ မနေ့ကတောင် အဲဒီဦးထုပ်အကြောင်း တွေးမိသေးတယ်။ ဘယ်လိုများ တွေးမိသလဲ မသိပါဘူး။ ထိပ်မြင့်ဦးထုပ်တွေ မမြင်ရတာ နှစ်ပေါင်း မနည်းတော့ဘူး။ ငါကိုယ်တိုင်နောက်ဆုံးဆောင်းခဲ့တာ ခယ်မအသုဘမှာ။ ဘယ်နေ့ဘယ်ရက် ရယ်လို့တော့ ပြောလို့ ဘယ်ရမလဲ။ လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်ကပေါ့ကွာ။ ငါက ငှားဆောင်းတာ။ မောင်ရင်နားလည်ပါတယ်"

"ထိပ်မြင့်ဦးထုပ်က သိပ်အရေးမကြီးပါဘူး။ ကျွန်တော် ပြောချင်တာ က အရင်းရှင်တွေနဲ့ သူတို့ရဲ့ ရှေ့နေတွေ၊ ဘုန်းကြီးတွေ၊ အရင်းရှင်တွေကိုမှီပြီး နေတဲ့လူတွေ၊ အဲဒီလူတစ်စုက အရှင်သခင် ဖြစ်နေကြတယ်။ အားလုံးကို သူတို့အမြတ်ထုတ်လို့ရတယ်။ အဘတို့လို ရိုးရိုးသာမန်လူတွေ၊ အလုပ်သမား တွေက သူတို့ရဲ့ အစေခံဖြစ်နေတယ်။ အရင်းရှင်တွေက အဘတို့ကို လုပ်ချင် သလို လုပ်လို့ရနေတယ်။

အဘကို ကျွဲတွေနွားတွေလို သင်္ဘောပေါ်တင်ပြီး ကနေဒါ ပို့လိုက်လို့ ရတယ်။ သူတို့နဲ့အိပ်ဖို့ အဘသမီးကို ရွေးလို့ရတယ်။ ဟို ကိုးပင်လိမ်ကြာပွတ်ဆိုတာနဲ့ အဘတို့ကို ရိုက်လို့ရတယ်။ သူတို့ကိုလမ်း မှာတွေ့ရင် အဘတို့က ဦးထုပ်ချွတ်ရတယ်။ အရင်းရှင်တွေ လမ်းထွက်ပြီ ဆိုရင် ဘေးကနေလက်ပါးစေတွေ ခြေလျင်လိုက်ရတယ်"

အဘိုးကြီးမျက်နှာဝင်းသွားပြန်သည်။

"လက်ပါးစေ ဟုတ်လား။ ဒီစကားလုံးမကြားရတာ ကြာလှပေါ့ကွာ။ သြော်... ဟုတ်ပြီ၊ ဟုတ်ပြီ၊ မှတ်မိပြီ။ ဟိုအရင်ကဆို တနင်္ဂနွေနေ့ ညနေ တိုင်း ဟိုက်ပါ့ခ်ပန်းခြံ ငါရောက်တယ်ကွ။ ငနဲတွေ စကားပြောတာသွား နားထောင်တာ။ ကယ်တင်ခြင်းတပ်တို့၊ ဘရင်ဂျီခရစ်ယာန်တို့၊ ဂျူးတွေ လူနီ တွေ - လူပေါင်းစုံပဲကွာ။

ငနဲတစ်ကောင်က-အင်း-နာမည်တော့ မပြောတတ် ဘူး။ ဒါပေမယ့် တကယ်စကားပြော ကောင်းတဲ့အကောင်။ သူပြောတယ်။ 'လက်ပါးစေ'တဲ့၊ ဘူဇွာတွေရဲ့ လက်ပါးစေဆိုတာ ကပ်ပါးပိုးတွေတဲ့။ လေဘာ ပါတီကိုစောင်းပြောတာပေါ့ကွာ။ မောင်ရင် နားလည်ပါတယ်"

ယုန်တောင်ပြေး ခွေးမြောက်လိုက် ဖြစ်နေပြီမှန်း ဝင်စတန် ခံစား လိုက်ရသည်။

"ကျွန်တော်တကယ်သိချင်တာက အဘအနေနဲ့ ဟိုခေတ်တုန်းက နဲ့စာရင် ဒီခေတ်မှာ ပိုပြီးလွတ်လပ်သလား။ ကိုယ့်ကို လူတစ်ယောက်လိုအဆက်ဆံခံရတယ်လို့ ထင်သလား။ ဟိုတုန်းကဆိုရင် သူဌေးတွေက ထိပ်ဆုံးက သူဌေးတွေက-"

"အရှင်သခင်တွေ" ဟု အဘိုးကြီး တမ်းတမ်းတတ စကား ဝင်ထောက်သည်။

"အဘပြောတဲ့အတိုင်း အရှင်သခင်ပေါ့ဗျာ။ သူတို့တွေက အဘကို နှိမ်ပြီး ဆက်ဆံသလား။ ဘာအကြောင်းမှမဟုတ်ဘဲ 333 ငွေမရှိလို့ဆိုတာ တစ်ခုနဲ့တင် အနှိမ်ခံရသလား။ သူတို့ကို 'သခင်" လို့ခေါ်ရပြီး လမ်းမှာ တွေ့ရင် ဦးထုပ်ချွတ်ပြရသလား"

အဘိုးကြီး အလေးအနက်စဉ်းစားနေပုံရသည်။ ဝင်စတန့်အား အဖြေမပေးခင် ဘီယာကို လေးချိုးတစ်ချိုး ကုန်အောင်မော့သည်။

"ဟုတ်တယ်ကွ။ သူတို့က ဦးထုပ်ပင့်ပြီးနှုတ်ဆက်ရင် ကြိုက်တယ်။ ဒါလေးစားမှုကိုပြတာပေါ့ကွာ။ ငါတော့ သဘောမကျပါဘူး။ ဒါပေမယ့် ငါ ကိုယ်တိုင်ဒီလိုပဲ နှုတ်ဆက်ခဲ့တယ်။ မင်း ပြောသလိုပဲ၊ လုပ်ရမှာကိုး"

"ပြီးတော့ဗျာ၊ သမိုင်းစာအုပ်ထဲမှာ ဖတ်ရတာရှိသေးတယ်။ အရှင် သခင်နဲ့သူ့လက်ပါးစေတွေက အဘတို့ကို လမ်းပေါ်ကနေ မြောင်းထဲတွန်းချ တာ ရိုးနေပြီဆို၊ ဟုတ်လား"

"ငါတစ်ခါအတွန်းချခံရဖူးတယ်။ မနေ့တနေ့ ကလိုပါပဲကွာ။ အဲဒါ လှေပြိုင်ပွဲညက၊ သူတို့ ဘာသောင်းကျန်းသလဲ မမေးနဲ့၊ ရှက်စ်ဘယ်ရီရိပ်သာ လမ်းပေါ်မှာ ငနဲတစ်ကောင်ကို ငါကဝင်တိုက်မိရော၊ ဒီကောင်ကအပုံစား။ ရှပ်အင်္ကျီနဲ့၊ ထိပ်မြင့်ဦးထုပ်နဲ့၊ ကုတ်ရှည်အနက်နဲ့။ သူကလည်းလမ်းပေါ်မှာ တည့်တည့်မလျှောက်တော့ ငါကလည်း မတော်တဆဝင်တိုက်မိတာပေါ့။ ဒီကောင်ကပြောတယ်။ "မမြင်ဘူးလား" တဲ့။ ငါက 'မင်းဝယ်ထားတဲ့ လမ်း မှတ်နေသလား" လို့ ပြန်ပက်တော့ သူက "ငါ့လာဆွရင် ကုပ်ချိုး သတ်မယ်" တဲ့။ 'မင်းမူးနေပြီ၊ မင်းကို ငါပညာပေးမယ်ကွ" လို့ ငါပြောတော့ ဒီကောင် တစ်ခါတည်း ငါ့ရင်ဘတ်ကို ဆောင့်တွန်းထည့်လိုက်တာ ဘတ်စ်ကားအောက် ရောက်ဖို့ နည်းနည်းပဲလိုတယ်။ ကွာ-အဲဒီတုန်းက ငါ ငယ်ငယ်ပဲရှိသေး တယ်-"

ဘာမှမတတ်နိုင်တော့သော ကူကယ်ရာမဲ့ခံစားချက်က ဝင်စတန့် ကို

လက်ရချုပ်ကိုင်လိုက်ပြီ။ အဘိုးကြီး၏မှတ်ဉာဏ်သည် ဘာမှမဟုတ်။ အသေးစိတ်များ အမှိုက်လိုပုံနေခြင်းသာဖြစ်၏။ တနေကုန်ထိုင်မေးသော်မှ တကယ့်အချက်အလက်ရလာမည် မဟုတ်။ ပါတီ၏သမိုင်းကြောင်းသည် မှန်နေပါလိမ့်မည်။ လုံးဝဥဿုံပင် မှန်နေနိုင်သည်။ ဝင်စတန် နောက်ဆုံး တစ်ကြိမ် ကြိုးစားကြည့်သည်။

"ကျွန်တော်ရှင်းရှင်းလင်းလင်း မပြောမိဘူးထင်တယ်။ ကျွန်တော် ပြောချင်တာက ဒီလိုဗျ။ အဘက အသက်ရှည်တယ်။ တော်လှန်ရေးမတိုင် ခင်ခေတ်မှာ အဘက သက်တမ်းထက်ဝက်နေခဲ့ရတာ။ ဆိုပါစို့ ၁၉၂၅ ခုနှစ် တုန်းကဆိုရင် အဘကအရွယ်ရောက်ပြီ။ ဒီတော့ ၁၉၂၅ ခုတုန်းက နေခဲ့ ရတဲ့ဘဝက အခုဘဝထက်ပို ကောင်းသလား၊ ပိုဆိုးသလား၊ အဘမှာသာ ရွေးချယ်ခွင့်ရှိမယ်ဆိုရင် ဟိုဘက်ခေတ်မှာနေမလား၊ ဒီဘက်ခေတ်မှာ နေမလား"

အဘိုးကြီးသည် မြှားပေါက်ပျဉ်ချပ်ကို ကမ္ဘာ့ဌာန်းထိုင်သလို ကြည့်နေသည်။ ဘီယာတစ်ဝက်ကို စောစောကလိုမဟုတ်ဘဲ ဖြည်းဖြည်းချင်း ကုန်အောင်သောက်သည်။ ဘီယာကြောင့်ပဲ ရင့်ကျက်သွားသလို အဘိုးကြီး စကားပြောသောအခါ လေသံသည် တွေး တွေးဆဆနှင့် ဒဿနဆန်နေသည်။

"မောင်ရင် ဘာပြောစေချင်သလဲဆိုတာ သိပါတယ်ကွာ။ ငါ ပြန် ငယ်ချင်လိုက်တာလို့ ပြောတာမျိုး မင်းကြားချင်တယ် မဟုတ်လား။ လူအတော် များများက ပြန်ငယ်ချင်တယ်လို့ပြောတယ်။ ငယ်တုန်းမှာဆိုရင် မင်း ကျန်းမာရေးကောင်းတယ်။ ခွန်အားဗလ ရှိတယ်။ ငါ့အရွယ်လောက်ဆိုရင် မင်းဘယ်တော့မှ နေလို့မကောင်း ဘူး။ ငါ့ခြေထောက်တွေဆို စိတ်ပျက်စရာ အရမ်းကောင်းတယ်။ ဆီးအိမ်လည်း အတူတူပဲ။ တစ်ညကို ခြောက်ခါ ခုနစ်ခါ လောက် ထရတယ်။ ဒါပေမယ့် အရွယ်ရလာတာ တခြားတစ်ဖက်က ကြည့် တော့လည်း ကောင်းပါတယ်။ ပူမနေရဘူး။ မိန်းမမလိုဘူး။ ဒါတကယ့် ကိစ္စကြီးနော်။ ငါမိန်းမနဲ့ မအိပ်တာ နှစ်ပေါင်းသုံးဆယ် လောက်ရှိပြီ။ အိပ် လည်း မအိပ်ချင်ဘူး"

ပြတင်းခုံပေါ် ဝင်စတန်ကျောမှီချလိုက်သည်။ လိုက်လေ ဝေးလေ ဝင်စတန် ဘီယာထပ်ဝယ်မလို့ လုပ်စဉ် အဘိုးကြီးသည် ထိုင်နေရာမှ သန့်စင် ခန်းဘက် တုန်ချည့်တုန်ချည့်ထွက်သွားသည်။ အပို သောက်လိုက်သော ဘီယာ လီတာဝက် တန်ခိုးပြလေပြီ။ ဝင်စတန် တစ်မိနစ်ခန့် ဆက်ထိုင်ပြီး ရှေ့မှ ဖန်ခွက်အလွတ်ကို အငူသားကြည့်နေသည်။

သူ့ခြေထောက်များက သူ့ကို သယ်ဆောင်ပြီး လမ်းပေါ် ပြန်ရောက်လာသည်ကို မိမိဖာသာ သတိ မထားမိသေး။ သလော။ တော်လှန်ရေးမတိုင်ခင်ခေတ်ကဘဝသည် ယခုဘဝထက် ပိုကောင်း အနှစ်နှစ်ဆယ်ပင်မက၊ ခေါင်းထဲ တဝဲလည်လည်ဖြစ်ခဲ့ရသော ရိုးရှင်းလှသည့် ဤမေးခွန်းကို ဖြေဆိုနိုင်ပြီး တစ်ခါတည်းနှင့်အပြီးတိုင် ဤမေးခွန်းကိုရပ်တန့်စေနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ ယခုမူ ဤမေးခွန်းသည်

မဖြေနိုင်သောမေးခွန်းဖြစ်နေသည်။

ရှားရှားပါးပါးအသက်ရှင် ကျန်ရစ်သူများ သည် ခေတ်တစ်ခေတ်နှင့်တစ်ခေတ်ကို ယှဉ်ကြည့်နိုင်သော အစွမ်းမရှိ၊ အရည်မရ အဖတ်မရများသာ သိန်းသန်းချီပြီး မှတ်မိနေကြသည်။ လုပ်ဖော် ကိုင်ဖက်နှင့် စကားများခြင်း၊ စက်ဘီးလေထိုးတံပျောက်၍ လိုက်ရှာရခြင်း၊ အရိုး ဆွေးနေပြီဖြစ်သည့် ညီမ၏မျက်နှာမူရာ၊ လွန်ခဲ့သော နှစ်ပေါင်းခုနစ်ဆယ်က မနက်ခင်း၏ဖုန်လေပွေ။

ဆက်စပ်နေသောအမှန်တရားများသည် သူတို့ မြင်နိုင်စွမ်း၏ ဘောင်အပြင်ဘက် ရောက်နေသည်။ ပုရွက်ကောင်လေးများလို အရာဝတ္ထု သေးသေးကိုသာ မြင်နိုင်ပြီး ကြီးကြီးကိုမမြင်နိုင်။

မှတ်ဉာဏ်ကျဆုံးသွားပြီး မှတ်တမ်းတင်အချက်အလက်များ အတုပြု လုပ်ခံထားရသောအခါ ပါတီ ကပြောသောစကားများသာ အတည်ဖြစ်ရတော့သည်။ လူတွေ၏ဘဝ နေထိုင်မှု အခြေအနေတိုးတက်အောင် ပါတီကဆောင်ရွက်ပေးသည်ဟူသော စကားကိုလက်ခံရတော့သည်။ အကြောင်းမှာ စမ်းသပ်စစ်ဆေးရန် စံနမူနာ တစ်ခုမှ မရှိတော့ပြီ။ နောင်လည်းမရှိနိုင်တော့။

ထိုစဉ် သူ့အတွေးရထားတွဲကြီး ဖြုန်းဆိုရပ်သွားသည်။ လမ်းလျှောက် ရပ်ပြီး မော့ကြည့်တော့ လမ်းကြားလေးထဲသူရောက်နေသည်။ လူနေအိမ်တွေ ကြားထဲ ဆိုင်ကလေးများ ကြိုးကြားတည်လျက်။ သူ့ခေါင်းပေါ်တည့်တည့်တွင် သတ္တုဘောလုံးကြီးသုံးလုံး။ တချိန်တုန်းက ရွှေချထားခဲ့ဟန်တူသည်။ ဤနေရာ ကို ရောက်ဖူးသလိုလိုပင်။ ဟုတ်ပြီ၊ သူဒိုင်ယာရီဝယ်ခဲ့သော အဟောင်းဆိုင် ရှေ့ ရောက်နေခြင်း။

ဖျဉ်းခနဲကြောက်စိတ်ပေါ်လာသည်။ စာအုပ်ဝယ်ခဲ့ခြင်းသည် စက တည်းက သူမဆင်မခြင် လုပ်ခဲ့မိသောအမှား။ ဤနေရာကို နောက်တစ် ခေါက်မလာတော့ဟု သူ့ဘာသာကျိန်ဆိုထားခဲ့သည်။ သို့တိုင်-သူ့အတွေးတွေ ကို ဇက်လွှတ်ပေးလိုက်သောခဏမှာပင် သူ့ခြေထောက်များက သူတို့သဘော နှင့်သူတို့ သူ့ကိုဤနေရာ ရောက်အောင်ခေါ်ဆောင်လာခဲ့ပြီ။ ဒိုင်ယာရီ ဖွင့်ခြင်းအားဖြင့် မိမိကိုယ်ကို ချွန်းအုပ်နိုင်မလားမျှော်လင့်ခြင်းသည် သေမင်း နှင့်ထွေ ခင်းကစားခြင်း ဟုတ်ကိုမဟုတ်သေး။

တစ်ချိန်တည်းမှာပင် သူသတိထားမိလိုက်သည်မှာ နှစ်ဆယ့်တစ်နာရီထိုးလုပြီဖြစ်လျက် ဆိုင် မပိတ်သေး။ ဆိုင်ရှေ့မယောင်မလည်လုပ်နေခြင်းထက် ဆိုင်ထဲဝင်နေသည်က ပိုလုံခြုံနိုင်သည် ဟူသော အတွေးဖြင့် သူဆိုင်ထဲဝင်လာခဲ့သည်။ အမေးမြန်းခံရပါက သူ ဘလိတ်ဓားလိုက်ဝယ်နေသည်ဟု ခပ်တည်တည်ပြီးနိုင်သည်။

ယခုကလေးတင်မှ ဆိုင်ရှင်သည် ရေနံဆီမှန်အိမ်ထွန်းလိုက်ခြင်း ဖြစ်သည်။ လောင်စာရနံ့သည် မသန့်ရှင်းသော်လည်း ဖော်ရွေနေသည်။ အသက်ခြောက်ဆယ်ခန့်ရှိသော ဆိုင်ရှင်သည် ခါးကလေးကိုင်းကိုင်း၊

သဘောသကာယ ကောင်းသော နှာခေါင်းကလေး ရှည်ရှည်နှင့် မျက်မှန်ထူကြီးကြောင့် သိမ်မွေ့သော မျက်လုံးများ ပုံပန်းပျက်နေသည်။ ဆံပင်များ ဆွတ်ဆွတ်ဖြူလုပြီ။ မျက်ခုံးမွေး ဘုတ်သိုက်ကမူ မှောင်ညို့နေဆဲ။

သူ့မျက်မှန်၊ တယုတယနှင့် သည်းတတ်သောသူ့မူရာ၊ ထို့ပြင်သူဝတ်ထားသော ရေးတုန်းက အင်္ကျီ အနက်ရောင်ကတ္တီပါဂျက်ကက်၊ ဤအချက်က ပညာတတ်ဖြစ်ခြင်း၏ လက္ခဏာတစ်ရပ်။ ဆိုင်ရှင်သည် ပညာတတ်တစ်မျိုး မဟုတ်လျှင် ဂီတပညာ ရှင်ဖြစ်ခဲ့လိမ့်မည်ဟု အရိပ်အငွေ့ပြသနေသည်။ အသံသည် တိမ်ဝင်သွားတော့မလောက် သိမ်မွေ့သည်။ သူ့လေသံသည် ပစ္စည်းမဲ့အများစုလိုမဟုတ်ဘဲ အဆင့်အတန်းရှိနေသည်။

ဝင်စတန်နဲ့ကိုတွေ့တွေ့ချင်း ဆိုင်ရှင်စကားပြောသည်။

“မောင်ရင် ဆိုင်ထဲဝင်မလာခင်ကတည်းက မှတ်မိတယ်။ ခဲတပ်ပုံစာအုပ်လေး ဝယ်သွားဖူးတယ်လေ။ အဲဒါမိန်းကလေးတစ်ယောက်ရဲ့ အမှတ်တရပစ္စည်းဗျ။ စာရွက်လေးတွေ သိပ်လှတယ်။ ဒီလို စာရွက်မျိုး မလုပ်ကြတာ- ဟာ-ပြောရရင် နှစ်ငါးဆယ်ပဲ”

ဆိုင်ရှင်သည် မျက်မှန်ပေါ်မှကျော်ပြီး ဝင်စတန်နဲ့ကို စူးစားကြည့်ကာ “ဦးလေးလုပ်ပေးနိုင်တာများရှိသလား။ ဒါမှမဟုတ် ဝင်ကြည့်ရုံသက်သက်ပဲလား” ဟုမေးသည်။

“ဒီနားဖြတ်သွားရင်းနဲ့ ကြုံလို့ဝင်ကြည့်တာပါ။ အထူးအထွေလိုချင် တာတော့ မရှိပါဘူး” ဟုဝင်စတန်ခပ်ဝါးဝါးဖြေသည်။

“ကောင်းပါပြီဗျာ။ ဘာဖြစ်လို့လဲဆိုတော့ မောင်ရင်စိတ်တိုင်းက မယ့် ပစ္စည်းမျိုးလည်း ရှိမယ်မထင်လို့ပါ” ဟုဆိုပြီး ဆိုင်ရှင်သည် သူ၏ လက်ဖဝါးနုနုဖတ်ဖတ်ကို တောင်းပန်သည့်အမူအရာမျိုး လုပ်ပြသည်။ “မြင်တဲ့အတိုင်းပဲ။ ဆိုင်ကဟောင်းလောင်းဖြစ်နေပြီ။ မောင်ရင်နဲ့ ရောင်းဝယ် ပြီးကတည်းက ဒီရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေးလည်း အဆုံးသတ်လု နီးပါးပဲ။ ဝယ်လိုအားလည်း မရှိဘူး။ ရောင်းဖို့ပစ္စည်းလည်းမရှိဘူး။ ပရိဘောဂတွေ၊ ပန်းကန်ခွက်ယောက်တွေ၊ ဖန်ထည်တွေ အားလုံးကျိုးပဲ့ကုန်ပြီ။ သတ္တု ပစ္စည်းတွေလည်း အရည်ပျော်ကုန်တယ်။ ကြေးဝါဖယောင်းတိုင်စိုက်ခုံဆိုရင် မမြင်ရတာ နှစ်တွေမနည်းဘူး”

အမှန်မှာ ကျဉ်းကျဉ်းကျုတ်ကျုတ်ဆိုင်လေးထဲ ပစ္စည်းများ မလှည့်သာအောင် ပြည့်ညပ်နေပါလျက် တန်ဖိုးရှိသည့်ပစ္စည်း မမြင်ရ။ နံရံဘေး ပတ်ပတ်လည်တွင် မရေမတွက်နိုင်သော ခဲတပ်ပုံဘောင်များ ဆင့်ထား၍ ကြမ်းပြင်ဧရိယာကျဉ်းနေသည်။ မူလီနှင့် မူလီခေါင်းများ၊ ဆောက်သွားများ၊ ခဲတံချွန်ဓား အကျိုးအပဲ့များနှင့် အခြားဗူလိနတ်စအတိုအထွာများကို လင်ပန်း တွေထဲထည့်၍ ပြတင်းပေါက်တွင် တင်ထားသည်။

လင်ပန်းထဲမှ ဆေးရောင် မှိန်နေသော လက်ပတ်နာရီများကား

သွားချင်ယောင်လေးပင်မဆောင်။ အခန်းထောင့်မှ စားပွဲခုံလေးပေါ်တွင်သာ ယွန်းထည် နှာရှူဆေးဘူး၊ မဟူရာရင်ထိုး စသော စိတ်ဝင်စားစရာ ကောင်းမည့်ဟန်ရှိသည့် အတိုအထွာလေးများ တွေ့ရသည်။

စားပွဲပေါ်မှ မှိန်ပျပျလင်းနေသော ဝိုင်းဝိုင်းသဏ္ဌာန် လေးပေါ် ဝင်စတန် မျက်လုံးရောက်သွားပြီး ကောက်ယူကြည့်သည်။ လေးပင်သောဖန်တုံးတစ်တုံး ဖြစ်နေသည်။ စက်လုံးထက်ခြမ်းပိုင်းပုံ ဖန်တုံး။ အရောင်ရောအသွေးအဆင်ပါ မိုးရေစက်လေးလို ကြည်မွေ့နေသည်။ ဖန်တုံးအလယ်မှ ဆန်းပြားသော ပန်းနုရောင် အရာလေးကား နှင်းဆီပန်းလေး ကိုပြေးသတိရစရာဖြစ်သည်။ ပင်လယ်ရေအောက် ပန်းပွင့်လေးကို ပြေးသတိရ စရာဖြစ်သည်။

"ဒါဘာလဲဟင်" ဟု ဝင်စတန်မေးသည်။ အံ့သြနေရပြီ။ "သန္တာကျောက်ပွင့်။ အိန္ဒိယသမုဒ္ဒရာထဲက ရတာဖြစ်မယ်။ အဲဒါလေး မှန်သားထဲမြှုပ်ထားတတ်ကြတယ်။ လွန်ခဲ့တဲ့နှစ်တစ်ရာအတွင်းမှာ ဒါမျိုး မလုပ်ကြဘူး။ ကြည့်ရတာ နှစ်တစ်ရာကျော်မယ်"

"လှတယ်ဗျာ"

"ဟာ လှတာပေါ့။ ဒါပေမယ့် ခုခေတ်မှာ ဒါမျိုးများများ စားစားမရှိတော့ဘူး။ မောင်ရင် လိုချင်တယ် ဆိုရင် လေးဒေါ်လာပဲထား။ ဒီလိုပစ္စည်းမျိုး ရှစ်ပေါင်လောက်တန်တာ သတိရသေးတယ်။ ရှစ်ပေါင်ဆိုတာက- အင်း၊ ဦးလေးလည်းမတွက်တတ်တော့ဘူး။ ဒါပေမယ့် နည်းနည်းနောနောမဟုတ်ဘူး။ ဒီခေတ်မှာတော့ ဒီလို အစစ်အမှန်ရှေးဟောင်းပစ္စည်းမျိုး၊ ဒီလောက်ရှားတဲ့ ပစ္စည်းမျိုး၊ ဘယ်သူမှ တခုတ်တရမလုပ်ဘူး"

ဝင်စတန်သည် လေးဒေါ်လာကိုချက်ချင်းပေးပြီး မျက်စိကျစရာ ပစ္စည်းလေးကို အိတ်ထဲထည့်သည်။ ထိုပစ္စည်းလေးက သူ့ကိုဆွဲဆောင်နိုင်ခဲ့ခြင်းမှာ အလှကြောင့်မဟုတ်။ ယခုခေတ်နှင့် လားလားမျှမဆိုင်သော ခေတ်က ပစ္စည်းဖြစ်နေခြင်းကြောင့်မဟုတ်။ မိုးရေစက်လေးလို ကြည်မွေ့နေသော ဖန်သားသည် သူမြင်ဖူးသမျှ ဖန်သားများနှင့် လုံးလုံးမတူ။ သူ့အား နှစ်ပြန်ဆွဲ ဆောင်ခဲ့သော အကြောင်းမှာ ထိုပစ္စည်း၏ သိသာထင်ရှားသော အသုံးမဝင်မှု ဖြစ်သည်။ သို့သော် တချိန်တုန်းက စက္ကူဖိရန်ရည်ရွယ်ပြီး လုပ်ခဲ့ပုံ ရသည်ဟု ဝင်စတန်ခန့်မှန်း၍ရသည်။

ဖန်တုံးသည် သူ့အိတ်ထဲအချိန်စီးသော်လည်း အိတ်ကြီး ဖောင်းမလာ၍တော်သေးသည်။ ဤအရာမျိုးသည် ပါတီဝင်တစ်ယောက်အတွက်တော့ ဆန်းပြားသောအရာဖြစ်ရုံတင်မက ပိုင်ဆိုင်ဖို့ မသင့်တော်သောအရာ၊ သက်တမ်းကြောင့်ပင်လှပနေရသော သက်တမ်းရင့်အရာဟူသမျှ ဒွိဟမကင်း ဖွယ်ဖြစ်နေသည်။

ဆိုင်ရှင်အဘိုးကြီးသည် လေးဒေါ်လာရပြီးသည်နှင့် သိသိသာသာ ရွှင်ပျနေသည်။ သုံးဒေါ်လာ သို့မဟုတ် နှစ်ဒေါ်လာထိ ဈေးဆစ်၍ဝယ်လျှင် ရနိုင်မှန်း

ဝင်စတာန်သိသည်။
“မောင်ရင်ကြည့်ချင်သပဆိုရင် အပေါ်ထပ်မှာ အခန်းတစ်ခန်းရှိသေးတယ်။ ပစ္စည်းသိပ်အများကြီး မဟုတ်ဘူး။ နည်းနည်းပေါ့။ တက်ကြည့်မယ်ဆိုရင် မှန်အိမ်ယူကြမယ်လေ”
နောက်ထပ်မှန်အိမ်တစ်လုံးကို မီးထွန်းကာ အဘိုးကြီးသည် ကုန်း ကုန်းကုန်းကုန်းနှင့် ရှေ့မှဖြည်းဖြည်းချင်းတက်သည်။ လှေခါးမတ်မတ်သည် စုတ်ပြတ်နေသည်။ စကြံလမ်းကျဉ်းလေးကို လျှောက်လာပြီး အခန်းတစ်ခန်း ထဲဝင်သည်။ အခန်းသည် လမ်းမဘက် မျက်နှာမမူဘဲ ကျောက်ခင်းဝင်းနှင့် ခေါင်းတိုင်တောကြီးကို မျက်နှာမူထားသည်။
အခန်းထဲမှ ပရိဘောဂများနေရာချထားပုံမှာ အခန်းထဲ လူနေသည့် အသွင်ဖြစ်၏။ ကြမ်းပေါ်တွင် ကော်ဇောတစ်စ။ နံရံတွင် ပုံတစ်ပုံနှစ်ပုံခန့်။ မီးလင်းဖိုနားတွင် ဇလီတပ်ထားသော လက်တင် ကုလားထိုင်အိုကြီးတစ်လုံး။ မီးလင်းဖိုပေါ်တွင် ဆယ့်နှစ်နာရီမျက်နှာပါသော ရှေးဟောင်းနာရီကြီး တချက် ချက်သွားလျက်။ ပြတင်းဘေးမှ မွေ့ရာခင်းထားသော ဧရာမခုတင်ကြီးသည် အခန်း၏လေးပုံတစ်ပုံခန့် နေရာယူထားသည်။
“ဇနီးဆုံးသွားတဲ့အချိန်ထိ ဦးလေးတို့ဒီမှာပဲနေခဲ့ကြတာ”
ဟု အဘိုးကြီးသည် တောင်းပန်သံတစ်ဝက်ဖြင့်ပြောသည်။ “ဒီထဲက ပရိဘောဂတွေ နည်းနည်းချင်းစီ ရောင်းပစ်လိုက်တယ်။ ဒါသိပ်လှတဲ့ မဟော်ဂနီသား ခုတင်ကြီးပေါ့။ ဒါပေမယ့် နည်းနည်းတော့ ဝန်ကျယ်မယ်နော်”
အဘိုးကြီးသည် တစ်ခန်းလုံးလင်းအောင် မှန်အိမ်ကိုမြင့်မြင့် မြှောက်ကိုင်ထားသည်။ နွေးထွေးမိုန်ပျသော အခန်းလေးသည် ထူးထူးဆန်းဆန်း မိတ်ခေါ်နေသယောင်ရှိသည်။ သူသာစွန့်စားရဲ မည်ဆိုလျှင် တစ်ပတ်စာ ဒေါ်လာနည်းနည်းလေးပေးရုံနှင့် အခန်းကို လွယ်လင့်တကူ ငှားနေနိုင်မည်ဟူ သောအတွေး ဝင်စတာန့်ခေါင်းထဲ ဖြတ်ပြေးသွားသည်။ ပရမ်းပတာစိတ်ကူး၊ မဖြစ်နိုင်လွန်းသောစိတ်ကူး။ ခေါင်းထဲရောက်လာသည်နှင့် ချက်ချင်း စွန့်ထုတ်ရမည့် ဤ စိတ်ကူး။
သို့သော် . . . သို့သော်။ အခန်းလေးက အတိတ်ကိုလွမ်းမောစရာ ဖြစ်နေသည်။ ဘိုးဘေးတို့၏ အမှတ်တရတစ်မျိုးဖြစ်နေသည်။ ယခုလိုအခန်းလေးထဲ ထိုင်နေရသောအရသာကို သူ သေသေချာချာ သိနေသလိုပင်။ မီးလင်း ဖိုဘေးမှ ကုလားထိုင်ပေါ်ထိုင်ပြီး မီးလင်းဖိုအကာ သတ္တုဘောင်ပေါ် ခြေတင် ထားမည်။ ဖိုခွင်ပေါ်ဝယ် ရေနွေးကရား။ အကြွင်းမဲ့တစ်ကိုယ်တည်း။ လုံးဝ ဥဿုံ လုံခြုံလျက်။ ဘယ်သူကမှ ကိုယ့်ကိုစောင့်ကြည့်မနေ။ ဘယ်အသံကမှ ကိုယ့် နောက်ကိုလိုက်မနေ။ ရေနွေးအိုးပွက်သံနှင့် နာရီစက်သံမှ လွဲ၍ ဘာသံ မှမရှိ။
ဝင်စတာန့်နှုတ်မှ မထွက်ဘဲမနေနိုင်အောင်ထွက်သွားသည်။
“တယ်လီစကင်မရှိဘူး”

"အား တစ်ခါမှ အဲဒီစက်မျိုးမရှိဖူးဘူး။ ဈေးသိပ်ကြီးတာ။ လိုအပ်တယ်လို့လည်း မထင်ပါဘူး။ ကဲဗျာ၊ ဒီမှာကြည့်ပါ ဦး။ စားပွဲအရှင်။ ဘေးပျဉ်ချပ်က ဖတ်လတ်ကျနေတာနော်။ အဲဒါကို သုံးမယ်ဆိုရင် ပတ္တာ အသစ်တပ်ဖို့တော့လိုမယ်"

အခန်း၏အခြားထောင့်တွင် စာအုပ်ဗီရိုလေးတစ်လုံး။ ဗီရိုရှေ့ကိုပင် ဝင်စတန်ရောက်နေပြီ။ ဗီရိုထဲ ဘာမှမရှိ၊ အမှိုက်သာ ရှိသည်။ နေရာတိုင်းမှ ပစ္စည်းမဲ့တို့၏နေအိမ်ထဲ စာအုပ်များမွှေ နှောက်ရှာဖွေခံရသလို ဤဗီရိုထဲမှ စာအုပ်များလည်း အမဲလိုက်ခံရပြီးပြီ။ ဖျက်ဆီးခံရပြီးပြီ။ အိုရှင်းနီးယား ဖြစ် ၁၉၆၀ မတိုင်ခင်တုန်းက စာအုပ်တစ်အုပ်တစ်လေရှိဖို့ဆိုသည်မှာ မဖြစ်နိုင်။

မီးလင်းဖို၏ အခြားဘက်၊ ခုတင်နှင့်မျက်နှာချင်း မျက်နှာချင်းဆိုင်တွင် နှင်းဆီသား ဘောင်သွင်းထားသော ပုံတစ်ပုံ။ ထိုပုံရှေ့တွင် ဆိုင်ရှင်ရပ်နေသည်။ လက်ထဲ မှာ မှန်အိမ်ကိုင်ထားဆဲ။

"ရှေးတုန်းကပုံတွေကို ကြည့်ချင်တယ်ဆိုရင်-" ဟုဆိုင်ရှင်သည် သိမ်မွေ့စွာစကားစသည်။

ပုံကို ဝင်စတန်ကြည့်လိုက်ရာ သံမဏိကိုထွင်းထားသောပုံ ဖြစ်နေသည်။ လေးထောင့်ပုံပြတင်းများပါသည့် ဘဲဥပုံအဆောက်အဦ။ အဆောက် အဦ၏ရှေ့တွင် မျှော်စင်လေးတစ်ခု။ အဆောက်အဦတွင် ပတ်လည်လက်ရန်း များပါပြီး နောက်ဘက်တွင် ရုပ်တုလိုလိုအရာတစ်ခုကို တွေ့သည်။ တစ်အောင် တော့ ဝင်စတန်ငေးနေသည်။ ထိုပုံသည် သူနှင့်ရင်းနှီး နေသလိုလို။ ရုပ်တုကိုသာမမှတ်မိ။ "ဘောင်ကနံရံထဲမြှုပ်ထားတာ။ ဒါပေမယ့် မောင်ရင်လိုချင်တယ်ဆိုရင် ဝက်အူဖြုတ်ပေးနိုင်ပါတယ်"

"ဒီအဆောက်အဦကို ကျွန်တော်သိတယ်ဗျ။ ခုတော့ ပြိုသွားပြီ။ တရားရုံးချုပ် အပြင်ဘက်က လမ်းအလယ်ကောင်မှာ ရှိတာ"

"မှန်တယ်။ တရားရုံးအပြင်ဘက်က အဆောက်အဦ။ ဗုံးဒဏ်ခံသွားရတာ။ ဩော် နှစ်တွေကြာလှပေါ့။ ဟိုတုန်းကတော့ ဘုရားကျောင်း။ နာမည်က စိန့်ကလီမင်ဒိန်းတဲ့"

ဆိုင်ရှင်သည် သူ့စကားနည်းနည်းတော့ ရယ်စရာကောင်းသည်ဟု ထင်ပြီး တောင်းပန်သလိုပြုံးနေကာ "စိန့်ကလီမင်ကျောင်း xxx ခေါင်းလောင်း သံချိုxxxလိမ္မော်နဲ့ သံပရို" ဟု ထပ်ထည့် ပြောသည်။

"ဘာများပါလိမ့်"

"ဩော်၊ စိန့်ကလီမင်ကျောင်းခေါင်းလောင်းသံချို ××× လိမ္မော်နဲ့ သံပရိုတဲ့။ ဒါဦးတို့ငယ်ငယ်က ဆိုခဲ့ကြတဲ့ ကဗျာလေး။ နောက်ဘာလာသေးလဲ မမှတ်မိတော့ဘူး။ ကဗျာအဆုံးကိုတော့ ဦးမှတ်မိတယ်။ "ဟောဒီမှာလာပြီxxx မင်းအိပ်ရာဝင်ဖို့ ဖယောင်းတစ်တိုင်xxxဟောဒီမှာလာပြီxxx မင်းခေါင်းကို ဖြတ်ဖို့ ခေါမတစ်ချောင်း" တဲ့။ အကတစ်မျိုးပေါ့ကွာ။ သူတို့က လက်တွေမိုး ထားတယ်။

လက်တွေအောက်က မင်းဖြတ်ပြေးတုန်း
ခားမတစ်ချောင်းဆိုတဲ့နေရာလည်းရောက်ရော၊ သူတို့ကလက်တွေကိုချလိုက်တော့
မင်းကိုမိရော။ ဒီကဗျာက ဘုရားကျောင်းနာမည်တွေပါ။
လန်ဒန်ဘုရားကျောင်းအားလုံး ဒီကဗျာထဲမှာပါတယ်။ အဓိက
ကျောင်းကြီးတွေအားလုံးပါတာ”

ရာစုဘယ်လောက်တုန်းက ဘုရားကျောင်းတွေပါလိမ့်ဟု ဝင်စတန် စဉ်းစားနေသည်။ လန်ဒန်အဆောက်အဦတစ်လုံး၏ သက်တမ်းကို ဆုံးဖြတ်ဖို့အမြဲခက်သည်။ ကြီးမားခန့်ငြားသော အထင်ကရ အဆောက်အဦမှန်သမျှ အတော်အတန် သစ်သစ်လွင်လွင်ရှိနေသေးလျှင် ထိုအဆောက်အဦသည် တော်လှန်ရေး ခေတ်က အဆောက်အဦဖြစ်သွားသည်။ ရက်စွဲသိသာ ထင်ရှားလွန်းသော အဆောက်အဦကိုမူ အလယ်ခေတ်လက်ရာလိုလို ဘာလိုလို ဝါးချလိုက်ကြသည်။ အရင်းရှင်ခေတ်၏ရာစုနှစ်များအတွင်း တန်ကြေးရှိသောအရာ ဘာတစ်ခုမှ မထုတ်လုပ်နိုင်ခဲ့ကြောင်းပြဆိုကြသည်။

စာအုပ်များမှတစ်ဆင့် အတိတ်သမိုင်းကြောင်းကို လေ့လာ၍ မရနိုင်သလို ဗိသုကာလက်ရာများ မှတဆင့်လည်း သမိုင်းကြောင်းကို လေ့လာ၍ မရ။ ရုပ်တုများ၊ ထွင်းစာသားများ၊ အမှတ်တရ ကျောက်တိုင်များ၊ လမ်းအမည်များ-အတိတ်ကို မီးတစ်ကွက်လောက် ထွန်းပြနိုင်သောအရာ၊ ဘယ်အရာမဆိုကို စံနစ်တကျပြောင်းလဲထားကြသည်။

“အဲဒါ ဘုရားကျောင်းမှန်း ကျွန်တော်လုံးဝမသိခဲ့ဘူးဗျာ”

“အများကြီးရှိသေးတယ်။ တကယ်ပြောတာ။ ဟာ၊ ဟုတ်ပြီ၊ရပြီ။ ကဗျာနားထောင်ကြည့်ပါဦး။ စိန့်ကလီမင်ကျောင်း ခေါင်းလောင်းသံချိုxxx လိမ္မော်နဲ့ သံပရိုxxxစိန့်မာတင်ကျောင်းခေါင်းလောင်းသံလွင်xxx မင်းငါ့ကို ကြွေးတင်တာ သုံးဖာသင်တဲ့။ ဒီအထိပဲရတယ်။ ဖာသင်ဆိုတာက ကြေးပြား အကြွေစေ့လေးကွာ။ ဆင့်နဲ့အတူတူလိုမျိုး”

“စိန့်မာတင်ကျောင်းက ဘယ်မှာလဲ” ဟု ဝင်စတန်မေးသည်။

“စိန့်မာတင်ကျောင်းလား၊ ခုထိရှိသေးတယ်။ အောင်ပွဲရ ဗစ်ထရီရင် ပြင်ထဲမှာ ကွာ။ ပန်းချီပြခန်းနဲ့ကပ်လျက်။ သုံးမြှောင့်ပုံဆင်ဝင်ရယ်၊ တိုင်လုံး ကြီးတွေရယ်၊ လှေခါးထစ်တွေက မြင့်မြင့်ကြီး”

ထိုနေရာကို ဝင်စတန်ကောင်းကောင်းသိသည်။ ဝါဒဖြန့်ရေးအမျိုးမျိုးအတွက် သုံးသောပြတိုက်။ ဒုံးကျည်နှင့်ရေပေါ်ခံတပ်များ၏ စကေး ကိုက်ပုံစံငယ်များ ထိုပြတိုက်တွင်ပြထားသည်။ ရက်စက်ကြမ်းကြုတ်သော ရန်သူများကို ဖယောင်းဖြင့်သရုပ်ဖော်ပြသထားသည်။

“ကွင်းပြင်ထဲကစိန့်မာတင်လို့ ခေါ်ကြတယ်။ အဲဒီနေရာမှာ ကွင်းပြင်တွေရှိသလဲတော့ ဦးလေးလည်း မသိပါဘူးကွယ်” ဟု ဆိုင်ရှင်စကားဖြည့်ပြောသည်။

ပုံကို ဝင်စတန်မဝယ်။ စက္ကူဖိဖန်တုံးကိုဝယ်သည်ထက် ဤပုံကြီးကို ဝယ်ခြင်းက ပိုပြီးမအပ်စပ်သော ပိုင်ဆိုင်မှု ဖြစ်နေသည်။ အိမ်ပြန်သယ်ဖို့ကလည်း မဖြစ်နိုင်။ ဘောင်ထဲကထုတ်မှသယ်၍ ရမည်။ သို့သော် ဝင်စတန် သည် ဆိုင်ရှင်ဦးလေးကြီးနှင့် စကားတပြောပြောလုပ်ရင်း ပုံနားတွင်ဖင့်နွဲ့ နေသည်။

ဆိုင်ရှင်ဦးလေးကြီး၏ အမည်သည် ဆိုင်ရှေ့မျက်နှာစာတွင် ထွင်းထားသော အမည်မဟုတ်ဘဲ ရှာရင်တန် ဖြစ်နေသည်။

မစ္စတာရှာရင်တန်သည် အသက်ခြောက်ဆယ့် သုံးခန့်ရှိသော မုဆိုးဖိုဖြစ်ဟန်တူသည်။ ဤဆိုင်တွင်နေခဲ့သည်မှာ နှစ်သုံးဆယ်ခန့်ရှိနိုင်သည်။ ပြတင်းပေါ်မှ "ဝိခ်" ဆိုသောအမည်ကိုပြောင်းလဲလိုက်ဖို့ သည်လောက် နှစ်တွေအတွင်း သူစိတ်ကူးခဲ့ပါလိမ့်မည်။ သို့သော်လည်း အကြောင်းရင်းမဃ် မယ်ရရ ရှာတွေ့ခဲ့ပုံမရ။

စကားပြောနေစဉ်တစ်လျှောက်လုံး ဆိုင်ရှင်ရွတ်ပြခဲ့သော တစ်ဝက် တစ်ပျက်ကဗျာက ဝင်စတန့်ဦးခေါင်းထဲ ပြေးလွှားနေသည်။ ကဗျာစာသားလေးက ဆန်းသည်။ စိတ်ထဲရွတ်နေရုံနှင့် ဘုရားကျောင်း ခေါင်းလောင်းသံများကို ကြားယောင်လာရသည်။ ပျောက်ဆုံးသွားသော လန်ဒန်ရွှေမြို့တော်၏ ခေါင်းလောင်းသံများ တစ်နေရာရာတွင် ယခုထက်တိုင်ရှိနေသေးသလို။ ဘုရား ကျောင်းမျှော်စင်မှ ခေါင်းလောင်းများ တစ်လုံးပြီးတစ်လုံး အသံကူးမြည်ဟည်း သွားသံကို သူကြားယောင်နေရပြီ။ သူမှတ်မိသရွေ့တော့ တကယ့်ဘဝထဲမှာ ခေါင်းလောင်းသံကို သူတစ်ခါမှမကြားဖူးခဲ့။

မစ္စတာရှာရင်တန် အနားမှခွာပြီး တစ်ယောက်တည်း လှေခါးဆင်း လာခဲ့သည်။ သို့မှသာ ဆိုင်ပြင်မထွက်ခင် လမ်းကို ကင်းထောက်နေသောသူ့အား ဆိုင်ရှင်မတွေ့ဘဲရှိမည်။ တစ်လလောက်စောင့်ပြီးမှ ဤဆိုင်ကို နောက် တစ်ခေါက်ပြန်လာမည်ဟု သူ့စိတ်ထဲ ဆုံးဖြတ်ပြီးပြီ။ ဤဆိုင်ကိုလာဖို့ သူ အရဲစွန့်မည်။ ဤဆိုင်ကိုလာခြင်းသည် အသင်းတိုက်မှ လစ်ထွက်လာခြင်း လောက်တော့ အန္တရာယ်မများ။ ဒိုင်ယာရီစာအုပ်လေးကို ဝယ်ပြီးမှ ဆိုင်ရှင် သည် ယုံ၍ရမရ ဘာမှသူမသိဘဲ နောက်တစ်ခေါက် ပြန်လာခြင်းသည် သူ အသုံးမကျခြင်းပင်။ မည်သို့ဆိုစေ- ပြန်လာဦးမည်ဟု သူတွေးမိပြန်သည်။

လှပသောအမှိုက်သရိုက် လေးများကို သူဝယ်ဦးမည်။ စိန့် ကလီမင်ဒိန်းဘုရားကျောင်းပုံကို သူဝယ်ဦး မည်။ ပုံကိုဘောင်ထဲမှဖြုတ်ပြီး ဂျက်ကက်အင်္ကျီ အောက်ဝှက်၍ အိမ်ကိုသယ် မည်။ မစ္စတာရှာရင်တန်၏ မှတ်ဉာဏ်ထဲမှ ကဗျာစာသားကို သူရအောင် ဆွဲထုတ်မည်။ ဆိုင်အပေါ်ထပ် အခန်းငှားနေလျှင် ကောင်းမလားဟူသော အရူးစီမံကိန်းပင် သူ့ရင် ထဲဖြတ်ပြေးသွားသေးသည်။ ခေါင်းထဲ ငါးစက္ကန့်လောက် ပူသွားရုံနှင့် သူသတိလက်လွတ်ဖြစ်ကာ လမ်းကိုသေချာမစစ်ဆေးဘဲ ဆိုင်ထဲမှလှမ်းထွက်လာခဲ့သည်။ တောက်တီးတောက်တဲ့တေးသွား လေးကိုပင်

သူရွတ်နေမိပြီ။

"စိန့်ကလီမင်ကျောင်း ခေါင်းလောင်းသံချို xxx လိမ္မော်နဲ့သံပရို
xxxစိန့်မာတင်ကျောင်း ခေါင်းလောင်းသံလွင် xxx မင်းငါ့ကိုကြွေးတင်တာ သုံးဖာသင် xxx"

ဖြူနန်းဆို သူ့နှလုံးစိုင်တစ်ခုလုံး ရေခဲတုံးဖြစ်သွားသည်။ အပြာရောင်
ယူနီဖောင်းဝတ်သဏ္ဍာန်တစ်ခု လူသွားလမ်းအတိုင်း ဆင်းလာနေသည်။ သူနှင့်
ဆယ်မီတာပင် မကွာ။ ဝတ္ထုဌာနမှ ပိတုန်းရောင်ကေသာနှင့် မိန်းကလေး။
အလင်းရောင်အားပျော့လှသည့်တိုင် ထိုမိန်းကလေးကို သူကောင်းကောင်း
မှတ်မိသည်။ မိန်းကလေးက သူ့မျက်နှာထဲ တည့်တည့်ကြည့်နေပြီးမှ မမြင်သလို
ဆက်လျှောက်သွားသည်။

ဝင်စတန် လှုပ်ပင်မလှုပ်နိုင်တော့။ ထို့နောက်မှ လက်ယာဘက်ချိုးပြီး
လေးကန်စွာ လျှောက်လာခဲ့သည်။ လမ်းမှားနေပြီကို သတိမထားမိ။ မေးခွန်း
တစ်ခုဖြစ်တည်ခဲ့ပြီ။ မိန်းကလေးသည်
သူ့အားထောက်လှမ်းနေခဲ့သည်ကိုသံသယဖြစ်စရာပင်မလိုတော့။ သူမသည်
ဤနေရာထိရောက်အောင် လိုက်လာခဲ့သည်။

ပါတီဝင်များနေထိုင်သည့် တိုက်တန်းနှင့် ကီလိုမီတာချီ၍ ဝေးသော
ဤနောက်ဖေးလမ်းကြားထဲ ယနေ့မှ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး
လာတိုးနေခြင်းသည် တိုက်ဆိုင်မှုသက်သက်မဟုတ်တော့ပြီ။

သူမသည် အတွေးပုလိပ်တပ်ဖွဲ့ဝင် ဟုတ်ဟုတ် မဟုတ်ဟုတ်
အပျော်တမ်းသတင်းပေး ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ဘာမှအရေးမကြီး။ သူ့ကို
စောင့်ကြည့်နေသည်ဆိုရုံနှင့် လုံလောက်နေပြီ။ အရက်ဆိုင်ထဲ သူဝင်ခဲ့ပုံကိုလည်း
မြင်တွေ့ပြီးလောက်ပြီ။

လမ်းလျှောက်နေရသည်မှာ ပင်ပန်းလိုက်သည်ဖြစ်ခြင်း။ ခြေလှမ်း
လိုက်တိုင်း ပေါင်ကို လာရိုက်နေသော ဖန်တုံးကို အိတ်ထဲမှ
ဆွဲထုတ်လွှင့်ပစ်လိုက်ချင်စိတ် တစ်ဝက်လောက်ပေါ်လာသည်။ အဆိုးဆုံးကား
ဝမ်းထဲက ရစ်ပြီးနာလာခြင်းပင်။ အိမ်သာဆီ မြန်မြန်မရောက်ပါက သေမလားဟုပင်
ခံစားလာရသည်အထိ။ ဤရပ်ကွက်တွေထဲ၌ အများသုံးအိမ်သာမရှိကြ၊
အတန်ကြာမှ အဆိုးဆုံးဝေဒနာ လွန်သွားပြီး မအီမလည်ကြီးနာကျန်ခဲ့သည်။

လမ်းသည် တစ်ဖက်ပိတ်လမ်းဖြစ်နေသည်။ ဘာလုပ်ရမလဲဟု
ယောင်ချာချာရပ်နေပြီးမှ လာရာလမ်းအတိုင်း တပ်ခေါက် ပြန်လှည့်လာသည်၊
ပြန်လှည့်လိုက်မှ စောစောကမိန်းကလေးနှင့် လမ်းမှာဆုံခဲ့သည်က သုံးမိနစ်
လောက်သာရှိဦးမည်ဟူသော အတွေး ဖျပ်ခနဲပေါ်လာသည်။ ပြေးလိုက်လျှင်
မီနိုင်သည်။ မိန်းကလေးနောက်ကိုလိုက်ပြီး လူခြေတိတ်သောနေရာရောက်မှ
လမ်းခင်းကျောက်တုံးနှင့် ခေါင်းကိုပေါက်သတ်မည်။ ထိုအလုပ်အတွက် သူ့
အိတ်ထဲမှ ဖန်တုံးနှင့်ပင် အဆင်ပြေနိုင်သည်။

သို့ရာတွင် ထိုစိတ်ကူးကို သူ ပယ်ချလိုက်ရသည်။ ကိုယ့်ကိုယ်ကိုယ်ပင်

မနည်းကြီးသယ်နေရသည့် အဖြစ်၊ သူ့မှာမပြေးနိုင် မလွှားနိုင်။ လက်သီး တစ်ချက်မထိုးနိုင်။ သည့်အပြင် မိန်းကလေးက ငယ်ငယ်ရွယ်ရွယ် သန်သန်မြန်မြန်ကလေးဖြစ်ရာ မိမိကိုယ်ကို ခုခံကာကွယ်နိုင်လိမ့်မည်။ ဆင်ခြေပြနိုင်အောင် အသင်းတိုက်ကို သုတ် ခြေတင်ပြီး အသင်းတိုက်ပိတ်သွားသည်အထိ ထိုင်နေလျှင်ကောင်းမလား တွေး မိပြန်သည်။ အင်း၊ ဒါလည်း မဖြစ်သေး။ စိတ်ပန်းကိုယ်နွမ်းခြင်းက သူ့ကိုမလှုပ်သာအောင် တုပ်ထားလိုက်ပြီမို့ အိမ်မြန်မြန်ပြန်ပြီး ငြိမ်ငြိမ်ကလေးသာ ထိုင်နေချင်တော့သည်။

နှစ်ဆယ့်နှစ်နာရီကျော်မှ သူအခန်းပြန်ရောက်သည်။ ပင်မအခန်း ထဲတွင် နှစ်ဆယ့်သုံးနာရီခွဲဆိုလျှင် မီးပိတ်တော့မည်။ မီးဖိုချောင်ထဲဝင်ပြီး ဂျင်တစ်ခွက်မော့သည်။ ထို့နောက်ဆောင်ထုတ် အခန်းလေးရှိ စားပွဲတွင် သူဝင်ထိုင်ကာ အံဆွဲထဲမှ ဒိုင်ယာရီစာအုပ်ထုတ်သည်။ စာအုပ်ကို ချက်ချင်း မဖွင့်သေး။ ဇာတိမာန်သီချင်းတစ်ပုဒ်ကိုဆိုနေသော မိန်းမသံတစ်သံ တယ်လီ စက်မှ ထွက်ပေါ်နေသည်။ စာအုပ်အဖုံး၏အဆင်အသွေးလေးကို သူ ထိုင်ငေး နေသည်။ အသံကို အသိစိတ်ထဲမှ အတင်းဖယ်ထုတ်သော်လည်း မအောင် မြင်။

သူတို့လာဖမ်းသောအချိန်သည် ညဘက်ဖြစ်သည်။ အမြဲတမ်းည ဘက်။ သူတို့ဖမ်းမမိခင် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းသည် လော်ကန်သော လုပ်ရပ်ဖြစ်၏။ လူအချို့ ထိုသို့လုပ်ခဲ့သည်ကို ဒွိဟဖြစ်နေစရာမလို။ လူ ပျောက်သွားခြင်းအတော်များများသည် မိမိကိုယ်ကို သတ်သေကြခြင်းဖြစ်သည်။ သို့ရာတွင် သေနတ်၊ ကိစ္စမြန်မြန်ပြီးသောအဆိပ်စသည်တို့ လုံးလုံးမရ နိုင်သော ဤခေတ်ကြီးထဲ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ဆိုသည်မှာ မိုက်ရူးရဲ သတ္တိရှိဖို့လိုသည်။

နာကျင်မှုနှင့်ကြောက်ရွံ့မှုတို့အတွက် ခန္ဓာကိုယ်၏ဇီဝဗေဒဆိုင်ရာ အသုံးမဝင်မှုကို သူ့မှာတအံ့တဩ ဖြစ်ရသည်။ အထူး အင်အားစိုက်ထုတ်မှု ကို လိုအပ်ချိန်အတိအကျတွင် တောင့်သွားသော လူ့ခန္ဓာကိုယ်၏ သစ္စာမဲ့မှု။ သူသာ လက်မြန်ခြေမြန်ရှိခဲ့လျှင် ပိတုန်းရောင်ကေသာမိန်းကလေးကို နှုတ်ပိတ် ခဲ့နိုင်မည်။

အဆုံးစွန်အန္တရာယ်ရောက်သွားချိန်တွင် သူလည်းဘာမှ မလုပ်နိုင်တော့။ သေရေးရှင်ရေးကြုံရပြီဆိုပါက လူတစ်ယောက်သည် ပြင်ပရန်သူကို ဘယ်တော့မှမတိုက်ခိုက်နိုင်ဘဲ မိမိကိုယ်ကို တိုက်ခိုက်ရပါကလားဟူ၍ စိတ်ထဲ အံ့အားသင့်နေသည်။ ယခုပင် ကြည့်ဦး၊ ဂျင်အရက်ရှိန်ကို အသာထား၊ ဝမ်း ဗိုက်ထဲသရိုးသရီ ဖြစ်နေခြင်းကြောင့် အစဉ်လိုက်တွေးတောခြင်းအမှုကိုပင် မပြုနိုင်။

ကံဆိုးမိုးမှောင်ကျသော အခြေအနေ၊ စွန့်စွန့်စားစားတိုက်ပွဲဝင်ရသော အခြေအနေမျိုးတွင်လည်း ထိုအတိုင်းဖြစ်သည်။ စစ်တလင်းပေါ်တွင် လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်သောအခန်းထဲတွင်လည်းကောင်း၊ မြုပ်နေသော သောသင်္ဘောပေါ်တွင်လည်းကောင်း၊ သင်ဦးတည် တိုက်ခိုက်နေသောအရာ များကို သင်မေ့သွားမြဲဖြစ်သည်။

အကြောင်းမှာ ခန္ဓာကိုယ်သည်သာ စကြဝဠာ တစ်ခုလုံးပြည့်အောင် ဖောရောင်သွားသည်။ ကြောက်လွန်း၍ တစ်ကိုယ်လုံး ချည့်မနေဘူးဆိုလျှင်ပင်၊ နာလွန်း၍ အော်ဟစ်မနေဘူးဆိုလျှင်ပင် ဘဝတူသည် ဆင့်ကဲဆင့်ကဲခဏ ကလေးများအတွက် ရှန်းကန်နေရခြင်း ဖြစ်သည်။ ဆာလောင်မွတ်သိပ်ခြင်း၊ ချမ်းစီးခြင်း၊ အိပ်၍မရခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ နာနေသောသွားတစ်ချောင်း စသည်တို့အတွက် ရှန်းကန်နေရခြင်း ဖြစ်သည်။ ဒိုင်ယာရီစာအုပ်ကို သူဖွင့်သည်။ တစ်ခုခုချရေးလိုက်ဖို့ အရေးကြီးသည်။ တယ်လီစကက်ထဲမှအမျိုးသမီး သီချင်းပြောင်းဆိုနေပြီ။ အသံသည် သူ့ဦးနှောက်ထဲ၌မှန်ကွဲစလို စိုက်ဝင်နေသည်။

အိုဘရိုင်ယန်ကိုဦးတည်ပြီး ဒိုင်ယာရီကိုဖွင့်ခဲ့ခြင်းမို့ အိုဘရိုင်ယန်အကြောင်း သူကြိုးစားပမ်းစား တွေးယူသည်။ သို့သော် သူ့စိတ်သန္တာန်ထဲ အိုဘရိုင်ယန်အစား အတွေးပုလိပ်များက သူ့ကိုဖမ်းမိသွားပြီး နောက်ပိုင်း ဘာဆက်ဖြစ်လာမည်နည်းဟူသော ကိစ္စက ရောက်လာသည်။ တစ်ခါတည်း လက်စတုံးပစ်လိုက် လျှင် အရေးမကြီး။

အသတ်ခံရဖို့မှာ မျှော်လင့်ပြီးသား ကိစ္စဖြစ်သည်။ သို့သော် မသတ်ခင် ပုံမှန် ဝန်ခံရသော အလုပ်ရှိသည်။

ထိုအကြောင်း လူတိုင်းသိသော်လည်း ထုတ်ဖော် ပြောဆိုသူမရှိကြ။ ကြမ်းပေါ် လေးဖက်ထောက် ဝပ်တွားနေရခြင်း၊ ငိုယို အသနားခံရခြင်း၊ အရိုးကျိုးသံ၊ ဂွတ်ခနဲသွားကျိုးသံ၊ သွေးဖြင့်စေးကပ်နေသော ဆံပင်များ။ နိဂုံးသည် တစ်မျိုးတည်းဖြစ်လျက် အဘယ်ကြောင့် ဝေဒနာ ခံစားနေရဦးမည်နည်း။

ဘဝသက်တမ်းထဲမှ ရက်နည်းနည်းလေးကို လျှော့ချလိုက်ဖို့ အဘယ်ကြောင့် မဖြစ်နိုင်ရသနည်း။ စစ်ဆေးခြင်းမှ လွတ်မြောက်သွားသူမရှိ။ မနောကံမြောက်ရာဇဝတ်မှုကို သင်တစ်ကြိမ် တစ်ခါ ကျူးလွန်ခဲ့ပြီး သည်နှင့် သေဖို့ရက်ချိန်းရပြီးဖြစ်၏။ သို့ဆိုလျှင် ထိုကြောက်စရာ့ရက်စွဲကို အဘယ်ကြောင့် အနာဂတ်ထဲ မြှုပ်ထားသေးသနည်း။

အိုဘရိုင်ယန်၏ပုံရိပ်ကို သူဆင့်မခေါ်ခင် နည်းနည်းထပ်စဉ်းစားသည်။ "အမှောင်ထုမရှိတဲ့နေရာမှာ ငါတို့တွေ့ကြမယ်" ဟု အိုဘရိုင်ယန်က သူ့ အားပြောခဲ့သည်။ ထိုစကား၏အဓိပ္ပါယ်ကို သူသိသည်။ သို့မဟုတ် သိသည်ဟုထင်သည်။ အမှောင်ထုမရှိသော နေရာသည် စိတ်ကူးယဉ် အနာဂတ်ဖြစ်သည်။ ထိုအနာဂတ်ကို မြင်နိုင်သူ မရှိ။ သို့သော် မနောမယ ဉာဏ်ဖြင့် ပဉ္စလက်ဆန်ဆန် ဝေမျှနိုင်သည်။

တယ်လီစကက်မှ ထွက်ပေါ်နေသောအသံသည် သူ့ကိုနားဒုက္ခ ပေးလျက်ရှိရာ အတွေးစဉ်နောက်ကို သူဆက်မလိုက်နိုင်တော့။ စီးကရက် တစ်လိပ် ပါးစပ်တပ်လိုက်တော့ လျှာပေါ်ဆေးများဖိတ်ကျလာသည်။ ခါးသက် သက်နှင့်ထွေးထုတ်ရခက်လှသည်။ အစ်ကိုကြီး၏မျက်နှာသည် စိတ်အာရုံထဲမှ အိုဘရိုင်ယန့်နေရာကို လုယူသွားသည်။ ရှေ့ရက်တွေတုန်းကလိုပင် အိတ်ထဲ

မှအကြွေစေ့ထုတ်ပြီး ကြည့်သည်။ အကြွေစေ့မျက်နှာပြင်ပေါ်မှ အစ်ကိုကြီး၏မျက်နှာသည် သူ့ကိုတည်ငြိမ်လေးနက်စွာ ပြန်ကြည့်နေသည်။ သို့သော် နှုတ်ခမ်းမွေးမည်းမည်းတုတ်တုတ်အောက်မှ အပြုံးသည် ဘယ်လိုအပြုံးများပါလိမ့်။ လေးတွဲ့သော အသုဘခေါင်းလောင်းသံပမာ စကားလုံးများ သူ့ထံ လွင့်လာသည်။

စစ်သည် ငြိမ်းချမ်းရေး။

လွတ်လပ်ရေးသည် ကျွန်စံနစ်။

မသိခြင်းသည် အင်အား။

အပိုင်း (၂)

(၁)

တစ်မနက်တွင် ဝင်စတန်သည် အခန်းကန့်ထဲမှထွက်ပြီး သန့်စင်ခန်းဘက် လျှောက်လာသည်။

ရှည်လျားလင်းကျင်းနေသောကော်ရစ်ဒါ၏ ဟိုဘက်အစွန်းမှ တစ်ခုတည်းသောသဏ္ဍာန်သည် သူရှိရာဘက်လာနေသည်။ ပိတုန်းရောင်ကေသာ မိန်းကလေး၊ အဟောင်းဆိုင်မှအထွက် ထိုမိန်းကလေးနှင့် ဝင်တိုးခဲ့သည်ကစပြီး ပေးရက်တာလွန်မြောက်ခဲ့ပြီ။

မိန်းကလေး၏ ညာဘက်လက်မောင်း သိုင်းကြိုး ဖြင့် သိုင်းထားသည်ကို နီးလာမှ ဝင်စတန် တွေ့သည်။ သိုင်းကြိုးသည် ယူနီဖောင်းနှင့်ဆင်ဟူဖြစ်၍ ခပ်လှမ်းလှမ်းမှနေ၍ သဲသဲကွဲကွဲမမြင်ရ။ ဝတ္ထုကျောရိုးများ သောင်းပြောင်းရောထည့်ရာ ပန်းစုံမှန်ပြောင်းကြီးကို လှည့်စဉ် လက်ထည့်ကြိတ်မိသွားပုံ ရသည်။ ဝတ္ထုဌာနတွင် ထိုမတော်တဆမှုမျိုးကား ရိုး၍နေပြီ။

ဝင်စတန်နှင့် လေးမီတာအကွာသို့ရောက်သော် မိန်းကလေး ဘိုင်းခနဲ ချော်လဲပြီး ကြမ်းပြင်နှင့် မျက်နှာအပ်လုနီးနီးဖြစ်သွားသည်။ နာလွန်း၍ အားခနဲ အော်လိုက်သောအသံ ထွက်လာသည်။ ဒဏ်ရာရထားသော ညာဘက်လက်မောင်းနှင့် လဲကျပုံရသည်။ ဝင်စတန် တုံ့ခနဲ ရပ်သွားသည်။ မိန်းကလေးသည် ကိုယ်ကိုထူ၍ဒူးထောက်လျက်သား။ နို့နှစ်ရောင်ပြောင်းသွားသော မျက်နှာပေါ်မှ ပွင့်ဟနေသော အာခံတွင်းသည် ခါတိုင်းထက် နီရဲ နေသည်။ မိန်းကလေး၏ အကြည့်သည် သူ့ထံမှမခွာ။ တောင်းပန်အသနား ခံသော မျက်လုံးများထဲ နာကျင်မှုထက် အကြောက်တရားက ပိုသည်။

ဝင်စတန့်ရင်ထဲ ဆန်းပြားသောခံစားချက် လှုပ်ခတ်သွားသည်။ သူ့ရှေ့မှောက်တွင် သူ့ကိုသတ်ဖို့ကြိုးစားနေသော သူ့ ရန်သူ။ ထို့ပြင် နာကျင် နေသော လူသားတစ်ဦး။ အရိုးကျိုးခြင်း ကြောင့်ဖြစ်နိုင်သည်။ ထိုလူသားကို ထူမဖို့ သူအလိုလိုနေရင်း ရှေ့တိုးပြီးဖြစ်နေသည်။ ပတ်တီးစည်းထားသော လက်မောင်းနှင့် လဲကျခြင်းဖြစ်သည်ကို တွေ့တွေ့ချင်း သူကိုယ်တိုင် မသက်မသာဖြစ်သွားသည်။

နာသွားလား

"ဘာမှမဖြစ်ဘူး။ လက်မောင်း နာသွားတာပါ။ ခဏနေရင် ကောင်း သွားမှာပါ"

ရင်တလှပ်လှပ်ခုန်နေသောပုံမျိုးဖြင့် မိန်းကလေးစကားပြောသည်။ အမှန်တကယ်လည်း ဖြူရော်ညိုးလျှနေသည်။

အရိုးကျိုးမသွားပါဘူးနော်

ဟင့်အင်း၊ ဘာမှမဖြစ်ဘူး။ ခဏလေး နာသွားတာပါ

လက်အကောင်းတစ်ဖက်ကို မိန်းကလေးက ကမ်းပေး၍ သူ ဆွဲယူထူမသည်။ မိန်းကလေးမျက်နှာ ပြန်လန်းလာသည်။

ဘာမှမဖြစ်ပါဘူး။ လက်ကောက်ဝတ်ရိုက်မိသွားတာ။ ကျေးဇူးပဲနော်၊ ရဲဘော်

ထိုစကားပြောပြီး မိန်းကလေးဆက်လျှောက်သွားသည်။ တကယ်ပဲ ဘာမှမဖြစ်ခဲ့သလို သုတ်သုတ်လျှောက်သည်။ အဖြစ်အပျက်တစ်ခုလုံးသည် မိနစ်ဝက်ထက်မပို။ ခံစားချက်ကို မျက်နှာတွင်ပေါ်မလာအောင် ထိန်းချုပ်ထားခြင်းသည် လိုအပ်သောအကျင့် ဖြစ်သည်။

နှစ်ဦးစလုံး တယ်လီစကင် ရှေ့မှောက်မှာ တည့်တည့်ကြီးရောက်နေကြသည်။ ယာယီအံ့သြသွားရမှုကို မျက်နှာတွင်ပေါ်မလာအောင် ခက်ခက်ခဲခဲချုပ်တည်းထားရသည်။ မိန်း ကလေးကမ်းပေးသောလက်ကို ဆွဲယူထူမလိုက်စဉ်မှာပင် သူ့လက်ဖဝါးထဲ တစ်ခုခုရောက်လာသည်။ မေးနေစရာမလိုတော့။ ဤမိန်းကလေး တမင်သက်သက် ချော်လဲဟန်ဆောင်ခြင်းဖြစ်၏။ ရေအိမ်တံခါးမှဝင်လာစဉ် လက်ကို စိတ်ထဲထည့်ပြီး လက်ထဲမှအပြားလေးကို သူစမ်းကြည့်သည်။ လေးထောင့်ခေါက်ထားသော စာရွက်ပိုင်းလေး။

ဆီးသွားခွက်တွင် သူရပ်နေစဉ် လက်ချောင်းလေးများကို အလုပ် ပေးပြီး စာရွက်ခေါက်လေးကို သူကြိုးစားဖြန့်ယူသည်။ စာရွက်ပေါ်တွင် တစ်ခုခုရေးထားမည်မှာ ရှင်းလင်းပါသည်။ ရေအိမ်ထဲဝင်ပြီး တစ်ခါတည်း ဖွင့်ဖတ်လိုက်ချင်သည်။ အတော့်ကို အသုံးမကျသော လုပ်ရပ်ဖြစ်မှန်း သူသိနေ၍ သာ။ ဘယ်နေရာမှမကျန်အောင် တယ်လီစကင်ကို သူတို့အလွတ်မပေးဘဲ စောင့်ကြည့်နေသည်။

အခန်းကန့်ဆီပြန်လာပြီး ထိုင်ချသည်။ စာရွက်ပိုင်းကို အခြား စာရွက်များလို ပုံမှန်အတိုင်း စားပွဲပေါ်ပစ်တင်၊ မျက်မှန်ကောက်တပ်ပြီး ကရေးစက်ကို အနားဆွဲယူသည်။ “ငါးမိနစ်” ဟု မိမိကိုယ်ကိုပြောထားသည်။ “အလွန်ဆုံး ငါးမိနစ်ပဲ”

ရင်အုံထဲမှ သူ့နှလုံးက တဂျိုင်းဂျိုင်းဆောင့်နေသည်။ ကံကောင်းထောက်မပြီး သူ့တာဝန်သည် အချိန်မှန်လုပ်ရသောအလုပ်များသာ။ ရှည်လျားသောကိန်းဂဏန်းများကို အတည်ပြုပေးရမည်။ စေ့စေ့စပ်စပ်ကြည့်ရသော အလုပ်မပါ။

လက်သိပ်ထိုးပေးလိုက်သော စာရွက်ပိုင်းလေးထဲ ဘာပဲရေးထား ရေးထား နိုင်ငံရေးစကားပဲဖြစ်ရမည်။ သူမြင်နိုင်သရွေ့တော့ ဖြစ်နိုင်ခြေ နှစ်ခု ပဲရှိသည်။ အဖြစ်နိုင်ဆုံးမှာ မိန်းကလေးသည် သူကြောက်သည့်အတိုင်း အတွေးပုလိပ်အေးဂျင့်တစ်ယောက်ဖြစ်မည်။ သို့ဆိုလျှင် အတွေးပုလိပ်များ သည်

သူတို့၏သတင်းလွှာကို အဘယ်ကြောင့် ထိုပုံစံမျိုးသုံးပြီး ပေးပို့ပါလိမ့်။ အင်း၊ သူတို့အကြောင်းနှင့် သူတို့ရှိပါလိမ့်မည်။ စာရွက်ထဲ ရေးထားသော အကြောင်းသည် ခြိမ်းခြောက်ခြင်း၊ ဆင့်ခေါ်ခြင်း၊ မိမိကိုယ်ကိုသတ်သေခွင့်ပေးခြင်း၊ ထောင်ချောက်တစ်မျိုး စသည်တို့ ဖြစ်နိုင်သည်။

သို့သော် သူ့ဦးခေါင်းထဲ ရှုးရှူးမူးမူးဖြစ်နိုင်ခြေတစ်ခု ရှိသေးသည်။ ထိုအတွေးကို ဘယ်လိုမှ နှိပ်ကွပ်၍မရ။ ထိုသတင်းလွှာသည် အတွေးပုလိပ်များမှပေးပို့ခြင်း လုံးဝမဟုတ်ဘဲ မြေအောက်အဖွဲ့အစည်း တစ်ခုခုမှ ပေးပို့ခြင်းဖြစ်နိုင်သည်။ နောက်ဆုံးတွင် ညီနောင်သားရင်း မြေအောက်ကွန်ရက်သည် အမှန်တကယ်ရှိနေပါလိမ့်မည်။ မိန်းကလေးသည် ထိုအထဲမှဖြစ်မည်၊ သူ့အတွေး ရယ်စရာကောင်းမှန်း သိသော်လည်း စာရွက်ပိုင်းလေး လက်ဖဝါးထဲရောက်လာကတည်းက ရုတ်ခြည်းပေါ်လာသော အတွေးဖြစ်သည်။

ဤ သတင်းလွှာသည် သေခြင်းကို ရည်ရွယ်သည်ဟု သူ့ဦးနှောက်က သူ့ကို ပြောနေသည်။ သို့တိုင် သူမယုံ။ အကျိုးအကြောင်းရှင်းပြ၍မရသော မျှော်လင့်ချက်က ရှိမြဲရှိနေသည်။ ဤသို့ဖြင့် သူ့နှလုံးလည်း တဒုန်းဒုန်း ဆောင့်ခုန်နေသည်။ စာရေးစက်ထဲ သူ့ကိန်းဂဏန်းများ ပြောသွင်းနေစဉ် အသံမတုန်အောင် မနည်းကြီး ထိန်းထားရသည်။

ပြီးစီးသွားသောအလုပ်များကိုလိပ်ပြီး လေဖိအားသုံး ပြွန်ထဲထည့်သည်။ ရှစ်မိနစ်တာကုန်လွန်သွားပြီ။ နှာရိုးပေါ်မှမျက်မှန်ကို ပြင်ပြီး သက်မ ကြီးချကာ နောက်ထပ်အလုပ်ကို အထုပ်လိုက်ဆွဲယူသည်။ အထုပ်ပေါ်တွင် စာစောကစာရွက်။ သူ စာရွက်ကို ဖြန့်ကြည့်သည်။ မညီညာသော လက်ရေး ဖြင့် ကြီးကြီးရေးထားသော စာသားမှာ-

ရှင့်ကိုချစ်တယ်။

စက္ကန့်ပေါင်းများစွာ အံ့သြရလွန်း၍ ဤသက်သေခံပစ္စည်းကို မှတ်ဉာဏ်တွင်းထဲ ချက်ချင်းပစ်ချဖို့အရေး သူမေ့နေသည်။ မှတ်ဉာဏ်တွင်းထဲ ပစ်ချခါနီး စာရွက်ပိုင်းပေါ်တွင် ထိုစာလုံးများ ရှိနေသည်မှာ သေချာရဲ့လားဟု သူနောက်တစ်ခေါက်ထပ်ကြည့်သည်။ စိတ်ဝင်စားမှုကိုဖော်ပြခြင်းသည် အန္တရာယ်ဖြစ်မှန်းသူသိသည်။

ကျန်တစ်မနက်ခင်းလုံး အလုပ်လုပ်ရသည်မှာ ခက်ခဲလှဘိသည်။ အသေးအဖွဲအလုပ်များ အပေါ် အာရုံမစိုက်နိုင်ခြင်းထက် ပိုဆိုးသည်မှာ တယ်လီစကရင်ရှေ့တွင် ဒေါသကိုအောင့်အီးထားရခြင်း။ သူ့ဝမ်းထဲမီးတောက်နေသည်ဟု ခံစားရသည်။ လူတွေပြွတ်သိပ်၊ အသံတွေဆူညံနေသော ပူအိုက် အိုက်ကင်တင်းထဲ နေ့လယ်စာလွေးရသည်ကလည်း ညှဉ်းဆဲခံရခြင်း တစ်ရပ်ပင်။

နေ့လယ်စာစားရင်း ခဏတဖြုတ်လောက်တော့ တစ်ကိုယ်တည်း နေ၍ရမလား သူမျှော်လင့်မိ လိုက်သေးသည်။ ကံမကောင်းချင်တော့ သောက်ရူးကောင်ပါဆန်က သူ့ဘေးနားဖြုတ်ခနဲ ရောက်လာသည်။ ပါဆန်၏

ချွေးနံ့က စွပ်ပြုတ်၏အပေါ်စားရနံ့ကိုပင် အလဲထိုးနိုင်တော့ မလောက်ပြင်းသည်။

သူ့ဘေးနားလာထိုင်ပြီး အမုန်းရက်သတ္တပတ်အတွက် ကြိုတင်ပြင်ဆင်ခြင်းအကြောင်း မပြီးနိုင် မစီးနိုင်ပြောနေသည်။ အစ်ကိုကြီး၏ ဦးခေါင်းပုံကို စက္ကူပျော့ ဖတ်ဖြင့်လုပ်ဖို့ အင်မတန် စိတ်ပါလက်ပါ ရှိနေသည့် သူ့သမီး ၏ ထောက်လှမ်းရေးတပ်စိတ်က နှစ်မီတာအကျယ်ရှိသော အစ်ကိုကြီး၏ ဦးခေါင်းပုံကို လုပ်ကြမည်။

သည်းမခံနိုင်စရာအကောင်းဆုံးကိစ္စမှာ ဤမျှပွက်လောရိုက်နေသည့်အသံတွေကြားထဲ ပါဆန် ဘာပြောနေမှန်းမကြားရခြင်းဖြစ်သည်။ အခန်း၏ဟိုဘက်အစွန်တွင် အခြားမိန်းကလေးနှစ်ယောက်နှင့်အတူ ထိုင်နေသော ပိတုန်းရောင်ကေသာ မိန်းကလေး သူ့အားတစ်ချက် လှမ်းကြည့်သည်ကို အမိဖမ်းလိုက်နိုင်သည်။ သူမက သူ့အားမမြင်သလို ဘာသိဘာသာ လုပ်နေ၍ သူကလည်း နောက်ထပ်မကြည့်တော့။

နေ့လယ်စာစားပြီးသည်နှင့် သိမ်မွေ့စွာကိုင်တွယ်ရမည့် ခက်ခက်ခဲခဲ အလုပ်တစ်ခု ရောက်လာသည်။ အခြားကိစ္စများ ဘေးချထားပြီး နာရီပေါင်းများစွာယူရမည့် အလုပ်ဖြစ်သည်။ နှစ်နှစ်စာအတွက် ထုတ်လုပ်မှု အစီရင်ခံစာကို အတုပြုလုပ်ပေးရမည်။ ဗဟိုပါတီတွင်းမှ နာမည်ပျက်နေသော ထင်ရှားသော ပါတီဝင်တစ်ယောက်ကို သိက္ခာချသောလုပ်ရပ်မျိုး ဖြစ်၏။

ထိုနေရာတွင် ဝင်စတန်တို့တော်ပြီးသား။

ပိတုန်းရောင်ကေသာမိန်းကလေးကို သူ့စိတ်အာရုံထဲမှ နှစ်နာရီကျော်ကြာအောင် လုံးလုံးဖျောက်ထားနိုင်ခဲ့သည်။ ထို့နောက်မှ မိန်းကလေး၏ မျက်နှာက မှတ်ဉာဏ်ထဲပေါ်လာသည်။ တစ်ယောက်တည်း နေလိုစိတ်က သည်းမခံနိုင်အောင် ပြင်းပြင်းပြပြ ဖြစ်ပေါ်လာသည်။ တစ်ကိုယ်တည်း သီးသန့်မနေနိုင်ပါက အသစ်ဖြစ်ပေါ်လာမှုကို သူဘာမှ တွေးခေါ်နိုင်မည်မဟုတ်။

ယနေ့ ည အသင်းတိုက်သို့ သွားမည်။ ကင်တင်းတွင် နောက်ထပ် ဖွယ်တယ်တယ်အစာကိုမျိုချပြီး အသင်းတိုက်ဆီ သုတ်ခြေတင်သည်။ ရှုးကြောင်ကြောင် ဆွေးနွေးပွဲတစ်ခုတွင် ဝင်ပါသည်။ စားပွဲတင်တင်းနစ် နှစ်ပွဲ ကစားသည်။ ဂျင်ခွက်အတော်များများကို မော့သည်။ "အင်ဆော့နှင့်စစ်တုရင် ဆက်စပ်မှု' ဟူသော ခေါင်းစဉ်ဖြင့် လက်ချာရိုက်သည်ကို တစ်နာရီခန့် ထိုင် နားထောင်သည်။ သူ့ဝိဉာဉ်ကတော့ ငြီးငွေ့ရလွန်း၍ ပိန်လိန်နေပြီ။ သို့သော် ယနေ့ညအဖို့ အသင်းတိုက်ထဲမှ လစ်ထွက်လိုစိတ် လုံးဝဖြစ်ပေါ်မလာပေ။

'ရှင့်ကို ချစ်တယ်' ဟူသောစာသားလေးကို မြင်ပြီးကတည်းက လူ့ဘဝထဲတွင်နေထိုင်ရှင်သန်ချင်သော ဆန္ဒ လျှံတက်လာခဲ့သည်။

အခန်း ပြန်ရောက်ပြီး အိပ်ရာဝင်ချိန်တွင် နှစ်ဆယ့်သုံးနာရီ မထိုးသေး။ တယ်လီစက်နှင့် ကင်းဝေးရာ အမှောင်ထုထဲ ငြိမ်ငြိမ်ဆိမ်ဆိမ်လေး နေနိုင်သရွေ့ ဘေးကင်းနေဦးမည်။ စိတ်ကို လွှတ်ပြီး တွေးချင်သလောက ်တွေးနေနိုင်သည်။

သူမနှင့်ဆက်သွယ်ပြီး ချိန်းတွေ့ဖို့ဆိုသည်မှာ ကာယကံမြောက် ပြဿနာတစ်ခု ဖြစ်သည်။ သူ့ကို ထောင်ချောက်ဆင်ခြင်းများလားဟူသော ဖြစ်နိုင်ခြေကို သူထည့်သွင်းမစဉ်းစားတော့။ သူ့လက်ထဲ စာထည့်ပေးလိုက်စဉ်က သူမ ရင်တွေပန်းတွေတုန်နေသဖြင့် ထောင်ချောက်မဟုတ်မှန်း သူသိသည်။ ဉာဏ်များခဲ့ခြင်းအတွက် သူမဘာသာ ကြောက်နေခဲ့သည်မှာ သိသာသည်။

သူမ၏ဦးခေါင်းကို လမ်းခင်းကျောက်တုံးဖြင့် ပေါက်သတ်ဖို့ သူတန့်နှံ့စဉ်းစားခဲ့သည်မှာ ငါးညသာရှိသေးသည်။ သို့ရာတွင် ယင်းကိစ္စမှာ ဘာမှ အရေးမကြီးတော့။ အိပ်မက်ထဲ၌တွေ့ခဲ့ရသော သူမ၏ ငယ်ရွယ်နုပျို သည့် လုံးတီးခန္ဓာကိုယ်ကို မြင်ယောင်နေသည်။

ယခင်ကတော့ ဤမိန်းကလေး ကို အခြားလူများလို အရူးဟုထင်ခဲ့ဖူးသည်။ သူမ ဦးခေါင်းထဲ မုသားနှင့်အမုန်း များ ပြည့်သိပ်နေပြီး သူမ၏ ဝမ်းထဲ ရေခဲတုံးသာရှိလိမ့်မည်ဟု ထင်ခဲ့သည်။

သူမကို လက်လွတ်ဆုံးရှုံးရတော့မလားဟု တွေးမိသည်နှင့် အကြောက်တရားက သူ့ကို လာညှစ်ထားသည်။ ဖြူဖြူ ဖွေးဖွေး ခန္ဓာကိုယ်လေးသည် သူ့လက်ထဲမှ လျှောခနဲလွတ်ထွက်သွား လေမလား။ သူ့ဘက်က လက်မြန်ခြေမြန် ပြန်မဆက်သွယ်၍ မိန်းကလေးစိတ်ပြောင်းသွားမှာကို ပိုပူရသည်။ သို့ရာတွင် လူချင်းတွေ့ဖို့ဆိုသည်မှာ အခက်အခဲက မသေးလှ။ မိမိရှုံးနေပြီဖြစ်သော စစ်တုရင်ပွဲတွင် တစ်ကွက်ရွှေ့ဖို့ ကြိုးစားနေရခြင်းနှင့်တူသည်။ ဘယ်ဘက်ကိုပဲလှည့်လှည့် တယ်လီစကင်က မျက်နှာချင်းဆိုင်တွင်ရှိသည်။

အမှန်မှာ စာရွက်ပိုင်းလေးဖတ်ပြီး ငါးမိနစ်အတွင်းမှာပင် မိန်းကလေးနှင့် ဆက် သွယ်ဖို့ ဖြစ်နိုင်သမျှ နည်းလမ်းတွေ သူ့ခေါင်းထဲ ပေါ်လာခဲ့ပြီးဖြစ်သည်။ ယခုမူ စဉ်းစားဖို့အချိန်ရပြီဖြစ်၍ စားပွဲပေါ် ကိရိယာတန်ဆာပလာများ တစ်ခု ချင်းစီတင်သလို သူတစ်ခုချင်းစီ စဉ်းစားယူသည်။

ယနေ့မနက်ကတွေ့ဆုံပုံမျိုး နောက်တစ်ခေါက်ဖန်တီး၍ မဖြစ်နိုင် သည်ကတော့ ရှင်းလင်းပါသည်။ အကယ်၍သာ မိန်းကလေးသည် မှတ်တမ်း ဌာနတွင်တာဝန်ကျပါက အများကြီးလွယ်ကူ သွားမည်။ ခုတော့ မိန်းကလေး တာဝန်ကျသော ဝတ္ထုဌာနသည် ဘယ်နားရှိမှန်း သူမသိ။ ယောင်ဝါးဝါးဖြစ်နေသည်။

ထိုဌာနကို သွားစရာအကြောင်းပြချက်လည်း မရှိ။ မိန်းကလေး၏နေရပ် နှင့် အလုပ်ဆင်းချိန်ကို သူသိပါက အိမ်အပြန်လမ်းတွင် သွားစောင့်နေနိုင်သည်။ အိမ်အထိလိုက်သွားဖို့ကမူ စိတ်မချရ။

ဝန်ကြီးဌာနအပြင်ဘက်တွင် ယောင်လည်လည်လုပ်နေခြင်းသဘော သက်ရောက်သွားမည်။ သတိထားမိခြင်း ခံရဖို့များသည်။ စာတိုက်မှစာပို့ဖို့ဆိုသည်မှာ မေးစရာမလိုသောကိစ္စဖြစ်သည်။

အားလုံးသောစာများကို ဖောက်ဖတ်ကြသည်။ အမှန်မှာ စာရေးကြသူ မရှိသလောက် နည်းသည်။ အချိန်အခါအလျောက် ပို့သရသော

စာများအတွက်ဆိုလျှင် ပို့စ်ကဒ်များရှိသည်။ ပို့စ်ကဒ်ပေါ်တွင် စာတန်းရှည်ကြီးများ အသင့် ရိုက်ထားပြီးဖြစ်ရာ မဆီမဆိုင်ပို့စ်ကဒ်တစ်ခု ရွေးပို့လိုက်ရုံပင်။ မည်သို့ဆိုစေ မိန်းကလေး၏လိပ်စာကို အသာထား၊ အမည်ကိုပင် သူမသိသေး။

နောက်ဆုံးတွင် ကင်တင်းသည်သာ ဘေးအန္တရာယ်အကင်းဆုံးဟု သူ ဆုံးဖြတ်ချက်ချသည်။ အခန်းအလယ်လောက်တွင် သူမတစ်ယောက်တည်းရှိနေစဉ် တယ်လီစက်လည်း နီးနီးနားနား ရှိမနေဘူးဆိုလျှင် သူမရှိရာဆီ သူချဉ်းကပ်မည်။ ဝန်းကျင် အသံများကလည်း ဆူညံနေမည်။ ထိုအခြေအနေ မျိုးပေးပါက စက္ကန့်သုံးဆယ်လောက်ဆိုလျှင်ကိုပဲ အပြန်အလှန်စကားပြော၍ ရနိုင်သည်။

နောက်တစ်ပတ်လုံးလုံး ဘဝဟူသည် အနားမရနိုင်သော အိပ်မက် ဖြစ်နေသည်။ နောက်တစ်နေ့တွင် ဝင်စတန်သည် ဝီစီမှုတ်သည်ထိ စောင့်နေခဲ့သည်။ သူမ ကင်တင်းထဲ ဆင်းမလာချေ။ သူမ အဆိုင်း ပြောင်းထားပုံရသည်။ နောက်နေ့တွင် သူမသည် ကင်တင်းထဲသို့ ခါတိုင်း အချိန်ဆင်းလာသည်။ သို့သော် အခြားမိန်းကလေးသုံးဦးနှင့်အတူ တယ်လီစက်အောက် တည့်တည့် ရောက်နေသည်။ နောက်ထပ်သုံးရက် ဆက်တိုက် ကင်တင်းထဲပေါ်မလာ။

ဝင်စတန် စိတ်ရောလူရော အထိမခံနိုင်လောက်အောင် သောက ရောက်လာသည်။ လှုပ်ရှားမှုဟူသမျှ၊ အသံဟူသမျှ၊ ထိတွေ့မှုဟူသမျှ၊ စကား လုံးဟူသမျှ - ဘာမှခံသာဖွယ်မရှိ။ အိပ်ပျော် နေစဉ်မှာပင် သူမ၏ ပုံရိပ်မှ မလွတ်နိုင်။ ခုတစ်လောရက်တွေအတွင်း ဒိုင်ယာရီကို သူ တို့ပင်မတို့၊ ခံသာစရာရှိခဲ့လျှင် ထိုခံသာစရာသည် သူ့အလုပ်ထဲမှာပဲရှိသည်။ တစ်ခါတရံ ဆယ်မိနစ်ခန့် သူ့ကိုယ်သူမေ့ထားနိုင်သည်။

သူမ ဘာများဖြစ်နေသလဲ သိနိုင်စရာသဲလွန်စတစ်ခု တစ်လေပင် မရှိ။ သူလုပ်နိုင်သော စုံစမ်းမှုမျိုးလည်းမရှိ။ သူမ အငွေ့ပြန်သွားတာပဲဖြစ်မည်။ သတ်သေခြင်းလည်း ဖြစ်နိုင်သည်။ အဆိုးဆုံးနှင့်ဖြစ်နိုင်စရာအရှိဆုံးမှာ သူမ စိတ်ပြောင်းပြီး သူ့ကိုရှောင်ဖို့ဆုံးဖြတ်လိုက်ခြင်းပင်။

နောက်တစ်နေ့တွင် သူမ ပေါ်လာသည်။ လက်မောင်းသိုင်းကြိုး မရှိတော့။ လက်ကောက်ဝတ်တွင် ပလာစတာကပ်ထားသည်။ မျှော်နေသူကို တွေ့လိုက်ရ၍ သူ့စိတ်ထဲပေါ့ပါးသွားရသည်။

ဘယ်လိုမှဟန်မဆောင်နိုင်ဘဲ သူမကို စက္ကန့်ပေါင်းများစွာ စိုက်ကြည့်နေမိသည်။ နောက်တစ်နေ့တွင် သူမနှင့် စကားပြောဖြစ်ဖို့ နည်းနည်းလေးသာလိုတော့သည်။ ကင်တင်းထဲ သူဝင်လာသောအခါ သူမက နံရံနှင့်ခပ်ဝေးဝေးစားပွဲတွင် တစ်ကိုယ်တည်း ထိုင်နေသည်။

အချိန်ကလည်း စောနေသေး၍ လူတွေ ပြည့်ကျပ်မနေသေး။ လူတန်းထဲဝင်တန်းစီစဉ် သူ့ရှေ့မှ လူတစ်ယောက်သည် ဆေးသကြားပြားမရ၍ ပွက်လောရိုက်နေရာ နှစ်မိနစ်ခန့် အချိန်ပုပ်သွားသည်။ လင်ပန်းကို သူလွတ်လွတ်ကျွတ်ကျွတ် သယ်ထုတ်လာနိုင်ချိန်တွင် သူမသည်

တစ်ယောက်ထဲရှိနေဆဲ။

ပုံမှန်အတိုင်းသူမဆီလျှောက်လာရင်း သူမနောက်ဘက်စားပွဲတွင် နေရာလွတ်ရှိမရှိ မျက်လုံးများက ရှာလာသည်။ သူမထံရောက်ဖို့ သုံးမီတာသာ လိုတော့သည်။ နောက်နှစ်စက္ကန့်လောက်ဆိုလျှင် အဆင်ပြေပြီ။

ထိုစဉ် သူ့နောက်မှ "စမစ်သ်" ဟူသောခေါ်သံကို ကြားရသည်။ မကြားယောင်ဆောင်သေးသော်လည်း "စမစ်" ဟုကျယ် ကျယ်ထပ်ခေါ်နေ၍ မလွှဲသာတော့။ လှည့်ကြည့်ရပြီ။ မျက်နှာပုပ်ပုပ်၊ ဆံပင်ရွှေဝါရောင်နှင့် ဝီရာ ဟုခေါ်သော အမျိုးသားတစ်ဦး သူ့ကိုအပြုံးလေးဖြင့် ဖိတ်ခေါ်နေသည်။ ဟုခေါ် သေကောင်းကောင်း ဝိရာကို သူကောင်းကောင်း မသိ။ ငြင်းလိုက်လျှင် အန္တရာယ်မကင်း။ အဖိတ် ခေါ်ခံရပြီဆိုမှတော့ မဖိတ်ခေါ်သည့် သူမ၏စားပွဲတွင် သူမထိုင်နိုင်တော့။ သိသာလွန်းသွားမည်။ ဝီရာ့စားပွဲတွင် ခင်ခင်မင်မင် အပြုံးဖြင့် သူ ဝင်ထိုင်သည်။ ရွှေဝါရောင်မျက်နှာသည် သူ့ကို ပြုံးပြုံးကြီးကြည့်နေသည်။ ပေါက်ဆိန် တစ်လက်ဖြင့် ထိုမျက်နှာ၏အလယ်တည့်တည့်ကို ပေါက်ပစ်ချင်သောစိတ် သူ့တွင် ဖြစ်လာသည်။ မိနစ်ပိုင်းအတွင်း သူမ၏စားပွဲ၌ လူပြည့်သွားသည်။

သူမသည် သူမထံလာနေသောသူ့ကို မြင်ပါလိမ့်မည်။ နောက်တစ်နေ့တွင် ကင်တင်းထဲ စောစောရောက်ဖို့ သူဂရုစိုက်သည်။ မနေ့က ထိုင်ခဲ့သောနေရာနားတွင် တစ်ကိုယ်တော် ထိုင်နေသော သူမကို တွေ့သည်။ လူတန်းထဲ ဝင်စတန့်ရှေ့မှ စုတ်ချွန်းချွန်းငနဲသည် လူကောင်သေးသေးနှင့် ပျာယီးပျာယာနိုင်သည်။ လင်ပန်းမပြီး ကောင်တာမှ ဝင်စတန်ခွာလာရာ ထိုပုဂ္ဂိုလ်သည် သူမ၏စားပွဲဆီ တည့်တည့်ကြီးသွားနေသည်။ ဝင်စတန့် စိတ်ခေတ်များ မြေကြီးထိုးဆင်းရပြီ။ ခပ်လှမ်းလှမ်းတွင် စားပွဲအလွတ် တစ်လုံး ရှိသော်လည်း သကောင့်သားက သူမ၏ စားပွဲဆီကိုသာ ရှေ့ရှုနေသည်။ နှလုံး သွေးများ ရေခဲရေဖြစ်သွားသော ဝင်စတန့်သည် နောက်မှလိုက်လာရသည်။ သူမတစ်ယောက်တည်း ရှိမနေဘူးဆိုလျှင် သူမအနား ဝင်စတန် ချဉ်းကပ်နိုင်လည်း အလကားပင်။

ထိုစဉ် ဝရုန်းသုန်းကားပြိုလဲသံနှင့်အတူ ရှေ့မှသွားနေသောစုတ်ချွန်းချွန်းငနဲ ကြမ်းပေါ် လေးဖက်ထောက်လျက်သားကျပြီး လင်ပန်းက လေထဲဝဲပျံသွားကာ အသားပြုတ်ရည်နှင့်ကော်ဖီရည်၊ အရည်စီးကြောင်းနှစ်ခု ကြမ်း ပေါ်ရွှဲသွားသည်။ ငနဲသည် ဝင်စတန့်အား သူ့ကို ခြေထိုးခံသည်ဟု သံသယ ဖြင့် ရန်ငြိုးသိုစွာကြည့်သည်။

သို့သော် ကိစ္စမရှိ။ နောက်ငါးစက္ကန့်အကြာတွင် ဝင်စတန်သည် ရင်တဒိုင်းဒိုင်းခုန်လျက် သူမ၏စားပွဲတွင် အစေ့သား ထိုင်နေမိပြီ။ သူမကို သူမကြည့်။ လင်ပန်းထဲမှအစာကိုသာ ကောက်ဝါးသည်။

ဘယ်သူမှ သတိမထားမိခင် ချက်ချင်းစကားပြောဖို့ အရေးကြီးမှန်း သူသိလျက် ယခုတော့ သူကြောက်ဒူးတုန်ပြီး စကားမဟရဲ။ သူမ သူ့ကိုချဉ်းကပ်ခဲ့

သည်မှာ တစ်ပတ်ကြာခဲ့ပြီဖြစ်ရာ စိတ်ပြောင်းသွားလောက်သည်။

စိတ်ပြောင်း နေလောက်ပြီ။ ယခုချစ်ရေးချစ်ရာကိစ္စမှာ အောင်မြင်ဖို့ အလားအလာမရှိပါ။ တကယ့်ဘဝထဲ ထိုအဖြစ်မျိုးမရှိ။ ထိုအခိုက်ကလေးတွင် အင်ပယ်ဖို့ဆိုသော အမွေးထူကဗျာဆရာကို သူ မတွေ့မိပါက ဖျစ်ညှစ်ပြီး စကားသွန်ထွက်လာဖို့ မဖြစ်နိုင်။ လင်ပန်းလေးတကိုင်ကိုင်နှင့် ထိုင်စရာနေရာလွတ်ရှာနေသော အင်ပယ်ဖို့သည် ဝင်စတန့်ကိုသာ မြင်ပါက သူဘေးနားလာ ထိုင်မည်မုချဟု ဝင်စတန်သိနေသည်။ လှုပ်ရှားဖို့ တစ်မိနစ်သာလိုမည်။

မိန်းကလေးရော ဝင်စတန်ရော ခပ်မှန်မှန်စားနေဆဲ။ စားနေသော ဟင်းသည် ဗိုလ်စားပဲကိုပြုတ်ထားသည့် ကျဲတောက်တောက် ဟင်းရည်။ တကယ်တော့ စွပ်ပြုတ်ဖြစ်၏။ ဝင်စတန် တိုးတိုးကလေးစကား စပြောသည်။ တစ်ယောက်ကိုတစ်ယောက် မော့မကြည့်။ ရေလိုကျဲသောအရည်များအား ခံတွင်းထဲ မှန်မှန်သွင်းရင်း အသံအတက်အကျမရှိဘဲ လိုရင်းကိုသာပြောကြသည်။

“ဘယ်အချိန်အလုပ်ဆင်းလဲ”

“ဆယ့်ရှစ်နာရီခွဲ”

“တို့ ဘယ်မှာတွေ့နိုင်မလဲ”

“ဗစ်ထရီရင်ပြင်၊ ကျောက်တိုင်နားမှာ”

“တယ်လီစကင်တွေ ဒီလောက်များတာ”

“လူများရင် အရေးမကြီးပါဘူး”

"အချက်ပြဖို့လိုသေးလား''

“ဟင့်အင်း၊ လူအုပ်တွေကြားထဲ ကျွန်မရောက်သွားမှလာ။ ပြီးတော့ မကြည့်နဲ့။ မသိမသာကပ်ပြီးလိုက်လာပေါ့”

“ဘယ်အချိန်လဲ”

“ဆယ့်ကိုးနာရီ”

“ကောင်းပြီ”

အင်ပယ်ဖို့သည် ဝင်စတန်ကို မမြင်ဘဲ အခြားစားပွဲတွင် ထိုင်သည်။ ဝင်စတန်တို့ စကားထပ်မပြောကြ။ တစ်ယောက်ကို တစ်ယောက် မကြည့်ကြ။ သူမမြန်မြန်စားပြီး နေရာမှထွက်သွားစဉ် ဝင်စတန်ကတော့ စီးကရက် သောက်ကျန်ရစ်သည်။

ဝင်စတန်သည် ဗစ်ထရီရင်ပြင်သို့ ချိန်းထားသောအချိန်ထက် စောပြီးရောက်နေသည်။ ရောမကျောက်တိုင်ကြီး၏အခြေတွင် ဝင်စတန် ယောင်လည်လည်လုပ်နေသည်။ တိုင်ထိပ်တွင် အစ်ကိုကြီးရုပ်တု။ ယူရေးရှန်း နိုင်ငံ၏လေယာဉ်များကို ချေမှုန်းသုတ်သင်ခဲ့ရာ တောင်အရပ်ဆီမော့ကြည့် နေသော အစ်ကိုကြီး၏ ရုပ်တု။ (လွန်ခဲ့သောနှစ်အနည်းငယ်ကဆိုလျှင် အီစတာရှားနိုင်ငံ၏ လေယာဉ်များကို သုတ်သင်ခဲ့ခြင်းဖြစ်၏) ကျောက်တိုင် ရှေ့မှလမ်းမပေါ်တွင်

အိုလီဗာခရွမ်ဝဲကို ကိုယ်စားပြုသော မြင်းစီးရုပ်တုရှိသည်။

ငါးမိနစ်လွန်သွားချိန်ထိ သူမရောက်မလာသေး။ ဝင်စတန် ကြောက်စိတ်ဝင်လာပြန်သည်။ သူမ မလာတော့။ စိတ်ပြောင်းသွားပြီ။ သူသည် ရင်ပြင်၏ မြောက်ဘက်ဆီ ဖြည်းဖြည်းလျှောက်ကာ စိန့်မာတင် ဘုရားကျောင်းကို မျှော်ငေးရသည်။ ခေါင်းလောင်းတွေရှိစဉ်က "မင်းငါ့ကို ကြွေးတင်တာ သုံးဖာသင်' ဟုသံစုံကျူးခဲ့သောကျောင်း။ ထိုစဉ် သူမကို သူတွေ့လိုက်ပါပြီ။ သူမသည် ကျောက်တိုင်နားတွင်ရပ်ပြီး ကျောက်တိုင်ပေါ် ခရုပတ်ရေးထိုးထားသော စာများကို ဖတ်နေသည်။ သို့မဟုတ် ဖတ်ချင်ဟန်ဆောင်နေသည်။

လူသိပ်မများခင် မိန်းကလေးအနားသွားဖို့ဆိုသည်မှာ အန္တရာယ်သိပ်မကင်း။

မျက်နှာစာအပြည့် တယ်လီစကရင်များရှိနေသည်။ ထိုစဉ် ဝေါခနဲအသံများနှင့် အတူ လေးပင်သော ယာဉ်များ လက်ဝဲဘက်အခြမ်းမှဝင်လာသည်။ ရုတ်တရက် လူတိုင်း ရင်ပြင်ကို ဖြတ်ပြေးလာကြသလို ထင်ရသည်။ ကျောက်တိုင်အခြေ ခြင်္သေ့ရုပ်ကြီးများနားမှ သူမသည်လည်း လူအုပ်ထဲ ဝင်ရောသည်။ ဝင်စတန်က နောက်မှလိုက်သည်။ ဝင်စတန်ပြေးနေရင်း တစ်စွန်းတစကြားလိုက်ရသည်မှာ ယူရေးရှန်း သုံ့ပန်းများပါသော စစ်ယာဉ် တန်းဖြတ်မောင်းနေခြင်းဖြစ်၏။

ရင်ပြင်၏တောင်ဘက်ခြမ်းတွင် လူအုပ်ကြီးကျပ်သိပ်နေပြီ။ ရုတ်ရုတ်သဲသဲဖြစ်ရခြင်း၊ တွန်းရတိုက်ရခြင်း စသောအမှုများတွင် ဝင်စတန် သည် ပုံမှန်အတိုင်းဆိုလျှင် အပြင်နှုတ်ခမ်းသားလေးတွင် နေတတ်သူ ဖြစ်သည်။ သိပ်မကြာခင်သူမသည် သူမနှင့်လက်တစ်ကမ်းအကွာ သို့ရောက် သွားခဲ့သော်လည်း ပစ္စည်းမဲ့လူများ အုပ်လိုက်ကြီးပိတ်ဆီးနေသည်။ မိန်းမအုပ် ကြီးသည်လည်း ထိုနည်းလည်းကောင်း။ သူမဆီရောက်ဖို့ အသားတံတိုင်းကြီး ကာထားသလိုဖြစ်ရာ ထိုးဖောက်ဝင်ရောက်ဖို့မလွယ်။ ဝင်စတန်သည် ခန္ဓာကိုယ်ကို တွန့်လိမ်ပြီး ပခုံးကြီးကိုအတင်းကာရောသွင်းသည်။ အားကောင်းမောင်းသန်တင်ပါးကြီးတွေအကြား သူ့ကလီစာတွေ ပျော့ပြဲမွကြေပြီး မြေကြီးပေါ် ဖတ်ခနဲကျသွားတော့မလားဟု ထင်မိလိုက်သေးသည်။ ထို့နောက်မှ လူအုပ်ကိုခွဲ၍ သူမဆီ ချဉ်းကပ်လာနိုင်ခဲ့သည်။ ချွေးနည်းနည်းတော့စို့သည်။ နှစ်ဦးလုံး ပခုံးချင်းယှဉ်လျက်သား ရှေ့ကိုသာ မျက်လုံးအသေထားပြီး ကြည့်နေကြသည်။

ရှည်လျားသောထရပ်ကားယာဉ်တန်းကြီး။ စက်သေနတ်ကိုယ်စီနှင့် အစောင့်များ ထောင့်တိုင်းတွင်မတ်မတ်ရပ်လျက် တရွေ့ရွေ့ပါသွားသည်။ စုတ်တီးစုတ်ပြတ် အစိမ်းရောင်ယူနီဖောင်းဝတ် လူဝါများ ထရပ်ကားထဲ ဆောင့်ကြောင့်ထိုင်၍ ပါလာသည်။ ညှိုးလျှနေသော ၎င်းတို့၏မွန်ဂိုမျက်နှာများ အပြင်ကိုငေးမောနေသော်လည်း စိတ်ဝင်စားမှုလုံးဝမရှိ။ ထရပ်ကား ဆောင့်ခုန်လိုက်တိုင်း သတ္တုသံ ထွက်လာသည်။ သုံ့ပန်းအားလုံးကို ခြေထိတ် ခတ်ထား၏။ ညှိုးရော်သောမျက်နှာများ ကားစီးလုံးတိုက် တစ်စီးပြီး

တစ်စီးလွန်သွားကြသည်။

သူမ၏ပခုံးနှင့် ညာဘက်လက်မောင်းတံတောင် ဆစ်အထိဝင်စတန်နှင့်အသားချင်းထိနေသည်။ နီးစပ်လွန်းသော သူမ၏ပါးပြင်ကြောင့် အပူငွေ့ကိုပင် သူခံစားရနေသည်။ ကင်တင်းထဲတွေ့တုန်းကလိုပင် သူမသည် ပေးလာသော အခြေအနေကို ချက်ချင်းအသုံးချသည်။ အတက်အကျမရှိသော လေသံဖြင့် နှုတ်ခမ်းလှုပ်ရုံကလေး စကားစလာသည်။ လူသံကားသံ တဝေါဝေါညံနေသည့်ကြားထဲ သူမအသံလေးမြုပ်နေသည်။

"ပြောတာကြားလား"

"အင်း"

"တနင်္ဂနွေနေ့ညနေ ထွက်ခဲ့မလား"

"အင်း"

"ဒါဆို သေချာနားထောင်။ မမေ့စေနဲ့။ ပက်ဒင်တန်ဘူတာရုံကိုသွား"

သူမက ဝင်စတန်သွားရမည့်လမ်းကို စစ်ရေးဆိုးဖြတ်ချက်ချသည့် လေမျိုးဖြင့် ပြောသွား၍ ဝင်စတန်အံ့သြနေရသည်။ မီးရထားဖြင့် နာရီဝက် သွားရမည်။ ဘူတာရုံအပြင်ကိုရောက်လျှင် ဘယ်ဘက်ချိုး၊ လမ်းအတိုင်း နှစ် ကီလိုမီတာလျှောက်လျှင် ထိပ်ဆုံးဘားတန်းပြုတ်နေသော ဂိတ်တံခါးကိုရောက်မည်။ ထို့နောက် ကွင်းပြင်၊ ထို့နောက် မြက်ထူလမ်း၊ ချုံကြားထဲမှလမ်း၊ ထို့နောက် ရေညှိတက်နေသော သစ်ခြောက်ပင်။ သူမခေါင်းထဲမြေပုံထည့် ထားသလား အောက်မေ့ရ၏။

"အားလုံးမှတ်မိရဲ့လား"

"အင်း"

"ဘယ်ဘက်ကိုချိုး၊ ပြီးရင်ညာဘက်ချိုး၊ ပြီးမှဘယ်ဘက် ပြန်ချိုး၊ ဂိတ်တံခါးက အပေါ်ဘားတန်းမရှိဘူး"

"ဟုတ်ပြီ။ ဘယ်အချိန်လဲ"

"ဆယ့်ငါးနာရီလောက်။ ရှင်စောင့်ရမယ်။ ကျွန်မက တခြားလမ်းကလာမှာ။ အားလုံးမှတ်မိတာ သေချာရဲ့လား"

"အင်း "

"ဒါဆို ကျွန်မနားကမြန်မြန်ခွာတော့"

တကယ်တော့ ထိုစကားကို သူမပြောစရာမလို။ လောလောဆယ် လူအုပ်ကြောင့် သူတို့ လူချင်း ခွဲမရသေး။ ယာဉ်တန်းသည်လည်း သွားနေဆဲ။ လူအုပ်သည်လည်း ပါးစပ်ဟောင်း လောင်းကြည့်နေဆဲ။ မတင်းတိမ်နိုင်သေး။ ပထမတော့ သရော်သံ အော်သံများကြားရသေးသည်။ လူအုပ်ထဲမှ ပါတီဝင်တို့သာ အော်ခြင်းဖြစ်ပြီး မကြာခင် ရပ်သွား၏။ လူအုပ်ကို လွှမ်းမိုးထားသော စိတ်အခြေအနေမှာ တကယ်တော့ စပ်စုလိုစိတ်သာဖြစ်သည်။

ယူရေးရှားသား ဖြစ်ဖြစ်၊ အိစကားရှားသားဖြစ်ဖြစ်၊ နိုင်ငံခြားသားဆိုလျှင် အဆန်းအပြား သတ္တဝါတစ်မျိုးဖြစ်နေသည်။ နိုင်ငံခြားသားကို အကျဉ်းသား ပုံစံမျိုးမှလွဲ၍ တိုက်ရိုက်မမြင်ရနိုင်။ စစ်ရာဇဝတ်ကောင်အဖြစ် ကြိုးပေးခံရသော အကျဉ်းသားအချို့မှလွဲ၍ ကျန်နိုင်ငံခြားသား အကျဉ်းသားများ ဘာဖြစ်ကုန်သနည်းကို ဘယ်သူမှမသိကြ။ လုံးဝပျောက်သွားကြ အလုပ်ကြမ်းစခန်းအပို့ ခံရသည်ဟု ယူဆရသည်။

မွန်ဂိုမျက်နှာဝိုင်းဝိုင်းများလွန်သွားပြီး မုတ်ဆိတ်ဗရပျစ် ညစ်ထပ် ထပ်ဥရောပမျက်နှာများကို တွေ့လာရသည်။ ငေါတောတောပါးရိုးအထက်မှ မျက်လုံးများက ဝင်စတန့်မျက်လုံးထဲ လာကြည့်ကြသည်။ တစ်ခါတရံ စူးရှစွာ ကြည့်ပြီးမှ လွဲဖယ်သွားသည်။ စစ်ယာဉ်တန်းကုန်သွားချေပြီ။ နောက်ဆုံး ထရပ်ကားပေါ်တွင် ခေါင်း ဖြူစုတ်ဖွားအဘိုးကြီး မတ်တတ်ရပ်လျက်လိုက်ပါ သွားသည်။ လက်ကောက်ဝတ်နှစ်ဖက်ကို ကြက်ခြေခတ်ထားပုံမှာ ကျင့်သားရပြီးသား ပုံစံမျိုးဖြစ်၏။ ဝင်စတန်နှင့်သူမ လူချင်းခွဲဖို့အချိန်တန်ပြီ။ သို့သော် နောက်ဆုံးအချိန်ကလေးတွင် သူမ၏လက်က သူ့လက်ကို လာဖျစ်သည်။

ဆယ်စက္ကန့်လောက်ပင် မရှိသည့်အချိန်ကလေး။ သို့ရာတွင် အကြာကြီး လက်တွဲခဲ့ကြသည်ဟု ထင်ရသည်။ သူမလက်ဖဝါးအသေးစိတ် တိုင်းကို သူ လေ့လာ၍ရသွားသည်။ လက်ချောင်းသွယ်သွယ်၊ ပုံကျသောလက် သည်း၊ အလုပ်လုပ်လွန်း၍ အသားမာတက်နေသော လက်ဖဝါး၊ လက် ကောက်ဝတ်အောက်မှ နူးညံ့သောအသား။ ထိတွေ့ရုံသက်သက်နှင့် မျက်စိထဲကွင်းကွင်းကွက်ကွက် မြင်လာရသည်။

သူမ၏မျက်လုံးအရောင်ကို မသိပါကလားဟု သူ ဖျပ်ခနဲတွေးလိုက်မိသည်။ အညိုဖြစ်နိုင်သည်။ သို့သော် ဆံပင် မည်းသော အချို့လူများ မျက်လုံးပြာတတ်ကြသည်။ သူမဘက် လှည့်ကြည့်လိုက်လျှင် မိုက်မဲရာကျဦးမည်။ လူအုပ်ကြီးကြားထဲ လက်ချင်းတွဲလျက်သား ရှေ့ကိုသာကြည့်နေကြစဉ် သူမ၏ မျက်လုံးများအစား အကျဉ်းသား အဘိုးကြီး၏ ကြေကွဲသောမျက်လုံးများက ဆံပင်စုတ်ဖွားကြားထဲမှနေ၍ ဝင်စတန့်ကို ကြည့်နေလေသည်။

နေပြောက်ထိုးသောလမ်းအတိုင်း ဝင်စတန်လျှောက်လာခဲ့တော့ ကိုင်းခက်ကိုင်းလက်များ ကွဲဟသွားသည့်နေရာတိုင်း နေခြည်စာဥပြောက်လေးများကိုင်းလက်များ ရွှေရောင်ဝင်းနေသည်။ ဘယ်ဘက်ခြမ်းသည်ခေါင်းလောင်းပြာပန်းများဖြင့် ပြာရီမှိုင်းသောမြေပြင်။ လေထုသည် ဆွတ်ပျံ့လျက်။ ယနေ့သည် မေလ ၂ ရက်နေ့။ တောနက်တွင်းတစ်နေရာရာမှချိုးလည်ပြောက်လေးများ၏ကူသံ လွင့်လာသည်။

ဝင်စတန် နည်းနည်းစောသွားသည်။ ခရီးစဉ်တစ်လျှောက် အခက်အခဲမရှိခဲ့။ သူမအတွေ့အကြုံရှိပြီးသည်မှာ သေချာလွန်း၍ ဝင်စတန် အကြောက်ပြေသွားသည်။ လုံခြုံစိတ်ချသောနေရာအတွက် သူမကို အားကိုး၍ရနိုင်ပါသည်။ လန်ဒန်မြို့ပြင်သည် ဝန်ဒန်မြို့ပြင်သည် မြို့တွင်းထက်အန္တရာယ်ကင်းသည်ဟုယေဘုယျသဘော ယူဆ၍မရ။ မြို့ပြင်တွင် တယ်လီစက်မရှိသော်ငြားလျှို့ဝှက်တပ်ဆင်ထားသောမိုက်ခွက်များကြောင့် သင့်အသံကိုမှတ်မိသွားနိုင်သည်။ ရည်ရွယ်ချက်မရှိဘဲ တစ်ကိုယ်တော်ခရီးထွက်ဖို့ဆိုသည် မှာလည်း မလွယ်။ ကီလိုမီတာတစ်ရာအတွင်းခ တာတစ်ရာအတွင်းဆိုလျှင် မှတ်ပုံတင်ပြစရာမလို။

သို့သော် မီးရထားဘူတာရုံများတွင် လှည့်ကင်းများရှိနေတတ်ပြီးတွေ့သမျှပါတီဝင်တိုင်းထံမှ စာရွက်စာတမ်းများ တောင်းယူစစ်ဆေးကြသည်။ ကတ်သီးကတ်သတ်မေးခွန်းများဖြင့် နှိပ်စက်ကြသည်။ မည်သို့ဆိုစေ သူကတော့လှည့်ကင်းမတိုးခဲ့။

ဘူတာရုံမှထွက်လာကတည်းက နောက်ယောင်ခံလိုက်သူ ရှိမရှိကိုသူသတိထားခဲ့သည်။ မီးရထားတွဲထဲတွင် ပစ္စည်းမဲ့များပြည့်နေသည်။ နွေရာသီပီပြင်လာခဲ့သော ရာသီဥတုကြောင့် စိတ်တွေလည်းလန်းနေကြသည်။ ဝင်စတန်စီးခဲ့သောတွဲထဲ၌ မိသားစုတစ်စုတည်းနှင့် တွဲလျှံသွားသည်။ သွားမရှိသောအဘွားအိုကြီးမှသည် လသားလေး အထိပါဝင်သော ထိုမိသားစု သည်တောဘက်မှဆွေမျိုးများဆီ အလည်သွားကြမည်။ မှောင်ခိုဈေးမှထောပတ်လေးလည်း ဝယ်ကြမည်။

လမ်းကျယ်လာပြီး မိနစ်ပိုင်းအတွင်း မိန်းကလေးပြောထားသည့်အတိုင်းလူသွားလမ်းကိုတွေ့ရသည်။ ချုံပင်တွေကြားထဲမှ ကျွဲနွားတိရစ္ဆာန်များသွားလမ်းကလေးသာ ဖြစ်၏။ သူ့တွင်လက်ပတ်နာရီမပါသော်လည်းဆယ့်ငါးနာရီမထိုးနိုင်သေးဟု သိနေသည်။ ခေါင်းလောင်းပြာပန်းချုံများတူသိပ်လွန်း၍မနင်းဘဲ လမ်းသွား၍ မဖြစ်နိုင်။ သူဒူးထောက်ပြီး ပန်းခူးသည်။ အချိန်ဖြုန်းခြင်း တစ်စိတ်တစ်ပိုင်းပါသည်။ သူမကို ပန်းစည်းလက်ဆောင်ပေးရကောင်းမလားဟူသော အတွေးတစ်စိတ်တစ်ပိုင်းပါသည်။ ယခု ပင်ပန်းတွေတစ်ပွေ့ကြီးရပြီ။ သင်းပျံ့ပျံ့ရနံ့လေးကို ရှူရှိုက်လိုက်စဉ်မှာပင် နောက်ဘက်မှ

အသံကြောင့် သူတောင့်သွားသည်။ ကိုင်းခြောက်ကျိုးသံ။ သူပန်းဆက်ခူးနေသည်။ သူ့နောက်မှလူသည် သူမဖြစ်ဖြစ်၊ သူ့ကို နောက်ယောင်ခံလိုက်သူပဲ ဖြစ်ဖြစ်၊ ပန်းဆက်ခူးနေခြင်းသည်သာ အကောင်းဆုံးဖြစ်၏။ လှည့်ကြည့်ခြင်း သည် ရာဇဝတ်မှု။ တစ်ခိုင်ပြီးတစ်ခိုင် ပန်းတွေခူးနေစဉ် သူ့ပခုံးပေါ် လက် တစ်ဖက်ရောက်လာသည်။

မော့ကြည့်လိုက်တော့ သူမက သူ့ကို တိတ်တိတ်နေဖို့ သတိပေးသည့် အနေနှင့် ခေါင်းခါပြသည်။ ထို့နောက် ချုံပင်တွေကြားထဲမှ လမ်းကျဉ်းလေး အတိုင်း သစ်တောထဲ ခပ်သုတ်သုတ်ဝင်သွားသည်။ ဗွက်အိုင်ကိုရှောင်ကွင်း သွားပုံသည် သွားဖူးနေကျလမ်းဖြစ်မှန်း သိသာသည်။ ဝင်စတန်က နောက်မှလိုက်သည်။ လက်ထဲကပန်းစည်းကို မလွှတ်သေး။ သူ့ပထမဆုံးခံစားချက်မှာပေါ့ပါးသွားခြင်း ဖြစ်၏။ သို့သော် သူ့ရှေ့မှသွားနေသော သွယ်လျလျ ခန္ဓာကိုယ်ကိုကြည့်ရင်း၊ ကိုယ်လုံးအလှပေါ်ရုံလောက် ခပ်တင်းတင်းဆွဲချည်ထားသော ခရမ်းရောင်ခါးစည်းကိုကြည့်ရင်း အငုံ့စိတ်က သူ့အပေါ် လေးပင်စွာ ဖိစီးလာသည်။

သူကိုယ်တိုင်ကတော့ စုတ်ချာလှသည်။ ယခုပင် သူမသည် သူ့ကို လှည့်ကြည့်မိလိုက်ပါက ချက်ချင်းနောက်ဆုတ်သွားတော့မည်။ သင်းချိုနေသောလေထု၊ စိမ်းလတ်နေသော သစ်ရွက်များ။ ဘူတာရုံမှထွက်ပြီး၏ နေရောင်ခြည်အောက် လမ်းလျှောက်လာစဉ်ကတည်းက သူ့ကိုယ်သူ ညစ်တီးညစ်ပတ်နှင့် ဖျော့တော့ကျုံလှီသော အခန်းအောင်း သတ္တဝါလို ခံစားခဲ့ရသည်။ လန်ဒန်၏ကျပ်ခိုးများက သူ့အရေပြားပေါ်မှ ချွေးပေါက်တွေထဲ အထိ စိမ့်ဝင်စွဲထင်နေခဲ့သည်။ ယခုမှတွေးမိသည်။ သူမသည် သူ့ကို နေ့ အလင်းရောင်အောက် လင်းလင်းကျင်းကျင်းထဲ မမြင်ဖူးသေး။

သူမပြောထားသော လဲကျနေသည့်သစ်ပင်ကြီးဆီ ရောက်လာသည်။ သူမသည် သစ်ပင်လုံးကို လွှားခနဲခုန်လိုက်ပြီး ဂျုံပင်ကို ဖြဲ၍ ဝင်သွားသည်။ ထိုနေရာတွင် ဝင်ပေါက်ရှိ လိမ့်မည်ဟုမထင်ရ။ သူမနောက်သို့ ဝင်စတန်လိုက်သွားသော် သဘာဝအတိုင်းဖြစ်နေသော တောရှင်းကွက်လပ်လေးကို တွေ့သည်။ မြက်ထူထူတောင်ပူစာလေးကို ရှည်သွယ်သွယ်ပင်ပျိုလေးများ ပိတ် ဆီးဝန်းရံထားသော တောရှင်း ကွက်လပ်လေး။

မိန်းကလေးအသွားရပ်ပြီး လှည့်ကြည့်သည်။

"ရောက်ပြီ"

ဝင်စတန်သည် မိန်းကလေးနှင့်မျက်နှာချင်းဆိုင် မလှမ်းမကမ်းကို ရောက်နေပြီဖြစ်လျက် ရှေ့ဆက်မတိုးရဲ။

"လမ်းမှာတုန်းက ကျွန်မစကားမပြောချင်ဘူး။ မိုက်ခွက်ရှိ နေမှာစိုး လို့။ ရှိမယ်လို့တော့ မထင်ပါဘူး။ ဒါပေမယ့် ရှိချင်လည်း ရှိနိုင်တာပဲ။ ရှင့် အသံကိုအယုတ်တမာကောင်တစ်ကောင်ကောင်က မှတ်မိသွားနိုင်တယ်။ ဒီမှာ ကတော့ အိုကေပဲ"

ခုချိန်ထိ သူမနား သူမချဉ်းကပ်ရဲသေး။

"ဒီမှာအိုကေပဲလား" ဟု သူသံယောင်လိုက်သည်။

"ဒါပေါ့။ သစ်ပင်တွေကိုကြည့်လေ။ မိုက်ခွက်တပ်လို့ရအောင် ကြီးကြီးမားမားဘာပင်မှ မရှိဘူး။ ပြီးတော့ ဒီနေရာကို အရင်ကကျွန်မ ရောက်ဖူးတယ်"

ခုတ်ချထားခံရသော သစ်ပင်များ ယခုမှပြန်ပေါက်ကာစ ရှိသေးရာ ဘယ်အပင်မှလက်ကောက်ဝတ်ထက် ပိုမကြီး။

ဝင်စတန်တို့ စကားပြောနေခြင်းသာဖြစ်သည်။ ဝင်စတန်သည် သူမအနားတိုးသွားသည်။ သူမသည် သူ့ရှေ့တွင် မတ်မတ်ရပ်နေသည်။ မျက်နှာပေါ်ဝယ် သရော်လိုရိပ်စွက်သော အပြုံး တစ်စ။ နေးလှချည်လား၊ ဘာကြောင့်များလဲဟု တွေးနေဟန်ရှိသည်။ ဝင်စတန့်လက်ထဲမှ ခေါင်းလောင်းပြာပန်းများ မြေပြင်ပေါ် သက်ဆင်းသွားသည်။ ကေန္တ သူတို့ဘာသာ ကြွေသွားခြင်းဖြစ်နိုင်သည်။ သူမလက်ကို ဝင်စတန်ဆွဲယူသည်။ သူမ၏ မျက်လုံးများသည် အညိုပါကလားဟု သူ မှတ်သားလိုက်သည်။ မျက်ဆံညို ညို၊ မျက်တောင်မှောင်မှောင်။

"ကိုယ်ပြောရင်ယုံမှာလား။ ခုချိန်ထိ မင်းရဲ့မျက်လုံးအရောင်ကို မသိဘူးကွာ။ ကိုယ့်ပုံစံကတော့ မြင်တဲ့အတိုင်းပဲ။ သည်းခံနိုင်ရဲ့လား" "ဒါပေါ့။ လွယ်လွယ်လေး"

"ကိုယ်က သုံးဆယ့်ကိုးနှစ်ရှိပြီ။ မိန်းမရှိတယ်။ ကွာလို့မရဘူး။ ခြေထောက်မှာ သွေးကြောထုံးနာရှိတယ်။ သွားတုငါးချောင်း တပ်ထားရတယ်"

"ကျွန်မ ဂရုမစိုက်ပါဘူး"

တစ်အောင့်အကြာတွင် ဘယ်သူ့ကြောင့်လဲမသိ၊ သူ့လက်မောင်း ကြားထဲ မိန်းကလေးရောက်နေသည်။ ပထမတော့ သူ့တွင် မယုံကြည်နိုင်ခြင်းခံစားချက်သက်သက်သာ ရှိသည်။ နုပျိုသော ခန္ဓာကိုယ်လေးသည် သူ့ ရင်ခွင်ထဲတောင့်နေသည်။ မဟူရာကေသာများ မျက်နှာပေါ် လွှမ်းနေသော်လည်း မျက်နှာကိုမော့ပေးလိုက်၍ သူနမ်းသည်။ သူမက သူ့လည်ပင်းကို ဖက်ထားသည်။ "ဒါလင်" "အချစ်တုံးလေး" စသဖြင့် သူ့ကိုခေါ်နေသည်။

မိန်းကလေးကို မြေပြင်ပေါ်သူဆွဲလှဲချလိုက်သော် မိန်းကလေးကမရုန်း၊ သူကြိုက်သလိုလုပ်၍ရနိုင်သည်။ သို့သော် အမှန်တရားမှာ သူ့ဘက်က ဆန္ဒခန်းခြောက်နေသည်။ ထိတွေ့လိုခြင်းမှလွဲ၍ သူ့တွင် ဘာဆန္ဒမှ မရှိ၊ မယုံကြည်နိုင်ခြင်းနှင့် တယ်ဟုတ်တဲ့ငါပါလားဟု သွေးနားထင်ရောက်ခြင်းသာရှိသည်။ ရုပ်ပိုင်းဆိုင်ရာဆန္ဒအတွက်ကမူ စောလွန်း၍ပဲလား၊ သူမ၏ နုပျိုလှပမှုက သူ့ကိုခြိမ်းခြောက်ထားနိုင်၍ပဲလား၊ တစ်ကိုယ်ရေတစ်ကာယဘဝကို သူကျင့်သားရနေခြင်းကြောင့်လား၊ အကြောင်းရင်းကို သူကိုယ်တိုင် မသိ။ မိန်းကလေးသည် ထထိုင်ပြီး ဆံပင်ထဲမှ ခေါင်းလောင်းပြာပန်းကို ဆွဲဖြုတ်သည်။ သူ့ခါးကိုဖက်ပြီး သူ့ကိုမှီထိုင်နေသည်။

“ကိစ္စမရှိဘူးနော်။ လောစရာမလိုဘူး။ တနေ့ခင်းလုံး အားတာပဲဟာ။ ဒီနေရာလေး ဟန်မကျဘူးလား။ စုပေါင်းလမ်းလျှောက်ပွဲတုန်းက ကျွန်မ ဒီနားမှာ လမ်းပျောက်သွားတာ။ တစ်ယောက်ယောက်လာနေပြီဆိုရင် မီတာတစ်ရာလောက်ကနေကြားတယ်”

“နာမည်ဘယ်လိုခေါ်လဲ”

“ဂျူလီယာ၊ ရှင့်နာမည် ကျွန်မသိပါတယ်နော်။ ဝင်စတန်၊ ဝင်စတန် စမစ်သ်”

“ဘယ်လိုသိသွားတာလဲ”

“ရှာဖွေတွေ့ရှိတဲ့နေရာမှာ ကျွန်မက တော်လို့ပေါ့။ ပြောပါဦး။ ရှင့်ကို စာမပေးခင်က ကျွန်မကို ဘယ်လိုထင်ထားလဲ”

လိမ်ဖို့ညာဖို့လိုအပ်သည်ဟု သူမထင်။ အဆိုးဆုံးကို ပြောခြင်းသည် တစ်နည်းအားဖြင့် မေတ္တာခရီးစတင်ခြင်းဖြစ်သည်။

“မင်းကိုတွေ့တာနဲ့မုန်းတယ်။ မုဒိမ်းကျင့်ပြီး သတ်ပစ်ချင်တာ။ လွန်ခဲ့တဲ့နှစ်ပတ်ကဆိုရင် မင်းခေါင်းကိုလမ်းခင်းကျောက်တုံးနဲ့ ပေါက်သတ်မို့ အလေးအနက်ကိုစဉ်းစားခဲ့သေးတယ်။ သိချင်ရင် ပြောပြရသေးတာပေါ့။ အတွေးပုလိပ်နဲ့ မင်းပတ်သက်နေမယ်လို့ ကိုယ်ထင်တယ်”

သူမ ဝမ်းသာအားရရယ်သည်။ သူမ၏ တစ်ဖက်ကမ်းခတ် ဟန်ဆောင်နိုင်စွမ်းကို ချီးမွမ်းသည်ဟု ယူဆနေသည်။

“ပုလိပ်ဘက်က မဟုတ်ပါဘူးနော်။ တကယ်ထင်ခဲ့လို့လား”

“အတိအကျတော့မဟုတ်ဘူး။ ဒါပေမယ့် မင်းရဲ့ပုံစံက- ဘယ်လိုပြောရမလဲ။ ငယ်တယ်၊ လန်းတယ်၊ ကျန်းမာတယ်၊ မင်းနားလည်ပါတယ်။ ဒီတော့ထင်မိတာပေါ့။ ရဲများလားလို့”

“ကျွန်မကို ပါတီဝင်ကောင်းတစ်ယောက်လို့ ထင်ခဲ့တယ်ပေါ့။ စကားလုံးတွေ လုပ်ရပ်တွေ သန့်စင်နေတယ်။ အလံရယ်၊ စီတန်းလှည့်လည်တာရယ်၊ ဆောင်ပုဒ်တွေရယ်၊ ကစားပွဲတွေရယ်၊ စုပေါင်းလမ်းလျှောက်ပွဲတွေ ရယ်၊ ဒါမျိုးတွေပေါ့လေ၊ ဒီလိုနဲ့ပဲ ကျွန်မကရှင့်ကို ရဲလက်ထဲအပ်ပြီး သေ အောင်သတ်ခိုင်းတော့မယ်။ ဒီလိုလား”

“အင်း၊ အဲဒီလိုမျိုးပဲ။ မိန်းကလေးငယ်ငယ်ရွယ်ရွယ်တွေ ဒီလိုချည်း

“ဒါကြီးကြောင့်ပေါ့” ဟုဆိုကာ ဂျူလီယာသည် ခါးတွင် ပတ်ထားသော သက်ငယ်တန်းလိင်ဆန့်ကျင်ရေးအသင်း၏ ကြက်သွေးရောင် ခါးစည်းကြိုးကို ဆွဲဖြုတ်ကာ သစ်ကိုင်းပေါ်ပစ်တင်လိုက်သည်။ ခါးကို ကိုင်လိုက်တော့ တစ်ခုခုကိုသတိရသွားသလို အပေါ်ရုံအင်္ကျီအိတ်ထဲနှိုက်ကာ ချောကလက် ပြားလေးထုတ်သည်။ ချောကလက်ပြားကို ထက်ပိုင်းချိုးပြီး ဝင်စတန့်အား တစ်ဝက်ပေးသည်။ ဝင်စတန်လှမ်းမယူခင်ကတည်းက အနံ့ကြောင့် သာမန်ချောကလက် မဟုတ်မှန်းသိလိုက်သည်။ ငွေမင်စက္ကူပတ်ထားသော ချောက

လက်သည် မဲပြောင်နေသည်။ ပုံမှန်ချောကလက်သည် ညိုညစ်ညစ်နှင့် တတ်နိုင်သလောက်နီးစပ်အောင် ပြောရမည်ဆိုလျှင် အမှိုက်မီးရှို့ရာမှ ထွက်လာ သည့် အနံ့နှင့်တူသည်။ တစ်ခါတလေတော့လည်း ဂျူလီယာပေးသည့် ချောကလက်မျိုး သူစားရဖူးသည်။ ချောကလက်၏ ရနံ့လေးကို ဦးဆုံး တစ်ချက် ရှူရှိုက်လိုက်စဉ်မှာပင် သတိရစရာအချို့က လှုပ်လှုပ်ရွရွနှင့် နိုးထလာသည်။ အားကောင်းကောင်းနှင့် ဒုက္ခပေးနိုင်သော ထိုသတိရစရာများကို သူ ဘယ်လိုမှ နှိပ်ကွပ်၍မရ။

“ဘယ်ကရတာလဲ”

“မှောင်ခိုဈေးကပေါ့” ဟု ဂျူလီယာက ဘာမှမဖြစ်သလို ဖြေသည်။

“ကျွန်မက အဲဒီလိုမျိုးပဲ။ ကျွန်မက အားကစားမှာတော်တယ် ထောက်လှမ်းရေးမှာဆိုရင် အုပ်စုခေါင်းဆောင်။ သက်ငယ်တန်းလိင်ဆန့်ကျင်ရေးအသင်းအတွက် တစ်ပတ်ကိုသုံးရက် အပျော်တမ်း လုပ်အားပေးတယ်။ စီတန်းလှည့်လည်ပွဲမှာဆိုရင် နဖူးစည်း စာတန်းတစ်ဖက်ကို ကျွန်မကိုင်တာ၊ ကျွန်မက အမြဲပျော်ပျော်နေတယ်။ ဘာကိုမှ ခေါင်းမရှောင်ဘူး။ လူအုပ်နဲ့အတူ အော်တယ်။ ဒါဟာအကောင်းဖို့အတွက် တစ်ခုတည်းသောနည်းလမ်းပဲ”

ချောကလက်သည် ဝင်စတန့်လျှာထဲပျော်ဝင်သွားသည်။ အရသာက နှစ်သက်စရာ။

“ဂျူလီယာ ငယ်သေးတာပဲ။ မင်းက ကိုယ့်ထက် ဆယ်နှစ် ဆယ့်ငါးနှစ်လောက်ငယ်မယ်။ ကိုယ့်လိုကောင်မျိုး ဘာကြိုက်စရာရှိလဲဗျာ”

“မျက်နှာပေါ်မှာ ရှိတာပေါ့။ အပြင်လူတစ်ယောက်ကို ရှာတဲ့နေရာမှာ ကျွန်မကတော်ပြီးသား။ ရှင့်ကိုမြင်တာနဲ့ သူတို့နဲ့ ဆန့်ကျင်ဘက်ဆိုတာ သိလိုက်ပြီ”

“သူတို့” ဆိုသည်မှာ ပါတီကိုဆိုလိုဟန်တူသည်။ အထူးသဖြင့် ဗဟို ပါတီ။ ဂျူလီယာက မုန်းတီးစက်ဆုပ်စွာ ပျစ်ပျစ်နှစ်နှစ် လှောင်သရော်လေ၊ ဝင်စတန် နေရထိုင်ရခက်လေ။ ဂျူလီယာနှင့် ပတ်သက်ပြီး ဝင်စတန် အံ့သြရသည်မှာ ဂျူလီယာ နှုတ်ကြမ်းလျှာကြမ်းနိုင်ခြင်းဖြစ်သည်။ ပါတီဝင်များ မကျိန်ဆဲရ။ ဝင်စတန်လည်း ဘယ်တုန်းကမှ အသံထွက်ပြီး မကျိန်ဆဲခဲ့။ ဂျူလီယာ ကတော့ ပါတီအကြောင်းပြောသည်နှင့်၊ အထူးသဖြင့်ဗဟိုပါတီအကြောင်း စကားဟလိုက်သည်နှင့် ဖရုဿဝါစာများထွက်လာသည်။ ဝင်စတန် မကြိုက်ခြင်းတော့လည်းမဟုတ်။ ပါတီနှင့်ပါတီ၏ အလုံးစုံသော နည်းလမ်းများကို အာခံခြင်း၏ လက္ခဏာတစ်ရပ်သာဖြစ်လေရာ တစ်နည်းနည်းဖြင့် သဘာဝကျနေသည်။ ကျန်းမာနေသည်။ မကောင်းသောကောက်ရိုးကို နမ်းမိသော မြင်းတစ်ကောင်လို နှာချေထုတ်ခြင်းဖြစ်၏။

တောရှင်းကွက်လပ်လေးမှ သူတို့ ထွက်လာခဲ့ကြသည်။ ရင်ဘောင်တန်း၍လျှောက်နိုင်အောင် ကျယ်သောနေရာတိုင်း တစ်ယောက်ခါး တစ်ယောက်ဖက်ပြီး လျှောက်ကြသည်။ ခါးစည်းမရှိတော့သည့် ဂျူလီယာ့ခါးကလေးက ပိုနူးအိနေသည်ကို ဝင်စတန် သတိထားမိသည်။

နှစ်ယောက်သား လေသံလေးမျှဖြင့်စကားပြောသည်။
တောရှင်းကွက်လပ်၏အပြင်ဘက်တွင် စကားမပြောခြင်းက ပိုကောင်းသည်ဟု ဂျူလီယာဆိုသည်။ မကြာခင် သစ် တောအစပ်ကို ရောက်လာသည်။

"အပြင်ကိုမထွက်နဲ့။ စောင့်ကြည့်နေတဲ့လူရှိနိုင်တယ်။ သစ်ကိုင်းတွေနောက်မှာပဲ နေရင်ရပြီ"

ဟေဇယ်ပင်ချုံဖုတ်၏အရိပ်အောက်တွင် ဝင်စတန်တို့တတွေ ရပ် နေသည်။ ရွက်သိပ်စိပ်စိပ်များကြားမှ ဖြာကျနေသော နေရောင်ခြည်သည် သူတို့ မျက်နှာပေါ်နွေးလျက်။ ကွင်း၏အလွန်ကို ဝင်စတန်မျှော်ကြည့်လိုက်သော် မှတ်မိခြင်းလှိုင်းလုံးက ဖြည်းဖြည်းသာသာရိုက်ပုတ်လာသည်။ ဤအရပ်ကို သူမြင်ဖူးသည်။

စားကျက်ကွင်းဟောင်း၊ ကွင်းထဲမှ ကွေ့ကွေ့လည်လည် လူသွားလမ်းဖုံဖုံလေး။ ဟိုတစ်ခုသည်တစ်ခု တောင်ပို့များ။ မျက်နှာချင်းဆိုင်မှ ထိုးထိုးထောင် ထောင် ချုံပင်စည်းရိုးထဲ သစ်ပင်ကြီးတို့၏ ခက်မများ လေအသွဲ့တွင် တနွဲ့နွဲ့ နှင့်ညွတ်ပွဲနေသည်။ မိန်းမပျို၏အုံကောင်းသောဆံပင်များ လှုပ်ယိမ်းသွားသလို ထူထူသိပ်သိပ်ရွက်စိပ်များ ယိမ်းခတ်သွားသည်။ အနီးဝန်းကျင်တွင် မြင်ကွင်းကွယ်နေသော ရေစီးနှေးသည့် စမ်းချောင်းကလေး။ မိုးမခရိပ်တို့ အုပ်မိုးနေသော စမ်းရေအိုင်များထဲ ငါးခုံးမများ မြူးလျက်။ ဤအရပ်မဟုတ်ပါလော။

"ဒီနားဝန်းကျင်မှာ စမ်းချောင်းရှိတယ်မဟုတ်လား" ဟု သူလေသံနှင့် မေးကြည့်သည်။

"ဟုတ်တယ်၊ စမ်းချောင်းရှိတယ်။ ကွင်းပြင်ရဲ့ဟိုဘက်အစပ်နားမှာ။ စမ်းထဲမှာငါးတွေမှ အကြီးကြီးပဲ။ မိုးမခပင်အောက်မှာဆိုရင် ငါးတွေအမြီးလေးတလှုပ်လှုပ်နဲ့ ဝပ်နေကြတာများ။ သွားကြည့်လို့တောင်ရတယ်"

"ဒါရွှေနိုင်ငံပဲ" ဟု ဝင်စတန်ရေရွတ်သည်။

"ရွှေနိုင်ငံ၊ ဟုတ်လား"

"ဘာမှမဟုတ်ပါဘူး။ တကယ်ပြောတာ။ ဒီရှုခင်းမျိုး အိပ်မက်ထဲမှာ မြင်ဖူးလို့"

"ဟော၊ ကြည့်စမ်း" ဟု ဂျူလီယာတိုးတိုးပြောသည်။
မြေလူးငှက်ကလေးတစ်ကောင် သစ်ကိုင်းပေါ်လာနားသည်။ သူတို့နှင့် ငါးမီတာပင်မကွာ။ သူတို့မျက်နှာနှင့် တစ်တန်းတည်း လာနားနေခြင်းမှာ သူတို့ကိုမမြင်၍ပဲလား။ ငှက်ကလေးကသည် နေရောင်ထဲမှာ။ သူတို့က နေရိပ်ထဲမှာ။ ငှက်ကလေးအတောင်ကိုဖွပြီး အမွေးကိုသသည်။ နေမင်းကြီးကို အရိုအသေပေးသည့်အလား တောင်ပံတွေကြားထဲ ဦးခေါင်းလေးဝှက်ထားလိုက်သေးသည်။ ထို့နောက်မှ ငှက်တို့၏တေးကို အပိုင်ဟဲသည်။ ငြိမ်တိတ်နေသော နွေလယ်ခင်းထဲ

ငှက်ကလေး၏တီတီတျာတျာတေးသည် လွင့်၍ နေသည်။ ဝင်စတန်နှင့်ဂျူလီယာ တစ်ဦးကိုတစ်ဦးဖက်တွယ်ယစ်မူးနေသည်၊ မွေးရာပါ ပါရမီကိုပဲ ထုတ်ဖော်ကြွားဝါနေရှော့သလား၊ ငှက်ကလေးသည် အိုလောက် စရာတေးသွားအမျိုးမျိုးကို သံစဉ်လုံးဝမထပ်စေဘဲ မိနစ်ပေါင်းများစွာ ကျူးရင့်ကြွေးကြော်နေသည်။ တစ်ခါတရံစက္ကန့်ပိုင်းမျှ သီချင်းအဆို ရပ်ပြီး အတောင်ပံကိုကားထုတ်သည်။ အတောင်ပြန်သိမ်းသည်။ ထို့နောက် အစက်အပြောက်ပါသောရင်အုပ်လေး ဖောင်းကြွလာအောင် အမွေးတွေဖွပြီး တေးတကြော်ကြော်ဟစ်ပြန်သည်။

ငှက်ကလေးကိုကြည့်ရင်း လေးစားသလိုလိုဖြစ်လာသည်။ ငှက် ကလေး တေးသီနေသည်၊ ဘယ်သူ့အတွက်လဲ၊ ဘာအတွက်လဲ။ မိတ်ဘက် လည်းမရှိ၊ ပြိုင်ဘက်လည်းမရှိ။ တောအုံကနား ဤနေရာ ဤသစ်ပင်ထက် ဘာမှမရှိသောမရှိခြင်းထဲ သူ့သီချင်းတွေ သွန်လောင်းနေသည်။

ဤနေရာတစ်ဝိုက် မိုက်ခွက်များရှိနေလေသလား။ သူနှင့် ဂျူလီယာ၏လေသံစကားကို ထိုမိုက်ခွက်က မဖမ်းယူနိုင်သော်လည်း မြေလူးငှက်၏တေး ကို ဖမ်းယူနိုင်လိမ့်မည်။ ထိုကိရိယာ၏တခြား တစ်ဖက်တွင် စုတ်ချွန်းချွန်းငနဲတစ်ကောင် နားကိုတအားစွင့်ချင် လည်းစွင့်ထားနိုင်သည်။ သို့ရာတွင် ငှက် ကလေး၏တေးအလျှင်သည် ဝင်စတန် စိတ်ထဲမှ မှန်းဆချက်များကို ဖယ်ရှား လိုက်သည်။ ဝင်စတန့်တစ်ကိုယ်လုံးကို အရည်တစ်မျိုးဖြင့် လောင်းချကာ သစ်ရွက်အကြိုအကြားမှယိုဆင်းနေသော နေခြည်များနှင့် သမပေးလိုက်သလို ရှိသည်။ဝင်စတန် ဘာမှဆက်မတွေးဘဲ ရသကိုသာ ခံစားနေသည်။ သူ့ လက်မောင်းကွေးထဲမှ သူမ၏ခါးသည် နွေးနွေးထွေးထွေးနူးနူးညံ့ညံ့။ ဆွဲဖက် လိုက်တော့ ရင်ချင်းအပ်မိလျက်သား။ သူမကိုယ်လုံးလေးက သူ့ရင်ခွင်ထဲ အရည်ပျော်ကျတော့မလို။ မျက်နှာချင်းခွာပြီး နှစ်ဦးလုံး သက်ပြင်းရှိုက်လိုက် ချိန်တွင် ငှက်ကလေးက တောင်ပံတဖျပ်ဖျပ်နှင့် လန့်ဖျပ်ပျံပြေးသွားသည်။

ဂျူလီယာ့နားဝနားကပ်ပြီး “အခုနော်” ဟု ဝင်စတန်ပြောသည်။

“ဒီမှာမဟုတ်ဘူး။ စောစောကနေရာပြန်သွားမယ်။ ဟိုမှာ ပိုလုံခြုံတယ်" ဂျူလီယာက လေသံဖြင့်ပင် ပြန်ပြောလိုက်သည်။ စောစောကမြေကွက်လပ်ဆီ မြန်မြန်ပြန်လာကြသည်။ ပတ်လည်ရံနေသော ပင်ပျိုများ၏အတွင်းကိုရောက်သည်နှင့် ဂျူလီယာ သူ့ဘက်လှည့်လာသည်။ နှစ်ဦးလုံးအသက်ရှူနှုန်းမြန်နေသည်။ သူမ နှုတ်ခမ်းထောင့်စွန်းပေါ် အပြုံးပြန်ရောက်လာပြီ။ သူ့ကိုခဏ ရပ်ကြည့်နေပြီးမှ အပေါ်ရုံအင်္ကျီ၏ ဇစ်ကိုစမ်းသည်။ ထို့နောက်တွင်မတော့ သူ့အိပ်မက်ထဲကအတိုင်း။ သူတွေးထားခဲ့သလောက် အမြန်ဆုံးနှုန်းဖြင့် ဂျူလီယာအဝတ်အစားချွတ်သည်။ အဝတ်အစားများကို သူမ တစ်ချက်တည်းဆွဲဖယ် လွှင့်ပစ်လိုက်ပုံမှာ ယဉ်ကျေးမှုတစ်ခုလုံးကို အမြစ်ပြတ်ချေမှုန်းလိုက်သလို ခန့်ညားလှသည်။ သူမ၏

ခန္ဓာကိုယ်သည် နေရောင်အောက်တွင် ဖြူဝင်းနေသည်။ တကယ်တော့

ဝင်စတန်၏မျက်လုံးများသည် သူမ၏ ခန္ဓာကိုယ်ပေါ်မှာမရှိဘဲ မျက်နှာပေါ်မှာသာ ရှိနေသည်။ မှဲ့ခြောက်ပြွမ်းသောမျက်နှာပေါ်မှ ရဲတင်းသော အပြုံးငွေ့ငွေ့ပေါ် ဝင်စတန့်မျက်လုံးများ ကျောက်ချထားသည်။ ဝင်စတန် ဒူးထောက်ပြီး ဂျူလီယာ့လက်နှစ်ဖက်ကို ဆွဲယူသည်။

"အရင်က ဒါမျိုးလုပ်ဖူးသလား"

"ဒါပေါ့၊ အကြိမ်ပေါင်းရာချီတယ်"

"ပါတီဝင်တွေနဲ့လား"

"ဟုတ်တယ်၊ အမြဲတမ်းပါတီဝင်ချည်းပဲ"

"ဗဟိုပါတီဝင်တွေလား"

"အဲဒီဝက်တွေတော့ မဟုတ်ဘူး။ ဒါပေမယ့် သူတို့ကိုသာ အခွင့်အရေးပေးမယ်ဆိုရင် ပါလာမယ့်လူချည်းပဲ။ သူတို့က သူတို့ ပုံဖမ်းထားသလိုဒီလောက်ကြီး ဖြူစင်သန့်ရှင်းနေတာမျိုး မဟုတ်ဘူး"

ဝင်စတန် နှလုံးခုန်မှားသွားသည်။ အကြိမ်ပေါင်းရာချီသည်ဟု ဂျူလီယာပြောသည်။ သူကလည်း ရာထောင်ချီနေစေချင်သည်။ စာရိတ္တ ပျက်စီးခြင်းအကြောင်းကြားရလျှင် ရှူးရှူးမူးမူးမျှော်လင့်ချက်များ သူ့ထံ လျှံကျလာသလို ခံစားရသည်။ ဘယ်သူသိနိုင်မည်နည်း။ ပါတီသည် အပေါ်ယံ မျက်နှာပြင်အောက်ဝယ် လှိုက်စားနေနိုင်သည်။ ပါတီ၏ကျင့်ထုံးများဖြစ်သော အားသွန်ခွန်စိုက်ရှိခြင်း၊ မိမိကိုယ်ကို ငြင်းဆိုထားခြင်းစသည်တို့သည် ဆိုးယုတ်မှုကို ဖုံးကွယ်ထားသော အရေခြုံများဖြစ်နေနိုင်သည်။ ပါတီတွင်းမှ လူအားလုံး ကာလသားရောဂါ၊ နူနာရောဂါများရအောင် သူကသာဖြန့်ဝေ ပေးနိုင်လျှင် ပျော်စရာကြီးဖြစ်တော့မည်။ ပါတီပုပ်ဆွေးအောင်၊ အားလျော့ အောင်၊ အောက်ခြေလှိုက်စားအောင် ဘာပဲဖြစ်ဖြစ် သူလုပ်နိုင်ချင်သည်။

ဂျူလီယာ့ကို သူဆွဲချ၍ နှစ်ယောက်သားဒူးထောက်နေသည်။

"နားထောင်နော်၊ မင်း ယောကျ်ားများများယူလေ ငါပိုချစ်လေပဲ။ အဲဒါ နားလည်လား"

"ကောင်းကောင်းကြီးကိုနားလည်တာ"

"သန့်စင်မှုကို ငါမုန်းတယ်။ ကောင်းတာတွေကိုမုန်းတယ်။ ကိုယ်ကျင့်သိက္ခာဆိုတာကို ဘယ်နေရာမှ ရှိမနေစေချင်ဘူး။ လူတိုင်းလူတိုင်း အရိုးထဲထိ ပျက်စီးနေတာမျိုးကိုပဲ ငါလိုချင်တယ်"

"ဒါဆို ကျွန်မက ရှင်နဲ့အံကိုက်ပဲ။ ကျွန်မက အရိုးထိအောင် ပျက်စီးနေတဲ့လူ"

"ဒါမျိုးကို မင်းကြိုက်တယ်ပေါ့။ ငါပြောတာက ငါနဲ့လို့ ပြောတာ မဟုတ်ဘူး။ ဒီလိုကိစ္စမျိုးကိုပြောတာ"

"ကျွန်မက ဒါမျိုးကိုမြတ်နိုးတာ"

သူကြားချင်သောစကားထက်ပင် ပိုပြီးနားကြောစိမ့်စရာ ဖြစ်နေသည်။ လူကိုချစ်ခြင်းသက်သက်တင်မဟုတ်၊ တိရစ္ဆာန် ပါရှိနေသည်။ ချေးမများတတ်သော ထိုတိရစ္ဆာန်စိတ်သည် ပါတီကို အစိတ်စိတ်အမွှာမွှာ ပြိုကွဲစေနိုင်သောအားတစ်ခုဖြစ်သည်။ ဂျူလီယာ့ကို သူမြက်ခင်းပေါ် ဆွဲလှဲသည်။ သည်တစ်ကြိမ် သူ့ဘက်က အခက်အခဲမရှိတော့။ မကြာခင် သူတို့ နှစ်ဦး ရင်ခုန်နှုန်းပုံမှန်ဖြစ်သွားကာ လူချင်းခွာသည်။ ပူပြင်းလာသော နေရောင်အောက်တွင် နှစ်ဦးလုံး အိပ်ငိုက်နေသည်။ သူသည် လွှင့်ပစ်ထား သော အပေါ်ရုံအင်္ကျီကို လှမ်းဆွဲပြီး ဂျူလီယာ့ပေါ်ခြုံပေးသည်။ နှစ်ဦးလုံး ချက်ချင်း နာရီဝက်ခန့် အိပ်မောကျ သွားသည်။

ဝင်စတန် အလျင်နိုးပြီးထထိုင်သည်။ လက်ဖဝါးခေါင်းအုံးကာ ငြိမ်းချမ်းစွာအိပ်မောကျနေသော မှဲ့ခြောက်မျက်နှာကို သူကြည့်နေသည်။ ပါးစပ်မှလွဲလျှင် ထိုမျက်နှာကို လှသည်ဟု ပြော၍မရ။ အနီးကပ်ကြည့်ပါက မျက်လုံးပတ်လည်တွင် အရေးကလေးများ တစ်ကြောင်းစနှစ်ကြောင်းစကို မြင်ရသည်။ နက်မှောင်သောဆံပင်တိုတိုက ထူးထူးခြားခြားပျော့ပြောင်းပြီး ။ အုံကောင်း လှသည်။ ယခုမှ သတိရသည်။ သူမ၏မျိုးရိုးနာမည်နှင့် နေရပ် လိပ်စာကို သူမသိသေး။

အိပ်မောကျနေသော ငယ်ရွယ်သန်စွမ်းသည့်ခန္ဓာကိုယ်လေး။ ဝင်စတန့်ရင်ထဲ သနားစိတ်နှင့်အကာအကွယ်ပေးလိုစိတ်တို့ နိုးထလာသည်။ သို့သော် ဟေဇယ်ပင်အောက်တုန်းကလို မြေလူးငှက်ကလေး တေးသီကြွေး နေစဉ် သူ့ရင်ထဲဖြစ်ထွန်းခဲ့သည့် အကြောင်းမဲ့သက်သက် ကြင်နာစိတ်မျိုး ယခုပြန်ပေါ်မလာ။ အပေါ်ရုံအင်္ကျီကိုဆွဲခွာပြီး ဂျူလီယာ၏ချောမွတ်ဖြူဖွေးသောဘေးတစ်စောင်း ခန္ဓာကိုယ်ကို သူလေ့လာသည်။ ရှေးခေတ်ကဆိုလျှင် ယောကျ်ားတစ်ယောက်သည် မိန်းကလေး၏ခန္ဓာကိုယ်ကို လိုချင်တပ်မက်စ ရာကောင်းသည်ဟု မြင်ပြီးလျှင် ဇာတ်လမ်းသည်ပြီးဆုံးသွားသည်။ ယခုခေတ်တွင်မူ သန့်စင်သောအချစ်၊ သန့်စင်သောတပ်မက်မှုမျိုး မရနိုင်တော့။ ဘယ် ခံစားမှုမှ မသန့်စင်။ အကြောင်းမှာ အရာရာတိုင်းသည် အမုန်းနှင့် အကြောက် တရားတို့ဖြင့် ရောထွေးနေသောကြောင့် ဖြစ်သည်။ သူတို့ နှစ်ဦးဖက်တွယ်မှု သည် တိုက်ပွဲတစ်ပွဲဖြစ်၍ အချစ်၏ အထွတ်အထိပ်သို့ ရောက်ရှိသွားခြင်း သည် အောင်ပွဲဖြစ်သည်။ ပါတီအား အားကောင်းသောလက်သီး တစ်လုံး ပစ်သွင်းလိုက်ခြင်း။ နိုင်ငံရေး လုပ်ဆောင်မှု။

(၃)

"ဒီကိုနောက်တစ်ခေါက် ပြန်လာလို့ရတာပဲ။ နှစ်ခါပြန်လာလည်း အန္တရာယ်မရှိပါဘူး။ ဒါပေမယ့် တစ်လနှစ်လအတွင်းတော့ မဟုတ်ဘူးပေါ့" ဟု ဂျူလီယာဆိုသည်။

ဂျူလီယာသည် အိပ်ရာမှနိုးသည်နှင့် ကိုယ်နှုတ်အမူအရာချက်ချင်း အချိုးပြောင်းသွားသည်။ နိုးနိုးကြားကြားနှင့် အလုပ်သဘော ဆန်နေသည်။ အဝတ်အစားပြန်ဝတ်၊ ကြက်သွေးရောင်ခါးစည်းကို ခါးတွင်ပြန်ချည်ကာ အိမ်အပြန်ခရီးစဉ်ကို အသေးစိတ်စီစဉ်နေသည်။ ကြည့်ရသည်မှာ ထိုပုံစံမျိုး ဂျူလီယာ အထာကျနေပြီ။ ဝင်စတန့်တွင်မရှိသော ဉာဏ်နီဉာဏ်နက်များ ဂျူလီယာ့တွင်ရှိသည်။ ဂျူလီယာသည် စုပေါင်းလမ်းလျှောက်ထွက်ကြတိုင်း အခေါက်ပေါင်းများစွာ လစ်ထွက်ခြင်းအားဖြင့် လန်ဒန်မြို့ပြင်ကို ကျွမ်းသည်။

ဂျူလီယာက ဝင်စတန်ပြန်ရမည့်လမ်းကြောင်းကို ပြောသည်။ အပြန်လမ်းသည် အလာလမ်းနှင့် လွန်စွာခြားနားနေသည်။ မီးရထားဘူတာရုံ ပင်မတူတော့။

"အလာလမ်းနဲ့ အပြန်လမ်း ဘယ်တော့မှမတူစေနဲ့" ဟု အရေးကြီး သီဝရီတစ်ခုကို ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်သလို ဂျူလီယာပြောသည်။

ဂျူလီယာ အလျင်ပြန်မည်။ နာရီဝက် စောင့်ပြီးမှ ဝင်စတန်ပြန်ရမည်။ နောက်လေးပတ်ကြာမှ အလုပ်ဆင်းချိန် သူတို့တွေ့ရမည့်နေရာကိုဂျူလီယာပြောသော် ဆင်းရဲသားရပ်ကွက်ထဲမှ လမ်းတစ်လမ်းဖြစ်နေသည်။ ဈေးရှိပြီး ကြက်ပျံမကျဆူညံစည်ကားသော နေရာ၊ ဂျူလီယာက ဖိနပ်သဲကြိုး ရှာသလိုလို၊ အပ်ချည်ရှာသလိုလို အချိန်ဆွဲ၍ ဈေးထဲလည်နေမည်။ နောက်ကြောင်းရှင်းသည်ဟု ယူဆလျှင် နှပ်ညှစ်မည်။ နှပ်မညှစ်ပါက ဝင်စတန် ဆက်လျှောက် သွားရုံသာ။ သို့သော် ကံကောင်းပါမှ လူအုပ်ကြားထဲ ဆယ့်ငါး

မိနစ်ခန့် စကားပြောပြီး နောက်ထပ်ချိန်းတွေ့ဖို့နေရာအတွက်ကို စီစဉ်ရမည်။ "ကဲ၊ သွားမှ။ ကျွန်မ ဆယ့်ကိုးနာရီခွဲအရောက် ပြန်ရမယ်။ သက်ငယ်တန်းလိင်ဆန့်ကျင်ရေးအသင်းမှာ နှစ်နာရီကြာမယ်။ စာစောင် ဝေတာတို့ဘာတို့ပေါ့။ ဆံပင်တွေသပ်ပေးပါဦး။ ပွနေလား။ သေချာလား၊ ဒါဆိုလည်း သွားတော့မယ်။ ဂွတ်ဘိုင်"

ဂျူလီယာသည် ဝင်စတန့်လက်မောင်းကြားထဲ ပစ်ဝင်ပြီး ခပ်ကြမ်းကြမ်းနမ်းသည်။ တစ်အောင့်အကြာတွင် ပင်ပျိုများကို တိုးဝှေ့ပြီး သစ်တောထဲ ပျောက်ကွယ်သွားသည်။ အသံလေးပင်မထွက်။ ဂျူလီယာ၏မျိုးရိုးအမည်နှင့် နေရပ်လိပ်စာကို ဝင်စတန် မသိလိုက်ရ။ မသိရလည်း အရေးမကြီး။ သူတို့ အမြဲတွေ့နိုင်သည်။

နောက်ပိုင်းတွင် တောရှင်းကွက်လပ်လေးသို့ တစ်ခါမှ မရောက်ဖြစ် တော့။ မေလအတွင်း နောက်ထပ်တစ်ကြိမ်သာ သူတို့ ချစ်တင်းနှောခဲ့ကြသည်။ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်က အနုမြူ ဗုံးတစ်လုံးကျထားခဲ့ရာ စွန့်ပစ် ကျေးရွာတစ်ရွာမှ ဘုရားကျောင်းပျက်ကြီး၏ ခေါင်းလောင်းစင်ပေါ် တွင်ဖြစ်သည်။ ထိုနေရာသည် ဂျူလီယာသိထားပြီးသောနေရာ။ ပထမဆုံး ရောက်ဖူးချိန်၌ ထိုနေရာသည် အလုံခြုံဆုံးပုန်းခိုစရာနေရာမှန်း ဝင်စတန် သိသည်။ သို့သော် ထိုနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ဖို့ကား အန္တရာယ် များလှသည်။

ဝင်စတန်နှင့်ဂျူလီယာတို့ လမ်းပေါ်တွင်သာ ညနေတိုင်း နေရာ ပြောင်းပြီးဆုံတွေ့ကြသည်။ တစ်ခါဆုံကြတိုင်းလည်း နာရီဝက်ထက် မပို။

လမ်းမပေါ် လူအုပ်နှင့်အတူ စီးမျောနေစဉ် သိပ်လည်း ဘေးချင်းကပ် မနေကြ။ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်။ သူတို့စကားပြောကြပုံမှာ မီးပြ တိုက်မှ မီးအချက်ပြသလို ထို့ပိုင်းတုံ့ပိုင်း ပြောသွားခြင်းဖြစ်သည်။ ပါတီ ယူနီဖောင်းကိုမြင်လျှင် တယ်လီစက်နှင့်မလွတ်လျှင် သူတို့စကားပြော ချက်ချင်းရပ်ပစ်လိုက်ကြသည်။ မိနစ်ပေါင်းများစွာကြာသွားမှ စောစောက စသားတစ်ဝက်တစ်ပျက်ကို အလယ်မှပြန်ကောက်ပြီး ဆက်ပြောကြသည်။ လူချင်းခွဲမည်ဟု သဘောတူထားသောနေရာသို့ ရောက်လျှင် စကားကိုတို့လို့ တန်းလန်း ရပ်ပစ်လိုက်ကြသည်။ နောက်တစ်နေ့ပြန်တွေ့ကြလျှင် စကားကို နိဒါန်းမပျိုးတော့ဘဲ မနေ့ကပြောလက်စမှနေရာမှ ဆက်ပြောသည်။ ထိုပုံစံ စကားပြောနည်းကို ဂျူလီယာ သိပ်အထာကျနေဟန်ရှိသည်။ "အရစ်ကျစကား ပြောနည်း" ဟု အမည်ပေးထားသည်။ ထို့ပြင် သူမသည် နှုတ်ခမ်းမလှုပ်စေဘဲ စကားပြောသောအတတ်တွင်လည်း တစ်ဖက်ကမ်းခတ်ထားသည်။

တစ်လလုံးလုံးတွင် တစ်ကြိမ်သာညဘက်ဆုံတွေ့ရင်း အနမ်းဖလှယ် နိုင်ခဲ့ကြသည်။ တစ်နေ့နှစ်ယောက်သား လမ်းသွယ်တစ်ခုမှ လျှောက်လာခဲ့ ကြစဉ် နားကွဲလောက်စရာအသံကြီးနှင့်အတူ မြေမဟီ သိမ့်သိမ့်တုန်ကာ လေထုမည်းညစ်သွားသည်။ ဝင်စတန် ဒဏ်ရာရ၊ သွေးပျက်ပြီး ဘေးတစ် စောင်းလဲကျသည်။ သူတို့နှင့် မလှမ်းမကမ်းတွင် ဒုံးကျည်ကျခဲ့ခြင်းဖြစ်မည်။ သူ့ဘေးနားမှ ဂျူလီယာ့မျက်နှာကို ကြည့်လိုက်တော့ မြေဖြူခဲလို ဆွတ်ဆွတ် ဖြူနေသည်။ နှုတ်ခမ်းများကအစ သွေးမရှိတော့။ ဂျူလီယာသေပြီ။ ဂျူလီယာ့ ကို သူရင်ခွင်ထဲ ပွေ့ထားလိုက်တော့မှ သက်ရှိမျက်နှာကို နမ်းမိလျက်သား ဖြစ်နေသည်။ သူ့ နှုတ်ခမ်းပေါ်ဝယ် သဲတရှပ်ရှပ်နှင့် နှစ်ဦးလုံး၏မျက်နှာများ အင်္ဂတေ ဖွေးနေသည်။

ချိန်းဆိုရာနေရာကို နှစ်ဦးလုံးရောက်လာပါလျက် လှည့်ကင်းနှင့် တိုး၍ လည်းကောင်း၊ ရဟတ်ယာဉ်ဝဲပျံသွား၍ လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး အချက်မပြနိုင်ဘဲ သည်အတိုင်းဖြတ်လျှောက်သွားရ သည်လည်းရှိသည်။ ဝင်စတန်သည် တစ်ပတ်လျှင် နာရီခြောက်ဆယ် အလုပ်လုပ်ရသည်။ ဂျူလီယာက

အလုပ်ချိန်ပိုများသည်။

သူတို့နှစ်ဦး၏အားလပ်ရက်များ အမြဲတမ်းတိုက်ဆိုင်မနေ။ ဂျူလီယာ့တွင် တစ်ညနေခင်းလုံးအားသောရက် မရှိသလောက်ရှားသည်။ လက်ချာသွားနားထောင်ခြင်း၊ ဆန္ဒပြပွဲဝင်နွှဲခြင်း၊ သက်ငယ် တန်း လိင်ဆန့် ကျင်ရေးအသင်းတွင် စာစောင်ဖြန့်ဝေခြင်း၊ အမုန်းရက် သတ္တပတ်အတွက် အလံများစီစဉ်ခြင်း၊ ငွေစုအသင်းအတွက် ငွေလိုက် ကောက်ခြင်းစသောအလုပ်များအတွက် အချိန်မြောက်မြားစွာပေးရသော် လည်း အကျိုးရှိသည်ဟု ဂျူလီယာဆိုသည်။ ထိုလုပ်ရပ်များသည် အယောင်ခြင်းဖြစ်သည်။ စည်းမျဉ်း စည်းကမ်းအသေးလေးများကို လိုက်နာခြင်း အားဖြင့် အကြီးကို ဖောက်ဖျက်နိုင်သည်။

ဝင်စတန့်အား လက်နက်ခဲယမ်းရုံတွင် လုပ်အားပေးဝင်လုပ်ရန် ဂျူလီယာသိမ်းသွင်းနိုင်ခဲ့သည်။ တက်ကြွလွန်းသူ ပါတီဝင်များ လုပ်အားပေး သောနေရာ။ ညသို့ဖြင့် တစ်ပတ်လျှင်တစ်ရက်၊ တစ်ရက်လျှင် လေးနာရီခန့် ကြာအောင် ဝင်စတန် ကိုယ့်ဒုက္ခ ကိုယ်ရှာခဲ့ရသည်။ အလုပ်ရုံထဲ သတ္တုအပိုင်း အစလေးများကို ညောင်းချည့်နေအောင် တပ်ဆင်ရသည်။ တူသံပေသံနှင့် တယ်လီစက်မှသီချင်းသံကလည်း အလုပ်ရုံထဲ မွှေနှောက်ကြောင်စီနိုင်လွန်းသည်။

ဘုရားကျောင်းခေါင်းလောင်းစင်တွင် သူတို့တွေ့ကြသောအခါ အရစ်ကျစကားပြောခြင်း ပြည့်သွားပေပြီ။ နေ့လယ်ခင်းသည် ထိန်ငြိးနေသည်။ ခေါင်းလောင်းများ၏အထက်မှ မှောင်က လည်းမှောင်၊ လှောင်က လည်းလှောင်နေသော လေးထောင့်အခန်း လေးထဲ၌ ခိုချေးနံ့မတရား မွှန်ထွန် နေသည်။ သူတို့သည် သစ်ကိုင်းခြောက်များ ပြန့်ကျဲနေသော ညစ်ထပ်ထပ် ကြမ်းခင်းပေါ် တမေ့တမောကြီး စကားထိုင်ပြောကြသည်။ လူလာမလာ သေချာအောင် တစ်ယောက်မဟုတ်တစ်ယောက်က ပျဉ်ချပ်အကွဲကြားမှ ထထကြည့်ရသည်။

ဂျူလီယာသည် အသက် နှစ်ဆယ့်ခြောက်နှစ်ရှိပြီ။ အခြား မိန်းကလေးအယောက်သုံးဆယ်နှင့်အတူ တည်းခိုခန်းတွင်နေသည်။ “မိန်း မစော်ကိုနံနေတာပဲ။ မိန်းမဆို မုန်းလိုက်သမှ” ဟု ဂျူလီယာက စကားချပ် အဖြစ်ထည့်သွင်းပြောကြားသည်။ ဝင်စတန်ထင်သည့်အတိုင်း ဂျူလီယာ သည်ဝတ္ထုဌာနတွင်အလုပ်လုပ်သည်။ အလုပ်တွင် ဂျူလီယာပျော်သည်။ အဓိကအားဖြင့် ရှုပ်ထွေးခက်ခဲလွန်းသော လျှပ်စစ်မော်တာကို ကိုင်တွယ်ထိန်းသိမ်းရသည်။ ဂျူလီယာသည် ဉာဏ်မထက်သော်လည်း စက်ပစ္စည်းများကိုင်တွယ် ရခြင်းကို ကျင့်သားရနေသည်။ ဝတ္ထုတစ်အုပ်ရေးဖွဲ့နည်း၏ လုပ်ငန်းစဉ် တစ်ခုလုံးကို ဂျူလီယာပြောပြနိုင်သည်။ ထွက်ရှိလာသည့် ထုတ်ကုန်ကိုမူ စိတ် မဝင်စား။ “ဖတ်ဖို့အတွက် ဒီလောက်ကြီးမဟုတ်ပါဘူး” ဟု ဂျူလီယာ ဆိုသည်။ ယိုပုလင်း၊ ဖိနပ်သဲကြိုးစသော

ကုန်ထုတ်လုပ်မှုပစ္စည်းများလို စာအုပ် သည်လည်း ထုတ်လုပ်ရမည့် ကုန်ပစ္စည်းတစ်မျိုးသာဖြစ်သည်။

၁၉၆၀ မတိုင်ခင်ခေတ်ကို ဂျူလီယာ ဘာမှမမှတ်မိတော့။ တော်လှန်ရေးမတိုင်ခင်ခေတ်အကြောင်း မကြာခဏပြောတတ်သူဟူ၍ အဖိုး တစ်ဦးသာ ရှိခဲ့သည်။ ဂျူလီယာ အသက်ရှစ်နှစ်တွင် ထိုအဖိုး ပျောက်သွားခဲ့သည်။ ကျောင်းနေစဉ်က သူမသည် ဟော်ကီအသင်းခေါင်းဆောင်။ ကျွမ်းဘား တွင် နှစ်နှစ်ဆက်တိုက် ဆုရထားခဲ့သူ။ ထောက်လှမ်းရေးတွင် စစ်ကြောင်း ခေါင်းဆောင်။ သက်ငယ်တန်းလိင်ဆန့်ကျင်ရေးအသင်းထဲ မဝင်ခင် လူငယ် သင်းတွင် ဌာနခွဲအတွင်းရေးမှူး။

ဂျူလီယာ့ပုံစံသည် အမြဲတမ်းထူးခြား ပြောင်မြောက်နေသည်။ အပြာဌာနခွဲတွင် အလုပ်ဝင်ရန်အထိ အရွေးခံခဲ့ရသည်။ အပြာဌာနခွဲသည် ဝတ္ထုဌာန၏လက်အောက်မှ ဌာနခွဲတစ်ခုဖြစ်ပြီး အခြေခံလူတန်းစား ပစ္စည်း မဲ့များအတွက် အပေါစားတဏှာပေမဆိုင်ရာ အပြာစာအုပ်များကို ထုတ်လုပ် ပေးသည်။ အပြာဌာနလုပ်သားများက သူတို့ဌာနကို “အီအီးအိမ်” ဟု ချစ်စနိုး နာမည်ပြောင်ပေးထားကြောင်း ဂျူလီယာပြောပြသည်။ အီအီးအိမ်တွင် ဂျူလီယာ တစ်နှစ်ကြာခဲ့သည်။ “အသစ်ကျပ်ချွတ် ဇာတ်လမ်းများ' 'မိန်း ကလေး ကျောင်းတွင်တစ်ညတာ' စသောဝတ္ထုများကို ချိပ်ပိတ်စာထုပ် အဖြစ် ဖြန့်ချိရာတွင် ပစ္စည်းမဲ့လူငယ်များသည် တရားမဝင်အရာများဝယ်ယူကြသည် ဟူသော အသိမျိုးဖြင့် ခိုးကြောင်ခိုးဝှက် ဝယ်ယူအား ပေးကြသည်။

"စာအုပ်တွေကဘယ်လိုမျိုးလဲ" ဟု ဝင်စတန်စပ်စုကြည့်သည်။ “အောင်မလေး၊ အမှိုက်တွေ။ ပျင်းစရာကြီး၊ တကယ်ပြောတာ။

ကျွန်မက ပန်းစုံမှန်ပြောင်းကြည့်တာ တစ်ခု ပဲလုပ်တယ်။ ပြန်ရေးတပ်စိတ်ထဲ မှာ ကျွန်မ မပါဘူး။ စာပေသမားမှ မဟုတ်တာ။ အဲဒီအဆင့်လောက်ထိမတတ်ဘူး”

အပြာဌာနတွင် ဦးစီးများမှလွဲ၍ လုပ်သားများအားလုံး မိန်းကလေး များဖြစ်ကြောင်းကိုမူ ဝင်စတန် အံ့ဩတကြီးသိလိုက်ရသည်။ ဌာန၏သီဝရီမှာ အမျိုးသားတို့၏တဏှာပေမသည် အမျိုးသမီးတို့၏တဏှာပေမထက် ထိန်းချုပ် ခက်ခဲသည်ဖြစ်ရာ သူတို့ ကိုင်တွယ်သောအညစ်အကြေးကြောင့် အမျိုးသား များခမျာ ကိုယ်ကျင့်စာရိတ္တပျက်စီးဖို့ အန္တရာယ်ပိုကြီးမားလေသည်။

“သူတို့က အိမ်ထောင်ရှိအမျိုးသမီးဆိုရင်တောင် သဘောမကျ ဘူး။ မိန်းကလေးဆိုရင်တော့ သန့်စင်တယ်ပေါ့လေ။ ဒီမှာကတော့ မသန့် စင်တဲ့ တစ်ယောက်နော်”

ဂျူလီယာ အသက်ဆယ့်ခြောက်နှစ်တွင် အသက်ခြောက်ဆယ်ရွယ် ပါတီဝင်တစ်ယောက်နှင့် ပထမဆုံးချစ်ရေးချစ်ရာကိစ္စကို ကြုံတွေ့ခဲ့သည်။ ထိုလူသည် အဖမ်းခံရမည်ကိုကြောက်ပြီး မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်။

"သူလုပ်တာ မှန်သွားတယ်။ မဟုတ်လို့ကတော့ သူဝန်ခံတဲ့အခါ ကျွန်မ နာမည်ထုတ်ပြောမှ ပြဿနာ" ဟု ဂျူလီယာဆိုသည်။ ထိုအချိန်မှစပြီး ဂျူလီယာ တစ်ယောက် ပြီးတစ်ယောက် တိတ်တိတ်ပုန်းတွဲခုတ်ခဲ့သည်။

ဘဝအပေါ် ဂျူလီယာမြင်ပုံက ရိုးစင်းသည်။ သင်က ဘဝ၏ အခါ ကောင်းကိုလိုချင်သည်။ သူတို့က မရနိုင်အောင်နှောင့်ယှက်မည်။ 'သူတို့' ဆိုသည်မှာ ပါတီကိုဆိုလိုခြင်း ဖြစ်သည်။ သင်က စည်းမျဉ်းစည်းကမ်းကို အတတ်နိုင်ဆုံး ချိုးဖောက်ရမည်။ သူတို့က သင့်ထံမှ ချမ်းသာသုခဟူသမျှကို ခားပြတိုက်ယူသောကြောင့် သင်က သူတို့ ဖမ်းမမိအောင် ရှောင်ရှားရမည်ဟု သူမက သဘာဝကျကျ တွေးပုံရသည်။

ဂျူလီယာသည် ပါတီကို မုန်းသည်။ မုန်းကြောင်းကိုလည်း အရင့်သီးဆုံး စကားလုံးများဖြင့် ပြောသည်။ သို့သော် ယေဘုယျဝေဖန်မှုမျိုးကို ဂျူလီယာသည် ပါတီကို မုန်းသည်။ မုန်းကြောင်းကိုလည်း အရင့် မလုပ်။ သူမဘဝအပေါ် တိုက်ရိုက်ထိခိုက်သောကိစ္စမှလွဲ၍ ပါတီ၏ လမ်းစဉ် အပေါ် ဂျူလီယာစိတ်မဝင်စား။ သူမသည် နေ့စဉ်သုံးစကားလုံးများမှ လွဲ၍ ခေတ်သစ်အပြောကို မပြောကြောင်း ဝင်စတန် သတိထားမိသည်။ ညီနောင် သားရင်းမြေ အောက်ကွန်ရက်အကြောင်း ဂျူလီယာမကြားဖူးပေ။ ရှိသည်ဟု လည်းမယုံ။ ပါတီကို ဆန့်ကျင်သည့် မည်သည့်တော်လှန်မှုမျိုးမဆို ရှုံးဖို့ သေချာပါက ဂျူလီယာအဖို့ မိုက်မဲခြင်း သက်သက်ဖြစ်သည်။ လိမ်မာသော လုပ်ရပ်မှာ စည်းမျဉ်းဥပဒေများကိုချိုးဖောက်ပြီး ဘာပဲဖြစ်ဖြစ် ရှင်သန်နေ ထိုင်သွားခြင်း ဖြစ်သည်။

မျိုးဆက်သစ်လူငယ်ထုထဲမှာ ဂျူလီယာ့လိုလူမျိုး ဘယ်ရွေ့ဘယ်မျှရှိနေပြီလဲဟု ဝင်စတန် ဝိုးတိုးဝါးတားအံ့သြနေသည်။ တော်လှန်ရေးခေတ်ကြီး ထဲ ကြီးပြင်းလာသူများသည် အခြားဘာကိုမှလည်း မသိကြ။ ကောင်းကင်ကြီး ကို လက်သင့်ခံထားရသကဲ့သို့ ပါတီကိုပြောင်းလဲ၍မရသော အရာတစ်ခုဟု လက်သင့်ခံထားကြသည်။ ပါတီ၏အချုပ်အချာအာဏာကို တွန်းလှန်မနေ တော့ဘဲ ယုန်ကခွေးကိုရှောင်သလို ရှောင်နေကြသည်။

ဝင်စတန်တို့သည် လက်ထပ်ရေးဖြစ်နိုင်ခြေများကို မဆွေးနွေးကြ၊ ထိုအကြောင်းတွေးကြည့်ဖို့ရာ ဝေးလွန်းနေသည်။ ဝင်စတန့်ဇနီး ကက်သရင်း ကို တစ်နည်းနည်းဖြင့် ရှင်းပစ်၍ ရသည်ထားဦး၊ ဘယ်ကော်မတီကမှ ဝင်စတန့်ကို အိမ်ထောင်ပြုခွင့်ပေးမည်မဟုတ်။ နေ့လယ်ကြောင်တောင် အိပ်မက်ထဲထည့်မက်ဖို့ပင် မျှော်လင့်ချက်မရှိ။

"ရှင့်ဇနီးက ဘယ်လိုမျိုးလဲ" ဟု ဂျူလီယာမေးသည်။

"ဘယ်လိုမျိုးလဲဆိုတော့- အကောင်းတွေးဆိုတဲ့ ခေတ်သစ်အသုံး အနှုန်းကို မင်းသိလား။ အဓိပ္ပါယ်က သူက ပင်ကိုယ်အရ သမားရိုးကျသမား။ မကောင်း မတွေးတတ်တဲ့လူပေါ့"

“ဟင့်အင်း၊ အဲဒီခေတ်သစ်အသုံးအနှုန်း ကျွန်မ မသိဘူး။ ဒါပေမယ့် အဲဒီလိုလူစားမျိုးကိုတော့ ကျွန်မသိတယ်”

သူ့ အိမ်ထောင်ရေးဘဝအကြောင်း ဝင်စတန်ပြောပြသော် ဂျူလီယာ သည် အရေးကြီးအပိုင်းများကို သိပြီးသားဖြစ်နေပုံရသည်။ ကက်သရင်းကို ထိတွေ့လိုက်သည်နှင့် တစ်ကိုယ်လုံးတောင့်တင်း သွားပုံ၊ ဝင်စတန့်ကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားသော်လည်း တစ်ပြိုင်တည်းမှာပင် အားကုန်တွန်းကန်နေပုံ၊ စသောဖြစ်ရပ်များကို ဂျူလီယာသည် ကိုယ်တိုင်မြင်တွေ့ရသလို၊ ကိုယ်တိုင်ခံစားရသလို ဝင်စတန် အားပြောပြသည်။ ဝင်စတန်သည် ထိုသို့သော ကိစ္စရပ်များကို ဂျူလီယာနှင့်အခက်အခဲမရှိ ပြောနိုင်သည်။ ကက်သရင်းသည် ဝင်စတန့်အဖို့ နာကျင်စရာအတိတ်အမှတ်တရမဟုတ်တော့ပြီ။ မနှစ်မြို့စရာ လူတစ်ဦးသာ ဖြစ်လာခဲ့သည်။

“ဟိုကိစ္စအတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ဒီအိမ်ထောင်ကို ကိုယ်သည်းခံနိုင်ပါတယ်”

အပတ်စဉ် ထိုနေ့ ညတိုင်း ကက်သရင်း အတင်းကာရော သူ့ကို ဖိအားပေးသည့်ပွဲလေးအကြောင်း ဝင် စတန်ပြောပြသည်။

“ကက်သရင်းက ဒီအလုပ်ကိုမုန်းတယ်။ ဒါပေမဲ့ အဲဒါမလုပ်အောင် သူ့ကို ဘာကမှ မတားနိုင်ဘူး။ အဲဒါကို သူခေါ်တာ မင်းသိမှာ မဟုတ်ဘူး။”

“ပါတီအပေါ် ကျွန်မတို့ရဲ့ တာဝန်” ဟု ဂျူလီယာ ဒက်ခနဲ ပြောသည်။

“ဘယ်လိုသိတာလဲ”

“ကျွန်မလည်းကျောင်းတက်ခဲ့တဲ့လူပဲ။ ဆယ့်ခြောက်နှစ်ကျော်ရင် တစ်လတစ်ခါ လိင်ကိစ္စဆွေးနွေးရတယ်။ သူတို့က နှစ်ပေါင်းများစွာ ပွတ်တိုက်နေတာ။ ကိစ္စအတော်များများမှာ ဒီလုပ်ရပ်ဟာ တာသွားတယ်။ ဒါပေမယ့် ပြောလို့မရဘူး။ လူဆိုတာမျိုးက ကြောင်သူတော်တွေလေ”

ထိုအကြောင်းအရာအပေါ် ဂျူလီယာ ပုံကြီးချဲ့သည်။ သူမနှင့် ဆို လျှင် အရာရာသည် သူမ၏ကာမဂုဏ်အာရုံဟူသော ဘူတာဆီသာ ဆိုက် တော့သည်။ ထိုကိစ္စဆီရောက်သွားသည်နှင့် ဂျူလီယာတို့ လျှာစောင်းထက် လှသည်။ သူမသည် ဝင်စတန့်လို မဟုတ်ဘဲ ပါတီ၏ လိင်ကိစ္စ တင်းကျပ် သောမူကို အတွင်းပိုင်းထိ မိမိရရသဘောပေါက်ထားသည်။ လိင်စိတ်သည် ပါတီ၏ထိန်းချုပ်မှု အပြင်ဘက်၌ သူ့ဖာသာ လောကသစ်တစ်ခုထူထောင် ထားရုံသာမဟုတ်။ သည့်ထက်ပို အရေးကြီးသည်မှာ လိင်ကိစ္စအကျပ် အတည်းသည် ဆောက်တည်ရာမရခြင်း၊ ဂဏှာမငြိမ်ခြင်းဆီ ဦးတည်သည်။ ထိုမှ တဆင့် စစ်ဖျားဖျားခြင်း၊ ခေါင်းဆောင်ကိုးကွယ်ခြင်းတို့အဖြစ် အသွင်ပြောင်းသည်။ ထိုအကြောင်း ဂျူလီယာချပြပုံမှာ-

“ချစ်တင်းနှောပြီဆိုတာနဲ့ ခွန်အားတွေ သုံးပစ်ရတယ်။ ပြီးရင် ပျော် မယ်။ စိတ်ကြည်မယ်။ ဘာကိုမှ ဂရုမစိုက်ဘူး။ ဒါမျိုးကို သူတို့က သည်းမခံနို ဘူး။ သူတို့

ဖြစ်စေချင်တာက အချိန်ပြည့် အားသွန်ခွန်စိုက် ဖြစ်နေစေချင်တယ်။ စီတန်းလှည့်လည်ကြတာတွေ၊ အလံတွေ ဝှေ့ရမ်းအားပေးကြတာတွေ၊ ဒီလိုနဲ့ လိင်စိတ်ကသိုးသွားတယ်။ ကိုယ့်ဖာသာကိုယ်ပျော်နေတဲ့လူ၊ စိတ်ချမ်းသာနေတဲ့လူက အစ်ကိုကြီးတို့ သုံးနှစ်စီမံကိန်းတို့ နှစ်မိနစ်အမုန်းတို့မှာ ဘယ်လိုလုပ်ပြီး အားသွန်ခွန်စိုက်ရှိဦးမလဲ”

မှန်လိုက်လေဟု ဝင်စတန်တွေးမိသည်။ ဖြဟ္မစရိယကျင့်ခြင်းနှင့် နိုင်ငံရေးအရ ရှေးရိုးစွဲခြင်း- ထိုနှစ်ခု တိုက်ရိုက်ဆက်နွယ်မှုရှိသည်။ ပါတီသည် ပါတီဝင်တို့၏ ကြောက်ခြင်း၊ မုန်းခြင်း၊ အရူးဆန်ဆန်ယုံစားလွယ်ခြင်း စသော စိတ်ခံစားချက်များကို အဆင့်တစ်နေရာရာတွင် ထိန်းထားဖို့ လိုအပ်သည်။ ထိုသို့ ထိန်းထားဖို့ဆိုသည်မှာ အခြားအားကောင်းသော စိတ်ခံစားချက်များကို ချေမှုန်းပြီး တွန်းအားဖြစ်အောင်လုပ်ပေးမှ ရမည်မဟုတ်ပါလော။

လိင်စိတ်သည် ပါတီအတွက် အန္တရာယ်ရှိသည်။ ပါတီက ထိုအချက်ကိုထည့်သွင်းစဉ်းစားရုံမက မိဘမေတ္တာကိုပင်ကလိမ်ကျ လှည့်စားထားသည်။ မိသားစုများကို ဖျက်သိမ်း၍ မရ။ ထို့ကြောင့် သားသမီးကို ရှေးရိုးနည်းဖြင့်ချစ်ဖို့ အားပေးသည်။ အခြားတစ်ဖက်တွင်မူ ကလေးများကို စနစ်တကျပုံပြောင်းထား ပုံမှာ မိဘများကို ပြန်ပြီးထောက်လှမ်းခိုင်းသည်။ မိဘတို့၏သွေဖည်မှုများကို သတင်းပို့ခိုင်းသည်။ သူတို့ကို အတွေးပုလိပ်၏ ကိုယ်ခွဲများအဖြစ် စေခိုင်းထားသည်။ လူတစ်ယောက်ကို ရင်းနှီးပြီးသားလူများဖြင့် နေ့ရောညပါ ဝိုင်းထားသောစနစ်ပင်တည်း။

ကက်သရင်းကို ဝင်စတန် ဖျပ်ခနဲသတိရလာသည်။ သွေဖည်နေသော သူ့သဘောထားများကို ကက်သရင်းတုံးလွန်း၍ မသိခဲ့ခြင်းဖြစ်သည်။ သိများသိလျှင် အတွေးပုလိပ်လက်ထဲ သူ့ကို အပ်လိုက်ဖို့ မေးစရာပင်မလို၊ သို့သော် လောလောဆယ် သူအမှတ်ရနေသည်က နွေလယ်ခင်း၏ အပူ ဓာတ်။ ပူလွန်း၍ သူ့နဖူးချွေးစို့ နေသည်။ လွန်ခဲ့သောဆယ့်တစ်နှစ်က ပူလောင်အိုက်စပ်သော နွေလယ်ခင်းအကြောင်း ဂျူလီယာ့ကို သူ စားမြုံ့ပြန် နေမိသည်။ ကက်သရင်းနှင့်သူ လက်ထပ်ပြီးသုံးလေ လအကြာ။ စုပေါင်းလမ်းလျှောက်ရာမှ သူတို့နှစ်ဦးသည် ကင့်ဒေသတဝိုက်တွင် လူစုကွဲပြီးလမ်း ပျောက်ခဲ့သည်။ လမ်းမှားကိုချိုးမိပြီး မကြာခင် ထုံးကျောက်မိုင်း ကျင်းဟောင်း ကြီး၏ နှုတ်ခမ်းပေါ်ရောက်နေမှန်း သိလိုက်ရ၏။ ဆယ်မီတာ၊ မီတာ နှစ်ဆယ်ခန့်နက်စောက်သော ကျင်းအောက်ခြေတွင် ကျောက်တုံးများ။ အနီး အနားတွင် လမ်းမေးစရာ လူမရှိ။ လမ်းပျောက်ပြီမှန်း သိသည်နှင့် ကက်သရင်း သည် မသက်မသာ ဖြစ်လာသည်။ ညံ့စာစာလူအုပ်နှင့် ခဏတဖြုတ်ဝေး သည်ကိုပင် မှားသောလုပ်ရပ်ဟု ကက်သရင်းကယူဆထားသည်။ လာလမ်းအ တိုင်းမြန်မြန်ပြန်လှည့်ဖို့ လမ်းကြောင်းရှာနေစဉ်ခဏတွင် သူတို့၏ အောက် ဘက် ကျောက်ဆောင်ကြားမှ နှစ်ရောင်စပ် ချုံပင်ကို ဝင်စတန်တွေ့မိသည်။ တစ်ပင်တည်းမှပွင့်နေပုံရသော

အုတ်နီခဲရောင်နှင့်ပန်းခရမ်းရောင် နှစ်မျိုးသော ပန်းများကို ဝင်စတန် မမြင်ဖူးခဲ့။ ကက်သရင်းကိုလာကြည့်ဖို့ သူခေါ်သည်။

"ကြည့်စမ်းပါဦး၊ ကက်သရင်း။ ဟောဟိုကပန်းတွေ။ ကျင်းအောက် ခြေနားမှာထွက်နေတဲ့အပင်လေ။ အရောင်နှစ်မျိုးဖြစ်နေတာ တွေ့လား"

ဝင်စတန် လက်ညှိုးညွှန်ပြရာကျင်းထဲသို့ ကက်သရင်းကြည့်သည်။ ဝင်စတန်က ကက်သရင်း၏နောက်နားတွင်ရပ်ကာ ခါးကိုထိန်းကိုင်ပေးထားသည်။ ထိုအခိုက်ကလေးတွင် သူ့ခေါင်းထဲဝင်လာသည်မှာ သူတို့ နှစ်ဦးသာရှိနေသည့်အဖြစ်။ အခြားလူသား တစ်ဦးမှမရှိ။ သစ်ရွက်လေးပင် လှုပ်မနေ။ ငှက်ကလေးပင်နိုးမနေ။ လျှို့ဝှက်တပ်ဆင်ထားသော မိုက်ခွက်၏ အန္တရာယ် ဤနေရာမျိုးတွင် မရှိ။ မိုက်ခွက်ရှိသည်ထားဦး၊ အသံကိုပဲဖမ်း၍ ရမည်။ ယခု အချိန်သည် နေ့လယ်ခင်း၏အပူလောင်ဆုံး ဇက်လေးစရာအကောင်းဆုံး အချိန်။ နေသည် သူတို့နှစ်ဦးပေါ် တငြီးငြီးထိန်တောက်နေသည်။ မျက်နှာ ပေါ်ချွေးစီးကြောင်းများ အလိမ့်လိမ့် ဆင်းလာနေချိန်။ ထိုအတွေးက သူ့ကို ထိုးနှက်ခဲ့ခြင်းဖြစ်သည်။

"ဘာဖြစ်လို့ တွန်းချမပစ်ခဲ့တာလဲ။ ကျွန်မသာဆို တွန်းချမှာပဲ"ဟု ဂျူလီယာမေးသည်။

"ဟုတ်တယ်၊ မင်းသာဆို လုပ်မှာပဲ။ ကိုယ်လည်း အရင်တုန်းက ဝင်စတန်မဟုတ်ဘဲ အခု ဝင်စတန်ဆို လုပ်မှာပဲ။ မပြောတတ်ဘူးကွာ"

"မလုပ်ခဲ့မိလို့ နောင်တရနေလား"

"ရတာပေါ့။ ခြုံပြောရရင် နောင်တရတယ်"

ညစ်ထပ်ထပ်ကြမ်းခင်းပေါ် ဝင်စတန်နှင့်ဂျူလီယာ ဘေးချင်း ယှဉ်ထိုင်နေကြသည်။ ဂျူလီယာ့ကို ဝင်စတန် တင်းတင်းဆွဲဖက်တော့ သူ့ ပခုံးပေါ် ဂျူလီယာ ဦးခေါင်းတင်လာသည်။ ဆံပင်၏ သင်းရနံ့က ခိုချေးနံ့ ကို လွှမ်းမိုးသွားသည်။ သူမသည် ငယ်လှပါကလားဟု ဝင်စတန်တွေးမိသည်။ ဂျူလီယာသည် ဘဝထဲမှတစ်ခုခုရမလား မျှော်လင့်နေဆဲဖြစ်သည်။ ဘက် မညီအဆင်မပြေသော လူတစ်ယောက်ကို ချောက်ထဲတွန်းချလိုက်ရုံဖြင့်မည်သည့်ပြဿနာကိုမှ မဖြေရှင်းနိုင်ကြောင်း ဂျူလီယာ နားမလည်သေး။

"တကယ်တော့ ဘာမှထူးလာမှာမဟုတ်ပါဘူး" ဟုသူပြောသည်။

"ဒါဆို မလုပ်ခဲ့တဲ့အတွက် ဘာဖြစ်လို့နောင်တရနေသေးလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကအနုတ်ထက်အပေါင်းကို ပိုကြိုက် တာကိုး။ ဒီကစားပွဲမှာ ကိုယ်တို့မနိုင်ပါဘူး။ ရှုံးတာချင်း အတူတူ တချို့ အရှုံးက ပိုကောင်းနေတယ်။ ဒါလောက်ပါပဲ"

ဂျူလီယာ့ပခုံး လှုပ်ရွတွန့်လိမ်လာသည်။ ဝင်စတန့်စကားကို သဘောမတူဟုဆိုလိုသည်။ ဝင်စတန် ထိုစကားမျိုးပြောပြီဆိုပါက ဂျူလီယာ အမြဲဂလန့်တိုက်သည်။ တစ်ဦးချင်းသည် အမြဲတမ်းနိုပ်ကွပ်ခံရသည်၊ ဦးကျိုး

သွားရသည်ဟူသော သဘာဝ တရား၏ဥပဒေသကို ဂျူလီယာ လက်သင့် မခံနိုင်။ သူမကိုယ်တိုင် သည် ကံဆိုးခဲ့ပြီဟူ၍တော့ သိနေသည်။ အနေးနှင့် အမြန်ဆိုသလို အတွေးပုလိပ်က သူမကိုဖမ်းပြီးသတ်တော့မည်။ သို့သော် အခြားတစ်ဖက်မှ ဂျူလီယာ ယုံကြည်ထားသည်မှာ ကိုယ်ရွေးချယ်ထားသော လျှို့ဝှက်ကမ္ဘာလေးကို တစ်နည်းနည်းဖြင့် ထူထောင်နိုင်ဦးမည်။ လိုအပ်သမျှ မှာ ကံကောင်းခြင်း၊ ဉာဏ်နီဉာဏ်နက် နှင့်ရဲတင်းခြင်းဟု ဂျူလီယာယုံသည်။ ထိုသို့သောကိစ္စမျိုး ဘယ်တော့မှမရှိဆိုသည်ကို ဂျူလီယာ နားမလည်။ တစ်ခုတည်းသော အောင်ပွဲမှာ အနာဂတ်ဝေးဝေးတွင်ရှိသည်။ သေပြီးမှဖြစ် လာမည့် ကိစ္စ။ ပါတီကို စစ်ကြေငြာလိုက်သောခဏမှာပင် မိမိကိုယ်ကို အသေကောင် ဟု သတ်မှတ်လိုက်ခြင်းက ပိုကောင်းသည်။

"ကိုယ်တို့က လူသေတွေပဲ" ဟု ဝင်စတန်ပြောသည်။

"ခုထိမသေသေးပါဘူး"

"ရုပ်ပိုင်းဆိုင်ရာမှာတော့ မသေသေးဘူးပေါ့။ နေရမှခြောက်လ တစ်နှစ်ပေါ့ကွာ။ မဟုတ်လည်း ငါးနှစ်ပေါ့။ ဂျူလီယာကငယ်တယ်။ ဒီတော့ သေရမှာပိုကြောက်တာ မဆန်းဘူး။ တတ်နိုင်သလောက်တော့ ဆွဲဆန့်ထား ရမယ်။ ဒါပေမယ့် သိပ်မထူးပါဘူး။ လူသားတွေဟာ လူဖြစ်နေသရွေ့ သေခြင်း နဲ့ရှင်ခြင်း အတူတူပါပဲ"

"အိုး၊ ပေါက်ကရတွေ။ ဒါဆိုရင် ရှင်ကျွန်မနဲ့အတူအိပ်မလား။ အရိုးစုနဲ့အတူအိပ်မလား။ အသက်ရှင်နေရတာကို မပျော်ဘူးလား။ ဒါက ကျွန်မ၊ ဒါက လက်၊ ဒါက ခြေထောက်၊ ကျွန်မက တကယ်ရှိတယ်။ အကောင် လိုက် အထည်လိုက်ရှိတယ်။ ရှင်သန်နေတယ်။ ဒီလိုခံစားချက်မျိုးကို မကြိုက်ဘူးလား"

ဂျူလီယာသည် ကိုယ်ကိုလိမ်တွန့်ပြီး ဝင်စတန်နှင့် ရင်ချင်းအပ်ထားသည်။ ဂျူလီယာ့ခန္ဓာကိုယ်ထဲမှ ငယ်ရွယ်ပျိုမျစ်မှုနှင့် အားမာန်များ သူ့ခန္ဓာ ကိုယ်ထဲစီးဝင်လာသလို ထင်ရသည်။

"ကြိုက်တယ်"

"ကြိုက်ရင် နောက် သေစကားမပြောရဘူး။ ကဲ၊ နားထောင်။ နောက်တစ်နေရာကို ချိန်းမယ်။ တောထဲကနေရာကို ပြန်သွားရင် ကောင်းမယ် နော်။ အဲဒီနေရာလေး အနားပေးထားတာကြာပြီ။ ဒါပေမယ့် တခြားလမ်းက လာရမယ်။ ကျွန်မဖြင့် အစီအစဉ်တောင် ဆွဲပြီးပြီ။ ကြည့်၊ ပုံဆွဲပြမယ်"

ဂျူလီယာသည် ပြောပြောဆိုဆို ခိုသိုက်ထဲမှ သစ်ကိုင်း ခြောက်ယူပြီး ကြမ်းပေါ်မြေပုံဆွဲပြသည်။

(၄)

မစ္စတာရှာရင်တန်၏ အဟောင်းဆိုင်အပေါ်ထပ်မှ အခန်းကုပ်ကုပ် လေးထဲ ဝင်စတန်လှည့်ပတ်ကြည့်သည်။ ပြတင်းဘေးမှ ခုတင်ကြီး ကို စောင်စုတ်များ၊ အစွပ်မပါသော ခေါင်းအုံးရှည်လုံးများဖြင့် ခုတင်ပြင်ထားသည်။ မီးလင်းဖို ပေါ်မှ ဆယ့်နှစ်မျက်နှာရှိသော ရှေးဟောင်းနာရီသည် တချက်ချက် သွားနေ ဆဲ။ အခန်းထောင့်မှ စားပွဲအရှင်ပေါ်ဝယ် စက္ကူဖိဖန်တုံး။ နောက်ဆုံး တစ်ခေါက် ဤဆိုင်ထဲ ဝင်စတန်ရောက်ခဲ့စဉ်က ဝယ်ခဲ့သောဤဖန်တုံးသည် မှောင်တစ်ဝက်လင်းတစ်ဝက်အခန်းထဲ မှိန်ပျပျလက်နေသည်။

သတ္တုဘောင်၏အောက်တွင် မစ္စတာရှာရင်တန် ပေးထားသော သံဖြူရေနံဆီမီးဖိုနှင့် ဒယ်အိုးတစ်လုံး၊ ကော်ဖီပန်းကန်နှစ် လုံးရှိသည်။ မီးစာကို မီးထွန်းပြီး ဝင်စတန်ရေနွေးတည်သည်။ ဗစ်ထရီကော်ဖီနှင့် ဆေးသကြား ပြားများ အိတ်ကြီးတစ်လုံးနှင့် သူဝယ်လာခဲ့သည်။ နာရီ၏လက်တံများက ခုနစ်နာရီ မိနစ်နှစ်ဆယ်ကို ညွှန်ပြနေသည်။ အမှန်မှာ ဆယ့်ကိုးနာရီ မိနစ် နှစ်ဆယ်။ ဆယ့်ကိုးနာရီ မိနစ်သုံးဆယ်တွင် ဂျူလီယာလာမည်။

မိုက်လှချည်လားဟု သူ့နှလုံးသားက တရစပ်ပြောနေသည်။ ပါတီဝင်တစ်ယောက် ကျူးလွန်နိုင်သမျှသော ရာဇဝတ်မှု အလုံးစုံထဲ ယခုဝင်စတန်လုပ်သောအမှုမျိုးသည် ဖုံးအုပ်ထားဖို့ မလွယ်ဆုံးဖြစ်သည်။ စက္ကူဖိဖန်တုံးပေါ်ပုံရိပ်ထင်ဟပ်လာသလို ထိုစိတ်ကူးလေး သူ့ဦးခေါင်းထဲ မြင်ကွင်းပေါ် လာခဲ့သည်။

ဝင်စတန် ကြိုတင်ခန့်မှန်းထားသည့်အတိုင်း မစ္စတာရှာရင်တန်ထံ မှ အခန်းကို အခက်အခဲမရှိ ငှားနိုင်ခဲ့သည်။ သူသည် ဝင်စတန့်ထံမှရမည့် ဒေါ်လာ အနည်းငယ်အတွက် ဝမ်းသာသွားခဲ့သည်။ အခန်းကို ချစ်ရေးကိစ္စ အတွက် သုံးမည့်အကြောင်း ဝင်စတန် ရှင်းရှင်းလင်းလင်းပြောခဲ့သော်လည်း မစ္စတာရှာရင်တန်သည် လန့် ဖြန့်မသွား။ 'သီးသန့် ဟု မစ္စတာရှာရင်တန် အကြမ်းဖျင်းပြော ခဲ့သောကိစ္စသည် အင်မတန် တန်ဖိုးရှိသောအရာပင်တည်း၊ မစ္စတာရှာရင်တန်၏ တိုးတိမ်သိမ်မွေ့သောအပြောသည် လူကိုယ်တိုင် တစ်ဝက်လောက် ကိုယ်ပျောက်နေသလား အောက်မေ့ရ၏။ လူတိုင်းလူတိုင်း သည် အချိန်အခါအလျောက် သီးသန့်နေလိုကြသည်။ သီးသန့်နေလိုသူသည် သီးသန့်နေနိုင်သည့်နေရာကို ရရှိသွားပါက အခြားဘယ်သူမဆို ပါးစပ်မဖွာ သင့်သည်မှာ ရှိသင့်သည့်ယဉ်ကျေးမှုလောကဝတ်ပင်ဖြစ်ကြောင်း မစ္စတာ ရှာရင်တန်က အခန်းတွင်း စပ်ကြားတစ်နေရာကိုကြည့်ပြီး ပြောသွားသည်။ အိမ်ထဲဝင်သော ဝင်ပေါက်နှစ်ပေါက်ရှိကြောင်း၊ နောက်ဖေးပေါက်မှထွက်လျှင် လမ်းကြားထဲရောက်မည်ဖြစ်ကြောင်း မစ္စတာရှာရင်တန် ပြောသည်။

ပြတင်းအောက်ဘက်မှ သီချင်းဆိုသံကြား၍ လိုက်ကာကို အကာ

အကွယ်ယူပြီး ဝင်စတန်ချောင်းကြည့်သည်။ ဇွန်လ၏နေမင်းသည် မြင့်တက် နေဆဲ။ နေကျဲကျဲပူသောခြံဝင်းထဲ ဝဝဖီးဖီးမိန်းမကြီး အဝတ်လှန်းနေသည်။ လက်မောင်းအိုးကြီးများ နီရဲနေသော မိန်းမကြီးကား နော်မန်များ၏ဗိသုကာ တိုင်လုံးကြီးအလားထင်ရသည်။ မိန်းမကြီးသည် ခါးစည်းပတ်ပြီး စည်ပိုင်းနှင့် ကြိုးတန်းကြား အခေါက်ခေါက်အခါခါလျှောက်၍ အဖြူရောင်အစလေးများ လှန်းနေသည်။ ကလေးအနှီးမှန်း ဝင်စတန်သိသည်။ မိန်းမကြီး၏ ပါးစပ်ထဲ အဝတ်ညှပ်ကလစ်များ ကိုက်မထားလျှင် ဘယ်သံသြကြီးဖြင့် သီချင်းဟစ်သံ ထွက်လာသည်။

မျှော်လင့်ချက်မရှိတဲ့XXX စိတ်ကူးလေးရယ်XXX

ပြေအရှုးရဲ့××စွဲလန်းမှုပေါ့ကွယ်××အကြည့်လေးတစ်ချက်

စကားလေးတစ်ခွန်း××အိပ်မက်များXXအားလုံးရောမွှေ

ဒီလိုနဲ့ XXXငါ့ရဲ့နှလုံးသားလေးXXXကြွေXXX

လန်ဒန်တစ်မြို့လုံး ထိုတေးသွား ညံနေသည်မှာ ရက်ပေါင်းမနည်း တော့ပြီ။ ဂီတဌာန၏လက်အောက်ရှိ ဌာနခွဲမှ အခြေခံလူတန်းစားများ၏ အကျိုးအလို့ငှာ ဖန်တီးပေးထားသော မရေမတွက်နိုင်သော ဆင်တူယိုးမှား တေးသွားများထဲမှ တစ်ခုဖြစ်သော ဤသီချင်းစာသားသည် လူကစပ်ဆိုခြင်း မဟုတ်ဘဲ ကဗျာဖွဲ့စက်ထဲမှ ထွက်လာခြင်းဖြစ်သည်။ သို့သော် မိန်းမကြီးက သံစဉ်အတက်အကျဖြင့် ဌာနကရိုဏ်းကျကျ အပိုင်ဟဲသွားသည်ဖြစ်ရာ အမှိုက်စာသားများ သုတိသာယာဖြစ်ရတော့သည်။ မိန်းမကြီး၏သီချင်းဆိုသံ၊ ဖိနပ်သံနှင့် လမ်းထဲမှကလေးငိုသံ၊ အဝေးမှယာဉ်သွားသံ၊ အားလုံးကို ဝင်စတန်ကြားနေရသည့်တိုင် အခန်းလေးထဲ ထူးထူး ခြားခြား ငြိမ်တိတ် နေသယောင်ရှိသည်။ တယ်လီစက်မရှိသည်ကို ကျေးဇူးတင်မိသည်။

မိုက်လှချည်လားဟု သူ့အတွေးများ တစ်စခန်းထလာပြန်သည်။ ဘုရားကျောင်းခေါင်းလောင်းစင်ပေါ် ချိန်းတွေ့ပြီးကတည်းက နောက်ထပ် တွေ့ဆုံဖို့ကို မစီစဉ်နိုင်ကြ။ အမုန်းရက်သတ္တပတ်အတွက် အလုပ်ချိန်တိုး လာသည်။ အမုန်းနေ့ကိုရောက်ဖို့ တစ်လကျော်လိုနေသေးသည့်တိုင် ပြီး ပြည့်စုံသော ကြိုတင်စီမံရေးအတွက် လူတိုင်းစေ့ အချိန်ပိုလုပ်ကြရသည်။ နောက်ဆုံးမှ သူတို့နှစ်ဦး အားရက်ရပြီး တောထဲမှ တောရှင်းကွက်လပ်ဆီ သွားဖို့ သဘောတူ ထားကြသည်။ တောထဲမတွေ့ကြခင်အထိ လမ်းပေါ်တွင် သာ ခဏတဖြုတ်တွေ့ခဲ့ကြသည်။ ခါတိုင်းလိုပင် လူအုပ်ထဲစီးမျောနေစဉ် ဂျူလီယာ့မျက်နှာကို ဝင်စတန်ကြည့်မနေ။ သို့သော် ဖျပ်ခနဲလှမ်း ကြည့်လိုက် စဉ် ဂျူလီယာ ခါတိုင်းလိုမဟုတ်ဘဲ ဖြူဖျော့နေသည်ကို တွေ့သည်။

ဘေးကင်းပြီဟုထင်သည်နှင့် ဂျူလီယာ တိုးတိုးပြောသည်။

“အားလုံးမလွယ်ဘူး။ မနက်ဖြန်ကိုပြောတာ”

“ဘာလဲ”

"မနက်ဖြန်နေ့လည်လေ၊ ကျွန်မ မလာနိုင်ဘူး"

"ဘာလို့လဲ"

"ဪ၊ ခါတိုင်းလိုပါပဲ။ ဒီတစ်ခါနည်းနည်းစောလို့" ဝင်စတန် ဒေါပွသည်။ ဂျူလီယာ့အပေါ်ထားသော သူ့ ဆန္ဒသည် လပိုင်းအတွင်းမှာပင် ပြောင်းလဲခဲ့သည်။ လက်ဦးတွင် သူ့ဘက်က ရမ္မက်စစ် စစ်မရှိခဲ့။ ပွဲဦးထွက်အချစ်စခန်းဖွင့်စဉ်က စိတ်ဆန္ဒ၏အလိုကိုလိုက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ဒုတိယအကြိမ်သည် ပထမအကြိမ်နှင့်မတူတော့။ သူမ ဆံပင်များ၏သင်းရနံ့၊ နှုတ်ခမ်းအထိအတွေ့၊ လေထုထဲ သူ့ခန္ဓာကိုယ်ထဲ စိမ့်ဝင်ပျံ့နှံ့ သွားသော သူမအသားအရေ၏အထိအတွေ့- သည်လိုနှင့် ဂျူလီ ယာသည် သူ၏ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ဖြစ်လာသည်။ သူ့ဘက်က လိုချင် ရုံသက်သက်တင်မက ရဖို့အခွင့်အရေးရှိသည်ဟု ခံစားမိသည်အထိ ဖြစ်သည်။ ဂျူလီယာက မလာနိုင်ဘူးပြောသောအခါ သူ့စိတ်ထဲ ဂျူလီယာ အနိုင်ကျင့် သည်ဟု ထင်သည်။ ထိုစဉ်ခဏမှာပင် လူအုပ်သည် သူတို့ကို ကျော်ဖြတ် သွားသည်။ သူတို့နှစ်ဦး၏ လက်များ မတော်တဆထိမိကြစဉ် သူ့လက်ဖျားကို ဂျူလီယာ ဖျစ်သည်။ ထိုလုပ်ရပ်သည် ရမ္မက်ဆန္ဒမဟုတ်ဘဲ ချစ်ခြင်းမေတ္တာ ဖြစ်နေသည်။ သူ့ စိတ်ထဲ ခံစားသွားရသည်။ အမျိုးသမီးတစ်ယောက်နှင့် အတူ နေလျှင် ထိုကိစ္စစိတ်ပျက်စရာများကို ပုံမှန်ဖြစ်နေဖို့လိုပါကလားဟု သူ အသိဝင်သည်။ ဟိုယခင်ကမပေါ်ခဲ့ဖူးသော သနားကြင်နာစိတ်များ ချက်ချင်း လျှံကျသည်။

သူနှင့်ဂျူလီယာတို့သည် အိမ်ထောင်သက်ဆယ်နှစ်ခန့်ရှိသော အကြင်လင်မယားဖြစ်လျှင်ကောင်းမည်ဟု ဝင်စတန်တောင့်တမိသည်။ လမ်း တွေထဲဘာကိုမှ ကြောက်ရွံ့မနေဘဲ ပေါ်ပေါ်တင်တင် သွားလာနေထိုင်နိုင်ချင်သည်။ နှစ်ယောက်သား ပလိစိချောက် ချက်ပြောရင်း အိမ်သုံးပစ္စည်း အတို အထွာများ ဝယ်ချင်သည်။ ဝင်စတန် အတောင့်တဆုံးမှာ သူတို့ တွေ့တိုင်း တွေ့တိုင်း ချစ်စခန်းဖွင့် စရာမလိုဘဲ နှစ်ယောက်သီးသန့်နေနိုင်ရေးပင်။ သည်လိုနှင့် နောက်တစ်နေ့တွင် မစ္စတာရှာရင်တန်၏အခန်းကို ငှားနေဖို့ စိတ်ကူးပေါ်လာခဲ့သည်။ ထိုကိစ္စ ဂျူလီယာ့ကိုပြောသောအခါ ဂျူလီယာ မဆိုင်းမတွ သဘောတူသည်။ ယင်းလုပ်ရပ်မှာ စိတ်မနှံ့သောလုပ်ရပ်ဖြစ်မှန်း နှစ်ယောက်လုံး သိသည်။ ကိုယ့်သင်္ချိုင်းကိုယ် တူးသောလုပ်ရပ်။

ခုတင်စွန်းတွင်ထိုင်ရင်း မေတ္တာဝန်ကြီးဌာနမှ မြေတိုက်ခန်းတွေ အကြောင်း သူတွေးနေသည်။ ကြိုတင်ပြဋ္ဌာန်းပြီးသော ကံကြမ္မာက လူတစ်ယောက်၏သိစိတ်ထဲ ဝင်ချည်ထွက်ချည်ပြုနေသည်။ ဆန်းကြယ်လှ ဘိ၏။ ၉၉ပြီးလျှင် ၁၀၀လာသလို ထိုကံကြမ္မာဆိုးသည် ဝင်စတန်၏ အနာဂတ်တွင် ချိန်းပြီးသားဖြစ်၏။ ရှောင်၍မရ။ သို့သော် နည်းနည်းနောက် ဆုတ်ထား၍ရသည်။ ယခုမူ အချိန်ကိုဆွဲဆန့်ထားရမည့်အစား တမင် သိသိကြီးနှင့် အချိန်ကို ဆွဲချုံ့နေမိသည်။

ထိုစဉ် လှေကားပေါ်မှ ခြေသံသွက်သွက်နှင့်တဆက်တည်း အခန်း ထဲ

ဝုန်းခနဲ ဂျူလီယာဝင်လာသည်။ လက်ထဲတွင် ကိရိယာတန်ဆာပလာ ထည့်သော အညိုရောင်အိတ်ကြီး။ ဥာနတွင်း ထိုအိတ်ကြီး သယ်သယ် သွား တတ်သည်ကို ဝင်စတန်မြင်ဖူးထားသည်။ ဂျူလီယာ့ကိုပွေ့ဖက်မလို အလုပ် တွင် ဂျူလီယာရှောင်ထွက်သည်။

"နေဦး။ ကျွန်မ ဘာတွေသယ်လာလဲပြမယ်။ ရှင်ကတော့ ဗစ်ထရီ ကော်ဖီ မဟုတ်လား။ အဲဒါကြီးကို လွှင့်သာ ပစ်လိုက်တော့။ မလိုတော့ဘူး၊ ဒီမှာကြည့်"

ဂျူလီယာ ဒူးထောက်ထိုင်ချပြီး အိတ်ကြီးဖွင့်ကာ အပေါ်တွင် ထည့် ထားသော ခွရှင်နှင့် ဝက်အူလှည့်များထုတ်သည်။ ၎င်းတို့ အောက်တွင် သေသပ်သော စက္ကူထုပ်လေးများ။ ဝင်စတန့်ထံ လှမ်းပေးလိုက်သော စက္ကူ ထုပ်သည် အဆန်းတကြယ်၊ သို့တိုင် ရင်းနှီးနေသည်။ စက္ကူထုပ်ထဲ သဲနှင့် တူသော အရာများထည့်ထား၍ ဖိလိုက်လျှင် ပျော့ပျော့ပျောင်းပျောင်းရှိသည်။

"သကြားမဟုတ်လား" ဟု ဝင်စတန်မေးသည်။

"သကြားအစစ်။ ဆေးသကြားမဟုတ်ဘူး။ ဒီမှာကြည့်ဦး။ ပေါင်မုန့် အဖြူ ဒီမှာက ယိုပုလင်း၊ ဟောဒီမှာ နို့ဘူး။ ဒါကတော့ ကျွန်မ ဂုဏ်အယူရဆုံး ပစ္စည်းလေး။ စက္ကူနဲ့ သေချာပတ်ထားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ -"

ထိုအရာကို အဘယ်ကြောင့်စက္ကူဖြင့် ပတ်ထားရမှန်း ဂျူလီယာ ရှင်းပြစရာမလိုတော့ချေ။ ၎င်း၏ရနံ့သည် တစ်ခန်းလုံး ကြိုင်ထွက်သွားသည်။ ပူနွေးသင်းချိုသောရနံ့သည် ဝင်စတန့်ငယ် ဘဝ၏ရနံ့ဟု ထင်ရသည်။ ယခုလည်း အခွင့်သင့်တိုင်း ရှူရှိုက်ရသည်။ တံခါးမပိတ်ခင်ကလေး စင်္ကြံအတိုင်း လွင့်လာသောရနံ့၊ လူထူထူလမ်းမပေါ် ဘယ်လိုကဘယ်လိုလွင့်လာမှန်း မသိသောရနံ့၊ တစ်ချက်နှစ်ချက်လောက်ရှူရှိုက်လိုက်ရပြီး ပျောက်သွား တတ်သော ရနံ့။

"ကော်ဖီ၊ ကော်ဖီအစစ်နော်" ဟု ဝင်စတန်တိုးတိုးလေး ရေရွတ်သည်။

"အဲဒါ ဗဟိုပါတီရဲ့ကော်ဖီ။ ဒီမှာ ကီလိုအထုပ်လိုက်"

"ဒါတွေ ဘယ်ကများရှာယူခဲ့တာလဲ"

"ဒါတွေအကုန်လုံး ဗဟိုပါတီရဲ့ပစ္စည်းတွေ။ အဲဒီဝက်တွေ- သူတို့ မပိုင်တာ ဘာမှမရှိဘူး။ ဒါပေမယ့် စားပွဲထိုးတွေ အစေခံတွေ လူတွေက လစ်ရင်လစ်သလို နှိုက်နေမှာပဲလေ။ ဒီမှာကြည့်ဦး၊ အချိုခြောက်တစ်ထုပ် ပါတယ်"

ဂျူလီယာ့ဘေးနား ဝင်စတန်ဆောင့်ကြောင့်ထိုင်ကာ အထုပ်ကို ဖောက်သည်။

"ဒါလက်ဖက်ခြောက်အစစ်ပဲ။ ပိုးစာရွက်မဟုတ်ဘူး"

"လက်ဖက်ခြောက်တွေ အလျှံပယ်ဖြစ်လိုက်သေးတယ်။ မကြာ သေးဘူး။ အိန္ဒိယကိုသိမ်းပိုက်တယ်ဆိုလား" ဟု ဂျူလီယာ ခပ်ဝါးဝါးပြောသည်။
"နားထောင်နော်၊ ဟိုဘက်လှည့်နေ၊ သုံးမိနစ်လောက်။ ခုတင်ပေါ်မှာ သွားထိုင်နေ။ ပြတင်းနားမကပ်နဲ့။ ပြီးတော့ ကျွန်မ မပြောမချင်းလှည့်မကြည့် ရဘူး"

ဝင်စတန် လိုက်ကာကိုသာကြည့်နေသည်။ ဝင်းထဲတွင် လက်မောင်း အိုးနီနီရဲရဲမိန်းမကြီး အဝတ်လျှော်စည်နှင့် ကြိုးတန်း ခေါက်တုန့် ခေါက်ပြန် လျှောက်ဆဲ။ ပါးစပ်ကိုက်ထားသော အဝတ်ညှပ်နှစ်ခု ဆွဲဖြုတ်ပြီးသည်နှင့် ခံစားချက်ကြီးဖြင့် သီချင်းဟစ်ဆဲ။

အချိန်ဟာxxxအရာရာကိုကုစားသတဲ့xxx

သို့သော်လည်းလေ×××အပြုံးတွေxxxကျမျက်ရည်တွေ

နှစ်ရှည်လများစွာ×××ရစ်ငြိနှောင်တဲနေဆဲ×××ဒီရင်မှာ

မိန်းမကြီးသည် ပေါက်တတ်ကရသီချင်းကို အလွတ်ရနေပုံပင်၊ ညက်သောအသံသည် အဆွေးခံတတ်ခံကြောင့် ငြိမ့်ညောင်းနေကာ နွေဦးလေနှင့်အတူ အထက်သို့လွင့်ပျံတက်လာနေသည်။ အကယ်၍သာ ဇွန်လ၏ ညနေခင်းသည် ဘယ်တော့မှကုန်ဆုံးမသွား ဘူးဆိုလျှင်၊ လှန်းစရာအဝတ်များ မကုန်နိုင်မခန်းနိုင်အောင် ရှိနေမည်ဆိုလျှင်၊ ထိုနေရာတွင် နှစ်ပေါင်းထောင်ချီ နေရစေဦး၊ အနှီးများလှန်းရင်း ပေါက်ပန်းဈေးသီချင်းများဟစ်ရင်း ထိုမိန်းမကြီး လုံးဝဥဿုံ ကျေနပ်တင်းတိမ်နေလေတော့မလား၊ တွေးစရာပင်။

ပါတီဝင်တစ်ယောက် တစ်ကိုယ်တည်းသီချင်းဟစ်သည်ကို ဝင်စတန်မကြားဖူးခဲ့။ ထိုလုပ်ရပ်သည် အစဉ်အလာကို မဆိုစလောက် ဆန့်ကျင်ခြင်းမည်၏။ တစ်ကိုယ်တည်းစကားပြောခြင်းကဲ့သို့ အန္တရာယ်ရှိသော ခပ်ကြောင် ကြောင်လုပ်ရပ်ဖြစ်သည်။

"လှည့်ကြည့်လို့ရပြီ" ဟု ဂျူလီယာဆိုသည်။

သူလှည့်ကြည့်လိုက်သော် ဂျူလီယာ့ကို ရုတ်တရက် သူမ မှတ်မိ၊ သူမျှော်လင့်ထားသည်မှာ ဂျူလီယာ့ကို လုံးတီးမြင်ရဖို့ ဖြစ်သည်။ သို့သော် ဂျူလီယာ လုံးတီးဖြစ်မနေ။ သည့်ထက်အံ့ ဩစရာပိုကောင်းသည်။ ဂျူလီယာ မိတ်ကပ်လိမ်းထားသည်။

အခြေခံလူတန်းစားရပ်ကွက်တွေထဲဝင်ပြီး အလှပြင်ပစ္စည်းများ ဝယ်ခဲ့ပုံရသည်။ ဂျူလီယာ့နှုတ်ခမ်းများ ရဲရဲတွတ်နေသည်။ ပါးနီလိမ်းပြီး နှာခေါင်းကိုပေါင်ဒါတို့ထားသည်။ မျက်လုံးပိုတောက်အောင် မျက်လုံး အောက်ခြေတွင် အရောင်တစ်ခုခုတင်ထားပုံရသည်။ မိတ်ကပ်ကို ကျွမ်းကျွမ်း ကျင်ကျင် လိမ်းခြင်းတော့မဟုတ်။ သို့သော် ဝင်စတန်ကိုယ်၌ကလည်း ဤပြည့ာရပ်မျိုး အကဲမခတ်တတ်ပေ။ ပါတီဝင် အမျိုးသမီးတစ်ဦးမျက်နှာ မိတ်ကပ်လိမ်းထားခြင်းကို ဝင်စတန် မတွေ့ဖူး။ တွေ့ရဖို့ စိတ်ပင်မကူးခဲ့။

ဂျူလီယာ ပုံပြောင်းသွားပုံကား အံ့စရာပင်ကောင်းသေးတော့၊ မှန်ကန်သောနေရာတွင် ဟိုနည်းနည်းဒီနည်းနည်းပါးပါး လေးပွတ်လိုက်ရုံနှင့် ပိုလှလာရုံတင်မက အများကြီးမိန်းမဆန်သွားသည်။ ဂျူလီယာ့ကို သူ ဆွဲယူ ပွေ့ဖက်လိုက်တော့ ဝိုင်အိုလက်ပန်းရနံ့ ရသည်။ မီးဖိုချောင် မြေအောက်ခန်းထဲမှ ပါးစပ်ကြီး လိုဏ်ခေါင်းလို မှောင်နေသော အဘွားကြီးကို ဝင်စတန် သတိရသည်။

ယခု ဂျူလီယာသုံးထားသောရန့်သည် ထိုအဘွားကြီးသုံးသော ရန့်နှင့် အတူတူပင်။ လောလောဆယ်တော့ ဘာမှပြဿနာမရှိ။

“ရေမွှေးသုံးတယ်ပေါ့”

“အင်း၊ ရေမွှေး၊ ပြီးရင်ကော ဘာလုပ်မလဲသိလား။ မိန်းမအဝတ် အစားတွေ သွားရှာပြီးဝတ်မှာ။ ဒီဘောင်းဘီရှည်တွေ မဝတ်ဘူး။ ပိုးခြေအိတ် ရှည်ဝတ်မယ်။ ဒေါက်မြင့်ဖိနပ်စီးမယ်။ ဒီ အခန်းထဲမှာဆိုရင် ကျွန်မက တကယ့်မိန်းမလိုနေမှာ။ ပါတီရဲဘော် မဟုတ်ဘူး”

ဝင်စတန်သည် ကျုံ့လှီဖြူရော်သော သူ၏ အဝတ်မဲ့ ခန္ဓာကိုယ် အတွက် ယခုချိန်ထိ အရှက်ကြီးရှက်နေဆဲ။ သူ့ခြေသလုံးတွင် သွေးပြန်ကြော ကြီးသုံးလျက်။ အကွက်အကွက်ထနေသော ခြေကျင်းဝတ်သည် မြင်မကောင်း၊ မွေ့ရာပေါ်တွင် မွေ့ရာခင်းမရှိ။ ဖန်တရာတေပြီဖြစ်သော စောင်ကလေး ကတော့ ချောနေသည်။ မွေ့ရာ၏ အရွယ်အစားနှင့်အိစက်ပုံကိုမူ နှစ်ယောက် စလုံး အံ့သြရသည်။ “ကြမ်းပိုးတွေတော့ အများကြီးနေမှာ ဒါပေမဲ့ ဘာဖြစ်လဲ” ဟု ဂျူလီယာဆိုသည်။ ပစ္စည်းမဲ့တို့၏ အိမ်မှလွဲ၍ အခြားနေရာတွင် နှစ်ယောက်အိပ်မွေ့ရာကို ကနေ့ခေတ်တွင် မြင်ဖူးသူမရှိကြ။ ဝင်စတန် ငယ်တုန်းကတော့ ထိုမွေ့ရာမျိုးပေါ် အိပ်ဖူးသည်။ ဂျူလီယာ မအိပ်ဖူး။ ငယ်ဘဝကို မှတ်မိသရွေ့အထိ မအိပ်ဖူးခဲ့။

မကြာခင် နှစ်ယောက်လုံးအိပ်ပျော်သွားပြီး ဝင်စတန်နိုးလာချိန်တွင် နာရီလက်တံများသည် ကိုးနာရီကို ညွှန်ပြနေသည်။ သူ့လက်မောင်းကွေးကြား ထဲ အိပ်ပျော်နေသော ဂျူလီယာ့ကြောင့် သူမလှုပ်ဘဲငြိမ်နေသည်။ ဂျူလီယာ မျက်နှာပေါ်မှ မိတ်ကပ်များ သူ့မျက်နှာနှင့်ခေါင်းအုံးရှည်လုံးပေါ် နေရာရွှေ့ သွားသည်။ ပါးရိုးပေါ်တွင်သာ ပါးနီနည်းနည်းကျန်သည်။

ဝင်လုဆဲနေလုံး၏ ဝါရွှေသောအလင်းတန်းများ အိပ်ရာခြေရင်းနှင့် မီးလင်းဖိုပေါ် ဖြန့်ကျက်နေသည်။ ဒယ်အိုးထဲမှရေသည် ပွက်ပွက်ဆူလျက်။ အောက်ဘက်ဝင်းထဲမှမိန်းမကြီး သီချင်းဆို ရပ်သွားပြီ။ လမ်းထဲမှကလေးတို့ အသံများ လွင့်လာသည်။ ယခုလို နွေညနေခင်းတွင် အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦး အိပ်ရာထဲ လှဲကာ လုပ်ချင်ရာလုပ်၊ ပြောချင်ရာပြော ထကြဖို့ကိုလည်း အားယူမနေ၊ သည်အတိုင်းလှဲပြီး ပြင်ပမှစိတ်ချမ်းမြေ့စရာ အသံများ နားဆင်နေခြင်းသည် ဖျက်သိမ်းလိုက်သော အတိတ်ခေတ်တွင် သာမန်ကိစ္စများလားဟု ဝင်စတန် ဇဝေဇဝါဖြစ်လာသည်။

ဂျူလီယာ နိုးလာပြီး မျက်လုံးပွတ်သည်။ တံတောင်ထောက်၍ ရေနံဆီမီးဖိုပေါ်တင်ထားသော ဒယ်အိုးကို ကဲကြည့်သည်။

“ရေတစ်ဝက်လောက် ခန်းနေပြီ။ တစ်အောင့်နေရင် ကော်ဖီဖျော် ပေးမယ်။ နောက်တစ်နာရီလောက် အချိန်ရသေးတယ်နော်။ တိုက်ခန်းမှာ ဘယ်အချိန် မီးဖြတ်လဲ”

“နှစ်ဆယ့်သုံးနာရီခွဲ”

"ကျွန်မတို့တည်းခိုခန်းမှာ နှစ်ဆယ့်သုံးနာရီ၊ ဒါပေမယ့် ရှင်ကတော့ အိမ်ပြန်စောမှဖြစ်မှာနော်။ ဘာဖြစ်လို့လဲဆိုတော့- ဟာ၊ ထွက်သွားစမ်း၊ ဒီသတ္တဝါကတော့"

ဂျူလီယာသည် ဖိနပ်ကောက်ကိုင်ကာ အခန်းထောင့်ဆီ ပစ်ပေါက်ထည့်လိုက်၏။

"ဘာလဲ"

"ကြွက်၊ ပျဉ်ကာထဲကနေ ကြွက်နှုတ်သီးကြီးပြူနေလို့၊ နံရံမှာ အပေါက်ရှိတယ်"

"ကြွက်၊ ဟုတ်လား။ ဒီအခန်းထဲမှာ-"

"နေရာအနှံ့ရှိနေတာပဲဟာ" ဟု ဂျူလီယာ ဘာမှမဖြစ်သလို ပြောသည်။ "တည်းခိုခန်းမှာဆို ကြွက်တွေမိတယ်။ လန်ဒန်တချို့နေရာဆို ကြွက်တွေဘာသောင်းကျန်းသလဲ မမေးနဲ့၊ ကလေးကိုတောင် ကြွက်ကိုက်တာ သိလား။ ကလေးမအေက သူ့ကလေးကို နှစ်မိနစ်လောက်တောင် ပစ်မထားရဲ ဘူး။ ကြွက်မှ အညိုရောင် အကြီးကြီးတွေ။ ဒီသတ္တဝါတွေ အဆိုးဆုံးက-"

"ဆက်မပြောနဲ့တော့"

ဝင်စတန် မျက်လုံးတင်းတင်းပိတ်ထားသည်။

"နေမကောင်းဘူးလားဟင်။ ဘာဖြစ်တာလဲ။ ကြွက်အကြောင်းပြောလို့လား"

"ဒီကမ္ဘာပေါ်မှာ ကိုယ် အကြောက်ဆုံးက ကြွက်"

ဝင်စတန့်ကို ဂျူလီယာဖက်ထားသည်။ ဝင်စတန် မျက်လုံးများကို ချက်ချင်းပြန်မဖွင့်။ ဘဝတစ်လျှောက်လုံး အဖန်တလဲလဲ မက်ခဲ့သော အိပ်မက်ဆိုးထဲ ပြန်ရောက်သွားသည်။ သူသည်အမှောင်ထုထဲ မတ်တတ်ရပ် လျက်။ ရှေ့တွင် သွေးပျက်စရာအရာကို ရင်ဆိုင်ရမည်။ အိပ်မက်ထဲ သူ၏ အနက်ရှိုင်းဆုံးခံစားချက်မှာ အမြဲတစေ မိမိကိုယ်ကိုလှည့်စားနေခြင်း။ အကြောင်းမှာ အမှောင်ထုထဲ ဘာရှိမှန်းသူသိနေသည်။ ကိုယ့်ဦးနှောက်ထဲမှ အစတစ်စကို ဆွဲထုတ်ရသလို သေတော့မလောက် အားထုတ်မှုမျိုးဖြင့် ထိုအရာကို သူဆွဲထုတ်နိုင်ပါလိမ့်မည်။ ထိုအရာဘာမှန်းမသိခင် သူအိပ် မက်မက်ရာမှ လန့် နိုးလာခဲ့သည်။ သို့သော် ထိုအရာသည် ဂျူ လီယာပြော သောအရာနှင့် တစ်နည်းတစ်ဖုံဆက်စပ်နေပါလိမ့်မည်။

"ဆောရီးနော်။ ဘာမှမဟုတ်ဘူး။ ကြွက်ဆို မုန်းလို့"

"မကြောက်နဲ့၊ ဒီထဲမှာ ကြွက်မထားဘူး။ ကျွန်မ မပြန်ခင် ကြွက် ဝင်ပေါက်ကို ပိတ်စနဲ့ဆို့ပေးသွားမယ်။ နောက်တစ်ခါကျမှ မဆလာနဲ့ပိတ်မယ်"

ဝင်စတန် ဂယောင်ချောက်ချား အမောဆို့ရခြင်း တစ်ဝက် လောက် သက်သာသွားပြီ။ နည်းနည်းတော့ရှက်မိသည်။ ထထိုင်ပြီး ခုတင်ခေါင်းရင်းကို မှီ၍နေသည်။ ဂျူလီယာ အိပ်ရာမှထ၊ အကျႌပြန်ဝတ်ပြီး ကော်ဖီဖျော်နေသည်။

ဒယ်အိုးထဲမှ ကော်ဖီ၏ သင်းရနံ့ ကြိုင်လှောက်နိုင်လွန်းသည်။ အပြင်ဘက်မှ လူတွေ စပ်စပ်စုစု လုပ်လာကြမည်စိုး၍ ပြတင်းပေါက်ပိတ်လိုက်ကြသည်။ သကြားကြောင့်ဖြစ်လာသည့် ပိုးသားလိုအဆင်အသွေးလေးက ကော်ဖီ၏ အရသာထက်ပင် သာလွန်နေသေးတော့။ ဆေးသကြားပြား နှစ်ပေါင်းများစွာ စားသုံးခဲ့ရသော ဝင်စတန့်အဖို့ ထိုအဆင်အသွေးမျိုးကို မေ့ချင်နေပြီ။

ဂျူလီယာသည် လက် တစ်ဖက်ကိုအိတ်ထဲထည့်၊ လက်တစ်ဖက်က ပေါင်မုန့်ယိုသုတ်ကိုကိုင်ပြီး အခန်းထဲလှည့်ပတ်ကြည့်နေသည်။ စာအုပ်ဗီရိုကို ဂရုမစိုက်သလိုကြည့်ပြီး စားပွဲအရှင်ကို ပြုပြင်နိုင်မည့်နည်းလမ်းကိုပြောသည်။ ဖိမ်ကျရဲ့လားဟု လက်တင် ကုလားထိုင်ပေါ် စွေ့ခနဲထိုင်ချသည်။

ဆယ့်နှစ်နာရီ နာရီအိုကြီးကို ခပ်ဟားဟားကြည့်သည်။ စက္ကူဖိဖန်တုံးကို သေချာ လေ့လာရန် ခုတင်ဆီယူလာသည်။ မိုးရေစက်လိုကြည်စိမ့်နေသော ဖန်တုံး လေးကို ဝင်စတန် လှမ်းယူပြီး တသိမ့်သိမ့်ကြည့်သည်။

“အဲဒါ ဘာလို့ထင်လဲ”

“ဒါဘာမှကိုမဟုတ်ဘူး၊ ဂျူလီယာ။ ကိုယ်ပြောချင်တာက ဒီဖန်တုံး ကို ဘာအတွက်မှ အသုံးမချခဲ့ဘူး။ အဲဒါ ကိုယ်သဘော ကျတဲ့အချက်ပဲ၊ ဒါဘာလဲဆိုတော့ သမိုင်းရဲ့ပစ္စည်း။ သူတို့ပြောင်း လဲပေးဖို့ မေ့သွားတဲ့ပစ္စည်း၊ ဒါကိုသာဖတ်နိုင်မယ်ဆိုရင် ဒါလွန်ခဲ့ တဲ့နှစ်ပေါင်းတစ်ရာကျော်က သတင်း"

“ဟောဟိုကပုံကကော၊ အဲဒါကော နှစ်တစ်ရာလောက် ရှိနိုင် သလား” ဟု နံရံထဲထွင်းထည့်ထားသောပုံကို ဂျူလီယာ မေးထိုးပြသည်။

“ဘယ်ကမလဲ။ ကိုယ်ပြောရဲတယ်။ နှစ်နှစ်ရာပဲကွာ။ ဘယ်သူမှ တပ်အပ်မသိနိုင်ပါဘူးလေ။ ဒီခေတ်ကြီးမှာ ပစ္စည်းတစ်ခုရဲ့ သက်တမ်းကို သိဖို့ဆိုတာ မဖြစ်နိုင်ဘူး”

ဂျူလီယာသည် ပုံရှိရာဆီထသွားပြီး နံရံအောက်ခြေမှပျဉ်ကာကို ကန်သည်။ “စောစောကကြွက်နှုတ်သီးကြီး ဒီနားမှာ ပြူလာတာ။ ဒီပုံကို ကျွန်မ မြင်ဖူးသလိုပဲ။ ဘယ်နေရာများလဲ”

“အဲဒါ ဘုရားကျောင်း။ နာမည်က စိန့်ကလီမင်ဒိန်း။”

မစ္စတာရှာရင်တန် သင်ပေးခဲ့သော ကဗျာတစ်ပိုင်းတစ်စလေး ဝင်စတန် ပြန်ပေါ်လာသည်။ “စိန့်ကလီမင်ကျောင်း ခေါင်းလောင်းသံချိုxxx လိမ္မော် နဲ့သံပရို”

ဝင်စတန်ဆိုလိုက်သောကဗျာကို ဂျူလီယာဆက်ဆိုသွား၍ ဝင်စတန် အကြီးအကျယ်အံ့သြသွားရသည်။

“စိန့်မာတင်ကျောင်း ခေါင်းလောင်းသံလွင်xxxမင်း ငါ့ကို ကြွေးတင်တာ သုံးဖာသင်xxxကျောင်းအိုဘာလီအသံဝဲ xxxဘယ်တော့ ဆပ်မလဲ။ ပြီးတော့ ဘာလာသေးလဲမသိဘူး။ ဒါပေမယ့် အဆုံးကိုတော့ သိတယ်။
ဟောဒီမှာလာပြီ×××မင်းအိပ်ရာဝင်ဖို့ ဖယောင်းတစ်တိုင်xxx
ဟောဒီမှာလာပြီxxxမင်း ခေါင်းကိုဖြတ်ဖို့ ဓားမတစ်ချောင်း”

ဆန့်ကျင်ဘက်သင်္ကေတ နှစ်ခုလိုဖြစ်နေသည်။ ကျောင်း အိုဘာလီ ပြီးလျှင် နောက်ထပ်တစ်ကြောင်း လာဦးမည်ထင်သည်။ မစ္စတာရှာရင်တန်ကို ပြန်အစဖော်ပေးလျှင် ရနိုင်ကောင်းသည်။

"ဘယ်သူသင်ပေးတာလဲ" ဟု ဝင်စတန်မေးသည်။

"ကျွန်မအဖိုး။ ငယ်ငယ်တုန်းကသင်ပေးတာ။ ကျွန်မ ရှစ်နှစ်သမီး မှာ အဖိုးအငွေ့ပြန်တယ်။ သံပရိုသီးဆိုတာ ဘာများလဲ မသိဘူးနော်။ လိမ္မော်သီးကိုတော့ မြင်ဖူးတယ်။ အဝါရောင်လုံးလုံးလေး။ အခွံထူထူ"

"သံပရိုသီးကို ကိုယ်မှတ်မိတယ်။ ၁၉၅၀ ဝန်းကျင်တုန်းကများ ပေါမှပေါ။ တအားချဉ်တာဗျ။ ရှူကြည့်ရုံနဲ့ သွားတွေကျိန်းလာရော"

"ဒီပုံနောက်မှာလည်း ကြမ်းပိုးတွေရှိနေမှာနော်။ တစ်နေ့နေ့ကျမှ ပုံကိုဖြုတ်ပြီး သေချာဆေးဦးမယ်။ ခုတော့ပြန်တော့မယ်။ မျက်နှာသစ်ရဦး မယ်။ ပြီးရင် ရှင့်မျက်နှာပေါ်က နှုတ်ခမ်းနီတွေ ဖျက်ပေးမယ်"

အခန်းသည်မှောင်လိုက်လာသည်။ ဖန်တုံးလေးကို အလင်းရောင် တွင်ထောင်ပြီး ဝင်စတန်ငေးသည်။ ဖန်တုံးထဲမှ သန္တာကျောက်ပွင့်လေးက စိတ်ဝင်စားစရာကောင်းခြင်းမဟုတ်ဘဲ ဖန်တုံး၏အတွင်းပိုင်းကသာ မရိုး နိုင်အောင် စိတ်ဝင်စားစရာကောင်းနေခြင်း။ ဤမျှထုနက်ပါလျက် လေလို ထွင်းဖောက်မြင်သာနေသည်။ ဖန်တုံးမျက်နှာပြင်သည် မိုးကုပ်စက်ဝိုင်း။ ကမ္ဘာလေးတစ်ခုလို အလုံပိတ်ထားသောဖန်တုံး။ ဤဖန်တုံးကမ္ဘာလေးထဲ သူ ဝင်နေနိုင်ချင်သည်။ တကယ်လည်း သူအထဲရောက်နေသည်။ သူနှင့်အတူ မဟော်ဂနီ ခုတင်ပါသည်။ စားပွဲအရှင်ပါသည်။ နာရီကြီးနှင့် စတီးကိုထွင်း ထားသော ဘုရားကျောင်းပုံပါသည်။ ဤဖန်တုံးပါ ပါသည်။

ဖန်တုံးသည် ယခုသူရောက်နေသောအခန်း။ ဖန်တုံးထဲမှ သန္တာ ကျောက်ပွင့်သည် ဂျူလီယာ့ဘဝနှင့်သူ့ဘဝ။

ဆိုင်မီ ပျောက်သွားသည်။ မနက်ရောက်သောအခါ အလုပ်တွင် ဆိုင်မီ မရှိ။ အဆင်ခြင်နည်းပါးသူတို့က ဆိုင်ငှံကိုမတွေ့ကြောင်း ပြောကြသေးသော်လည်း နောက်တစ်နေ့တွင်မူ ဆိုင်မီအကြောင်း ဘယ်သူမှ မပြောကြတော့။ တတိယ မြောက်နေ့တွင် ဝင်စတန်သည် မှတ်တမ်းဌာန၏ကြော်ငြာ သင်ပုန်းကိုကြည့် ရာ ဟိုယခင်အတိုင်း ဘာမှမပြောင်းလဲဟုထင်ရသည်။ ခြစ်ချထားသော အမှတ်ရာမရှိ။ အမည်တစ်ခုသာလျော့နေခဲ့သည်။ သည်လောက်ဆို လုံ လောက်ပြီ။ ဆိုင်မီသည် တည်ရှိခြင်းမှရပ်တန့်သွားသည်။ ဘယ်တုန်းကမှ မရှိခဲ့။

ရာသီဥတုပူလှသည်။ ဝက်ပါဌာနကြီးထဲ၌ လေအေးပေးထားသော ပြတင်းမရှိသည့်အခန်းများသည် ပုံမှန်အပူချိန်ကို ထိန်းထားနိုင်သော်လည်း စကြံလမ်းများကား ခြေထောက်မီးကျွမ်းတော့မလား အောက်မေ့ရသည်။ ပိုက်လိုင်းများမှ အနံ့အသက်များ အော်ဂလီဆန်ချင်စရာ။ အမုန်းရက် သတ္တပတ်အတွက် ကြိုတင်ပြင်ဆင်ခြင်းများ အရှိန်ကောင်းနေချိန်ဖြစ်သည်။ ဌာနတိုင်းမှ ဝန်ထမ်းများ အချိန်ပိုလုပ်ကြရသည်။ စီတန်းလှည့်လည်ခြင်း၊ တွေ့ဆုံစည်းဝေးခြင်း၊ စစ်ရေးပြအခမ်းအနားများ၊ လက်ချာရိုက်ခြင်း၊ ဖယောင်း ရုပ်ပြပွဲ၊ ရုပ်ရှင်၊ တယ်လီစကက်အစီအစဉ်။ ထို့ပြင် ပွဲကြည့်စင်များ ထူမတ်ကြသည်။ ပုံစံများလုပ်ကြသည်။ ဆောင်ပုဒ်များ ထွင်ကြသည်။ သီချင်းစပ်ကြသည်။ ကောလဟာလများ ဖြန့်ချိ လည်ပတ်ကြသည်။ ဓာတ်ပုံ များ အတုလုပ်ကြသည်။

ဂျူလီယာတို့၏ ဝတ္ထုဌာနသည် ဝတ္ထုထုတ်လုပ်ခြင်းကို ဆိုင်းထားပြီး လက်ကမ်းစာစောင်များ အတွဲလိုက်ရိုက်ထုတ်နေသည်။ ဝင်စတန်သည် ပုံမှန် အလုပ်များအပြင် အပိုထပ်ဆောင်းအနေဖြင့် တိုင်းမ်စ်သတင်းစာကို ပြောင်းလဲ ပေးနေရသည်။ မိန့်ခွန်းများကို မွမ်းမံပေးနေရသည်။ ပစ္စည်းမဲ့များ ခြေစကြာ ဖြန့်ကြသော ညဥ့်နက်ချိန်တွင် တစ်မြို့လုံးသည် ထူးထူးခြားခြား ကြက်ပျံ မကျ စည်ကားနေသည်။ ဒုံးကျည်များ ခါတိုင်းထက်ပိုကျသည်။ အဝေးမှ ပေါက်ကွဲသံကြီးများ ခြိမ့်ခြိမ့်မြည်လာတိုင်း ဘယ်သူမှရှင်းမပြတတ်။ ကောလဟာလများသာ တောမီးလိုပျံ့နေသည်။

အမုန်းသီချင်းဟုခေါ်သော အမုန်းရက်သတ္တပတ်၏ အဓိက တေးသွားကို စပ်ဆိုပြီးကြပြီဖြစ်၍ တယ်လီစကက်မှ စဉ်ဆက်မပြတ် ထုတ်လွှင့် နေသည်။ အော်ငေါက်နေသော အရိုင်းအစိုင်းတေးသွားကို သီချင်းဟု တိတိကျကျသတ်မှတ်၍မရ။ ဗုံတီးသံနှင့်ဆင်ဆင်တူသော အမုန်းသီချင်းသည် ရာချီနေသော စစ်ဖိနပ်သံများနှင့်ရောပြီး ဟိန်းထွက်နေ၍ ကြက်သီးထစရာ ကောင်းနေသည်။ အခြေခံ လူတန်းစားများအကြိုက်တွေ့နေသော သီချင်းဖြစ် ၏။ “မျှော်လင့်ချက်မရှိတဲ့စိတ်ကူးလေးရယ်” သီချင်းကိုလည်း ယခုထိလူကြိုက် များဆဲ။ ဤသို့ဖြင့် ညသန်းခေါင်သန်းလွဲတိုင်အောင် သီချင်းနှစ်ပုဒ် အပြိုင် ကြကြသည်။

ပါဆန်၏ကလေးများသည် ထိုသီချင်းကိုနေ့ရောညရော အနား မပေးဘဲ နားမခံသာအောင် စည်းချက်လိုက်ကြသည်။

ဝင်စတန်သည် ညနေပိုင်းတွင်အလုပ်ပိုများလာသည်။ ပါဆန်၏ ဦးဆောင်မှုဖြင့် အပျော်တမ်းတပ်စိတ်သည် လမ်းကိုပြင်ဆင်ကြသည်။ နဖူးစည်းအလံများထူကြသည်။ ပိုစတာဆွဲကြသည်။ အိမ်ခေါင်မိုးများတွင် အလံလွှင့်သည်။ သက်စွန့်ဆံဖျား သွပ်နန်းကြိုးသွယ်ပြီး ကြက်လျှာ အလံချိတ်ဆွဲကြသည်။ ဗစ်ထရီတိုက်တန်းတစ်ခုတည်းသာ၌ ကြက်လျှာအလံကို မီတာလေးရာကျော်ချိတ်ဆွဲနိုင်ကြောင်း ပါဆန် ကြွားလုံးထုတ်သည်။ ပူသည် ကတစ်ကြောင်း၊ ပင်ပန်းသည်ကတစ်ကြောင်း၊ ပါဆန် အကြောင်းပြချက်များရပြီး ညနေပိုင်းတွင် ဘောင်းဘီတိုနှင့် ရှပ်အင်္ကျီရင်ကွဲဝတ်သည်။ နေရာတကာပါလေရာဖြစ်နေသော ပါဆန်။ လွတိုက်သံရိုက်၊ ဝိုင်းတွန်းဝိုင်းဆွဲ၊ လူတိုင်းနှင့်တသောသော အဖွဲ့ကျနေသော ပါဆန်။ ရဲဘော်ရဲဘက်စိတ်ဓာတ်နှင့်အတူ သူ့ကိုယ်ခန္ဓာမှ ချဉ်စူးစူးချွေးနံ့သည် မကုန်နိုင်မခန်းနိုင် ပွံ့ပိုးပေးလျက်ရှိသည်။

ပိုစတာအသစ်တစ်ခုသည် လန်ဒန်တစ်မြို့လုံးတွင် ချွေးလေးပျား တောအနှံ့ပေါ်ထွက်ခဲ့ပြီ။ ပုံညွှန်းစာမပါ။ ပုံသည် သုံးလေးမီတာခန့်မြင့်သော ယူရေးရှန်းစစ်ဘီလူးတစ်ကောင် စက်သေနတ်ကို ခါးစောင်းတင်ပြီး ချီတက်လာပုံဖြစ်သည်။ အရယ်အပြုံးကင်းသော မွန်ဂိုမျက်နှာသေ၊ ရောမ ဘွတ် ဖိနပ်။ ပိုစတာကို ဘယ်ထောင့်ကပဲကြည့်ကြည့် ပုံထဲမှသေနတ်ပြောင်းဝသည် သင့်ထံ တည့်တည့်ချိန်ထားသည်။

နံရံပေါ် နေရာလပ်ဟူသမျှကပ်ထားသော ထိုပိုစတာသည် အစ်ကိုကြီး၏ ပိုစတာထက်ပင် အရေအတွက်ပိုများနေသည်။ သဘာဝအတိုင်း စစ်ကိုစိတ်မဝင်စားသော ပစ္စည်းမဲ့များသည် မျိုးချစ်စိတ်ဓာတ်ဟူသော ပုံမှန်လှုံ့ဆော်ရေးဖြင့် ဝရုန်းသုန်းကား အဆွခံကြရပြန်သည်။ ယေဘုယျ စိတ်နေသဘောထားများနှင့် ဟာမိုနီ ဖြစ်အောင်များလုပ်သလားမသိ၊ ဒုံးကျည်ကြောင့် အသက်ခန္ဓာ ကြွေပြုန်းကြသော လူဦးရေ ခါတိုင်းထက်ပိုများသည်။ စတက်ပနီ မှ ဇာတ်ရုံတစ်လုံး ဒုံးကျည်ထိပြီး ရာချီသောလူများသည် ဒုံးကျည်၏ သားကောင်ဘဝသက်ဆင်းကြရသည်။ ရပ်ကွက်လုံးကျွတ် အသုဘ ပို့ခဲ့ကြရာ နာရီပေါင်းများစွာသော တရွေ့ရွေ့လူတန်းကြီးကား နာကျည်းစရာ ဖြစ်ခဲ့ရသည်။

နောက်ထပ်ဗုံးတစ်လုံးသည် ကစားကွင်းအဖြစ်အသုံးပြုနေသော အမှိုက်ပုံပေါ်ကျခဲ့ပြီး ကလေးများဒါဇင်ချီ၍ ခေါင်းတစ်ခြား ကိုယ်တစ်ခြား တစ်စစီဖြစ်ခဲ့သည်။ ဒေါသဆန္ဒပြပွဲများ ပေါ်ပေါက်လာသည်။ ဂိုးစတိန်းပုံ တူရုပ်ကို မီးရှို့ကြသည်။ ယူရေးရှန်း စစ်သားပုံကိုဆွဲဆုတ်ကာ မီးရှို့ကြသည်။ ဗရုတ်ဗရက်ဖြစ်ပြီး ဈေးဆိုင်အချို့ဝင်လုခံရသည်။ ထို့နောက်တွင် ကောဟာလတစ်ခု ပျံ့လွင့်လာသည်။ ရန်သူစပိုင်များသည် ဒုံးကျည်များကို ဝါယာ လက်ဖြင့်

ဦးတည်စေလွှတ်ကြကြောင်း၊ စပိုင်ဟုသံသယအဝင်ခံရသောအဘိုးကြီးအဘွားကြီး လင်မယားသည် နေအိမ်မီးတင်ရှို့ခြင်းခံရပြီး အသက်ကျပ်၍ သေဆုံးခဲ့ကြကြောင်း။

ဂျူလီယာနှင့် ဝင်စတန်တို့သည် မစ္စတာရှာရင်တန်၏ အဟောင်း ဆိုင် အပေါ်ထပ်အခန်းသို့ မကြာခဏ င် မကြာခဏရောက်သည်။ ပြတင်းပေါက်ဖွင့်ပြီး နှစ်ယောက်သား ခုတင်ပေါ်တူယှဉ်တွဲ၍ လဲလျောင်းနေဖြစ်သည်။ ပူသော ကြောင့် ကိုယ်ပေါ်အဝတ်မကပ်။ အခန်းထဲသို့ ကြွက်မဝင်တော့သော်လည်း ကြမ်းပိုးများ နှစ်ဆပွားလာသည်။ ထိုကိစ္စသိပ်အရေးမကြီး။ ညစ်ပတ်သည် ဖြစ်စေ၊ သန့်သည်ဖြစ်စေ၊ အခန်းသည် နိဗ္ဗာန်ဘုံကလေးသာဖြစ်သည်။ သူတို့ အခန်းထဲ ရောက်သည်နှင့် မှောင်ခိုဈေးမှဝယ်လာသော ငရုတ်ကောင်းမှုန့်ကို နေရာအနှံ့ဖြူးသည်။ သူတို့ အိပ်ပျော်သွားပြီး ပြန်နိုးလာချိန်တွင် ကြမ်းပိုးများ လန်းလာပြီး တန်ပြန်တိုက်စစ်အတွက် အလုံးအရင်းဖြစ်နေကြလေသည်။

ဇွန်လအတွင်း ခုနစ်ကြိမ်အထိ သူတို့ တွေ့ဆုံကြသည်။ နေ့ညမရွေး ဂျင်အရက်သောက်သော ဝင်စတန်သည် ခု အသောက်ရပ် လိုက်သည်။ သူ ဝလာသည်။ သွေးကြောထုံးနာလျော့ကျသွားပြီး ခြေကျင်းဝတ်အထက်တွင် အညိုရောင်အစင်းကြောင်းသာ ကျန်ရစ်သည်။ မနက်စောစော ချောင်းဆိုး သောရောဂါလည်းပျောက်ပြီ။ ဘဝ၏ဖြစ်စဉ်သည် ခံသာဖွယ်ရာမရှိသော အခြေအနေမှရပ်တန့်သွားသည်။ တယ်လီစကက်ကိုလည်း စိတ်တိုမနေ။ အသံ ကုန်အော်ဟစ် ဆဲဆိုချင်စိတ်လည်းမရှိ။ ယခုတော့ သူ့တွင် ကွန်းခိုစရာ နေရာ လေးရပြီ။ တစ်ခါတရံမှလာတွေ့နိုင်ပြီး နာရီပိုင်းလေးနေရစေဦး၊ သူတို့ အတွက် ခက်ခဲမနေ။ အဓိကမှာ အဟောင်းဆိုင်အပေါ်ထပ်အခန်းလေး ရှိနေသည်ဟူသော အသိသာဖြစ်၏။ ထိုအသိကြောင့် အခန်းလေးထဲရောက်သွားရသည် နှင့်မခြားပေ။

အခန်းသည် လောကလေးတစ်ခု။ မျိုးသုဉ်းသတ္တဝါများသာ လျှောက် သွား၍ရသော အတိတ်ဟူသည့် အိတ်ကပ်လေးတစ်ခု။ မစ္စတာရှာရင်တန် ကိုယ်တိုင်သည်လည်း မျိုးသုဉ်းသတ္တဝါဟု ဝင်စတန် အတွေးပေါက်သည်။ အပေါ်ထပ်မတက်ခင် မစ္စတာရှာရင်တန်နှင့် သူ စကားစမြည်ပြောတိုင်း မစ္စတာရှာရင်တန်သည် စကားပြောဖော်ရသည့်အတွက် ဝမ်းသာနေပုံရသည်။

အဘိုးကြီးသည် အိမ်ထဲမှအိမ်ပြင်ထွက်ခဲ့သည်။ ဆိုင်ကို လာသော ဖောက်သည်လည်းမရှိ။ ဈေးဆိုင်ခန်းကျဉ်းကျဉ်းမှောင်မှောင်လေးနှင့် ပိုကျဉ်း သောမီးဖိုချောင်ခန်းထဲ တစ္ဆေတစ်ကောင်လို ရှင်သန်နေထိုင်နေသော အဘိုးကြီး။ မီးဖိုချောင်ထဲတွင် မယုံကြည်နိုင်စရာတစ်ခု ရှိသေးသည်။ ခရာကြီး ပါသော ရှေးဟောင်းဓာတ်စက်တစ်လုံးဖြစ်၏။ ခါးကလေးကိုင်းကိုင်း၊ နှာခေါင်း ကလေးရှည်ရှည်၊ မျက်မှန်ထူထူနှင့် ကတ္တီပါဂျက်ကက် အင်္ကျီဝတ်ထားသော ထိုအဘိုးကြီးသည် ကုန်သည်နှင့်မတူဘဲ စုဆောင်းသူနှင့်ပိုတူနေသည်၊ ကြွေဘူးဆို့ ဆေးခြယ်ထားသောနှာရှူဆေးဘူးအဖုံး၊ ကလေးဆံပင်ထည့်ထားသော စသော ကျုတ်ကလေး၊ သူစုဆောင်းထားသည့် အမှိုက်သရိုက်လေး များကို

လက်ညှိုးတထိုးထိုးနှင့် ပြတတ်သည်။

အဘိုးကြီးနှင့်စကားပြောရခြင်းသည် သံစုံဘူးအစုတ်ထဲမှ တောင်တောင်တင်တင်အသံကို နားဆင်ရသလိုဖြစ်သည်။ အဘိုးကြီးသည် စာတိုကဗျာတိုများကို မှတ်ဉာဏ်ထဲမှဆွဲထုတ်တတ်သည်။ ငှက်မည်းလေးများလေးကောင်နှင့်နှစ်ဆယ်၊ ဂျိုကျိုးနွားမ၊ ရင်ပုံနီ ငှက်ကလေးစသောကဗျာများကို ဆွဲထုတ်ရွတ်ပြတိုင်း "မောင်ရင် စိတ်ဝင်စားမလားမသိဘူး၊ သတိရလာလို့" ဟု အပြုံးလေးဖြင့် စကားခံတတ်သည်။ သို့သော် အဘိုးကြီးသည် ဘယ်တော့မှ ကဗျာတစ်ပုဒ်လုံးမရဘဲ သုံးလေးကြောင်းနှင့်ပြီးတတ်လေသည်။

ဖွင့်မပြောဘဲ ဝင်စတန်နှင့်ဂျူလီယာ နှစ်ယောက်လုံးသိနေကြသည် မှာ ယခုအခြေအနေသည် တာရှည်မခံဟူ၍ သာ။ လာလတ္တံ့သော သေခြင်း တရားသည် သူတို့လဲလျောင်းနေသော မဟော်ဂနီခုတင်ပမာ ထင်သာမြင်သာ နေသည်။ နှစ်ဦးသား ရမ္မက်သွေး ဆူပွက်ကာ ဖက်တွယ်ထားပြေး စီရင်ချက်ချ ခံရတော့မည့် သတ္တဝါသည် နောက်ဆုံးသောသုခချမ်းသာ တစ်လုပ်စာလေး ကို အရအမိဖမ်းယူထားသည်နှင့် တူ၏။

ရံခါတော့လည်း ဤအခန်းလေးထဲ နေနေသရွေ့ ဘာဥပဒ်မှ မကျ နိုင်ဟု ထင်မိသည်။ အခန်းဆီ ခက်ခက်ခဲခဲလာရသည်။ လာရသောခရီး အန္တရာယ်ပြွမ်းသည်။ သို့တိုင် အခန်းကတော့ ဘေးမဲ့နယ်မြေဖြစ်နေသည်။ စက္ကူဖိဖန်တုံးလေး၏ အတွင်းကမ္ဘာ ကိုဝင်၍ ရနိုင်သည်။ အထဲကိုရောက်သွား ပါက အချိန်ကိုအကျဉ်းချနိုင်မည်ဟု ဖန်တုံးကို ဝင်စတန်ငေးရင်းတွေးခဲ့ဖူးသလို ယခုလည်း ထိုအတိုင်း။

လွတ်မြောက်ရေး နေ့လယ်ကြောင်တောင်အိပ်မက်များကို နှစ်ယောက်လုံးလက်လျှော့လိုက်ကြသည်။ နှစ်ယောက်စလုံး၏ ကံကြမ္မာသည် အကန့်အသတ်မရှိဘဲ ကျန်ဘဝတစ်လျှောက်လုံး ယခုလိုပဲ ပုန်းလျှိုးကွယ် လျှိုးဆက်သယ်သွားနိုင်မည်၊ သို့မဟုတ် ကက်သရင်းသေလိမ့်မည်၊ သို့မဟုတ် သိမ်မွေ့သောနည်းလမ်းတစ်ခုဖြင့် ဝင်စတန်နှင့်ဂျူလီယာတို့ လက်ထပ်နိုင်ကြ လိမ့်မည်၊ သို့ မဟုတ် နှစ်ယောက်စလုံးမိမိကိုယ်ကို သေကြောင်းကြံနိုင်မည်၊ သို့မဟုတ် သူတို့နှစ်ဦးစလုံး ခြေရာဖျောက်ပြီး အခြေခံလူတန်းစား များ၏လေ အတိုင်း ပြောတတ်အောင်ကျင့်မည်၊ စက်ရုံတွင်အလုပ်ဝင်ပြီး နောက်ဖေး လမ်းကြားထဲ ရှင်သန်နေထိုင်သွားမည်၊ စသော စသော စိတ်ကူးများအားလုံး အဓိပ္ပါယ်မရှိမှန်း နှစ်ယောက်လုံး သိနေသည်။

လက်တွေ့တွင် လွတ်လမ်းမရှိ။ လက်တွေ့ကျသော တစ်ခုတည်း သောနည်းလမ်းမှာ မိမိကိုယ်ကိုသေကြောင်းကြံခြင်းဖြစ်သည်။ ထိုအမှုကိုမူ သူတို့ လုပ်လိုစိတ်မရှိ။ အဆုတ်သည် ရှူစရာလေရှိနေသရွေ့ ဆက်ကာ ဆက်ကာ ရှူနေဦးမည်။ ထိုဆန္ဒကို ဘယ်လိုမှထိန်းချုပ်၍မရ။ သူတို့သည် လည်း အနာဂတ်မရှိသည့်ပစ္စုပ္ပန်ကို တစ်ရက်ပြီးတစ်ရက် ဆက်လက်စခန်း သွားကြဦးမည်။

တစ်ခါတလေတော့လည်း သူတို့သည် ပါတီကိုပုန်ကန်ရန် ဆွေးနွေးကြသေးသည်။ သို့သော် ပထမဆုံးခြေလှမ်း ဘယ်ကိုလှမ်းရမည် မသိ။ ညီနောင်သားရင်းမြေအောက်ကွန်ရက် အမှန်တကယ်ရှိသည် ထားဦး၊ ထိုအထဲ ဝင်ဖို့မလွယ်။ အိုဘရိုင်ယန်နှင့် ဝင်စတန်တို့အကြားမှ ဆန်းပြားသောရင်းနှီးမှုကိုလည်းကောင်း၊ အိုဘရိုင်ယန်ထံ တည့်တည့်ဝင်သွားပြီး သူသည်ပါတီ၏ ရန်သူဖြစ်ကြောင်း ပြောင်ပြောင်ပြောကာ အိုဘရိုင်ယန်ထံမှ အကူအညီ တောင်းလိုသော ဆန္ဒကိုလည်းကောင်း၊ ဂျူလီယာ့အား ဝင်စတန်ဖွင့်ဟမိသော အခါ ဂျူလီယာမအံ့ဩ။ မိုက်ရူးရဲ ပေါက်ကရအလုပ်ဟု ဂျူလီယာမထင်။

ဂျူလီယာသည် လူတွေ၏ မျက်နှာကိုကြည့်ပြီး အကဲဖြတ်လေ့ရှိသည်။ မျက်လုံးချင်းခဏတဖြုတ် ခလုတ်တိုက်မိခြင်း၏အင်အားကြောင့် အိုဘရိုင်ယန့်ကို ယုံကြည်စိတ်ချသင့်သည်ဟု ယူဆသည်မှာ ဂျူလီယာအတွက်သဘာဝဆန်နေသည်။ ထို့ပြင် သူမယုံထားသည်မှာ လူတိုင်းစေ့နီးပါးသည် ပါတီကို တိတ်တခိုးမုန်းနေကြသူများသာဖြစ်၏။ ဘေးကင်းသည်ဟု ထင်လျှင် ပါတီ၏ဥပဒေများကို ချိုးဖောက်မည့်လူချည်းသာဟု ယူဆသည်။ သို့သော် ဝင်စတန်ပြောသည့် ပါတီ၏အတိုက်အခံအင်အားစုကိုမူ ရှိသည်ဟု ဂျူလီယာ မယုံ။ ဂိုးစတိန်းပုံပြင်များနှင့် ဂိုးစတိန်း၏မြေအောက်ကွန်ရက်ဆိုသည်မှာ ပါတီကပါတီအကျိုးအတွက် ထွင်ထားသော ကိုယ်ကလည်းယုံချင် ဟန်ဆောင် ပေးရသော တောရမ်းမယ်ဘွဲ့ အမှိုက်သရိုက်များဟုသာ ဂျူလီယာ ယူဆသည်။ ဂျူလီယာ ဝင်နွှဲခဲ့သော လူထုဆန္ဒပြပွဲများ၊ ပါတီလှုံ့ဆော်စည်းရုံးပွဲများမှာ ရေတွက်၍ပင် မကုန်။ ကိုယ်တိုင်မကြားဖူးသော ပုဂ္ဂိုလ်များ၏အမည်ကို အသံကုန်အော်ဟစ်ပြီး သတ်ဖို့တောင်းဆိုခဲ့သည်။ ထိုပုဂ္ဂိုလ်များ ကျူးလွန်ခဲ့သည် ဆိုသော ပြစ်မှုများကိုလည်း နည်းနည်းလေးမှမယုံခဲ့။ လူထုတရားစီရင်ပွဲများ၌ ဂျူလီယာသည် လူငယ်သင်းနှင့်ခပ် ခွာခွာမှနေသည်။ တရားရုံးကိုလူငယ်သင်း က မနက်မိုးလင်းမှညမိုးချုပ်ထိ ဝိုင်းထားပြီး "သစ္စာဖောက်တွေသတ်သတ်" ဟု ညာသံပေး ကြွေးကြော်ကြသည်။ "နှစ်မိနစ်အမုန်း" တွင်လည်း ဂိုးစတိန်းကို ဆဲရေးသည့်နေရာတွင် ဂျူလီယာ အကဲဆုံးအသဲဆုံး။ သို့တိုင် ဂိုးစတိန်းဆို သည်ကိုရော၊ ဂိုးစတိန်း၏အယူဝါဒဆိုသည်ကိုရော၊ ဂျူလီယာ ရေးရေးကလေး ပင်မသိ။

တော်လှန်ရေးခေတ်ထဲ ကြီးပြင်းလာရသူ ဂျူလီယာသည် ငါးဆယ် တန်းနှင့်ခြောက်ဆယ်တန်းတို့၏ သဘောတရားတိုက်ပွဲကို မှတ်မိဖို့ရာ ငယ်လွန်းနေခဲ့သည်။ ထိုသို့သော အနှောင်အဖွဲ့ကင်းသည့် နိုင်ငံရေးလှုပ်ရှားမှု ဟူသည် ဂျူလီယာ စဉ်းစားနိုင်စွမ်းဘောင်ကို ကျော်လွန်နေသည်။ မည်သို့ ဆိုစေ ပါတီကိုချေမှုန်း၍ မရ။ ပါတီသည် ထာဝရတည်တံ့နေမည်။ ဘယ်တော့ မှ ပြောင်းလဲမသွား။ ပါတီကိုအာခံချင်လျှင် ပါတီ၏ဥပဒေသများကို ကိုယ့်ဘာသာ ကိုယ် တိတ်တိတ်ကလေးဖောက်ဖျက်ရုံရှိသည်။ အဆုံးစွန်အနေ ဖြင့်

တစ်ကိုယ်တော်လူသတ်ခြင်း၊ ဖောက်ခွဲခြင်းတို့လောက်သာ လုပ်နိုင်သည်။

အချို့နေရာများတွင် ဂျူလီယာတွေးပုံမှာ ဝင်စတန်ထက်ပို ထက်သည်။ ပါတီ၏ဝါဒဖြန့်မှုကို သူမသည် ဝင်စတန်လောက် လွယ်လွယ်မယုံ၊ ယူရေးရှားအကြောင်း စကားစပ်မိရင်း ဂျူလီယာ့အပြောကို ဝင်စတန် အံ့အားကြီးသင့်ခဲ့ရဖူးသည်။ ဂျူလီယာ့အမြင်တွင် စစ်သည်ဖြစ်မနေ။ လန်ဒန်မြို့ပေါ်နေ့စဉ်နေ့တိုင်း မှန်မှန်ကျနေသောဒုံးကျည်များသည် အိုရှင်းနီးယားက သူ့ ဘာသာပစ် နေခြင်းဖြစ်နိုင်သည်။ လူတွေကြောက်ပြီးငြိမ်သွားအောင်ဟု ဂျူလီယာပြောသည်။ ထိုအတွေးမျိုး ဝင်စတန်တစ်ခါမှ မပေါ်ဖူးခဲ့။ ဂျူလီယာ့ အပြောကြောင့် ဝင်စတန့်စိတ်ထဲကျလိကျလိနှင့် မနာလိုလည်း ဖြစ်ခဲ့ရသည်။ နှစ်မိနစ်အမုန်းတွင် သူမအတွက် အခက်ဆုံးမှာ ဝါးလုံးကွဲရယ် ပစ်ချင်စိတ်ကို မနည်းကြီးအောင့်အီးထားရခြင်း ဖြစ်လေသည်။

ကိုယ်ပိုင်ဘဝအပေါ် ပတ်သက်မှုရှိလာပြီဆိုမှ ပါတီ၏သင်ကြားမှု ကို ဂျူလီယာမေးခွန်းထုတ်သည်။ များသောအားဖြင့် ရုံးတွင်း ဒဏ္ဍာရီများကို ဂျူလီယာ လက်ခံဖို့အသင့်ဖြစ်နေသည်။ အမှန်နှင့်အမှား၏ခြားနားမှုသည် ဘာမှအရေးမကြီးသဖြင့် ဘာပဲဖြစ်ဖြစ် လက်ခံလိုက်ရုံသာရှိသည်။ ဥပမာ ကျောင်းတွင်သင်ခဲ့ရသည့်အတိုင်း ပါတီသည် လေယာဉ်ပျံကို တီထွင်ခဲ့သည် ဟု ဂျူလီယာယုံသည်။ ဝင်စတန်တို့တုန်းကမူ ပါတီသည် ရဟတ်ယာဉ်ကို တီထွင်ခဲ့သည်ဟု သင်ကြားပေးခြင်းခံခဲ့ရသည်။ ဂျူလီယာ ကျောင်းတက်ချိန် နောင်နှစ်ပေါင်း တစ်ဒါဇင်ခန့်အကြာတွင် ရဟတ်ယာဉ်မှသည် လေယာဉ်ပျံ ဖြစ်သွားသည်။ နောက်လာမည့်မျိုးဆက်တွင် ရေနွေးငွေ့အင်ဂျင်ဖြစ်ဦးမည်။

သူမမွေးခင် တော်လှန်ရေးမတိုင်ခင်ကတည်းက လေယာဉ်ပျံရှိနှင့် နေပြီးဖြစ်ကြောင်း ဂျူလီယာ့အားသူပြောပြသောအခါ ဂျူလီယာ စိတ်မဝင်စား။ လေယာဉ်ပျံကို ဘယ်သူထွင်ထွင်၊ ဘာအရေးလဲ။ ဝင်စတန် ပိုအံ့သြရသည်မှာ လွန်ခဲ့သောလေးနှစ်ကကိစ္စကိုပင် ဂျူလီယာ မမှတ်မိတော့ခြင်းဖြစ်၏။ လွန်ခဲ့သောလေးနှစ်က ဝင်စတန်တို့ အိုရှင်းနီးယားသည် အီစတားရှားနှင့် စစ်ဖြစ်နေခဲ့ပြီး ယူရေးရှားနှင့်ငြိမ်းချမ်းရေးရနေခဲ့သည်။ စစ်ကို အရေခြုံစစ်ကြီး ဟု ဂျူလီယာ သတ်မှတ်ထားသည်မှာ မှန်သည်။ သို့ရာတွင် ရန်သူနိုင်ငံကြီး တစ်ခုလုံးလုံး အမည်ပြောင်းလဲသွားသည်ကို ဂျူလီယာ သတိထားမိပုံမရ။ "ယူရေးရှားနဲ့ အမြဲတမ်းစစ်ဖြစ်နေခဲ့တာ မဟုတ်ဘူးလား" ဟု ဂျူလီယာ ခပ်ဝါး ဝါးပြောသည်။ ဝင်စတန်နည်းနည်းတော့ ချောက်ချားခဲ့ရသည်။ လေယာဉ်ပျံ တီထွင်သော ခုနှစ်သည် ပဝေသဏီကကိစ္စ။ စစ်ကြီးတစ်ခုလုံးလုံး ဟိုခုန်သည် ကူးဖြစ်သွားသည်က လေးနှစ်သာရှိသေးသောကိစ္စ။

ဝင်စတန်သည် ဂျူလီယာနှင့် ဆယ့်ငါးမိနစ်ခန့်ငြင်းခုံခဲ့ရပြီး သူမ ဝိုးတိုးဝါးတားအစဖော်မိအောင် လုပ်နိုင်ခဲ့သည်။ သို့သော် နောက်ဆုံးတွင် သူမ ထိုကိစ္စများက ဂျူလီယာ့အတွက် ရေးကြီးခွင်ကျယ်ဖြစ်မလာ။ "ဘယ်သူက အရေး

လုပ်နေလို့လဲ။ စစ်က တစ်ပွဲပြီးတစ်ပွဲဖြစ်နေတဲ့ဟာ။ ပြီးတော့ သတင်း မှန်သမျှ အလိမ်ချည်းပဲဆိုတာ လူတိုင်းသိတယ်” ဟု ဂျူလီယာ ဆိုသည်။

ရံခါတွင် မှတ်တမ်းဌာနထဲ သူကျူးလွန်ခဲ့သည့် သိက္ခာမဲ့ အတုပြု လုပ်ခြင်းကိစ္စများအကြောင်း ဂျူလီယာ့ကိုပြောပြဖြစ်သည်။ ဂျူလီယာ လန့် မသွား။ ဂျုန်း၊ အေရွန်စန်၊ ရူသာဖို့နှင့် တချိန်တုန်းက သူ့လက်ချောင်းတွေကြား ထဲ ခဏတဖြုတ်ကိုင်ထားခဲ့ဖူးသည့် စာရွက်ပိုင်းအကြောင်းလည်း သူပြောပြသည်။ ဂျူလီယာ သိပ်စိတ်မဝင်စား။ စစချင်းတွင် ဂျူလီယာသည် ထို ဇာတ်လမ်း၏အဓိက အချက်ကို ဖမ်းမမိ။

“သူတို့က ရှင့်မိတ်ဆွေတွေလား”

“မဟုတ်ဘူး။ ကိုယ်နဲ့ဘယ်တုန်းကမှ မသိခဲ့ဘူး။ သူတို့က ဗဟိုပါတီ ဝင်တွေ။ ပြီးတော့ သူတို့ကကိုယ့်ထက် အများကြီးဝါကြီးတယ်။ တော်လှန်ရေး မတိုင်ခင်ခေတ်က လူတွေပေါ့ကွာ။ မြင်ရုံနဲ့တောင် သူတို့ကို ကိုယ်မသိဘူး”

“ဒါဆိုလည်း ဘာပူစရာလိုလဲ။ တချိန်လုံးလူတွေအသတ် ခံနေရ တာပဲဟာ၊ မဟုတ်ဘူးလား”

ဂျူလီယာ နားလည်အောင် ဝင်စတန်ကြိုးစားရပြီ။

“ဒါ ဘာနဲ့မှမတူဘူး။ သိပ်ထူးခြားတဲ့ကိစ္စ။ ဒါ အသတ်ခံရတဲ့လူတွေ အတွက် မေးခွန်းထုတ်တာမဟုတ်ဘူး။ ဂျူလီယာသိလား။ အတိတ်ဟာ-မနေ့ ကနေစတဲ့အတိတ်ဟာ သေသေချာချာကိုဖျက်သိမ်းခံနေရတယ်။ အတိတ် တည်ရှိသေးတယ်ဆိုရင်တောင် အဲဒီအတိတ်ဟာ ခပ်မာမာအရာဝတ္ထုမျိုး လောက်ပဲ ရှိတော့တယ်။ စာတန်းတွေဘာတွေ ဘာမှမပါဘူး။ ဒီလိုဖန်တုံးမျိုး။ တော်လှန်ရေးကိုရော၊ တော်လှန်ရေးမတိုင်ခင်ခေတ်ကိုရော ကိုယ်တို့ ဘာမှ မသိဘူး။ မှတ်တမ်း မှတ်ရာတိုင်းဟာ ဖျက်ဆီးခံရတယ်။ အတုလုပ်ခံရတယ်။ စာအုပ်တိုင်းဟာ ပြန်ရေးထားတာချည်းပဲ။

ပုံတိုင်းဟာ ပြန်ဆွဲထားတာချည်း ပဲ။ ရုပ်တုတွေ၊ လမ်းတွေ၊ အဆောက်အဦတွေ-အားလုံး နာမည်ပြောင်းထားကြ တာချည်းပဲ။ အချက်အလက်တိုင်းကို ပြောင်းထားတယ်။ ဒီဖြစ်စဉ်ဟာ နေ့တိုင်းနေ့တိုင်း မိနစ်တိုင်းမိနစ်တိုင်း ဖြစ်နေတဲ့ကိစ္စ။ သမိုင်းဟာရပ်တန့် သွားပြီ။

အဆုံးမရှိတဲ့ပစ္စုပ္ပန်ကလွဲရင် ဘာမှမရှိဘူး။ ပါတီက အမြဲမှန်တယ်ဆို တဲ့ ပစ္စုပ္ပန်ပေါ့။ အတိတ်ကိုအတုလုပ်ထားတယ်ဆိုတာ ကိုယ်သိတယ်။ ဒါပေမယ့် သက်သေပြဆို မပြတတ်ဘူး။ အတုလုပ်ဟဲ့ကိစ္စကို ကိုယ်တိုင်လုပ် နေတာတောင် ဒါကိုသက်သေမပြနိုင်ဘူး။ သက်သေမှမကျန်တာ။ တစ်ခု တည်းသောသက်သေက ကိုယ့်စိတ်ထဲမှာပဲရှိတယ်။ မှတ်ဉာဏ်ဆိုတာကို တခြားလူသားတွေဆီ ဝေစုခွဲပေးလို့ရသလား။ ကိုယ်သေချာမသိဘူး။ ကိုယ့် ဘဝတစ်လျှောက်လုံးမှာ အဲဒီတုန်းက တစ်ခါဆို တစ်ခါပဲ။ တကယ့်ခိုင်မာတဲ့ သက်သေကို လက်ထဲကိုင်ခဲ့ဖူးတာ”

"အဲဒီတော့ ဘာများကောင်းကျိုးရှိလဲ"

"ဘာမှကောင်းကျိုးမရှိဘူး။ ကိုယ်ကခဏလေးကိုင်ပြီး လွှင့်ပစ်လိုက်တာကိုး။ ဒီနေ့မှာသာ ဒီအဖြစ်မျိုးကြုံရရင် အဲဒီသက်သေကို ကိုယ်သိမ်း ထားမယ်။ မပစ်ဘူး"

"ကျွန်မကတော့ မသိမ်းဘူး။ ကျွန်မက စွန့်စားဖို့ဆိုရင် အသင့်ပဲ။ ဒါပေမယ့် လုပ်ရကျိုးနပ်မှ။ အဟောင်းအမြင်းသတင်း စာပိုင်းလေးအတွက် တော့ မဟုတ်ဘူး။ အဲဒါလေး သိမ်းထားနိုင်တယ်ထားဦး၊ ဘာလုပ်နိုင်မှာမို့လဲ"

"ဘာမှမလုပ်နိုင်ဘူး။ ဒါပေမယ့် ဒါဟာသက်သေ။ ဒါကို သူများကို ပြရဲမလားဆိုပြီး သံသယတွေဝင်လာမယ်။ ဒီတစ်သက်မှာတော့ ကိုယ်တို့ ဘာ ကိုမှ ပြောင်းလဲနိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် ကိုယ်တွေးနိုင်တာရှိတယ်။ ဒီလို အဖုအထုံးလေးတွေ ဟိုနားကပွက်လိုက် ဒီနားကပွက်လိုက်ဆိုတော့ လူတချို့ အုပ်စုလေးတွေဖြစ်လာမယ်။ အုပ်စုဟာ တဖြည်းဖြည်းကြီးထွားလာမယ်။ ဒီတော့မှ ကိုယ်တို့ထားရစ်ခဲ့တာကို မျိုးဆက်သစ်က ဆက်သယ်သွားမယ်"

"မျိုးဆက် စိတ်ဝင်စားတယ်" သစ်ကို ကျွန်မစိတ်မဝင်စားဘူး။ ကျွန်မတို့အတွက်ပဲ စိတ်မဝင်စား။

ပါတီသြဝါဒများ၏ရိုက်ခတ်မှုကို ဂျူလီယာ စိုးစဉ်းမျှ အင်ဆော့၏ဥပဒေသများ၊ နှစ်ထပ်ကွမ်းအတွေး၊ အတိတ်ကိုပြောင်းလဲနိုင်စွမ်း၊ အရှိအရှိအတိုင်းဖြစ်နေသော အမှန်တရားကိုငြင်းခ သုံးစွဲရေးစသည်တို့ကို ဝင်စတန် တရားဟောလျှင် ဂျူလီယာ ဟိုလိုလို ဒီလိုလို အမှန်တရားကိုငြင်းဆိုခြင်း၊ ခေတ်သစ်အပြောနှင့် ငြီးငွေ့နေတတ်သည်။ ထိုအရာများကို လုံးဝဂရုမစိုက်ကြောင်း ဆင်ခြေ တန်သည်။

အားလုံးအမှိုက်တွေဖြစ်မှန်းသိနေမှတော့ ဘာများ အလေးထားနေ ရဦးမည်နည်း။ ဘယ်တော့အားပေးရမလဲ၊ ဘယ်တော့ရှုတ်ချရမလဲ၊ ဂျူလီယာ သိသည်။ လူတစ်ယောက်လိုအပ်သည်မှာ ဒါပဲ ဖြစ်၏။ ဝင်စတန်ကမပြီးသေး ဘဲ ဆက်ပြောလျှင် ဂျူလီယာ အိပ်ပျော်သွားသည်။ ဘယ်လိုအခြေအနေမျိုး၌ မဆို အချိန်မရွေး အိပ်ပျော်နိုင်သူများထဲ ဂျူလီယာတစ်ယောက်အပါအဝင် ဖြစ်သည်။

ဂျူလီယာ့ကိုပြောပြနေရင်းမှ ဝင်စတန်သိလာရသည်မှာ ရှေးရိုးစွဲ ဝါဒဆိုသည်ကို မိမိရရဘာမှမသိဘဲ ယင်း၏ သဘောသဘာဝကို တင်ပြဖို့ အင်မတန်လွယ်ကူနေသည်။ နားလည်နိုင်စွမ်းမရှိသည့်လူများအပေါ် ပါတီက ကမ္ဘာ့အမြင်များသွတ်သွင်းလျှင် အအောင်မြင်ဆုံးဖြစ်နေသည်။

အမှန်တရား ကိုဖြောင်အကျဆုံးချိုးဖောက်မှု- ထိုကိစ္စကို ထိုသို့သောနားလည် နိုင်စွမ်းခဲ့ လူများ လက်သင့်ခံနိုင်အောင် ပါတီကတတ်နိုင်စွမ်းသည်။ အကြောင်းမှာ ထို နားလည်နိုင်စွမ်းမဲ့လူများသည် သူတို့ထံမှပြန်တောင်းသော ရောမ ပြစ်မှုကို ဘယ်သောခါမှ သဘောမပေါက်ကြ။ ဘာတွေဖြစ်နေသလဲ သိရအောင်လည်း ပြည်သူ့ရေးရာများကို

ပြည့်ပြည့်ဝဝစိတ်မဝင်စား။ ဘာမှမသိသောကြောင့် စိတ် ကလည်းမှန်နေသည်။ အရာရာကို သည်အတိုင်းမျိုချထားကြသည်။ မျိုချထား သောအရာများက သူတို့ကို ဒုက္ခမပေး။ ဒုက္ခမပေးခြင်းမှာ အကြွင်းအကျန် မရှိသောကြောင့် ဖြစ်၏။ ငှက်ကလေး၏ အစာချေလမ်းကြောင်းတစ်လျှောက် မကြေပျက်ဘဲရှိနေသည့် ပြောင်းစေ့ပမာတည်း။

မျှော်လင့်ခဲ့ရသောအမှာစကားသည် နောက်ဆုံးတွင်ဆိုက်ရောက်လာခဲ့ပြီ။ တစ်ဘဝလုံးစောင့်စားခဲ့ရသလို ဝင်စတန်ထင်မိသည်။

ဌာန၏ ရှည်လျားသောကော်ရစ်ဒါပေါ် လျှောက်လာစဉ် ဂျူလီယာ ခလုတ်တိုက်ချော်လဲဟန် ဆောင်ပြီး သူ့လက်ထဲစာထည့်ပေးခဲ့သော နေရာသို့ ရောက်ခါနီးတွင် ဝင်စတန်သည် သူ့နောက်မှ လူထွားကြီးတစ်ဦးလိုက်လာ သည်ကို သတိထားမိလိုက်သည်။ ထို လူချောင်းဟန့်သံပေးသည်။ စကားပြော လိုခြင်း၏ခြေဆင်းဖြစ်ကြောင်း ထင်ရှားနေသည်။ အိုဘရိုင်ယန်။

နောက်ဆုံးတွင် သူတို့နှစ်ဦး မျက်နှာချင်းဆိုင်ဆုံတွေ့ကြရပြီ။ ဝင်စတန်၏တစ်ခုတည်းသော လှုံ့ဆော်မှုမှာ ထွက်ပြေးလိုခြင်းဖြစ်သည်။ သူ့နှလုံးက တရကြမ်းခုန်နေသည်။ စကားမပြောနိုင်မှာ စိုးရသည်။ အိုဘရိုင်ယန်ကတော့ သူ့ဆီလျှောက်လာနေပြီ။ သူ့လက်မောင်းကို ခင်ခင် မင်မင်လာကိုင်ပြီး နှစ်ယောက်သား ဘေးချင်း ယှဉ်လျက်သား ဆက်လျှောက် လာခဲ့ရင်း အိုဘရိုင်ယန်က ယဉ်ယဉ်ကျေးကျေးစကားစပြောသည်။ ထိုယဉ်ကျေးဘွယ်ရာ အမူအရာသည် အိုဘရိုင်ယန်အား အခြားဗဟိုပါတီ ဝင်များနှင့် ကွဲပြားခြားနားစေခြင်း ဖြစ်သည်။

"ခင်ဗျားနဲ့စကားပြောဖို့ အခွင့်အရေးကိုမျှော်နေတာဗျ။တစ်လောက တိုင်းမ်စ်သတင်းစာထဲ ခင်ဗျားရေးတဲ့ဆောင်းပါး ဖတ်လိုက်ရသေးတယ်။ ခေတ်သစ်ဘာသာစကားကို ခင်ဗျား ပညာရှင် ရှုထောင့်ကနေ စိတ်ဝင်စား နေပြီပေါ့"

ဝင်စတန် စောစောတုန်းကလောက် ကတုန်ကယင်မဖြစ်တော့။ "ပညာရှင်ရှုထောင့်အနေနဲ့တော့ မဟုတ်ပါဘူး။ အပျော်တမ်းလောက်ပါ။ ဒါ ကျွန်တော့်နယ်ပယ်မဟုတ်ဘူးလေ။ ဘာသာစကားတည်ဆောက်မှုက ကျွန်တော်နဲ့ ဘာမှမပတ်သက်ဘူး"

"ဒါပေမင့် ခင်ဗျားရေးပုံကတော့ တကယ့်အခန့်ဗျ။ ဒါ ကျုပ် တစ်ယောက်တည်းရဲ့ အမြင်မဟုတ်သေးဘူး။ ခင်ဗျားမိတ်ဆွေတစ်ယောက်နဲ့ တောင် စကားပြောဖြစ်သေးတယ်။ ဘာသာစကားပညာရှင်ပါပဲ။ သူ့နာမည် ခုလေးတင်မေ့သွားလို့"

ဝင်စတန် စိတ်ထဲမကောင်း။ ဆိုင်မီသည် သေသွားရုံတင် မဟုတ်၊ ဖျက်သိမ်းခံလိုက်ရခြင်း။ ပုဂ္ဂိုလ်မရှိဖြစ်သွားခြင်း။ ဆိုင်ငံ့ကို ရည်ညွှန်းပြီး ပြောဆိုသမျှသည် သေလောက်သောအန္တရာယ်ဖြစ်သည်။ အိုဘရိုင်ယန်၏ မှတ်ချက်သည် အချက်ပြလိုခြင်း၊ လျှို့ဝှက်သင်္ကေတပို့လိုခြင်း ဖြစ်နိုင်ပါသည်။ မနောကံရာဇဝတ်မှုကို မျှဝေခြင်းဖြင့်နှစ်ဦးစလုံး ကြံရာပါဖြစ်အောင်လုပ်ခြင်း ပင်ဖြစ်သည်။

ကော်ရစ်ဒါပေါ် နှစ်ဦးသားလမ်းဖြည်းဖြည်းလျှောက်ကြရင်း လမ်းခု

လတ်တွင် အိုဘရိုင်ယန် ရပ်သည်။ သူ၏ဂန္ထဝင်ဆန်သောမူပိုင်ဟန်အတိုင်း မျက်မှန်ကိုနှာရိုးပေါ်တွန်းတင်သည်။

"ကျုပ်ပြောချင်တာက ခင်ဗျားရဲ့ဆောင်းပါးထဲမှာ ကျုပ် သတိထားမိတာရှိတယ်။ ခေတ်ကုန်သွားတဲ့ဝေါဟာရ နှစ်လုံးပါနေတာ။ ခေတ်ကုန်သွားတာကတော့ ခုလေးတင်မှဖြစ်တာ။ ဒဿမအကြိမ် တည်းဖြတ်ထားတဲ့ ခေတ်သစ်အဘိဓာန်ကိုကြည့်ပြီးပြီလား"

"ဟင့်အင်း၊ မထွက်သေးဘူးထင်လို့။ မှတ်တမ်းဌာနထဲမှာ နဝမ အဘိဓာန်ပဲ သုံးနေပါတယ်" ဟု ဝင်စတန်ဖြေပေးသည်။

"ဒဿမကထွက်ဖို့လိုသေးတယ်။ ဒါပေမယ့် ကော်ပီတစ်ချို့ကို ဖြန့် နေပြီ။ ကျုပ်မှာ ကော်ပီတစ်အုပ်ရှိတယ်။ ကြည့်ချင်မလား မသိဘူး"

ဘယ်ကိုဦးတည်မှန်း ဝင်စတန်ချက်ချင်းမြင်လိုက်သည်။

"ဟာ၊ ကြည့်ချင်တာပေါ့ဗျာ"

"စာလုံးအသစ်တွေက တော်တော့်ကိုပညာသားပါတယ်။ လျှော့ချတဲ့ စာလုံးတွေက ကြိယာတွေ။ ခင်ဗျားတော့ သဘောကျမှာဗျ။ ဆိုတော့ကာ . . . လူလွှတ်ပြီး ခင်ဗျားဆီစာအုပ်ပို့ရမလား။ ဒါပေမယ့် ကျုပ်ကလည်း အမြဲ မေ့နေတော့၊ အဆင်ပြေတဲ့တစ်နေ့လောက် အိမ်ကိုလာခဲ့ပါလား။ နေဦး လိပ်စာပေးဦးမယ်"

တယ်လီစကရင်ရှေ့တွင် ဝင်စတန် တို့ရပ်နေခြင်းဖြစ်သည်။ အိုဘရိုင်ယန်ကတော့ အမှုမဲ့အမှတ်မဲ့ပင်။ အိတ်နှစ်လုံးထဲ လက်နှိုက်ရှာပြီး သားရေဖုံးမှတ်စုစာအုပ်နှင့် ရွှေအစစ် မင်စိုခဲတံတစ် ချောင်းထုတ်သည်။ လိပ်စာရေး၊ စာရွက်ဆွဲဆုတ်ပြီး ဝင်စတန့်ထံ ကမ်းပေးသည်။ တယ်လီစကင် အောက်တည့်တည့်မှ ထိုအနေအထားသည် အိုဘရိုင်ယန်ရေးသောစာကို တယ်လီစကင်ကကောင်းကောင်း ဖတ်နိုင်သည်။

"ကျုပ်က ညနေပိုင်းဆို အိမ်မြဲတယ်။ ကျုပ်မရှိလည်း အစေခံက စာအုပ်ယူပေးပါလိမ့်မယ်"

ပြောပြီး အိုဘရိုင်ယန်ထွက်ခွာသွားသည်။ လိပ်စာစာရွက် ပိုင်းလေး ကိုင်ပြီး ဝင်စတန်ကျန်ရစ်သည်။ သည်တစ်ကြိမ်တွင်မတော့ စာရွက်ကို ဝှက်စရာမလို။ စာရွက်ပေါ်ရေးထားသောလိပ်စာကို မှတ်မိအောင်လုပ်ပြီး သိပ်မကြာခင် အခြားစာရွက်များနှင့်အတူ မှတ်ဉာဏ်တွင်းထဲပစ်ချခဲ့သည်။

သူတို့စကားပြောချိန် အများဆုံးရှိလှ နှစ်မိနစ်သာ။ ဇာတ်ကွက် တစ်ခုဖြစ်နိုင်ပါ့မလားဟု ထင်စရာရှိသည်။ ဝင်စတန့်အား အိုဘရိုင်ယန်၏ လိပ်စာပေးသိလိုက်ခြင်း။ ထိုလုပ်ရပ်လိုအပ်သည်။ အကြောင်းမှာ လူ တစ်ယောက်၏ နေရပ်လိပ်စာကို တိုက်ရိုက်စုံစမ်းဖို့ ဘယ်နည်းနှင့်မှမဖြစ်နိုင်။ ဘယ်လိုအမျိုးအစားအတွက်မှ လမ်းညွှန်စာအုပ်မရှိချေ။ အိုဘရိုင်ယန် သူ့ကို ပြောခဲ့သည်မှာ "ငါ့ကို တွေ့ချင်ရင် တွေ့နိုင်တဲ့နေရာကဒီမှာ"၊ အဘိဓာန် စာအုပ်ထဲ သတင်းတစ်ခုခုပင်ဝှက်ထားနိုင်သည်။ မည်သို့ဆိုစေ သူအိပ်မက် မက်ခဲ့သော

နှစ်ဦးပူးပေါင်းကြံစည်မှုသည် ကေန်ရှိနေပြီ။ အစပ်နားကို သူယခုရောက်နေပြီ။

သူသိနေသည်မှာ အနေးနှင့်အမြန်ဆိုသလို အိုဘရိုင်ယန်၏ ဆင့် ခေါ်မှုကို သူနာခံရတော့မည်။ မနက်ဖြန်လည်းဖြစ်နိုင်သည်။ အကြာကြီးလည်း စောင့်ရနိုင်သည်။ မသေချာ။ လွန်လေပြီးသော နှစ်များကတည်းက ဖြစ်တည်ခဲ့သောဖြစ်စဉ်၏ လုပ်ဆောင်မှုအပိုင်းကိုရောက်လာခဲ့ခြင်းပင်။ ပထမခြေလှမ်း သည် လျှို့ဝှက်သိုသိပ်သော စိတ်အတွေး။ ဒုတိယခြေလှမ်းသည် ဒိုင်ယာရီ ဖွင့်ခြင်း။ အတွေးများကို စာလုံးအဖြစ်ပြောင်းလဲခဲ့သောသူ။ ယခုမူ စာလုံးမှ လုပ်ရပ်အဖြစ်ပြောင်းလဲရတော့မည်။ နောက်ဆုံးခြေလှမ်းသည် မေတ္တာ ဝန်ကြီးဌာနတွင် ဖြစ်ပေါ်လိမ့်မည်။ ထိုအဖြစ်ကို သူလက်ခံသည်။ နိဂုံးသည် နိဒါန်းထဲ ပါဝင်ပြီးဖြစ်၏။ ကြောက်စရာကောင်းသည်။ ပိုပြီး တိတိကျကျ ပြောရလျှင် မရဏကိုမြည်းစမ်းခြင်း။ မသေမရှင် ဖြစ်ရခြင်း။

အိုဘရိုင်ယန်နှင့်စကားပြောနေစဉ်မှာပင် စကားလုံးများ၏ အဓိပ္ပါယ် စိမ့်ဝင်ပျံ့နှံ့လာသည်နှင့် သူ့တစ်ကိုယ်လုံးကြက်သီးထလာခဲ့ပုံမှာ သင်္ချိုင်းဂူ၏ စွတ်စိုထိုင်းမှိုင်းမှုထဲ ခြေတစ်လှမ်းချလိုက် ရသည့်နှယ်ရှိသည်။ ဘယ်တော့မှ လည်း စိတ်သက်သာရာမရခဲ့။ အကြောင်းမှာ သူ့အတွက်မြေကျင်း အသင့် တူးထားပြီးဖြစ်သည်ကို သူအမြဲတမ်းသိနေခဲ့သည်။

မျက်ရည်များရွဲလျက် ဝင်စတန် အိပ်ရာမှနိုးလာသည်။ ဂျူလီယာက အိပ်ချင်မူးတူးဖြင့် သူ့ဘက်လှိမ့်လာကာ ဗလုံးဗထွေးပြောနေသည်။ "ဘာဖြစ်လို့လဲ" ဟုမေးခြင်းဖြစ်နိုင်သည်။

"ကိုယ်အိပ်မက်မက်တယ်" ဟုပြောပြီးမှ သူချက်ချင်းနှုတ်ဆွံ့သွားသည်။ အိပ်မက်ကို စကားလုံးများဖြင့်ချပြဖို့ရာ သိပ်ရှုပ်ထွေးနေသည်။ အိပ်မက်သည်လည်း သီးသန့်ရှိနေသည်။ ထိုအိပ်မက်နှင့်ဆက်စပ်နေသော မှတ်ဉာဏ်သည်လည်း အိပ်ရာမှနိုးနိုးချင်း အာရုံထဲပေါ်လာသည်။

မျက်လုံးမှိတ်ထားပြီး အိပ်မက်ကိုပဲအာရုံသွင်းနေသည်။

မိုးရွာပြီးစ နွေညချမ်း၏ရှုခင်းပမာ သူ့ရှေ့၌ သူ့ဘဝတစ်ခုလုံး အလျားဆန့်နေသော လင်းကျင်းကျယ်လွင့်နေသည့်အိပ်မက်။ စက္ကူဖိဖန်တုံး လေးထဲ အားလုံးပါဝင်သည်။ ကောင်းကင်ခုံးခုံး၊ ဆုံးစမရှိမြင်သာသော အလင်း ကြည်ကြည်၊ သူ့မိခင်၏လက်မောင်း အနေအထား၊ နောင်နှစ်ပေါင်း သုံးဆယ် အကြာတွင် ရုပ်ရှင်ထဲ ထို လက်မောင်းအနေအထားကို ပြန်မြင်ခဲ့ရသည်။ ကောင်ကလေးကို ဖက်ပြီး ကျည်ကာပေးဖို့ ဂျူးအမျိုးသမီးကြီးစား နေသော် လည်း ရဟတ်ယာဉ်က နှစ်ယောက်စလုံးကို တစ်စစီချေမှုန်းခဲ့သည်။

"အဲဒီအချိန်ထိ ကိုယ့်အမေကို ကိုယ်သတ်ခဲ့တာ"

"ဘာဖြစ်လို့သတ်တာလဲ" ဟု ဂျူလီယာမေးပြီး အိပ်ပျော် သွားသည်။

"ကာယကံမြောက် ကိုယ်ထိလက်ရောက်သတ်တာတော့ ဘယ်ဟုတ်မလဲ"

အိပ်မက်ထဲတွင် အမေ၏နောက်ဆုံးအကြည့်တစ်ချက်ကို သူမမေ့ သေး။ နိုးလာတော့ ထိုအကြည့်တစ်ချက်နှင့် ပတ်သက်ဆက်နွှယ်နေသော အဖြစ်အပျက်လေးများ အတွဲလိုက်အတွဲလိုက် ပြန်ပေါ်လာသည်။ ကုန်လွန်ခဲ့ သောနှစ်များတစ်လျှောက် သူ့သိ စိတ်ထဲမှ အတင်းကာရောမောင်း ထုတ်ထားသော အတိတ်အမှတ် တရ။ ရက်စွဲကိုတော့ သူမသေချာ။ သို့သော် သူဆယ်နှစ် သားထက် မငယ်။ ဆယ့်နှစ်နှစ်သားလောက်အရွယ်ကဖြစ်၏။

အဖေက စောစောကတည်းကပျောက်သွားခဲ့သည်။ ဘယ်လောက် ကြာပြီကိုမူ သူမမှတ်မိ။ ထိုစဉ်က ဗရုတ်ဗရက်နှင့် မငြိမ် သက်သောခေတ်အခါ ကို သူပိုမှတ်မိသည်။ လေကြောင်းတိုက်ခိုက်မှုဝင်တိုင်း မြေအောက်ဘူတာရုံ ထဲ ပြေးပြေးပုန်းရသည်။ ကြည့်လေရာရာ အမှိုက်ပုံချည်းသာ။ လမ်းထောင့် များတွင် ဘာမှန်းမသိ ရေးထားသော ကြေငြာချက်များ။ ရုပ်အင်္ကျီဆင်တူ ဝတ်သောဂိုဏ်းလည်း ရှိသည်။ မုန့်ဖုတ်ဆိုင်ရှေ့တွင် လူတန်းကြီးအုံခဲနေသည်။ အဝေးမှစက်သေနတ်သံ တဒက်ဒက်ကိုလည်း ပြတ်တောင်းပြတ် တောင်းကြားရသည်။ အားလုံးအားလုံးထက် တကယ့်အမှန်တရားမှာ စားရေး သောက်ရေး အမြဲချို့တဲ့နေခြင်းဖြစ်သည်။ အခြားကောင်လေးများနှင့်အတူ

အမှိုက်ပုံတွေ အမှိုက်ပုံးတွေထဲ မွှေနှောက်မှောက် လှန်ခဲ့ရပုံကို သူမမေ့သေး။ ဂေါ်ဖီရိုး၊ အာလူးခွံနှင့် ရက်လွန်ပေါင်မုန့်ပိုင်းများ ကောက်ခဲ့ကြသည်။

အဖေပျောက်သွားတော့ အမေအံ့ဩသွားပုံမရ။ ပူဆွေးဝမ်းနည်းခြင်းလည်းမဖြစ်။ သို့သော် လှန်ပစ်လိုက်သလိုပြောင်းလဲသွားသည်။ သည် စိတ်ဓာတ်အင်အားလုံးလုံးမရှိတော့။ သိနေပြီးသော နောင်လာလတ္တံ့ သောဖြစ်ရပ်ကိုသာ အမေစောင့်စားနေခဲ့သည်။ လုပ်စရာရှိသမျှ အမေလုပ်သည်။ ချက်စရာရှိချက်၊ လျှော်စရာရှိလျှော်၊ အိပ်ရာပြင်ပေးသည်။ တံမြက်လှည်းသည်။ မီးလင်းဖိုကို ဖုန်သုတ်သည်။ သို့သော် သွက်သွက်လက်လက် အင်တိုက်အားတိုက်မဟုတ်ဘဲ တလှုပ်လှုပ်နှင့်သာလုပ်နေသည်။ အမေ၏ အဆက်အပေါက်ကောင်းသော ခန္ဓာကိုယ်သည် သူ့အလိုလို အရုပ်ကြိုးပြတ် ငြိမ်သက်သွားသည်။ အိပ်ရာပေါ်တွင် နာရီနှင့် ချီပြီးထိုင်ကာ ဝင်စတန့် ညီမလေးကို ပြုစုနေတတ်သည်။ နှစ်နှစ် သုံးနှစ်လောက်ရှိမည့် ဝင်စတန့် နှမကလေးသည် ရှုနာရှိုက်ကုန်း သေးသေးကွေးကွေးလေးဖြစ်ပြီး ပိန်လွန်း၍ မောက်မျက်နှာလို ခွက်ဝင်နေသည်။ အမေသည် ဝင်စတန့်ကိုလည်း ကြာမြင့် စွာဖက် ထားတတ်သည်။ စကားတော့မပြော။ ထိုအပြုအမူသည် လာတော့ မည့်ဖြစ်ရပ်နှင့်ပတ်သက်နေမှန်း ဝင်စတန်သည် ငယ်သာငယ်သော်လည်း သိနေခဲ့သည်။

ငယ်ငယ်ကနေခဲ့ရသည့်အခန်းကိုလည်း သူမမေ့သေး။ မှောင်မိုက် သောအခန်းထဲ အိပ်ရာခင်းဖြူဖြူခင်းထားသော အိပ်ရာက နေရာတစ်ဝက်ယူ ထားသည်။ နံရံကပ်ကြောင်အိမ်တစ်လုံးနှင့် သတ္တုဘောင်ပေါ်မှ ဓာတ်ငွေ့ မီးဖို။ အခန်းအပြင်မှ လှေကားခုံတွင် အများသုံးမြေထည်လက်ဆေးဇလုံ။ ထိုမျှသာ။

ဖိုပေါ်တင်ထားသောဒယ်အိုးကိုမွှေစဉ် အမေ၏ ကျောက်ဆစ်ရုပ် ခန္ဓာကိုယ် ကိုင်းနေပုံကို ဝင်စတန်မှတ်မိနေသည်။ အရာအားလုံးထက် ဝင်စတန်အမှတ်မိဆုံးမှာ သူထာဝရဆာလောင်နေခဲ့ခြင်း။ ထမင်းစားချိန် ရောက်တိုင်း အမေ့ကို သူဂျီတိုက်သည်။ အော်သည်။ ဒေါသပုန်ထသည်။ ဝေစုထက်ပိုရအောင် ပပ်ချွဲနပ်ချွဲအသနားခံတတ်သည်။ အမေကလည်း သူ့ကို အမြဲတမ်းပိုကျွေးချင်ခဲ့သည်။ သူဆိုသော 'ကောင်လေး'က အများဆုံးရသင့် သည်ဟု အမေအမြဲ ယူမှတ်ခဲ့သည်။ သို့တစေ အမေဘယ်လောက်ပို ကျွေးကျွေး သူကတော့ အမြဲအစာတောင်းခဲ့သည်။ ထမင်းစားတိုင်း သူ့ကို ချော့ရသည်။ တစ်ကိုယ်ကောင်းမဆန်ဖို့၊ နေမကောင်းသည့် ညီမလေးကို ညှာဖို့။

အမေက သူ့ပန်းကန်ထဲ အထည့်ရပ်လိုက်သည်နှင့် သူဒေါသတကြီးအော်သည်။ ဒယ်အိုးနှင့်ဇွန်းကို အမေ့လက်ထဲမှ ဆွဲလုသည်။ နှမလေး၏ ပန်းကန်ထဲမှနှိုက်သည်။ ထိုလုပ်ရပ်သည် အမေတို့သားအမိကို ငတ်သေအောင်လုပ်မှန်း သူသိသော်လည်း သူဘာမှမတတ်နိုင်။ သူ့မှာ လုပ်ပိုင်ခွင့် ရှိသည်ဟုပင် ထင်မိသည်။ ဆာလွန်း၍ အူတကြုတ်ကြုတ်ဖြစ်နေခြင်းကြောင့် သူ့အတွက်တရား မျှတနေသယောင်ရှိသည်။ အမေ့အလစ်တွင်လည်း နံရံကပ်

ကြောင် အိမ်ထဲမှ သူ ခိုးစားမြဲ။

တစ်ရက်တော့ ချောကလက်ရာရှင်ကိုထုတ်ပြန်သည်။ ထို ရာရှင် မျိုးမရသည်မှာ ရက်ပေါင်းလပေါင်းမနည်းတော့။ ချောကလက်ဆိုသော နတ်သြဇာတစ်လုပ်စာလေးကို သူကောင်းကောင်းမှတ်မိသည်။ သုံးယောက်စာ အတွက် နှစ်အောင်စချောကလက်တစ်ပြားရသည်။ (ထိုခေတ်က အောင်စကို သုံးစွဲဆဲဖြစ်သည်။) ချောကလက်ပြားကို သုံးပိုင်းအညီအမျှ ပိုင်းရမည်မှာ ရှင်းလင်းပါသည်။ ချက်ချင်းလိုပင် ဝင်စတန်သည် သူများစကားနားထောင် လိုက်ရသလို စိတ်ထဲ ချောကလက်တစ်ခုလုံး သူရသင့်သည်ဟုကြားလိုက်ရသည်။ အမေက လောဘမကြီးဖို့ပြောသည်။ အမေနှင့်သူ အော်ကြီးဟစ်ကျယ် ဖြစ်သည်။ မျက်ရည်များ၊ ဆန္ဒပြခြင်းများ၊ အပေးအယူများ၊ ဂျီကျခြင်းများ-မပြီးတော့။ အမေ့ကိုလက်နှစ်ဖက်လုံးနှင့် ဖက်တွယ်ထားသော သူ့နှမလေး သည် မျောက်သားပေါက်နှင့်ချွတ်စွပ်တူနေသည်။ သူ့အားမျက်လုံးဝိုင်းကြီးများ ဖြင့် စိတ်မချစွာကြည့်နေလေသည်။

အဆုံးတွင် အမေသည် ချောကလက်ပြားကိုချိုးပြီး လေးပုံ သုံးပုံ အပိုင်းကို သူ့အားပေးသည်။ ကျန်လေးပုံတစ်ပုံအပိုင်းကို သူ့နှမလေးအား ပေးသည်။ သူ့နှမလေးက ချောကလက်ကိုဘာမှန်း သိပုံမရ။ လက်ထဲကိုင်ထားပြီး ကြည့်နေစဉ် ဝင်စတန် ဇတ်ခနဲ ဆွဲလုပြီး တံခါးမှထွက်ပြေးသည်။

“ဝင်စတန်၊ ဝင်စတန်၊ ပြန်လာခဲ့။ ညီမလေးကို ချောကလက်ပြန်ပေးလိုက်''

အမေကအော်ခေါ်တော့ သူရပ်ပြီးလှည့်ကြည့်သည်။ အမေ့၏ ပူပန် သောမျက်လုံးများ သူ့မျက်နှာပေါ်ရှိနေသည်။ သူ့နှမလေးသည် တစ်ခုခု လု ယူခံရပြီကိုသိပြီး တအဲ့အဲ့ငိုသည်။ နှမလေးကို အမေပွေ့ပြီး ရင်ခွင်ထဲဆွဲသွင်း ထားသည်။ သူ့နှမလေးသေတော့မည်ကို အမေ့အမူအရာထဲမှ တစ်ခုခုက ပြောပြနေသည်။ စေးကပ်သောချောကလက်ကို လက်ထဲကိုင်ပြီး လှေကားကိုသူပြေးဆင်းသည်။

ထိုစဉ်ကတည်းက အမေ့ကိုသူမတွေ့ရတော့။ ချောကလက်ကို အာသာငမ်းငမ်းစားပြီးသည်နှင့် သူရှက်စိတ်တစ်မျိုးဝင်ကာ ပေတေပြီး တနေကုန်လျှောက်လည်နေသည်။

ဝမ်းဟာလာမှ အိမ်ပြန်လာသည်။ အိမ်ပြန်ရောက်တော့ အမေ့ကို မတွေ့တော့။ အမေနှင့်နှမလေး မရှိတော့သည်မှလွဲ၍ တစ်ခန်းလုံး ဘာမှ အရာမယွင်း။ အဝတ်အစားလည်း ပါမသွားကြ။ အမေ့ကုတ်အင်္ကျီလေး ပင်မပါ။ ယနေ့ထိ သူ့အမေ သေသလားရှင်သလား သူသေချာမသိခဲ့။ အလုပ် ကြမ်းစခန်းအပို့ခံရခြင်းလည်း ဖြစ်နိုင်သည်။ နှမလေးကတော့ ဝင်စတန့်လိုပဲ ဖယ်ရှားခြင်းခံရ ပေလိမ့်မည်။ မိဘမဲ့ကျောင်းအပို့ခံရမည်။ (သူတို့အခေါ် ကယ်ဆယ်ရေးကျောင်း) မဟုတ်ပါကလည်း အမေနှင့်အတူ အလုပ်ကြမ်း စခန်းပါသွားလိမ့်မည်။ မဟုတ်ပါကလည်း တစ်နေရာရာတွင် စွန့်ပစ်ခံရပြီး

သေဆုံးသွားလိမ့်မည်။

အိပ်မက်သည် သူ့စိတ်ထဲအရောင်အသွေးစုံလင်နေဆဲ။ အထူး သဖြင့် ကာကွယ်ပေးထားသော လက်မောင်းအနေအထား။ လွန်ခဲ့သောနှစ်လ က သူမက်ခဲ့သည့်အိပ်မက်ကို သတိရမိပြန်သည်။ ကလေးတွဲလောင်းနှင့် အမေသည် ရေနစ်နေသော သင်္ဘောခန်းလေး ထဲမှနေ၍ သူ့ကိုမော့ကြည့်နေသည်။ ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွားစဉ် မှောင်မည်းသောရေထု အောက်မှနေ၍ အမေသည် သူ့ကိုမော့ကြည့်နေလေသည်။

အမေပျောက်သွားပုံကို ဂျူလီယာ့အား သူပြောပြသည်။ ဂျူလီယာ မျက်လုံးဖွင့်မကြည့်ဘဲ အိပ်ရာပေါ်လှိမ့်သည်။

"အဲဒီတုန်းက ရှင်ကတကယ့်ဝက်စုတ်လေးနေမှာ။ ကလေး မှန်ရင် ဝက်ချည်းပါပဲ"

"ဟုတ်တယ်လေ။ ဒါပေမယ့် ဒီဇာတ်လမ်းရဲ့အဓိကအချက်က-"

ဂျူလီယာပြန်အိပ်ပျော်သွားပြီကို အသက်ရှူပုံအရ ဝင်စတန် သိလိုက်သည်။ အမေ့အကြောင်း စကားတွေပြောချင်သေးသည်။ အမေ့ကို သူများနှင့် မတူ တမူထူးခြားသောမိန်းမဟု သူမဆိုလို။ အမေ့ကို ဉာဏ်ကောင်းသည်ဟုပင် သူမယူဆ။ သို့တိုင် အမေသည် တစ်မျိုးတစ်ဖုံ အထက်တန်းကျနေသည်။ သန့်စင်ခြင်းတစ်မျိုး ဖြစ်၏။ အမေ့စိတ်ခံစားချက်သည် ကိုယ်ပိုင်ခံစားချက် ဖြစ်နေသည်။ ပြင်ပ ပယောဂကြောင့် ပြောင်းလဲမသွား။ အလုပ်တစ်ခုသည် အကျိုးကျေးဇူးမရှိပါက အလကားသာဖြစ်၏။ အမေကတော့ တွေးမိပုံမရ။ လူတစ်ယောက်ကိုချစ်လျှင် ချစ်မြဲချစ်နေသည်။ ဘာမှ ပေးစရာမရှိလည်း အချစ်ပဲပေးနေသည်။ ချောကလက်လေးမရှိတော့သော်လည်း ကလေးကို ထွေးပွေ့ထားသည်။ ထွေးပွေ့ထားရုံဖြင့် ဘာမှပြောင်းလဲမလာ။ ထွေးပွေ့ ထားရုံဖြင့် ချောကလက်ထွက် မလာ။ ကလေး၏သေခြင်းတရားနှင့် ကိုယ်တိုင် ၏သေခြင်းတရားကို ပြောင်းလဲမပေးနိုင်။ သို့သော် ထွေးပွေ့ထားခြင်းသည် အမေ့အတွက် သဘာဝကျနေသည်။ ဒုက္ခသည်လှေပေါ်မှ အမျိုးသမီးက ကောင်လေးကို လက်မောင်းဖြင့်ကျည်ကာပေးသလိုဖြစ်၏။

ပါတီလုပ်ပုံက ကြောက်စရာကောင်းသည်။ ရုပ်ဝတ္ထုကမ္ဘာတစ်လွှား သင့် စွမ်းအားအလုံးစုံကို ခားပြတိုက်ယူပြီးမှ သင့်စိတ်၏စေ့ဆော်မှု၊ ခံစားမှုများ သည် ဘာမှထည့်သွင်းစဉ်းစားစရာမဟုတ်ဟု သွေးဆောင်ဖြားယောင်းခဲ့ခြင်း ပင်။ ပါတီ၏လက်ခုပ်တွင်းကို သင် တစ်ကြိမ်လောက် ရောက်သွားသည်နှင့် သင်ခံစားရသမျှ၊ သင်မခံ စားရသမျှ၊ သင်လုပ်သမျှ၊ သင်မလုပ်သမျှ၊ ဘာမှ ကွဲပြားခြားနားခြင်းမရှိတော့။ ဘာကြီးပဲဖြစ်ဖြစ် သင်ကပျောက်ဆုံးသွားမည်။ သင်နှင့်တကွ သင့်လုပ်ရပ်များ နောင်ဘယ်တော့မှမကြားရတော့။ ရာဇဝင် သမိုင်းကြောင်းဟူသော မြစ်ထဲမှ သင့်ကိုဆွဲထုတ်လိုက်ကြသည်။

ရှေ့မျိုးဆက်နှစ်ဆက်အတွက်ကမူ ထိုအဖြစ်များသည် ဘာမှ အရေး မကြီး။

အဘယ်ကြောင့်ဆိုသော် သူတို့သည် သမိုင်းကိုပြောင်းလဲဖို့ မကြိုးစားခဲ့။ လူသားချင်းသစ္စာရှိမှုက သူတို့ကိုအုပ်ချုပ်ထားသည်။ သူတို့ကလည်း ပြန်လည် စစ်ကြောမနေ။ အရေးကြီးသည်မှာ တစ်ဦးချင်းစီ၏ဆွေမျိုးတော်စပ်မှုနှင့် ဘာမှသုံးမရသောအပြုအမူတို့သာဖြစ်၏။ ပွေ့ဖက်ခြင်း၊ မျက်ရည်၊ သေလု မျောမျောလူကို စကားပြောခြင်း။ ထိုအခြေအနေမျိုးတွင် ပစ္စည်းမဲ့လူများကျန် ပါသေးကလားဟု ဝင်စတန် ဖျပ်ခနဲသတိရသည်။ ပစ္စည်းမဲ့များသည် ပါတီကိုသစ္စာစောင့်သိခြင်းမဟုတ်။ ပါတီ၊တိုင်းပြည်၊အတွေးအခေါ်၊ စသည်တို့ကို သစ္စာစောင့်သိခြင်းမဟုတ်ဘဲ အချင်းချင်း သစ္စာရှိခြင်းသာ ဖြစ်၏။ ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ပစ္စည်းမဲ့များကို သူမမုန်းတော့ပြီ။ တစ်နေ့ နေ့တစ်ချိန်ချိန်တွင် သူတို့တတွေ သက်ဝင်လှုပ်ရှားလာကြပြီး ကမ္ဘာသစ်ကို ဖော်ထုတ်ကြလိမ့်မည်။ သူတို့တတွေသည် စွမ်းအားသေများမဟုတ်ဟု ခုမှ သူတွေးမိသည်။

ပစ္စည်းမဲ့များသည် လူသားအဖြစ်ကျန်ရစ်ခဲ့ကြသည်။ အတွင်းပိုင်း မာကျောမလာကြ။ ရှေးဦးစိတ်ခံစားချက်များကို သူတို့ တွယ်ဖက်ထားဆဲ ဖြစ်သည်။ သူကတော့ ထိုခံစားချက်ကို တမင်ကြိုး ပြန်သင်ယူရဦးမည်။ ယခုမှ သတိရသည်။ ဘာမှမကြာသေးခင်က လက်ပြတ်တစ်ဖက်ကို ရေမြောင်းထဲ သူ ကန်ချခဲ့သေးသည်။ ဂေါ်ဖီရိုးကို ကန်ချသလို သူဘယ်လိုမှမနေခဲ့။

"ပစ္စည်းမဲ့တွေကမှ လူသားတွေ။ ငါတို့ကလူသားမဟုတ်ဘူး" သူကျယ်ကျယ်ပြောလိုက်တော့ ဂျူလီယာ တစ်ဖန် နိုးလာသည်။ "ဘာဖြစ်လို့"

သူတစ်အောင့်စဉ်းစားသည်။ "ဂျူလီယာတွေးမိလား။ ကိုယ်တို့ အတွက် အကောင်းဆုံးကတော့ သိပ်နောက်မကျခင် ဒီထဲက မြန်မြန်ထွက်ပြီး နောင်ဘယ်တော့မှ မတွေ့ကြဖို့ပဲ"

"ဟုတ်တော့ဟုတ်တာပေါ့။ ကျွန်မလည်း ဒီလိုပဲတွေးမိတယ်။ ဒါပေမယ့်ဖြစ်ချင်တာဖြစ်၊ ကျွန်မ မလုပ်ဘူး"

"ကိုယ်တို့ကံကောင်းပါတယ်။ ဒါပေမယ့် အဲဒီကံက သိပ်ကြာကြာ ခံမှာမဟုတ်ဘူး။ ဂျူလီယာက ငယ်သေးတယ်။ ပုံမှန်ဖြစ်နေတယ်။ အပြစ် မရှိဘူး။ ကိုယ့်လိုလူစားနဲ့ ကင်းကင်းနေနိုင်ရင် နောက်ထပ်နှစ်ငါးဆယ် လောက် လူ့ပြည်မှာ နေလို့ရသေးတယ်"

"ဟင့် အင်း၊ ကျွန်မစဉ်းစားပြီး ပြီ။ ရှင်လုပ်သလိုပဲ ကျွန်မ လုပ်မယ်။ သိပ်လည်းစိတ်ဓာတ်မကျပါနဲ့။ ရှင်သန်နေထိုင်သွားဖို့ဆိုရင် ကျွန်မက ပိုကောင်းနေရော"

"ကိုယ်တို့နှစ်ယောက် နေရလှ ခြောက်လ-တစ်နှစ်ပေါ့ကွာ။ အဆုံး တစ်နေ့မှာ ခွဲရမှာသေချာတယ်။ အဲဒီအခါကျရင် ဘယ်လောက်တောင် အထီးကျန်လိုက်မလဲ။ ကိုယ်တို့ကိုမိသွားပြီဆိုတာနဲ့ အားလုံးကုန်ပြီ။ တစ်ယောက်ကို တစ်ယောက် မကယ်နိုင်တော့ဘူး။ ကိုယ်ကဝန်ခံလိုက်ရင် သူတို့က ဂျူလီယာ့ကို

ပစ်သတ်မယ်။ ကိုယ်က ဝန်မခံဘူးဆိုရင်လည်း ပစ်မှာပဲ။ မထူးဘူး။ ကိုယ်လုပ်ပေးနိုင်တာ ဘာမှမရှိဘူး။ ကိုယ်ပြောနိုင်တာလည်း မရှိဘူး။ မပြောဘဲ ထိန်းချုပ်ထားနိုင်တာလည်း မရှိဘူး။ ငါးမိနစ်လောက်နဲ့တင် ဂျူလီယာ့ကို သေတွင်းပို့ပြီးသားဖြစ်မယ်။ ကိုယ်တို့အချင်းချင်းတောင် သေသလား၊ရှင် သလား သိရမှာ မဟုတ်ဘူး။ နောက်တစ်ချက်က ကိုယ်တို့အချင်းချင်း သစ္စာ မဖောက်သင့်ဘူး။ ရလဒ်နည်းနည်းလေး ပြောင်းသွားမယ်ဆိုရင်တောင် သစ္စာ မဖောက်သင့်ဘူး"

"ဝန်ခံတာကိုပြောတာလား။ ဒါကတော့လုပ်ရမှာပဲ။ လူတိုင်း ဝန်ခံကြတယ်။ ဝန်မခံလို့မရဘူး။ သူတို့ကနှိပ်စက်တယ်"

"ဝန်ခံတာကိုပြောတာမဟုတ်ဘူး။ ဝန်ခံတာဟာ သစ္စာဖောက်တာ မဟုတ်ဘူး။ ပြောတာဆိုတာ လုပ်တာကိုင်တာတွေဟာ ဘာမှအရေးမကြီးဘူး။ အရေးကြီးတာက ခံစားချက်။ သူတို့လုပ်လို့ ကိုယ်က ဂျူလီယာ့ကိုမချစ်တော့ ဘူးဆိုရင် ဒါဟာတကယ်သစ္စာမဲ့တာ"

ထိုအချက်ကို ဂျူလီယာစဉ်းစားသွားသည်။ "သူတို့ မလုပ်နိုင်ပါဘူး။ သူတို့မလုပ်နိုင်တာဟာ ဒါပဲ။ ပါးစပ်က ပြောချင်ရာပြောလာအောင် သူတို့ လုပ်လို့ရတယ်။ စိတ်ထဲကယုံလာအောင်တော့ လုပ်လို့မရဘူး။ သူတို့က စိတ်ထဲ မှမဝင်နိုင်တာ"

"ဟုတ်တယ်။ မဝင်နိုင်ဘူး။ သိပ်မှန်တာပေါ့။ စိတ်ထဲကို မဝင်နိုင် ဘူး။ လူပီသစွာနေတာဟာ နေရကျိုးနပ်တယ်ဆိုရင် ဒီအတွက် ဘာရလဒ်မှ ထွက်မလာဘူးဆိုရင်တောင် သူတို့ကိုနိုင်တာ ပါပဲ"

ဘယ်တော့မှ အသံဖမ်းယူမှု ရပ်မထားသော တယ်လီစက် အကြောင်းတွေးမိသည်။ တယ်လီစက်သည် သင့်ကို နေ့ညမပြတ် ထောက်လှမ်း နေသည်။ သို့သော် သင့်ဦးနှောက်ကို ထိန်းသိမ်းထား မည်ဆိုလျှင် သင်က တယ်လီစက်ကိုအသာရမည်။ လူသားတစ်ယောက် ဘာတွေ တွေးတောနေ သလဲ၊ သူတို့၏ပါးနပ်မှုမှန်သမျှနှင့် ထိုကိစ္စကိုတော့ အဖြေမရှာနိုင်။ သူတို့လက်ထဲ သင်ရောက်နေလျှင်တော့ ထိုအချက် နည်းနည်းအားပျော့နိုင်သည်။

မေတ္တာဝန်ကြီးဌာနထဲ ဘာတွေဖြစ်နေသလဲသိဖို့ရာမလွယ်။ ခန့်မှန်းကြည့်ရုံသာ တတ်နိုင်သည်။ အိပ်ရေးပျက်ခြင်း၊ အထီးကျန်ခြင်း၊ မေးခွန်းများဖြင့် အဆက်မပြတ်နှိပ်စက်ခြင်းစသည်တို့ကြောင့် တဖြည်းဖြည်း လုံးပါးပါးလာရခြင်းအပြင် ညှဉ်းဆဲခြင်း၊ မူးယစ်ဆေး၊ အာရုံကြောတုံ့ပြန်မှုများ ကို မှတ်တမ်းတင်သော အဆင့်မြင့်စက်များ။ ဤသို့ဖြင့် အမှန်တရားကို အနှေး နှင့်အမြန် ဝန်ခံရတော့သည်။ သို့သော် မိမိရည်ရွယ်ချက်သည် အသက်ရှင် သန်ဖို့မဟုတ်၊ လူပီသဖို့ဆိုလျှင် သူတို့ဘယ်လောက်ပဲအစွမ်းကုန် နှိပ်စက်နှိပ်စက်၊ ဘာကိုများ ပြောင်းလဲစေမည်နည်း။ သင့်ခံစားချက်ကို သူတို့ပြောင်းလဲ ပေး၍မရ။ သူတို့ကိုလည်း သင်ကပြောင်း လဲပေး၍မရ။ သင်လုပ်သမျှ၊ သင် ပြောသမျှ၊

သင်တွေးသမျှ အားလုံးကို သူတို့က အသေးစိတ်ဖွင့်ချမည်။ သို့သော် သင်ကိုယ်တိုင် နားလည်ရခက်သော သင့်နှလုံးသား၏အတွင်းပိုင်းကို သူတို့ သည် မထိုးဖောက်မလှန်သာဘဲ ရှိနေလိမ့်မည်

လုပ်နိုင်ခဲ့ပြီ။ နောက်ဆုံးမတော့ သူတို့လုပ်နိုင်ခဲ့ပြီ။

သူနှင့်ဂျူလီယာတို့သည် ရှည်လျားသောအခန်းတစ်ခန်းထဲ ရောက်နေသည်။ အခန်းထဲ၌ မီးမှိန်မှိန်ထွန်းထား၏။ တယ်လီစကင်မှ အသံသည် သဲ့သဲ့မျှသာ။ အရောင်စိုစိုနက်ပြာရောင်ကော်ဇောသည် နင်းလှည့်ပါဟု ဖိတ် ခေါ်နေသည်။ အခန်း၏ဟိုဘက်အစွန်တွင် အိုဘရိုင်ယန်သည် အစိမ်းရောင် မီးအုပ်ဆောင်းအောက်ဝယ် စားပွဲပေါ် စာရွက်ပုံများခြံရံလျက် ထိုင်နေသည်။ အစေခံက ဂျူလီယာနှင့် ဝင်စတန်တို့ကို အခန်းထဲခေါ်လာစဉ် အိုဘရိုင်ယန် မော့ကြည့်ဖော်ပင်မရ။

စကားပြောနိုင်ပါ့မလားဟု ဝင်စတန် ရင်တွေပန်းတွေ တုန်နေသည်။ သူတွေးနိုင်သမျှအကုန်မှာ ‘လုပ်နိုင်ခဲ့ပြီ၊ လုပ်နိုင်ခဲ့ပြီ” ဟူ၍သာ။ ဤနေရာကို ရောက်လာခဲ့ခြင်းသည် အဆင်ခြင်မဲ့သော လုပ်ရပ်။ ဂျူလီယာနှင့်အတူ ရောက်လာခြင်းသည် ရူးခြင်း သက်သက်။ သူနှင့်ဂျူလီယာတစ်ယောက်တစ် လမ်းစီလာခဲ့ပြီးမှ အိုဘရိုင်ယန့်အိမ်တံခါးဝ လာဆုံခြင်းဖြစ်သည့်တိုင် ယခုလို နှစ်ယောက်အတူရှိနေခြင်းသည် သွက်သွက်ခါနေခြင်းဖြစ်၏။

သို့သော် ယခုလိုနေရာမျိုးကို လျှောက်ဝင်လာဖို့ဆိုသည်မှာ မိမိကိုယ်ကို တင်းထားနိုင်မှဖြစ်သည်။ ဗဟိုပါတီဝင်များနေထိုင်သော အိမ်ယာတွင်း ကိုမြင်ရဖို့၊ ၎င်းတို့၏ရပ်ကွက်တွင်း ထိုးဖောက်နိုင်ဖို့ဆိုသည်မှာ ရှားတောင့် ရှားပါး အခွင့်အရေးဖြစ်၏။ တိုက်တန်းကြီးတစ်ခုလုံး၏ အငွေ့အသက်၊ စိုပြေခြင်း၊ ကျယ်ကျယ်ဝန်းဝန်းရှိခြင်း၊ စားကောင်းသောက်ကောင်းတို့၏ မွှေးရနံ့၊ အကောင်းစား ဆေးရွက်ကြီးရနံ့၊ မယုံနိုင်လောက်သောအလျင်ဖြင့် တက်ချည် သက်ချည်ရှိနေသော အသံလုံဓာတ်လှေကားများ၊ ကသုတ်ကရက် ပြေးလွှားနေသော အဖြူရောင်ဝတ်အစေခံများ- အရာအားလုံးသည် မင်တက်အံ့သြစရာ ကြီးဖြစ်နေသည်။

ဤနေရာကိုအရောက်လာဖို့ သူ့တွင်အကြောင်းပြချက် ကောင်း ကောင်းရှိသော်လည်း ခြေလှမ်းတိုင်းကို ကြောက်လန့်တကြားလှမ်းလာခဲ့ရသည်။ လမ်းချိုးမှ အနက်ရောင်ဝတ်အစောင့် တစ်ယောက် ဖြုန်းခနဲပေါ်လာ ပြီး သူ့ထံမှစာရွက်စာတမ်းတောင်း မလား၊ သူ့ကိုနှင်ထုတ်မလား စသည်ဖြင့် ပူနေရသည်။ အိုဘရိုင်ယန်၏ အစေခံကမူ သူနှင့်ဂျူလီယာ နှစ်ယောက်စလုံး ကို မဆိုင်းမတွ ဝင်ခွင့်ပေးသည်။ လူကောင်သေးသေး၊ ဆံပင်မည်းမည်းနှင့် မျက်နှာမူရာကင်းမဲ့သော ထိုလူသည် တရုတ်လူမျိုးဖြစ်နိုင်သည်။ ကော်ဇော ပါးပါးခင်းထားသော စင်္ကြံလမ်းအတိုင်း ထိုလူဦးဆောင်သည့် နောက်မှလိုက် လာခဲ့ကြသည်။ စင်္ကြံလမ်းသည် ဖွေးဥနေသောနံရံသား၊ အဖြူရောင်နံရံ အောက်ခြေပျဉ်ကာတို့ဖြင့် ပြစ်ချက်မရှိ ရှင်းသန့်နေသည်။

အိုဘရိုင်ယန်သည် လက်ချောင်းကြားထဲမှ စာရွက်ပိုင်းလေးကို အပြင်းအထန်လေ့လာနေပုံရသည်။ အိုဘရိုင်ယန်၏ထူထဲသော မျက်နှာကြီး သည် ငုံ့ထား၍ နှာခေါင်းအရေးအကြောင်းများ မြင်သာနေသည်။ ထိုလူကြီး ၏မျက်နှာသည် ခန့်ညားကြောက်ရွံ့စရာလည်းကောင်း၊ ပါးရည်နပ်ရည် လည်းရှိသော မျက်နှာမျိုးဖြစ်၏။ တစ်ချက်ကလေးမှ မလှုပ်ဘဲထိုင်နေသည်မှာ စက္ကန့်နှစ်ဆယ်လောက် ရှိသည်။ ထို့နောက်မှ စာရေးစက်ကိုလှမ်းဆွဲပြီး ဌာနသုံး ဖားတစ်ပိုင်းငါးတစ်ပိုင်း ဗန်းစကားဖြင့် နှုတ်ဝ နှုတ်တိုက်ရေးသွားသည်။

အိုဘရိုင်ယန်ထလာပြီး ခြေသံလုံသောကော်ဇောကို နင်းလျှောက်ကာ ဝင်စတန်တို့ထံလာနေပြီ။ စောစောတုန်းက ရှုံ့သဘောဆန်သောအငွေ့အသက်များ နည်းနည်းတော့လျော့ကျသွားသော်လည်း အနှောက်အယှက် ခံရသည်ကို မကြိုက်သလို မျက်နှာထားမှာ ခါတိုင်းထက်ပိုမာနေသည်။ ဝင်စတန်ကြောက်ရသည့်အထဲ ရှက်စိတ်ပါ ဝင်လာသည်။ အမိုက်မဲဆုံး လုပ်ရပ်ကိုမှ လုပ်ခဲ့မိပြီလားမသိ။

အိုဘရိုင်ယန်ကို နိုင်ငံရေးလျှို့ဝှက်ကြံစည်သူဟု ပြောရအောင် သူ့ တွင်ဘာတွေများ သက်သေရှိနေသနည်း။ မျက်လုံးချင်း ခလုတ်တိုက်မိခြင်း လား။ ခပ်လုံးလုံးကြားလိုက်ရသော စကားသံလား။ ထို့ပြင် သူ့အိပ်မက်ကို အခြေတည်ထားသည့် တိတ်တခိုး ကိုယ်ပိုင်စိတ်ကူးတွေလား။ အဘိဓာန် စာအုပ်ငှားရအောင် လာပါသည်ဟု လျှောချလိုက်ဖို့ကိုပင် သူမတတ်နိုင်တော့။ ဂျူလီယာပါလာခြင်းကို ဘယ်လိုရှင်းမည်နည်း။

အိုဘရိုင်ယန်သည် တယ်လီစက်ကိုဖြတ်လျှောက်လာပြီးမှ အတွေး တစ်ခုပေါ်လာပုံရသည်။ တယ်လီစက်ဘက်ပြန်လှည့်ပြီး နံရံပေါ်မှခလုတ် တစ်ခုကို နှိပ်လိုက်ရာ ဖြန်းခနဲအသံမြည်ပြီး တယ်လီစက်အသံပိတ်သွားသည်။ ဂျူလီယာ့ထံမှ အံ့သြတကြီးလွှတ်ခနဲ ထွက်လာသောအသံကြားရသည်။ ဝင်စတန်ကိုယ်တိုင် ဉာဏ်မှုစိတ် မောနေသည့်ကြားထဲ ပါးစပ်မှမေးခွန်းမထုတ် ဘဲ မနေနိုင်အောင် လန့်ဖြန့်သွားသည်။

"အဲဒါပိတ်လို့ရတယ် ဟုတ်လား"

"ဟုတ်တယ်။ ပိတ်လို့ရတယ်။ ကျုပ်တို့ရထားတဲ့ အထူးအခွင့် အရေးပေါ့"

အိုဘရိုင်ယန်သည် ဝင်စတန်တို့ရှေ့တည့်တည့်သို့ ရောက်လာသည်။ အလုံးအရပ်ကောင်းသော သူ့အသွင်သဏ္ဌာန်သည် ဝင်စတန်တို့ အပေါ်မိုးနေသည်။ မျက်နှာသည် ယခုထိ အဓိပ္ပါယ် ဖော်ရခက်ဆဲ။ ဝင်စတန် စပြီးစကားပြောလာအောင် သူကခပ်တင်းတင်း စောင့်စားနေသည်။ သို့သော် ဘာပြောရပါ့။ ယခုအနေအထားသည် အလုပ်များသောလူတစ်ယောက် ဘယ်အတွက်ကြောင့် နှောင့်ယှက်ခံရသနည်းဟူသော အနေအထားမျိုး ဖြစ်၏။ ဘယ်သူမှ စကားမဆို။ တယ်လီစက်မှ အသံပိတ်သွားသောကြောင့် အခန်းသည် တစပြင်လိုငြိမ်တိတ်နေသည်။ ခက်ခဲပင်ပန်းလွန်းသော စက္ကန့်များ။

အိုဘာရိုင်ယန့်မျက်နှာထဲ ဆက်ကြည့်နေဖို့ ဝင်စတန်အားတင်းထားရသည်။ ထိုစဉ် အိုဘာရိုင်ယန်၏မျက်နှာထား ပျော့ပျောင်းသွားပြီး ပြုံးတော့ မလိုဖြစ်လာသည်။ သူ့မူပိုင်ဟန်အတိုင်း နှာရိုးပေါ်မျက်မှန် တွန်းတင်သည်။

"ကဲ၊ ကျုပ်ပြောရမလား။ ခင်ဗျားပြောမလား"

"ကျွန်တော်ပြောပါမယ်။ ဟိုဟာက တကယ်ပိတ်သွားပြီလား" ဟု ဝင်စတန်ချက်ချင်းမေးသည်။

"ပိတ်သွားပြီ။ အားလုံးပိတ်ထားတယ်။ ကျုပ်တို့ချည်းပဲ"

"ကျွန်တော်တို့ ဒီကိုလာတာ ဘာဖြစ်လို့လဲဆိုတော့-"

ဝင်စတန် စကားတန့်နေသည်။ သူ့ရည်ရွယ်ချက်များ မရေရာပုံကို ခုမှသိတော့သည်။ အိုဘာရိုင်ယန်ထံမှ ဘယ်လိုအကူ အညီမျိုးကိုမျှော်လင့်ထား သနည်း။ ဤနေရာရောက်လာရသည့် အကြောင်းရင်းကိုပင် ပြောပြဖို့မလွယ်။ ဝင်စတန်ဆက်ပြောသည်။

"ပူးပေါင်းကြံစည်မှုတစ်မျိုးမျိုး ရှိလိမ့်မယ်လို့ ကျွန်တော်တို့ ယုံတယ်။ ပါတီကိုအတိုက်အခံလုပ်ပြီး လျှို့ဝှက်ထားတဲ့ အဖွဲ့အစည်း တစ်ခုခုပေါ့။ ဒီထဲမှာ ခင်ဗျားပါလိမ့်မယ်လို့ထင်တယ်။ ကျွန်တော်တို့လည်း ဒီထဲ ဝင်ချင်တယ်။ အလုပ်လုပ်ပေးချင်တယ်။ ကျွန်တော်တို့က ပါတီရဲ့ရန်သူပါ။ အင်ဆော့ ဥပဒေသတွေကို ကျွန်တော်တို့ မယုံဘူး။ ကျွန်တော်တို့က မနောကံ ရာဇဝတ်သားတွေ၊ ပြီးတော့ ဖောက်ပြန်သူတွေပါ။ ဒါတွေ ခင်ဗျားကိုကျွန်တော် ဘာဖြစ်လို့ပြောသလဲဆိုတော့ ကျွန်တော်တို့ကို သက်ညှာအောင်လို့ပါ။ တခြားနည်းလမ်းတစ်မျိုးနဲ့ သက်သေခံဆိုလည်း ခံပါ့မယ်။"

တံခါးများပွင့်လာသလားဟု စိတ်ထဲတစ်မျိုးဖြစ်ပြီး ဝင်စတန် နောက် လှည့်ကြည့်သည်။ သေချာပါသည်။ အသားဝါလူမျိုးအစေခံသည် တံခါး မခေါက်ဘဲ အခန်းထဲဝင်လာသည်။ ပုလင်းနှင့်ဖန်ခွက်များ လင်ပန်း ပေါ် တင်ပြီးသယ်လာသည်။

"မာတင်လည်း ကျုပ်တို့ထဲကပဲ" ဟု အိုဘာရိုင်ယန် ခပ်အေးအေး ပြောသည်။ "သောက်စရာတွေဒီကိုယူလာခဲ့ မာတင်။ စားပွဲဝိုင်းပေါ် တင်လိုက်။ ထိုင်စရာခုံကော လောက်ရဲ့လား။ ဟုတ်ပြီ။ အေးအေးဆေးဆေး ထိုင်စကားပြောရအောင်။ မာတင်၊ ခင်ဗျားအတွက်လည်း ခုံတစ်လုံးယူဦး။ ဒါအလုပ်ဗျ။ နောက်ဆယ်မိနစ်အထိ ခင်ဗျားဟာ ကျုပ်အစေခံမဟုတ်ဘူး"

မာတင် ထိုင်ချသည်။ ပေါ့ပါးသွားပုံလည်းရသည်။ အစေခံ တစ်ဦး ၏ အသွင်ကမူ မပျောက်။ အခွင့်ထူးရသောမင်းစေလို ပျော်သွားပုံရ၏။ မာတင့်ကို ဝင်စတန်သည် မျက်လုံးထောင့်မှနေ၍ အကဲခတ်နေသည်။ ထို လူကတော့ ဘဝတစ်ခုလုံးရင်းထားရပြီး၊ သူကတော့ ခဏတဖြုတ်လောက် အရေခွံခွာချပြရမည်ကိုပင် အန္တရာယ်ရှိသည်ဟု ယူဆထားမိသည်။

အိုဘာရိုင်ယန်သည် ပုလင်းကိုလည်တိုင်မှမ"ပြီး နီညိုရောင် အရည် များကို ဖန်ခွက်တွေထဲဖြည့်သည်။ ဝိုးတိုးဝါးတား အတိတ်ပုံရိပ်များ ဝင်စတန့် မှတ်ဉာဏ်ထဲ

လှုပ်လှုပ်ရွရွဖြစ်လာသည်။ ပုလင်းထဲမှအရည်ထဲ လျှပ်စစ်မီးပွင့် လေးများ အထက်အောက်စုန်ဆန် နေကြသည်။ ဖန်ခွက်ထဲမှအရည်ကို အပေါ်မှကြည့်သော် အမှောင် ဘက်လုသည်။ ပုလင်းထဲမတော့ ပတ္တမြား ရည်ဥသည်။ ဂျူလီယာသည် ချိုချဉ်ရနံ့လေး သင်းနေသော ထိုအရည်ကို စူးစမ်းလိုစိတ်နှင့် ကောက်ကိုင်ပြီး နမ်းကြည့်သည်။

အိုဘရိုင်ယန်သည် ငွေ့ငွေ့ကလေးပြုံးပြီး "အဲဒါ ဝိုင်လို့ ခေါ်တယ်။ စာအုပ်တွေထဲဖတ်ဖူးမှာပေါ့။ ဝိုင်က ပါတီအပြင်ကို သိပ်မရောက်ဘူး" ဟုဆိုကာ မျက်နှာပြန်တည်သွားသည်။ ဖန်ခွက်ကိုမြှောက်ယူပြီး "ကျန်းမာရေး အတွက် ပထမဆုံးဗျာ။ ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီး အီမင်နျူယယ်ဂိုးစတိန်း အတွက်"

ဝင်စတန်သည် စိတ်ပါလက်ပါ ဖန်ခွက်ကိုမြှောက်သည်။ ဝိုင်ဆို သောအရာကို သူဖတ်ခဲ့ဖူးသည်။ အိပ်မက်မက်ခဲ့ဖူးသည်။ စက္ကူဖိဖန်တုံး လေးလို၊ မစ္စတာရှာရင်တန်၏ တစ်ပိုင်းတစ်စကဗျာများလို၊ ဝိုင်သည်လည်း ပျောက်ကွယ်သွားခဲ့ပြီဖြစ်သော ချစ်စိတ်ကူး လေးယဉ်စရာ နှောင်းအတိတ်နှင့် သက်ဆိုင်သည့် အရာဖြစ်သည်။ သူ့စိတ်ထဲ ဝိုင်ကိုပိုးစာသီးယိုလို ချိုမြနေ လိမ့်မည်ဟု ထင်ထားသည်။ ချက်ချင်း ယစ်မူးစေနိုင်သော အစွမ်းသတ္တိရှိမည်ဟုထင်သည်။ တကယ်တမ်း သူသောက်ကြည့်လိုက်တော့ တစ်စက်မှ မကောင်း။ အမှန်မှာ ဂျင်ကိုသာ နှစ်ပေါင်းများစွာမော့လာခဲ့သူအဖို့ ဝိုင်ကိုအရသာမခံတတ်တော့ပြီ။ ဖန်ခွက်လွတ်ကို စားပွဲပေါ်သူပြန်ချသည်။

"ဂိုးစတိန်းဆိုတာ တကယ်ရှိတယ်ပေါ့" ဟု ဝင်စတန်မေးသည်။ "ရှိတယ်။ ဂိုးစတိန်းဆိုတာ တကယ်ရှိတယ်။ အသက်ရှင်လျက် ရှိနေတယ်။ ဘယ်မှာလဲတော့ ကျုပ်လည်းမသိဘူး"

"သူ့ရဲ့အဖွဲ့အစည်းဆိုတာကရော။ အဲဒါကရော တကယ်လား။ အတွေးပုလိပ်က ဖန်တီးထားတာမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ တကယ်ရှိတယ်။ ညီနောင်သားရင်းလို့ခေါ်တဲ့အဖွဲ့။ ဒီအဖွဲ့ရှိတယ်ဆိုတာရယ် ဒီအဖွဲ့ဟာ ကိုယ်နဲ့သက်ဆိုင် တယ်ဆိုတာရယ်၊ ဒါလောက်ကလွဲပြီး တခြားဘာမှသိရမှာမဟုတ်ဘူး"

အိုဘရိုင်ယန်သည် လက်ပတ်နာရီကြည့်ပြီးဆက်ပြောသည်။

"ဗဟိုပါတီဝင်ဖြစ်လည်း တယ်လီစက်ကို နာရီဝက်ထက် ပိုကြာ အောင်ပိတ်ထားရင် မကောင်းဘူး။ ခင်ဗျားတို့က ဒီကိုနှစ်ယောက်အတူ မလာ သင့်ဘူး။ ပြန်ရင် နှစ်ယောက်အတူ မပြန်ပါနဲ့။ ဒီက ရဲဘော်" ဟုဆိုကာ အိုဘရိုင်ယန်သည် ဂျူလီယာ့ထံ ခေါင်းငဲ့ကာ "ရဲဘော်က အရင်ပြန်။ ကျုပ်တို့ မိနစ်နှစ်ဆယ်ပဲ အချိန်ရတယ်။ ကျုပ်ဘက်က မေးကိုမေးရမယ့်မေးခွန်းရှိတာ နားလည်တယ်နော်။ ယေဘုယျသဘောပြောရရင် ခင်ဗျားတို့ဘာလုပ်ဖို့စီစဉ် ထားလဲ"

"ကျွန်တော်တို့တတ်နိုင်တာ ဘာပဲဖြစ်ဖြစ်ပါ" ဟု ဝင်စတန်ဖြေသည်။

အိုဘရိုင်ယန်သည် ဝင်စတန့်ဘက်မျက်နှာမူလိုက်ရာ ဂျူလီယာ့ကို လျစ်လျူရှုသလို ဖြစ်သွားသည်။ ဂျူလီယာ့အစား ဝင်စတန်ကပြောပေးနိုင်သလိုမျိုးဖြစ်၏။ အိုဘရိုင်ယန်သည် မျက်ခွံများကို ခဏချထားသည်။ ပြီးမှ အသံတိုးတိုးဖြင့် ဓမ္မဓိဋ္ဌာန်မေးခွန်းမေးသလို လေသံအတက်အကျမရှိဘဲ မေးသွားသည်။

“အသက်စတေးဖို့ အသင့်ရှိသလား”

“ဟုတ်ကဲ့”

“လူသတ်ဖို့ကော အသင့်ရှိသလား”

“ဟုတ်ကဲ့”

“အပြစ်မဲ့လူသားတွေရာချီပြီး သတ်တဲ့အဖျက်လုပ်ငန်းလုပ်ဖို့ကော”

“ဟုတ်ကဲ့”

“တိုင်းပြည်ကိုသစ္စာဖောက်ဖို့ရော”

“ဟုတ်ကဲ့”

“ကလိမ်ကျဖို့၊ အတုလုပ်ဖို့၊ ခြိမ်းခြောက်ငွေညှစ်ဖို့၊ ကလေးတွေရဲ့ စိတ်ဓာတ်ကိုဖျက်ဆီးဖို့၊ လူကို စွဲစေတဲ့မူးယစ်ဆေးဝါးတွေ ဖြန့်ချိဖို့၊ ပြည့်တန်ဆာလုပ်ငန်းအားပေးဖို့၊ ကာလသားရောဂါဖြန့်ဝေဖို့၊ ကိုယ်ကျင့် စာရိတ္တပျက်စီးပြီး ပါတီအားနည်းဖို့ဆိုရင် ဘာဖြစ်ဖြစ်လုပ်မလား”

“ဟုတ်ကဲ့”

“ဥပမာကွာ၊ ကလေးတစ်ယောက်ရဲ့မျက်နှာကို ဆာလဖျူရစ်အက် ဆစ်နဲ့ ပက်ဆိုရင် ပက်မလား”

“ဟုတ်ကဲ့”

“ခင်ဗျားရဲ့ရာထူးဆုံးရှုံးသွားပြီး တစ်သက်လုံးစားပွဲထိုးတို့၊ ကုန်းပတ်အလုပ်သမားတို့-ဒါမျိုးလုပ်ရမယ်ဆိုရင် လုပ်မလား”

“ဟုတ်ကဲ့”

“ကျုပ်တို့ကခင်ဗျားကို သတ်သေဖို့အမိန့်ပေးရင် ခင်ဗျား သတ်သေမလား”

“ဟုတ်ကဲ့”

“ခင်ဗျားတို့နှစ်ယောက်ခွဲရမယ်။ တစ်ယောက်ကိုတစ် ယောက် ဘယ်တော့မှ ပြန်မတွေ့ရဘူး ဆိုရင်ကော”

“ဟင့်အင်း” ဟု ဂျူလီယာဝင်ပြောသည်။

ထိုမေးခွန်းကိုဖြေဖို့ အချိန်ယူခဲ့ရသလို ဝင်စတန့်စိတ်ထဲ ထင်မိသည်။ သူ ယာယီဆွံ့အသွားခဲ့သည်။ လျှာကလှုပ်နေသော်လည်း အသံ မထွက်။ စကားနှစ်လုံးတစ်လှည့်စီ လျှာထဲသွားနေသည်။ ပြောထုတ်လိုက် သည့်အချိန်ထိ ဘယ်စကားကိုပြောရမည် သူမသိ။ နောက်ဆုံးမှ “ဟင့်အင်း” ဟု သူ ပြောထွက်သွားသည်။

“နှစ်ယောက်စလုံး စိတ်တိုင်းကျစရာပါပဲ။ ကျုပ်တို့ သိထားဖို့လို အပ်လို့ပါ”

ဟု အိုဘရိုင်ယန်ဆိုသည်။ အိုဘရိုင်ယန်သည် ဂျူလီယာ့ဘက် လှည့်ပြီး လေးလေးနက်နက်ဆက်ပြောသည်။ “တကယ်လို့ သူဟာအသက်ရှင် မယ်ဆိုရင်တောင် တခြားလူတစ်ယောက်ဖြစ်သွားလိမ့်မယ်။ သူ့ကိုမှတ်ပုံတင် အသစ် ထုတ်ပေးရမယ်။ သူ့မျက်နှာ၊ သူ့အမူအရာ၊ သူ့လက်တွေကအစ၊ ဆံပင် အရောင်ကော၊ သူ့အသံတောင် တူတော့မှာမဟုတ်ဘူး။ ပြီးတော့ ရဲဘော်လည်း တခြားလူဖြစ်ရမှာပဲ။ ကျုပ်တို့ရဲ့ခွဲစိတ်ကုဆရာဝန်တွေက လူတစ်ယောက်ကို လုံးဝမမှတ်မိအောင် ပြောင်းပေးနိုင်တယ်။ တစ်ခါတလေ ဒါမျိုး လုပ်ပေးဖို့ လိုအပ်တာကိုး။ တစ်ခါတလေများ ခြေတွေလက်တွေပါဖြတ် ပေးလိုက်တာ”

မာတင်၏မွန်ဂိုနွယ်သောမျက်နှာကို ဝင်စတန်စွေမကြည့်ဘဲ မနေနိုင်။ မာတင့်မျက်နှာပေါ်ဝယ် အမာရွတ်လေးပင်မရှိ။ ဂျူလီယာကတော့ သွေးဆုတ်သွားသောကြောင့် မျက်နှာပေါ်မှ တင်းတိပ်များထင်ရှားလာသည်။ သို့သော် ဂျူလီယာသည် အိုဘရိုင်ယန်ကို ရဲရင့်စွာကြည့်နေသည်။ သဘောတူသောအပြောကို တိုးတိုးပြောသည်။

“ကောင်းတယ်။ ဒါဆိုအတည်ဖြစ်ပြီ”

စားပွဲပေါ်တွင် စီးကရက်ထည့် သောငွေဘူးကလေးရှိသည်။ အိုဘရိုင်ယန်သည် အမှတ်တမဲ့လိုလိုဖြင့် စီးကရက်ဘူးကို ဝင်စတန်တို့ဘက် တွန်းပေးသည်။ ကိုယ်တိုင်လည်း တစ်လိပ်ယူပြီး ထိုင်ရာမှထကာ ခေါက်တုံ့ ခေါက်ပြန်လမ်းလျှောက်နေသည်။ မတ်တတ်ရပ်နေမှ ဉာဏ်ထုတ်၍ပိုကောင်း ပုံပင်။ သိပ်နေအောင်လိပ်ထားသော စီးကရက်သည် သောက်ကောင်းလှသည်။ ပိုးသားနှင့်တူသော စက္ကူသည် ဝင်စတန်တို့အတွက် အမြင်ဆန်းနေသည်။

အိုဘရိုင်ယန် လက်ပတ်နာရီကြည့်ပြန်သည်။

“မင်းကတော့ မင်းစတိုခန်းပြန်ရင်ကောင်းမယ် မာတင်။ မသွားခင် ဒီကရဲဘော်တွေရဲ့မျက်နှာကို သေချာကြည့်ထားဦး။ သူတို့ကို မင်းပဲထပ်တွေ့ ရဦးမှာ။ ငါနဲ့က တွေ့ချင်မှတွေ့မှာ”

အိမ်ရှေ့တံခါးတွင်တွေ့ခဲ့ကြတုန်းကလို မာတင်၏မျက်ဆံ မည်း မည်းလေးက သူတို့ကို စူးစားနေသည်။ မာတင့်အမူအရာထဲ ခင်မင်မှုအရိပ် အယောင်မတွေ့ရ။ မာတင်သည် ဝင်စတန်တို့၏ ပုံပန်း သွင်ပြင်ကို မှတ်မိအောင်လုပ်နေသော်လည်း စိတ်ဝင်စားပုံမရချေ။ ဘာခံစားချက်မှကို ရှိပုံ မပေါ်။ ခွဲစိတ်ထားသောမျက်နှာအတုများသည် မျက်နှာမူရာပြောင်းလဲ၍ မရခြင်းပေလောဟု ဝင်စတန် ကြံကြံ ဖန်ဖန်တွေးမိသည်။

မာတင်သည် သူတို့ကိုနှုတ်ဆက်စကားလည်းမပြော၊ အရိုအသေ ပေးသောအမူအရာလည်း မပြဘဲ အခန်းထဲမှထွက်သွားသည်။ တံခါးကို အသံ မမြည်အောင်ပိတ်သွားသည်။ အိုဘရိုင်ယန်ကမူ အနက်ရောင် ယူနီဖောင်း၏ အိတ်ထဲ လက်တစ်ဖက်ထည့်ထားပြီး ကျန်လက်တစ်ဖက်က စီးကရက်ကိုင်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေဆဲ။

"ခင်ဗျားနားလည်ထားရမှာက ခင်ဗျားက အမှောင်ထဲကနေ တိုက်ရ မှာ။ ခင်ဗျားက အမြဲအမှောင်ထဲမှာပဲရှိတယ်။ ပေးလာတဲ့ အမိန့်တွေကို ခင်ဗျားကလိုက်နာရမယ်။ ဘာမှသိစရာမလိုဘူး။ နောက်မှ ခင်ဗျားဆီကို ကျုပ် စာအုပ်တစ်အုပ်ပို့လိုက်မယ်။ ကျုပ်တို့ နေနေတဲ့ လူမှုဗေဒသဘောကို နားလည်ဖို့၊ ပြီးတော့ ပါတီဖြိုခွဲရေး နည်းဗျူဟာကို ခင်ဗျားလေ့လာဖို့။ စာအုပ်ဖတ်ပြီး သွားရင် ခင်ဗျားဟာ ညီနောင်သားရင်းရဲ့ အပြည့်အဝအသင်းဝင်ဖြစ်သွားပြီ။ ဒါပေမယ့် ကျုပ်တို့တိုက်နေတဲ့ရည်ရွယ်ချက်ရယ်၊ အရေးပေါ်တာဝန်တွေရယ် ဒါတွေကလွဲပြီး ခင်ဗျားဘာမှသိရမှာမဟုတ်ဘူး။

ညီနောင်သားရင်းဆိုတာ တကယ်ရှိတယ်။ ဒါပေမယ့် အသင်းဝင်က အယောက်တစ်ရာလား၊ ဆယ်သန်း လား၊ ကျုပ်ဘာမှမပြောနိုင်ဘူး။ ခင်ဗျားကို သုံးလေးကြိမ်လောက် ဆက်သွယ် ကြလိမ့်မယ်။ ခင်ဗျား အမိန့်တွေရရင် အဲဒါ ကျုပ်ဆီက လာတာလို့မှတ်။ ကျုပ်တို့အချင်းချင်းဆက်သွယ်ဖို့လိုရင် မာတင်ကတဆင့် ဆက်သွယ်မယ်။ ခင်ဗျားကို ဖမ်းမိသွားရင်တော့ ခင်ဗျားဝန်ခံမှာပဲ။ ဒါရှောင်လို့မရဘူး။ ဒါပေမယ့် ခင်ဗျားမှာဝန်ခံစရာ နည်းနည်းပဲရှိလိမ့်မယ်။ ဘာမှ သိပ်အရေး မပါတဲ့ လက်တစ်ဆုပ်စာလောက် လူတွေကိုပဲ ခင်ဗျား သစ္စာဖောက်လို့ရမယ်။ ခင်ဗျား ကျုပ်ကိုတောင်သစ္စာဖောက်လို့ မရဘူး။ အဲဒီအချိန်လောက်ဆို ကျုပ်က သေပြီကိုး။ ဒါမှမဟုတ် ကျုပ်က တခြားလူဖြစ်သွားမယ်။ မျက်နှာအသစ်နဲ့ ပေါ့"

အိုဘရိုင်ယန်သည် အနုစားကော်ဇောပေါ်လမ်းလျှောက် နေဆဲ။ ခန္ဓာကိုယ်ကြီးတုတ်ခိုင်လှသည့်တိုင် လှုပ်ရှားမှုက ဆင်မယဉ်သာဟန်မျိုး ဖြစ်နေလေသည်။ အိတ်ထဲလက်ထည့်ပုံကအစ၊ စီးကရက်ကိုင်ပုံကအစ သူ့ အမူအရာသည် ရှင်းသန့်ခန့်ညားနေသည်။ ယုံကြည်စိတ်ချစရာ ကောင်းနေသည်။ တစ်ဖက်သားအပေါ် နားလည်မှုရှိနေသည်။ "ဒါရှောင်လွှဲလို့မရဘူး။ ဒါကျုပ်တို့လုပ်ရမယ့် အလုပ်။ နောက်မတွန့်စတမ်း လုပ်ရမယ့်အလုပ်။ တကယ်လို့သာ ဘဝတွေဟာ နေရကျိုးနပ်လာဦးမယ်ဆိုရင် ဒီလိုမျိုးကျုပ်တို့ ဘယ် လုပ်ပါ့မလဲ" ဟုပြောနေသယောင်ရှိသည်။

ကိုးကွယ်လုနီးနီး ကြည်ညိုလေးစားမှုလှိုင်းလုံးကြီးသည် ဝင်စတန့်ထံ မှနေ၍ အိုဘရိုင်ယန်ထံလိမ့်ဆင်းသွားသည်။ နောက်ကွယ်မှ ဂိုးစတိန်း၏ အရိပ်ကိုပင် မေ့လျော့နေမိသည့်အဖြစ်။ အိုဘရိုင်ယန်၏အားကောင်း မောင်းသန် ပခုံးများနှင့် ရုပ်ဆိုးသော်လည်း ယဉ်ကျေးအထက်တန်းကျနေ သည့် မျက်နှာအစ်အစ်ကြီးကို ကြည့်မိလျှင် အိုဘရိုင်ယန်ကို ကျရှုံးသွားမည့် လူဟု ယုံ၍မရ။ ဥပါယ် တံမျဉ်တွင် သူ့ကိုယှဉ်နိုင်မည့်သူမရှိ။ သူကြိုမမြင်သော ဘေးအန္တရာယ်မျိုးမရှိ။ ဂျူလီယာပင် အိုဘရိုင်ယန်ကို ညွှတ်နေလေပြီ။ * ဂျူလီယာသည် စီးကရက်ကိုလွှတ်ချပြီး အိုဘရိုင်ယန်ပြောစကားကို အာရုံ စိုက်နားထောင်နေသည်။

“ညီနောင်သားရင်းအကြောင်း ကောလဟာလတွေ ခင်ဗျားတို့ ကြားဖူးကြမှာပေါ့။ ခင်ဗျားတို့စိတ်ထဲမှာ ပုံဖော်ထားကြမှာ သေချာတယ်။ ခင်ဗျားတို့ဘယ်လိုတွေးမလဲဆိုရင် ဧရာမမြေအောက် ကွန်ရက်ကြီးရှိမယ်၊ မြေအောက်ခန်းတွေထဲမှာ လျှို့ဝှက်တွေ့ဆုံ ကြမယ်၊ နံရံပေါ်မှာစာရေးပြီး သတင်းပို့မယ်၊ အချင်းချင်းလျှို့ဝှက် နံပါတ်အတိုင်းသိကြမယ်။ ဒါမှမဟုတ် သီးသန့်လက်ဟန်ပြတာမျိုး။ တကယ်တော့ ဒါမျိုးတွေလုံးဝမရှိဘူး။ ညီနောင် သားရင်း အဖွဲ့ဝင်တွေဟာ အချင်းချင်းသိအချင်းချင်းသိစရာ ဘာနည်းလမ်းမှမရှိဘူး။ အသင်းဝင်တစ်ယောက်ဟာ နောက်ထပ်သုံးလေးဦးလောက်ကိုပဲ သိကြတယ်။

ဂိုးစတိန်းကိုယ်တိုင် အတွေးပုလိပ်တွေလက်ထဲရောက်သွားမယ်ဆိုရင် သူ့အသင်းဝင်တွေရဲ့နာမည်စာရင်းကို အပြည့်အဝပေးနိုင်မှာ မဟုတ်ဘူး။ နာမည်စာရင်း အပြည့်အဝဖော်ထုတ်လို့ရမယ့် သတင်းကိုတောင်ပေးနိုင်မှာ မဟုတ် ဘူး။ နာမည်စာရင်း ရှိကိုမရှိဘူး။ ညီ နောင်သားရင်းကို ဖယ်ရှားပစ်လို့မရဘူး။ ဒီအဖွဲ့ဟာ သာမန်အမြင်နဲ့ ဖွဲ့စည်းထားတာမဟုတ်ဘူး။ ဒီအဖွဲ့ကိုစုစည်းထား တာဟာ တခြားဘာမှမဟုတ်ဘဲ သဘောတရားတစ်ခုဖြစ်နေတာ။ အဲဒီ သဘောတရားကို ဖြိုချလို့မရဘူး။ ခင်ဗျားကိုပံ့ပိုးပေးတာ ဒီသဘောတရား တစ်ခုကလွဲရင် ဘာမှမရှိဘူး။ ခင်ဗျားမှာ ရဲဘော်ရဲဘက်လည်း ရှိလာမှာ မဟုတ်ဘူး။ အားပေးတာလည်း ခံရမှာမဟုတ်ဘူး။ နောက်ဆုံးတစ်နေ့ ခင်ဗျားကိုဖမ်းမိသွားရင်တောင် ခင်ဗျား ဘာအကူအညီမှ ရမှာမဟုတ်ဘူး။ ကျုပ်တို့ဟာ အသင်းဝင်တွေကို မကူညီဘူး။ အဆုံးစွန်အနေနဲ့ တစ်ယောက် ယောက်ကနှုတ်ပိတ်ထားနိုင်ဖို့လိုပြီဆိုမှ အကျဉ်းစခန်းထဲ ဘလိတ်ဓားပို့ ပေးတယ်။ ဘာရလဒ်မှ လည်းမရှိ၊ ဘာမှလည်း မျှော်လင့်ချက်မရှိဘဲ နေသား ကျအောင် ခင်ဗျားနေသွားရမယ်။ အလုပ်လုပ်၊ အဖမ်းခံ၊ ဝန်ခံ၊ ပြီးရင်သေ၊ ဒါပဲ။ ကျုပ်တို့ရဲ့သက်တမ်းမှာ အပြောင်းအလဲဆိုတာ ဖြစ်နိုင်ချေမရှိဘူး။ ကျုပ် တို့က သေလူတွေ။ ကျုပ်တို့ရဲ့ဘဝအစစ်က အနာဂတ်မှာပဲရှိတယ်။ ဒီအနာဂတ်အတွက် သဲတစ်ဆုပ်စာပဲဖြစ်ပစေ၊ အရိုးလေးတစ်စလောက်ပဲ ဖြစ်ပစေ၊ ကျုပ်တို့ဝင်ပါကြရမယ်။ အဲဒီအနာဂတ်ကို ဘယ်လောက်ကြာ အောင် စောင့်ရဦးမလဲ၊ ဘယ်သူ မှ မသိဘူး။ နှစ်ပေါင်းထောင်ချီရင်လည်း ချီသွားနိုင်တာပဲ။ လောလောဆယ်မှာတော့ မှုမှန်မှုနယ်ပယ်ကို နည်းနည်းချင်း စီချဲ့နိုင်သမျှ ချဲ့သွားရမယ်။ ကျုပ်တို့ဟာ စုပေါင်းပြီးမလုပ်နိုင်ကြဘူး။ ကျုပ် တို့ရဲ့ အသိကို တစ်ဦးချင်းစီဖြန့် သွားရမှာ။ မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့် ကမ်းသွားရမှာ။ အတွေးပုလိပ်ရှေ့မှာ တခြားဘာနည်းလမ်းမှ မရှိဘူး” အိုဘရိုင်ယန် လမ်းလျှောက်ရပ်ပြီး လက်ပတ်နာရီကို တတိယ အကြိမ်မြောက်ကြည့်သည်။ ဂျူလီယာ့ဘက်လှည့်ပြီး “ရဲဘော် သွားဖို့အချိန် တန်ပြီ။ နေဦး၊ နေဦး၊ ဝိုင်ပုလင်းက တစ်ဝက်တောင် ကျန်သေးတယ်" ဟုဆိုသည်။ အိုဘရိုင်ယန်သည် ဖန်ခွက်များထဲဝိုင်ဖြည့်ပြီး ဖန်ခွက်လည်တိုင်မှ ကိုင်၍ ဖန်ခွက်ကို မြှောက်ထားသည်။

"ကဲ၊ ဒီတစ်ခါဘာအတွက် သောက်ကြမလဲ။ အတွေးပုလိပ်တွေ ကမောက်ကမဖြစ်ဖို့လား။ အစ်ကိုကြီးသေဖို့လား။ လူပီသရေးအတွက်လား၊ အနာဂတ်အတွက်လား"

"အတိတ်အတွက်" ဟု ဝင်စတန်ဆိုသည်။

အိုဘရိုင်ယန် သဘောတူသည်။ "အတိတ်က ပိုအရေးကြီးတယ်"

သောက်ပြီးကြသော် ဂျူလီယာ ပြန်မည့်ဟန်ပြင်သည်။ အိုဘရိုင်ယန်သည် ဗီရိုထဲမှ ဘူးကလေးထုတ်ပြီး ဂျူလီယာ့အား ဆေးပြားဖြူ တစ်ပြား ပေးသည်။ လျှာပေါ်တင်ထားဖို့ပြောသည်။ ဓာတ်လှေကားအစောင့်များ အလွတ်မပေးစတမ်း စောင့်ကြည့်နေ၍ ဝိုင်ရနံ့မထွက်ဖို့လိုသည်။

ဂျူလီယာ အခန်းထဲမှထွက်ပြီး တံခါးပိတ်သွားသည်နှင့် အိုဘရိုင်ယန်သည် ဂျူလီယာကိုမေ့သွားပုံရသည်။

"အသေးစိတ်လေးတွေတော့ ကျန်သေးတယ်။ ခင်ဗျားမှာ ပုန်းစရာ တစ်နေရာတော့ ရှိမယ်ထင်တယ်နော်"

မစ္စတာချာရင်တန်၏ အပေါင်းဆိုင်အပေါ်ထပ်အခန်း အကြောင်း ဝင်စတန်ပြောပြသည်။

"လောလောဆယ်တော့ အဲဒါပဲကောင်းတယ်။ နောက်တော့မှ ခင်ဗျားအတွက် ကျုပ်တို့တစ်နေရာစီစဉ်ပေးမယ်။ နေရာ ပြောင်းပြောင်း ပြီးပုန်းဖို့ အရေးကြီးတယ်။ ဒီကြားထဲမှာ ခင်ဗျား ဆီ စာအုပ်ပို့ပေးဦးမယ်။ ဂိုးစတိန်းရဲ့စာအုပ်လေ၊ ခင်ဗျားနားလည်ပါတယ်။ အမြန်ဆုံးပို့ပေးမယ်။ စာအုပ်က သိပ်မများတော့ တစ်အုပ်ရအောင် စောင့်ရဦးမယ်။ ပုလိပ်က ဘယ်လောက်မြန်သလဲဆိုရင် ကျုပ်တို့စာအုပ်ထုတ်ပြီးတာနဲ့ သူကချက်ချင်း ဖျက်စီးပြီးပြီ။ တကယ်တော့ ဖျက်ဆီးနိုင်လည်း အလကားပဲ။ စာအုပ်ကို ဖျက်ဆီးလို့ မရဘူး။ နောက်ဆုံးလက်ကျန်တစ်အုပ်ကို ဖျက်ဆီးပစ်လိုက်ပြီ ဆိုရင်တောင် ကျုပ်တို့က '၏သည်မရွေး' ပြန်ရေးနိုင်တယ်။ ဒါနဲ့ ခင်ဗျား လက်ဆွဲအိတ်ကိုင်လား"

"ပုံမှန်အတိုင်းတော့ ကိုင်ပါတယ်"

"အိတ်ကဘယ်လိုမျိုးလဲ"

"အနက်ရောင်၊ သိုင်းကြိုးနှစ်ခုပါတယ်။ တော်တော် ဟောင်းနေပါပြီ"

"အနက်ရောင်၊ သိုင်းကြိုးနှစ်ခု၊ အိတ်အဟောင်း၊ ဟုတ်ပြီ။ တစ်ရက် ရက်ပေါ့၊ ကျုပ်ရက်စွဲအတိအကျတော့ မပေးနိုင်ဘူး။ ခင်ဗျား မနက်ပိုင်း အလုပ်တက်တဲ့အခါ ညွှန်ကြားချက်တွေထဲမှာ မှားရိုက်တဲ့စာ ပါလာလိမ့်မယ်။ ဒီတော့ ခင်ဗျားကပြန်တောင်းရမယ်။ နောက်တစ်နေ့မှာ ခင်ဗျားအလုပ်တက် တဲ့အခါ လက်ဆွဲအိတ် ယူမလာနဲ့။ လမ်းပေါ်ကျမှ လူတစ်ယောက်က ခင်ဗျား ကို လက်မောင်းပုတ်ပြီး "လက်ဆွဲအိတ်မေ့ကျန်ခဲ့သလားလို့' ဆိုပြီး လက်ဆွဲ အိတ်တစ်လုံးပေးလိမ့်မယ်။ အဲဒီအိတ်ထဲမှာ ဂိုးစတိန်းရဲ့စာအုပ်ပါမယ်။ စာအုပ်ကို နှစ်ပတ်အတွင်းပြန်ပေးရမယ်"

နှစ်ယောက်သားစကားမပြောဘဲ ငြိမ်ကျသွားသည်။

"အချိန်သိပ်မရှိတော့ဘူး။ နောက်မှတွေ့မယ်"

ဝင်စတန်မော့ကြည့်သည်။ "အမှောင်ထုမရှိတဲ့နေရာမှာလား" ဟု တွန့်ဆုတ်စွာမေးသည်။

အိုဘရိုင်ယန် ခေါင်းညိတ်ပြသည်။ အံ့ဩသွားပုံမရ။ "အမှောင်ထု မရှိတဲ့နေရာမှာ တွေ့ကြမယ်" ဟု မှတ်မိသလိုပြောသည်။ "လောလောဆယ် ခင်ဗျားမသွားခင် ပြောစရာများရှိသေးလား။ မေးစရာကော"

ဝင်စတန်စဉ်းစားနေသည်။ သူ့တွင် မေးစရာမေးခွန်းမရှိဟု ထင်ရသည်။ ဘာညာသာရကာတွေ ဝိတ္တာရချဲ့ပြီးပြောချင်စိတ်မရှိ။ အိုဘရိုင်ယန် သို့မဟုတ် ညီနောင်သားရင်းနှင့် တိုက်ရိုက်ပတ်သက်နေသောကိစ္စထက် သူ့ အမေနောက်ဆုံးနေခဲ့ရသော အခန်းမှောင်မှောင်၊ မစ္စတာရှာရင်တန့်ဆိုင် အပေါ်ထပ်မှအခန်း၊ စက္ကူဖိဖန်တုံး၊ နှင်းဆီသားဘောင်သွင်းထားသော သံမဏိထွင်းပန်းချီကား စသည်တို့သာ သူစိတ်ရောက်နေသည်။ ကြုံရာကျပန်း သူ မေးချလိုက်သည်။

"ဟိုရှေးဟောင်းကဗျာလေး ကြားဖူးလား။ စိန့်ကလီမင် ကျောင်း xxxခေါင်းလောင်းသံချိုxxxလိမ္မော်နဲ့သံပရို ဆိုတာလေ"

အိုဘရိုင်ယန် ခေါင်းညိတ်ပြသည်။ အိုဘရိုင်ယန်သည် ကဗျာ တစ်ပုဒ်လုံးကို တလေးတစားရွတ်သွားသည်။

"စိန့်ကလီမင်ကျောင်း ခေါင်းလောင်းသံချိုxxxလိမ္မော်နဲ့ သံပရို xxxစိန့်မာတင်ကျောင်း ခေါင်းလောင်းသံလွင်xxx မင်းငါ့ကိုကြွေးတင်တာ သုံးဖာသင်xxxကျောင်းအိုဘာလီ အသံဝဲxxxဘယ်တော့ဆပ်မလဲxxx သူဌေး ဖြစ်ရင်ဆပ်မဗျာxxx ရှိုဒစ်ကျောင်းရယ် သံသာxxx"

"နောက်ဆုံးစာကြောင်းကို သိတယ်ဟုတ်လား"

"သိတာပေါ့။ ကိုင်း၊ ခင်ဗျားပြန်ချိန်တန်ပြီ။ ခဏနေဦး၊ ဆေးပြား လေးပေးပါရစေဦး"

ဝင်စတန် ထရပ်တော့ အိုဘရိုင်ယန်လက်ကမ်းပေးသည်။ အိုဘရိုင်ယန်၏ အားကောင်းသော ဆုပ်ကိုင်မှုထဲ ဝင်စတန့်လက်ကလေး အရိုး များကျိုးတော့မလား အောက်မေ့ရသည်။ တံခါးဝတွင် ဝန်စတန် နောက်ပြန် လှည့်ကြည့်သည်။ အိုဘရိုင်ယန်ကတော့ ဝင်စတန့်ကို အာရုံထဲရှင်းပစ်လိုက်ပြီ ထင်သည်။ တယ်လီစကရ်ပြန် ဖွင့်ဖို့ကိုပင် အသင့်ဖြစ်နေပြီ။ အိုဘရိုင်ယန်၏ နောက်ဘက်မှ အစိမ်းရောင်မီးအုပ်ဆောင်း၊ စာရေးစက်နှင့် စာရွက်များ တနင့် တပိုးထည့်ထားသောခြင်းတောင်း၊ ဖြစ်စဉ်တစ်ခုပြီးဆုံးသွားချိန်။ အိုဘရိုင်ယန် သည် စက္ကန့်သုံးဆယ်အတွင်း သူ၏နှောက်ယှက်ခံလိုက်ရသော အရေးကြီး တာဝန်ထဲပြန်ဝင်ကာ ပါတီအကျိုး သယ်ပိုးရဦးမည်။

ဝင်စတန်သည် ပင်ပန်းလွန်း၍ဂျယ်လီဖြစ်နေပြီ။ "ဂျယ်လီ" ဆိုသော အသုံး အနှုန်းမှန်သည်။ ထိုစကားလုံးသည် သူ့ခေါင်းထဲ အဆက်မပြတ် ဝင်လာနေသည်။ သူ့ခန္ဓာကိုယ်သည် ဂျယ်လီလိုပျော့တွဲနေရုံမက ထွင်းဖောက်မြင်သာနေသည်။ သူ့လက်ကိုမြှောက်လိုက်လျှင် အလင်းရောင်သည် အသားထဲ ဖောက် ဝင်လာသည်ဟု သူထင်သည်။ အဆမတန်လုပ်ရသော အလုပ်များက ခန္ဓာ ကိုယ်ထဲ ရှိရှိသမျှ သွေးနှင့် သွေးရည်ကြည်များကို စုပ်ယူစားသုံးပစ်လိုက်ကာ အရိုးနှင့် အရေကိုသာ ချန်ထားရစ်ခဲ့သည်။ အာရုံငါးပါးသည် ပုံကြီးချဲ့လာ သလို ရှိသည်။ ယူနီဖောင်းသည် ပခုံးပေါ်တွင် စိတ်ပျက်စရာ။ ခြေထောက် အောက် မှလမ်းသည် ခိုးလုခုလုနှင့် လက်ကလေး ဆုပ်ချည် ဖြန့်ချည် လုပ်ရုံ နှင့် အဆစ်အမြစ်တွေ ဖျိုးဖျိုးဖျစ်ဖျစ်မြည်သည်။

ငါးရက်တာအလုပ်လုပ်ချိန်သည် နာရီပေါင်းကိုးဆယ်ကျော်။ ဌာနထဲမှလူတိုင်း ထိုနှုန်းအတိုင်းလုပ်ရခြင်းဖြစ်သည်။ ခုတော့လည်း ပြီးသွား ပြီ။ ဘာမှကိုလုပ်စရာမရှိတော့။ မနက်ဖြန်မနက်ထိ ဘာအလုပ်မှ မရှိ။ ပုန်းအောင်းရာအခန်းလေးထဲ ခြောက်နာရီအချိန်ဖြုန်း နိုင်မည်။ နောက်ထပ် ကိုးနာရီကို သူ့အိပ်ရာပေါ်တွင် အချိန်ဖြုန်းခွင့်ရှိသည်။

မစ္စတာရှာရင်တန်၏ ဆိုင်လေးဆီဦးတည်ပြီး လမ်းအိုလေးအတိုင်း သူဖြည်းဖြည်းတက်လာသည်။ နေ့လယ်ခင်း၏နေသည် မပြင်းလှ။ လှည့်ကင်း အန္တရာယ်ကို သူနိုးနိုးကြားကြားရှိနေသော်လည်း ယနေ့နေ့လယ်ကိုတော့ သူ အေးအေးချမ်းချမ်း အနှောင့်အယှက်မရှိ ဖြတ်သန်းနိုင်လိမ့်မည်ဟု သူ့ဘာသာ သေချာနေသည်။ ခြေလှမ်းလိုက်တိုင်း လေးပင်သောလက်ဆွဲအိတ်က ဒူးကို လာတိုက်သည်။ လက်ဆွဲအိတ်ထဲတွင် 'စာအုပ်''။ စာအုပ်ရသည်မှာ ခြောက် ရက်ရှိပြီ။ ဖတ်ဖို့နေနေသာသာ ကြည့်ပင်မကြည့်ရသေး။

"အမုန်းရက်သတ္တပတ်" ၏ခြောက်ရက်မြောက်နေ့တွင်- စီတန်းလှည့် လည်ခြင်း၊ ဟောပြောပွဲများ၊ ကြွေးကြော်သံများ၊ သီချင်းဟစ်ကြွေးခြင်း၊ နဖူး စည်းစာတန်းများ၊ ပိုစတာများ၊ ရုပ်ရှင်၊ ဖယောင်းရုပ်ပြပွဲ၊ ဒရမ်တီးသံ၊ ခရာ တွတ်သံ၊ ချီတက်ကြသော စစ်ဖိနပ်သံ၊ တင့်ကားချိန်းကြိုးကြီးများ တဂျိမ်းဂျိမ်း ကြိတ်သံ၊ မြောက်မြားစွာသောလေယာဉ်တို့ မြည်ဟိန်းသွားသံ၊ သေနတ်ပစ် ဖောက် သံ-စသော အုတ်အော်သောင်းတင်းတို့၏ ခြောက်ရက်မြောက်နေ့။ စိတ်ရှုးပေါက်ခြင်းများ အထွတ်အထိပ်ရောက်ချိန်၊ ရန်သူတော် ယူရေးရှား နိုင်ငံကို မုန်းသည့်အမုန်းများ ပွက်ပွက်ဆူချိန်၊ နောက်ဆုံးနေ့တွင် လူထုရှေ့ သုတ်သင်မည့် ယူရေးရှားသုံ့ပန်းနှစ်ထောင်ကို အခုတင် လူထုလက်ထဲထည့် ပေးလိုက်ပါက လူထုကြီးက ယူရေးရှားများ စိစိမွမွကြေအောင် အသားကုန် ဖြုတ်တော့မည့်အချိန်။ သို့ကလို သွက်သွက်ခါနေကြချိန်တွင်မှ ဝင်စတန်တို့၏ အိုရှင်းနီးယားနိုင်ငံသည်

ကြေငြာချက်တစ်ရပ်ထုတ်ပြန်သည်။

အိုရှင်းနီးယားနိုင်ငံတော်သည် ယူရေးရှားနိုင်ငံနှင့်စစ်မက်မဖြစ်ပွား။ အိစတာရှားနိုင်ငံနှင့်သာ စစ်ဖြစ်နေခြင်းဖြစ်သည်။ ယူရေးရှားနိုင်ငံနှင့် အိုရှင်းနီးယားနိုင်ငံတို့သည် မဟာမိတ်များသာတည်း။

အပြောင်းအလဲသည် ကြိုတင်ခွင့်ပြုချက်ကလေးပင် မယူခဲ့။ ရန်သူတော်နိုင်ငံကြီး တစ်နိုင်ငံလုံးပြောင်းလဲခြင်းကို နေရာအနှံ့တွင် ဖြုန်းစားကြီး ကြေငြာလိုက်ခြင်းဖြစ်သည်။

လန်ဒန်မြို့လယ်ကောင်ရှိ ဆန္ဒပြပွဲတစ်ခုတွင် ဝင်စတန် ပါဝင်ဆင်နွှဲ နေချိန်။ အချိန်သည် ညဘက်။ ဖြူဖွေးသောမျက်နှာများ၊ နီစွေးသောနဖူးစည်းအလံများ ပလူပျံနေကြချိန်။ ရင်ပြင်တစ်ခုလုံး လူပေါင်းထောင်ချီ၍ ပြည့်ကျပ် သိပ်နေသည်။ ထောက်လှမ်းရေးဝတ်စုံနှင့် ကျောင်းသူကျောင်းသားလေးများ တစ်အုပ်ကြီးပါသည်။ စင်မြင့်ပေါ်တွင် ပိန်ညှော်ညှော်ဗဟိုပါတီဝင်တစ်ဦး ဒေါသတွေမောတွေနှင့် မိန့်ခွန်းခြွေနေသည်။ ထိုလူ၏လက်တံများသည် အချိုး မကျစွာ ရှည်လျားလွန်းသည်။ ပြောင်သောဦးခေါင်းခွံပေါ်ဝယ် ဆံပင်ကြမ်းကြီး များ တွဲလွဲကျလျက်။ အမုန်းတို့ဖြင့် ရှုံ့တွနေသောထိုလူသည် လက်တစ်ဖက်က မိုက်ခွက်ကိုကိုင်ပြီး ကျန်လက်တစ်ဖက်က ခေါင်းထက်မှလေထုကို ကုတ် ကုတ်ပြီးယူသည်။

အသံချဲ့စက်ကြောင့် သတ္တုသံပေါက်နေသော ထိုလူ့အသံသည် ကြမ်းကြုတ်ရက်စက်မှုများအကြောင်း၊ အစုအပြုံလိုက်သတ်ခြင်း၊ နယ်နှင်ခြင်း၊ ဓားပြတိုက်ခြင်း၊ အဓမ္မကျင့်ခြင်း၊ အကျဉ်းသားများကိုနှိပ်စက်ခြင်း၊ မြို့နေလူထု ထဲဗုံးခွဲခြင်း၊ အလိမ်အညာ ဝါဒဖြန့်ခြင်း၊ မဟုတ်မတရားကျူးကျော်ရန် စခြင်း နှင့် သဘောတူညီချက်ဖောက်ဖျက်ခြင်းအကြောင်း မဆုံးနိုင်အောင် ဇာတ်စုံ ခင်းနေသည်။ သူ့စကားနားထောင်ဖို့ဆိုသည်မှာ ပထမယုံပစ်ရမည်၊ ထို့နောက် ရူးသွပ်သွားမှဖြစ်မည်။ အချိန်ရတိုင်းလိုလိုပင် လူအုပ်ကြီး၏ဒေါသ ပွက်ပွက် ဆူလာပြီး အရိုင်းအော်သံများ ထိမ်းမနိုင် သိမ်းမရ ဟိန်းထွက်လာသည်။ ကျောင်းသားအုပ်ထံမှ အော်သံများမှာ အရိုင်းစိုင်းဆုံးဖြစ်၏။

မိနစ်နှစ်ဆယ်ခန့် မိန့်ခွန်းခြွေကောင်းနေစဉ် စင်မြင့်ပေါ်သို့ လူတစ်ယောက်အပြေးအလွှားတက်လာပြီး စာရွက်ပိုင်းတစ်ရွက် ထိုးပေးသွားရာ တရားဟောလက်စလူသည် အဟောမရပ်ဘဲ စာရွက်ကိုဖြည်ပြီး ထိုကြေငြာချက်ကြီးကို ဖတ်ပြသွားခဲ့သည်။ လေသံလေးပင်မပြောင်း၊ အမူအရာလေး ပင်မပြောင်း၊ ပြောနေသောအကြောင်းအရာလည်းမပြောင်း၊ အမည်များသာ ပြောင်းလဲသွားလေသည်။ သဘောပေါက်ခြင်းလှိုင်းလုံးကြီးက လူထုထဲ လိမ့်ဆင်းသွားသည်။ စကားလုံးများ မလိုအပ်ခဲ့။ အိုရှင်းနီးယားနိုင်ငံတော်သည် အိစတာရှားနိုင်ငံနှင့် စစ်မက်ဖြစ်ပွားနေပါပကော။

တစ်အောင့်အကြာတွင် သောသောရုတ်ရုတ်ဖြစ်သွားကြရသည်။

ရင်ပြင်ကိုအလှဆင်ထားသော ပိုစတာများ၊ နဖူးစည်းစာတန်းများ၊ အားလုံးအလွဲကြီးလွဲပေါ့။ ပိုစတာနှင့်နဖူးစည်းစာတန်းပေါ်မှမျက်နှာများ တစ်ဝက်တိတိကြီးများတောင် မှားလို့ယွင်းလို့ နေသည်။ အဖျက်လုပ်ရပ်-အဖျက်လုပ်ရပ်။ ဂိုးစတိန်းနှင့်အပေါင်းပါများ ခြေသွက်လိုက်သည်ဖြစ်ခြင်း။ နံရံပေါ်မှ ပိုစတာများ ဆွဲဖြဲကြသည်။ နဖူးစည်းစာတန်းများ ဆွဲဆုတ်ပြီး ခြေထောက်နှင့် နင်းသည်။ ထောက်လှမ်းရေးကျောင်းသားလေးများကား အရွယ်နှင့် မလိုက် အောင် တော်သမျှထိပ်ခေါင်ဖြစ်နေလေသည်။ အိမ်ခေါင်ပေါ်တက်ပြီး ခေါင်းတိုင်မှဆွဲထားသော သွပ်နန်းကြိုးများကို ဖြုတ်သည်။ နှစ်မိနစ်သုံးမိနစ်အတွင်း မှာပင် ကိစ္စအားလုံးပြီးစီးသွားခဲ့သည်။ လက်တစ်ဖက်က မိုက်ခွက်ကိုကိုင်ပြီး ကျန်လက်တစ်ဖက်က လေကိုကုတ်ယူနေသည့် စင်မြင့်ပေါ်မှအဟောအပြော သမားကြီးသည် မိန့်ခွန်းကို ဖြောင့်ဖြောင့်တန်းတန်းဆက်ခြွေသွားနိုင်သည်။ တစ်မိနစ်အကြာတွင် လူအုပ်ကြီးထံမှ တောစိတ်ဝင်သော အရိုင်း အော်သံများ အုန်းခနဲ ဟိန်းထွက်လာသည်။ ပစ်မှတ်ပြောင်းလဲသွားသော်လည်း ခါတိုင်းလို “အမုန်း” က ရှေ့ဆက်သွားနေသည်။

ဝင်စတန် မှတ်မှတ်ထင်ထင်ဖြစ်ရသည့်ကိစ္စမှာ စင်မြင့်ပေါ်မှ အဟောသမားကြီးသည် ဟောနေရင်းတန်းလန်း ဆတ်တင့်ငံ့ လေးပင်မဖြစ်၊ ဝါကျဖွဲ့ထုံးလေးပင်မပြောင်းဘဲ စာတစ်ကြောင်းမှ တစ်ကြောင်း ချောမွေ့စွာ ကူးသန်းသွားနိုင်ခြင်းဖြစ်သည်။

ပိုစတာများဆွဲဖြဲနေကြချိန်တွင် သူ့ပခုံးကိုလူတစ်ယောက် လာပုတ် ပြီး တစ်ဆိတ်ဗျာ။ ခင်ဗျားလက်ဆွဲအိတ်ကျန်ခဲ့သလားလို့” ဟုမေးလာသည်။ သူပြန်မဖြေဘဲ လက်ဆွဲအိတ်ကိုယူသည်။ သူ့အာရုံများ ပျံ့လွင့်လျက်ရှိသည်။ လက်ဆွဲအိတ်ဖွင့်ကြည့်ဖို့ အခွင့်အရေးကို ရက်ပေါင်းမနည်းအောင် စောင့်ရဦး မည်ဖြစ်ကြောင်း သူသိနေသည်။

ဆန္ဒပြပွဲပြီးသည်နှင့် အမှန်တရားဝန်ကြီးဌာနကို သူတန်း သွားသည်။ နှစ်ဆယ့်သုံးနာရီထိုးလုပြီဖြစ်လျက် ဝန်ထမ်းအားလုံး သူ့လိုပင် ဌာန တန်းပြန်ရသည်။ ဝန်ထမ်းများအား အလုပ်ခွင်ပြန်ဝင်ဖို့ တယ်လီစက်မှ ဆော်ဩနေသော်လည်း တကယ်တော့မလိုအပ်။

အိုရှင်းနီးယားနိုင်ငံသည် အီစတာရှား နိုင်ငံနှင့်စစ်ဖြစ်နေသည်။ ထို့ကြောင့် အိုရှင်းနီးယားနိုင်ငံသည် အီစတာရှားနိုင်ငံနှင့် အမြဲတမ်း စစ်ဖြစ် ခဲ့သည်။ ငါးနှစ်တာနိုင်ငံရေးစာပေ၏ အများစုသည် ခုတော့လည်း လုံးလုံး သုံးမရတော့။ အစီရင်ခံစာများ၊ မှတ်တမ်းများ၊ သတင်းစာ၊ စာအုပ်၊ လက်ကမ်း စာစောင်၊ ရုပ်ရှင်၊ အသံသွင်းတိတ်ခွေ၊ ဓာတ်ပုံ၊ အားလုံးကို လျှပ်စီးပြက် သည့်အမြန်နှုန်းထားဖြင့် ပြင်ရတော့မည်။

ညွှန်ကြားချက်သာမထုတ်ပြန်သော်လည်း ယူရေးရှားနှင့် စစ်ဖြစ်ခြင်း၊ အီစတာရှာနှင့်မဟာမိတ်ဖြစ်ခြင်းဟူသော အချက်အလက် အကိုးအကားဟူ သမျှကို

တစ်ပတ်အတွင်း အစအနမကျန်အောင် ရှင်းရတော့မည်ဟု ဌာန
တစ်ခုလုံးသိကြသည်။ အလုပ်ကြီးတစ်ခုလုံး အံ့ချီးစရာပင်ကောင်းသေးတော့၊
ပိုပြီးအံ့ချီးစရာကောင်းသည်မှာ လုပ်ငန်းစဉ်များကို အမည် မှန်မှန်ကန်ကန်
မတပ်နိုင်ခြင်းဖြစ်သည်။

မှတ်တမ်းဌာနမှဝန်ထမ်းတိုင်းသည် နှစ်ဆယ့်လေးနာရီလျှင် ဆယ့်ရှစ်နာရီ
အလုပ်ဆင်းရသည်။ သုံးနာရီအိပ်ချိန် နှစ်ကြိမ်ရသည်။ မြေတိုက်ခန်းထဲမှမွေ့ရာများ
သယ်ထုတ်လာပြီး ကော်ရစ် ဒါအပြည့် နေရာချ ကြသည်။
ကင်တင်းမှဝန်ထမ်းများက အသားညှပ်ပေါင်မုန့်နှင့် ဗစ်ထရီ ကော်ဖီ များကို
လက်တွန်းလှည်းပေါ်တင်ပြီး လိုက်လံဝေငှပေးသည်။ ဝင်စတန်သည်
သုံးနာရီတစ်ကြော့ အိပ်ရာမဝင်ခင် သူ့အလုပ်စားပွဲကို အပြီးအစီးရှင်းသည်။
မျက်လုံးများကျိန်းစပ်ပြီး အိပ်ရာမှထလာချိန်တွင် သူ့အလုပ်စားပွဲပေါ် ညွှန်
ကြားလွှာများ နှင်းကျသလိုဖွေးဖွေးလှုပ်နေပြန်သည်။ ညွှန်ကြားလွှာစာလိပ်
များအောက်သို့ စာရေးစက်က တစ်ဝက်လောက်မြုပ်နေသည်။ ထို့ကြောင့်
အိပ်ရာမှထသည်နှင့် သူပထမဆုံးလုပ်ရသည့်အလုပ်မှာ အလုပ်လုပ်စရာ နေရာရဖို့
စားပွဲရှင်းရခြင်းဖြစ်သည်။

အဆိုးတကာ့အဆိုးဆုံးမှာ သူ့အလုပ်သည် စက်အလုပ်မဟုတ်။
အမည်သညာများမှာ အစားထိုးရုံနှင့်လုံလောက်သော်လည်း အသေးစိတ် အစီရင်
ခံစာများတွင် သတိဝီရိယနှင့် စိတ်ကူးစိတ်သန်း လိုအပ်သည်။ စစ်ကို
ကမ္ဘာ့တစ်နေရာမှတစ်နေရာပြောင်းရွှေ့ရာတွင် ပထဝီဝင်အသိရှိဖို့ကပင်
တော်တော့်ကိုမလွယ်သောကိစ္စဖြစ်၏။

တတိယမြောက်နေ့တွင် ဝင်စတန့်မျက်လုံးများ မခံနိုင်တော့။ မျက်မှန်ကို
မကြာခဏသုတ်ပေးရသည်။ စာရေးစက်ထဲ သူပြောသွင်းလိုက် သမျှ၊
မင်စိုခဲတံဖြင့်ရေးခြစ်လိုက်သမျှ အားလုံးသည် မုသားစစ်စစ်များဖြစ် နေသည်ကို
သူမှတ်မှတ်ရရရှိလိုက်သော်လည်း ထိုကိစ္စကြောင့် သူပြဿနာ ဖြစ်မနေ။
အတုပြုလုပ်ခြင်းသေသပ်ဖို့ကို ဌာနရှိအခြားဝန်ထမ်းများနည်းတူ သူတက်တက်
ကြွကြွရှိနေသည်။ ခြောက်ရက်မြောက်နေ့မှ ညွှန်ကြားလွှာတ ကျခြင်း စဲသွားခဲ့သည်။
ဌာနတစ်ခုလုံး တစ်ပြိုင်တည်းလိုလို အလုပ်ပါးသွားခြင်းဖြစ်၏။ ဌာနကြီးတစ်ခုလုံး
တိတ်တခိုးသက်ပြင်း ချလိုက်ကြရသည်။ ထုတ်ဖော်ပြောပြ၍ မရသော
တကယ့်ကြောက် ခမန်းလိလိအလုပ်ကြီး အောင်မြင်စွာပြီးဆုံးခဲ့ပြီ။
ယူရေးရှားနိုင်ငံနှင့် စစ်ဖြစ်သည်ကို သက်သေပြစရာ ဘာမှမကျန်တော့ချေ။

နာရီထောင့်နှစ်ရာတွင် မမျှော်လင့်ဘဲ ကြေငြာချက်ထွက်လာသည်။
မနက်ဖြန်မနက်ထိ ဌာနဝန်ထမ်းများ အားလပ်ခွင့်ရပြီ။ ဝင်စတန်သည်
လက်ဆွဲအိတ်သယ်ပြီး အိမ်ပြန်သည်။ ကျင်စွယ်များရိတ်သည်။ ရေချိုးရင်း
အိပ်ပျော်တော့မလိုပင် ဖြစ်လိုက်သေးသည်။

အဆစ်အမြစ်တွေ ချိုးချိုးချွတ်ချွတ်မြည်လျက် မစ္စတာရှာရင်တန် ၏

ဆိုင်အပေါ်ထပ်ကို သူတက်လာသည်။ မောသော်လည်း အိပ်ငိုက်မနေ တော့။ ပြတင်းပေါက်ဖွင့်၊ မီးမွှေးပြီး ကော်ဖီဖျော်ဖို့ ရေနွေးတည်သည်။ ဂျူလီယာ ရောက်လာလိမ့်မည်။ ခနော်ခနဲ့ ကုလားထိုင်ပေါ် သူထိုင်ချပြီး လက်ဆွဲအိတ်သိုင်းကြိုးများဖြည်သည်။

လေးပင်သောအနက်ရောင်စာအုပ်ကို သေသေသပ်သပ် ထုပ်ပိုး မထား။ မျက်နှာဖုံးတွင် ဘာစာတန်းမှမရှိ။ အတွင်းစာသားများ ညီညီညာညာ မရှိလှ။ စာရွက်များအနားစုတ်နေသည့်အပြင် လက်ပေါင်းများစွာ လှည့်ခဲ့သော စာအုပ်လို ပျော့ပျော့ပျောင်းပျောင်းနှင့် အလွယ်တကူ ဖွင့်ထား၍ ရနေသည်။

ရှေ့ဆုံးစာမျက်နှာ၏ခေါင်းစဉ်မှာ-

အာဏာဆုပ်ကိုင်ထားသူ လူတစ်စု၏သီဝရီနှင့်ကျင့်ကြံမှု

ရေးသူ - အီမင်နျူရယ်ဂိုးစတိန်း

ဝင်စတန် စတင်ဖတ်သည်။

အခန်း(၁)

မသိခြင်းသည်အင်အား

ကျောက်ခေတ်နှောင်းပိုင်းလောက်မှ စတင်၍ မှတ်တမ်းတင်ထားသည့် တစ်လျှောက်လုံး ကမ္ဘာပေါ်တွင် လူအမျိုးအစားသုံးမျိုးသာရှိသည်။ အဆင့် ကာလ မြင့်၊ အလယ်အလတ်၊ အဆင့်နိမ့်။ ထိုလူသုံးမျိုးကို နည်းလမ်းပေါင်းစုံဖြင့် ထပ်မံစိတ်ဖြာထားသည်။ အမည်များ၊ မျိုးရိုးအမှတ်စဉ်များ၊ တစ်ဦးပေါ်တစ်ဦး ပြုမူပုံများ စသည်တို့သည် နှစ်ကာလကြာသည်နှင့်အမျှ ထွေပြားမှု ပိုများလာသည်။ သို့သော် အဓိကကျသောလူမှုဖွဲ့စည်းပုံသည် မပြောင်းလဲခဲ့။ ရောမ အုံကြွမှုကြီးများပေါ်ပေါက်ခဲ့သည့်တိုင်၊ ယတိပြတ် ပြောင်းလဲခြင်းများ ကြုံခဲ့ရ သည့်တိုင်၊ စောစောကလူမှုဖွဲ့စည်းပုံသည် အမြဲတစေ သူ့နေရာ သူပြန်ယူခဲ့သည်။

ထိုလူအမျိုးအစားသုံးစု၏ ရည်ရွယ်ချက်အသီးသီးကို ဘယ်လိုမှ စေ့စပ်ညှိယူ၍ မရခဲ့ပေ။

ဝင်စတန် တစ်အောင့်နားသည်။ သူဖတ်နေသော အမှန်တရား အပေါ် တစိမ့်စိမ့်ကြည်နူးနေသည်။ သူလုံလုံခြုံခြုံ သက်တောင့်သက်သာရှိနေသည်။ သူတစ်ယောက်တည်း။ တယ်လီစက်မရှိ၊ သော့ပေါက်မှ ချောင်းနား ထောင်မည့် နားများမရှိ။ တထိတ်ထိတ်နှင့် စာအုပ်ပေါ်လက်ဝါး အုပ်ဖို့ကို လည်း ပူမနေရ။ သူ့ပါးကို လေပြည်လေးများတိုးလျက်။ အဝေးမှကလေးတို့၏ အသံ ပျံ့လွင့်လာနေသည်။ အခန်းထဲဝယ် နာရီသံချက်ချောက်မှလွဲ၍ ပကတိတိတ်လျက်။

လက်တင်ကုလားထိုင်တွင် သူအကျအနထိုင်ပြီး မီးလင်းဖို သတ္တု ဘောင်ပေါ် ခြေထောက်တင်ထားသည်။ ဇိမ်ရှိလိုက်လေ။ စကားလုံးတိုင်းကို ဖွတ်ဖွတ်ကြေအောင် ဖတ်ထားသူလို စာအုပ်ကို နောက်တစ်နေရာလှန်ပြီး

ကြည့်လိုက်သော် အခန်း (၃) ဖြစ်နေသည်။

အခန်း(၃)

စစ်သည်ငြိမ်းချမ်းရေး

ကမ္ဘာကြီးသုံးပိုင်းကွဲသွားပြီး အင်အားကြီးသုံးနိုင်ငံပေါ်ထွန်းလာသော ဖြစ်ရပ်ကို နှစ်ဆယ်ရာစုအလယ် မရောက်ခင်ကတည်းက ကြိုတင်မြင်ခဲ့ပြီး ဖြစ်သည်။ ဥရောပနှင့်ရုရှား စိမ့်ဝင်ပေါင်းစည်းရာမှ ယူရေးရှားနိုင်ငံပေါ် ထွန်းလာ ခဲ့သည်။ ဗြိတိသျှအင်ပါယာနှင့် အမေရိကန်ပြည်ထောင်စု ပေါင်းစည်းရာမှ အိုရင်းနီးယားနိုင်ငံကြီးပေါ်ထွန်းလာသည်။ တတိယမြောက် အီစတာရှား နိုင်ငံကမူ နောက်ထပ်ရာစုတစ်စုကြာအောင် တိုက်ပွဲများရှုပ်ထွေးခဲ့ပြီးမှ အီစကားရှားနိုင်ငံဟူ၍ သီးသန့်ထင်ရှားသောအုပ်စုဖြစ်လာခဲ့သည်။ စူပါပါဝါ သုံးနိုင်ငံ၏ နယ်မြေပိုင်နက်သည် အချို့နေရာများတွင် စစ်ပွဲတွင်းအမြတ် ထုတ်လိုမှုကြောင့် မငြိမ်သက်။ များသောအားဖြင့်မူ ပထဝီနယ်နိမိတ် အတိုင်းရှိနေကြသည်။

ယူရေးရှားနိုင်ငံသည် ဥရောပမြောက်ပိုင်း၊ အာရှကုန်းမြေထု၊ ပေါ်တူဂီမှ ဘာရင်းရေလက်ကြားထိရှိသည်။ အိုရှင်းနီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ဗြိတိသျှကျွန်းစုအပါအဝင် အတ္တလန္တိတ်ကျွန်းများ နှင့် အာဖရိကတိုက်တောင်ပိုင်း ပါဝင်သည်။ နယ်နိမိတ်အသေးဆုံး အီစတာရှားနိုင်ငံကမူ တရုတ်နှင့် တရုတ်ပြည်တောင်ပိုင်းမှနိုင်ငံများ၊ ဂျပန် ကျွန်းနှင့် မငြိမ်သက်သောမန်ချူးရီးယား၊ မွန်ဂို၊ တိဘက်တို့ပါဝင်သည်။

ထိုအင်အားကြီးနိုင်ငံသုံးခု စဉ်ဆက်မပြတ် စစ်မက်ဖြစ်ပွားခဲ့ကြ သည်မှာ လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ကတည်းကဖြစ်သည်။ စစ်သည် နှစ်ဆယ်ရာစုအစပိုင်းတုန်းကလို ကျူပင်ခုတ် ကျူငုတ်မကျန် အမြစ်ဖြတ် သုတ်သင်ချေမှုန်းသောပွဲများ မဟုတ်တော့ပြီ။ တစ်ဦးကိုတစ်ဦး မချေမှုန်း နိုင်သော ယှဉ်ပြိုင်သူနှစ်ဦးအကြားမှ ကန့်သတ်ရည်ရွယ်ချက်များ အတွက်သာ ဖြစ်သည်။ လက်ဆုပ်လက်ကိုင်ပြစရာ အကြောင်းရင်းမြစ်လည်းမရှိ၊ အတွေး အခေါ်ပိုင်းကွဲလွဲမှုကြောင့်လည်း မဟုတ်ဘဲတိုက်ကြခိုက်ကြသည်။ စစ်၏ အပြုအမူ၊ သို့မဟုတ် စစ်အပေါ်ထားသော သဘောထားကိုပြောရလျှင် သွေးဆာခြင်းလျော့ပါးသွားသည်ဟုလည်း ဆို၍မရ။ ဆန့်ကျင်ဘက်အားဖြင့် စစ်အရှူးထခြင်းသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် အဆက်မပြတ်ဖြစ်ပေါ်နေသည်။ မုဒိမ်းမှု၊ လုယက်မှု၊ ကလေးသူငယ်များအားသတ်ဖြတ်မှု၊ အလုပ်ကြမ်းစခန်းပို့ခြင်းအားဖြင့် လူဦးရေလျှော့ချမှု၊ လက်တုံ့ပြန်သောအားဖြင့် အကျဉ်းသားများအား အရှင်လတ် လတ်မြေမြှုပ်ခြင်း၊ ပွက်ပွက်ဆူသောရေနွေး အိုးထဲထည့်ခြင်း စသည်တို့ကို ပုံမှန်ဟုမြင်ကြသည်။

သို့ရာတွင် သဘာဝကျသောအမြင်၌ စစ်ထဲအကျုံးဝင်နေသည်မှာ လူနည်းစုသာဖြစ်သည်။ အဆင့်မြင့်လေ့ကျင့်ပေးထားသော စပါယ်ရှယ်လစ်များ။ စစ်ကြောင့်ပျက်စီးဆုံးရှုံးမှုသည်လည်း ဟိုယခင်စစ်ကြီးများနှင့် စာလျှင် မနှိုင်းယှဉ်သာလောက်အောင် နည်းပါးသည်။ တိုက်ပွဲများ ဘယ်နားတွင်ဖြစ်နေမှန်း ရေရေရာရာမသိရ။ သာမန်လူအဖို့ ခန့်မှန်းကြည့်ရုံလောက်သာ တတ်နိုင်သည်။ ခေတ်မီလူ့အဖွဲ့အစည်းထဲတွင် စစ်ဆိုသည်မှာ ကုန်ပစ္စည်း ပြတ်လပ်ခြင်း၊

လူအနည်းအကျဉ်းသာသေစေသော ဒုံးကျည်ကျခြင်းဟု အဓိပ္ပါယ်ရသည်။ တကယ်တော့ စစ်၏အထူး ဝိသေသစရိုက်များ ပြောင်းလဲ ခဲ့ပြီ။ ပိုပြီးတိတိကျကျဆိုရလျှင် စစ်မက်ဆင်နွှဲရခြင်း၏ အကြောင်းရင်းများ သည် အရေးပါမှု တန်ဖိုးများပြောင်းလဲခဲ့ပြီ။

လက်ရှိဖြစ်ပွားနေသောစစ်ကို နားလည်ရန်မှာ သုံးလေးနှစ်အတွင်း အုပ်စုပြောင်းခြင်းမရှိသော်လည်း စစ်ကတော့ တစ်ခုတည်းသာဖြစ်၏။ တိကျ ပြတ်သားစွာပြောဖို့ရာ မဖြစ်နိုင်။ အင်အားကြီးနိုင်ငံနှစ်ခုပေါင်းလျှင် သော်မှ ကျန်အင်အားကြီးနိုင်ငံကို သိမ်းပိုက်နိုင်မည်မဟုတ်ချေ။ စူပါပါဝါသုံးနိုင်ငံစလုံးသည် သူမသာကိုယ်မသာရှိနေကြပြီး သဘာဝကပေးအပ်ထားသော အကာအကွယ်ကို ဖြိုဖျက်၍မရနိုင်။ ယူရေးရှားနိုင်ငံကို အဆမတန်ကျယ်ပြန့် ပြောသော မြေပြင်က ကာကွယ်ပေးထားသည်။ အိုရှင်းနီးယားနိုင်ငံကို အန္တလန္တိတ်နှင့် ပစိဖိတ်သမုဒ္ဒရာ၊ အီစတာရှားနိုင်ငံကို နိုင်ငံသားတို့၏ မျိုးပွား နိုင်စွမ်းနှင့် လုံ့လဝီရိယတို့က ကာကွယ်ပေးထားသည်။

ဒုတိယအချက်မှာ ရုပ်ဝတ္ထုပိုင်းအမြင်အရ စစ်မက်ပြုစရာ ဘာ အကြောင်းမှ မရှိချေ။ နိုင်ငံတွင်းမှစီးပွားရေးသည် ထုတ်လုပ်နိုင်စွမ်းနှင့် စားသုံးနိုင်စွမ်း ဟန်ချက်ညီနေသည်။ ယခင်စစ်ပွဲများ၏ အဓိကအကြောင်းရင်းးဖြစ်သော ဈေးကွက်လုယက်ရခြင်းများ နိဂုံးချုပ်သွားလေပြီ။ ကုန်ကြမ်း ပစ္စည်းအတွက် ယှဉ်ပြိုင်ရခြင်းသည် သေရေးရှင်ရေးကိစ္စမဟုတ်တော့။ အင်အားကြီးသုံးနိုင်ငံစလုံးသည် ပိုင်နက်နယ်မြေအလွန်တရာကျယ်သော ကြောင့် လိုအပ်သမျှအရာအားလုံးသည် နယ်မြေအတွင်းဖူလုံနေသည်။ စစ်ဆိုသည်မှာ တိုက်ရိုက်စီးပွားရေးရည်ရွယ်ချက်အတွက် ဖြစ်သည်။ ထို့ကြောင့် ဤစစ်သည် လုပ်သားအင်အားရယူလိုခြင်းဖြစ်၏။

အင်အားကြီးသုံးခုစလုံး၏နယ်စပ်များဖြစ်သော တန်ဂျီယာ၊ ဘရေဇာဗီလ်၊ ဒါဝင်၊ ဟောင်ကောင် စသည်တို့တွင် တစ်ကမ္ဘာလုံးလူဦးရေ၏ ငါးပုံတစ်ပုံခန့်နေထိုင်သည်။ ထိုလူဦးရေထူထပ်သောဒေသများနှင့် မြောက်ပိုင်း ရေခဲတောင်ကိုလုရေးအတွက် စစ်မက်ဖြစ်ပွားကြခြင်းပင်။ လက်တွေ့တွင် ထိုကြားခံနယ်မြေများကို ဘယ်သူမှ လက်ထဲကြာကြာကိုင်မထားနိုင်ကြ။

ထိုအငြင်းပွားဖွယ်နယ်မြေဒေသထဲတွင် အဖိုးတန်သတ္တုများအပြင် အေးသောဒေသတွင် ကုန်ကျစရိတ်ကြီးမားစွာ စိုက်ပျိုးရသော ရာဘာလို အရေးကြီးထွက်ကုန်များရနိုင်သည်။ သို့သော် အားလုံးအားလုံးထက် အကောင်းဆုံးရင်းမြစ်မှာ လုပ်သားအင်အားဖြစ်၏။ အီကွေတာရပ်ဝန်း အာဖရိက၊ သို့မဟုတ် အရှေ့အလယ်ပိုင်းတိုင်းပြည်များ၊ သို့မဟုတ် အိန္ဒိယ တောင်ပိုင်း၊ သို့မဟုတ် အင်ဒိုနီးရှားတွင် မည်သည့် အင်အားကြီးနိုင်ငံက အုပ်ချုပ်အုပ်ချုပ်၊ လစာအလွန်နည်းသော ကူလီများကိုသာ သန်းချီပြီး ထုတ်သွားမြဖြစ်သည်။ ထိုနယ်မြေ၏ဒေသခံများသည် ကျွန်အဆင့်သို့ ပြောင်ပြောင်တင်းတင်း တန်းချခံလိုက်ရပြီး အဆင့်ဆင့်လက်ပြောင်းခြင်းခံလိုက်ရသည်။ လက်နက်တပ်ဆင်ဖို့ အလုပ်လုပ်ကြရသည်။ ထိုမှတစ်ဆင့် နယ်မြေပို ရဖို့၊ ထိုမှတစ်ဆင့် လုပ်သားပိုရဖို့ စသည်ဖြင့်အဆက်မပြတ် သံသရာလည် နေသည်။

သို့သော် တိုက်ပွဲများသည် ဘယ်တော့မှအငြင်းပွားနယ်မြေမှ လွန် ၍ ကျံ့ထွက်မလာ။ ယူရေးရှားနိုင်ငံ၏နယ်စပ်သည် ကွန်ဂိုမြစ်ဝှမ်းနှင့် မြေထဲ ပင်လယ်မြောက်ပိုင်းကြား ရှေ့တိုးလိုက်နောက်ဆုတ်လိုက်ရှိနေသည်။ အိန္ဒိယ သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာမှ ကျွန်းများကို အိုရှင်းနီးယားနိုင်ငံနှင့်အီစတာရှားနိုင်ငံတို့ ဘတစ်ပြန်ကျားတစ်ပြန် တစ်လှည့်စီလုနေသည်။ မွန်ဂိုလီယာတွင် ယူရေးရှားနိုင်ငံနှင့် အီစတာရှားနိုင်ငံတို့၏ နယ်နိမိတ်သတ်မှတ် လိုင်းသည် ဘယ်တော့မှမတည်ငြိမ်။ လူသူမပေါက်ရောက်သေးသော ဝင်ရိုး များကိုမူ အင်အားကြီးသုံးနိုင်ငံစလုံးက သူပိုင်သည် ကိုယ်ပိုင်သည် အပြိုင်ပြောကြဆဲ။

အင်အားကြီးသုံးခုသည် အကြမ်းဖျင်းအားဖြင့် သူမသာ ကိုယ်မသာ ရှိမြဲရှိနေကြသည်။ ၎င်းနိုင်ငံများ၏ ဗဟိုချက်မဒေသများလည်း အမြဲတမ်း ပကတိအတိုင်းရှိနေသည်။ ထို့ပြင် အီကွေတာရပ်ဝန်း ရပ်ဝန်းမှလူတို့ကို ခေါင်းပုံ ဖြတ်ရယူထားသော လုပ်အားဆိုသည်ကလည်း ကမ္ဘာ့စီးပွားရေးအတွက် အမှန်တကယ်လိုအပ်နေခြင်းမဟုတ်။ ထိုကျေးကျွန်များ၏စွမ်းအားဟူသမျှကို စစ်ရေးကိစ္စအတွက်သုံးကြသည်ဖြစ်ရာ ကမ္ဘာကြီး၏ ကြွယ်ဝချမ်းသာမှုထဲ သူတို့က ဘာမှထပ်ပေါင်းမပေး။ ထိုကျေးကျွန်များမရှိလျှင်လည်း ကမ္ဘာ့လူမှုဝန်းကျင်တည် ဆောက်မှုပုံစံနှင့် တည်မြဲသောနဂိုဖြစ်စဉ်သည် ကွဲပြား ပြောင်းလဲသွားမည်မဟုတ်ချေ။

ခေတ်မီစစ်ပွဲ၏မူလရည်ရွယ်ချက်မှာ ယေဘုယျနေထိုင်မှုအဆင့် ကိုမြှင့်တင်ခြင်းမလုပ်ဘဲ စက်ပစ္စည်းကို အသုံးချခြင်းဖြစ်သည်။ ၁၉ရာစု အကုန်မှစပြီး စားသုံးကုန်အပိုအလျှံကို ဘာလုပ်ကြမည်နည်းဟူသော ပြဿနာသည် စက်မှုဝန်းကျင်တွင် တငွေ့ငွေ့ရှိနေခဲ့သည်။ ကနေ့ခေတ်တွင် အစားအသောက်ကုံလုံသူက လူနည်းစုဖြစ်သောကြောင့် ထိုပြဿနာသည် အရေးပေါ်ပြဿနာမဟုတ်တော့။ ၁၉၁၄ ခုမတိုင်ခင်ခေတ်နှင့် ယှဉ်လျှင် ယခုခေတ်သည် ဟာလာဟင်းလင်းနှင့် ဆာလောင်မွတ်သိပ်နေရသော ဘဝ ဖြစ်သည်။ ထိုခေတ်ကလူများ စိတ်ကူးယဉ်ခဲ့သော စိတ်ကူးယဉ်အနာဂတ်နှင့် ယှဉ်လျှင်သာ ဆိုးသေးသည်။

နှစ်ဆယ်ရာစုအစတွင် သိပ္ပံနှင့်နည်းပညာသည် အံ့လောက်စရာ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ ဆက်လက်ပြီးတိုးတက်ထွန်းကား သွားမည်ဟု ယူဆခဲ့ကြခြင်းသည် သဘာဝကျနေသည်။ သို့သော် ထင်တိုင်းမပေါက်ခဲ့။ ကြာမြင့်စွာသော စစ်ပွဲနှင့်တော်လှန်ရေးများကြောင့် ဆင်းရဲမွဲတေခဲ့ခြင်းက တစ်ကြောင်း၊ တင်းကျပ်စွာပုံသွင်းထားသော လူမှုပတ်ဝန်းကျင်တွင် မရှင်သန်နိုင်သော၊ လက်တွေ့ကျကျ တွေးခေါ်တတ်ခြင်းအပေါ်တွင်မှ သိပ္ပံနှင့်နည်းပညာ တည်မှီနေရခြင်းကြောင့်တစ်ကြောင်း သိပ္ပံနှင့်နည်းပညာ သည် ထင်တိုင်းမပေါက်ခဲ့။ ခြုံပြောရလျှင် ကမ္ဘာကြီးသည် လွန်ခဲ့သောနှစ်ငါး ဆယ်တုန်းကထက် ပိုပြီး ရှေးကျသွားသည်။

ခေတ်နောက်ပြန်ဆွဲသောဒေသများကို မြှင့်တင်ခဲ့သည်မှန်သော် လည်း စစ်ရေးစစ်ရာ၊ ထောက်လှမ်းရေးတို့နှင့် ဆက်နွယ်သောပစ္စည်းများ ဖွံ့ဖြိုးလာပြီး စမ်းသပ်မှုနှင့်တီထွင်ခြင်းအများစု ရပ်တန့်နေခြင်း ဖြစ်၏။ ထို့ပြင် ၁၉၅၀ ဝန်းကျင်ကဖြစ်ပွားခဲ့သော အနုမြူစစ်ပွဲ၏ အပျက်အစီးကို အပြည့်အဝရှင်းလင်းမပြီးသေး။ မည်သို့ဆိုစေ စက်ပစ္စည်းရှိရင်းစွဲ အန္တရာယ်သည် ထိုဒေသများတွင် ကြွင်းကျန်နေဆဲ။

စက်ပစ္စည်းတစ်ခု ပထမဆုံးရုပ်လုံးပေါ်လာသည်နှင့် ထိုပစ္စည်းသည် လူသားတို့၏ပင်ပန်းဆင်းရဲသော အလုပ်အတွက်ဖြစ်ရမည်၊ ထိုအကြောင်း ကြောင့် လူသားများကွဲပြားခြားနားခြင်း ပျောက်ကွယ်ရမည်ဟု စဉ်းစားတတ် သူတိုင်း စဉ်းစားကြမည်မှာရှင်းလင်းပါသည်။ လူအချင်းချင်း ကွဲပြားခြားနား မှုကို အဆုံးသတ်စေဖို့ စက်ပစ္စည်းကိုသုံးကြမည်ဆိုလျှင် ငတ်မွတ်ခြင်း၊ မတရားဝန်ပိခြင်း၊ ညစ်ပတ်ခြင်း၊ စာမတတ်ခြင်းနှင့် ရောဂါဘယများကိုလည်း မျိုးဆက်အနည်းငယ်အတွင်းမှာပင် ချုပ်ငြိမ်းစေနိုင်မည်။ တကယ်တမ်းတွင် စက်ပစ္စည်းကို ထိုကိစ္စအတွက် မသုံးကြဘဲ ချမ်းသာပြီးရင်းချမ်းသာဖို့အတွက် သုံးကြသည်။ စက်ပစ္စည်းသည် ၁၉ ရာစုအကုန်မှ နှစ်ဆယ်ရာစုအစောပိုင်း ကာလအထိ နှစ်ငါးဆယ်ခန့် အလယ်အလတ်အဆင့်လူသားတို့၏ နေထိုင်မှု အဆင့်အတန်းကို အမှန်တကယ်မြှင့်တင်ပေးခဲ့သည်။

သို့သော်ငြား ဘက်ပေါင်းစုံမှဥစ္စာဓနတိုးပွားလာခြင်းသည် ရာထူး ဂုဏ်သိမ်ကြီးသော လူမှုပတ်ဝန်းကျင်ကို ဖျက်ဆီးလိုက်ခြင်းတစ်မျိုး ဖြစ်နေသည်။ လူတိုင်းလူတိုင်း အလုပ်ချိန်တိုတောင်းလာမည်၊ အစားအသောက်ဖူ လုံလာမည်၊ ရေချိုးခန်းနှင့်ရေခဲသေတ္တာရှိသော အိမ်မျိုးတွင် နေထိုင်နိုင်မည်၊ ကိုယ်ပိုင်မော်တော်ကားသို့မဟုတ် ကိုယ်ပိုင်လေယာဉ် တစ်စီးပင်ရှိလာမည်ဆိုလျှင် လူသားများကွဲပြားခြားနားမှုပါ တစ်ပါတည်း ပျောက်ကွယ်သွား လိမ့်မည်။ သို့ဆိုလျှင် ဥစ္စာဓနသည် ကွဲပြားခြားနားမှုကို ဆောင်ကြဉ်းပေးတော့မည်မဟုတ်။

ပိုင်ဆိုင်မှုများနှင့် ဇိမ်ခံပစ္စည်းများကို ညီတူညီမျှဖြန့်ဝေပေးထားပြီး အာဏာကိုမူ အခွင့်ထူးခံလက်တစ်ဆုပ်စာလူစုလက်ထဲ ပေးအပ်ထားသော ပုံစံမျိုးကို စိတ်ကူး၍ရသည်။ လက်တွေ့တွင် ထိုသို့သောလူ့အဖွဲ့ အစည်းသည် သက်ဆိုးမရှည်။ အကြောင်းမှာ လုံခြုံစိတ်ချစွာ စိတ်အေး လက်အေးနေရမှုသည် အားလုံးအတူတူဖြစ်ပါက ပုံမှန်အတိုင်းဆိုလျှင် ဆင်းရဲမွဲတေမှုကြောင့် ထုံထိုင်းနေသောလူထုကြီးသည် စာတတ်ပေတတ် ဖြစ်လာကြမည်။ ကိုယ့်အတွက်ကိုယ် စဉ်းစားလာကြမည်။ တစ်ကြိမ်တစ်ခါပဲ တွေးတတ်တော တတ်လာသည်ထားဦး၊ ထိုတအုပ်တမလူထု ကြီးက အခွင့်ထူးခံလက်တစ်ဆုပ် စာသည် ဘာတန်ဖိုးမှမရှိမှန်း သဘောပေါက်သွားကာ ၎င်းတို့ကိုတစ်ချက်တည်း ဖယ်ရှားရှင်းလင်းပေတော့မည်။

ရေရှည်တွင် ရာထူးရာခံလူ့အဖွဲ့အစည်းသည် ဆင်းရဲမွဲတေခြင်းနှင့် မသိခြင်းတို့အပေါ်တွင် အခြေခံမှသာဖြစ်နိုင်ချေရှိသည်။ စိုက်ပျိုးရေးခေတ်ဆီ နောက်ပြန်လှည့်ခြင်းသည်လည်း လက်တွေ့ကျသော ဖြေရှင်းနည်းမဟုတ်။ စက်မှုမထွန်းကားသောတိုင်းပြည်သည် စစ်ဘက်တွင် ကူကယ်ရာမဲ့ ဖြစ်တတ်ပြီး အခြားဖွံ့ဖြိုးသော ပြိုင်ဘက်နိုင်ငံများ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် လွှမ်းမိုးဗိုလ်ကျခြင်းကို ခံရဖို့သာရှိသည်။

လူထုကြီးဆင်းရဲမြဲဆင်းရဲနေဖို့ ကုန်ထုတ်လုပ်မှုကို ကန့်သတ်ခြင်းသည်လည်း စိတ်တိုင်းကျစရာ ဖြေရှင်းနည်းမဟုတ်ပြန်။ အကြမ်းဖျင်းအားဖြင့် ၁၉၂၀ နှင့် ၁၉၄၀ကြား ဖြစ်ပေါ်ခဲ့သော အရင်းရှင်နောက်ဆုံးအဆင့်တွင် ထိုဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ တိုင်းပြည်အများအပြား၏ စီးပွားရေးဖင့်နွဲ့ သွားအောင်လုပ်ခဲ့ကြသည်။ မြေများစွာတို့တွင်

စိုက်ပျိုးရေးမလုပ်ရ။ ငွေလုံးငွေရင်း မ'တည်ခြင်းမလုပ်ရ။ မြောက်မြားလှစွာသောလူထုကို အလုပ်လုပ် ခွင့်မပေးဘဲ ပြည်နယ်မှပေးကမ်းစွန့်ကြဲမှုဖြင့် မသေမရှင်ဖြစ်အောင် လုပ်ထားသည်။ နောက်ဆုံးတွင် ဤလုပ်ရပ်သည်လည်း စစ်ဘက်ကို အားနည်းစေခဲ့သည်။

ပြဿနာမှာ ကမ္ဘာကြီးကို အမှန်တကယ်မချမ်းသာစေဘဲ စက်မှု လုပ်ငန်းဟူသောဘီးများ လည်ပတ်နေအောင် မည်သို့လုပ်ဆောင်ရ မည်နည်း။ ကုန်ပစ္စည်းများကို ထုတ်လုပ်ရမည်။ သို့သော် မဖြန့်ချိရ။ လက်တွေ့တွင် တစ်ခုတည်းသောနည်းလမ်းမှာ အဆက်မပြတ်စစ်ဖြစ် နေခြင်းပင်တည်း။

စစ်၏မရှိမဖြစ်လုပ်ဆောင်ချက်သည် ဖျက်ဆီးခြင်းဖြစ်၏။ လူ့ အသက်များကိုဖျက်ဆီးဖို့ မလိုအပ်သော်လည်း လူသား၏လုပ်အားရင်း၍ ဖြစ်ပေါ်လာသောထုတ်ကုန်များကို ဖျက်ဆီးဖို့လိုအပ်သည်။ စစ်သည်အမှုန့် ကြိတ်ခြင်းဖြစ်သည်။ လူများကို သက်တောင့်သက်သာဖြစ်စေသော အရာ ဟူသမျှသည် ရေရှည်တွင် ဉာဏ်ကောင်းလာစေသောကြောင့် ထိုအရာများကို အထက်လေထုထဲ မှုတ်ထုတ်လိုက်ခြင်း၊ သို့မဟုတ် ပင်လယ်ရေအောက်ထဲ နှစ်မြုပ်လိုက်ခြင်းကို စစ်ဟုခေါ်သည်။

စစ်၏လက်နက်များကို အမှန်တကယ်မဖျက်ဆီးနိုင်သော်လည်း ထုတ်လုပ်မြဲထုတ်လုပ်နေခြင်းသည် လုပ်သားအင်အားကို သုံးစွဲဖို့ သင့်တော် သောနည်းလမ်းဖြစ်သည်။ ဥပမာ ရေပေါ်ခံတပ်အတွက် ကုန်တင်သင်္ဘော များ ရာထောင်ချီ၍ ဆောက်ကြသည်။ ထိုလုပ်ရပ်သည် ခေတ်နောက်ကျသော၊ ဘယ်သူ့အတွက်မှ အကျိုးမရှိသောလုပ်ရပ်။ သည်လောက်နှင့်မပြီးသေး။ နောက်ထပ်လုပ်အားပေါင်းများစွာကိုရင်းပြီး နောက်ထပ်ရေပေါ်ခံတပ်တစ်ခု ဆောက်ကြသေးသည်။ သီဝရီအရ စစ်ရေးစိုက်ထုတ်မှုသည် အပိုအလျှံဟူ သမျှကို စားသုံးလိုက်ခြင်းမည်၏။

လက်တွေ့တွင် လူထု၏လိုအပ်ချက်ကို အမြဲလျှော့လျှော့ပေါ့ပေါ့ ခန့်မှန်းကြသည်။ ဘဝ၏လိုအပ်ချက်တစ်ဝက်လောက် ပြတ်လပ်နေခြင်းသည် နာတာရှည်ရောဂါလိုဖြစ်နေပြီ။ သို့သော် ထိုအဖြစ်ကို အကျိုးကျေးဇူးရှိသောဘက်မှ မြင်ကြသည်။ မျက်နှာသာရသောလူအုပ်စုကိုပင် ရှန်းကန်ရ သောနှုတ်ခမ်းပေါ် တင်ထားခြင်းသည် ပေါ်လစီတစ်ရပ်ဖြစ်နေသည်။ ရှားပါး ပြတ်လပ်သော ယေဘုယျအခြေအနေသည် လက်တစ်ဆုပ်စာ အခွင့်ထူးခံ၏ အရေးပါမှုကို အားကောင်းလာစေသည်။ ဤနည်းဖြင့် လူအချင်းချင်း ကွဲပြားခြားနားမှု ပိုကြီးထွားလာသည်။

နှစ်ဆယ်ရာစုအစောပိုင်း၏ လူနေမှုအဆင့်အတန်းနှင့်ယှဉ်လျှင် ဗဟိုပါတီဝင်တစ်ယောက်၏ဘဝသည် ပင်ပန်းသည်၊ ငြီးငွေ့တာရသည်။ မည်သို့ဆိုစေ သူ၏အနည်းငယ်မျှသော ဇိမ်ခံပစ္စည်းများ - တိုက်ခန်းကျယ်ကျယ်၊ ဝတ်ကောင်းစားလှ၊ အရသာရှိသောအစားအသောက်နှင့် ဆေးလိပ်၊ အစေခံနှစ်ဦးသုံးဦး၊ ကိုယ်ပိုင်မော်တော်ကားနှင့်ရဟတ်ယာဉ် - စသည် တို့ပင် လျှင် သာမန်ပါတီဝင်တစ်ယောက်နှင့် ဘဝချင်းခြားနားစေသည်။ သာမန်ပါတီဝင်များ၏ဘဝသည်လည်း အဖိနှိပ်ခံလူတန်းစားဖြစ်သော ပစ္စည်းမဲ့တို့နှင့် ယှဉ်လျှင် အပုံကြီးသာသည်။

အဝိုင်းခံထားရသောမြို့တစ်မြို့၌ မြင်းသား တစ်တုံးလောက်ပိုင်ရုံနှင့် ချမ်းသာခြင်း ဆင်းရဲခြင်း ကွဲပြားသွားသည့်အတိုင်း ဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် စစ်ဖြစ်နေသည်ဟူသော အသိ၊ အန္တရာယ်ရှိသည်ဟူသောအသိကြောင့် အာဏာဟူသမျှကို လူနည်းစုလက်ထဲလွှဲပြောင်းထားခြင်းသည် သဘာဝကျနေသည်။ ရှင်သန်ရေးအတွက် ရှောင်လွှဲမရသော အခြေအနေဖြစ်နေသည်။

စစ်သည် ဖျက်ဆီးရေးကိုပြီးမြောက်စေရုံတင်မက၊ စိတ်ပိုင်းဆိုင်ရာကိုပါ လက်သင့်ခံအောင်ပြုနိုင်စွမ်းသည်။ အခြေခံသဘောတရားအရ အပိုအလျှံထွက်လာသော ကာယလုပ်အားများကို ဖြုန်းတီးပစ်လိုက်ခြင်းသည် ရိုးရှင်းသည်။ ဂူဗိမာန်နှင့်ပိရမစ်များဆောက်ခြင်း၊ ကျင်းတူးပြီး ပြန်ဖို့ကြခြင်း တင်မက ကုန်ပစ္စည်းမြောက်မြားစွာ ထုတ်လုပ်ပြီးမှ မီးရှို့လိုက်ခြင်းတို့ကို ဆိုလိုသည်။ သို့သော် ထိုလုပ်ရပ်များသည် စီးပွားရေးပိုင်းကိုသာ သက်ရောက်မှုရှိစေပြီး အာဏာရလူ့အဖွဲ့အစည်းအပေါ်ထားသော စိတ်ပိုင်းဆိုင်ရာကို သက်ရောက်မှုမရှိ။ စကားပြောသည်မှာ လူထု၏စိတ်ဓာတ်မဟုတ်။ အလုပ်ကို သာ တကုန်းကုန်းလုပ်နေခဲ့ရသော လူထု၏သဘောထားသည် ဘာမှ အရေးမပါ။ ပါတီ၏စိတ်ဓာတ်သည်သာ အခရာဖြစ်၏။

အနိမ့်ဆုံးပါတီဝင်တစ်ယောက်ကိုပင်လျှင် ယုံကြည်စိတ်ရှိဖို့၊ သွန်ခွန်စိုက်ရှိဖို့၊ ကန့်သတ်ဘောင် ကျဉ်းကျဉ်းထဲမှာ ဉာဏ်ထက်မြက်နေဖို့ အား မျှော်လင့်ထားကြသည်။ တစ်ပြိုင်တည်းမှာပင် အယုံလွယ်ဖို့၊ အူကြောင်ကြားအရူးဖြစ်နေဖို့ မျှော်လင့်ထားကြသည်။ ထိုအရူးကိုလွှမ်းမိုးထားသော စိတ်ခံစားချက်မှာ အကြောက်၊အမုန်း၊ လွန်လွန်ကဲကဲမြှောက်စားခြင်းနှင့် လက်လွှတ်စပယ်ဝင့်ကြွားခြင်းတို့ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ထို အရူး၏စိတ်အခြေအနေသည် တိုက်ပွဲ၏အခြေအနေနှင့် ဟပ်မိနေရမည်။ စစ်တကယ်ဖြစ်မဖြစ်သည် အရေးမကြီး၊ တိုက်ပွဲအခြေအနေကောင်းမကောင်း သည် ဘာမှအရေးမကြီး။ လိုအပ်သမျှမှာ စစ်ပွဲ၏အခြေအနေသည် ရှိနေရ မည်။

စစ်အရူးထခြင်းနှင့် ရန်သူကိုမုန်းတီးခြင်းသည် ဗဟိုပါတီထဲတွင် အားအကောင်းဆုံးဖြစ်သည်။ ဗဟိုပါတီဝင်တစ်ဦးအနေဖြင့် သူ၏စီမံခန့်ခွဲ နိုင်သော စွမ်းရည်အရ စစ်သတင်းများသည် ယုံကြည်စိတ်ချ၍ မရကြောင်း သိထားဖို့လိုသည်။ စစ်ကြီးတစ်ခုလုံးသည် အတုအယောင် ဖြစ်နေသလော၊ ကြေငြာထားသည်ကတခြား၊ ရည်ရွယ်ထားသည်ကတခြား ဖြစ်နေသလော၊ စသဖြင့် ဗဟိုပါတီဝင်သည် မကြာခဏသတိထား မိပါလိမ့်မည်။ သို့ရာတွင် ထိုအသိမျိုးသည် “နှစ်ထပ်ကွမ်းအတွေး' ဟူသောနည်းနိဿယနှင့်တွေ့ပြီး လွယ်လင့်တကူ ဓာတ်ပြယ်သွားသည်။ စစ်သည်အစစ်အမှန်၊ ကမ္ဘာကြီးတစ်ခု လုံး၏ အငြင်းပွားဖွယ်မရှိသည့်ခေါင်းဆောင် အိုရှင်းနီးယားနိုင်ငံတော်နှင့် အတူ စစ်ကို အောင်မြင်စွာအဆုံးသတ်ပေးရမည်ဟူသော စိတ်အနေမှ ယိမ်းယိုင် သွားသူ ဗဟိုပါတီဝင်တစ်ဦးမှ မရှိချေ။

လာတော့မည့် ထို အောင်နိုင်မှုကြီးသည် ဗဟိုပါတီဝင်တိုင်း၏ စွဲမြဲသောယုံကြည်ချက်ဖြစ်သည်။ ထိုအောင်နိုင်မှုကိုရယူရန်မှာ တန်ခိုးထွားလာအောင် နယ်မြေတဖြည်းဖြည်းချဲ့ထွင်ရမည်၊ သို့မဟုတ် မချေပ မတွန်းလှန်နိုင်သော

လက်နက်အသစ်အဆန်းများ တီထွင်ရမည်။

လက်နက်အသစ်အဆန်းရှာဖွေခြင်းသည် ဘယ်သောခါမှရပ်တန့်မသွား။ တစ်နည်းအားဖြင့် စိတ်၏ယုတ္တိစမ်းမှု၊ တီထွင်လိုစိတ်၏ ထွက်ပေါက်တစ်ရပ်ဖြစ်နေသည်။ ယခုခေတ်တွင် အိုရှင်းနီးယားနိုင်ငံ၌ 'သိပ္ပံပညာ' သည် သဘောတရားဟောင်းအရ ချုပ်ငြိမ်းလုနီး ဖြစ်နေပြီ။ သိပ္ပံပညာ" ဆိုသော စကားလုံးအတွက် ခေတ်သစ်ဘာသာစကားတွင် ဝေါဟာရမရှိ။ အတိတ်ခေတ်သိပ္ပံပညာ အောင်မြင်မှုများ၏ အုတ်မြစ်ဖြစ်သော အတွေးအခေါ်၏ အခြေစိုက်ဒဿန (လက်တွေ့ကျသော ချဉ်းကပ်မှု) သည် အင်ဆော့ အခြေခံ ဥပဒေသများနှင့် ဆန့်ကျင်နေသည်။ လူသားလွတ်လပ်ခွင့် လျှော့ပါးရေး အတွက်သာ နည်းပညာများ တိုးတက်လာရသည်။

ပါတီ၏ရည်ရွယ်ချက်ကြီးနှစ်ခုမှာ ကမ္ဘာ့မြေပြင်အားလုံးကို လက် ရောက်ရယူရေးနှင့် လွတ်လပ်စွာတွေးခေါ်ခြင်းဟူသမျှကို တစ်ခါတည်း အမြစ်ပြတ်ချေမှုန်းရေးတို့ဖြစ်သည်။ ထိုအတွက် ပါတီသည် ဧရာမပြဿနာ ကြီးနှစ်ခုကိုရင်ဆိုင်ရသည်။ တစ်ခုမှာ လူသားတစ်ယောက်ဘာတွေ တွေးတော နေသနည်းဆိုသည်ကို ရှာဖွေနိုင်ရမည်။ နောက်တစ်ခုမှာ သန်းပေါင်းများစွာ သောလူသားများကို ကြိုတင်တပ်မလှန့်ဘဲ စက္ကန့်ပိုင်းအတွင်း သုတ်သုတ်သင်နိုင် မည့်နည်းလမ်းကို ရှာဖွေရမည်။ သိပ္ပံနည်းကျသုတေသန ရှေ့ဆက်စခန်းသွား နေသရွေ့ ထိုနည်းလမ်းကိုရှာဖွေဖို့အတွက် သာဖြစ်သည်။

ယနေ့ခေတ်သိပ္ပံပညာရှင်ဟူသည် စိတ်ပညာရှင်မဟုတ်ပါက စစ်ကြောမေးမြန်းသူသာဖြစ်သည်။ မျက်နှာမူရာ၊ ကိုယ်လက်လှုပ်ရှားမှု၊ လေသံ၊ မူးယစ်ဆေးတို့၏အစွမ်းဖြင့် အမှန်တရားဖော်ထုတ်ခြင်း၊ ရှော့ရိုက်ခြင်း၊ အိပ်မွေ့ချခြင်း၊ ညှဉ်းပန်းခြင်း စသည်တို့ကို အသေးစိတ် လေ့လာကြသည်။ မဟုတ်ပါကလည်း ထိုဘာသာရပ်များ၏လက်ခွဲများဖြစ်သော လူ့အသက်နုတ်ယူခြင်းနှင့် ပတ်သက်ဆက်နွှယ်သည့် ဓာတုဗေဒပညာရှင်၊ ရူပဗေဒပညာရှင်၊ ဇီဝဗေဒပညာရှင်တို့သာ ဖြစ်နေသည်။

ငြိမ်းချမ်းရေးဝန်ကြီးဌာန၏ မြောက်မြားလှစွာသော စမ်းသပ်ခန်းတွေထဲ၊ ဘရာဇီးသစ်တောထဲ ပုန်းအောင်းတည်ဆောက်ထားသော စမ်းသပ်ရုံတွေထဲ၊ သြစတေးလျသဲကန္တာရနှင့် အန္တာတိတ်ကျွန်းများပေါ်တွင် ပညာရှင် အုပ်စုများ မမောနိုင်မပန်းနိုင် သုတေသနများလုပ်ကြသည်။ အချို့က အနာဂတ်စစ်ပွဲထောက်ပံ့ရေး စီမံကိန်းများနှင့်ပတ်သက်သည်။ အချို့ကတော့ ပိုကြီးသောဒုံးကျည်များ၊ ပိုအားကောင်းသော ဖောက်ခွဲမှုများ၊ ပိုပြီးထွင်း ဖောက်ရမလွယ်သော စစ်ဝတ်တန်ဆာများ၊ သေစေနိုင်သောအဆိပ်ငွေ့များ၊ တိုက်ကြီးတစ်ခုလုံး၏ စိုက်ပျိုးရေးကို ပျက်စီးနိုင်လောက်သည့် ပျော်ဝင်အဆိပ်များ၊ ပဋိပစ္စည်းများက မတိုက်ထုတ်နိုင်သော ရောဂါပိုးမွှားများ မွေးမြူခြင်းစသည်တို့နှင့်ပတ်သက်သည်။ ရေငုပ်သင်္ဘောကဲ့သို့ မြေကြီး အောက်ထဲ ဖောက်ထွင်းသွားလာနိုင်သော လေယာဉ်မျိုး၊ ထို့ပြင် အာကာသထဲ မှနေ၍ နေရောင်ခြည်ကိုမှန်များဖြင့် ခံဖို့ကြံကြခြင်း၊ ကမ္ဘာကြီး၏ ဗဟိုချက် အပူချိန်ကိုထိတို့ပြီး မြေငလျင်နှင့် လှိုင်းလုံးကြီးများဖန်တီးခြင်း၊ စသည်တို့ အတွက် သုတေသနလုပ်ကြသူများလည်းရှိသည်။

သို့သော် အဆိုပါစီမံကိန်းများ ဘယ်တော့မှအကောင်အထည် ပေါ်မလာသလို စူပါပါဝါသုံးနိုင်ငံထဲ မည်သည့်နိုင်ငံကမှ ချွန်ထွက်မလာ။ မှတ်သားစရာကောင်းသည်မှာ စူပါပါဝါသုံးနိုင်ငံစလုံးသည် သူတို့လောလောဆယ်တီထွင်နေသမျှတို့ထက် အဆပေါင်းများစွာ သာလွန်သော အနုမြူဗုံးကို သုံးနိုင်ငံစလုံးပိုင်ဆိုင်ထားပြီးဖြစ်သည်။ ပါတီသည် သူ့ကျင့်စရိုက်အတိုင်း အနုမြူဗုံးကို ကိုယ်ပိုင်တီထွင်မှုအဖြစ် ကြေငြာခဲ့သော်လည်း အနုမြူဗုံးများကို ၁၉၄၀ လောက်ကတည်းက တီထွင်နိုင်ခဲ့ပြီး နောင်ဆယ်နှစ်ကြာမှ အမြောက်အမြားသုံးစွဲခဲ့ခြင်းဖြစ်၏။ ဥရောပ ရုရှား၊ ဥရောပအနောက်ပိုင်းနှင့် မြောက်အမေရိကတို့ကို အဓိကထားပြီး အနုမြူဗုံးများရာချီကြဲခဲ့ကြသည်။ ထိုလုပ်ရပ်က နိုင်ငံပေါင်းစုံမှ အုပ်ချုပ်သူလူစုအား နောက်ထပ်အနုမြူဗုံး ထပ်ကြဲလိုက် လျှင် လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် သူတို့၏အာဏာပါ တစ်လက်စတည်း နိဂုံးချုပ်သွားမည်ဟု သက်သေပြခဲ့သည်။

ထိုစဉ်ကတည်းက တရားဝင်သဘောတူညီမှုများ မလုပ်ခဲ့သော်လည်း အနုမြူဗုံးကြဲခြင်း ရပ်တန့်သွားခဲ့သည်။ စူပါပါဝါသုံးနိုင်ငံစလုံး အနုမြူဗုံးများ ထုတ်မြဲထုတ်နေကာ သိမ်းထားကြသည်။ ထိုအတောအတွင်း နှစ်ပေါင်းသုံးဆယ်လေးဆယ်ခန့်မျှ စစ်၏အနုပညာသည် တည်ငြိမ်နေခဲ့သည်။ ရဟတ်ယာဉ်များကို ဟိုယခင်ကထက်ပိုသုံးကြပြီး ဗုံးကြဲလေယာဉ်များအစား ကန်ထွက်ကျည်ဖူးကိုသုံးကြသည်။ ရွေ့လျားနိုင်သော တိုက်သင်္ဘောနေရာတွင် နစ်မြုပ်၍မရသော ရေပေါ်ခံတပ်ပေါ်ထွန်းခဲ့သည်။ တင့်ကား၊ ရေငုပ်သင်္ဘော၊ တော်ပီဒို၊ စက်သေနတ်၊ ရိုင်ဖယ်နှင့် လက်ပစ်ဗုံးတို့ကိုမူ ယခုချိန်ထိသုံးစွဲဆဲ။ သို့သော် သတင်းစာနှင့် တယ်လီစကင်တွင်ကြေငြာခဲ့သော ယခင်စစ်ပွဲများလို သီတင်းတစ်ပတ်အတွင်း လူပေါင်း သောင်းချီရုံမက သန်းချီသတ်ခဲ့သောလုပ်ရပ်မျိုး နှစ်ခါထပ်မဖြစ်တော့ချေ။

စူပါပါဝါသုံးနိုင်ငံစလုံး စွန့်စားရမည့်စစ်ကို မဖန်တီးကြတော့ပေ။ အီကွေတာနှင့်ဝင်ရိုးစွန်းပတ်လည်ရှိ အငြင်းပွားနယ်မြေများမှလွဲ၍ အခြား နယ်မြေများတွင် တိုက်ပွဲမရှိ။ ရန်သူ့နယ်မြေထဲကျူးကျော်ဝင်ရောက်ခြင်းမရှိကြတော့။ဗြိ တိသျှကျွန်းများသည် ပထဝီသဘောအရ ဥရောပ၏အစိတ်အပိုင်းဖြစ်နေရာ ယူရေးရှားနိုင်ငံသည် ဗြိတိသျှကျွန်းများကို လွယ်လွယ်လေး သိမ်းပိုက်နိုင်သည်။ အခြားတစ်ဖက်မှကြည့်လျှင် အိုရှင်းနီးယားနိုင်ငံသည် သူ့နယ်စပ်ကို ရိုင်းမြစ်သို့မဟုတ် ဗစ်တျူလာအထိရောက်အောင် တွန်းပို့ထားသည်။ သို့သော် ထိုလုပ်ရပ်သည် ယဉ်ကျေးမှုဂုဏ်သိက္ခာဟူသော အခြေခံမူကို ချိုးဖောက်ရာကျနေသည်။ ထိုအခြေခံမူသည် ပြဋ္ဌာန်းထားခြင်း မဟုတ်သော်လည်း ဘက်ပေါင်းစုံက လိုက်နာထားသောမူဖြစ်သည်။ အကယ်၍သာ အိုရှင်းနီးယားနိုင်ငံသည် ယခင်ပြင်သစ်နှင့် ဂျာမနီကို သိမ်းပိုက်ပါက တိုင်းပြည်တွင်းမှလူအားလုံးကို သတ်နိုင်မှဖြစ်မည်။ မသတ်နိုင်လျှင် ထိုသန်းပေါင်းရာချီနေသောလူများနှင့် အံဝင်ခွင်ကျဖြစ်အောင်လုပ်နိုင်မှဖြစ်မည်။ ထိုပြဿနာသည် အင်းအင်အားကြီးသုံးနိုင်ငံစလုံးအတွက် အတူတူပင်ဖြစ်၏။

စစ်အကျဉ်းသားနှင့် အသားမည်းကျွန်များမှလွဲ၍ ပြည်ပနိုင်ငံခြားသားများနှင့် အဆက်အဆံမရှိခြင်းသည် ၎င်းတို့၏ပုံစံဖြစ်သည်။ လောလောဆယ်

တရားဝင်မဟာမိတ်ကိုပင်လျှင် သံသယကြီးကြီးထားသည်။ စစ်အကျဉ်း သားများမှလွဲ၍ အိုရှင်းနီးယားနိုင်ငံသားများသည် ယူရေးရှားသား၊ အိစတာရှားများနှင့် ဘယ်တော့မှမျက်လုံးချင်းဆိုင်မကြည့်။ တိုင်းခြားဘာသာစကား လေ့လာခြင်းကို ပိတ်ပင်ထားသည့်အပြင် အိုရှင်းနီးယားနိုင်ငံသားတစ်ယောက်သည် တိုင်းတစ်ပါးသားနှင့် ဆက်ဆံပြောဆိုဖို့ရှိလာလျှင် ကြားသိရသမျှ စကားအားလုံးသည် မုသားချည်းဖြစ်နေကြသည်။ သူနေထိုင်သော ချိပ်ပိတ်ထား သည့်ကမ္ဘာလောက ပွင့်ထွက်သွားပါက ကြောက်ခြင်းမုန်းခြင်းနှင့် ကိုယ့်ဖာသာကိုယ်မှန်ကန်နေခြင်းတို့အပေါ် တည်မှီနေသော သူ့စိတ်ဓာတ်သည် အငွေ့ပြန်သွားဖို့သာရှိသည်။ ထို့ကြောင့်ပင်လျှင် ပါရှား၊ အီဂျစ်၊ ဂျာဗား၊ ဆီလွန် တို့ တစ်ယောက်ပြီး တစ်ယောက် လက်ပြောင်းခံနေကြရသည့်တိုင် အဓိကနယ်စပ်ဒေသကြီးများကိုဖြတ်ပြီး ဗုံးမှလွဲ၍ အခြားဘာမှ ကျူးကျော်ခြင်း မရှိကြ။

နှုတ်မှမဖွင့်ဟသောအမှန်တရားမှာ စူပါပါဝါသုံးနိုင်ငံစလုံးရှိ ဘဝအခြေအနေများသည် အားလုံးအတူတူသာဖြစ်၏။ အိုရှင်းနီးယားနိုင်ငံတွင် အင်ဆော့ဟုခေါ်သော ဒဿနခေတ်စားသည်။ ယူရေးရှားတွင် လက်သစ် ဘော်ရှီဗစ်၊ အိစတာရှားနိုင်ငံတွင် တရုတ်အမည်နှင့် ဒဿနတစ်ခု ခေတ်စားသည်။ ထိုဒဿနကို ‘မရဏကိုဦးခိုက်ခြင်း’ ဟုဘာသာပြန်ကြသည်။ အိုရှင်းနီးယားနိုင်ငံသားများသည် အခြားဒဿနနှစ်ခု၏ဝါဒရေးရာများကို သိခွင့်မရှိချေ။ ကိုယ်ကျင့်စာရိတ္တနှင့် သာမန်ပုံမှန်အသိတို့အပေါ် အရိုင်းအစိုင်းလို ဖောက်ပြန်ကြသောဒဿနများအဖြစ်၊ မနှစ်မြို့စရာများအဖြစ်သာ သိထားကြရသည်။ တကယ်တော့ ထိုဒဿနသုံးခုစလုံး ဘာမှမထူး။ အတူတူနှင့် အနူနူသာဖြစ်၏။ လူမှုရေးစနစ်သည်လည်း အားလုံးအတူတူ။ ဘယ်နေရာ ကြည့်ကြည့် ပိရမစ်လိုနေရာမျိုးတွင် လူတစ်ပိုင်းနတ်တစ်ပိုင်း အရှင်ကြီးများကို ဦးခိုက်ပူဇော်ကြသည်။

စူပါပါဝါသုံးနိုင်ငံစလုံးသည် အချင်းချင်းမသိမ်းပိုက်နိုင်ကြ။ သိမ်းပိုက်နိုင်လည်း ဘာအကျိုးကျေးဇူးမှမရှိ။ ထုံးစံအတိုင်း အင်အားကြီး သုံးနိုင်ငံ၏ အုပ်ချုပ်သူလူတစ်စုသည် ကိုယ်ဘာလုပ်လို့လုပ်နေမှန်းကို တစ်ပြိုင် တည်းမှာပင် သိလည်းသိသည်၊ မသိလည်းမသိကြ။ ကမ္ဘာကြီးအားစိုးမိုးနိုင် ရေးအတွက် သူတို့၏တစ်ဘဝလုံးကို အပ်နှင်းထားကြသည်။ သို့သော် စစ်သည် အရှုံးအနိုင်မကွဲပြားဘဲ မပြတ်တမ်းဖြစ်နေဖို့ လိုအပ်ကြောင်းကိုလည်း သိထား ကြပြန်သည်။ ဤနေရာတွင် ထပ်မံ ပြောဆိုဖို့လိုအပ်သည်မှာ စစ်သည် မပြတ် တမ်းဖြစ်နေခြင်းအားဖြင့် စစ်၏ မူလဝိသေသစရိုက်များ ပြောင်းလဲသွားသည်။

အတိတ်ခေတ်ကဆိုလျှင် စစ်ဆိုသည်မှာ အနေးနှင့်အမြန်အဆုံးသတ်ရမည်၊ အရှုံးအနိုင်ပြတ်သားရမည်ဟု ဆိုလိုသည်။ ရုပ်ပိုင်းဆိုင်ရာအရှိတရားနှင့် လူသားအဖွဲ့အစည်းတို့မပြတ်တမ်း ဆက်သွယ်နေသော အဓိကကိရိယာတန်ဆာပလာကြီးသည် စစ်ဖြစ်၏။ ကြီးငယ်မဟူ အုပ်ချုပ်သူလူ တစ်စုသည် သူတို့၏နောက်လိုက်များအား ကမ္ဘာကြီးကိုပုံမှား ရိုက်ပြကြသည်။ စစ်တပ်၏စွမ်းဆောင်ရည် လျော့ပါးသွားအောင်ကား မတတ်နိုင်ကြ။ စစ်ရှုံးခြင်းသည် လွတ်လပ်ရေးဆုံးရှုံးခြင်း သို့မဟုတ် အခြားမနှစ်မြို့စရာ ရလဒ်များ ပေါ်ထွန်းခြင်းဟု ဆိုလိုနေသရွေ့ စစ်ရှုံးခြင်းသည် အရေးကြီးကိစ္စဖြစ်နေ

ပေလိမ့်မည်။

လက်တွေ့ကျသောအဖြစ်မှန်များကို လျစ်လျူရှု၍မရ။ ဒဿနိက ဗေဒတွင်လည်းကောင်း၊ ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးတို့တွင်လည်း ကောင်း၊ နှစ်နှင့်နှစ်ပေါင်းလျှင် ငါးရသည်။ သို့သော် သေနတ်တစ်လက် သို့မဟုတ် လေယာဉ်တစ်စင်းကို စီစဉ်နေလျှင်ဖြင့် နှစ်နှင့်နှစ်ပေါင်း-လေး ဖြစ်သွားသည်။

စွမ်းဆောင်ရည်မရှိသောနိုင်ငံများသည် အမြန်နှင့်အနှေး သူတစ်ပါး သိမ်းပိုက်ခြင်းကိုခံရသည်။ စွမ်းရည်တက်အောင်ရုန်းကန်ခြင်းသည် စိတ်၏ လှည့်စားခြင်းကို အန္တရာယ်ပေးနေပြန်သည်။ ထို့ပြင် စွမ်းရည်တက်အောင် လုပ်ဖို့ဆိုသည်မှာ အတိတ်မှပြန်လည်သင်ယူရသေးသည်။ အတိတ်အဖြစ် အပျက်များကို အတန်အသင့်မှန်မှန်ကန်ကန် သိထားဖို့လိုသည်။ ဖွယ်ဖွယ်ရာရာစုံစုံလင်လင်နှင့် အခြေအမြစ်ရှိသော သတင်းစာနှင့်ရာဇဝင်စာအုပ်များ ရှိနေသည့်တိုင် ယနေ့ခေတ်ကျင့်သုံးသော အတုလုပ်ခြင်းကြောင့် အတိတ်ကို သိဖို့ဆိုသည်မှာ မဖြစ်နိုင်တော့ချေ။ စစ်သည်သာလျှင် မှုမှန်ခြင်း၏ စိတ်ချရ သောဘေးဆီးရန်ကာဖြစ်၏။ အုပ်ချုပ်သူ လူတန်းစားရှိနေသရွေ့ စစ်သည် အကာအကွယ်အားလုံးတို့၏ အရေးကြီးဆုံးဖြစ်နိုင်သည်။ စစ်သည်နိုင်ချင် လည်းနိုင်မည်၊ ရှုံးချင်လည်းရှုံးမည်၊ ထိုအတွက် မည်သည့်အုပ်ချုပ်သူ လူတန်းစားကမှ လုံးလုံး မျက်နှာလွှဲမရ။

စစ်တကယ်ဖြစ်နေသရွေ့ အန္တရာယ်ပေးခြင်းရပ်တန့်သွားသည်။ စစ်ဖြစ်နေသရွေ့ စစ်ရေးလိုအပ်ချက်မရှိတော့ချေ။ နည်းပညာတိုးတက်မှု ရပ်တန့်သွားနိုင်သည်။ အသိသာဆုံးအမှန်တရားများကိုလည်း ငြင်းဆိုထား၍ ရသည်။ ပေယျာလကန်လုပ်ထား၍ရသည်။ သိပ္ပံပညာဆိုင်ရာ သုတေသနများကို စစ်ရေးတစ်ခုအတွက်သာ ဆက်လက်လုပ်ဆောင်နေကြသည်။ သို့သော် လေထဲတိုက်အိမ်ဆောက်ဖို့အတွက်သာ လိုအပ်ခြင်းဖြစ်ပြီး သုတေသန ကျရှုံးလည်း ဘာမှအရေးမကြီးချေ။ စွမ်းရည်ဆိုလျှင် စစ်ရေးစွမ်းရည်သည်ပင် မလိုအပ်တော့။ အိုရှင်းနီးယားနိုင်ငံတွင် အတွေးပုလိပ်ထက် ဘယ်ဟာကမှ စွမ်းရည်မသာ။ စူပါပါဝါအင်အားကြီးသုံးနိုင်ငံသည် သာတူရည်မျှဖြစ်နေပြီး သီးသန့်ဖြစ်နေသောကြောင့် အတွေးအခေါ်သွေဖည်မှုတိုင်းကို လွတ်လွတ်ကျွတ်ကျွတ် လေ့ကျင့်ပေးနိုင်သည်။

နေ့စဉ်ဘဝလိုအပ်ချက်များမှ အရှိတရားသည်ရုန်းကန်ထွက်လာသည်။ စားရေးသောက်ရေး၊ ဝတ်စားနေထိုင်ရေး၊ အဆိပ်မသောက်မိအောင်၊ တိုက်ခေါင်မိုးထပ် ပြတင်းမှ ခုန်မချမိအောင်ရှောင်ရှားရခြင်း စသည်တို့ကို ဆိုလိုသည်။ နေခြင်းနှင့်သေခြင်း၊ ကာယသုခနှင့် ကာယဒုက္ခတို့ကြားဝယ် ခြားနားချက်ကတော့ ရှိနေသေးသည်။ သည်လောက်သာဖြစ်၏။ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ဖြတ်တောက်လိုက်ခြင်း၊ အတိတ်နှင့် ဖြတ်တောက်လိုက်ခြင်းတို့ဖြင့် အိုရှင်းနီးယားနိုင်ငံသားတစ်ယောက်သည် အာကာသထဲရောက်သွားသလို အထက်ဘယ်မှာ အောက်ဘယ်မှာ သိနိုင်စရာနည်းလမ်း မရှိတော့ချေ။ ထိုသို့သောတိုင်းပြည်၏ အာဏာရှင်များသည် ဖာရိုးဘုရင်၊ ဆီဇာဘုရင်တို့ နှင့်မတူဘဲ အကြွင်းမဲ့အာဏာရှင်များ ဖြစ်၏။ ဆီဇာနှင့်ဖာရိုးသည်

မြောက်မြားစွာသောနောက်လိုက်များ ငတ်မသေဖို့ သူတို့ထံတွင်တာဝန်ရှိသည်။ သူတို့၏ပြိုင်ဘက်များကဲ့သို့ စစ်ရေးနည်းပညာ နိမ့်ကျလွန်းခဲ့သည်။ သို့သော် တဆိတ်စာလောက်ကလေးကိုပဲ ရရှိသွားပစေဦး၊ ထိုဘုရင်များသည် အရှိတရားကို လိမ်ချိုးပြီး သူတို့အလိုရှိသည့်အတိုင်း ပုံသွင်းလိုက်နိုင်သည်။

ထို့ကြောင့်ပင်လျှင် စစ်သည်အတုအယောင် သက်သက်ဖြစ် ရသည်။ ဦးချိုအနေအထားလွဲနေသော စားမြုံ့ပြန်တိရစ္ဆာန်ကြီးများ တစ်ကောင်ကိုတစ်ကောင် မတိုက်ခိုက်နိုင်သကဲ့သို့ဖြစ်၏။ သို့ရာတွင် အစစ်မဟုတ်သောစစ်သည် အဓိပ္ပါယ်တော့မမဲ့။ အပိုထွက်ကုန်ဟူသမျှကို စစ်က စားသုံးပစ်လိုက်သည်။ အုပ်ချုပ်သူလူ့အဖွဲ့အစည်းလိုအပ်သည့် စိတ်အနေအထားရပ်ဝန်းတစ်ခုကို ထိန်းသိမ်းပေးထားသည်။ အတိတ်ခေတ်ကဆိုလျှင်တိုင်းပြည်များအချင်းချင်း တကယ်တိုက်ကြသည်။ အောင်နိုင်သူကရှုံးသူကို ချေမှုန်းခဲ့ကြသည်။ ယခုခေတ်တွင်မူ အချင်း ချင်းတကယ်မတိုက်ကြတော့။ 'စစ်' ဆိုသောစကားလုံးသည် ဦးတည်ရာ လွဲသွားခဲ့ပြီ။ မပြတ်တမ်းစစ်ဖြစ်နေ ကြခြင်းဖြင့် စစ်သည် ချုပ်ငြိမ်းခဲ့ပြီ ဟုပြောလျှင် မှန်နိုင်ကောင်းသည်။

ကျောက်ခေတ်နှောင်းပိုင်းနှင့် နှစ်ဆယ်ရာစုအစောပိုင်း ကြားကာလတစ်လျှောက်လုံး လူသားတို့အပေါ် ဖိအားပေးခဲ့သည့် စစ်သည် ပျောက်ကွယ်သွားခဲ့ပြီး လုံးလုံးကွဲပြားသောအရာက အစားထိုးဝင်ရောက်ခဲ့သည်။ အကယ်၍ သာ စူပါပါဝါသုံးနိုင်ငံစလုံး တိုက်ခိုက်မှုရပ်စဲပြီး ငြိမ်းချမ်းစွာနေထိုင်ကြလျှင်လည်း အကျိုးသက်ရောက်မှုသည် အတူတူ သာဖြစ်၏။ သုံးနိုင်ငံစလုံး ပြင်ပအန္တရာယ်စိမ့်ဝင်လွှမ်းမိုးခြင်းမှ လွတ်ကင်းပြီး ကိုယ့်ကမ္ဘာနှင့်ကိုယ်သာ ဖြစ်နေ လိမ့်မည်။ အမှန်တကယ်တည်မြဲသော ငြိမ်းချမ်းရေးသည် တည်မြဲသောစစ်နှင့် အတူတူသာဖြစ်လာ လိမ့်မည်။ ပါတီဝင်အများစု ခပ်တိမ်တိမ်နားလည်ထား ကြသော ဤအချက်ကား "စစ်သည်ငြိမ်းချမ်းရေး" ဟူသော ပါတီဆောင်ပုဒ်၏ အတွင်းသားအဓိပ္ပါယ်ပင်ဖြစ်တော့၏။

ဝင်စတန် စာဖတ်နားသည်။ အဝေးတစ်နေရာမှ ဒုံးကျည် ကျသံကြားရသည်။ တယ်လီစကက်မရှိသောအခန်းထဲ တားမြစ်ထားသော စာတစ်အုပ်နှင့်ငြိမ့်နေရသည့် သုခကလေး လွင့်ပြယ်မသွားသေး။ စာအုပ်သည် စွဲမက်စရာ။ ပိုပြီးတိတိကျကျပြောရလျှင် သူ့ကိုအာမခံတွေပေးနေသည်။ အမှန်မှာ စာအုပ်ထဲဘာမှ အသစ်အဆန်းမပါ။ သို့သော် ဤအချက်ကလည်း ဆွဲဆောင်နိုင်ပြန်သည်။ သူပြောလိုက်မည့်စကားများကို စာအုပ်က ပြောသွားခြင်းဖြစ်သည်။ ပြန့်ကြဲနေသော သူ့အတွေးများကို အစီအစဉ်တကျ နေရာချ ပေးလိုက်သည့် စာအုပ်။ စာအုပ်သည် စိတ်၏ထုတ်ကုန်ဖြစ်နေသည်။ ထိုစိတ်သည် သူ့စိတ်နှင့်ဆင်ဆင်တူသည်။ သို့သော် အလွန်အမင်း အားကောင်းသည်။ စံနစ်ကျသည်။ အကြောက်တရားနည်းသည်။ အကောင်းဆုံးစာအုပ် များဆိုသည်မှာ သင်သိပြီးသားအရာများကို သင့်အားပြောပြသည့်စာအုပ်များ ပင်တည်း။

အခန်း ၁ ကိုပြန်လှန်စဉ် လှေကားပေါ်မှ ဂျူလီယာ့ခြေသံကြား

လိုက်ရသည်။ ဂျူလီယာ့ကိုကြိုဖို့ သူကုလားထိုင်မှထသည်။ ဂျူလီယာက အိတ်အညိုကို ကြမ်းပေါ်ဖုတ်ခနဲချပြီး သူ့လက်မောင်းထဲပြေးဝင်သည်။ ဝေးနေကြရသည်မှာ တစ်ပတ်ကျော်ပြီ။

လူချင်းခွာပြီး "ကိုယ်စာအုပ်ရပြီ" ဟု ဝင်စတန်ပြောသည်။ "ဟယ်၊ ရပြီဟုတ်လား။ ကောင်းလိုက်တာ"

တကယ်တော့ ဂျူလီယာ စာအုပ်ကိုသိပ်စိတ်မဝင်စား။ ရေနံဆီမီး ဖိုဘေး ဒူးထောက်ပြီး ကော်ဖီဖျော်သည်။ နောက်နာရီဝက်အကြာ အိပ်ရာထဲရောက်မှ စာအုပ်အကြောင်းပြောကြသည်။

အေးမြသောညနေခင်းမို့ အိပ်ရာဖုံးကိုဆွဲခြုံထားခြင်းဖြင့် ဇိမ်ကျနေသည်။ အောက်ဘက်မှ ရင်းနှီးပြီးသားသီချင်းဆိုသံနှင့် ကျောက်ခင်းလမ်းပေါ်မှ ဘွတ်ဖိနပ်သံတရှပ်ရှပ်ကိုကြားရသည်။ ဝင်းထဲတွင် လက်မောင်းအိုး နီနီနှင့် မိန်းမကြီး အမြဲရှိသည်။ အဝတ်လျှော်ဇလုံနှင့်ကြိုးတန်းအကြား ထိုမိန်းမကြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် အဝတ်လှန်း သီချင်းဟစ်မနေဘူးဆိုလျှင် နေ့တာ မရှိဘဲဖြစ်သွားနိုင်သည်။ ဂျူလီယာ သူ့ဘေးနားဝင်လှဲပြီး တုံးခနဲ အိပ်ပျော်တော့မည့် အနေအထားမျိုးဖြစ်နေသည်။ ကြမ်းပေါ်မှစာအုပ်ကို သူကောက်ပြီး ခုတင်ခေါင်းရင်းကိုမှီကာ မတ်မတ်ထိုင်သည်။

"ကိုယ်တို့စာဖတ်ရမယ်။ ညီနောင်သားရင်းအသင်းဝင်တွေ အကုန်လုံး ဒီစာအုပ်ကိုဖတ်ရတယ်"

"ဖတ်လေ။ ကျယ်ကျယ်ဖတ်၊ ဖတ်ရင်းနဲ့ ရှင်းပြသွား"

နာရီ၏လက်တံများက ခြောက်နာရီကိုညွှန်ပြနေသည်။ ၁၈နာရီ ဟုဆိုလိုခြင်းဖြစ်၏။ နောက်ထပ်သုံးနာရီ လေးနာရီခန့် အချိန်ရသေးသည်။ စာအုပ်ကိုဒူးပေါ်တင်ပြီး သူစတင်ဖတ်သည်။

အခန်း(၁)

မသိခြင်းသည်အင်အား

ကျောက်ခေတ်နှောင်းပိုင်းလောက်မှ စတင်၍ မှတ်တမ်းတင်ထားသည့် ကာလတစ်လျှောက်လုံး ကမ္ဘာပေါ်တွင် လူအမျိုးအစားသုံးမျိုးသာရှိသည်။ အဆင့်မြင့်၊ အလယ်အလတ်၊အဆင့်နိမ့်။ ထိုလူသုံးမျိုးကို နည်းလမ်းပေါင်းစုံဖြင့် ထပ်မံစိတ်ဖြာထားသည်။ အမည်များ၊ မျိုးရိုးအမှတ်စဉ်များ၊ တစ်ဦးပေါ်တစ်ဦး ပြုမူပုံများ စသည်တို့သည် နှစ်ကာလကြာသည်နှင့်အမျှ ထွေပြားမှုပိုများလာသည်။ သို့သော် အဓိကကျသောလူမှုဖွဲ့စည်းပုံသည် မပြောင်းလဲခဲ့။ ရောမ အုံကြွမှုကြီးများပေါ်ပေါက်ခဲ့သည့်တိုင်၊ ယတိပြတ် ပြောင်းလဲခြင်းများ ကြုံခဲ့ရသည့်တိုင်၊ စောစောကလူမှုဖွဲ့စည်းပုံသည် အမြဲတစေ သူ့နေရာ သူပြန်ယူခဲ့သည်။

"ဂျူလီယာ၊ နိုးနေပါတယ်နော်"

"အင်း၊ နားထောင်နေပါတယ်။ ဆက်ဖတ်၊ နားထောင်လို့ကောင်းတယ်''

ဝင်စတန်ဆက်ဖတ်သည်။

ထိုလူအမျိုးအစားသုံးစု၏ ရည်ရွယ်ချက်အသီးသီးကို ဘယ်လိုမှ စေ့စပ်ညှိယူ၍မရခဲ့ပေ။ အဆင့်မြင့်အုပ်စုသည် သူ့နေရာမှာသာသူနေချင်သည်။ အလယ်အလတ်အုပ်စုသည် အဆင့်မြင့်များနှင့်နေရာချင်းလဲ ချင်သည်။ အဆင့်နိမ့်အုပ်စုက အဆင့်အတန်းခွဲခြားခြင်း အလုံးစုံကို ဖျက်သိမ်းပြီး လူသားအားလုံးတူညီသော လူ့အဖွဲ့အစည်းကို ထူထောင်ချင်သည်။ ဤသို့ဖြင့် ရာဇဝင်သမိုင်းကြောင်းတစ်လျှောက်လုံး ရှုန်းကန်မှုများ ထပ်ပြန်တလဲလဲဖြစ်ပွားခဲ့သည်။

အဆင့်မြင့်အုပ်စုသည် အာဏာကိုကြာမြင့်စွာ ကိုင်စွဲထားကြသည်။ သို့သော် သူတို့၏ယုံကြည်ချက် သို့မဟုတ် စွမ်းရည်ပြည့်အုပ်ချုပ်နိုင်စွမ်း လွတ်ထွက်သွားသောအချိန်အခါသည် အနေးနှင့်အမြန် ပေါ်ပေါက်လာမြဲ။ ထိုအခါ အဆင့်နိမ့်များကို ဘက်တော်သားအဖြစ် နေရာပေးပြီး လွတ်လပ်ခွင့် နှင့် တရားမျှတရေးအတွက် တိုက်ပွဲဝင်ပါသည်ဆိုသော လူလတ်တန်းစား အုပ်စုက အဆင့်မြင့်များကိုတွန်းထုတ်ဖယ် ရှင်းလိုက်ကြသည်။ လူလတ်တန်း စားအုပ်စုသည် သူတို့၏ရည်မှန်းချက် ပေါက်မြောက်သွားသည်နှင့် တစ်ပြိုင်နက် အဆင့်နိမ့်များကို နဂိုနေရာ သူတို့၏အလုပ်အကျွေးအဖြစ် ပြန်တွန်း ချလိုက်သည်။ သူတို့ကိုယ်တိုင်ကမူ အဆင့်မြင့်များဖြစ်သွားကြ၏။ သည်လို နှင့် အုပ်စုတစ်စု သို့မဟုတ် အုပ်စုနှစ်ခုစလုံးမှ ကွဲထွက်လာသော အလယ် အလတ်အုပ်စု စတင်ပေါ်ပေါက်လာသည်။

အုပ်စုသုံးခုတွင် အဆင့်နိမ့်များသာ ရည်ရွယ်ချက်များ ဘယ်တုန်းကမှမပြည့်ဖူးခဲ့။ သမိုင်းတစ်လျှောက်လုံးတွင် ရုပ်ဝတ္ထုတိုးတက်ခြင်းမရှိခဲ့ ဟုဆိုလျှင် ချဲ့ကားရာရောက်ဦးမည်။ ကနေ့ခေတ်လို ဆုတ်ကပ်မျိုး၌ပင် သာမန်လူသားတစ်ယောက်၏ ရုပ်ဝတ္ထုပစ္စည်းအခြေအနေက လွန်ခဲ့သော ရာစုနှစ်တုန်းကထက် ပိုသာသေးသည်။ သို့သော် ဥစ္စာဓနတိုးပွားခြင်း မရှိ။ အပြုအမူသိမ်မွေ့ခြင်းမရှိ။ လူသားများတန်းတူညီမျှဖြစ်ရေးဆီ တစ်မီလီမီတာ လောက် ချဉ်းကပ်နိုင်သောပြုပြင်ရေး သို့မဟုတ် တော်လှန်ရေးလည်း ဘယ်တော့မှဖြစ်မလာ။ အဆင့်နိမ့်များဘက်မှကြည့်လျှင် သမိုင်းဝင်အပြောင်း အလဲဟူသည် သူတို့၏အရှင်သခင်အမည် ပြောင်းသွားသလောက် အရေး မပါ။ ထိုသို့သော တပြောင်းပြန်ပြန် သံသရာလည်နေပုံကို ၁၉ ရာစုနှောင်းပိုင်းမှစ၍ လေ့လာသူများသတိထားမိလာကြသည်။ သမိုင်းဆိုသည်မှာ သံသရာလည်နေသောဖြစ်စဉ်တစ်ခု။ မညီမျှမှုသည် လူ့ဘဝ၏ ပြောင်းလဲ၍ မရသောဥပဒေဟု တွေးခေါ်သူများကဖွင့်ဆိုကြသည်။ ထိုအယူဝါဒကို ထောက်ခံသူအမြဲရှိသော်လည်း သိသာထင်ရှားသော အပြောင်းအလဲ ရှေ့တန်း ထွက်လာခဲ့ပြီ ဟူသောအသိမျိုးနှင့်ဖြစ်၏။ အတိတ်ခေတ်ကဆိုလျှင် ရာထူးရာခံလူ့အဖွဲ့အစည်းသည် အဆင့်မြင့်လူသားများဖြစ်သော ရှင်ဘုရင်နှင့် ဗျူရို ကရက်များ၊ ဘုန်းတော်ကြီးများ၊ ရှေ့နေများနှင့် ၎င်းတို့၏ ကပ်ပါးရပ်ပါးကောင် များ ပေးသောအယူဝါဒကိုလိုအပ်သည်။ ယေဘုယျအားဖြင့် သင်္ချိုင်းဂူ၏ အလွန်မှ စိတ်ကူးယဉ်ကမ္ဘာလောကဖြင့် အစားထိုးထားသော ကတိကဝတ်များ ထိုအယူဝါဒထဲတွင်ပါဝင်သည်။

အာဏာအတွက်ရုန်းကန်ကြိုးပမ်းကြသော အလတ်တန်း ကမူ မိမိတို့လုပ်ရပ်ကို

လွတ်လပ်ရေး၊ တရားမျှတရေး၊ သဟာယစိတ်ဓာတ် စသည်ဖြင့် ကင်ပွန်းတပ်ကြသည်။ လူသားချင်းရင်းနှီးချစ်ကြည်မှုဟူသော သဘောထားကို အာဏာလက်ရမရှိသော လူများက တိုက်ခိုက်နှိမ်နင်းထားကာ သူတို့ကပဲ ထိုသဘောထားကိုပြန်လည်မျှော်လင့်နေကြသည်။ သာတူညီမျှ ဖြစ်ရေးဟူသော နဖူးစည်းအောက်မှနေ၍ အလုပ်တန်းစားများသည် တော်လှန်ရေးများကိုဆင်နွှဲကြသည်။ မင်းမဲ့စရိုက်ကို တစ်ကြော့ပြန်ဆန်း သစ်ကြသည်။ ၁၉ ရာစုအစောပိုင်းတုန်းက ပေါ်ထွက်ခဲ့သော ဆိုရှယ်လစ်ဟူသော သီဝရီသည် ဈေးပဝေသဏီက ကျေးကျွန်များတော်လှန်အုံကြွမှုမှ ဆက်စပ်တွေးခေါ်၍ရသော နောက်ဆုံးအတွေးကွင်းဆက်တစ်ခုဖြစ်သည်။ ဆိုရှယ်လစ်သီဝရီသည် အတိတ်ခေတ်၏ စိတ်ကူးယဉ်လောကထူထောင်ရေးမှ ရောဂါကူးစက်လာခြင်း ဖြစ်၏။

သို့သော် ၁၉၀၀ နောက်ပိုင်းမှ စတင်ပေါ်ထွက်လာသော ဆိုရှယ်လစ်မူကွဲပေါင်းများစွာသည် လွတ်လပ်ရေးနှင့် သာတူညီမျှဖြစ်ရေးကို ပြောင်ပြောင်တင်းတင်းမျက်နှာလွှဲလာကြသည်။ ရာစုဝက်လောက်အရောက် တွင် အိုးရှင်းနီးယားနိုင်ငံ၏ အင်ဆော့(အင်္ဂလိပ်ဆိုရှယ်လစ်)၊ ယူရေးရှား နိုင်ငံ၏ ဘော်ရှီဗစ်လက်သစ်၊ အီစကာရှားနိုင်ငံ၏မရဏကိုဦးခိုက်ခြင်း၊ ၎င်းတို့ သုံးမျိုးစလုံးသည် မလွတ်လပ်ရေးနှင့်မညီမျှရေးတို့အတွက်သာ ရည်ရွယ်ချက် ရှိတော့သည်။ ထိုလှုပ်ရှားမှုအသစ်များသည် အဟောင်းများမှပေါက်ဖွား လာခြင်းဖြစ်ပြီး ၎င်းတို့၏အမည်သညာကို ထိန်သိမ်းလိုသည်။ ၎င်းတို့၏ မူဝါဒ ကို နှုတ်ဖြင့်စောင်မလိုကြသည်။ သို့ရာတွင် ၎င်းတို့အားလုံး၏ ရည်ရွယ်ချက်မှာ တိုးတက်မှုကိုအကျဉ်းချပြီး သတ်မှတ်ထားသော အခိုက်အတန့်တွင် သမိုင်းကို ရပ်တန့်လိုက်ဖို့ဖြစ်၏။ ခါတိုင်းလိုပင် အလတ်တန်းစားများက အဆင့်မြင့်များ ကိုဖယ်ရှားလိုက်ပြီး သူတို့ကိုယ်တိုင်က အဆင့်မြင့်များဖြစ်သွားကြသည်။ သို့သော် ယခုတစ်ကြိမ်တွင်မူ လက်သစ်အဆင့်မြင့်များက နေရာမြဲရေးအတွက် နည်းဗျူဟာကိုကျင့်သုံးနိုင် ကြလေမည်။

သမိုင်းဝင်အသိတရားများ အဆင့်ဆင့်ဆည်းပူးရာမှ လည်းကောင်း၊ သမိုင်းအသိ ကြီးထွားလာခြင်းကြောင့် လည်းကောင်း၊ အယူဝါဒသစ်သည် ပေါ်ထွက်ခဲ့သည်။ ၁၉ ရာစုမတိုင်ခင်ကဆိုလျှင် သမိုင်းအသိ မရှိကြသေး။သမိုင်း၏သံသရာဘီးအကြောင်းကို ယခုခေတ်တွင် နား မလည်ကြတော့ပေ။ နားလည်လာမည့်ပုံလည်းမပေါ်။ နားလည်လာသည် ပဲထားဦး၊ ထိုသံသရာ သမိုင်းဘီးကို ပြောင်းလဲ၍ ရသည်။ သို့သော် ပုန်းကွယ်နေသောအကြောင်းရင်း မြစ်မှာ- အစောဆုံးအနေဖြင့် နှစ်ဆယ်ရာစုအစတွင် လူသားချင်းတန်း တူညီမျှဖြစ်ရေးသည် နည်းပညာပိုင်းအရ ဖြစ်နိုင်ခြေရှိလာခဲ့သည်။ လူသား များသည် ဗီဇဉာဏ်ရည်ဉာဏ်သွေး မတူသောကြောင့် လုပ်ဆောင်မှု အားသာချက်များ တစ်ဦးနှင့်တစ်ဦးကွဲ ပြားကြသည်မှာမှန်သည်။ သို့သော် အဆင့်အတန်းခွဲခြားခြင်း၊ ဥစ္စာနေပိုင်ဆိုင်မှုခွဲခြားခြင်းတို့ မလိုအပ်တော့ပြီ။ ရှေးခေတ်ကဆိုလျှင် အဆင့်အတန်းခွဲခြားခြင်းသည် ရှောင်မရသောကိစ္စဖြစ် ရုံတင်မက လိုလားအပ်စရာဖြစ်နေသည်။ မတူညီခြင်းသည်ပင် ယဉ်ကျေးမှု၏ တန်ဖိုးဖြစ်နေလေသည်။ စက်ပစ္စည်းဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ထိုအဖြစ် ကိုပြောင်းလဲ၍ ရလာသည်။

လူသားများအလုပ်အမျိုးအစား မတူညီကြသည့် တိုင် လူမှုရေး စီးပွားရေး အဆင့်ကွဲပြားစွာ နေထိုင်ဖို့မလိုတော့ချေ။ ထို့ကြောင့် အသစ်ပေါ်ထွက်လာသော အုပ်ချုပ်သူလူတစ်စုဘက်မှကြည့်လျှင် လူသားများ တန်းတူညီမျှဖြစ်ရေးသည် ကြိုးပမ်းရယူရမည့်စံပြကိစ္စမဟုတ်တော့။ ပြောင်း လဲမှသာ အန္တရာယ်ရှိလာမည့်ကိစ္စဖြစ်နေသည်။

ရှေးဦးခေတ်ကဆိုလျှင် တရားမျှတပြီး ငြိမ်းချမ်းသော လူ့အဖွဲ့ အစည်း မရနိုင်တော့ဘူးဆိုပါက စိတ်ကူးယဉ်အတွေးတစ်ခုအပေါ် ယုံကြည်လိုက်ဖို့လွယ်ကူနေသည်။ ဥပဒေမရှိသော၊ မတရားစေခိုင်းခြင်းမရှိသော နိဗ္ဗာန် ဘုံတွင် လူသားအားလုံးညီရင်းအစ်ကိုလို သင့်မြတ်စွာ နေထိုင်ကြရမည်ဟု သော စိတ်ကူးလေးက နှစ်ပေါင်းထောင်ချီပြီး လူသားတို့၏စိတ်ကူးစိတ်သန်းကို ခြောက်လှန့်ခဲ့သည်။ ပြင်သစ်၊ အင်္ဂလိပ်နှင့် အမေရိကန်တော်လှန်ရေးတို့၏ အမွေခံများသည် လူ့အခွင့်အရေး၊ လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ တရား ဥပဒေရှေ့မှောက်တွင် တရားမျှတရေး၊ စသော သူတို့ပြောသည့် အကြောင်း အရာများအပေါ် သူတို့ကိုယ်တိုင်ယုံ ကြည်နေကြသည်။ သို့သော် နှစ်ဆယ် ရာစု၏လေးခုမြောက်ဆယ်စုနှစ်လောက်တွင် နိုင်ငံရေးအတွေးအခေါ်၏ ပင်မရေစီးကြောင်းအားလုံးသည် အာဏာရှင်ဆန်လာခဲ့သည်။ ထိုအဖြစ်ကို သဘောပေါက်မိလိုက်သည့်ခဏမှာပင် အလုမ်းဝေးလှသောနိဗ္ဗာန်ဘုံကို မယုံကြည်ကြတော့ချေ။

အသစ်ပေါ်ထွက်လာသော နိုင်ငံရေးသီဝရီတိုင်းသည် အမည် ဘယ်လိုပင်တပ်တပ် သြဇာအာဏာနှင့်ပုံစံသွင်းခြင်းဆီ ဦးတည်သည်။ ရှုံးတင်ခြင်းမရှိဘဲ ထောင်သွင်းအကျဉ်းချခြင်း၊ စစ်သုံ့ပန်းများကို ကျွန်အဖြစ် စေခိုင်းခြင်း၊ လူမြင်ကွင်းလူသတ်ပွဲများ၊ ဝန်မခံ ခံအောင်ညှင်းပန်း နှိပ်စက်ခြင်း၊ ဓားစားခံရှာခြင်း၊ လူဦးရေတစ်ရပ်လုံးကို ပြည်နှင်ဒဏ်ပေးခြင်း စသည်တို့ သည် ဘာမှမထူးခြားသော သာမန်ဖြစ်ရိုးဖြစ်စဉ်များ ဖြစ်လာကြသည်။ ထိုအဖြစ်ကို သည်းခံနိုင်ကြပြီး မိမိကိုယ်ကိုအသိဉာဏ်ပွင့်သူ၊ တိုးတက်သူဟုထင်ထား သူများက ထိုကိစ္စများအတွက် ခုခံကာကွယ်၍ပင်ပြောဆိုကြသည်။

အမျိုးသားရေးစစ်ပွဲ၊ ပြည်တွင်းစစ်၊ တော်လှန်ရေးနှင့် တန်ပြန် တော်လှန်ရေးတို့ ကမ္ဘာတစ်ဝှမ်းလုံးတွင်ဖြစ်ပေါ်ပြီး ဆယ်စုနှစ်တစ်စုအကြာတွင် အင်ဆော့နှင့် အင်ဆော့၏ပြိုင်ဘက်နိုင်ငံရေးသီဝရီများ အပြည့်အဝ ဖြစ်ပေါ်လာခဲ့သည်။ သို့သော် ၎င်းတို့ကို အကြွင်းမဲ့အာဏာရှင်စနစ်က နိမိတ်ပြနေသည်။ ပရမ်းပတာဖြစ်ခြင်းမှပေါက်ဖွားလာသော ကမ္ဘာကြီး၏ ပုံရိပ်သည် ကြာမြင့်စွာကတည်းက သိသာထင်ရှားပါသည်။ ကမ္ဘာကြီးကို ဘယ်လို လူစားတွေထိန်းချုပ်မလဲ ဆိုသည်ကလည်း အလားတူ သိသာထင်ရှားနေသည်။ အုပ်ချုပ်သူလူတစ်စုထဲတွင် ဗျူရိုကရက်များ၊ သိပ္ပံပညာရှင်များ၊ နည်း ပညာရှင်များ၊ အလုပ်သမားအစည်းအရုံးစုဆောင်းသူများ၊ ကြော်ငြာပညာရှင်၊ လူမှုရေးပညာရှင်၊ ကျောင်းဆရာ၊ ဂျာနယ်လစ်နှင့် နိုင်ငံရေးသက်မွေးဝမ်း ကျောင်းသမားများ ပါဝင်သည်။ ၎င်းတို့သည် ပုံသွင်းခံလိုက်ရပြီး လက်ဝါးကြီးအုပ်စက်မှုလုပ်ငန်းနှင့် ဗဟိုချုပ်ကိုင်အစိုးရတို့၏ ကျတ်တီးကမ္ဘာကြီးနှင့်အတူ ပေါ်ထွန်းလာခဲ့သည်။ အတိတ်ကအုပ်ချုပ်သူများနှင့်စာလျှင်

ယခုအသစ် ပေါ်ထွန်းလာသော အုပ်ချုပ်သူလူစုသည် ဝိသမလောဘပိုနည်းသည်။ ဇိမ်ခံပစ္စည်းများကို သိပ်မမက်မော။ အာဏာသက်သက်ကိုသာ ပိုဆာလောင်မွတ် သိပ်ကြသည်။ ကိုယ်ဘာလုပ်နေသည်ကို ပိုသတိရှိလာပြီး အတိုက်အခံများကို ချေမှုန်းဖို့ ပိုစိတ်ပါကြသည်။ ထိုနောက်ဆုံးကိစ္စသည် အခြေခံအကျဆုံးဖြစ်၏။

အတိတ်ခေတ်၏ဖိနှိပ်ညှဉ်းပန်းမှုအလုံးစုံသည် စိတ်လက် သိပ်မပါ။ အကျိုးသက်ရောက်မှုမရှိ။ ရွေးချယ်ခွင့်ရှိသော၊ အစွန်းမရောက်သော အတွေးအကြံများသည် အုပ်ချုပ်သူလူတန်းစားထဲ အတိုင်းအတာတစ်ခုထိ ဝင်ရောက်ခဲ့သည်။ အတိတ်ခေတ်ကဆိုလျှင် မည်သည့်အစိုးရကမှ နိုင်ငံသားများအား စောင့်ကြည့်နိုင်စွမ်းမရှိ။ ပုံနှိပ်အတတ်ပညာကို တီထွင်နိုင်ခဲ့ခြင်းကြောင့် လူထု သဘောထားကိုကိုင်တွယ်ဖို့ လွယ်ကူခဲ့သည်။ ထို့နောက်တွင် ရုပ်ရှင်နှင့် ဗီဒီယို ဆက်လက်လုပ်ဆောင်သွားခဲ့ပြီး ရုပ်မြင်သံကြား စက်ဖွံ့ဖြိုးလာခြင်း၊ နောက်ပိုင်းတွင် ရုပ်သံဖမ်းခြင်းနှင့်လွှင့်ခြင်းကို တစ်ပြိုင်တည်းလုပ်နိုင်သော တယ်လီစက်ပေါ်ထွက်လာခြင်းနှင့်အတူ ကိုယ်ပိုင်ဘဝဇာတ်သိမ်းခဲ့ရသည်။ နိုင်ငံသားတိုင်း၊ သို့မဟုတ် စောင့်ကြည့်ရလောက်အောင် တန်ဖိုးရှိသော နိုင်ငံသားတိုင်းကို တစ်ရက်လျှင် နှစ်ဆယ့်လေးနာရီ ပုလိပ်များ၏မျက်လုံးအောက်တွင် ထိန်းသိမ်းထားနိုင်စွမ်းရှိလာသည်။ ပြည်နယ်၏ဆန္ဒကို လုံး၀ ဥဿုံနာခံအောင် ကျုံးသွင်းနိုင်ရုံတင်မက အကြောင်းအရာအားလုံးအပေါ် သဘောထား တစ်ပြေးညီဖြစ်အောင် လုပ်နိုင်ခြင်းသည် ပထမဦးဆုံးအနေဖြင့် ဖြစ်ပေါ်ခဲ့ပြီ။

၁၉၅၀ နှင့် ၁၉၆၀ ဝန်းကျင်မှ တော်လှန်ရေးကာလပြီးဆုံးသွား သောအခါ လူ့အဖွဲ့အစည်းသည် အဆင့်မြင့်၊ အလယ်အလတ်၊ အဆင့်နိမ့်ဟူ ၍ သုံးမျိုးသုံးစား အလိုအလျောက်ပြန်လည် အုပ်စုဖွဲ့သွားသည်။ သို့သော် ယခုပေါ်ထွက်လာသော အဆင့်မြင့်များသည် ယခင် အဆင့်မြင့်များနှင့်မတူဘဲ ၎င်းတို့သည် ပင်ကိုဗီဇစိတ်နောက်ကိုမလိုက်ကြ။ နေရာခိုင်မြဲရေးအတွက် လိုအပ်သည်များကိုသိထားကြသည်။ တစ်ပါတီအတွက် စိတ်ချရသော အခြေခံမှာ ပြည်သူပိုင်ပြုလုပ်ရေးဖြစ်ကြောင်း ကြာမြင့်စွာကတည်းက သိရှိပြီး ဖြစ်၏။ ဖက်စပ်ပိုင်ဆိုင်ခြင်းအားဖြင့် ဥစ္စာဓနနှင့် အခွင့်ထူးများကို လွယ်လင့် တကူ ကာကွယ်ထားနိုင်သည်။ ၁၉၅၀ ခုများကပေါ်ပေါက်ခဲ့သော 'ပြည်သူပိုင် သိမ်းခြင်း' သည် စင်စစ်အားဖြင့် ပိုနည်းသောလက်တွေထဲ ဥစ္စာဓနစုပြုံ ထည့်ပေးခြင်းဖြစ်၏။ ကွဲပြားချက်တစ်ခုမှာ လက်သစ်ပိုင်ဆိုင်သူများသည် အုပ်စုတစ်စုဖြစ်ပြီး တစ်ဦးချင်းစီ အမြောက်အမြားဖြစ်နေခြင်းမဟုတ်ခဲ့။

တစ်ဦးချင်းဆိုလျှင် အသေးစားတစ်ကိုယ်ရေသုံးပစ္စည်းများမှ လွဲ၍ ပါတီထဲတွင် ဘယ်ပါတီဝင်မှ ဘာမှမပိုင်။ စုပေါင်းပိုင်ဆိုင်မှုဆိုလျှင် ပါတီသည် အိုရှင်းနီးယားနိုင်ငံ၏ရှိရှိသမျှကို ပိုင်ဆိုင်သည်။ အကြောင်းမှာ အရာရာတိုင်း ကို ပါတီကထိန်းချုပ်သည်။ တော်လှန်ရေးနောက်ပိုင်းတွင် ဖြစ်စဉ်တစ်ရပ်လုံး ကို ပြည်သူပိုင်သိမ်းခြင်းဟု ကိုယ်စားပြုထားသည်။ အရင်းရှင်လူတန်းစားကို အာဏာပိုင်များကသိမ်းယူလိုက်ပါက ဆိုရှယ်လစ်လည်း နောက်မှလိုက်လာရ မည်မလွဲ။ စက်ရုံ၊

မိုင်းတွင်း၊ မြေယာ၊ အိုးအိမ်၊ သယ်ယူပို့ဆောင်ရေး- အရာရာ တိုင်းကို အရင်းရှင်တို့၏ လက်မှ သိမ်းယူခဲ့ကြသည်။ အရာရာသည် ပုဂ္ဂလိက ပိုင်မဟုတ်တော့သည်နှင့် ပြည်သူပိုင်ဖြစ်သွားတော့၏။

သို့သော် လူနည်းစုအာဏာရှင်အဖွဲ့အစည်း၏ ပြဿနာများသည် နက်ရှိုင်းသည်။ ၎င်းတို့အာဏာပြုတ်ကျစေနိုင်သောနည်းလမ်း လေးခုရှိသည်။ တိုင်းတစ်ပါးကချေမှုန်းခြင်း၊ အုပ်ချုပ်ရေးပိုင်း အစွမ်းမထက်သဖြင့် လူထု အုံကြွလာခြင်း၊ အားကောင်းသော မရောင့်ရဲမတင်း တိမ်တတ်သော လူလတ်တန်းစားအုပ်စု ပေါ်ထွက်လာခွင့်ပေးလိုက်ခြင်း၊ အုပ်ချုပ်သူများသည် မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံးသွားပြီး အုပ်ချုပ်ဖို့ စိတ်မပါတော့ခြင်း။ ထိုလေးမျိုးသည် တစ်ခုချင်းစီပြဿနာရှာခြင်း မဟုတ်။ ပုံမှန်အားဖြင့် ထိုလေး မျိုးစလုံးသည် အတိုင်းအတာတစ်ခုထိ ရှိနေကြသည်။ အုပ်ချုပ်သူလူစုသည် ထိုလေးမျိုးသောပြဿနာများကို ခုခံထားနိုင်ပြီး အာဏာတည်မြဲနေကြသည်။ တကယ်တမ်း အဆုံးအဖြတ်ပေးသော အကြောင်းရင်းမှာ အုပ်ချုပ်သူလူစု၏ စိတ်နေသဘောထားဖြစ်၏။

၁၉၅၀ အလွန်မှစပြီး ပထမအန္တရာယ်သည် လက်တွေ့တွင် ပျောက်ကွယ်သွားခဲ့သည်။ ကမ္ဘာကြီးကိုခွဲဝေပိုင်းခြားထားသော အင်အားကြီး သုံးနိုင်ငံသည် သူမသာကိုယ်မသာရှိနေခဲ့ကြသည်။ ဒုတိယအန္တရာယ်သည် သီဝရီပိုင်းဆိုင်ရာဖြစ်သည်။ လူထုသည် ဘယ်တော့မှသူတို့ဘာသာ အုံကြွမလာ။ အဖိနှိပ်ခံရရုံတစ်ခုတည်းနှင့် လူထုသည် အုံကြွမလာ။ လူထုသည် နှိုင်းယှဉ်ခွင့်ဘယ်တုန်းကမှ မရှိခဲ့၍ အဖိနှိပ်ခံထားရသည်ကိုလည်း သတိမမူမိကြ။ အတိတ်ခေတ်တုန်းကလို စီးပွားရေးဘေးကျပ်နံကျပ် ဖြစ်ခွင့်မပေးတော့။ သို့သော် မရောင့်ရဲမတင်းတိမ်နိုင်ခြင်းအတွက် ရှင်းလင်းစွာထုတ်ဖော် ပြောဆိုဖို့ အခြားနည်းလမ်းများမရှိရကား စီးပွားရေးနှင့်မဆိုင်သော အခြားသောအလားတူ ကမောက်ကမဖြစ်ရပ်များကား ရှိနေဆဲ။ ထိုကမောက်ကမများမှနေ၍ နိုင်ငံရေးအမြတ်ထုတ်၍သာ မရခြင်းဖြစ်သည်။

စက်မှုပစ္စည်းထွန်းကားလာခြင်းနှင့်အတူ ထုတ်လုပ်မှုပိုလျှံသော ပြဿနာသည် ပူးတွဲလိုက်ပါလာသည်။ ထိုပြဿနာကို စစ်မပြတ်တမ်း ဖြစ်သောနည်းက ဖြေရှင်းပေးထားသည်(အခန်း ၃ ကိုရှု)။ တကယ့်ပြဿနာ အစစ်များမှာ လုပ်ရည်ကိုင်ရည်ရှိသော၊ အလုပ်မရှိသော၊ အာဏာမွတ်သိပ်သော လူတစ်စုခွဲထွက်လာမှာကြောက်ရသည်။ ပြဿနာမှာ ပညာရေးပင်ဖြစ် ၏။ ဤပြဿနာကား အသိဉာဏ်ကို စဉ်ဆက်မပြတ် ပုံသွင်းပေးရမည့် ပြဿနာ။

အိုရှင်းနီးယားနိုင်ငံလူ့အဖွဲ့အစည်း၏ ယေဘုယျအခြေအနေကို ကောက်ချက်ဆွဲပြရမည်ဆိုလျှင် ပိရမစ်၏ထိပ်ဆုံးတွင် အစ်ကိုကြီးရှိသည်။ အစ်ကိုကြီးသည် မကျဆုံးနိုင်သော စွမ်းအားတို့၏သခင်ဖြစ်သည်။ အောင်ပွဲ တိုင်း၊ အောင်မြင်မှုတိုင်း၊ သိပ္ပံပညာရှာဖွေတွေ့ရှိမှုတိုင်း၊ အသိပညာတိုင်း၊ ဉာဏ်အမြော်အမြင်တိုင်း၊ ပျော်ရွှင်မှုတိုင်း၊ မွန်မြတ်မှုတိုင်းသည် အစ်ကိုကြီး၏ ဦးဆောင်မှု၊ ဉာဏ်ကွန့်မြူးမှုတို့မှ တိုက်ရိုက်ဆင်းလာသည်။ အစ်ကိုကြီးကို မြင်ဖူးသူမရှိချေ။ ဆိုင်းဘုတ်ပေါ်မှမျက်နှာကိုသာ မြင်ကြရသည်။ တယ်လီ စက်မှထွက်လာသောအသံကိုသာ ကြားကြရသည်။ အစ်ကိုကြီး ဘယ်တော့မှ မသေဟု

ယူဆရသည်။ ဘယ်တုန်းက မွေးခဲ့သလဲဆိုသည်ကိုလည်း ရေရေရာရာ မသိရ။ အစ်ကိုကြီးဟူသည် ပါတီက ကမ္ဘာကိုပြသဖို့အတွက် ရွေးချယ်ထားသော အယောင်ဆောင် ပုံရိပ်တစ်ခုဖြစ်သည်။ သူ့တာဝန်မှာ ချစ်ခြင်း ကြောက်ခြင်း ကြည်ညိုခြင်း စိတ်လှုပ်ရှားခြင်းတို့ကို ဒိုင်ခံ ခံယူပေးဖို့ဖြစ်သည်။ အဖွဲ့အစည်းတစ်ခုထက် လူပုဂ္ဂိုလ်တစ်ဦးကဒိုင်ခံခြင်းသည် ပိုလွယ်လင့်တကူ ရှိနေသည်။

အစ်ကိုကြီးပြီးမှ ဗဟိုပါတီလာမည်။ ဗဟိုပါတီဝင်ကို ခြောက်သန်း အထိကန့်သတ်ထားသည်။ နိုင်ငံလူဦးရေ၏ နှစ်ရာခိုင်နှုန်းထက် ပိုနည်းသောအရေအတွက်ဖြစ်၏။ ဗဟိုပါတီ၏အောက်တွင် ပါတီရှိသည်။ ဗဟိုပါတီကို တိုင်းပြည်၏ဦးနှောက်ဟုဖော်ပြလျှင် ပါတီကို တိုင်းပြည်၏လက်တံများ ဟုခေါ်ရမည်။ ၎င်းတို့ပြီးမှ “ပစ္စည်းမဲ့” ဟုခေါ်သော အခြေခံလူထုရှိမည်။ ပစ္စည်းမဲ့များသည် တိုင်းပြည်လူဦးရေ၏ ၈၅ ရာခိုင်နှုန်းဖြစ်၏။ လူတန်းစားအရ ပစ္စည်းမဲ့များသည် အဆင့်နိမ့်များဖြစ်သည်။ အီကွေတာရပ်ဝန်းမှ ခေါ်ယူ လာသောကျွန်များကမူ လူမှု အဆောက်အဦထဲတွင် စာရင်းမဝင်။

မူအရ ထိုသုံးမျိုးသောလူအုပ်စုသည် မျိုးရိုးအရကွဲပြားလာခြင်း မဟုတ်ပေ။ ဗဟိုပါတီဝင်မိဘနှစ်ပါးမှ မွေးလာသောကလေးသည် ဗဟိုပါတီ ဝင်အဖြစ်ကြီးပြင်းမလာ။ ပါတီ၏လက်တက်ခွဲများထဲ ဝင်ဖို့ဆိုသည်မှာ အသက်ဆယ့်ခြောက်နှစ်ရောက်မှ စာမေးပွဲအစစ်ခံကြရသည်။ မျိုးရိုးခွဲခြားမှု မရှိရုံတင်မက လူမျိုးရေးအသားအရောင်ခွဲခြားမှုကအစ မရှိချေ။ ဂျူး၊ နီဂရိုးနှင့် လူနီသွေးစစ်စစ် တောင်အမေရိကသားများကို ပါတီ၏ ရာထူးအမြင့်ဆုံးနေရာ များတွင် တွေ့နိုင်သည်။ အိုရှင်းနီးယားနိုင်ငံ၏ မည်သည့်နေရာတွင်မှ ဒေသခံများသည် သူတို့ကိုယ်သူတို့ ကိုလိုနီနယ်သားဟု မခံစားရချေ။ အိုရှင်းနီးယား နိုင်ငံတွင် မြို့တော်မရှိ။ နိုင်ငံ့အကြီးအကဲရှိ သော်လည်း ဘယ်သူလဲ ဘယ်ကလဲ ဘယ်သူမှမသိ။ အင်္ဂလိပ်ဘာသာစကားသည် အဓိကဘာသာစကားဖြစ်ပြီး ရှုံးသုံးဘာသာစကားမှာ နယူးစပိခ်ဖြစ်သည်ကလွဲ၍ ၎င်းတို့သည် ဗဟိုဖြစ် မနေ။ တိုင်းပြည်အုပ်ချုပ်သူများကို သွေးသားတော်စပ်ခြင်းဖြင့် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ အယူဝါဒတူညီမှုဖြင့် တွဲစပ်ထားခြင်းဖြစ်သည်။

အလွှာသုံးလွှာကြား ရွေ့တိုးနောက်ဆုတ်ရွေ့လျားမှုသည် အရင်းရှင်ခေတ်နှင့် စက်မှုမထွန်းကားခင်ခေတ်တုန်းကထက် ယခုခေတ်တွင် အပုံကြီး ပိုနည်းသွားသည်။ ပါတီ၏ကိုင်းခွဲကြီးနှစ်ခုတွင် လူအတိုးအလျှော့ရှိသည် မှန်၏။ အားနည်းသူများကို ဗဟိုပါတီထဲမှဖယ်ထုတ်ခြင်း၊ ရည်ရွယ်ချက် အားကောင်းသော သာမန်ပါတီဝင်ကို အဆင့်မြှင့်တင်ပေးခြင်းတို့ရှိသည်။ ပစ္စည်းမဲ့များကိုမူ ပါတီတွင်းဝင်ရောက်နိုင်အောင် ပညာသင်မပေး။ မတင်းတိမ်မရောင့်ရဲနိုင်လွန်းသောလူများကို ပါတီကလူမှတ်ပြီး သုတ်သင် ရှင်းလင်းပစ်လိုက်သည်။ သို့သော် ထိုအခြေအနေသည် အမြဲတစေလိုအပ်နေခြင်းမဟုတ်။ မူဝါဒအရလည်း မဟုတ်ချေ။ ပါတီသည် အလွှာမဟုတ်။ ပါတီသည် ကိုယ့်သားသမီးများအပေါ် အာဏာမလွှမ်းမိုး။ အကယ်၍သာ စွမ်းအား ကောင်းသောလူများကို ထိပ်ဆုံးတွင် ထိန်းထားနိုင်သောနည်းလမ်းကုန် ပြီဆိုပါက ပစ္စည်းမဲ့များ၏မျိုးဆက်တစ်ခုလုံးကို

တပ်သားသစ်ပြန်ဖွဲ့စည်းမည့် ဟန်ရှိသည်။ ပါတီသည် သွေးသားတော်စပ်ခြင်းဖြင့် ဖွဲ့စည်းထားခြင်းမဟုတ်။ အတိမ်းအစောင်းမခံသော နှစ်ကာလများက ဤအဖြစ်မှန်သည်သာ အတိုက် အခံများကို ကြေပျက်စေခဲ့ခြင်း ဖြစ်သည်။

"အခွင့်ထူးခံလူတန်းစား"ကို တိုက်ဖို့ လေ့ကျင့် သင်ကြားပေးထားသော ဆိုရှယ်လစ် တစ်မျိုး ရှိသေးသည်။ မျိုးရိုးဆက်ခံခြင်းမဟုတ်လျှင် နေရာမမြဲဟု ထိုဆိုရှယ်လစ်က ယူဆထားသည်။ မျိုးရိုးဆက်ခံသော အုပ်ချုပ်သူ အဖွဲ့ အစည်း သက်တမ်းတိုသည်ကို ထိုဆိုရှယ်လစ်ကမမြင်။ ကက်သလစ်ဘုရား ကျောင်းကဲ့သို့သော မွေးစားအဖွဲ့အစည်းများက နှစ်ပေါင်းရာထောင်ချီ သေးသည်။ လူနည်းစုအစိုးရစည်းမျဉ်း၏ အနှစ်သာရမှာ အဖေ့ထံမှသားက အမွေ ဆက်ခံခြင်းမဟုတ်။ နေသူကိုသေသူက ပြဋ္ဌာန်းထားသော ကမ္ဘာ့အမြင်နှင့် ဘဝနေထိုင်မှုပုံစံဖြစ်၏။ အရိုက်အရာဆက်ခံသူကို သတ်မှတ်ထားနိုင် သရွေ့ အစိုးရသည် အစိုးရဖြစ်နေသည်။ ပါတီသည် သွေးကိုရာသက်ပန်ဖြစ် အောင် မလုပ်ဘဲ ပါတီကိုသာရာ သက်ပန်ဖြစ်အောင်လုပ်သည်။ အာဏာကို ဘယ်သူ ဆုပ်ကိုင်သလဲဆိုသည်က အရေးမကြီး။

ပါတီ၏ တန်ခိုးစွမ်းပကား တည်မြဲဖို့အတွက် အလုံးစုံသော ယုံကြည်မှု၊ အကျင့်၊ အကြိုက်၊ စိတ်ခံစားချက်၊ စိတ်လှုပ်ရှားမှုတို့ကို အံကိုက် အောင် ပုံစံချထားသည်။ ကနေ့ခေတ် လူ့အဖွဲ့အစည်း၏သဘာဝမှန်များကို သတိမမူမိအောင်လည်း ကာကွယ်ထားသည်။ ပုန်ကန်ခြင်း သို့မဟုတ် ပုန်ကန်ခြင်းဆီရွေ့လျားလာမည့် ကနဦးလှုပ်ရှားမှုများသည် ယနေ့ခေတ်တွင် မဖြစ်နိုင်တော့ချေ။ ပစ္စည်းမဲ့များကို ဘာမှ ကြောက်စရာမရှိ။ မျိုးဆက် တစ်ဆက်ပြီး တစ်ဆက်၊ ရာစုတစ်ခုပြီးတစ်ခု၊ သူတို့တတွေ အလုပ်လုပ်မည်၊ ကလေးမွေး မည်၊ သေမည်၊ ပုန်ကန်ဖို့ အသိလေးဝင်ဖို့နေနေသာသာ ကမ္ဘာကြီးသည် တစ်မျိုးတစ်ဖုံဖြစ်၍ ရသည်ဟူသော အသိကို ဖမ်းဆုပ်နိုင်စွမ်းပင် မရှိကြ။

စက်မှုနည်းပညာတိုးတက်လာခြင်းဖြင့် ပစ္စည်းမဲ့များကို ပညာရေး မြှင့်တင်ဖို့လိုအပ်လာပြီဆိုမှ သူတို့တတွေသည် အန္တရာယ်ရှိလာနိုင်သည်။ သို့သော်လည်း စစ်ရေးနှင့် ကုန်သွယ်ရေးသည် ဘာမှအရေးမကြီးတော့သဖြင့် ခေတ်ပေါ်ပညာရေးအဆင့်သည် ကျဆင်းလျက်ရှိသည်။ ပစ္စည်းမဲ့များ ကိုင်ဆောင်ထားသော သဘောထား၊ မကိုင်ဆောင်ထားသော သဘောထား၊ အားလုံးသည် ထူးမခြားနားသာဖြစ်၏။ သူတို့တွင် ဉာဏ်စွမ်းမရှိသောကြောင့် ဉာဏ်ပညာလွတ်လပ်မှုကို တရားဝင်ခွင့်ပြုထားသည်။ အခြားတစ်ဖက်တွင်မူ ပါတီဝင်တစ်ယောက်၏ ဘာမှအရေးမကြီးသော အကြောင်းကိစ္စလေးအတွက် အသေးမွှားဆုံးသွေဖည်မှုလေးကိုပင် သည်းမခံနိုင်ကြချေ။

ပါတီဝင်တစ်ယောက်သည် ပုခက်တွင်းမှသည် သင်္ချိုင်းဂူတွင်းထိ အတွေးပုလိပ်၏ စောင့်ကြည့်မှုအောက်တွင် နေထိုင်ရသည်။ တစ်ကိုယ်တည်းရှိနေလျှင်ပင် တစ်ကိုယ်တည်းဟုတ်မဟုတ် ကိုယ့်ကိုယ်ကိုယ်မသေချာ။ အိပ်ပျော်နေသည်ဖြစ်စေ၊ နိုးနေသည်ဖြစ်စေ၊ အလုပ်လုပ်နေစဉ်၊ နားနေစဉ်၊ ရေပဲချိုးချိုး၊ အိပ်ရာပဲဝင်ဝင်၊ အမြဲတမ်းစောင့်ကြည့်ခံရသည်။ သူ၏ မိတ်ဆွေ များ၊ နားနေမှု၊ ဇနီးနှင့်သားသမီးများအပေါ် ပြုမူပုံ၊ တစ်ကိုယ်တည်းရှိစဉ် မျက်နှာပေါ်မှအမူအရာ၊ အိပ်ပျော်ရင်းယောင်၍ ရွတ်သောစကား၊ ခန္ဓာကိုယ် လှုပ်ရှားမှု - အားလုံးကို မလိုတမာပိုက်စိပ်တိုက် ကြည့်ရှုခြင်းခံနေရသည်။

ဘာကိုပဲဖြစ်ဖြစ် သူ့တွင်လွတ်လပ်စွာရွေးချယ်ခွင့် မရှိချေ။ တစ်ဖက်တွင် သူ့ လုပ်ရပ်ကို ဥပဒေစည်းမျဉ်းဖြင့် ပြဋ္ဌာန်းထားခြင်းမဟုတ်။ အိုရှင်းနီးယား နိုင်ငံတွင် ဥပဒေမရှိ။ သန့်စင်ပွဲများ၊ ထောင်သွင်းအကျဉ်းချခြင်းများ၊ ညှဉ်းပန်းခြင်း၊ အငွေ့ပြန်စေခြင်းတို့သည် ကေန်ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် အပြစ်ပေးခြင်းမဟုတ်။ တစ်နေ့နေ့တွင် ရာဇဝတ်မှုကျူးလွန်လာမည့်လူကို ရှင်းလင်းထားခြင်းဖြစ်သည်။ ပါတီဝင်တစ်ယောက်သည် သဘောထားမှန်ဖို့ လိုအပ်ရုံတင်မက အတွင်းစိတ်စေ့ဆော်မှုမှန် ဖို့ပါလိုအပ်သည်။ ပါတီဝင်ထံမှ တောင်းဆိုထားသော “မှန်ကန်သော ယုံကြည်ချက်နှင့် လိုလားအပ်သောစိတ်ခံစားချက်” ကိုမူ ဘယ်တုန်းကမှ ရှင်းလင်းစွာဖော်ပြမထား။

အကယ်၍သာ ပါတီဝင်သည် သဘာဝအတိုင်း အယူမှန်သူ ဖြစ်ပါက (ခေတ်သစ်ဘာသာစကားတွင် အတွေးကောင်းတွေးသူ) သူသည် မည်သည့်အခြေအနေမျိုး၌မဆို ‘မှန်ကန်သောယုံကြည်ချက်နှင့် လိုလားအပ် သောစိတ်ခံစားချက်' ကို ဘာမှတွေးစရာမလိုဘဲနှင့် သိနေလိမ့်မည်။

ကိုယ်ရေးကိုယ်တာခံစားချက်မရှိဖို့ကို ပါတီဝင်ထံမှ မျှော်လင့်ထား ကြသည်။ ပြည်ပရန်စွယ်နှင့် အတွင်းသစ္စာဖောက်များကို အရှူးအမူး မုန်းတီးခြင်း၊ တိုက်ပွဲနိုင်ပွဲများအပေါ် ဝင့်ကြွားခြင်း၊ ပါတီ၏စွမ်းပကားနှင့် ဉာဏ်အမြော် အမြင်၏ရှေ့မှောက်တွင် မိမိဘာသာ သေဝပ်ကျိုးနွံခြင်းစသည်တို့ကို ပါတီ ဝင်ထံမှမျှော်လင့်ထားသည်။ သူ၏ဗလာထီးတည်းနိုင်သောဘဝ၊ ကျေနပ်စရာမကောင်းသောဘဝကြောင့် အလိုမကျဖြစ်လာရမှုများကို နှစ်မိနစ်အမုန်း ကဲ့သို့သောအကြံအဖန်ထဲတွင် ယိုစိမ့်သွားအောင် လွှတ်ချလိုက်ဖို့လိုသည်။ ငယ်စဉ်ကလေးဘဝကတည်းက အတွင်းသန္ဓေစည်းကမ်းနှင့် ထိတွေ့ပေးခြင်း အားဖြင့် ပုန်ကန်လိုသော အပြုအမူကို သတ်ပေးထားသည်။

ပထမဆုံးနှင့် အရိုးရှင်းဆုံးအဆင့်သည် စည်းကမ်းဖြစ်၏။ ခေတ်သစ်ဘာသာစကားတွင် ရာဇဝတ်ရပ်ခြင်းဟူသော စည်းကမ်းကို လူမမည် အရွယ်ကတည်းက သင်ကြားပေးထားသည်။ အန္တရာယ်ရှိသော အတွေးဝင်မလာအောင် ပင်ကိုသိစိတ်ဖြင့် ရပ်တန့်ပစ်လိုက်သောစွမ်းရည်ကိုဆိုလိုသည်။ ထိုစွမ်းရည်ထဲတွင် နှိုင်းယှဉ်မှုကိုမဖမ်းဆုပ်နိုင်ခြင်း၊ ကျိုးကြောင်း ဆီလျော်သော အမှားများကိုမမြင်ခြင်း၊ အင်ဆော့ကို စောဒကတက်လာသော အရိုးရှင်းဆုံးမေးခွန်းများကို နားလည်မှုလွဲခြင်း၊ အယူမှားခြင်းကို ဦးတည်သွား နိုင်သော မည်သည့်အတွေးစဉ်မျိုးကိုမဆို ပျင်းရိကာ ခွာထွက်ခြင်းတို့ပါဝင်သည်။

‘ရာဇဝတ်ရပ်ခြင်း” ဟူသည် မိုက်မဲမှုကာကွယ်ခြင်းဟု ဆိုလိုသည်။ သို့သော် မိုက်မဲမှုဟုဆိုရုံနှင့် မလုံလောက်သေး။ အိုရှင်းနီးယားနိုင်ငံ လူ့အဖွဲ့ အစည်း၏ တစ်ဖက်စွန်းရောက်သော ယုံကြည်ချက်မှာ အစ်ကိုကြီးသည် ရေမြွေသခင်။ ပါတီသည် ဘယ်တော့မှ မပြိုလဲ။ သို့ရာတွင် တကယ့်အရှိတရားမှာ အစ်ကိုကြီးသည် ရေမြွေသခင်မဟုတ်။ ပါတီမပြိုလဲဆိုသည်မှာ လည်း မဟုတ်။ ထိုအမှန်တရားများကို ထိတွေ့စေဖို့ဆိုသည်မှာ မငြိမ်းငွေ့ရန်လိုသည်။ ထို့ပိုင်းထို့ပိုင်းပြောင်းလွယ်ပြင်လွယ် ဖြစ်ဖို့လိုသည်။ ထိုကိစ္စအတွက် သော့ချက်စကားလုံးမှာ “မည်းဖြူ”။ အခြားခေတ်သစ်စကားလုံးများကဲ့သို့ပင် ဤမည်းဖြူ”

သည်လည်း ဆန့်ကျင်ဘက်အဓိပ္ပါယ်နှစ်မျိုးထွက်သည်။ ရန်သူအတွက်ဆိုလျှင် ထိုစကားလုံးသည် "အမည်းဟာအဖြူဖြစ်တယ်" ဟု ခပ်ရင့်ရင့် ပြောခြင်းဖြစ်သည်။ အမှန်တရားအစင်းသားကြီးကို အတိုက်အခံပြောခြင်း ဖြစ်၏။ ပါတီဝင် အတွက်ဆိုလျှင် ပါတီစည်းကမ်းများကတောင်းဆိုသည့်အပေါ် သစ္စာရှိစွာ လိုက်လျောသည့် အပြောဖြစ်နေသည်။ အမည်းသည် အဖြူဖြစ်သည်ဟု ယုံကြည်နိုင်စွမ်း၊ အမည်းသည်အဖြူဖြစ်သည်ဟု သိနေနိုင်စွမ်း၊ ဆန့်ကျင်ဘက်ကိုမေ့ပစ်လိုက်နိုင်စွမ်း၊ စသည်တို့ကိုဆိုလိုသည်။ ထိုကိစ္စကတောင်းဆိုသောအရာမှာ အတိတ်ကို စဉ်ဆက်မပြတ် ပြောင်းလဲပေးခြင်းဖြစ်သည်။ အားလုံး အကျုံးဝင်သော တွေးခေါ်မှုစနစ်ကြောင့် အတိတ်ပြောင်းခြင်းသည် ဖြစ်နိုင်သည်။ အတိတ်ပြောင်းခြင်းကို ပံ့ပိုးပေးသော ထိုတွေးခေါ်မှုစနစ်ကို ခေတ်သစ်ဘာသာစကားတွင် "နှစ်ထပ်ကွမ်းအတွေး" ဟု ခေါ်သည်။

အကြောင်းနှစ်ချက်ကြောင့် အတိတ်ပြောင်းဖို့လိုအပ်သည်။ အဓိက မကျသောအကြောင်းတစ်ချက်မှာ သာမန်ပါတီဝင်တစ်ယောက်သည် ပစ္စည်းမဲ့များလိုပင် ယနေ့ခေတ်၏ အခြေအနေများကိုသည်းခံရသည်။ သူ့တွင် နှိုင်းယှဉ်ကြည့်စရာလည်း မရှိချေ။ အတိတ်နှင့်အဆက်အသွယ် ပြတ်နေသည်။ ပြည်ပနိုင်ငံများနှင့် အဆက်အသွယ်ပြတ်နေသည်။ သူသည် ဘိုးဘေး ခေတ်ကထက် ပိုဟန်ကျနေသည်ဟု ထိုပါတီဝင်ကို အယုံသွင်းထားဖို့လိုသည်။ ထို့ကြောင့်အားလုံးနှင့် အဆက်ဖြတ်ထားခြင်း ဖြစ်၏။

ထိုကိစ္စထက်အပုံကြီး ပိုအဓိကကျသောအကြောင်းမှာ ပါတီ ထာဝရ အစွန့်ရှည်ခြင်းအတွက်ဖြစ်သည်။ မိန့်ခွန်း၊ စာရင်းဇယားကိန်းဂဏန်းနှင့် မှတ်တမ်းမှတ်ရာအလုံးစုံကို ပစ္စုပ္ပန်နှင့်တစ်ထပ်တည်းဖြစ်အောင် ဆွဲဆွဲတင် ပေးနေခြင်းသည် ပါတီ၏ကြိုတင်ဟောကိန်းမှန်ကြောင်း ပြသနေရုံတင်မက၊ ပါတီ၏အယူဝါဒ သို့မဟုတ် နိုင်ငံရေးပေါင်းစည်းမှု ဘယ်တုန်းကမှ မပြောင်းလဲခဲ့ဟု ပြောဆိုရာကျနေသည်။ အကြောင်းမှာ လူတစ်ယောက် စိတ်ပြောင်းခြင်း၊ သို့မဟုတ် ပေါ်လစီပြောင်းခြင်းသည် မိမိကိုယ်ကိုအားနည်းကြောင်း ဝန်ခံခြင်းပင်ဖြစ်၏။ ဥပမာ ယူရေးရှားနိုင်ငံပဲဖြစ်ဖြစ်၊ အီစတာရှားနိုင်ငံပဲ ဖြစ်ဖြစ်၊ ထိုနိုင်ငံသည် ယနေ့တွင်ရန်သူနိုင်ငံဖြစ်လျှင် ဟိုယခင်ကလည်း ရန်သူနိုင်ငံသာဖြစ်၏။ အကယ်၍အခြား ဖြစ်ရပ်မှန်များရှိနေသေးလျှင် ပြောင်းလဲပေးရုံသာဖြစ်သည်။ ဤသို့ဖြင့် သမိုင်းကိုစဉ်ဆက်မပြတ် ပြုပြင် ရေးသားကြသည်။ အမှန်တရားဝန်ကြီးဌာန၏ နေ့စဉ်နေ့တိုင်း အတိတ်ကို အတုပြုလုပ်ခြင်းသည် မေတ္တာဝန်ကြီးဌာန၏ ထောက်လှမ်းရေးနှင့် ဖိနှိပ်မှုကဲ့သို့ ပင် အစိုးရစနစ်တည်မြဲရေးအတွက် လိုအပ်သည်။

အတိတ်ပြောင်းလဲနိုင်စွမ်းသည် အင်ဆော့၏ဝါဒရေးရာ ရေသောက် မြစ်ပင်တည်း။ အတိတ်အဖြစ်အပျက်များသည် ကေန်ကေရှိမနေ။ ရေးသွင်းထားသောမှတ်တမ်းမှတ်ရာများနှင့် လူ့မှတ်ဉာဏ်ထဲတွင်သာ ရှင်သန်ကျန်ခဲ့သည်။ အတိတ်ဆိုသည်မှာ မှတ်တမ်းနှင့်မှတ်ဉာဏ် သဘောတူလျှင် ပြီး၏။ မှတ်တမ်းမှတ်ရာအားလုံးနှင့် ပါတီဝင်များ၏စိတ်ကို ပါတီက ထိန်းချုပ်နိုင်ပြီဖြစ် ရာ အတိတ်သည် ပါတီရွေးချယ်သည့်အတိုင်း ဖြစ်လာရတော့သည်။

လုံးဝဥဿုံအမှန်တရားကို ပါတီကအချိန်ပြည့်ပိုင်ဆိုင်နေခဲ့သည်။

အတိတ်ထိန်းချုပ်ခြင်းသည် မှတ်ဉာဏ်လေ့ကျင့်ပေးခြင်းအပေါ်တွင် တည်မှီနေသည်။ မှတ်တမ်းမှတ်ရာအလုံးစုံနှင့် လက်ရှိအယူမှန်ခြင်း အသေအချာ ကိုက်ညီနေခြင်းသည် စက်ပိုင်းဆိုင်ရာလုပ်ဆောင်ချက်ဖြစ်၏။ သို့ရာတွင် အဖြစ်အပျက်များသည် စိတ်တိုင်းကျပုံစံမျိုး ဖြစ်ပျက်ခဲ့သည်ဟု မှတ်မိနေဖို့ လည်းလိုအပ်သည်။ မှတ်ဉာဏ်ကိုပြန်လည်ပြင်ဆင်ဖို့၊ မှတ်တမ်းမှတ်ရာများကို ကလိကမာလုပ်ဖို့လိုအပ်လာပါက လုပ်ခဲ့သည်ကို မေ့ပစ်ဖို့လည်းလိုအပ်သည်။

အခြားသောစိတ်ပိုင်းဆိုင်ရာနည်းပညာများကဲ့သို့ ထိုလှည့်ကွက်ကို သင်ကြား၍ရသည်။ ထိုလှည့်ကွက်ကို ပါတီဝင်အများစု သင်ကြားထားကြသည်။ ရှေးခေတ်ဘာသာစကားတွင် “အရှိတရားထိန်းချုပ်ခြင်း” ဟု ပွင့်လင်းစွာ သုံးနှုန်းသော်လည်း ခေတ်သစ်ဘာသာစကားတွင် ‘နှစ်ထပ်ကွမ်းအတွေး’ ဟုခေါ်သည်။

'နှစ်ထပ်ကွမ်းအတွေး' ဟူသည် ဆန့်ကျင်ဘက်ယုံကြည်ချက်နှစ်ခုကို လူတစ်ယောက်စိတ်ထဲ၌ တစ်ပြိုင်တည်းလက်ခံထားခြင်းဖြစ်သည်။ မိမိမှတ်ဉာဏ်ကို ဘယ်ဘက်လှည့်ပေးလိုက်ရမလဲ၊ ပါတီဝင်ပညာတတ်တိုင်း သိသည်။ ဤနည်းဖြင့်သူသည် အရှိတရားနှင့်ဆော့ကစားနေခြင်း ဖြစ်ကြောင်း သိနေသည်။ သို့သော် နှစ်ထပ်ကွမ်းအတွေးကို လေ့ကျင့်နေခြင်းဖြင့် အရှိတရားကိုချိုးဖောက်၍မရဟု သူ့ဖာသာကျေနပ်နေမည်။

နှစ်ထပ်ကွမ်းအတွေးသည် အင်ဆော့၏ဗဟိုချက်အသည်းနှလုံး ဖြစ်သည်။ ပါတီ၏မလုပ်မဖြစ်လုပ်ဆောင်ချက်မှာ အဖြူသက်သက်ရိုးသားမှု နှင့်အတူတွဲထွက်လာသော ရည်ရွယ်ချက်ခိုင်မာမှုကို စွဲကိုင်ထားရင်းက လိမ်ဆင်ကိုအသုံးချသွားရန်ဖြစ်သည်။ မုသားကိုပြောနေရင်းမှာပင် ထိုမုသား ကို ရိုးသားစွာယုံကြည်နေဖို့ဖြစ်သည်။ မဆီလျော်တော့သော အချက်အလက်များကို မေ့ပစ်လိုက်ဖို့နှင့် လိုအပ်လာမှ မှတ်ဉာဏ်ထဲ ပြန်ဆွဲသွင်းဖို့လိုအပ်သည်။ နှစ်ထပ်ကွမ်းအတွေးဟူသော စကားလုံးကို သုံးဖို့ နှစ်ထပ်ကွမ်းအတွေး ကို လေ့ကျင့်ရဦးမည်။ အကြောင်းမှာ ထိုစကားလုံးကို သုံးခြင်းဖြင့် ထိုလူသည် အရှိတရားကိုကလိကမာလုပ်သည်ဟု ဝန်ခံရာကျနေသည်။ မုသားသည် အမှန်ထက်ရှေ့တစ်လှမ်းပိုရောက်နေသည်။ ကျွန်ုပ်တို့သိထားသည့်အတိုင်း သမိုင်းကြောင်းကိုအကျဉ်းချုပ်လိုက်ဖို့ ပါတီသည် “နှစ်ထပ်ကွမ်းအတွေး” အားကိုး ဖြင့် နောင်နှစ်ပေါင်းထောင်ချီပြီး ခရီးဆက်နိုင်ဦးမည်။

နှစ်ထပ်ကွမ်းအတွေးကို အသိမ်မွေ့ဆုံးကျင့်သုံးသူသည် နှစ်ထပ်ကွမ်းအတွေးကို တီထွင်ခဲ့သူများဖြစ်ကြောင်း၊ နှစ်ထပ်ကွမ်းအတွေးသည် ရောမစိတ်လှည့်စားခြင်းစနစ်တစ်ခုဖြစ်ကြောင်း ပြောစရာပင်မလိုအပ်တော့။ ကျွန်ုပ်တို့လူ့အဖွဲ့အစည်းတွင် လက်ငင်းအခြေအနေကို အကောင်းဆုံးသိသူ သည် ကမ္ဘာကြီးကို အဝေးဆုံးနေရာမှလှမ်းမြင်သူလည်း ဖြစ်နေသည်။ ယေဘုယျအားဖြင့် သဘောပေါက်ခြင်းများလေ၊ လှည့်ဖျားမှုများလေ။ ဉာဏ်ပိုကောင်းလေ၊ ပိုရူးလေ။

ကျွန်ုပ်တို့ကိုအုပ်ချုပ်ထားသော ဌာနကြီးလေးခု၏အမည်သည်ပင် ထိုသဘောတရားကို သယ်ဆောင်ထားသည်။ ငြိမ်းချမ်းရေးဝန်ကြီးဌာနသည် စစ်ကိုကိုင်တွယ်ရသည်။ အမှန်တရားဝန်ကြီးဌာနသည် မုသားနှင့်ပတ်သက်သည်။

မေတ္တာဝန်ကြီးဌာနသည် မေတ္တာရိနိုပ်စက်ဖို့ ဖြစ်၏။ အလျှံပယ်ဝန်ကြီး ဌာနကား ငတ်ပြတ်ရေးအတွက်ဖြစ်သည်။ ထိုဆန့်ကျင်ဘက်များသည် တိုက်ဆိုင်မှုသက်သက်မဟုတ်။ ၎င်းတို့သည် နှစ်ထပ်ကွမ်းအတွေး၏ လေ့ကျင့်ခန်းများပင်တည်း။

ဤနေရာအထိလျစ်လျူရှုထားသော မေးခွန်းတစ်ခုကျန်သေးသည်။ လူသားချင်းတန်းတူညီမျှဖြစ်ရေးကို အဘယ်ကြောင့်မျက်နှာလွှဲ ခဲပစ် လုပ်ထားလိုအပ်သနည်း။ ဖြစ်စဉ်ကြီးတစ်ခုလုံးကို မှန်ကန်စွာ ဖော်ပြခဲ့ပြီးပြီဆိုပါစို့၊ ဤရောမကိစ္စကြီးဖြစ်သော သမိုင်းကိုအချိန်အတိအကျနေရာတွင် ရပ်ပစ်လိုက်ခြင်း၏ရည်ရွယ်ချက်ကား အဘယ်နည်း။

ဗဟိုချက်ကျသောလျှို့ဝှက်ချက်ကို ရောက်လာခဲ့ပြီ။ ကျွန်ုပ်တို့ သိထားသည့်အတိုင်း ပါတီ၏တန်ခိုးစွမ်းပကား၊ အထူးသဖြင့် ဗဟိုပါတီ သည် နှစ်ထပ်ကွမ်းအတွေးပေါ် မှီခိုနေရသည်။ သို့သော်သည့်ထက် နက်ရှိုင်းသည့် မူရင်းရည်ရွယ်ချက်ရှိသေးသည်။-”

တိတ်ဆိတ်နေသည်ကို ဝင်စတန် ယခုမှသတိထားမိသည်။ ဂျူလီယာ ငြိမ်ချက်သားကောင်းနေပုံရသည်။ တစောင်းလှဲနေသော ဂျူလီယာ သည် ခါးအထက်ပိုင်းတွင် အဝတ်မပါ။ ရင်အုံသည် နိမ့်ချည်မြင့်ချည် မှန်မှန် ကလေးလှုပ်ရှားနေသည်။

“ဂျူလီယာ”

အဖြေမရ။

“ဂျူလီယာ၊ နိုးနေလား”

အဖြေမရ၊ ဂျူလီယာ အိပ်ပျော်နေပြီ။ ဝင်စတန်သည် စာအုပ် ပိတ်ပြီး ကြမ်းပေါ် ဖြည်းဖြည်းချသည်။ အိပ်ရာပေါ်လှဲချပြီး နှစ်ဦးလုံးပေါ် စောင်ဆွဲခြုံသည်။

'ဘယ်လို' ဆိုသည်ကို သူနားလည်သည်။ “ဘာကြောင့်” ဆိုသည်ကိုသာ သူ အဆုံးစွန်လျှို့ဝှက်ချက်ကို သူမဖတ်ရသေးမှန်းသတိရသည်။ သဘောမပေါက်။ အခန်း(၁)သည် အခန်း(၃)နည်းတူ သူမသိသောအချက်များကို ပြောပြခြင်းမဟုတ်။ သူသိပြီးသား သူပိုင်ဆိုင်ထားပြီးသား အသိဉာဏ်ကို စံနစ်တကျလုပ်ပေးလိုက်ခြင်းသာဖြစ်သည်။ သို့သော် ဖတ်ပြီးမှ သူသိလာရသည်မှာ သူမရူးကြောင်းကိုပင်။ လူနည်းစုဖြစ်ရုံမက၊ တစ်ဦးတည်း ရှိသော လူနည်းစုဖြစ်ပစေဦး၊ ထိုအဖြစ်ကြောင့် သင်သည်မရူး။ အမှန်တရား လည်းရှိသည်။ မမှန်တရားလည်းရှိသည်။ သင်သည် အမှန်တရားကို ဖက်တွယ်ထားလျှင် တစ်ကမ္ဘာလုံးနှင့် တစ်ယောက်ဖြစ်ပစေဦး၊ သင် အရူး မဟုတ်။

ဝင်လုဆဲနေလုံးမှ ဝါကြန့်ကြန့်အလင်းတန်းများ ပြတင်းမှ အစွေလိုက်ဖြာကျနေသည်။ ခေါင်းအုံးပေါ်ထိ ဖြတ်ကျလာသော နေရောင်တန်းများ။ သူမျက်လုံးမှိတ်ထားသည်။ မျက်နှာပေါ်မှနေခြည်၊ သူ့အသားနှင့်ထိစပ်နေသော မိန်းကလေး၏ချောမွတ်သော ခန္ဓာကိုယ်- သူဘေးကင်းနေသည်။ အရာ အားလုံး မှန်ကန်နေသည်။ “စိတ်မှန်တယ်ဆိုတာ စာရင်းဇယားနဲ့မဆိုင်ဘူး” ဟု

သူ့ရေရွတ်ရင်း အိပ်ပျော်သွားသည်။ သူ့စကား ပညာဉာဏ်ပါသည်ဟုပင် သူခံစားမိလိုက်သေးသည်။

အိပ်ရာမှနိုးလာသော် ကြာမြင့်စွာအိပ်ခဲ့ရသလို စိတ်ထဲ ထင်မိသည်။ နာရီအိုကြီးကိုလှမ်းကြည့်လိုက်မှ ၂၀း၃၀ ရှိမှန်းသိသည်။ အိပ်ရာထဲသူဇိမ်ယူ နေစဉ် ကြားနေကျသီချင်းသံ လွင့်တက်လာသည်။

မျှော်လင့်ချက်မရှိတဲ့xxxစိတ်ကူးလေးရယ်xxx

ဧပြီအရှုးရဲ့××စွဲလမ်းမှုပေါ့ကွယ်××အကြည့်လေးတစ်ချက်

စကားလေးတစ်ခွန်း××အိပ်မက်များ××အားလုံးရောမွှေ

ဒီလိုနဲ့xxxငါ့ရဲ့နှလုံးသားလေးxxxကြွေxxx

ပေါက်ပန်းဈေးသီချင်းသည် ယခုထိ ရေပန်းစားနေပုံရသည်။ မကြားချင်မှအဆုံး။ အမုန်းသီချင်းထက်ပင် သူက သက်တမ်း ပိုရှည်နေသည်။ သီချင်းသံကြောင့် ဂျူလီယာ နိုးလာပြီး အပျင်းကြောဆန့်ကာ အိပ်ရာထဲမှ ထွက်သည်။

“ဆာလိုက်တာ၊ ကော်ဖီဖျော်ဦးမှ။ ဟောတော့၊ မီးမှမရှိတာ။ ရေတွေ အေးနေပြီ” ဟုဆိုကာ ဂျူလီယာသည် ရေနံဆီမီးဖိုကို မပြီး လှုပ်ကြည့်သည်။

“ရေနံဆီမရှိတော့ဘူး”

“အဘိုးကြီးရှာရင်တန်ဆီက နည်းနည်းရနိုင်မယ်ထင်တယ်'' “ရေနံဆီကို ကျွန်မ သေသေချာချာ ဖြည့်ထားတာ။ အေးလာသလိုပဲနော်။အင်္ကျီဝတ်ဦးမှ''

ဝင်စတန်ပါ အိပ်ရာမှထပြီး အဝတ်အစားဝတ်သည်။ မမောနိုင်သေးသောသီချင်းသံ လွင့်လာပြန်သည်။

အချိန်ဟာxxxအရာရာကိုကုစားသတဲ့xxx

သို့သော်လည်းလေ×××အပြုံးတွေxxxကျမျက်ရည်တွေ

နှစ်ရှည်လများစွာxxxရစ်ငြိနှောင်တဲနေဆဲxxxဒီရင်မှာ

အင်္ကျီခါးစည်းကြိုးကိုစည်းရင်း ပြတင်းဆီ ဝင်စတန်ရွှေ့သည်။ အိမ်တွေနောက်ဘက်သို့ နေလုံးကြီးဝင်သွားပြီထင်သည်။ ခြံဝင်းထဲတွင် နေရောင်မရှိတော့။ လမ်းခင်းကျောက်တုံးများ ရေဆေးချထားသလို စိုစွတ်နေသည်။ ကောင်းကင်ကြီးလည်း အတူတူပါပဲဟု သူထင်သည်။ ခေါင်းတိုင်အိုးများကြားမှ ကောင်းကင်သည် ရေဆေးချထားသလို ဖြူရော်လတ်ဆတ်နေသည်။ အောက်ဘက် ဝင်းထဲမှ မိန်းမကြီးကား ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက် ကောင်းဆဲ။ သီချင်းဆိုလိုက်ရပ်လိုက်နှင့် ကလေးအနှီးများလှန်းပြီးရင်းလှန်းနေသည်။ အဝတ်လျှော်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလေသလား၊ သို့မဟုတ် မြေးအယောက်နှစ်ဆယ်သုံးဆယ်တို့၏ ဒိုင်ခံအမယ်ကြီးဖြစ်နေသလား။

သူ့ဘေးနား ဂျူလီယာရောက်လာသည်။ အောက်ဘက်ဝင်းထဲ၊ ဝဝတုတ်တုတ်သဏ္ဍာန်ကို နှစ်ယောက်အတူငေးသည်။ ကြိုးတန်းဆီလက်လှမ်း နေသော မိန်းမကြီး၏တုတ်ခိုင်သော လက်မောင်းအိုးများ၊ မြင်းတစ်ကောင်လို

တောင့်တင်းလှသော တင်သားမို့မို့ကြီးများ၊ သိပ်လှပါကလားဟု ပထမဆုံး အကြိမ်အဖြစ် ဝင်စတန် အလှကိုမြင်သည်။ တစ်သားပြီးတစ်သားမွေးရင်း အလုပ်ဒဏ်ကြောင့် ထုသားပေသားရနေသော အသက်ငါးဆယ်ရွယ် မိန်းမ တစ်ယောက်သည် အမှည့်လွန်မုန်လာဥနီလို ကြမ်းရင့်နေသည့်တိုင် လှနိုင်သေးသည်။ ဘာကြောင့်မလှနိုင်ရမည်နည်း။ အသီးက ဘာကြောင့် ပန်းလောက်မလှရမည်နည်း။

“လှတယ်နော်” ဟု ဝင်စတန်တိုးတိုးပြောသည်။

“တင်ပါး ဟိုဘက်ဒီဘက်ကို တစ်မီတာအသာလေးပဲ”

“ဒါ သူ့ရဲ့လှပုံလှနည်းဗျ”

ဂျူလီယာ၏ခါးကျင်ကျင်လေးကို သူသိုင်းဖက်ထားသည်။ သူတို့ နှစ်ဦး၏ ခန္ဓာကိုယ်များမှနေ၍ ဘယ်တော့မှကလေးတစ်ဦး ဖြစ်ထွန်းမလာ။ အောက်ဘက်မှမိန်းမကြီးကမူ အားကောင်းမောင်းသန် လက်မောင်းကြီးများရှိသည်။ နွေးထွေးသောနှလုံးသားရှိသည်။ မျိုးပေါက်ပွားနိုင်သော ဝမ်းပြင်ရှိသည်။ ကလေးတွေဘယ်လောက်များ မွေးခဲ့ပြီးပါလိမ့်။ ဆယ့်ငါးယောက် လောက်တော့ အသာလေးရှိနိုင်သည်။ နှစ်ဆီရိုင်းပင်လို တစ်နှစ်ကိုတစ်ကြိမ် လောက် ပန်းပွင့်ပြီးသည်နှင့် အသီးဖြစ်ထွန်းကာ သူမ၏ဘဝသည် လျှော်ဖွပ်၊ ဖာထေး၊ ချက်ပြုတ်၊လှည်းကျင်း၊တိုက်ချွတ်နှင့် ပြီးရတော့သည်။ ပထမသား သမီးများအတွက်၊ ထို့နောက်မြေးများအတွက် နှစ်ပေါင်းသုံးဆယ်လောက်ကို နားကွက်မရှိဘဲ လုပ်သွားရသော်မှ အဆုံးတစ်နေ့တွင် သီချင်းဆိုမပျက်ဘဲရှိနေတော့မည်။

ခေါင်းတိုင်အိုးများ၏နောက်ဘက်မှ တိမ်ကင်းစင်သော ဖြူရော်ရော် ကောင်းကင်သည် ဆုံးစမရှိ ကျယ်လွင့်နိုင်လွန်းသည်။ ယူရေးရှားမှာပဲဖြစ်ဖြစ်၊ အီစတာရှားမှာပဲဖြစ်ဖြစ်၊ အိုရှင်းနီးယားနိုင်ငံမှာပဲဖြစ်ဖြစ် လူတိုင်းအတွက် ကောင်းကင် သည်တစ်မျိုးတည်းသာဖြစ်၏။ မိုးအောက်မြေပြင်မှ လူသားများ လည်း ဘာမှသိပ်မကွာ။ ကမ္ဘာ့နေရာအနှံ့အပြားမှ သန်းပေါင်းရာထောင်ချီနေသော လူသားများသည် အမုန်းတံတိုင်း၊ မုသားတံတိုင်းများဖြင့် ခြားထားပြီး တစ်ဦး၏တည်ရှိမှုကို တစ်ဦးကမသိဘဲရှိနေသည့်တိုင် အားလုံးနီးပါးသည် အတူတူသာတည်း။ စဉ်းစားတွေးတောဖို့ သင်ကြားမထား။ သို့သော် တစ်နေ့ နေ့တွင် ကမ္ဘာကြီးကိုလှန်ပစ်မည့် စွမ်းအားများကို ရင်ဘတ်ထဲ၊ ဝမ်းဗိုက်ထဲ၊ ကြွက်သားတွေထဲ သိုလှောင်ထားကြသည်။ မျှော်လင့်ချက်ဆိုတာသာရှိလျှင် ထိုမျှော်လင့်ချက်သည် ပစ္စည်းမဲ့များထံတွင်ရှိသည်။ စာအုပ်၏နိဂုံးကို သူမ ဖတ်ရသေးသော်လည်း ထိုစကားသည်
ဂိုးစတိန်း၏နောက်ဆုံးအမှာစကားပဲဖြစ်ရမည်။ အနာဂတ်သည် ပစ္စည်းမဲ့များနှင့်သက်ဆိုင်သည်။ သူတို့၏ အချိန်အခါကိုရောက်လာပါက သူတို့တည်ဆောက်သောကမ္ဘာကြီးသည် သူဆိုသော ဝင်စတန်စမစ်သ်နှင့် မစိမ်းတော့ဟု သူ သေချာနိုင်ပါ့မလား။ ယခုတော့

ပါတီကတည်ဆောက်သောကမ္ဘာသည် သူ့အတွက်တော့ သူစိမ်းပြင်ပြင်။ အနည်းဆုံးတော့ ပစ္စည်းမဲ့များ တည်ဆောက်သောကမ္ဘာသည် စိတ်မူမှန်ခြင်းကမ္ဘာဖြစ်နေလိမ့်မည်။ 'သာတူညီမျှ' ရှိမှ 'မူမှန်ခြင်း' ရှိမည်။ အနေးနှင့်အမြန်ဆိုသလို ထိုကိစ္စပေါ်ပေါက်တော့မည်။ အင်အားသည် အသိစိတ်အဖြစ်ပြောင်းလဲတော့မည်။

ပစ္စည်းမဲ့များကား ဘယ်တော့မှမသေဆုံးနိုင်။ ခြံဝင်းထဲ အဝတ်လှန်းနေသော သတ္တဝါကြီးကိုကြည့်လိုက်လျှင် ထိုအချက်ကို သင်ဒွိဟဖြစ်တော့မည် မဟုတ်ချေ။ နောက်ဆုံးတွင် သူတို့နိုးထလာ ကြတော့မည်။ သူတို့နိုးထဖို့ နှစ်ပေါင်းထောင်ချီစောင့်ရနိုင်သည့်တိုင် သူတို့တတွေသည် ငှက်တွေလို အခက်အခဲကြားမှ ရှင်သန်နေထိုင်သွားကြကာ ပါတီက မဝေမျှနိုင်သော အသက်ဓာတ်ကို လက်ဆင့်ကမ်းဝေမျှသွားနိုင်လိမ့်မည်။

"ဂျူလီယာ မှတ်မိသေးလား။ ကိုယ်တို့ပထမဆုံးတွေ့တဲ့ နေ့က သစ်တောအစပ်မှာလေ၊ မြေလူးငှက်ကလေး သီချင်းဆိုပြတယ်နော်"

"ကျွန်မတို့ကိုဆိုပြတာမဟုတ်ပါဘူး။ သူ့ဘာသာပျော်ချင်လို့ဆိုတာ။ အဲဒီလိုပြောရင်တောင် မဟုတ်သေးဘူး။ ငှက်တွေရဲ့ ဘာသာဘာဝအတိုင်း ဆိုကြတာပါ"

ငှက်များသီချင်းဆိုသည်။ ပစ္စည်းမဲ့များ သီချင်းဆိုသည်။ ပါတီကတော့ သီချင်းမဆို။ ကမ္ဘာ့နေရာအနှံ့အပြား လန်ဒန်မှသည် နယူးယော့ခ်၊ အာဖရိကနှင့် ဘရာဇီးလ်၊ နယ်စပ်အလွန်မှ တားမြစ်နယ်မြေများ၊ ပဲရစ်နှင့် ဘာလင်တို့၏လမ်းကြားတွေထဲ၊ ဆုံးစမထင်ကျယ်ပြန့်ပြောသော ရုရှား ကုန်းပြင်မြင့်ပေါ်မှ ကျေးရွာတွေထဲ၊ တရုတ်နှင့်ဂျပန်ဈေးတွေထဲ၊ နေရာတိုင်း တွင် ပစ္စည်းမဲ့သတ္တဝါတို့၏ပုံရိပ် မားမားမတ်မတ်ရပ်နေသည်။ တစ်သားပြီး တစ်သား မွေးရင်း၊ တစ်သက်လုံးအလုပ်ဒဏ်ပိနေသည့်တိုင် သူတို့တတွေ သီချင်းဆိုမပျက်ကြ။ ထိုအောက်ခြေလူတန်းစားမှနေပြီး အသိရှိသော လူသားမျိုးနွယ်တစ်စု တနေ့နေ့တွင် ဖြစ်ထွန်းလာလိမ့်မည်။ သင်ကသေလူ၊ သူတို့ကအနာဂတ်။ သို့သော် သင်ကသင့်စိတ်ကို ရှင်သန်အောင်မွေးထားကာ၊ သူတို့ကလည်းသူတို့ခန္ဓာကို ရှင်သန်အောင်မွေးမြူထား၍ နှစ်နှင့်နှစ်ပေါင်း-လေး ဟူသောအယူဝါဒကို လက်ဆင့်ကမ်းသွားခြင်းအားဖြင့် ထိုအနာဂတ်ထဲ သင်လည်းဝေမျှ ပါဝင်နိုင်လိမ့်မည်။

"ကိုယ်တို့က သေလူတွေ"

"ကျွန်မတို့က သေလူတွေ" ဟု ဂျူလီယာ ဝတ္တရားကျေစွာ စကားထောက်သည်။

"မင်းတို့က သေလူတွေ"

နောက်ကျောဘက်မှသတ္တုသံကြောင့် ဝင်စတန်နှင့်ဂျူလီယာ ဖြုန်းခနဲလူချင်းခွာမိလိုက်ကြသည်။ ဝင်စတန်၏အူတွင်း ကလီစာများ ရေခဲတုံး

ဖြစ်သွားချေပြီ။ ဂျူလီယာ့မျက်လုံးထဲမှ မျက်သားဖြူဖြူများ၊ မျက်နှာတစ်ပြင်လုံး နီ့ရည်လိုဝါရော်သွားသည်။ ပါးရိုးနှစ်ဖက်ပေါ်တင်နေဆဲဖြစ်သော ပါးနီများ အသားတခြား မိတ်ကပ်တခြား။

"မင်းတို့က သေလူတွေ"

သတ္တုသံထပ်မံပေါ်ထွက်လာခြင်း။

"ပုံနောက်ဘက်မှာ" ဟု ဂျူလီယာလေသံဖြင့်ပြောသည်။

"ပုံနောက်ဘက်မှာ" ဟု အသံကလိုက်ဆိုသည်။ "နေရာမှာ ဒီအတိုင်းနေ။ မလှုပ်နဲ့။ နောက်ထပ်အမိန့်မရမချင်း မလှုပ်နဲ့"

စပြီ။ နောက်ဆုံးတွင်စတင်ခဲ့ပြီ။ ဝင်စတန်တို့ တစ်ဦးမျက်လုံးထဲ တစ်ဦးရပ်ကြည့်နေရုံမှတစ်ပါး ဘာမှမလုပ်နိုင်ခဲ့။ အသက်လုပြေးဖို့၊ သိပ် နောက်မကျခင် အိမ်ထဲမှထွက်ပြေးဖို့-ဘာ အတွေးမှပေါ်မလာ။ နံရံထဲမှအမိန့် ကိုပုန်ကန်ဖို့ဆိုသည်မှာ မစဉ်းစားဝံ့စရာ။ ဆတ်ခနဲရိုက်လိုက်သော အသံနှင့် အတူ မှန်ကွဲသံ ထွက်လာသည်။ ကြမ်းပေါ်သို့ရုပ်ပုံကားချပ် ပြုတ်ကျလာပြီး နောက်ဘက်မှ တယ်လီစကင်ကို မြင်လိုက်ရတော့၏။

"ကျွန်မတို့ကို သူတို့မြင်နေပြီ" ဟု ဂျူလီယာဆိုသည်။

"မင်းတို့ကို ငါတို့ မြင်နေပြီ။ အခန်းအလယ်ကောင်မှာနေ။နှစ်ယောက် ကျောချင်းကပ်ထား။ လက်နှစ်ဖက်ကို ခေါင်းနောက်မှာ လူချင်းခွာ" ထား။

ဝင်စတန်တို့နှစ်ယောက် အသားချင်းထိစပ်မနေ။ သို့သော် ဂျူလီယာ့တစ်ကိုယ်လုံးတုန်နေသည်ကို ဝင်စတန်ခံစားရနေသည်။ မဟုတ်ပါ ကလည်း သူကိုယ်တိုင်တုန်နေ၍ဖြစ်မည်။ သွားတဂတ် ဂတ်ရိုက်နေသည်ကို သူထိန်းချုပ်၍ရသော်လည်း။ ဒူးမခိုင်ခြင်းကိုမူ သူထိန်းချုပ်၍မရ။ အောက်ဘက်တွင် စစ်ဖိနပ်သံများ။ ဝင်းတစ်ခုလုံး လူတွေပြည့်သွားပုံရသည်။ ကျောက်ခင်းလမ်းပေါ် အရာတစ်ခု ဒရွတ်ဆွဲလာသံကြားရပြီး မိန်းမကြီး၏ သီချင်းဆိုသံ တိခနဲရပ်သွားသည်။ တစ်ခုခုလိမ့်ဆင်းသွားသံသည် အဝတ်လျှော်ဇလုံ လွှင့်ပစ်လိုက်ခြင်းဖြစ်နိုင်သည်။ ထို့နောက်တွင် ဒေါသတကြီး အော်သံများ ညံသွားပြီးမှ နာကျင်စွာအော်ဟစ်လိုက်သံဖြင့် အဆုံးသတ်သွားသည်။

"အိမ်ကိုဝိုင်းထားပြီ" ဟု ဝင်စတန်ပြောသော်

"အိမ်ကိုဝိုင်းထားပြီ" ဟု သတ္တုသံကလိုက်ဆိုသည်။ ဂျူလီယာ သွားချင်းရိုက်ပြီးစေ့လိုက်သံကို ဝင်စတန်ကြားသည်။ "ကျွန်မတို့ ဂွတ်ဒ်ဘိုင်ပြောကြရင်ကောင်းမယ်"

"မင်းတို့ ဂွတ်ဒ်ဘိုင်ပြောကြရင်ကောင်းတယ်" ဟု အသံက လိုက်ဆိုသည်။ ထို့နောက်မှ ဝင်စတန်ကြားဖူးသော ရည်မွန်ယဉ်ကျေးသည့် အသံပါးပါး လေး တယ်လီစကင်မှထွက်လာသည်။

"ဒါနဲ့စကားမစပ် ငါတို့ပြောခဲ့ကြတာလေးရှိတယ်လေ။ ဟောဒီမှာ လာပြီxxxမင်းအိပ်ရာဝင်ဖို့ ဖယောင်းတစ်တိုင်xxx ဟောဒီမှာလာပြီxxx

မင်းခေါင်းကိုဖြတ်ဖို့ ခေးမတစ်ချောင်း”

ဝင်စတန့်နောက်ကျောမှ ဝရုန်းသုန်းကားပြုကွဲသံနှင့်အတူ လှေကား ဦးသည် ပြတင်းမှကျွံဝင်လာခဲ့ပြီ။ ပြတင်းမှလူတက်လာပြီ။ အဝင်လှေကား ပေါ် တဒုန်းဒုန်းတက်လာသော ခြေသံများကြားရပြီးနောက် အခန်းတစ်ခန်း လုံး အနက်ရောင်ယူနီဖောင်းဝတ်များ ပြည့်သွားသည်။ ထိပ်ဦးကို သံကွပ်ထားသော ဘွတ်ဖိနပ်များစီးလျက်။ ၎င်းတို့၏လက်ထဲတွင် နံပါတ်တုတ်။

ဝင်စတန် အတုန့်ရပ်သွားသည်။ မျက်လုံးလေးပင် အကြည့်မရွှေ့ တော့။ အရေးကြီးသောတစ်ခုတည်းသောကိစ္စမှာ ငြိမ်ငြိမ်နေဖို့ပင်။ သူတို့ကိုယ့် ကို ရိုက်နှက်ခွင့်မရအောင် ငြိမ်ငြိမ်နေရမည်။ တွေးတွေးဆဆနှင့် နံပါတ်တုတ်ကိုလက်ထဲဆနေသော လူတစ်ယောက် ဝင်စတန့်ရှေ့လာရပ်သည်။ ဆုရ လက်ဝှေ့သမား၏ပါးစုန့်များကို ပိုင်ဆိုင်ထားသောထိုလူသည် ပါးစပ်က မဆိုစလောက်ပွင့် ဟနေသည်။ ထိုလူနှင့်ဝင်စတန် မျက်လုံးချင်းဆိုင်မိသည်။ သူ့ ရှေ့မှောက်တွင် ဝင်စတန့်စိတ်ထဲလုံးတီးဖြစ်သွားသည်။ လက်နှစ်ဖက်ကို ဦးခေါင်းနောက်ပစ်ပြီး မျက်နှာနှင့်ခန္ဓာ အလုံးစုံကိုဖွင့်ထားရခြင်းသည် ခံသာဖွယ်မရှိ။ ထိုလူသည်လျှာဖျားလေးကို ပြူတစ်ပြူတစ်လုပ်ပြီး ဆက်လျှောက် နှ သွားသည်။ ကျကွဲသံကြားရပြန်သည်။ စားပွဲပေါ်မှ စက္ကူဖိဖန်တုံးကို မီးလင်းဖို ထဲပစ်ပေါက်ခွဲလိုက်ခြင်း။

ဖန်တုံးထဲမှ ပန်းနုရောင်သန္တာကျောက်ပွင့်လေး ဖျာပေါ် လိမ့်လာသည်။ သေးသေးလေးပါကလားဟု ဝင်စတန်အတွေးဝင်သည်။

နောက်ဘက်မှနေ၍ ခြေကျင်းဝတ်ကို တအားပိတ်ကန်ခံလိုက်ရ၍ ဝင်စတန် လွင့်ထွက်သွားမလို ဖြစ်သည်။ လူတစ်ယောက်က ဂျူလီယာ့အရှိုက် ကို လက်သီးနှင့်ပိတ်ထိုးလိုက်၍ ဂျူလီယာသည် ခေါက်ပေတံလေးလို ခေါက်ခနဲကျသွားသည်။ ကြမ်းပေါ်လဲပြီး အသက်ကိုမတရားလုရှူနေရသည်။ ဝင်စတန်သည် ဦးခေါင်းကိုဆံခြည်တစ်မျှင်စာပင် မလှည့်ရဲ။ သို့သော် မျက်လုံး ထောင့်မှနေ၍ ဂျူလီယာ၏ညိုမည်းမောဟိုက်နေသော မျက်နှာကိုမြင်နေရသည်။ ကိုယ်တိုင်ကဏ္ဍမျှတုန်လှုပ်နေလျက် ဂျူလီယာ၏နာကျင်မှုကို သူပါ ခံစားရနေသည်။ ထိုမချိမဆံ့ဝေဒနာကို သူသိသည်။ သေလုမတတ်ဝေဒနာကို ရလိုက်သည့်တိုင် ဝေဒနာကိုအသာထားပြီး အသက်ရှူနိုင်ဖို့အရေးကို အလျင် ဦးစားပေးရသောဝေဒနာ။

ထို့နောက်လူနှစ်ယောက်က ဂျူလီယာ့ကို ပခုံးမှတစ်ဖက်၊ ဒူးမှ တစ်ဖက်မပြီး အိတ်တစ်အိတ်လို အခန်းထဲမှသယ်ထုတ်သွားသည်။ ဂျူလီယာ့ မျက်နှာကို ဝင်စတန် နောက်ဆုံးတစ်ချက်လှမ်း မြင်လိုက်ရသည်။ မျက်လုံး ပိတ်ပြီး ဝါရော်ရှုံ့မဲ့နေသောမျက်နှာပေါ်တွင် ပါးနှစ်ဖက်လုံးပေါ်၌ ပါးနီတင်ကျန်နေဆဲ။

ဝင်စတန် တုတ်တုတ်မျှမလှုပ်။ သူ့ကိုဘယ်သူမှမထိုးသေး။ သူတို့ သဘောနှင့်သူတို့ ရောက်လာသောအတွေးများသည် လုံးလုံး စိတ်ဝင်စား

စရာမရှိတော့သလိုပင်။ မစ္စတာရှာရင်တန်ကိုကော ဖမ်းလိုက်ကြပြီလားမသိ။ ခြံဝင်းထဲအဝတ်လှန်းသော မိန်းမကြီးကို ဘာများလုပ်လိုက်ကြပါလိမ့်။ သူဆီး သိပ်သွားချင်မှန်း ယခုမှသတိထားမိသည်။ အံ့ဩစရာ လည်းကောင်းသည်။ သူဆီးသွားပြီးသည်မှာ နှစ်နာရီသုံးနာရီလောက်သာရှိသေးသည်။ မီးလင်းဖိုပေါ်မှ ရှေးဟောင်းနာရီသည် ကိုးနာရီကိုညွှန်ပြနေသည်။ နှစ်ဆယ့်တစ်နာရီ ဟု ဆိုလိုခြင်း။ သို့သော် အလင်းရောင်အားကောင်းနေသည်။ ဩဂုတ်လ ညချမ်းများတွင် နှစ်ဆယ့်တစ်နာရီဆိုလျှင် မှောင်သွားရမည် မဟုတ်ပါလား။ သူနှင့်ဂျူလီယာ အချိန်မှားပြီးကြည့်ခဲ့ကြလေ သလား။ သို့သော် ထိုအတွေးစဉ် နောက်ကို သူဆက်မလိုက်တော့။ ဘာမှစိတ်ဝင်စားစရာမကောင်း။

ခြေသံခပ်ဖွဖွကို ကြားရပြန်သည်။ အခန်းထဲသို့ မစ္စတာရှာရင်တန် ဝင်လာသည်။ အနက်ရောင်ယူနီဖောင်းဝတ်များသည် ရုတ်ချည်းဆိုသလို ကျို့ကျို့ယို့ယို့ဖြစ်သွားကြသည်။ မစ္စတာရှာရင်တန်၏ အသွင်သဏ္ဌာန်သည် လည်း ယခင်နှင့်မတူ။ စက္ကူဖိဖန်တုံး အကွဲအစများပေါ် သူ့ မျက်လုံးရောက် သွားပြီး "ကောက်သိမ်းစမ်း" ဟု ပြောလိုက်ရာ အသံသည် ပြတ်တောင်းနေသည်။

လူတစ်ယောက်က နာခံစွာကုန်းကောက်သည်။ မစ္စတာရှာရင်တန်၏ လန်ဒန်အရှေ့ပိုင်းသားလေသံ ပျောက်သွားပေပြီ။ စောစောတုန်းက တယ်လီစကင်မှထွက်လာသော အသံရှင်ကို ဝင်စတန် ယခုမှသိသည်။ မစ္စတာရှာရင်တန်သည် ကတ္တီပါဂျက်ကက် ဟောင်းလေးဝတ်ထားဆဲ။ သို့သော် ဆံပင်များကား-- ဖြူလွှသော သူ့ဆံပင်များမှာ ယခုတော့ မှောင်ညို့နေသည်။ မျက်မှန်တပ်မထား။ ဝင်စတန့်အား မာထန်လှစွာတစ်ချက်လှမ်းကြည့်ခြင်း သည် သူ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုလိုက်ခြင်းသာဖြစ်သည်။

ထို့နောက် ဝင်စတန့်အား လုံးဝအရေးမစိုက်တော့။

ခါးကြီးမတ်လျက်ရှိသော မစ္စတာရှာရင် တန်သည် မြင့်ထွားလာသလိုပင်။ သူ့မျက်နှာပေါ်မှအပြောင်းအလဲသည် စိုးစဉ်းမျှသာ ဖြစ်သော်လည်း လူတစ်ယောက်လုံးလုံးကို ပြောင်းလဲသွားစေသည်။ မျက်ခုံးသည် သိပ်မတုတ် တော့။ ဇရာအရေးများ မရှိတော့။ နှာခေါင်းလေးပင် တိုသွားသယောင်ရှိသည်။ အသက်ငါးဆယ့်သုံးနှစ်ရွယ် ယောကျာ်းတစ်ယောက်၏ နိုးနိုးကြားကြားရှိနေ သော မာတောင်သည့်မျက်နှာ။ ဝင်စတန့်ခေါင်းထဲ အတွေးတစ်ခုဝင်လာသည်။ ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် အတွေးပုလိပ်အဖွဲ့ဝင် တစ်ယောက် ကို မျက်စေ့တပ်အပ် သူမြင်ဖူးပေပြီ။

အပိုင်း (၃)

(၁)

ဝင်စတာန်သည် ကိုယ်ဘယ်ရောက်၍ ရောက်နေမှန်း မသိပေ။ `မေတ္တာ ဝန်ကြီး၌ာနထဲရောက်နေသည် ထင်ရသည်။ သေသေချာချာသိနိုင်စရာ နည်းလမ်းလည်းမရှိ။ ယခုသူရောက်နေသောအခန်းသည် မျက်နှာကြက်မြင့်ပြီး ပြတင်းမပါ။ မြှုပ်ထားသောမီးလုံးများမှ အလင်းအေးအေးဖြာထွက်လျက်ရှိကာ နံရံများဖွေးတောက်နေသည်။ တဇီဇီမြည်နေသောအသံကမူ အခန်းထဲ လေသွင်းခြင်းဟု ယူဆရသည်။ အဝင်တံခါးနေရာကိုသာချန်ထားပြီး ထိုင်စရာ တန်းလျားကို အခန်းတွင်းပတ်လည်ထည့်သွင်းထားသည်။ တံခါးနှင့်မျက်နှာ ချင်းဆိုင် အခန်းအစွန်တွင် ထိုင်စရာပျဉ်ဝိုင်းမပါသော ရေအိမ်ကြွေခွက်ရှိသည်။ လေးဖက်လေးတန်နံရံတွင် တယ်လီစကရင်လေးခု။

သူ့ကိုအလုံပိတ်ဗင်ကားထဲတင်ပြီး သယ်ထုတ်လာကတည်းက ဝင်စတန် ဗိုက်ထဲနာနေခဲ့သည်။ ဆာကလည်းဆာသည်။ ပိန်လိန်ပြီးနေထိုင်၍ မကောင်းသောဆာခြင်းမျိုးဖြင့် သူဆာသည်။ ဘာမှမစားရသေးသည်မှာ နှစ်ဆယ့်လေးနာရီတော့ရှိနိုင်သည်။ သုံးဆယ့်ခြောက်နာရီလည်း ဖြစ်နိုင်သည်။ သူ့ဘာသာ ရေရေရာရာ မသိ။ ဘယ်တော့မှလည်း သိနိုင်မည်မထင်။ သူ့ကိုအကျဉ်းချလိုက်စဉ်က မနက်လား၊ ညနေလား သူမသိ။ အကျဉ်းခန်းထဲရောက်ပြီးကတည်းက သူဘာမှမစားရသေး။

တန်းလျားကျဉ်းကျဉ်းပေါ် ဒူးနှစ်လုံးပိုက်ပြီး သူငြိမ်နိုင်သမျှ ငြိမ်အောင်ထိုင်သည်။ ငြိမ်ငြိမ်ထိုင်တတ်အောင် သူသင်ယူပြီးပြီ။ လှုပ်လှုပ်ရှားရှားလုပ်သည်နှင့် တယ်လီစကရင်မှအသံပြဲဖြင့် ပိတ်ဟောက်တတ်သည်။ သို့ရာတွင် အစာစားလိုစိတ်ကတော့ ကြီးထွားသထက်ကြီးထွားလာသည်။ အားလုံးအားလုံးထက် ပေါင်မုန့် တစ်ဖဲ့လောက်ကို သူလိုချင်သည်။ အပေါ်ရုံ အင်္ကျီအိတ်ထဲ ပေါင်မုန့်အကြေရှိနိုင်သည်ဟု သူတွေးမိသည်။ အကြောင်းမှာ အချိန်နှင့်အမျှ သူ့ခြေထောက်ကို တစ်ခုခုက ကလိနေသလိုရှိသည်။ အဆုံး တွင် အိတ်ထဲနှိုက်လိုစိတ်က အကြောက်တရားကိုလွှမ်းမိုးသွားပြီး အိတ်ထဲသို့ လက်တစ်ဖက် အသာသွင်းယူလိုက်ရာ

"စမစ်သ်၊ ၆၀၇၉ စမစ်သ်။ အိတ်ထဲကလက်ကိုထုတ်" ဟု တယ်လီစကရင်မှ ပြဲခနဲအော်သံထွက်လာသည်။

ဝင်စတန်သည် ဒူးနှစ်လုံးကိုပိုက်ပြီး ငြိမ်ငြိမ်ပြန်ထိုင်ရသည်။ ဤနေရာထိ သူ့ကိုခေါ်မလာခင် အချုပ်ထဲအလျင်ရောက်ခဲ့ရသေးသည်။ အချုပ်ထဲ ဘယ်လောက်ကြာကြာ နေခဲ့မိမှန်း သူမသိတော့။ အချုပ်ထဲတွင် နာရီလည်းမရှိ၊

နေ့အလင်းရောင်ကိုလည်း မမြင်ရ။

အချုပ်ခန်းသည် ဆူညံပြီးအနံ့အသက်မကောင်း။ အချုပ်ခန်းပုံစံကမူ ယခုသူရောက်ရှိနေသော အကျဉ်းခန်းနှင့်အတူတူသာ ဖြစ်၏။ သို့သော် ပိုပြီးညစ်ပတ်သည်။ ဆယ်ဦး ဆယ့်ငါးဦး အမြဲလူပြည့်နေသည်။ အများစုသည် သာမန်ရာဇဝတ်သားများဖြစ်ပြီး နိုင်ငံရေးအကျဉ်းသား အနည်းအကျဉ်းပါသည်။ နံရံဘေးကပ်ပြီး ငြိမ်ငြိမ်ထိုင်နေသောသူ့ကို ညစ်တီးညစ်ပတ်ခန္ဓာကိုယ်များက တွန်းလိုက်တိုက်လိုက်နှင့် သူကတော့ ကြောက်လည်းကြောက်၊ နာကလည်းနာ။ ဘေးပတ်ဝန်းကျင်ကို များများစားစား စိတ်မ ဝင်စားနိုင်။ သို့သော် ပါတီဝင်ရာဇဝတ်သားနှင့် ပါတီဝင်မဟုတ်သူ အခြားရာဇဝတ်သားများ အပြုအမူကွဲပြားခြားနားပုံသည် အံ့ဩစရာဖြစ်နေမှန်း သူသတိထားမိသည်။

ပါတီဝင်အကျဉ်းသားများ တထိတ်ထိတ်နှင့်ငြိမ်တိတ်နေသလောက် အရပ်သားများမှာ ဘယ်သူ့ကိုမှ ဘာမှဂရုမစိုက်ပေ။ အစောင့်များကို ကလော် ဆဲလိုဆဲ၊ သူတို့ပိုင်ပစ္စည်းများ အသိမ်းခံရပါက ဝင်နပန်းလုံးလိုလုံး၊ နံရံပေါ် တွင်ဆဲစာများရေးလိုရေး၊ ခိုးသွင်းထားသောအစာများကို အင်္ကျီထဲဝှက်ထားပြီး ထုတ်စားလိုစားနှင့် တယ်လီစကက်မှအမိန့်ပေးလျှင် ပြန်အော်သည်အထိ ထင် တိုင်း ကြဲကြလေသည်။ တချို့ကတော့ အစောင့်များနှင့်ခင်ခင်မင်မင်ရှိသည်။ နာမည်ပြောင်များခေါ်ပြီး စီးကရက်သွင်းပေးပါရန် နားပူနားဆာလုပ်သည်။ အစောင့်များကလည်း ရိုးရိုးအကျဉ်းသားဆိုလျှင် သည်းခံကြသည်။ ခပ်ကြမ်း ကြမ်းကိုင်တွယ်ဖို့ လိုနေသည့်တိုင် လျှော့ပေးထားကြသည်။

အကျဉ်းသားအများစုအပို့ခံရမည့် အလုပ်ကြမ်းစခန်းအကြောင်း ဝင်စတန်ကြားခဲ့ရသေးသည်။ အလုပ်ကြမ်းစခန်းတွင် အားလုံးအိုကေသည်ဟု နားလည်ရသည်။ ထိုစခန်းထဲတွင် လာဘ်ထိုးခြင်းရှိသည်။ မျက်နှာသာပေးခြင်း၊ လိင်တူဆက်ဆံခြင်း၊ ပြည့်တန်ဆာလုပ်ခြင်း၊ အမျိုးစုံသောတရားမဝင် လုပ်ငန်း များအပြင် အာလူးမှဖောက်သော တရားမဝင်အရက်အထိ ရသည်။ သာမန် ရာဇဝတ်သားများကိုသာလျှင် ယုံကြည်စိတ်ချခြင်း ပေးအပ်ထားသည်။ အထူး သဖြင့် ဗျူရိုကရက်ပုံစံတစ်မျိုးဖြစ်သော လူသတ်သမားနှင့် လူဆိုးဂိုဏ်းဝင်များ အပေါ်စိတ်ချထားသည်။ ညစ်တီးညစ်ပတ်အလုပ်ဟူသမျှကို နိုင်ငံရေးက လုပ်ဆောင်ခဲ့သည်။

အချုပ်ခန်းထဲတွင် အကျဉ်းသားများ အသွင်းအထုတ်မပြတ်ချေ။ မူးယစ်ဆေးရောင်းသူ၊ သူခိုး၊ ဓားပြ၊ မှောင်ခိုသမား၊ အရက်သမား၊ ပြည့်တန် ဆာ။ အချို့အရက်သမားများ ကြမ်းလွန်း၍ ကျန်အကျဉ်းသားများက စည်းစည်းလုံးလုံးနှင့် အကြမ်းသမားကို နှိပ်ကွပ်ကြရသည်။

ရင်သားကြီးများအန်ထွက်နေသော အသက်ခြောက်ဆယ်ရွယ်မိန်းမ ကြီးတစ်ဦးကို အချုပ်ခန်းထဲသွင်းလာပုံမှာ- မိန်းမကြီးသည် ပါးစပ်က လည်းအော်၊ ခြေထောက်ကလည်းကန်ထုတ်နေ၍ အစောင့်လေးဦးခမျာ မိန်းမကြီးကို

လက်နှစ်ဖက်ခြေနှစ်ဖက်မှနေ၍ တစ်ယောက်တစ်ဖက်စီမပြီး
သူတို့ကိုကန်ထုတ်နေသော ဘွတ်ဖိနပ်ကိုဆွဲချွတ်ကာ ဝင်စတန့်ပေါင်ခွင်ပေါ်
မိန်းမကြီးကိုပစ်ချလိုက်ကြ၏။ ဝင်စတန့်မှာတော့ ပေါင်ရိုးမကျိုးရုံတမယ်။ မိန်းမကြီး
ချက်ချင်းထထိုင်ပြီး "လူလွန်မသားတွေ" ဟုအသံကုန်အော်ဆဲလေသည်။
ထို့နောက်မှ ထိုင်နေသောနေရာကို သတိထားမိပြီး ဝင်စတန့်ဒူးပေါ်မှ လျှောဆင်းကာ
တန်းလျားပေါ်ပြောင်းထိုင်သည်။

"မတော်လို့နော်။ မင်းပေါ်မှာ မထိုင်ပါဘူးကွယ်။ ဟိုအကောင်တွေ
လုပ်သွားတာ။ အမျိုးသမီးတစ်ယောက်ကို ဘယ်လို ဆက်ဆံရမလဲ၊ သူတို့မသိဘူး"
ထိုနေရာတွင် မိန်းမကြီးသည် ရင်ဘတ်ကိုပုတ်ပြီး လေချဉ်တက်သည်။
"ခွင့်လွှတ်နော်။ နေလို့ သိပ်မကောင်းဘူး"

မိန်းမကြီးသည်ကုန်းပြီး ကြမ်းပေါ်မနည်းမနောအန်ချသည်။
မျက်လုံးမှိတ်ပြီး ကျောပြန်မှီထားကာ "ခုမှနေသာသွားတယ်။ အန်ချင်ပြီဆိုရင်
ဘယ်တော့မှအောင့်မထားရဘူး။ ချက်ချင်းအန်ထုတ် ရတယ်" ဟုဆိုသည်။

မိန်းမကြီးပြန်လန်းလာကာ ဝင်စတန့်ဘက်လှည့်ကြည့်သည်။ ဝင်စတန့်ကို
ချက်ချင်းစိတ်ဝင်စားသွားပုံရသည်။ သူမ၏ ရောမလက်မောင်း ကြီးဖြင့်
သူ့ပခုံးကိုသိုင်းဖက်ပြီး သူ့မျက်နှာထဲ ဘီယာနံ့အန်ထုတ်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"စမစ်သ်"

"စမစ်သ်လား၊ ပျော်စရာကြီးပဲဟေ့၊ ငါ့နာမည်လည်း 'စမစ်သ်ပဲ။ ဟား၊
ငါကမင်းအမေဖြစ်လိမ့်မယ်"

ဖြစ်နိုင်သည်ဟု ဝင်စတန်တွေးမိသည်။ မိန်းမကြီး၏ အသက်နှင့်
ခန္ဓာကိုယ်အချိုးအစားသည် သူ့အမေနှင့်အံကိုက်ဖြစ်နေသည်။
အလုပ်ကြမ်းစခန်းတွင် နှစ်အစိတ်ကြာလျှင် ဤပုံပြောင်းသွားဖို့ဆိုသည်မှာ
ဖြစ်တန်ရာသည်။

သူ့ကိုစကားပြောသူ တစ်ယောက်မှမရှိသေး။ ပါတီဝင်ရာဇဝတ် သားများကို
သာမန်ရာဇဝတ်သားများက လျစ်လျူရှုထားပုံသည် အတိုင်းအတာတစ်ခုအထိတော့
အံ့သြစရာကောင်းနေသည်။ ပါတီဝင်ရာဇဝတ်သား ကို 'ပါဝတ်" ဟုသူတို့က
ခပ်နှိမ်နှိမ်ခေါ်ကြသည်။ ပါတီဝင်အကျဉ်းသားများ ကိုယ်တိုင်လည်း ဘယ်သူ့ကို
မဆိုစကားပြောဖို့ ကြောက်ရွံ့နေကြပုံပင်။ ပါတီဝင်အကျဉ်းသူ နှစ်ဦး
တန်းလျားပေါ်ပူးကပ်ထိုင်သည်ကို ဝင်စတန် တစ်ကြိမ်သာမြင်ဖူးသည်။
ထိုအကျဉ်းသူနှစ်ဦး လေသံလေးဖြင့် ကသောကမျော ပြောနေသံကို ဝင်စတန်
နားစွန်နားဖျားကြားလိုက်သည်။ "အခန်း ၁၀၁' ကို ရည်ညွှန်းပြောသောထိုစကားကို
ဝင်စတန် နားမလည်ခဲ့။

သူ့ကိုဤအကျဉ်းခန်းထဲခေါ်လာခဲ့သည်မှာ နှစ်နာရီသုံးနာရီခန့်ရှိပြီ။
ဝမ်းဗိုက်ထဲမှ နာကျင်မှုသည် သူ့ထံမှခွဲခွာမသွားတော့။ နာကျင်မှုအတိုး အလျော့သာ

ရှိနေသည်။ သူ့အတွေးများကလည်း နာကျင်မှုအတိုးအလျော့နှင့် အတူ ပြန့်ထွက်လိုက်ကျုံ့ဝင်လိုက်ရှိနေသည်။ ဝေဒနာတိုးလာလျှင် ဝေဒနာကို သာ အာရုံစိုက်မိပြီး အစာကိုတောင့်တသည်။ ဝေဒနာလျော့သွားလျှင် သူမောနေသည်။ ဘာတွေဆက်ဖြစ်ဦးမလဲ သူကြိုမြင်ပြီး သူ့နှလုံးက ဒုန်းစိုင်း ပြေးကာ သူအသက်မရှူနိုင်တော့။ တံတောင်ဆစ်ကိုလာရိုက်မည့် နံပါတ်တုတ်၊ ညို့သကျည်းကိုလာကန်မည့် သံထိပ်ဦးတပ်ဘွတ်ဖိနပ်။ ကြမ်းပေါ်ဝပ်တွား ခယနေသော သူ့ကိုယ်သူမြင်ယောင်မိသည်။ သွားတွေကျိုးလျက် တောင်းပန် အသနားခံနေသောသူ။

ဂျူလီယာ့ကို သူသတိမရ။ သူ့အတွေးကို ဂျူလီယာ့ထံတွင် တပ်စွဲ မရ။ ဂျူလီယာ့ကိုချစ်သည်၊ သစ္စာရှိသည်။ သို့သော် ထိုဖြစ်ရပ်သည် ဂဏန်း သင်္ချာဆိုင်ရာဥပဒေများကို သိထားသလို သိနေခြင်းသာဖြစ်၏။ ဂျူလီယာ့ အတွက် ချစ်စိတ်ဖြစ်ပေါ်မလာ။ ဂျူလီယာ ဘာများဖြစ်နေမလဲဟုပင် သူ မတွေးနိုင်တော့။ အိုဘရိုင်ယန့်ကိုတော့ ခဏခဏသတိတွေရပြီး မျှော်လင့်ချက်လေးလည်း မီးတရဲရဲဖြစ်လာတတ်သည်။

သူအဖမ်းခံရသည်ကို အိုဘရိုင်ယန် သိကိုသိမည်။ အိုဘရိုင်ယန် ပြောသော ညီနောင်သားရင်းအသင်းသည် အသင်းဝင်များကို ဘယ်တော့မှ မကယ်။ သို့သော်ဖြစ်နိုင်ပါက အကျဉ်းခန်းထဲ ဘလိတ်ဓားလေး ပို့ပေးတတ်သည်။ အကျဉ်းခန်းထဲ အစောင့်များ ပြေးဝင်မလာခင် ငါးစက္ကန့်မျှအချိန်ရသည်။ ဘလိတ်ဓားသည် သူ့အသားထဲပူခနဲဖြတ်သန်းသွားလိမ့်မည်။ ဘလိတ်ဓားတင်မက ဘလိတ်ဓားကိုကိုင်ထားသော လက်ချောင်းများပါ အရိုးထိအောင်ပြတ်သွားပေလိမ့်မည်။ နာမကျန်းသောခန္ဓာကိုယ်ထဲ အရာရာပြန်စုစည်းသွားသည်။ အသေးမွှားဆုံးနာကျင်မှုလေးကအစ သူတွန့်သွားရသည်။

ဘလိတ်ဓားရလျှင်ပင် ထိုဘလိတ်ဓားကို သူသုံးဖြစ်ပါ့မလား မသေချာတော့။ ခဏတိုင်းခဏတိုင်း ခဏလေးများအတွက် အသက်ရှင်ခြင်းက ပိုသဘာဝကျသည်။ အဆုံးတစ်နေ့တွင် ညှဉ်းပန်းနှိပ်စက်ခံရမည်ကို သေချာနေသည့်တိုင် နောက်ထပ်ဆယ်မိနစ်တာ လူ့ဘဝကိုလက်ခံခြင်းက ပိုသဘာဝကျနေသည်။

ရံခါတော့လည်း အခန်းနံရံပေါ်မှ ကြွေပြားများကို သူ ရေတွက်နေ ဖြစ်သည်။ လွယ်ရမည်ဖြစ်လျက် ရေနေရင်းလမ်းခုလတ်တွင် သူမေ့သွားမြဲ။ မကြာခဏပေါ်လာသောအတွေးမှာ သူ ဘယ်ရောက်နေလဲ၊ ဘယ်အချိန် ရှိပြီလဲ။ နေ့လယ်ကြောင်တောင်ကြီးဟု ထင်မိလိုက်ပြီး တော်တော်လေးကြာ သည်နှင့် ညဉ့်နက်သန်းခေါင်ဟု သေချာနေပြန်သည်။ ဤအခန်းထဲတွင် မီးဘယ်တော့မှ မပိတ်။ ဤနေရာသည် အမှောင်ထုမရှိသောနေရာ။ ထိုအရိပ် အမြွက်ကို အိုဘရိုင်ယန် ဘာကြောင့်သိနေမှန်း ယခုမှသူသိတော့သည်။ မေတ္တာဝန်ကြီးဌာနတွင်

ပြတင်းပေါက်လုံးဝမရှိ။ သူ့အကျဉ်းခန်းသည် ဌာနကြီး ၏ဗဟိုချက်တွင် ဖြစ်နိုင်သည်။ မြေအောက်ဆယ်လွှာလည်း ဖြစ်နိုင်သည်။ မြေပေါ်အလွှာသုံးဆယ်လည်း ဖြစ်နိုင်သည်။

အပြင်ဘက်မှ ဘွတ်ဖိနပ်သံကြားရသည်။ သံမဏိတံခါး ဂျိုင်းခနဲ မြည်ပြီးပွင့်လာသည်။ အနက်ရောင်ယူနီဖောင်းဝတ် အသက်ငယ်ငယ်အရာရှိတစ်ဦး စမတ်ကျကျဝင်လာသည်။ ပြောင်ပြောင်လက်လက်သားရေကြောင့် တစ်ကိုယ်လုံးဖိတ်ဖိတ်တောက်နေသော ထိုအရာရှိသည် မျက်နှာကတော့ `ဖြူဖတ်ဖြူရော်၊ ရှုတည်တည်၊ ဖယောင်းမျက်နှာဖုံးစွပ်ထားသလိုဖြစ်၏။ အပြင်ဘက်မှ အစောင့်များအား အကျဉ်းသားသွင်းလာဖို့ လက်ဟန်ပြသည်။ အကျဉ်းခန်းထဲသို့ ကဗျာဆရာအင်ပယ်ဖို့ တရွတ်ဆွဲ၍ဝင်လာသည်။ တံခါးသည် ဂျိုင်းခနဲပြန်ပိတ်သွား၏။

အကျဉ်းခန်းထဲ အထွက်တံခါးပေါက်ပဲရှိနေသလိုလို အင်ပယ်ဖို့သည် ယောင်လည်လည်ဒီလျှောက်ဟိုလျှောက်နှင့် တံခါးပေါက်ရှာနေသည်။ ဝင်စတန့်ကိုမတွေ့။ ကဗျာဆရာ၏ ရတက်မအေးသောမျက်လုံးများက ဝင်စတန့်ခေါင်းထက် တစ်မီတာအကွာမှ နံရံကို ငူငူကြီးရှုစားနေသည်။ ဖိနပ်မပါ။ မဲမဲသဲသဲခြေမကြီးက ခြေအိတ်အပေါက်မှပြူထွက်လျက်။ မုတ်ဆိတ်မရိတ်ရသည့်ရက်ပေါင်း မနည်းလှ။ မုတ်ဆိတ်ကျင်စွယ်များကား ပါးရိုး ထိရောက်အောင် မျက်နှာကိုဖုံးနေလေသည်။

တစ်ကိုယ်လုံးနုံးနေရာမှ ဝင်စတန် လှုပ်လှုပ်ရွရွဖြစ်လာသည်။ အင်ပယ်ဖို့ကို စကားလေးဘာလေးပြောဦးမှဖြစ်မည်။ တယ်လီစကင်မှ တော်သံ ကိုတော့ စွန့်စားရမည်။ အင်ပယ်ဖို့ကို ဘလိတ်ဓားသယ်သွင်းလာသူဟု ယူဆလျှင်ကိုပဲ ယုတ္တိရှိနေသည်။

"အင်ပယ်ဖို့"

တယ်လီစကင်မှ အော်သံထွက်မလာ။ အင်ပယ်ဖို့ တုန့်ခနဲ ဖြစ်ပြီး နည်းနည်းလန့်သွားသည်။ မျက်လုံးများက ဝင်စတန့်ဆီ ဖြည်းဖြည်းရွေ့လာသည်။

"စမစ်သ်ပါလား။ ခင်ဗျားကောပဲ၊ ဟုတ်လား"

"ခင်ဗျားကကော ဘာအတွက် ဒီထဲရောက်လာတာလဲ"

"အမှန်အတိုင်းပြောရရင်-" ဟုဆိုကာ အင်ပယ်ဖို့သည် ဝင်စတန် နှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ "ပြစ်မှုက တစ်ခုပဲရှိတာလေ၊ မဟုတ်ဘူးလား"

"ခင်ဗျားကျူးလွန်ခဲ့လို့လား"

"ကြည့်ရသလောက် ကျူးလွန်ခဲ့ပြီးပြီ"

အင်ပယ်ဖို့သည် တစ်ခုခုကိုအမှတ်ရအောင် ကြိုးစားနေသကဲ့သို့ နဖူးပေါ်လက်တင်ပြီး နားသယ်ကိုဖိထားသည်။

"ဖြစ်လာခဲ့ပြီပဲ။ ကျွန်တော်ပြန်စဉ်းစားလို့ရတာရှိတယ်။ မပိရိတာပေါ့လေ။

ကစ်ပလင်ရဲ့ကဗျာတွေကို ကျွန်တော်တို့က အပြီးအပြတ်စာသား လုပ်နေကြတာ။ အဲဒီမှာ ကျွန်တော်က စာကြောင်းအဆုံးမှာ ဂေါ့ဒ်ဆိုတဲ့ စာလုံး ကို ထားလိုက်မိတယ်။ မထားလို့မှမရတာ။”

ထိုနေရာတွင် အင်ပယ်ဖို့သည် ပမာ ဝင်စတန့်ကိုမော့ကြည့်သည်။ မခန့်ပုံစံမျိုး ပြောခြင်းဖြစ်သည်။

“စာကြောင်းကို ပြောင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ကာရန်စာလုံးကရော့ဒ်။ ခင်ဗျားသိလား ရော့နဲ့ ကာရန်တူတဲ့စာလုံး ဆယ့်နှစ်လုံးပဲရှိတယ်။ ကျွန်တော် ဦးနှောက်စားခဲ့တဲ့ ရက်ပေါင်းမနည်းဘူး။ တခြားကာရန်တူစာလုံးမှ မရှိတာ”

ပြောပြီးသော် အင်ပယ်ဖို့သည် မျက်နှာမူရာပြောင်းသွားသည်။ ဒေါသပြယ်ပြီး ကျေနပ်နေပုံရသည်။ ပညာတတ်တို့၏ စရိုက်ဟုခေါ်ရမည်။ အသုံးမဝင်အရာမထင်သော အမှန်တရားလေးတစ်ခု ရှာဖွေတွေ့ရှိခြင်းကိုပဲ ရေးကြီးခွင်ကျယ်လုပ်ပြီး ပျော်နေတတ်သောသူ့မျက်နှာသည် ညစ်ထပ်ထပ် ဆံပင်များကြားမှ ဝင်းနေသည်။

“ခင်ဗျားတွေးဖူးလား။ အင်္ဂလိပ်ကဗျာသမိုင်းတစ်ခုလုံးကို အင်္ဂလိပ်ဘာသာစကားမှာ ကာရန်ချို့တဲ့တယ်ဆိုတဲ့ အချက်နဲ့ ဖန်တီးထားတယ်ဆိုတာ”

ထိုအတွေးမျိုး ဝင်စတန် တစ်ခါမှမတွေးဖူးခဲ့။ အရေးကြီးသည် စိတ်ဝင်စားစရာကောင်းသည်ဟုလည်း မထင်။

“အခုဘယ်အချိန်လောက်ရှိပြီလဲ သိလား” ဟုသာ ဝင်စတန် မေးကြည့်သည်။

အင်ပယ်ဖို့ကြည့်ရသည်မှာ လန့်သွားပုံရသည်။

“ကျွန်တော် မစဉ်းစားမိဘူးဗျ။ သူတို့ကျွန်တော့်ကိုဖမ်းလာတာ နှစ်ရက်လောက်တော့ရှိနိုင်တယ်။ သုံးရက်ပေါ့ဗျာ။ ဒီနေရာမှာ နေ့ရယ်ညရယ် ဘာမှမကွာဘူးနော်။ အချိန်ကိုဘယ်လိုတွက် သလဲ”

တစ်အောင့်တော့ ဝင်စတန်တို့နှစ်ယောက်သား ရောက်တတ်ရာရာ ကောက်သင်းကောက်စကားတွေ ပြောဖြစ်ကြသည်။ တယ်လီစက်မှ ဗြဲခနဲ အော်သံထွက်လာပြီး ငြိမ်ငြိမ်နေဖို့ပြောသောကြောင့် ဝင်စတန် လက်ပိုက်ပြီး ငြိမ်ငြိမ်ထိုင်သည်။ လူကောင်ကြီးကြီး အင်ပယ်ဖို့အတွက်ကမူ တန်းလျားသည် သေးနေသည်။ သူ့ခမျာ ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် ဂဏှာ မငြိမ်။ ငြိမ်ငြိမ်ထိုင်ဖို့ တယ်လီစက်ကဆဲသည်။ သည်လိုနှင့် အချိန်တွေကုန် သွားသည်။ မိနစ်နှစ်ဆယ်လား၊ တစ်နာရီလား၊ ပြောရခက်သည်။ အခန်း အပြင်ဘက်မှ ခြေသံများကြားရပြန်သည်။ ဝင်စတန့်ကလီစာများ ကျုံ့ဝင်လာသည်။ ငါးမိနစ်လောက်ဆိုလျှင် သူ့အလှည့် ရောက်တော့မည်။

အကျဉ်းခန်းတံခါးပွင့်လာသည်။ အသက်ငယ်ငယ်အရာရှိ အခန်းတွင်းဝင်လာပြီး အင်ပယ်ဖို့ကို လက် ဟန်ပြကာ “အခန်း ၁၀၁” ဟုဆိုသည်။

အစောင့်များကြားမှ ပုံပန်းမကျစွာထွက်သွားသော အင်ပယ်ဖို့၏ မျက်နှာသည် တုန်လှုပ်ချောက်ချားနေသော်လည်း နားမလည်နိုင်သောမျက်နှာမျိုး ဖြစ်နေ၏။

အချိန်များကုန်ခဲလှဘိခြင်း။ ဝင်စတန့်ဝမ်းဗိုက်ဝေဒနာ တစ်ကြော့ ပြန်ရစ်လာသည်။ မြောင်းကလေးအတိုင်း တစ်ပတ်ပြီး တစ်ပတ် လည်နေ သောဘောလုံးလို သူ့စိတ်အာရုံသည် လမ်းကြောင်းတစ်ခုထဲမှာပဲ ဝိုင်းကြီး ပတ်ပတ်လုပ်နေသည်။ သူ့အတွေး ခြောက်မျိုးသာရှိသည်။ ဝမ်းဗိုက်ဝေဒနာ၊ ပေါင်မုန့်တစ်ဖဲ့၊ သွေးနှင့်အော်ဟစ်သံများ၊ အိုဘရိုင်ယန်၊ ဂျူလီယာ၊ ဘလိတ်ဓားလေးပင်သောဘွတ်ဖိနပ်သံကြောင့် သူ့ကိုယ်တွင်းကလီစာများ ကလီကမာဖြစ်လာရပြန်သည်။ ပွင့်လာသောအကျဉ်းခန်းတံခါးနှင့်အတူ ချွေးနံ့ ပြင်းပြင်းသည် လေနှင့်အတူပါလာသည်။ အကျဉ်းခန်းထဲ ပါဆန် ဝင်လာသည်။ ကာကီဘောင်းဘီတိုနှင့် စပို့ရှပ်ဝတ်ထားသော ပါဆန်။

သည်တစ်ကြိမ်တော့ ဝင်စတန့်မှာ အံ့သြရလွန်း၍ ကိုယ့်ကိုယ်ကိုယ်ပင်မေ့သွားသည်အထိ။

“ခင်ဗျား ဒီရောက်လာတယ်၊ ဟုတ်လား”

ဝင်စတန့်ကိုလှမ်းကြည့်လိုက်သော ပါဆန့်အကြည့်သည် စိတ်ဝင် စားမှုလည်းမရှိ၊ အံ့သြသွားပုံလည်းမရ။ သောကသက်သက်သာ ဖြစ်နေသည်။ ဆတ်တောက်ဆတ်တောက်နှင့် အခန်းထဲအခေါက်ခေါက်အခါခါ လျှောက်သည်။ အနားမရနိုင်သည်မှာ ရှင်းလင်းပါသည်။ ဒူးကိုဆန့်ယူတိုင်း ဒူးတုန်နေ မှန်းသိသာသည်။ မျက်လုံးများပြူးကျယ်ပြီး စပ်ကြားတစ်နေရာကို မကြည့်ဘဲ မနေနိုင်သလို ငေးငေးစူးစူးကြီးကြည့်နေသည်။

“ခင်ဗျားက ဘာအတွက် ဒီထဲရောက်လာတာလဲ" ဟု ဝင်စတန် မေးသော်

“မနောကံရာဇဝတ်မှုဗျ” ဟု ပါဆန် ဗလုံးဗထွေးပြောသည်။ လေသံသည် အပြစ်ကိုဝန်ခံခြင်းနှင့် သူ့ကိုမှ ထိုအမည်အတပ်ခံရခြင်းအတွက် မယုံကြည်နိုင်လောက်အောင်ချောက်ချားခြင်း နှစ်မျိုးပေါင်း ဖြစ်သည်။ ပါဆန် သည် ဝင်စတန့်ရှေ့လာရပ်ပြီး စိတ်ပါလက်ပါ အသနားခံတော့သည်။

“ကျုပ်ကိုသူတို့မပစ်သတ်ပါဘူးနော်။ ခင်ဗျားမထင်ဘူး မဟုတ် လား။ ပြစ်မှုကို ကာယကံမြောက် မကျူးလွန်ဘူးဆိုရင် သူတို့မပစ်ဘူး မဟုတ် လား။ အတွေးဆိုတာ ထိန်းချုပ်လို့မှမရတာ။ သူတို့ဘက်က မျှမျှတတ နားထောင်ပေးမှာပါ နော်။ အား . . . အဲဒါအတွက် သူတို့ကိုယုံတယ်။ ကျုပ်မှတ်တမ်းကို သူတို့သိမှာပါ။ ကျုပ်ဘယ်လို လူစားဆိုတာ ခင်ဗျားသိတယ် မဟုတ်လား။ ကိုယ့်နည်းလမ်းနဲ့ကိုယ်တော့ လူဆိုးမဟုတ်ပါဘူးကွာ။ ဉာဏ် မကောင်းဘူး၊ မှန်တယ်။ ဒါပေမယ့် တက်ကြွတယ်။ ပါတီအတွက် တတ်စွမ်းသမျှ အကောင်းဆုံးလုပ်ခဲ့တာ။ ငါးနှစ်လောက်ဆို ကျုပ်လွတ်မှာပါနော်။ ခင်ဗျား ဒီလိုမထင်ဘူးလား။ ဒါမှမဟုတ် ဆယ်နှစ်ဆိုရင်ကောကွာ။ ကျုပ်လိုကောင်မျိုးက

အလုပ်ကြမ်းစခန်းမှာဆို အသုံးဝင်မှာပါ။ တစ်ခါတည်း ကပေါက်ချိကပေါက်ချာဖြစ်ရုံနဲ့ သူတို့ကျုပ်ကို မသတ်ပါဘူးနော်”

“ခင်ဗျားအပြစ်ကျူးလွန်ခဲ့သလား”

“ဒါပေါ့၊ ကျူးလွန်တာပေါ့” ဟု ပါဆန်သည် တယ်လီစကင်ကို ဖော်လံဖားလွန်းစွာ တစ်ချက်လှမ်းကြည့်သည်။

“အပြစ်မရှိတဲ့ လူတစ်ယောက်ကို ပါတီကဖမ်းမယ်မထင်ဘူး မဟုတ်လား” ပါဆန်၏ဖားနှင့်တူသောမျက်နှာကြီး တဖြည်းဖြည်းတည်ငြိမ်လာကာ သူတော်ကောင်းလိုလို မျက်နှာပေးဖြစ်လာသည်။

“မနောကံ ရာဇဝတ်မှုဆိုတာ ကြောက်စရာကောင်းပါတယ်။ သူက အတွင်းထဲမှာ ဖြစ်တာ။ ခင်ဗျားကိုယ်တိုင်တောင်မသိဘဲနဲ့ သူကခင်ဗျားကိုချုပ်ကိုင်နိုင်တယ်။ သူကကျုပ်ကို ဘယ်လိုချုပ်ကိုင်သွားလဲ သိလား။ အိပ်ပျော်နေတုန်းဖြစ်တာ။ ဟုတ်တယ်၊ ဒါအမှန်ပဲ။ သူကရောက်နေပြီ။ အတွင်းထဲမှာ အလုပ်လုပ်နေတယ်။ စိတ်ထဲကို မကောင်းမှုဝင်သွားပြီဆိုတာ ကိုယ်တိုင်မသိဘူး။ နောက်တော့မှ ကျုပ်လေ၊ အိပ်ပျော်နေရင်း စကားတွေပြောနေတယ်။ သူတို့ ဘာကြားသွားလဲ သိလား”

ထိုနေရာတွင် ပါဆန် အသံတိုးသွားသည်။ မဖွယ်မရာကိစ္စတစ်ခုကို ဆေးပညာပိုင်းဆိုင်ရာအကြောင်းရင်းအတွက်မလွှဲသာဘဲ ပြောထုတ်ရတော့ မည့်လူလို အသံတိုးသွားသည်။

“အစ်ကိုကြီး ကျဆုံးပါစေ။ ဟုတ်တယ်၊ အဲဒီလိုကို ပြောခဲ့တာ။ ဒီတစ်လုံးကိုပဲ ထပ်ခါထပ်ခါပြောခဲ့မိပုံပဲ။ ခင်ဗျားနဲ့ကျုပ်နဲ့ နှစ်ယောက်တည်းမို့ လို့ ပြောတာပါ။ တကယ်တော့ သူသိပ် အလုပ်မလုပ်နိုင်ခင် ဖမ်းမိသွားတာ ကျုပ်ဝမ်းသာပါတယ်။ ခုံရုံး မတက်ခင် ကျုပ်ပြောမယ့်စကားကဘာလဲ သိလား။ ကျေးဇူးတင်ပါတယ်လို့ပဲပြောချင်တာ။ ကျေးဇူးတင်ပါတယ်၊ သိပ်နောက်မကျခင်မှာ ကယ်တဲ့အတွက်ကျေးဇူးတင်ပါတယ်လို့။ ကျုပ် ဒီလိုပဲပြောမှာ”

“ခင်ဗျားကို ပုလိပ်သွားတိုင်တဲ့လူက ဘယ်သူလဲ”

“သမီးလေးပါကွာ” ဟုစိတ်မချမ်းသာစွာ ပါဆန်ပြောသည်။

“သော့ပေါက်ကနေ ချောင်းနားထောင်တယ်လေ။ ကျုပ် ယောင်နေတာလည်းကြားရော၊ နောက်တစ်နေ့မှာလစ်ထွက်ပြီး လှည့်ကင်းတွေကိုသွား ပြောတယ်။ ခုနစ်နှစ်ပဲရှိသေးတာ။ ဘယ်လောက်တော်လဲ။ ဒီလိုလုပ်လို့ သမီး လေးကိုစိတ်မကွက်ပါဘူး။ တကယ်ပြောရရင် သမီးအတွက် ဂုဏ်တောင်ယူမိတယ်။ ကလေးကို ကျုပ် မှန်မှန်ကန်ကန်ပျိုးထောင်နိုင်ခဲ့ပြီလေ”

ပါဆန်သည် အကျဉ်းခန်းထဲ ဘောက်ဆတ်ဘောက်ဆတ်နှင့် ခေါက်တုံ့လူးလာလမ်းသလားရင်း အိမ်သာဇလားကိုမျှော်ပြီးကြည့်သည်။ ဖြုန်းခနဲဘောင်းဘီတိုဆွဲချွတ်ချကာ “မအောင့်နိုင်တော့လို့ ကိုယ့်လူရေ” ဟု ဝင်စတန့်အားပြောသည်။

ဝင်စတန် မျက်နှာကိုလက်ဝါးအုပ်သော် တယ်လီစက်မှ ဖြဲခနဲ အော်သံထွက်လာသည်။

"စမစ်သ်၊ ၆၀၇၉ စမစ်သ်ဝင်စတန်။ မျက်နှာပေါ်က လက်ဖယ်။ အကျဉ်းခန်းထဲမှာ မျက်နှာအုပ်ခွင့်မရှိဘူး"

ဝင်စတန် မျက်နှာပေါ်မှလက်ဖယ်သည်။ ဇလားထဲသို့ ပါဆန် ဖုံးဖောလအောသွန်ထုတ်ပြီးမှ ချို့ယွင်းနေသော ရေထွက်ပေါက်ကြောင့် အခန်းထဲတွင် နာရီပေါင်းများစွာနံဟောင်ကျန်ခဲ့သည်။

ပါဆန့်ကိုခေါ်ထုတ်သွားကြသည်။ အကျဉ်းသားများ သွင်းလိုက် ထုတ်လိုက်နှင့် အသိရခက်လှတော့၏။ တစ်ကြိမ်တွင်မတော့ အကျဉ်းသူ တစ်ဦးကို အခန်း၁၀၁ ပို့ဖို့အမိန့်ထုတ်လိုက်သည်နှင့် ထိုအကျဉ်းသူသွေးဆုတ် သွားခဲ့သည်ကို ဝင်စတန်သတိထားမိသည်။ သည်လိုနှင့် အခန်းထဲသို့ အကျဉ်းသူအကျဉ်းသား စုစုပေါင်းခြောက်ဦး ရောက်ရှိလာခဲ့ပြီ။ အားလုံး မလှုပ်မယှက် ထိုင်နေကြသည်။

ဝင်စတန်နှင့်မျက်နှာချင်းဆိုင်မှလူသည် မေးစေ့သေးသေး၊ ရှေ့သွား ခေါ်ခေါ်၊ ရှဉ့်အကြီးစားနှင့်တူသော ပုံပန်းသွင်ပြင်ရှိသည်။ ဖောင်းနေသောပါး သားနှစ်ဖက်က အစာငုံထားသည့်အတိုင်းဖြစ်၏။ ညိုဖျော့ဖျော့မျက်လုံးများက မျက်နှာများကို အထိတ်ထိတ်အပျာပျာ ခုန်ကူးကြည့်နေပြီး တစ်ယောက် ယောက်နှင့် မျက်လုံးချင်းဆိုင်မိပါက ပျာယီးပျာယာအကြည့်လွှဲသည်။

တံခါးပွင့်လာပြီး အကျဉ်းသားတစ်ယောက်ထပ်သွင်းသည်။ ထိုလူ့ မျက်နှာကိုမြင်လိုက်သည်နှင့် ဝင်စတန်သွေးခဲသွားသလို ယာယီ ခံစားလိုက်ရသည်။ အင်ဂျင်နီယာ သို့မဟုတ် နည်းပညာရှင်ဖြစ်ဟန်တူသော ထိုလူသည် ရွက်ကြမ်းရေကျိုမျှသာဖြစ်ပြီး ခက်ထန်ပုံရသည်။ လန့်စရာကောင်းသည်မှာ ထိုလူ၏မျက်နှာသည် ဦးခေါင်းခွံချည်းသာရှိနေသကဲ့သို့ မျက်နှာပြင် အသား ပါးလျလွန်းသည်။ မျက်လုံးနှင့် ပါးစပ်ပေါက်ကြီးကသာ အချိုးမညီ ဟောက် ပက်ကြီးဖြစ်နေသည်။ မျက်လုံးများထဲ လူသတ်လိုစိတ်နှင့် ဥဒါန်းမကျေသော အမုန်းများပြည့်လျှမ်းနေသည်။

ထိုခေါင်းခွံလူသားသည် ဝင်စတန်နှင့်မလှမ်းမကမ်းတွင် ထိုင်သည်။ ထိုလူ့မျက်နှာကို ဝင်စတန်ထပ်မကြည့်တော့။ အညှဉ်းဆဲခံ ထိုလူသား၏ မျက်နှာသည် သူ့ရှေ့တွင်လာရပ်ပြနေဘိသကဲ့သို့ သူ့စိတ်အာရုံထဲ တစ်ခါ တည်း စွဲသွားခဲ့သည်။ ဖြုန်းခနဲသူသိလိုက်သည်မှာ ထိုလူသည်ငတ်ပြီး သေတော့မည်။ အကျဉ်းခန်းထဲမှ လူတိုင်း ထိုတူညီသောအတွေးကိုသာ တွေးမိလိုက်ကြပုံရသည်။ ပတ်လည်တန်းလျားတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

မေးစေ့သေးသေးလူသည် ဦးခေါင်းခွံလူသားကို ကွက်ကြည့်ကွက်ကြည့်နှင့် မျက်ကလဲဆန်ပြာ မနေနိုင်မထိုင်နိုင်ဖြစ်နေလေသည်။ နောက်ဆုံး တွင်ထရပ်ပြီး အခန်းထဲ ဟိုလျှောက် သည်လျှောက် လုပ်သည်။ ယူနီဖောင်း အိတ်ထဲမှ ညိုညစ်ညစ်ပေါင်မုန့်ကိုဆွဲထုတ်ပြီး ဦးခေါင်းခွံလူသားထံ ရွံ့တွန့်တွန့်

လှမ်းပေးလိုက်ရာ-

တယ်လီစက်မှဝုန်းခနဲ ထွက်လာသောအသံသည် နားကွဲမတတ်။ မေးစေ့သေးသေးလူသည် လန့်ပြီးနောက်ခုန်ဆုတ်သည်။ ဦးခေါင်းခွံလူသားက လက်နှစ်ဖက်ကိုချက်ချင်းနောက်ပစ်လိုက်ပုံသည် အပေးအကမ်းဟူသမျှကို ငြင်းဆိုကြောင်း တစ်ကမ္ဘာလုံးအား အသိပေးသလိုဖြစ်၏။ တယ်လီစက်မှ ဟိန်းသံကြီးထွက်လာသည်။

"ဘမ်စတက်၊ ၂၇၁၃ ဘမ်စတက်ဂျေ။ ပေါင်မုန့်ကို လွှတ်ချလိုက်စမ်း"

မေးစေ့သေးသေးလူသည် ပေါင်မုန့်ကိုလွှတ်ချလိုက်သည်။

"နေမြဲတိုင်းငြိမ်ငြိမ်နေ။ တံခါးဘက်ကိုမျက်နှာမူထား။ မလှုပ်နဲ့"

မေးစေ့သေးသေးလူ နာခံသည်။ ပါးစုန့်ဖောင်းဖောင်းကြီးများသည် ထိန်းမနိုင်အောင်တဇတ်ဇတ် တုန်ယင်လျက်ရှိသည်။ အကျဉ်းခန်းတံခါးပွင့် သွားပြီး အခန်းထဲ အရာရှိဝင်လာကာ ဘေးကိုကပ်ပေးလိုက်၍ အရာရှိနောက် မှ ပေါ်ထွက်လာသော ဂင်တိုတိုအစောင့်၏ထွားကျိုင်းတုတ်ခိုင်လှသော လက်မောင်းနှင့် ပခုံးသားကြီးများကို တွေ့လိုက်ရတော့၏။ ထိုလူက မေးစေ့ သေးသေးလူ၏ ရှေ့တည့်တည့်တွင်ရပ်ပြီး အရာရှိကအချက်ပြလိုက်သည်နှင့် အကျဉ်းသား၏ ခံတွင်းထဲသို့ လက်သီးတစ်လုံးကို ကိုယ်တိုင်ကြမ်းနှင့် လွှတ်သွားသည်အထိ အားကုန်ကျုံး၍ လွှတ်လွှတ်ကျွတ်ကျွတ်ကြီး ပစ်သွင်း ထည့်လိုက်သည်။ အထိုးခံရသောအကျဉ်းသားသည် လွင့်ထွက်သွားပြီး ရေ အိမ်ဇလားအောက်ခြေတွင် သတိလစ်နေသူလို ပုံကျသွား၏။ သွေးပုပ်သွေး မည်းများ နှာခေါင်းနှင့်ခံတွင်းမှ စီးယိုကျလာသည်။ တအီအီလှိုက်ညည်းသံ သည် မကြားရသလောက်တိုးညင်းနေသည်။ ထို့နောက်မှ ကိုယ်ကိုလှိမ့်ချပြီး ဒယီးဒယိုင်လေးဖက်ထောက်သည်။ ဟက်တက်ကွဲသွားသော အံကပ်နှစ်ခြမ်း သည် သွေးနှင့်တံတွေးများရောလျက် ပါးစပ်ထဲမှထွေးအန်ကျလာသည်။

အကျဉ်းသားများအားလုံး ဒူးနှစ်လုံးပိုက်ပြီး ငြိမ်သက်စွာ ထိုင်နေကြသည်။ မေးစေ့သေးသေးအကျဉ်းသားသည် ကျုံးထပြီး နဂိုနေရာပြန်ထိုင်သည်။ မျက်နှာတစ်ခြမ်းလုံး ညိုမည်းသွားချေပြီ။ ခံတွင်းတစ်ခုလုံး ပုံပျက်ပန်းပျက် ရောင်အမ်းကာ အလယ်တွင် မှောင်တွင်းနက်သောတွင်းဝလေးဖြစ်နေသည်။ ယူနီဖောင်းပေါ် သွေးတစက်စက်ကျလျက်။ ညိုမွဲမွဲမျက်လုံးလေးများက မျက်နှာများဆီ လူးလာခတ်ဆဲ။ သူ၏အရှက်တကွဲအကျိုးနည်းခြင်းအပေါ် အခြားလူများအဘယ်မျှ မုန်းတီးစက်ဆုပ်နေသလဲ သိရအောင်ရှာဖွေနေသကဲ့သို့ ညိုမွဲမွဲမျက်လုံးလေးများသည် ခါတိုင်းထက်ပိုပြီး ခိုးကြောင်ခိုးဝှက် နိုင်နေသည်။

အကျဉ်းခန်းတံခါးပွင့်လာသည်။ အရာရှိသည် ဦးခေါင်းခွံလူသားဘက် လက်ဟန်ပြပြီး "အခန်း ၁၀၁" ဟုဆိုလိုက်ရာ ဝင်စတန့်ဘေးနားတွင် ယောက်ယက်ခတ်သွားသည်။ ဦးခေါင်းခွံလူသားသည် ကြမ်းပေါ် ဒူးပစ်ထိုးကာ လက်ကလေးနှစ်ဖက်ဆုပ်၍ အရာရှိမင်းအားတောင်းပန်နေသည်။

"အရာရှိမင်းခင်ဗျာ၊ အဲဒီနေရာ ကျွန်တော့်ကိုခေါ်သွားစရာ မလိုပါဘူး။ ကျွန်တော်အားလုံး ပြောပြပြီးပြီမဟုတ်လား။ တခြားဘာသိချင်တာ များ ရှိသေးလဲ။ ကျွန်တော်အားလုံးဝန်ခံပြီးပါပြီ။ ဘာမှမကျန်တော့ပါဘူး။ ကျွန်တော် ဘာကိုဝန်ခံရမလဲပြောပါ။ ဝန်ခံပါ့မယ်။ ချုသာရေးလိုက်ပါ။ ကျွန် တော် လက်မှတ်ထိုးပေးပါ့မယ်။ ဘာပဲဖြစ်ဖြစ်ပါ။ ဒါပေမယ့် အခန်း၁၀၁ကို တော့ မပို့ပါနဲ့"

"အခန်း ၁၀၁" ဟု အရာရှိအမိန့်ချသည်။

ဦးခေါင်းခွံလူသား၏ ဖြူဖွေးပြီးသားမျက်နှာအရောင် ပြောင်းသွားပုံကို မြင်သာမမြင်ရလျှင် ယုံနိုင်ဖွယ်မရှိ။ အစိမ်းရောင် ပြောင်းသွားခဲ့ခြင်း။

"ကျွန်တော့်ကိုကြိုက်သလိုလုပ်ပါ ဆရာတို့ရယ်။ ကျွန်တော့်ကို အငတ်ထားခဲ့တာ ဘယ်နှပတ်ရှိပြီလဲ။ တစ်ခါတည်းအငတ်ထားပြီး အသေသာ သတ်လိုက်ပါတော့။ ကျွန်တော့်ကို ပစ်သတ်ပါ။ ကြိုးပေးပါ။ တစ်သက်တစ် ကျွန်းထောင်ချပါ။ ဆရာတို့ ဘယ်သူ့ အကြောင်းသိချင်သေးလို့လဲ။ ဘယ်သူလဲ ဆိုတာသာ ပြောပါ။ ဆရာတို့ လိုချင်တဲ့အတိုင်းဖြစ်စေရမယ်။ ဘယ်သူတွေဖြစ်ဖြစ် ကျွန်တော် ဂရုမစိုက်ပါဘူး။ သူတို့ကို ဆရာတို့ဘာလုပ်လုပ် ကျွန်တော်ဂရုမစိုက်ပါဘူး။ ကျွန်တော့်မှာ မိန်းမနဲ့ကလေးသုံးယောက်ရှိတယ်။ အကြီးဆုံးက ခြောက်နှစ်တောင်မပြည့်သေးဘူး။ သူတို့တစ်ပြုံလုံး ကျွန်တော့် ရှေ့ခေါ်လာပြီး လည်ပင်းလှီးရင်တောင်ရပါတယ်။ ကျွန် တော် မတ်တတ်ရပ် ကြည့်နေပါ့မယ်။ ဒါပေမယ့် အခန်း ၁၀၁ ကိုတော့မပို့ပါနဲ့"

"အခန်း ၁၀၁" ဟု အရာရှိအမိန့်ပေးသည်။

သူ့နေရာကိုအစားသွင်းနိုင်သူ ရှိလိုရှိငြား ဦးခေါင်းခွံအကျဉ်းသားသည် အခြားအကျဉ်းသားများကို အရူးမီးဝိုင်းလှည့်ပတ်ကြည့်ပြီး မေးစေ့ သေးသေးလူ၏ ရုပ်ပျက်မျက်နှာကြီးပေါ် အကြည့်ရောက်သွားသည်။ ဦးခေါင်းခွံအကျဉ်းသားသည် လှီသောလက်ကို ဆန့်ထုတ်ကာ အသံကုန်ဟစ်သည်။

"ဆရာတို့ သူ့ကိုခေါ်သွားရမှာ။ ကျွန်တော်မဟုတ်ရပါဘူးဗျာ။ သူ့မျက်နှာကိုရိုက်တုန်းက ဆရာတို့ကို သူဘာပြန်ပြောလဲ၊ ဆရာတို့မကြားဘူး။ သူပြောသမျှ ကျွန်တော်အကုန်ပြန်ပြောပါရစေ၊ ပါတီရဲ့ရန်သူဟာ သူပါ။ ကျွန်တော်မဟုတ်ဘူး"

အစောင့်များရှေ့တက်လာသည်။ အကျဉ်းသား၏အော်သံ စူးစူးဝါးဝါးဖြစ်လာသည်။

"ကျွန်တော်ပြောတာ မကြားကြဘူးလား။ တယ်လီစကက ပျက်နေတယ်။ ဆရာတို့လိုချင်တဲ့လူက သူ။ သူ့ကိုခေါ်သွား။ ကျွန်တော်မဟုတ်ဘူး"

ဗလကောင်းကောင်းအစောင့်နှစ်ယောက်သည် အကျဉ်းသားကို လက်မောင်းနှစ်ဖက်မှဆွဲယူလိုက်စဉ် အကျဉ်းသားသည် သုတ်ခနဲရှောင် ထွက်ကာ တန်းလျားခြေထောက်ကို ဖက်တွယ်ထားသည်။ အော်သံသည် တိရစ္ဆာန်တစ်ကောင်လို ကျည်လောင်စူးရှနေသည်။ အစောင့်များက အကျဉ်း

သားကို အတင်းဆွဲဖြုတ်သော်မရ။ တန်းလျားခြေထောက်ကို ကုပ်တွယ်ထားသော အကျဉ်းသား၏ အားအင် သည် အံ့လောက်စရာဖြစ်နေသည်။ စက္ကန့် နှစ်ဆယ်ခန့်ကြာအောင် ဆွဲဖြုတ်ရသည်။ အကျဉ်းသားများအားလုံး ဒူးနှစ်လုံး ပိုက်၍ ရှေ့တည့်တည့်ကိုသာကြည့်ပြီး ငြိမ်သက်စွာထိုင်နေကြသည်။ အော်ဟစ်သံရပ်သွားပေပြီ။ အော်စရာလေမကျန်တော့။ ထို့နောက်မှ ငိုယို သံထွက်လာသည်။ အစောင့်၏ဘွတ်ဖိနပ်ကန်ချက်ကြောင့် လက်ချောင်း တစ်ချောင်း အရိုးကျိုးသွားခဲ့သည်။ အကျဉ်းသားကို အစောင့်များဆွဲထုတ်သည်။

"အခန်း ၁၀၁" ဟု အရာရှိအမိန့်မှတ်သည်။

အကျဉ်းသားသည် ငိုက်စိုက်ငိုက်စိုက်နှင့် ကျိုးသွားသော လက်ချောင်းကို သက်သာအောင်လုပ်ရင်း ပါသွားလေသည်။

အချိန်များကုန်လွန်သွားသည်။ ဦးခေါင်းခွံလူသားကိုခေါ် သွားချိန် သည် ညသန်းခေါင်ဖြစ်ပါက မနက်လိုအချိန်မျိုးထိရောက် လာခဲ့ပြီ။ အကျဉ်း ခန်းထဲ ဝင်စတန် တစ်ယောက်တည်းကျန်ခဲ့သည်မှာ နာရီပေါင်း မနည်းတော့။ တန်းလျားကျဉ်းကျဉ်းကျုတ်ကျုတ်ပေါ် ထိုင်ချိန်များသဖြင့် တစ်ကိုယ်လုံး ကိုက်ခဲနေသည်။ ထထပြီး လမ်းလျှောက်ပေးသော် တယ်လီစကက်ကအပြစ်မတင်။ မေးစေ့သေးသေးလူ ချထားခဲ့သည့်အတိုင်း ပေါင်မုန့်ပိုင်းလေးရှိနေ သေးသည်။ ထိုပေါင်မုန့်ကို မကြည့်မိအောင် ပထမတော့ သူမနည်းတင်းထားရသေးသည်။ သို့သော် ဆာလောင်မွတ်သိပ်ခြင်းမှသည် ရေငတ်ခြင်းဆီ ကူးပြောင်းလာခဲ့ပြီမို့ ခံတွင်းထဲကပ်စီးစီးနှင့် ခါးသက်နေသည်။

ဦးခေါင်းထဲမှ တဇီဇီမြည်သံနှင့် အလင်းပွင့်များကြောင့် သူသတိလစ်သွားနိုင်သည်။ ခန္ဓာကိုယ်၏အရိုးများက မတရားကိုက်ခဲလွန်း၍ သူထရပ် လိုက်လျှင် မူးရိပ်မူးရိပ်ဖြစ်ပြီး ချက်ချင်း ထိုင်ချရသည်။ ရုပ်ပိုင်းဆိုင်ရာခံစားသိများကို နည်းနည်းလေးထိန်း ချုပ်နိုင်ပြန်လျှင်လည်း အကြောက်တရားက တစ်ကြော့ပြန်ပေါ်လာသည်။ တစ်ခါတလေတော့လည်း အိုဘရိုင်ယန်နှင့် ဘလိတ်ဓားကို မဝံ့မရဲမျှော်လင့်မိသည်။ သူ့ကိုသာအစာကျွေးမည်ဆိုလျှင် အစာထဲ ဘလိတ်ဓားဝှက်ပြီး ပို့ပေးလိုက်နိုင်သည်။ ဂျူလီယာ့ကိုမူ သူသတိမရချင်။ တစ်နေရာရာတွင် ဂျူလီယာသည် သူ့ထက်ပိုအနိုပ်စက်ခံနေရ လောက်သည်။ ယခုလောက်ဆိုလျှင် ဂျူလီယာနာလွန်း၍ အော်ဟစ်နေရ လောက်ပြီ။ သူတွေးမိသည်မှာ 'ငါကနှစ်ဆ ပိုအနာခံလို့ ဂျူလီယာလွတ်မယ် ဆိုရင် ငါအနာခံမလား၊ ခံမယ်' ဟု တွေးမိခြင်း။ သို့သော် ထိုအတွေးသည် ဦးနှောက်၏ဆုံးဖြတ်ချက် ဖြစ်နေသည်။ ခံသင့်သည်ဟုယူဆ၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ ရင်ထဲမှလာသည့် ခံစားချက်မဟုတ်။ ဤနေရာတွင် နာကျင်ခြင်း နှင့် နာရတော့မည်ဟုကြိုသိခြင်းမှလွဲ၍ အခြားဘာခံစားချက်မှ ဖြစ်ပေါ်မလာ နိုင်။ သည့်အပြင် သင်တကယ်နာပြီဆိုပါက ပိုနာရပါစေကြောင်း တောင့်တ နိုင်ပါ့မည်လော။ ထိုမေးခွန်းကို ယခုထိတော့

သူအဖြေမပေးနိုင်သေး။

ဘွတ်ဖိနပ်သံများ ချဉ်းကပ်လာကြပြန်သည်။ အကျဉ်းခန်းတံခါး ပွင့်ပြီး အိုဘာရိုင်ယန် ဝင်လာသည်။

ဝင်စတန် ချက်ချင်းထရပ်သည်။ တွေ့လိုက်ရသောမြင်ကွင်း ကြောင့် သတိဝီရိယများ ဘယ်ရောက်သွားမှန်းမသိ။ နှစ်ပေါင်းများစွာအတွင်း ဘဝ တွင် ပထမဆုံးအကြိမ်အဖြစ် တယ်လီစကင် ရှိနေခြင်းကို သူမေ့သွားခဲ့သည်။

“ခင်ဗျားလည်း အဖမ်းခံရတယ် ဟုတ်လား”

“ကျုပ်အဖမ်းခံရတာ ကြာလှပါပြီ” ဟု အိုဘာရိုင်ယန်သည် စိတ်မချမ်းသာသလို ရွဲ့ပြောသည်။ အိုဘာရိုင်ယန် ဘေးကပ်ပေးလိုက်သော အခါ အိုဘာရိုင်ယန်နောက်မှ ရင်အုပ်ကားကားအစောင့် တစ်ယောက်သည် လက်ထဲနံပါတ်တုတ်ကိုင်လျက် အခန်းထဲ ဝင်လာသည်။

“ခင်ဗျားသိပြီးသားပဲ၊ ဝင်စတန်။ ကိုယ့်ကိုယ်ကိုယ်လှည့်ဖြားမနေ ပါနဲ့တော့။ ခင်ဗျားသိခဲ့တယ်။ အမြဲတမ်းသိခဲ့တာ”

မှန်သည်။ ယခုမှသူသိတော့သည်။ အမြဲတမ်း သူ သိနေခဲ့သည်။ သို့သော် တွေးနေဖို့ အချိန်မရှိ။ မျက်လုံးမခွာတမ်းသူကြည့်နေသည်မှာ အစောင့်လက်ထဲမှ နံပါတ်တုတ်။ သွားပေါ်၊ နားရွက်ဖျားပေါ်၊ လက်မောင်း ပေါ်၊ တံတောင်ပေါ်၊ ဘယ်နေရာပေါ် ကိုမဆို ကျလာနိုင်သည့်နံပါတ်တုတ်။

တံတောင်ဆစ်ပါကလား။ အကြောသေသလို သူစွေ့ခနဲ ဒူးထောက် လျက်သား ကျသွားသည်။ အရိုက်ခံရသည့်တံတောင်ဆစ်ကို အခြားလက်တစ် ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ အရာရာတိုင်း အလင်းဝါဝါများအဖြစ် ပေါက်ကွဲ ထွက်နေသည်။ တစ်ချက်တည်းနှင့် ဤမျှနာကျင်အောင် လုပ်နိုင်ပုံသည် ယုံနိုင် စရာပင်မရှိ။ ကြယ်တွေလတွေပျောက်သွားတော့ သူ့ကိုငုံ့ကြည့်နေသော လူနှစ်ယောက်ကို တွေ့သည်။ သူအကြောဆွဲနေပုံကို အစောင့်က တဟားဟား သဘောတွေကျလျက်။ တစ်ခုသောမေးခွန်းသည် အဖြေပေါ်ခဲ့ပြီ။ ဘယ်လိုအကြောင်းမျိုးကြောင့်ဖြစ်ပစေ၊ ပိုနာရပါစေကြောင်း မတောင့်တနိုင်။ နာပြီဟေ့ ဆိုလျှင် တစ်ခုတည်းသာတောင့်တနိုင်သည်။ အနာရပ်လိုခြင်း။ ဤကမ္ဘာပေါ် တွင် ရုပ်ပိုင်းဆိုင်ရာဝေဒနာထက် ဘယ်ဟာကမှပိုမဆိုး။ ရုပ်ပိုင်းဆိုင်ရာ ဝေဒနာထဲတွင် သူရဲကောင်းမရှိ။ မလှုပ်နိုင်တော့သော ဘယ်ဘက်လက်ကို ဆုပ်ကိုင်ကာ ကြမ်းပေါ်လူးရင်း ထိုအတွေးတစ်ခုသာ ပတ်ချာလည်နေခဲ့သည်။

စခန်းအိပ်ရာနှင့်တူသော အိပ်ရာပေါ် ဝင်စတန်လျှောင်းနေသည်။ မြေပြင်ထက်အလွန်မြင့်သော အိပ်ရာပေါ်တွင် သူ့ကိုမလှုပ်နိုင်အောင် တစ်ခုခုလုပ်ထားကြသည်။ သူ့မျက်နှာပေါ်ကျနေသော အလင်းရောင်သည် သာမန်ထက် ပိုစူးသယောင်ရှိသည်။ ဘေးနားတွင် အိုဘရိုင်ယန် မတ်တတ်ရပ်ပြီး သူ့မျက်နှာ ထဲ သဲသဲမဲမဲငုံ့ကြည့်နေသည်။ အခြားဘက်တွင် ဂျူတီကုတ်နှင့် ဆရာဝန်တစ်ဦး ဆေးထိုးအပ်ကိုင်ထား၏။

မျက်လုံးများဖွင့်ကြည့်နိုင်သည့်တိုင် ပတ်ပတ်လည်ကို တဖြည်းဖြည်းမှစုစည်းမိသည်။ နက်ရှိုင်းသောရေအောက်ကမ္ဘာမှတက်လာရသည့် အတိုင်း သူ့မှာရေကူးနေရသလို။ ရေအောက်ကမ္ဘာထဲ ဘယ်လောက်ကြာခဲ့ သလဲ သူမသိ။ အဖမ်းခံရချိန်မှစပြီး ယခုထိ နေ့နှင့်ညကိုသူမမြင်ရသေး။ သည့်အပြင် သူ့မှတ်ဉာဏ်များကလည်း တစ်ဆက်တည်းမဟုတ်ခဲ့။

တံတောင်ဆစ်ကိုအရိုက်ခံရချိန်မှစပြီး အိပ်မက်ဆိုးများ စတင်ခဲ့သည်။ ထိုရိုက်ချက်သည် အမြည်းကလေးသာဖြစ်ကြောင်း၊ အကျဉ်းသား အားလုံးနီးပါး ခံစားခဲ့ရသော ပုံမှန်စစ်ဆေးရေးသာဖြစ်ကြောင်း နောင်မှ သူသိရသည်။ ပူးပေါင်းကြံစည်ခြင်း၊ အဖျက်လုပ်ငန်း၊ စသည်စသည်ဖြင့် လူတိုင်းဝန်ခံရသော ရာဇဝတ်မှုအတွဲလိုက်သည် စီကာစဉ်ကာရှိပြီးသား ဖြစ်၏။ ဝန်ခံခြင်းသည် လုပ်ရိုးလုပ်စဉ်။ ညှဉ်းပန်းနှိပ်စက်ခြင်းကမူ အရှိတရား။ အချက်ပေါင်း မည်မျှအရိုက်ခံရပြီးပြီလဲ။ ဘယ်လောက်ကြာအောင် အရိုက်နှက်ခံရပြီးပြီလဲ၊ သူမမှတ်မိ။ အနက်ရောင်ယူနီဖောင်းဝတ် ငါးဦး ခြောက်ဦးခန့် သူ့ကိုတစ်ပြိုင်တည်းရိုက်ကြသည်။ ရံခါတွင် လက်သီး၊ ရံခါတွင် နံပါတ်တုတ်၊ ရံခါတွင် သံမဏိချောင်း၊ ရံခါတွင် ဘွတ်ဖိနပ်။ သူကလည်း တိရစ္ဆာန်တစ်ကောင်လို မရှက်နိုင်တော့။ ကြမ်းပေါ်ထွန့်ထွန့်လူးနေသည်။ သူက လူးလေ၊ သူတို့က ကန်ချင်လေ၊ ပိုအကန်ခံရလေ။ နံကြားထဲ၊ ဝမ်းဗိုက်၊ တံတောင်၊ ခြေသလုံး၊ ပေါင်ခြံ၊ ငယ်ပါ၊ မြီးညှောင့်ရိုး။ သတိလစ်သွားချင်သော်မှ သတိလစ်အောင် ဘယ်လိုမှလုပ်မရသည့်အချိန်များလည်းရှိသည်။

အာရုံကြောများက သူ့ကိုစွန့်ခွာသွားပြီမို့ နောက်တစ်ကြော့ မရိုက်ရ သေးခင် သူအော်ကြီးဟစ်ကျယ် အသနားခံတောင်းပန်နေသည်။ သူ့ဆီဝင် လာမည့် လက်သီးတစ်လုံးကိုမြင်ရုံနှင့် သူလုပ်ခဲ့ သည့်အပြစ်များကို အဖြစ်မှန်ရော စိတ်ကူးယဉ်ရော ပါးစပ်ထဲရှိသမျှ ဒလဟောသွန်ထုတ်သည်။ ဘာမှ ဝန်မခံတော့ဟုဆင်ခြင်လိုက်သည့် အချိန်မျိုးလည်းရှိသည်။ “တောင့်ထားဦး မယ်။ နောက်ထပ် သုံးခါအကန်ခံရပြီးမှ၊ နှစ်ခါကွာ” စသဖြင့် မိမိကိုယ်ကို အပေးအယူလုပ်ရသည့်အချိန်မျိုးလည်းရှိသည်။ ရံခါတွင် သူမခံနိုင်တော့ သည်အထိရိုက်ကြသည်။ ပြီးလျှင် အကျဉ်းခန်းကျောက်သားကြမ်းပြင်ပေါ်

သူ့ကိုအာလူးအိတ်ပုံသလို ပုံထားလိုက်သည်။ အချိန်စောင့်ပြီး သူနည်းနည်းလေး ထူထူထောင်ထောင်ဖြစ်လာသည်နှင့် သူ့ကို နောက်တစ်ကြော့ ရိုက်ကြ ပြန်သည်။ သူသတိပြန်လည်ဖို့ အချိန်ကြာကြာယူရသည့်အခါများလည်း ရှိသည်။ ကိုယ်တိုင်ကသတိ လစ်မိန်းမောနေချိန်များသောကြောင့် ထိုကာလများကို ခပ်ဝါးဝါး သာမှတ်မိသည်။

နံရံမှထိုးထွက်နေသော အိပ်စင်ပျဉ်ချပ်ကိုသူမှတ်မိသည်။ သံဖြူသား ရေဇလုံ၊ စွပ်ပြုတ်ပူပူနှင့်ပေါင်မုန့်၊ ရံခါတွင်ကော်ဖီ။ မျက်နှာထားပုပ်ပုပ် ဆံသ ဆရာတစ်ဦးရောက်လာပြီး သူ့မေးစေ့နှင့် ဦးခေါင်းကိုလာရိတ်သွားမှန်း သူ မှတ်မိသည်။ အလုပ်သဘောဆန်ပြီး ကိုယ်ချင်းစာနာစိတ်မရှိသည့် ကုတ်ဖြူဝတ်ဆရာဝန်များ ရောက်လာကာ သူ့ကိုသွေးခုန်နှုန်းစမ်းသည်၊ မျက်ခွံ လှန်ကြည့်သည်၊ သူ့ ခန္ဓာကိုယ်ပေါ် ကျိုးသည့်အရိုးများရှာကြ ပျော်အောင် လက်မောင်းထဲ ဆေးထိုးအပ်သည်။ သူအိပ် များသွင်းကြသည်။

ရိုက်နှက်သည့်အကြိမ်ကြဲလာကာ ခြိမ်းခြောက်မှုသာအဓိ ကဖြစ်လာသည်။ သူ့ကိုစစ်ဆေးမေးမြန်းသူများမှာ အနက်ရောင် ဝတ်လူမိုက်များ မဟုတ်တော့ဘဲ မျက်မှန်တဝင်းဝင်းနှင့် ကသုတ်ကရက်နိုင်သော ပုအိုင့်အိုင့် ပါတီဝင်ပညာတတ်များ ဖြစ်လာကြသည်။ သူ့စိတ်ထင် သူ့ကိုမေးမြန်းချိန် သည် တစ်ဆိုင်း တစ်ဆိုင်းလျှင် ဆယ်နာရီ ဆယ့်နှစ်နာရီခန့် ရှိနိုင်သည်။ သူ့ကို နည်းနည်းတော့ နာနေသည်ဟု ထိုစစ်ဆေးရေးသမားများက မြင်ကြသည်။ သူ့ကိုပါးရိုက်သည်။ နားရွက်ဆွဲလိမ်သည်။ ဆံပင်ဆောင့်ဆွဲသည်။ ခြေတစ် ပေါင်ကျိုးမတ်တတ်ရပ်ခိုင်းသည်။ အပေါ့သွားခြင်းတား မြစ်သည်။ မျက်ရည်တောက်တောက်ကျသည်အထိ မျက်နှာထဲ အလင်းရောင် စူးစူးကြီး ထိုးထားသည်။

ထိုလုပ်ရပ်များသည် သူ့ကိုအရှက်ခွဲခြင်းသက်သက်သာဖြစ်ပြီး ဆင်ခြေဆင်လက်မပေးနိုင်အောင် နှိပ်ကွပ်လိုရင်းဖြစ်သည်။ သူတို့၏လက်နက် အစစ်အမှန်မှာ အညှာအတာမဲ့မေးခွန်းများဖြင့် နာရီပေါင်းများစွာ တရစပ် တိုက်ခိုက်ခြင်း။ သူ့ကိုမေးခွန်းများဖြင့် ထောင်ချောက်ဆင်သည်။ သူပြောသမျှကို နှုပ်ပစ်လိုက်သည်။ ရှေ့နောက်မညီအောင်၊ အလိမ်အညာဖြစ်သွားအောင် တစ်ထစ်ချင်းစီဆွဲခေါ်ကာ ပန္နက်ရိုက်အကွက်ဆင်လိုက်သည်။ နောက်ဆုံးတွင် အရှက်ကြောင့်ရော၊ ချူးချူးကျခြင်းကြောင့်ရော သူဟီးချငိုမိမြဲ။ ရံခါတွင် တစ်ဆိုင်းထဲတင် သူငိုရသည့်အကြိမ်ပေါင်း ဒါဇင်ချီသည်။

များသောအားဖြင့် အစောင့်များလက်ထဲ သူ့ကိုလွှဲမပေးခင် သူအဆဲခံရသည်။ ခြိမ်းခြောက်ခံရသည်။ လေသံချက်ချင်းပြောင်းသွားသည့်အခါမျိုး လည်းရှိသည်။ သူ့အား ရဲဘော်ဟုခေါ်သည်။ အင်ဆော့နှင့် အစ်ကိုကြီးဟူသော အမည်နာမအောက်တွင် ပါတီအပေါ် သစ္စာရှိစွာအလုပ်အကျွေးပြုပြီး လွန်ကျူးခဲ့သမျှ မကောင်းမှုတို့အတွက် အပြစ်ဆေးကြောလိုပါသလားဟု ဝမ်းပမ်းတနည်း

မေးကြသည်။ နာရီပေါင်းများစွာသောမေးခွန်းများကြောင့် သူ့အာရုံကြောများအလဲအကွဲဖြစ်နေသည့်တိုင် ထိုပုံစံမျိုး အချော့ခံရပြီဆိုပါက သူတရှုပ်ရှုပ်ငိုမိမြဲ။ နောက်ဆုံးတွင် ထိုတဂျီဂျီအသံလေးက အစောင့်များ ၏ဘွတ်ဖိနပ်နှင့် လက်သီးတို့ထက်ပင် သူ့အား စိတ်ထောင်းကိုယ်ကြေဖြစ်အောင် လုပ်နိုင်ခဲ့သည်။

သူသည် အတောင်းဆိုခံရသည့် ပုံစံအတိုင်းဖြစ်လာခဲ့ပြီ။ သူ့ပါးစပ်သည်ပြောဖို့ သူ့လက်သည်အမှုအရာပြဖို့၊ သူတို့ဝန်ခံ စေချင်သောအရာကို ရှာဖို့အတွက်သာ သူအရေးထားတော့သည်။ အနိုင်ကျင့်မခံရခင် ချက်ချင်း ဝန်ခံသည်။ ထင်ရှားသောပါတီဝင် ခေါင်းဆောင်များကို လုပ်ကြံမှုအတွက် သူဝန်ခံသည်။ နိုင်ငံတော် ကိုအကြည်ညိုပျက်စေသော လက်ကမ်းစာစောင် များ ထုတ်ဝေခြင်းအတွက် သူဝန်ခံသည်။ ရန်ပုံငွေအလွဲသုံးစားလုပ်ခြင်း၊ စစ်ရေး လျှို့ဝှက်ချက်များရောင်းစားခြင်း၊ မျိုးစုံသောအဖျက်လုပ်ငန်းများနှင့် ၁၉၈၆ ခုကတည်းက အိစတာရှားနိုင်ငံအစိုးရ၏ ငွေကိုယူပြီး သူလျှိုလုပ်ခဲ့ခြင်းအတွက် သူဝန်ခံသည်။ ထို့ပြင် သူသည်ဘာသာရေး ယုံကြည်ချက်ရှိသူ၊ အရင်းရှင်စနစ်ကိုးကွယ်သူနှင့် လိင်မှုရေးရာ ဖောက်ပြန်ရေးသမားဖြစ်ကြောင်း သူဝန်ခံသည်။ သူ့ဇနီးကိုသတ်ခဲ့ကြောင်းဝန်ခံသည်။ သူ့ဇနီးအသက်ရှင် လျက်ရှိကြောင်း သူ့ကို စစ်ကြောမေးမြန်းနေသူများ သိပြီးသားဆိုသည်ကို သူ သိလျက်နှင့် ဝန်ခံခြင်းဖြစ်သည်။

ဂိုးစတိန်းနှင့်ဆက်ဆံမှုရှိခဲ့ပြီး သူသည်မြေအောက်ကွန်ရက်၏ အသင်းဝင်တစ်ဦးဖြစ်ကြောင်း၊ သူသိသမျှလူအားလုံးလည်း သူ့ နည်းတူဖြစ်ကြောင်း သူခံဝန်ချက်ပေးသည်။ အရာရာကိုဝန်ခံပြီး လူတိုင်းကို ငြိစွန်းခိုင်း လိုက်ခြင်းသည် လွယ်ကူနေသည်။ တစ်နည်းတစ်ဖုံအားဖြင့်လည်း သူ့ ခံဝန်ချက်များသည် မှားမနေ။ သူသည် ပါတီ၏ရန်သူဖြစ်သည်မှာမှန်သည်။ ပါတီ၏အမြင်တွင် စိတ်ကူးနှင့် လုပ်ရပ်သည် ကွဲပြားခြားနားခြင်းမရှိ။

ပတ်ပတ်လည်မှောင်မည်းနေသော ရုပ်ပုံကားချပ်ကိုကြည့်ရသကဲ့သို့ အချိတ်အဆက်ပြတ်နေသော ဖြစ်စဉ်အချို့ကိုလည်း သူမှတ်မိနေသည်။ သူရောက်နေသောအကျဉ်းခန်းသည် လင်းချင်လည်းလင်းမည်၊ မှောင်ချင်လည်းမှောင်မည်။ အဘယ်ကြောင့်ဆိုသော် သူမြင်နေရသည်က မျက်လုံးတစ်စုံသာဖြစ်၏။ လက်လှမ်း မီလောက်သည့်နေရာမှ စက်ပစ္စည်းတစ်ခုသည် တချက်ချက်နှင့် ဖြည်းဖြည်းချင်းသွားနေသည်။ ထိုတစ်စုံသောမျက်လုံးများ ပိုကြီးပြီး ဝင်းဝင်းတောက်လာသည်။ ဖြုန်းခနဲ သူထိုင်ခုံမှထပြီး ထို မျက်လုံးကြီး ထဲ ဒိုင်ဗင်ထိုးဝင်သွားကာ မျက်လုံးကြီးက သူ့ကိုမျိုဝါး လေသည်။

မျက်စိကျိန်းလောက်သော အလင်းရောင်အောက်ဝယ် သူ့ကို ကုလား ထိုင်ပေါ်၌ သိုင်းကြိုးများဖြင့် ပတ်ထားကြသည်။ ။ ပတ်ပတ်လည်တွင် ဒိုင်ခွက် များ။

ကုတ်ဖြူဝတ်လူတစ်ဦးက ဒိုင်ခွက်များဖတ်နေသည်။ အပြင်ဘက်မှဘွတ်ဖိနပ်သံနှင့်တစ်ဆက်တည်း အခန်းတံခါးပွင့်လာကာ ဖယောင်းမျက်နှာ အရာရှိသည် အစောင့်နှစ်ဦးနှင့်အတူ အခန်းထဲဝင်လာသည်။ "အခန်း ၁၀၁" ဟု အရာရှိ ဆိုသည်။ ကုတ်ဖြူဝတ်လူသည် အရာရှိဘက်လှည့်မကြည့်။ ဝင်စတန် ကိုလည်း ကြည့်မနေဘဲ ဒိုင်ခွက်များသာကြည့်နေသည်။

တစ်ကီလိုမီတာခန့်ကျယ်သော ရောမကော်ရစ်ဒါကြီးပေါ်မှာ ဝင်စတန်ယိမ်းထိုးလျှောက်နေသည်။ ရွှေရောင်တွေဝင်းပြက်ကာ ရယ်သံတွေ အုံးအုံးညံနေသော ကော်ရစ်ဒါပေါ် သူသည်အသံကုန်ဟစ်၍ ခံဝန်ချက်တွေပေးနေသည်။

အရာရာတိုင်းကို သူဝန်ခံသည်။ ဝန်အခံစောစော၍ နှိပ်စက်ခြင်းမှ လွတ်ခဲ့သောအပြစ်များကိုလည်း ချန်မထား။ သူ့ဘဝ၏ရာဇဝင်ကြောင်း တစ်ခုလုံးကို သူကိုးကားပြောသည်။ သူနှင့်အတူ အစောင့်များ၊ စစ်ဆေး မေးမြန်းသူများ၊ ကုတ်ဖြူဝတ်လူများ၊ အိုဘရိုင်ယန်၊ ဂျူလီယာ၊ မစ္စတာ ရှာရင်တန်- အားလုံးသူနှင့်အတူ ကော်ရစ်ဒါပေါ်လျှောက်လာကြသည်။ အော်ဟစ် ရယ်မောနေကြသည်။ အနာဂတ်ထဲမြှုပ်နှံထားသော ကြမ္မာဆိုးကို တစ်နည်းနည်းဖြင့် ကျော်လွှားနိုင်ခဲ့ကြသည်။ အားလုံးအဆင် ပြေနေသည်။ နာကျင်မှုမရှိ။ သူ့ဘဝ၏နောက်ဆုံးလက်ကျန် အသေးစိတ်ကလေးအထိဖွင့်ချပြီးပြီ။ နားလည်မှုရရှိခဲ့သည်။ ခွင့်လွှတ်ပေးခဲ့သည်။

အိုဘရိုင်ယန်၏အသံကို ကြားလိုက်ရသလိုရှိပြီး အိပ်ရာပျဉ်ချပ်ပေါ်မှ သူလန့်နိုးလာသည်။ စစ်ဆေးခံကာလတစ်လျှောက်လုံး သူ့ရင်ထဲခံစားခဲ့ရ သည်မှာ အိုဘရိုင်ယန်သည် သူ့အနီးတွင်ရှိနေသည်၊ မြင်သာမမြင်ရခြင်း ဖြစ်၏။ အရာရာတိုင်းကိုညွှန်ကြားနေသူမှာ အိုဘရိုင်ယန်သာဖြစ်၏။

ဝင်စတန်အားရိုက်ခိုင်းသူသည် အိုဘရိုင်ယန်။ ဝင်စတန်ကို ဘယ်တော့ လောက်နာကျင်စွာ အော်ဟစ်စေမလဲ၊ ဘယ်တော့လောက်အနားပေးမလဲ၊ ဘယ်တော့လောက် အစာကျွေးပြီး ဘယ်တော့လောက် အိပ်ခိုင်းမလဲ၊ ဘယ်တော့လောက် ဆေးထိုးပေးမလဲ၊ အားလုံးကို အိုဘရိုင်ယန် ညွှန်ကြား ပေးနေခြင်း ဖြစ်သည်။ သူ့အားမေးခွန်းထုတ်ပြီး အဖြေကိုအကြံပေးသူမှာလည်း အိုဘရိုင်ယန်။ သူ့အားညှဉ်းပန်းနှိပ်စက်သူ၊ ကာကွယ်သူ၊ စပ်စုသူ၊ မိတ်ဆွေ၊ အားလုံးသည် အိုဘရိုင်ယန်ဖြစ်၏။

ဆေးအရှိန်နှင့်မှိန်းနေချိန်လား၊ ပုံမှန်အိပ်ချိန်တွင်လား၊ နိုးနေချိန်မှာ ပဲလား၊ ဝင်စတန် မမှတ်မိတော့သော်လည်း နားဝတွင် ကပ်ပြောခဲ့သော စကား ကိုတော့မှတ်မိသည်။

"စိတ်မပူပါနဲ့ ဝင်စတန်၊ ခင်ဗျားကိုကျုပ် စောင့်ရှောက်နေပါတယ်။ ခင်ဗျားကိုကျုပ် စောင့်ကြည့်နေခဲ့တာ ခုနစ်နှစ်ရှိပြီ။ အလှည့်အပြောင်းက ခုမှလာ တာ။ ခင်ဗျားကိုကျုပ်ကယ်မှာပါ။ ခင်ဗျားကို စင်းလုံးချောဖြစ်သွား အောင်လုပ်ပေးမယ်။"

ထိုအသံသည် အိုဘရိုင်ယန့်အသံဟုတ်မဟုတ် ဝင်စတန်မသေချာ သော်လည်း လွန်ခဲ့သောခုနစ်နှစ်က အိပ်မက်ထဲကြားခဲ့ရသော "အမှောင်ထု မရှိတဲ့နေရာမှာ ငါတို့တွေ့ကြမယ်" စကားကိုပြောခဲ့သည့်အသံ။

စစ်ဆေးမေးမြန်းခြင်း၏ နိဂုံးပိုင်းကို သူမမှတ်မိ။ မှောင်ကျသွားသော အခိုက်အတန့်ပြီးလျှင် အခန်းတစ်ခုထဲ သူရောက်နေသည်။ သူကပက်လက်အနေအထားနှင့် မလှုပ်နိုင်။ လိုအပ်သည့်နေရာတိုင်းကို မလှုပ်နိုင်အောင် ဆွဲချုပ်ထားသည်။ နောက်စေ့ကိုပင် ပုံစံတစ်မျိုးဖြင့် ဆွဲကပ်ထားသည်။ အိုဘရိုင်ယန်ကတော့ စိတ်လက်ချမ်းသာပုံမရဘဲ သူ့မျက်နှာထဲ အသည်းအသန်ကြည့်နေသည်။

မိုးလျက်အနေအထားဖြင့် မြင်ရသော အိုဘရိုင်ယန်၏မျက်နှာသည် ရင့်ရော်ကြမ်းတမ်းသည်။ မျက်အိတ်များတွဲကျ လျက် ဇရာအရေးအကြောင်းသည် နှာရင်းမှမေးစေ့တိုင်အောင် ဆင်းသွားသည်။ ဝင်စတန်ထင်သည်ထက် အိုဘရိုင်ယန် အသက်ပိုရနေသည်။ လေးဆယ့်ရှစ်၊ ငါးဆယ်လောက်ရှိမည်။ လက်ထဲတွင် မောင်းတံပါသော ဒိုင်ခွက်တစ်လုံး။ ဒိုင်ခွက်မျက်နှာပြင်ပေါ် ကိန်းဂဏန်းများလည်နေသည်။ "ခင်ဗျားကိုပြောခဲ့တယ်။ ကျုပ်တို့ပြန်တွေ့ကြရင် ဒီနေရာမှာပဲဖြစ် မယ်လို့"

"ဟုတ်ကဲ့" ဟု ဝင်စတန်ဖြေသည်။

ဘာမှကြိုတင်အရိပ်အခြည်မပြဘဲ အိုဘရိုင်ယန် လက်ကလေးလှုပ် လိုက်သည်နှင့် ဝင်စတန် တစ်ကိုယ်လုံးသေလုမျောပါး ဝေဒနာခံစားရသည်။ ဘာတွေဖြစ်နေသလဲဆိုသည်ကိုလည်း မျက်လုံးနှင့်မမြင်ရ။ သူ့ကိုသေအောင် လုပ်နေပြီဟူ၍သာ ခံစားရသည်။ လျှပ်စစ်ပဲသုံးသလားသူမသိ။ သို့သော် ခန္ဓာကိုယ်ကိုတော့ ပုံပန်းပျက်အောင် လိမ်ညှစ်နေပြီ။ အဆစ်အမြစ်များကို ဖြည်းဖြည်းချင်း လိမ်ချိုးနေသည်။

နဖူးပေါ်ချွေးသီးအောင် နာလာသည့်တိုင် သူ့ ကျောရိုးဆတ်ခနဲကျိုးသွားမှာကိုပဲ အပြင်းအထန် စိုးရိမ်မိသည်။ သူအံကြိတ်ပြီး အသက်ကိုခက်ခက်ခဲခဲရှူသည်။ တတ်နိုင်သလောက် တိတ်တိတ်နေသည်။

သူ့မျက်နှာကိုကြည့်နေသော အိုဘရိုင်ယန်က

"ခင်ဗျားကြောက်နေပြီ။ တစ်ခုခုကျိုးသွားမှာကို ခင်ဗျား ကြောက်နေ ပြီ။ ခင်ဗျားအကြောက်ဆုံးက ကျောရိုးကျိုးမှာကိုပဲ။ ကျောရိုးကျိုးထွက်ပြီး ကျောရိုးထဲကအရည်တွေ စိမ့်ထွက်လာတဲ့မြင်ကွင်းမျိုး ခင်ဗျားအာရုံထဲမှာပုံ ဖော်ထားတယ်။ ခင်ဗျားတွေးနေတာ ဒါပဲ၊ မဟုတ်ဘူးလား ဝင်စတန်"

ဝင်စတန် အဖြေမပေး။ အိုဘရိုင်ယန် ဒိုင်ခွက်ပေါ်မှမောင်းတံကို လွှတ်လိုက်သည်။ ဝေဒနာသည် စတင်စဉ်တုန်းကလို ထွက်ခွာတော့လည်းမြန်သည်။

"ဒါ လေးဆယ်။ ဒိုင်ခွက်ပေါ်မှာ ဂဏန်း ၁၀၀ ကျော်တာခင်ဗျားမြင် မှာပေါ့။ ကျုပ်နဲ့စကားပြောနေတဲ့အချိန်မှာ ခင်ဗျားတစ်ခု မှတ်ထားပါ။ ဒီ ဝေဒနာရဲ့ဒီဂရီကို

ကျုပ်လုပ်ချင်သလောက် လုပ်ပိုင်ခွင့်ရှိတယ်။ ခင်ဗျားကျုပ် ကိုညာရင် မလိမ့်တပတ်လုပ်ရင်၊ ဒါမှမဟုတ် ခင်ဗျားရဲ့ရှိရင်းစွဲ ဉာဏ်ရည် ဉာဏ်သွေးကိုမမီရင် ခင်ဗျားနာဖို့ပြင်ထား။ နားလည်လား"

"ဟုတ်ကဲ့"

အိုဘရိုင်ယန့်မျက်နှာထား နည်းနည်းတော့ ပျော့ပျောင်းသွားသည်။ မျက်မှန်ကိုတွေးတွေးဆဆနှင့် အနေအထားပြင်သည်။ တစ်လှမ်းနှစ်လှမ်း လောက် ခေါက်တုံ့ခေါက်ပြန်လျှောက်သည်။

နောက်တစ်ကြိမ်စကားပြော သောအခါ လေသံသည် ချိုသာစိတ်ရှည်နေသည်။ သူ့ကိုပြစ်ဒဏ်ချဖို့ထက် ရှင်းပြစည်းရုံးလိုသော သဘောသည် သမားတော်လိုလို ကျောင်းဆရာလိုလို၊ ဘုန်းတော်ကြီးနှင့်ပင် တူနေသေးသည်။

"ခင်ဗျားကြောင့် ကျုပ်မလဲ ဒုက္ခများပါတယ် ဝင်စတန်။ ဘာကြောင့် ဆိုခင်ဗျားကလည်း ဒုက္ခများလောက်အောင် တန်နေတာကိုး။ ခင်ဗျားရဲ့ ပြဿနာ ကို ခင်ဗျားကိုယ်တိုင် ကောင်းကောင်း သိပြီးသား။ သိခဲ့တာမှနှစ် ပေါင်းမနည်းဘူး။ ခင်ဗျားဟာ အသိဉာဏ်ကို တိုက်ခိုက်နေရတယ်။ စိတ်ပိုင်း ဆိုင်ရာဖောက်ပြန်နေတယ်။ မှတ်ဉာဏ်ချို့ယွင်းနေတယ်။ ဖြစ်ရပ်မှန်တွေကို ခင်ဗျားမှတ်မိနိုင် စွမ်းမရှိတော့ ဘယ်တုန်းကမှ မဖြစ်ခဲ့တဲ့ဟာတွေကိုမှတ်မိဖို့ ကိုယ့် ကိုယ်ကိုယ်ပြန်သိမ်းသွင်းနေတယ်။ ဒီရောဂါဟာ ကုလို့ရလို့တော်သေး တာပေါ့။ ခင်ဗျားကတော့ ကုဖို့မကြိုးစားဘူး။ ဘာကြောင့်ဆို ဒီလမ်းကိုခင်ဗျား မရွေးဘူးလေ။ အခုတောင် ကျုပ်ကောင်းကောင်းသတိထားမိတယ်။ ခင်ဗျားဟာ ခင်ဗျားရောဂါကိုပဲ ဖက်တွယ်ထားတယ်။ သန့်စင်မွန်မြတ်မှုဆိုတဲ့ သဘောထားအောက်မှာ ခင်ဗျားဖက်တွယ်ထားတယ်။ ကဲ၊ ဥပမာတစ်ခု ပြောမယ်။ ခုလောလောဆယ်မှာ အိုရှင်းနီးယားနိုင်ငံဟာ ဘယ်နိုင်ငံနဲ့စစ်ဖြစ် နေသလဲ"

"ကျွန်တော်အဖမ်းခံရတဲ့အချိန်မှာ အိုရှင်းနီးယားနိုင်ငံဟာ အီစတာ ရှားနိုင်ငံနဲ့ စစ်ဖြစ်နေပါတယ်"

"ဟုတ်ပြီ။ ကျွန်းနိုင်ငံဟာ အီစတာရှားနိုင်ငံနဲ့ အမြဲတမ်းစစ် ဖြစ်ခဲ့တာ မဟုတ်ဘူးလား"

ဝင်စတန် အသက်ရှူသွင်းသည်။ ပြောမလိုပါးစပ်ပြင်လိုက် ပြီးမှ မပြော။ သူ့မျက်လုံးများကို ဒိုင်ခွက်ပေါ်မှ အကြည့်မခွာနိုင် ဖြစ်နေသည်။

"အမှန်ကိုပြောပါ၊ ဝင်စတန်။ ခင်ဗျားရဲ့အမှန်တရားကိုပေါ့။ ခင်ဗျား မှတ်မိနေတယ်လို့ ထင်တဲ့ဟာကိုပြောပါ"

"ကျွန်တော်မှတ်မိနေတာက ကျွန်တော်အဖမ်းမခံရခင်တစ်ပတ်လောက်ပဲရှိသေးတယ်။ ကျွန်တော်တို့ဟာ အီစတာရှားနိုင်ငံနဲ့စစ် ဖြစ်မနေဘူး။ အီစတာရှားနိုင်ငံနဲ့က မဟာမိတ်တွေပါ။ စစ်ဖြစ်တာကတော့ ယူရေးရှားနိုင်ငံ နဲ့။ ယူရေးရှားနဲ့စစ်ဖြစ်နေတာ

လေးနှစ်ကြာတယ်။ ဒီမတိုင်ခင်က-"

အိုဘာရိုင်ယန် လက်ဝါးကာပြီးတားသည်။

"နောက်ထပ်ဥပမာတစ်ခု။ လွန်ခဲ့တဲ့နှစ်တွေတုန်းက ခင်ဗျား ယုံမှား လွန်ဝေဒနာတစ်ခုကို အပြင်းအထန်ခံစားခဲ့ရတယ်။ ခင်ဗျား ယုံနေတာက လူသုံးယောက်ပေါ့။ ပါတီဝင်ဟောင်းသုံးယောက်၊ ဂျုန်း၊ အေရွန်စန်နဲ့ ရူသာဖို့။ သူတို့ဟာ စွဲချက်တင်ခံရတဲ့အတိုင်း အမှုတွေကိုတကယ်မကျူးလွန်ခဲ့ဘူးလို့ ခင်ဗျားယုံနေတာ။ သူတို့ရဲ့ ခံဝန်ချက်တွေဟာ တလွဲတွေဖြစ်နေတယ်ဆိုတဲ့ စာရွက်စာတမ်း သက်သေကို ခင်ဗျားမြင်ခဲ့တယ်လို့ ခင်ဗျားယုံနေတာ။ ခင်ဗျား ရဲ့ အာရုံချောက်ချားဝေဒနာကြောင့် သူတို့ရဲ့ဓာတ်ပုံကို တွေ့ခဲ့ရတယ်လို့ ခင်ဗျားယုံနေတယ်။ ဒီလိုဓာတ်ပုံမျိုး"

အိုဘာရိုင်ယန့်လက်ထဲတွင် သတင်းစာ စာရွက်ပိုင်း။ ဝင်စတန့်မြင်ကွင်းထဲ ငါးစက္ကန့်လောက်သာ ရှိခဲ့သော်လည်း ထိုစာရွက်သည် တစ်ခါတုန်းက ဝင်စတန်မြင်ခဲ့ဖူးသည့်စာရွက်ပိုင်းဖြစ်ကြောင်း မေးခွန်းထုတ်စရာ မလိုတော့။ ပါတီလုပ်ငန်းစဉ်အတွက် နယူးယော့ခ်တွင် ဓာတ်ပုံရိုက်ခံထားသောပုံ။ လွန်ခဲ့သောဆယ့်တစ်နှစ်က သူမြင်ပြီး ချက်ချင်း ဖျက်ဆီးလိုက်သော စာရွက်ပိုင်း နှင့်တစ်ထပ်တည်း တူသည့် မူပွားစာရွက်။ အိုဘာရိုင်ယန့်လက်ထဲမှစာရွက်ကို သူမြင်လိုက်ရချိန်သည် တဒင်္ဂမျှသာဖြစ်သော်လည်း သူမြင်ခဲ့ပြီ။

ကိုယ်ခန္ဓာအထက်ပိုင်းကို လှုပ်၍ရအောင် မဟာဒရားကြီး အားထုတ်သော်လည်း ဆံချည်တစ်မျှင်စာပင်လှုပ်၍မရ။ စာရွက်ကို မြင်တော့ ဒိုင်ခွက်ကိုပင်သူမေ့သွားသည်။ သူလိုချင်သမျှမှာ ထိုစာရွက်ကို သူ့လက်ချောင်းတွေကြားထဲ ကိုင်ထားချင်သည်။ အနည်းဆုံးတော့ ကြည့်နေချင်သည်။

"စာရွက်ရှိတာပဲ" ဟု သူဟစ်လိုက်သည်။

"မရှိဘူး''

အိုဘာရိုင်ယန်သည် အခန်းကိုဖြတ်လျှောက်သည်။ မျက်နှာချင်းဆိုင်နံရံပေါ်တွင် မှတ်ဉာဏ်တွင်း။ မှတ်ဉာဏ်တွင်း၏သံဇကာကို အိုဘာရိုင်ယန် မ`သည်။ ဘာမှမမြင်လိုက်ရ။ စာရွက်ပိုင်းသည် ပူနွေးသောလေစီးကြောင်း နှင့်အတူ မီးတောက်တွေကြားထဲ ပျောက် ကွယ်သွားခဲ့ပြီ။ အိုဘာရိုင်ယန်ပြန် လှည့်လာသည်။

"အဲဒါ ပြာ။ ဖုန်တွေ။ အဲဒါမရှိဘူး။ ဘယ်တုန်းကမှမရှိဘူး"

"ခုနကရှိခဲ့တယ်လေ။ အဲဒါရှိတယ်။ မှတ်ဉာဏ်ထဲမှာရှိတယ်။ ကျွန်တော်မှတ်မိတယ်။ ခင်ဗျားလည်းမှတ်မိတယ်"

"ကျုပ်မမှတ်မိဘူး"

ဝင်စတန် စိတ်ဓာတ်ကျသွားသည်။ နှစ်ထပ်ကွမ်းအတွေးနှင့်ရင်ဆိုင် ရခြင်း။ သူ့ရင်ထဲဝယ် ကယ်ရာမဲ့ ခံစားချက်။ အိုဘာရိုင်ယန် လိမ်နေသည်ဟု

သူ့ဘက်ကသေချာနေသည်ပဲထားဦး၊ အိုဘရိုင်ယန်သည် ဓာတ်ပုံကို တကယ်ပဲမေ့သွားခဲ့ပြီဆိုသော အချက် သည် ပြီးပြည့်စုံနေသည်။ ထိုအတိုင်းဆိုလျှင် အိုဘရိုင်ယန်သည် မေ့ပစ်လိုက်ခြင်းကိုပါမေ့သွားခဲ့ပြီ။ အိုဘရိုင်ယန် လှည့်စားသည်ဟု ဘယ်သူက သေချာနိုင်ပါ့မည်နည်း။ စိတ်ထဲမှာ ရူးကြောင်ကြောင် ကမောက်ကမ ဖြစ်ခြင်းသည် တကယ်ပဲ ဖြစ်လာနိုင်သည် ဟူသော အတွေးက ဝင်စတန့်ကိုနှိပ်စက်နေပြီ။

အိုဘရိုင်ယန်သည် သူ့ကိုငုံ့ကြည့်သုံးသပ်နေသည်။ အလားအလာ ကောင်းသော လမ်းလွဲကလေးငယ်ကို ဆုံးမသွန်သင်နေသည့် ဆရာနှင့်ပိုတူ လာသည်။

“အတိတ်ကိုထိန်းချုပ်နိုင်စွမ်းနဲ့ ပတ်သက်တဲ့ ပါတီဆောင်ပုဒ်ရှိတယ်။ ရွတ်ပြစမ်းပါဦး”

ဝင်စတန် နာခံစွာရွတ်ပြသည်။

“အတိတ်ကိုထိန်းချုပ်သူသည် အနာဂတ်ကိုထိန်းချုပ်သည်။ ပစ္စုပ္ပန် ကိုထိန်းချုပ်သူသည် အတိတ်ကို ထိန်းချုပ်သည်”

“ပစ္စုပ္ပန်ကိုထိန်းချုပ်သူသည် အတိတ်ကိုထိန်းချုပ်သည်” ဟုဆိုကာ အိုဘရိုင်ယန်သည် ကျေနပ်သည့် အသွင်ဖြင့် ခေါင်းညိတ်နေသည်။

“အတိတ်ဟာ အမှန်တကယ်တည်ရှိတယ်ဆိုတာ ခင်ဗျားရဲ့အမြင်လား ဝင်စတန်"

ကူကယ်ရာမဲ့ခံစားချက်သည် ဝင်စတန့်အပေါ် နောက်တစ်ကြော့ ဖိစီးလာသည်။ သူ့မျက်လုံးများ ဒိုင်ခွက်ဆီပြေးလွှားနေသည်။ “ဟုတ်ပါတယ် ဖြေမှ အနှိပ်စက်ခံရခြင်းမှ လွတ်မှာလား။ “မဟုတ်ဘူး' ဖြေမှလွတ်မှာလား။ သူမသိ။ သိဖို့နေနေသာသာ ဘယ်အဖြေကို သူတကယ်ယုံကြည်မှန်းပင် မသိတော့။

အိုဘရိုင်ယန် မပွင့်တပွင့်ပြုံးသည်။

“ခင်ဗျားဟာ ရုပ်လွန်ပညာရှင်မဟုတ်ပါဘူး ဝင်စတန်။ တည်ရှိမှုဆို တာ ဘာလဲ။ ခုချိန်ထိ ခင်ဗျားမတွေးဖူးသေးပါဘူး။ ပိုပြီးတိကျအောင်ကျုပ် ချပြမယ်။ အတိတ်ဟာ အာကာသထဲမှာ ဒြပ်ထည်အဖြစ်ရှိနေသလား။ သူဟာ နေရာတစ်နေရာရာမှာရှိနေတဲ့ လက်ဆုပ်လက်ကိုင်ပြလို့ရတဲ့ လောကတစ်ခု လား။ အတိတ်တွေ ခုချိန်ထိဖြစ်နေသလား”

“မဟုတ်ဘူး”

“ဒါဆိုရင် အတိတ်ကဘယ်နေရာမှာရှိသလဲ”

“မှတ်တမ်းမှတ်ရာတွေထဲမှာ။ ချရေးထားတာမျိုး”

“ပြီးတော့ကော”

“စိတ်ထဲမှာ။ လူသားရဲ့မှတ်ဉာဏ်ထဲမှာ”

“မှတ်ဉာဏ်ထဲမှာလား။ ဒါဆိုလည်းကောင်းပြီ။ ကျုပ်တို့က -ပါတီပေါ့ဗျာ။ ကျုပ်တို့က မှတ်တမ်းမှတ်ရာတွေအကုန်လုံးကို ထိန်းချုပ်တယ်။

မှတ်ဉာဏ်တွေအကုန်လုံးကို ထိန်းချုပ်တယ်။ ဒါဆိုရင် ကျုပ်တို့က အတိတ်ကို ထိန်းချုပ်ပြီပေါ့။ မဟုတ်ဘူးလား"

"ဒါပေမယ့် လူတွေမှတ်မိနေတာကို ရပ်သွားအောင်ဘယ်လိုလုပ်မလဲ" ဟုဝင်စတန်သည် ဒိုင်ခွက်ကိုမေ့သွားကာ ဟစ်မိပြန်သည်။

"ဒါဟာ အလိုအလျောက်ဖြစ်တာဗျ။ ဒါကို ကိုယ်တိုင် မထိန်းချုပ်နိုင်ဘူး။ မှတ်ဉာဏ်ကို ခင်ဗျား ဘယ်လိုထိန်းချုပ်မလဲ။ ခင်ဗျား ကျုပ်ရဲ့ မှတ်ဉာဏ်ကို မထိန်းချုပ် နိုင်သေးပါဘူး"

အိုဘရိုင်ယန် တည်တင်းလာသည်။ လက်ကဒိုင်ခွက်ပေါ်ရောက်လာသည်။

"ဆန့်ကျင်ဘက်ပြောရရင် ခင်ဗျားမထိန်းချုပ်ခဲ့ဘူး။ ဒါကြောင့် ရောက်လာတာ။ ခင်ဗျားဒီရောက်လာတာ ဘာကြောင့်လဲဆိုတော့ ခင်ဗျားဒီရောက်လ မိကိုယ်ကိုစည်းကမ်းသတ်မှတ်မှုမှာ ခင်ဗျားကျရှုံးလို့ပဲ။ စိတ်မှန်နှိမ့်ချမှုနဲ့ မိမိကိုယ်ကိုစည်းကမ် လာဘ်အတွက် ခင်ဗျားက အညံ့မခံချင်ဘူး။ အရူးမှ တစ်ယောက်တည်းရှိတဲ့အရူး။ စည်းကမ် အရူးပဲဖြစ်ချင် င် အရှိတရားကိုမြင်နိုင်တယ် ဝင်စတန်။ ကသာလျှင် စည်းကမ်းရှိတဲ့စိတ် ခင်ဗျားကတော့ အရှိတရား ဓမ္မဓိဋ္ဌာန်ကျတယ်၊ အပြင်ပမှာဖြစ်တယ်၊ သူ့ အခွင့်အရေးနဲ့ သူတည် ဆိုတာ ဓမ္မဓိဋ္ဌာ ၊ ရှိနေတယ်လို့ ခင်ဗျားယုံထားတယ် ခင်ဗျားယုံထားတယ်။

အရှိတရားရဲ့သဘာဝမှန်ဟာ သူ့ကိုယ်သူ သက်သေပြနိုင်ခြင်းလို့ ခင်ဗျား ယုံထားသေးတယ်။ ခင်ဗျားတစ်ခုခုကိုမြင် လိုက်ရင် သူများတွေကလ ကလည်း ခင်ဗျားမြင်သလိုပဲမြင်တယ်လို့ ခင်ဗျားယူဆတယ်။ ဒီမယ်၊ ကျုပ်ပြောမယ်၊ ဝင်စတန်။ အရှိတရားဟာ အပြင်ပက ထားတယ် ဝိစ္စမဟုတ်ဘူး။ အရှိတရားဆိုတာ လူသားရဲ့ စိတ်ထဲမှာပဲရှိတယ်။ တခြားဘယ် မှာမှမရှိဘူး။ လူတစ်ဦးတစ်ယောက်ရဲ့စိတ်ထဲမှာဆိုရင် မှားနိုင်သေးတာပဲ လေ။ ပျောက်ပျက်သွားနိုင်သေးတယ်။ ဒါကြောင့် ပါတီရဲ့စိတ်ထဲမှာပဲရှိတယ်။

အားလုံးတစ်စုတစ်စည်းထဲဖြစ်ပြီး မသေနိုင်တဲ့စိ၀ ဘာကြီးပဲဖြစ်ဖြစ် ပါတီကမှန်တယ်ပြောရင် အဲဒါအမှန်တရားပဲ။ ပါတီရဲ့မျက်လုံးကနေတစ်ဆင့် ကြည့်မှ အရှိတရားကိုမြင်နိုင်မှာပါ။ ဒါဟာ ခင်ဗျား ပြန်လည် သင်ကြားရမယ့် အဖြစ်မှန်ပဲ ဝင်စတန်။ မိမိကိုယ်ကိုဖျက်ဆီးဖို့လိုတယ်။ စိတ်ပိုင်းအားထုတ်မှု လိုတယ်။ ခင်ဗျား စိတ်မှုမှန်ပြန်မဖြစ်ခင် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချထားရမယ်"

ပြောစကားများနားဝင်သွားအောင် ခွင့်ပြုထားသလို ထိုနေရာတွင် အိုဘရိုင်ယန် တစ်အောင့်နားနေသည်။

"ခင်ဗျားမှတ်မိသေးလား။ ဒိုင်ယာရီစာအုပ်ထဲမှာ ခင်ဗျားရေးခဲ့တာလေ။ လွတ်လပ်ရေးဆိုသည်မှာ နှစ်နှင့်နှစ်ပေါင်း-လေး ဟု လွတ်လပ်စွာပြော ဆိုရေးဖြစ်သည်တဲ့"

"မှတ်မိပါတယ်" ဟု ဝင်စတန်ဖြေသည်။

အိုဘရိုင်ယန်သည် လက်မကိုချိုးပြီး

လက်ချောင်းလေးချောင်းထောင်ပြသည်။
“ကျုပ်အခုထောင်ထားတဲ့ လက်ချောင်းအရေအတွက်ကိုပြော”
“လေး"
“တကယ်လို့သာ ပါတီက ဒါဟာ လေးမဟုတ်ဘူး၊ ငါးဆို ရင် -ကဲ၊ ဒါဘယ်နှချောင်းလဲ”
“လေးချောင်း”
ဒိုင်ခွက်ပေါ်မှလက်တံသည် ငါးဆယ့်ငါးသို့ ဒိုင်းခနဲတက်သွားသည်။ ဝင်စတန့်တစ်ကိုယ်လုံး ချွေးတုတ်တုတ် ကျလာသည်။ လေသည် အဆုတ်များထဲ မတရားထိုးခွဲဝင်ရောက်ကာ ညည်းတွားသံ အဖြစ်ပေါ်တွက် လာသည်။ အံကိုနာနာကြိတ်ထားသည့်တိုင် ညည်းတွားသံကိုမရပ်နိုင်ခဲ့။ အိုဘရိုင်ယန်သည် လက်လေးချောင်း ထောင်လျက်သား သူ့ကိုကြည့်နေသည်။ မောင်းတံကိုနည်းနည်းလျှော့လိုက်၍ ဝေဒနာ မဆိုစလောက် သက်သာသွားသည်။
“ဘယ်နှချောင်းလဲ ဝင်စတန်”
“လေးချောင်း”
ဒိုင်ခွက်လက်တံများ ခြောက်ဆယ်ထိတက်သွားသည်။
“လက်ဘယ်နှချောင်းလဲ ဝင်စတန်”
“လေးချောင်းဗျ၊ လေးချောင်း၊ တခြားဘာပြောရမှာလဲ၊ လေးဗျ”
ဒိုင်ခွက်လက်တံဆက်တက်သွားပုံရသည်။ ဒိုင်ခွက်ကို ဝင်စတန် မကြည့်။ ရှုတင်းသောမျက်နှာကြီးနှင့် လက်လေးချောင်းသာ သူ့မြင်ကွင်း တစ်ခုလုံးကို ပိတ်ဆီးထားသည်။
သူ့မျက်လုံးရှေ့တွင်လက်လေးချောင်းသည် အဆောက်အဦး တိုင်လုံးကြီးတွေလို ဧရာမကြီး ဖြစ်နေသည်။ ဝေဝါးတုန်ခါနေသလို ရှိသော်လည်း မမှားနိုင်အောင် လေးချောင်းမှလေးချောင်း။
“လက်ဘယ်နှချောင်းလဲ ဝင်စတန်”
လေးချောင်း၊ တော်ပါတော့၊ တော်ပါတော့၊ ခင်ဗျားတတ်နိုင်လိုက် တာ။ လေးဗျလေး”
“လက်ဘယ်နှချောင်းလဲ ဝင်စတန်”
"ငါး၊ ငါး၊ ငါး''
“မဟုတ်သေးဘူး ဝင်စတန်။ ခုမှတော့ အလကားပဲ။ ခင်ဗျားညာ နေပြီ။ ဒါကို လေးလို့ပဲ ခင်ဗျားတွေးနေတာ။ ပြောပါဦး၊ လက်ဘယ်နှချောင်းလဲ”
“လေးဗျ၊ ငါးဗျာ၊ ငါး၊ လေးဗျ။ ခင်ဗျားသဘောပဲဗျ။ ကျုပ်ကိုသာ နာအောင်မလုပ်နဲ့တော့။ တော်ပါတော့”
သူထိုင်လျက်သားဖြစ်နေသည်။ သူ့ပခုံးကို အိုဘရိုင်ယန် ဖက်ထားသည်။ သူစက္ကန့်ပိုင်းမျှ သတိလစ်သွားခဲ့ပုံပင်။ သူ့ကို တုပ်ထားသောကြိုးများ ပြေလျော့နေသည်။ သူ့တစ်ကိုယ်လုံးအေးစက်ကာ ထိန်းမနိုင်အောင် ခိုက်ခိုက်

တုန်နေသည်။ သွားချင်းရိုက်ကာ ပါးပြင်ပေါ်မျက်ရည်တွေ အလိမ့်အလိမ့် ဆင်းလာသည်။ အိုဘရိုင်ယန့်ကို သူ ကလေးတစ်ယောက်လို ဖက်တွယ်ထားသည်။ အိုဘရိုင်ယန်၏ ထွားကျိုင်းသော လက်မောင်းကြားထဲ သူထူးထူးဆန်း ဆန်းသက်သာရာရနေသည်။ အိုဘရိုင်ယန်က သူ့ကို ကာကွယ်ပေးထားသည်၊ ဝေဒနာသည် အပြင်ပမှလာသည်၊ သူ့ကိုကယ် မည့်သူမှာ အိုဘရိုင်ယန်သာ ဖြစ်သည်ဟု သူခံစားရနေသည်။

"ခင်ဗျားဟာ သင်ယူမှုနှေးကွေးတဲ့လူပါ ဝင်စတန်" ဟု အိုဘရိုင်ယန် အသာအယာပြောသည်။

"ကျွန်တော်ဘာတတ်နိုင်မှာလဲ။ ကျွန်တော့်မျက်လုံးရှေ့မှာ မြင်နေရတာကို ကျွန်တော် ဘာတတ်နိုင်မှာ လဲ။ နှစ်နဲ့ နှစ်ပေါင်း လေးပေါ့ဗျ"

"တစ်ခါတလေမှာ ငါး၊ တစ်ခါတလေမှာ သုံး၊ တစ်ခါတလေမှာ နှစ်မျိုးတစ်ပြိုင်တည်းတောင် ဖြစ်ပါတယ်။ ခင်ဗျား ကြိုးစားရမယ်။ မှုမှန်ဖို့ဆိုတာ မလွယ်ဘူး"

ဝင်စတန့်အား အိပ်ရာပေါ်လှဲချပေးသည်။ ခြေလက်များ ထပ်မံတုပ်နှောင်ခံရသည်။ သို့သော် ဝေဒနာကတော့ပျောက်ကင်း သက်သာသွားပြီး တုန်ယင်မှုမရှိတော့။ အားပြတ်အေးစက်နေခြင်းသာ ရှိတော့သည်။ တစ် လျှောက်လုံး မလှုပ်မယှက်မတ်တတ်ရပ်နေခဲ့သော ကုတ်ဖြူဝတ်လူကို အို ဘရိုင်ယန် ခေါင်းဆတ်ပြသော် ကုတ်ဖြူဝတ်လူသည် ဝင်စတန့်မျက်လုံးထဲ အသေအချာလာကြည့်သည်။ သွေးခုန်နှုန်းစမ်းပြီး ရင်အုပ်ကိုနားထောင်သည်။ ဟိုနား သည်နားခေါက်ကြည့်ပြီးလျှင် အိုဘရိုင်ယန့်ကိုခေါင်းညိတ်ပြသည်။

"ကဲ၊ နောက်တစ်ပွဲ" ဟု အိုဘရိုင်ယန်ဆိုသည်။

နာကျင်မှုဝေဒနာသည် ဝင်စတန့်ခန္ဓာကိုယ်ထဲဖြတ်စီးသွားသည်။ ဒိုင်ခွက်လက်တံသည် ခုနစ်ဆယ်၊ ခုနစ်ဆယ့်ငါးလောက် ရောက်နိုင်သည်။ သည်တစ်ကြိမ် ဝင်စတန်မျက်လုံးမှိတ်ထားသည်။ လက်ချောင်းများ ရှိနေဆဲ၊ လေးချောင်းဖြစ်နေဆဲဟု သူသိသည်။ အရေးကြီးသည်မှာ ယခုတစ်ကြိမ် ဆန့်ငင်ဆန့်ငင်ဖြစ်ခြင်းကို ကျော် လွန်ပြီး အသက်ဆက်ရှင်ဖို့။ သူအော်ဟစ်နေ သလား၊ မဟစ်ဘူးလားဆိုသည်ကိုပင် ကိုယ့်ဘာသာကိုယ် သတိမထားမိ။ ဝေဒနာ လျော့ကျသွားသည်။ သူမျက်လုံးဖွင့်ကြည့်သည်။

"လက်ဘယ်နှချောင်းလဲ ဝင်စတန်"

"လေးချောင်း။ လေးချောင်းလို့ကျွန်တော်ပြောချင်တယ်။ ငါးဖြစ် အောင်ကြည့်ဆိုရင်လည်း ငါးဖြစ်အောင်ကြည့်မယ်"

"ခင်ဗျားက ငါးလို့မြင်တယ်။ ဒါကျုပ်ကိုဆွဲဆောင်တာလား။ ခင်ဗျား တကယ်မြင်တာလား။ ခင်ဗျားက ဘယ်လိုဖြစ်ချင်တာလဲ"

"တကယ်မြင်တာပါ"

"ကဲ"

ဒိုင်ခွက်လက်တံသည် ရှစ်ဆယ်ကိုးဆယ်ခန့်ရှိမည်။ အဘယ်ကြောင့်
သူအနာခံရသလဲ ဝင်စတန်မမှတ်မိ။ မျက်လုံးထဲတွင် မြားမြောင်လှ
သောလက်ချောင်းများ ယိမ်းထိုးကခုန်နေသည်။ သူက ကြိုးစားပမ်းစားရေ
တွက်သည်။ ဘာကြောင့်ရေတွက်နေသလဲ သူ မမှတ်မိ။ သူသိသမျှ တစ်ခုပဲ ရှိသည်။
လက်ချောင်းများကို ရေတွက်ဖို့မဖြစ်နိုင်။ ငါးနှင့်လေး၏ အသိရခက် လှသော
ထပ်တူကျမှုကြောင့် သူမရေနိုင်ခြင်း ဖြစ်နေသည်။ ဝေဒနာလျော့ကျ သွားသည်။
မျက်လုံးပြန်ဖွင့်သော် စောစောက ပုံရိပ်ပဲ ရှိနေသည်။ မရေမတွက် နိုင်သော
လက်ချောင်းများ။ ရွေ့လျားနေသောသစ်ပင်များလို ဘက်ပေါင်းစုံမှ ဝင်လာနေသည်။
မျက်လုံးပြန်မှိတ်ထားသည်။

"ကျုပ်ထောင်ထားတာ လက်ဘယ်နှချောင်းလဲ ဝင်စတန်"

"မသိဘူးဗျာ။ မသိဘူး။ ဒါမျိုးထပ်လုပ်နေရင် ကျွန်တော် သေမှာပဲ။ လေး၊ငါး၊
ခြောက် အရိုးသားဆုံး ပြောမယ်ဗျ၊ ကျွန်တော် မသိဘူး"

"ပိုကောင်းလာပြီ"

ဝင်စတန့်လက်မောင်းထဲ အပ်တစ်ချောင်းဝင်လာသည်။ တစ်ကိုယ်
လုံးနွေးထွေးရှိန်းမြကာ ဝေဒနာကိုတစ်ဝက်လောက် မေ့သွားသည်။ သူ မျက်လုံး
ဖွင့်ပြီး အိုဘရိုင်ယန်ကိုကျေးဇူးတင်စွာကြည့်သည်။ ရုပ်ဆိုးသလောက်ဥာဏ်
ကောင်းသော အရေးအကြောင်းများလှသည့် မျက်နှာကြီးကို မြင်လိုက်ရသည့်
ခဏတွင် သူ့နှလုံးစိုင် ကျွမ်းထိုးမှောက်ခုံဖြစ်သွားတော့မလို။ ခန္ဓာကိုယ်ကိုသာ
လှုပ်၍ရမည်ဆိုလျှင် အိုဘရိုင်ယန့်လက်မောင်းကို ကိုင်ထားချင်သည်။

အို ဘရိုင်ယန်ကို ယခုချိန်လောက် ဘယ်တုန်းကမှ နက်နက်ရှိုင်းရှိုင်း
မချစ်ခင်မိခဲ့။ သူခံစားရသောဝေဒနာကို ရပ်ပေးခြင်းကြောင့်မဟုတ်သေး။
အိုဘရိုင်ယန် သည် မိတ်ဆွေဖြစ်ဖြစ်၊ ရန်သူဖြစ်ဖြစ်၊ ဘာမှ အရေးမကြီး။
အရေးကြီးသည်မှာ အိုဘရိုင်ယန်သည် သူစကား ပြော၍ရသောလူ။
ထိုရင်းနှီးကျွမ်းဝင်ပြီးသား ခံစားချက်ကြောင့် သာလျှင် အိုဘရိုင်ယန်ကို
သူနက်ရှိုင်းစွာခင်တွယ်မိခြင်း။ အိုဘရိုင်ယန်သည် သူ့ကိုမရှုံးရုံတမယ်နှိပ်စက်ခဲ့သည်။
သိပ်မကြာခင် သူ့ကို သေတွင်းပို့ဖို့သေချာသည်။ ဘာမှတော့မထူး။
တစ်နေရာမဟုတ် တစ်နေရာတွင် ပြောထုတ်၍ မရသောစကားများ
ရှိနေသော်လည်း သူတို့နှစ်ဦးတွေ့ဆုံ စကားပြော၍ ရသော
တစ်နေရာတော့ရှိနေသည်။ ခင်မင်မှုထက်ပိုနက်ရှိုင်းနေသည်မှာ သူတို့သည်
ရင်းနှီးကျွမ်းဝင်သူများ ဖြစ်နေသည်။

သူ့ကိုငုံ့ကြည့်နေသော အိုဘရိုင်ယန်၏မျက်နှာမူရာသည် သူတို့
နှစ်ဦးအတွေးထပ်တူကျကြောင်း ပြောနေသည်။ အိုဘရိုင်ယန် စကားပြော သောအခါ
ပေါ့ပေါ့ပါးပါးအေးဆေးနေသည်။

"ခင်ဗျား ဘယ်ရောက်နေသလဲ သိလား ဝင်စတန်"

"မသိဘူးဗျ။ မှန်းကြည့်ရင်တော့ မေတ္တာဝန်ကြီးဌာန ဖြစ်လိမ့်မယ်"

“ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ သိသလား”
“ဟင့်အင်း၊ လချီပြီထင်တယ်နော်”
“လူတွေကို ကျုပ်တို့ဘာဖြစ်လို့ ဒီနေရာခေါ်လာတယ်လို့ ထင်သလဲ”
“ဝန်ခံဖို့ပါ”
“မှားတယ်။ ဒီအတွက်ကြောင့်မဟုတ်ဘူး။ စဉ်းစားစမ်းပါဦး"
“အပြစ်ပေးဖို့”
“မဟုတ်ဘူး”
သည်တစ်ခါ အိုဘရိုင်ယန့်လေသံ ထူးထူးခြားခြား ပြောင်းသွားသည်။ မျက်နှာသည် ရုတ်ခြည်းခက်ထန် အသက်ဝင်လာသည်။
“မဟုတ်ဘူး။ ခံဝန်ချက်တွေတောင်းဖို့ မဟုတ်ဘူး။ အပြစ်ပေးဖို့ မဟုတ်ဘူး။ ခင်ဗျားကိုဒီနေရာ ဘာဖြစ်လို့ခေါ်လာသလဲ ပြောရမလား။ ခင်ဗျားကို ကုပေးဖို့။ ခင်ဗျားကိုစိတ်မှန် အောင်လုပ်ပေးဖို့။ သိလားဝင်စတန်၊ ဒီနေရာကိုရောက်လာပြီးမှ ကုလို့မပျောက်တဲ့လူ တစ်ယောက်မှမရှိဘူး။
ခင်ဗျားတို့ကျူးလွန်ခဲ့တယ်ဆိုတဲ့ အဲဒီရာဇဝတ်မှုအစုတ်ပလုပ်တွေကို ကျုပ်တို့စိတ်မဝင်စားဘူး။ ပါတီက ဖောက်လွဲဖောက်ပြန်လုပ်ရပ်တွေကို စိတ်မဝင်စားဘူး။ ကျုပ်တို့ဂရုစိုက်တာ စိတ်တစ်ခုပါပဲ။ ကျုပ်တို့ဟာ ပါတီရဲ့ရန်သူတွေကို ဖျက်ဆီးရုံတင် မကဘူး၊ ပြောင်းလဲပေးလိုက်တယ်။ အခုပြောတာ ခင်ဗျားသဘောပေါက်သလား”
အိုဘရိုင်ယန်သည် ဝင်စတန့်အပေါ်ကုန်းလာသည်။ နီးကပ်မှု ကြောင့် ပမာဏကြီးလာသော ထိုမျက်နှာသည် ဆိုးဆိုးရွားရွား အကျည်းတန် နေသည်။ ထို့ပြင် မျက်နှာထဲတွင် တစ်ဖက်စွန်းရောက်သော တက်ကြွမှုတစ် မျိုးရှိနေသည်။ ဝင်စတန် စိတ်ခတ်ကျသွား ပြန်သည်။ အိုဘရိုင်ယန်သည် သူ့အပေါ် သည့်ထက်ပိုပြီး မိုးလာလျှင် အိုဘရိုင်ယန်သည် အကြောင်းမဲ့သက်သက်ဒိုင်ခွက်ကိုကစားဦးမည်ဟု သူ့စိတ်ထဲ သေချာလာသည်။ အိုဘရိုင်ယန် လှည့်ထွက်သွားသည်။ သုံးလေးလှမ်းလောက် ခေါက်တုံ့ခေါက်ပြန် လျှောက် ပြီး နောက်တစ်ကြိမ်စကားပြောသောအခါ သိပ်ပြင်းပြင်းထန်ထန် မဟုတ်တော့။
“ခင်ဗျား ပထမဦးဆုံးနားလည်ထားရမှာက ဒီနေရာမှာ သူရဲကောင်းဘဝဆိုတာ မရှိဘူးဗျ။ အတိတ်ခေတ်က ဘာသာရေးသုတ်သင်မှုတွေကို ခင်ဗျားဖတ်ဖူးမှာပေါ့။ အလယ်ခေတ်ရောက်တော့ ဘုရင်ဂျီဂိုဏ်းပေါ်လာတယ်။ ဒီဂိုဏ်းကျရှုံးပါတယ်။ ဒီဂိုဏ်းဟာ ဘာသာကွဲအယူမှား မိစာဒိဋ္ဌိတွေကို ချေမှုန်းတဲ့ဂိုဏ်း။ မိစာဒိဋ္ဌိဟူသမျှကို သူတို့ကမီးရှို့သတ်တယ်။ လူတွေထောင်ချီပြီး အုံကြွကြတယ်။
ဒါဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတော့ ဒီဘုရင်ဂျီ လူသတ်ဂိုဏ်းဟာ ရန်သူတွေကို လူမြင်ကွင်းမှာ သတ်တယ်။ သူတို့နောင်တ မရခင်မှာ သတ်ကြတာ။

တကယ်ပြောရရင် ရန်သူတွေဟာ နောင်တမရလို့ကိုသတ်ပစ်ရတာ။ လူတွေဟာ ဘာဖြစ်လို့သေကြရသလဲဆိုတော့ သူတို့ရဲ့ စစ်မှန်တဲ့ယုံကြည်ချက်ကို မစွန့်နိုင်လို့။ အသတ်ခံရတဲ့လူတွေကတော့ သူရဲ ကောင်းတွေပေါ့ဗျာ။
မီးရှို့တဲ့ဘုရင်ဂျီလူသတ်ဂိုဏ်းကတော့ အရှက်ရတယ်။ နောက်တော့ နှစ်ဆယ်ရာစုရောက်လာတယ်။ အကြွင်းမဲ့အာဏာရှင်စနစ်တို့၊ ဂျာမန်နာဇီတို့၊ ရုရှားကွန်မြူနစ်တို့ ပေါ်လာတယ်။ အတိတ်ကအမှားတွေကို သင်ယူခဲ့ပြီးပြီလို့ သူတို့ကထင်တယ်လေ။ ဒီတော့ သူတို့က သူရဲကောင်းမထား ဘူး။ ရာဇဝတ်သားကိုသတ်ဖို့ လူမြင်ကွင်းထဲခေါ်ထုတ်မလာခင် သူတို့က သိက္ခာအရင်ချတယ်။ မတရားညှဉ်းပန်းနှိပ်စက်ပြီး လိုသလိုပုံသွင်းတယ်။
စွပ်စွဲသမျှတွေ ကို ဝန်ခံရတဲ့ဘဝရောက်အောင် အသနားခံတတ်တဲ့သတ္တဝါလေးတွေဖြစ်လာအောင် လုပ်ပေးလိုက်တယ်။ ဒီလိုလုပ်တာတောင်မှ သုံးလေးနှစ်လောက်ကြာရင် အရင်ဖြစ်ရပ်မျိုး သံသရာလည် ပြန်ရော။ အသတ်ခံရတဲ့ လူတွေဟာ သူရဲကောင်းတွေဖြစ်ပြီး သူတို့သိက္ခာကျခဲ့သမျှကို လူတွေမေ့သွားတယ်။ ဒါဘာကြောင့်လဲ။ လက်ဦးဆုံး ပြောရရင် ဒီရာဇဝတ်သားတွေပေးတဲ့ ခံဝန်ချက်ဟာ မမှန်ကန်ဘူး။ ပုံပျက်ပန်းပျက်ဖြစ်နေတယ်။ ဒီလိုအမှားမျိုး ကျုပ်တို့မလုပ်ဘူး။ ဒီနေရာမှာ ရာဇဝတ်သားတွေ ပေးတဲ့ ခံဝန်ချက်ဟာ အမှန် ချည်းပဲ။ ကျုပ်တို့က သူတို့ကိုမှန်အောင်လုပ်ပေးလိုက်တာကိုး။
ဒါတွေအား လုံးထက် ပိုအရေးပါတာက ကျုပ်တို့ဟာသေပြီးသားလူတွေကို ပြန်မရှင်ခိုင်းဘူး။ နောင်လာနောက်သားတွေဟာ ခင်ဗျားအတွက် သက်သေထူလိမ့်မယ်ဆို တဲ့ အတွေးမျိုး ခင်ဗျားရပ်သင့်ပြီ ဝင်စတန်။ နောက်လာနောက်သားတွေဟာ ခင်ဗျားကို ဘယ်တော့မှသိမှာ မဟုတ်ဘူး။
ရာဇဝင်သမိုင်းကြောင်းထဲကနေ ခင်ဗျားကိုဆွဲထုတ် လိုက်ကြမယ်။ ကျုပ်တို့က ခင်ဗျားကို အငွေ့ဖြစ်အောင် လုပ်ပေးလိုက်ပြီး အထက်လေထုထဲပို့ပေးလိုက်မယ်။ ခင်ဗျားနဲ့ပတ်သက်တာ ဘာမှ မကျန်တော့ဘူး။ မှတ်တမ်းထဲက နာမည်လေးကအစ၊ ရှင်ကျန်နေခဲ့တဲ့ လူတွေရဲ့ဦးနှောက်ထဲမှာတောင် မှတ်ထားတာ မရှိတော့ဘူး။ ခင်ဗျားကို အတိတ်ထဲမှာရော အနာဂတ်ထဲမှာရော အပြီးအပြတ် ချေမှုန်းလိုက်ကြမယ်။
ခင်ဗျားဘယ်တုန်းကမှ မရှိခဲ့ဘူး”
ဒါဆိုဘာလို့နှိပ်စက်နေသေးလဲဟု ဝင်စတန် စိတ်ပေါက်ပေါက်နှင့် တွေးမိသည်။ စိတ်ထဲခါးသီးလာသည်။ အိုဘရိုင်ယန် ခြေလှမ်းကိုချိန်ဆ နေသည်။ ဝင်စတန့်စိတ်ထဲမှအတွေးကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည့်အတိုင်းဖြစ်၏။ ချဉ်းကပ်လာသော ရုပ်ဆိုးဆိုးမျက်နှာကြီးပေါ်မှ မျက်လုံး များကို ကျဉ်းယူထားသည်။
“ခင်ဗျားတွေးနေတယ်။ ကျုပ်တို့က ခင်ဗျားကိုအငွေ့ပြန်အောင်လုပ်ဖို့ ရည်ရွယ်ထားပြီဆိုမှတော့ ခင်ဗျားဘာပြောပြော ခင်ဗျားဘာလုပ်လုပ် ဘာတွေများထူးခြားလာမှာမို့လဲ။ ဘာဖြစ်လို့ စစ်လိုက်ဆေးလိုက်နဲ့ ကိုယ့်ဒုက္ခ

ကိုယ်ရှာရဦးမလဲ။ ဒါခင်ဗျားတွေးနေတာ။ မဟုတ်ဘူးလား”

“ဟုတ်ပါတယ်”

အိုဘာရိုင်ယန် ငွေ့ငွေ့ကလေးပြုံးသည်။

“ခင်ဗျားဟာ အပြစ်အနာအဆာဖြစ်နေတယ် ဝင်စတန်။ ခင်ဗျား ဟာ သုတ်ပစ်လိုက်ရမယ့် အစွန်းအကွက်။ အတိတ်ခေတ်က လူသတ်သမား တွေနဲ့ ကျုပ်တို့မတူဘူးဆိုတာ ခုလေးတင် ကျုပ် မပြောခဲ့ဘူးလား။ အပျက် သဘောနာခံမှုမျိုးကို ထားဦး၊ တွင်းဆုံးကျ အညံ့ခံမှုမျိုးကိုတောင် ကျုပ်တို့ ဘဝင်မကျနိုင်ပါဘူး။ နောက်ဆုံးခင်ဗျား လက်မြှောက်အညံ့ခံပြီဆိုရင်တောင် အဲဒါခင်ဗျားရဲ့ ဆန္ဒအလျောက်ပဲ ဖြစ်ရမယ်။

ကျုပ်တို့ဟာ အယူမှားတွေကို မသတ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူဟာကျုပ်တို့ကို အာခံနေတဲ့လူ။ အာခံနေ သရွေ့ ကျုပ်တို့မသတ်ဘူး။ ကျုပ်တို့က သူ့ကိုပြောင်းလဲပေးလိုက်တာ။ သူ့ရဲ့ အတွင်းစိတ်ကို အမိဖမ်းတယ်။ သူ့ကိုပုံစံပြောင်းတယ်။ သူ့ကိုယ်ထဲက ထင်ယောင်ထင်မှားနဲ့ မကောင်းမှုတွေကို မီးရှို့ပစ် လိုက်တယ်။ သူ့ကိုကျုပ်တို့ရဲ့ ဘက်တော်သားဖြစ်အောင်လုပ်တယ်။ အပေါ်ယံအပရိကလောက် မဟုတ်ဘူး။ စိတ်ရောကိုယ်ပါတကယ့်ကို အစစ်အမှန်ဘက်တော်သားဖြစ်အောင်လုပ်တာ။

မှားယွင်းနေတဲ့အတွင်းစိတ်ဟာ ဘယ်လောက်ပဲလျှို့ဝှက်ပြီး ဘယ်လောက်ပဲ စွမ်းအားမဲ့နေပစေဦး၊ ဒီကမ္ဘာပေါ်မှာရှိနေသေးတယ်ဆိုတာကို ကျုပ်တို့ဘယ် လိုမှသည်းမခံနိုင်ဘူး။ အသက်ထွက်သွားတဲ့ အချိန်မှာတောင် ဘယ်လိုသွေဖည်မှုမျိုးကိုမှ ကျုပ်တို့ခွင့်မပြုနိုင်ဘူး။ ရှေးခေတ်ကဆိုရင် အယူမှားသူတစ် ယောက်ဟာ အယူမှားသူအဖြစ်နဲ့ လူသတ်စင်ပေါ် တက်တယ်။ တရားခံဟာ ကျည်ဆံကိုစောင့်နေချိန်မှာ သူ့ဦးနှောက်ထဲ ပုန်ကန်မှုတွေချည်းပဲ။

ဒါပေမယ့် ကျုပ်တို့ကတော့ လူတစ်ယောက်ကိုမှုတ်မထုတ်ခင်မှာ သူ့ဦးနှောက်ကို ပြီးပြည့်စုံအောင် လုပ်ပေးပါတယ်။ လူတိုင်းကို ဦးနှောက်ဆေးပေးတယ်။ အပြစ်မရှိဘူးလို့ ခင်ဗျားယုံခဲ့တဲ့ ဟိုလူကြီး သုံးယောက်- ဂျုန်း၊ အေရွန်နစ်နဲ့ ရူသာဖို့- သူတို့တောင် ဦးကျိုးသွားခဲ့တယ်။ သူတို့သုံးယောက်ကိုစစ်ကြောတဲ့ပွဲ မှာ ကျုပ်တောင် ပါတယ်။ သူတို့အော်တယ်၊ တောင်းပန်တယ်၊ ငိုတယ်၊ အဆုံး မှာ သူတို့နာတာတွေ ကြောက်တာတွေ မရှိတော့ဘူး။ နောင်တတရားပဲရှိတော့တယ်။ ကိစ္စရှင်းတဲ့အချိန်မှာ သူတို့ဟာ အခွံပဲကျန်တဲ့လူဖြစ်နေပြီလေ။ မှားမိသမျှအတွက် စိတ်မကောင်းဖြစ်တာရယ်၊ အစ်ကိုကြီးကို ချစ်ကြည်ညို တဲ့စိတ်ရယ်၊ ဒါပဲကျန်တယ်။ အစ်ကိုကြီးကိုသူတို့ကြည်ညိုပုံဟာ မြင်ရုံနဲ့တောင် စိတ်ထိခိုက်စရာ ကောင်းတယ်။ သူတို့ကိုမြန်မြန်ပစ်ပေးပါတဲ့၊ သူတို့ရဲ့ စိတ်တွေသန့်စင်နေတဲ့ အချိန်မှာ သေချင်ပါတယ်တဲ့”

အိုဘာရိုင်ယန့်အသံသည် အိပ်မက်ဆန်နေသည်။ တစ်ဖက်စွန်း

ရောက်စိတ်အားထက်သန်မှုကား မျက်နှာပေါ်ရှိနေဆဲ။ ဒီလူကြီး ဟန်ဆောင်မနေဘူးဟု ဝင်စတန်တွေးမိသည်။ အိုဘရိုင်ယန်သည် ကြောင်သူတော်မဟုတ်၊ ကိုယ့်ပြောစကား ကိုယ်ယုံသောလူစား ဖြစ်၏။

ဝင်စတန့်စိတ်ကို ဖိစီးနေသည်မှာ ကိုယ်တိုင်၏ဉာဏ်ရည်ဉာဏ်သွေးနိမ့်ကျမှုအတွက်ဖြစ်သည်။ သူမြင်နိုင် သည့်မြင်ကွင်းအတွင်း ဝင်ချည်ထွက်ချည်လမ်းလျှောက်နေသည့် အိုဘရိုင်ယန် သည် လေးကန်သော်လည်း ကျက်သရေရှိနေသည်။ အိုဘရိုင်ယန်သည် အလုံးစုံသူ့ထက်ပိုကြီးမားသည်။ အိုဘရိုင်ယန့်စိတ်ထဲတွင်လည်း ဝင်စတန့်စိတ် ပါဝင်ဖွဲ့စည်းထားသည်။ သို့ဆိုလျှင် အိုဘရိုင်ယန် ရူးသည်ဟုဆိုလျှင် ဘယ်လို လုပ်မှန်နိုင်ပါ့မည်နည်း။ ရူးနေသူမှာ ဝင်စတန်ဆိုသောသူသာလျှင်ဖြစ်ရမည်။

အိုဘရိုင်ယန်လမ်းလျှောက်ရပ်ပြီး သူ့မျက်နှာထဲငုံ့ကြည့်သည်။ အိုဘရိုင်ယန့်လေသံ မာထန်လာပြန်သည်။

"ခင်ဗျားလုံးလုံးအရှုံးပေးပါပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် ကယ်နိုင်လိမ့်မယ် မထင်နဲ့ ဝင်စတန်။ ချော်တော်ငေါ့ပြီးလွတ်ထွက်သွားတဲ့လူ တစ်ယောက်မှမရှိဘူး။ ခင်ဗျားကိုသဘာဝအတိုင်းနေဖို့ လွှတ်ပေးလိုက်ပြီ ဆိုရင်တောင် ခင်ဗျား ကျုပ်တို့လက်ထဲကဘယ်တော့မှ မလွတ်ဘူး။ ဒီမှာဖြစ်သွားတာဟာ တစ်သက်စာပါပဲ။

ခင်ဗျား ဒါကိုနားလည်ထားပါ။ ကျုပ်တို့က ခင်ဗျားကို ပြန်လမ်းမရှိအောင် ချေမွပေးလိုက်မယ်။ ခင်ဗျားနှစ်ပေါင်းထောင်ချီပြီး အသက်ရှင်ရင်တောင် သာမန်လူသားတစ်ယောက်ရဲ့ ခံစားချက်မျိုးဘယ်တော့မှ ဝင်မလာတော့ဘူး။ ခင်ဗျားရဲ့အတွင်းသန္ဓေပိုင်း အားလုံးသေသွားပြီ။ အချစ်စိတ်တို့ ခင်မင်ရင်းနှီးမှုတို့ ရှင်သန်နေတဲ့အပေါ်ပျော်ရွှင်မှုတို့ ရယ်တာမောတာတွေ၊ စပ်စုတာတွေ၊ သတ္တိကောင်းတာ၊ စည်းလုံးတာ၊ ဒါမျိုးတွေ ဘယ်တော့မှမဖြစ်တော့ဘူး။ ခင်ဗျားဟာ ဟောင်းလောင်းပေါက် ဖြစ်သွားမယ်။ ကျုပ်တို့က ခင်ဗျားကို အရည်ကုန်ညှစ်ထုတ်ပစ်လိုက်မှာ။ ပြီးတော့မှ ကျုပ်တို့နဲ့ ဖြည့်ပေးမှာ"

အိုဘရိုင်ယန် စကားပြောနားပြီး ကုတ်ဖြူဝတ်လူကို အချက်ပြသည်။ ဝင်စတန့် ဦးခေါင်းနောက်ဘက်တွင် လေးလံသော စက်ပစ္စည်းတစ်ခုနေရာချနေသည်ကို ဝင်စတန်သိနေသည်။ အိပ်ရာဘေးတွင် အိုဘရိုင်ယန် ထိုင်ချ လိုက်၍ အိုဘရိုင်ယန်နှင့်ဝင်စတန် မျက်နှာတစ်တန်းတည်းဖြစ်သွားသည်။ အိုဘရိုင်ယန်သည် ကုတ်ဖြူဝတ်လူကို "သုံးထောင်" ဟုဆိုသည်။ စိုထိုင်းထိုင်း နှင့်နူးအိနေသော အဖတ်နှစ်ခု ဝင်စတန့်နားသယ်ဆီ အလိုလိုလာကပ်သည်။ ဝင်စတန် တုန်လှုပ်မိသည်။ နောက်ထပ်အသစ်အဆန်း နာကျင်မှုတစ်မျိုး လာပြီ။

"ဒီတစ်ကြိမ် ခင်ဗျားမနာဘူး။ ကျုပ်မျက်လုံးထဲကို ကြည့်နေပါ"

ထိုအခိုက်ကလေးတွင်ပေါက်ကွဲသွားသည်။ သို့မဟုတ် ပေါက်ကွဲခြင်းနှင့်တူသော အရာမျိုး ဖြစ်သွားသည်။ အသံထွက် မထွက်ကိုမူ

ဝင်စတန် မသေချာ။ မျက်စိကျိန်းလောက်စရာ အလင်း တန်းများနှင့် အတူ သူ့ခန္ဓာကိုယ် သည် ဝေဒနာမခံစားရဘဲ ဗုန်းဗုန်း လဲသွားခဲ့သည်။ စောစောကတည်းက သူအိပ်ရာပေါ် လှဲနေခြင်း ဖြစ်သော်လည်း ထူးထူးဆန်းဆန်း ထိုအနေအထား ရောက်အောင် အထိုးခံလိုက်ရသကဲ့သို့ စိတ်ဝယ် ထင်မိသည်။ မနာသော လက် သီးဖြင့် သူပက်လက်လဲသွားခဲ့ခြင်း။ သူ့ဦးခေါင်းထဲတွင်လည်း တစ်ခုခု ဖြစ်ပေါ် နေသည်။ သူ့မျက်လုံးများ ဇဟိုချက်ပြန်တည့်သွားသောအခါ သူဘယ်သူမှန်း၊ ဘယ်ရောက်နေမှန်း သူမှတ်မိသည်။ သူ့ကို ငုံ့ကြည့်နေသောမျက်နှာကို မှတ်မိသည်။ သို့သော် တစ်နေရာရာတွင် သူ့ဦးနှောက်ထဲမှ အစတစ်စကို ဆွဲထုတ်လိုက်သလို ဟင်းလင်း ပြင်ကျယ်ကြီးဖြစ်နေသည်။

“သိပ်မကြာပါဘူး ဝင်စတန်၊ ကျုပ်မျက်လုံးကိုကြည့် ပါ။ အိုရှင်းနီးယားနိုင်ငံဟာ ဘယ်နိုင်ငံနဲ့စစ်ဖြစ်နေသလဲ”

ဝင်စတန်စဉ်းစားသည်။ အိုရှင်းနီးယားနိုင်ငံနှင့် သူကိုယ်တိုင်သည် အိုရှင်းနီးယားနိုင်ငံသား တစ်ဦးဖြစ်မှန်း သူသိသည်။ ယူရေးရှားနိုင်ငံနှင့် အီစတာရှား နိုင်ငံတို့ကိုလည်း သူမှတ်မိနေသည်။ သို့သော် ဘယ်နိုင်ငံနှင့် ဘယ်နိုင်ငံ စစ်ဖြစ်နေသလဲ သူမမှတ်မိတော့။ တကယ်တော့ စစ်ရှိမရှိကိုပင် သူ သတိမထားခဲ့မိပါတကား။

“ကျွန်တော်မမှတ်မိဘူး”

“အိုရှင်းနီးယားနိုင်ငံဟာ အီစတာရှားနိုင်ငံနဲ့စစ်ဖြစ်နေတယ်။ ကဲ ခုမှတ်မိပြီလား”

“ဟုတ်ကဲ့”

“အိုရှင်းနီးယားနိုင်ငံဟာ အီစတာရှားနိုင်ငံနဲ့ အမြဲတမ်းစစ်ဖြစ်ခဲ့တယ်။ ခင်ဗျားမွေးကတည်းက၊ ပါတီပေါ်ပေါက်ကတည်းက၊ ရာဇဝင်သမိုင်း ကြောင်းစတင်ကတည်းက၊ စစ်ဟာ အဆက်မပြတ်ဖြစ်ခဲ့တယ်။ ဒီစစ်ဟာ ဒီစစ်ပဲ။ ဒါကိုခင်ဗျားမှတ်မိလား”

“ဟုတ်ကဲ့”

“လွန်ခဲ့တဲ့ဆယ့်တစ်နှစ်တုန်းက ခင်ဗျားကသာ ဒဏ္ဍာရီလေးတစ်ခု ဖန်တီးခဲ့တယ်။ ပြစ်ဒဏ်ကျခံရတဲ့လူသုံးယောက် အကြောင်းပေါ့။ သူတို့ကို အပြစ်မရှိဘူးလို့ သက်သေပြနိုင်တဲ့ စာရွက်ပိုင်းလေးကို ခင်ဗျားမြင်ချင်ဟန်ဆောင်ခဲ့တယ်။ ခင်ဗျားကသာထွင်ပြီး နောက်ပိုင်းခင်ဗျားကိုယ်တိုင်ယုံလာ ခဲ့တာ။ အဲဒီအချိန်လေးကို ခင်ဗျားမှတ်မိလား"

“ဟုတ်ကဲ့”

“အခုကလေးတင်ပဲ ခင်ဗျားမျက်စိရှေ့မှာ ကျုပ်လက်ထောင်ပြတယ်။ ခင်ဗျားက ငါးချောင်းမြင်တယ်။ ဒါကော မှတ်မိလား"

“ဟုတ်ကဲ့”

အိုဘရိုင်ယန်သည် လက်မကိုချိုးပြီး လက်ချောင်းများ ထောင်ပြသည်။ “ဟောဒီမှာ လက်ငါးချောင်း။ ခင်ဗျားမြင်လား”

“ဟုတ်ကဲ့”

သူ့စိတ်အာရုံမြင်ကွင်းများ မပြောင်းလဲခင်ကလေးတွင် လျှပ်စီးပြက် သလို သူတကယ်လည်း မြင်ခဲ့သည်။ လက်ငါးချောင်း ကို သူမြင်သည်။ ထိုစဉ် အရာရာတိုင်း နဂိုနေပြန်ဖြစ်သွားသည်။ စောစောက အကြောက်တရား၊ မုန်းတီးမှုနှင့် ဒွိဟဖြစ်ရခြင်းများ သူ့ထံတွားဝင်လာသည်။ သို့သော် သေချာခြင်းတစ်ခု ဖြစ်တည်ခဲ့ သည့် အခိုက်အတန့်ကာလလေး ဧကန်ရှိခဲ့သည်။ မည်မျှကြာခဲ့သလဲ သူမသိ။

စက္ကန့်သုံးဆယ်ခန့်ရှိနိုင်သည်။ အိုဘရိုင်ယန်၏ အကြံပြုချက်များသည် ဟင်းလင်းပေါက်တိုင်းကို ဖာထေးသွားပြီး လုံးဝဥဿုံ အမှန်တရား တစ်ခုဖြစ်တည်ခဲ့သည့် အခိုက်အတန့်ကလေးဧကန်ရှိခဲ့သည်။ နှစ်နှင့်နှစ် ပေါင်းလျှင် ငါးလွယ်လွယ်လေးဖြစ်သွားနိုင်သလောက် သုံးလည်းလွယ်လွယ် လေးဖြစ်နိုင်သည် ဆိုမှတော့ လိုအပ်သမျှသည် ထိုအချက်သာဖြစ်၏။ အိုဘရိုင်ယန်လက်ပြန်မချခင် ထိုမြင်ကွင်း မှိန်ဝါးသွားခဲ့သည်။ နောက်တစ်ကြိမ် သူ မဖမ်းဆုပ်နိုင်သော်လည်း ကိစ္စမရှိ၊ သူမှတ်မိနေသည်။

“ခင်ဗျားသိပြီမဟုတ်လား။ အချိန်မရွေးဖြစ်နိုင်တယ်ဆိုတာ”

“ဟုတ်ကဲ့”

အိုဘရိုင်ယန် စိတ်တိုင်းကျစွာ မတ်တတ်ထရပ်သည်။ ကုတ်ဖြူဝတ် လူသည် ထိုးဆေးပုလင်းချိုးပြီး ဆေးထိုးပြွန်နှင့်ဆေး ကိုစုပ်ယူသည်။ အိုဘရိုင်ယန်သည် ဝင်စတန့်ကိုပြုံးကြည့်နေသည်။ သူ့နှာရိုးပေါ်မျက်မှန်တွန်း တင်ပုံက ဂန္ထဝင်ဆန်နေပြန်သည်။

“ခင်ဗျားဒိုင်ယာရီထဲမှာ ရေးခဲ့တာကိုမှတ်မိလား။ ကျုပ်ဟာ ခင်ဗျားရဲ့မိတ်ဆွေဖြစ်ဖြစ် ရန်သူဖြစ်ဖြစ် အရေးမကြီးဘူး။ အနည်းဆုံးတော့ ခင်ဗျားကိုနားလည်တဲ့လူဖြစ်နေတယ်။ စကားပြောလို့ ရနိုင်တဲ့လူ ဖြစ်နေတယ် ဆိုတာလေ။ ခင်ဗျားမှန်တယ် ဝင်စတန်။ ခင်ဗျားနဲ့ စကားပြောလို့ကောင်းတယ်။ ခင်ဗျားရဲ့စိတ်ကို ကျုပ် သဘောကျတယ်။ ခင်ဗျားနဲ့ကျုပ်နဲ့ စိတ်ချင်းတူတယ်။ တစ်ခုပဲ၊ ခင်ဗျားကမူမမှန်ဘူး။ အခုဒီတစ်ပွဲမပြီးခင် ခင်ဗျားမေးချင် တာ နည်းနည်းပါးပါးမေးလို့ရတယ်။ မေးချင်သပဆိုရင်ပေါ့ဗျာ”

“ကျုပ်မေးချင်တဲ့ ဘယ်မေးခွန်းမဆိုလား”

အိုဘရိုင်ယန်သည် “ဒါပေါ့” ဟုဖြေပြီးမှ ဝင်စတန့်မျက်လုံးများ ဒိုင်ခွက်ဆီရောက်နေမှန်းတွေ့သွားကာ “အဲဒါပိတ်ထားတယ်။ ခင်ဗျားရဲ့ ပထမမေးခွန်းကိုပြော” ဟု လမ်းခင်းပေးသည်။

“ဂျူလီယာကို ဘာလုပ်ပစ်လိုက်ပြီလဲ”

အိုဘရိုင်ယန်ပြုံးသည်။

"ဂျူလီယာ ခင်ဗျားကိုသစ္စာဖောက်တယ်၊ ဝင်စတန်။ ချက်ချင်းပါပဲ။ အိတ်သွန်ဖာမှောက် သစ္စာဖောက်တယ်။ ဒီလောက်မြန်တာမျိုး ကျုပ်သိပ် မတွေ့ဖူးဘူး။ ခင်ဗျား သူ့ကိုတွေ့ရင် မှတ်မိချင်မှ မှတ်မိမှာ။ ဒီလောက်ပုန်ကန် တာ၊ လှည့်ဖျားတာ၊ မိုက်လွန်းတာ၊ စိတ်ထားညစ်ပတ်တာ၊ အားလုံးကိုမီး ရှို့ပစ်လိုက်ပြီလေ၊ ဘာမှမရှိတော့ပါဘူး။ ပြီးပြည့်စုံတဲ့ပြောင်းလဲမှုပါပဲ"

"ဂျူလီယာ့ကို ခင်ဗျားနှိပ်စက်သလား"

အိုဘရိုင်ယန် မဖြေ။ "နောက်မေးခွန်းကိုပြော"

"အစ်ကိုကြီးဆိုတာ တကယ်ရှိသလား"

"ဒါပေါ့၊ တကယ်ရှိတယ်။ ပါတီရှိတယ်။ အစ်ကိုကြီးဟာ ပါတီရဲ့ပြယုဂ်"

"အခုကျွန်တော်ရှိသလိုမျိုး အစ်ကိုကြီးရှိသလား"

"ခင်ဗျားမရှိပါဘူး ဝင်စတန်"

ကယ်ရာမဲ့ခံစားချက်က ဝင်စတန့်ကိုထိုးနှက်ပြန်သည်။ ဆက်မေး လျှင်သူ၏မတည်ရှိမှုအကြောင်း သက်သေပြချက်တွေသာ ထွက်လာဦးမည်။

ဘာမှ အဓိပ္ပါယ်မရှိ။ အားလုံးသည် စကားလုံး ဆော့ကစားခြင်းသာဖြစ်၏။ အိုဘရိုင်ယန် သူ့ကို အပြတ်ရှင်းတော့မည့် အချေအတင်မေးခွန်းများအကြောင်း သူတွေးမိပြီး စိတ်ခေတ်ကျလာသည်။

"ကျွန်တော်ကတော့ ကျွန်တော်ရှိနေတယ်လို့ထင်တယ်။ ကျွန်တော် ရှိနေတယ်ဆိုတာ ကျွန်တော် အသိဝင်နေတယ်။ ကျွန်တော့်ကို မွေးလာခဲ့ပြီးပြီ။ ပြီးရင်သေမယ်။ ကျွန်တော့်မှာ လက်တွေခြေထောက်တွေ ရှိတယ်။ အာကာသ ထဲက အစက်တစ်ခုအဖြစ် ကျွန်တော် ပိုင်ဆိုင်ထားတယ်။ အစက်တစ်ခုဟာ တစ်ပြိုင်တည်းမှာ ဒြပ်ထည် နှစ်ခုမဖြစ်နိုင်ဘူး။ အဲဒီလိုပုံစံမျိုးနဲ့ အစ်ကိုကြီး တည်ရှိသလား"

"ဒါဘာမှအရေးမကြီးပါဘူး။ အစ်ကိုကြီးရှိတယ်"

"အစ်ကိုကြီးသေဦးမှာလား"

"ဘယ်သေမလဲ။ သူဘယ်လိုလုပ်သေနိုင်ပါ့မလဲ။ နောက်ထပ် မေးခွန်းတစ်ခု"

"ညီနောင်သားရင်းဟာ တကယ်ရှိသလား"

"ဒါက၊ ဝင်စတန်၊ ခင်ဗျားဘယ်တော့မှသိမှာမဟုတ်ဘူး။ ကျုပ်တို့က ခင်ဗျားကိုကုပေးပြီးလို့ ပြန်လွှတ်ဖို့ရွေးချယ်ရင်ပေါ့၊ ခင်ဗျားကလည်း အသက် ကိုးဆယ်ထိနေရမယ်ဆိုရင်တောင် ဒီမေးခွန်းရဲ့အဖြေကို ခင်ဗျား သိမှာမဟုတ် ဘူး။ ခင်ဗျားအသက်ရှင်နေသရွေ့ ခင်ဗျားရင်ထဲမှာ အဖြေမပေါ်တဲ့ပဟေဠိဖြစ်နေလိမ့်မယ်"

ဝင်စတန် ငြိမ်ငြိမ်သက်သက်လှဲနေသည်။ သူ့ရင်အုံသည် နိမ့်ချည် မြင့်ချည်နှင့်မြန်လာသည်။ သူ့စိတ်အာရုံထဲ ဦးဆုံးဝင်လာသည့်မေးခွန်းကို သူမမေးရသေး။ မေးမလိုနှင့် အာစေးမိနေသည်။ အိုဘရိုင်ယန့်မျက်နှာပေါ် တွင်

ရှင်မြူးရိပ်လေးတွေ့လိုက်ရသည်။ တပ်ထားသောမျက်မှန်ကြီးပင် တပြောင်ပြောင်ဖြစ်လာသလိုရှိသည်။ သူမေးမှာကို အိုဘရိုင်ယန်ကြိုသိနေပါကလားဟု ဝင်စတန်သိလိုက်ပြီး ထိုအသိကြောင့် စကားလုံးများနှုတ်မှလွတ်ခနဲထွက်သွားသည်။

“အခန်း ၁ဝ၁ထဲမှာ ဘာရှိသလဲ"

အိုဘရိုင်ယန်၏မျက်နှာမူရာ ပြောင်းလဲမသွား။

“အခန်း ၁ဝ၁ထဲမှာ ဘာရှိသလဲဆိုတာ ခင်ဗျားသိပြီးသားပဲ၊ ဝင်စတန်။ အဲဒီအခန်းထဲ ဘာရှိသလဲ လူတိုင်းသိတယ်” ဟု ခြောက်ကပ်စွာ အဖြေပေးသည်။

အိုဘရိုင်ယန်သည် ကုတ်ဖြူဝတ်လူကို လက်တစ်ချောင်း ထောင်ပြသည်။ တစ်ပွဲတော့ပြီးသွားပေပြီ။ ဝင်စတန့်လက်မောင်းထဲ ဆေးထိုးအပ် ဝင်လာကာ ဝင်စတန်ချက်ချင်းအိပ်မောကျသွားသည်။

(၃)

"ခင်ဗျားရဲ့ပြန်လည်စုစည်းခြင်းမှာ အဆင့်သုံးဆင့်ရှိတယ် ဝင်စတန်။ သင်ကြားခြင်း၊ သဘောပေါက်ခြင်းနဲ့ လက်ခံခြင်း။ အခုဆိုရင် ခင်ဗျား ဒုတိယ အဆင့်ကိုရောက်ပြီ"

အရင်ကလိုပင် ဝင်စတန်သည်ပက်လက်အနေအထားနှင့် ဖြစ်သည်။ နောက်ပိုင်းတွင် သူ့ကို ပတ်ထားသော သိုင်းကြိုးများ သိပ်မတင်းတော့။ ဒူးနည်းနည်းလှုပ်၍ရသည်။ ဦးခေါင်းဟိုဖက်ဒီဖက်လှည့်၍ ရသည်။ တံတောင်ဆစ်မှနေ၍ လက်ကိုလှုပ်၍ရသည်။ ဒိုင်ခွက်သည်လည်း ကြောက်စရာ့ အဆင့်ကို မရောက်တော့။ သူဉာဏ်ပြေးလျှင် အသာရှောင်ထွက်၍ ရသည်။ သူချာတူးလန်ပြမှ အိုဘရိုင်ယန် မောင်းတံ ဆွဲတတ်သည်။ တစ်ခါတရံ တစ်ပွဲ လုံးပြီး သွားသည့်တိုင် ဒိုင်ခွက်ကိုမသုံးလိုက်ရ။ ဘယ်နှပွဲနွှဲခဲ့မှန်းကို သူ မမှတ်မိ။ ဖြစ်စဉ်တစ်ခုလုံးသည် ရက်ပေါင်းမနည်းလှသော်လည်း တစ်ပွဲနှင့်တစ်ပွဲကို ရံခါတွင်ရက်ပိုင်း၊ ရံခါတွင်နာရီပိုင်းခြား၍စီစဉ်သည်။

"အဲဒီမှာ ခင်ဗျားလှဲနေရင်းနဲ့ ခင်ဗျားစဉ်းစားမှာပေါ့။ ကျုပ်ကို မေးတောင်မေးဖူးသေးတာပဲ။ မေတ္တာဝန်ကြီးဌာနဟာ ဘာကြောင့်ခင်ဗျား အပေါ် အချိန်ကုန်ခံနေသေးလဲ။ ဒုက္ခရှာနေသေးလဲ။ ခင်ဗျားဒီထဲကနေလွတ်သွားပြီဆိုရင်တောင် ဒီမေးခွန်းကိုပဲ ခင်ဗျား ဦးနှောက်ခြောက်နေမှာ။

ခင်ဗျားနေထိုင်နေတဲ့ လူ့အဖွဲ့အစည်းရဲ့ ယန္တရားကို ခင်ဗျားမိမိရရသိနိုင်တယ်။ ဒါပေမယ့် ငုပ်နေတဲ့ရည်ရွယ်ချက်ကိုတော့ ခင်ဗျားမသိနိုင်ဘူး။ ဒိုင်ယာရီထဲ မှာ ခင်ဗျား ကိုယ်တိုင်ရေးခဲ့တဲ့စာသားကို မှတ်မိသေးလား။ "ဘယ်လိုဆို တာကို နားလည်တယ်။ ဘာကြောင့်ဆိုတာကို နားမလည်ဘူး" တဲ့။ ခင်ဗျားကိုယ် ခင်ဗျား စိတ်မှုမှန်ရဲ့လားလို့ သံသယဝင်နေချိန်မှာ ရေးခဲ့တာလေ။ ခုဆို ခင်ဗျား ဂိုးစတိန်းရဲ့စာအုပ်ကိုလည်းဖတ်ပြီးပြီ။ အနည်းဆုံးတော့ တချို့တဝက်လောက် ကို ဖတ်ပြီးပြီ။ ခင်ဗျားမသိသေးတဲ့အကြောင်းတွေကိုများ သူကပြောခဲ့သေး လား"

"ခင်ဗျားလည်း ဖတ်ပြီးပြီပေါ့"

"အဲဒါကျုပ်ရေးခဲ့တာ။ ပြောရမယ်ဆိုရင် ပူးပေါင်းလုပ်တာ ပေါ့ဗျာ။ ခင်ဗျားသိပြီးသားပဲ။ ဘယ်စာအုပ်ကိုမှ မူပိုင်မရေးရဘူး"

"စာအုပ်ထဲကဟာတွေက အမှန်လား"

"ဖော်ပြချက်အနေနဲ့ဆိုရင်တော့ မှန်တယ်။ အစီအစဉ်အနေနဲ့ ဆိုရင်တော့ ယုတ္တိမရှိပါဘူး။ အသိဉာဏ်ကို တိတ်တဆိတ်စုဆောင်းတာတို့၊ ဉာဏ်အလင်းကို တဖြည်းဖြည်း ဖြန့်ဝေတာတို့၊ အဆုံးစွန်အနေနဲ့ ပစ္စည်းမဲ့တွေ ပုန်ကန်ထကြွဖို့၊ ပါတီကိုမြေလှန်ပစ်ဖို့တို့ ဒါမျိုးတွေပေါ့။ ဒီအကြောင်းတွေကို ပြောမှာဆိုတာ ခင်ဗျား

သိပြီးသားပဲ။ ဒါတွေအကုန်လုံး ဘာမှယုတ္တိမရှိဘူး။ အောက်ခြေ ထုတွေဟာ ဘယ်တော့မှမပုန်ကန်ဘူး။ နှစ်ပေါင်းထောင်ချီရုံမက လို့ သန်းချီနေပစေဦး၊ သူတို့မပုန်ကန်ဘူး။

အကြောင်းရင်းကို ကျုပ်ပြောစရာ မလိုပါဘူး။ ခင်ဗျားသိပြီးသားပဲ။ ဒါကိုခင်ဗျား အိပ်မက်မက်နေရင် အဲဒီ အိပ်မက်ကိုစွန့်သာပစ်လိုက်တော့။ ပါတီကို ဖြုတ်ချဖို့ ဘာနည်းလမ်းမှမရှိဘူး။ ပါတီရဲ့စည်းမျဉ်းဟာ ထာဝရတည်မယ်။ အဲဒီနေရာကနေစပြီး ခင်ဗျား စဉ်းစား" ဟုဆိုကာ အိုဘရိုင်ယန်သည် အိပ်ရာအနား တိုးလာသည်။

"ကဲ အခုဟိုမေးခွန်းဆီ ပြန်သွားမယ်။ ဘယ်လို နဲ့ ဘာကြောင့်။ ပါတီဟာ ဘယ်လိုနည်းနဲ့ အာဏာမြဲနေသလဲဆိုတာ ခင်ဗျားကောင်းကောင်း သဘောပေါက်ပြီးပြီ။ ကဲ ဖြေစမ်းပါဦး၊ ကျုပ်တို့ဟာ ဘာကြောင့်အာဏာလိုချင်ရတာလဲ။ ကဲ ခင်ဗျားဖြေပေတော့"

ဝင်စတန် ချက်ချင်းမဖြေ။ စိတ်ထဲပူပန်လာသည်။ စိတ်အားထက်သန်မှုကြောင့် အိုဘရိုင်ယန့် မျက်နှာသည် အရောင်တလဲ့လဲ့ ထွက်လာသည်။ အိုဘရိုင်ယန် ဘာစကားပြောမလဲ ဝင်စတန် ကြိုသိနေသည်။ ပါတီသည် မိမိအကျိုးအတွက်မဟုတ်ဘဲ အများစု ကောင်းစားရေးအတွက် ကို ဆုပ်ကိုင်ထားသည်။

လူများစုသည် လွတ်လပ်မှု၏ဒဏ်ကို မခံနိုင်သော နွံနဲ့ရှာသည့် လူကြောက်များသာဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အား အင်အား ကြီးမားသူတို့က ထိန်းသိမ်းအုပ်ချုပ်ရသည်။ စံနစ်တကျ လှည့်ဖြားထား ရသည်။ လူသားများသည် လွတ်လပ်မှုနှင့်ပျော်ရွှင်မှု တစ်ခုခုကိုရွေးချယ်ကြ ရမည်ဖြစ်ရာ ဉာဏ်မျှထုထည်ကြီးမားသောလူသားများအတွက် ပျော်ရွှင်မှုက ပိုသင့်လျော်သည်။

ပါတီသည် အင်အားနည်းသူတို့၏ ရှေ့ဆောင်လမ်းပြ၊ အကောင်းဖြစ်လာဖို့ အဆိုးများကို တာဝန်ယူထားရသော၊ အများ၏ပျော်ရွှင်မှု အတွက် ကိုယ်တိုင်၏ပျော်ရွှင်မှုကို စတေးထားရသော၊ ပြဋ္ဌာန်းပြီးသား ဂိုဏ်းကြီးပင်တည်း၊ စသဖြင့် အိုဘရိုင်ယန်ပြောတော့မည်။ ကြောက်စရာ ကောင်းသည်မှာ အိုဘရိုင်ယန် ထိုစကားများပြောပါက သူကလည်းယုံတော့ မည်။ အိုဘရိုင်ယန်သည် သူ့ထက်အဆပေါင်းထောင်ချီပြီးသိသည်။ အားလုံး ကိုသဘောပေါက်ပြီး ချိန်ဆနိုင်သည်။ ကိုယ့်ထက်ဉာဏ်ပိုကောင်းသော တစ်ဖက်စွန်းသမားကို ဘယ်လိုလုပ် ယှဉ်ပြောနိုင်မည်နည်း။

"ပါတီဟာ ကျွန်တော်တို့ကောင်းဖို့အတွက် အုပ်ချုပ်နေတာပါ။ လူသားတွေဟာ မိမိကိုယ်ကိုမအုပ်ချုပ်နိုင်ဘူးလို့ ပါတီက ယုံတယ်။ ဒါကြောင့်မို့-''

စကားမဆုံးသေးခင် တစ်ကိုယ်လုံးမချိမဆံ့ဖြစ်ရသည်။ အို ဘရိုင်ယန်သည် ဒိုင်ခွက်မောင်းတံကို သုံးဆယ့်ငါးထိတွန်းတင်ထားသည်။

"ညံ့လှချည်လား ဝင်စတန်။ ချာတူးကိုလန်နေတာပဲ။ ဒီထက် မြင့်မြင့်မားမား

မပြောတတ်တော့ဘူးလား”

အိုဘရိုင်ယန်သည် ဒိုင်ခွက်မောင်းတံကိုပြန်ချပြီး စကားဆက်သည်။

“ကျုပ်မေးခွန်းအတွက် ကျုပ်ပဲဖြေပေးမယ်။ ဒီလို၊ ပါတီဟာကိုယ်ကျိုးအတွက် အာဏာကိုအပြည့်အဝဆုပ်ကိုင်ထားတာ။ ပါတီဟာ အများ ကောင်းစားရေးကို စိတ်မဝင်စားပါဘူး။ အာဏာတစ်ခုပဲ စိတ်ဝင်စားတယ်။ ဥစ္စာဓနတွေ၊ ဇိမ်ခံပစ္စည်းတွေ၊ သက်တမ်းရှည်ဖို့တို့၊ ပျော်ရွှင်ဖို့တို့ ဘာမှ စိတ်မဝင်စားဘူး။ သူစိတ်ဝင်စားတာ အာဏာတစ်ခုပဲ။ အာဏာသက်သက် ကိုပဲ စိတ်ဝင်စားတာ။

အာဏာသက်သက်ဆိုတာဘာလဲ။ ခင်ဗျား ခုပဲသိရ မယ်။ ကျုပ်တို့ဟာ ရှေးခေတ်ကအာဏာရှင်တွေနဲ့ မတူဘူး။ ဒီတော့ ကိုယ်ဘာ လုပ်နေတယ်ဆိုတာ ကိုယ်သိတယ်။ ဂျာမန်နာဇီတွေရယ်၊ ရုရှားကွန်မြူနစ် တွေရယ် သူတို့ဟာ အာဏာကိုမလိုချင်ဘဲနဲ့ ဆုပ်ကိုင်ထားရပါတယ်၊ ဒီလို ဆုပ်ကိုင်ထားရတာဟာလည်း အချိန်အတိုင်းအတာတစ်ခုအထိပါပဲ၊ ကွေ့လေး တစ်ခုကိုချိုးလိုက်ရုံနဲ့ လူသားတွေ တန်းတူညီမျှ လွတ်လပ် သွားတော့မယ် ဆိုတဲ့အနေမျိုး သူတို့က ဟန်ဆောင်ထားတယ်။ ကျုပ်တို့ကတော့ သူတို့လို မဟုတ်ဘူး။ ဘယ်သူကမှ အာဏာကိုစွန့်လွှတ်ဖို့အတွက် ရယူထားတာ မဟုတ်ဘူး။ ကျုပ်တို့ ဒီလိုသိထားတယ်။

အာဏာဟာ ပန်းတိုင်ရောက်စေတဲ့ နည်းလမ်းမဟုတ်ပါဘူး။ အာဏာဟာ ပန်းတိုင်ပါ။ တော်လှန်ရေးကို ကာကွယ်ဖို့ အာဏာရှင်ခေတ်ကို တည်ထောင်ခဲ့တာမဟုတ်ပါဘူး။ အာဏာရှင်ခေတ်ကို တည်ထောင်ဖို့ တော်လှန်ရေးဆင်နွှဲခဲ့တာပါ။ နှိပ်ကွပ်ခြင်းရဲ့ရည်ရွယ်ချက်ဟာ နှိပ်ကွပ်ခြင်းပါပဲ။ ညှဉ်းဆဲခြင်းရဲ့ ရည်ရွယ်ချက်ဟာ ညှဉ်းဆဲဖို့ပဲ။ အာဏာရဲ့ ရည်ရွယ်ချက်ဟာ အာဏာ။ ကဲ ခင်ဗျားနားလည်ပြီလား”

ခါတိုင်းလို ဝင်စတန်အံ့သြနေမိသည်။ အိုဘရိုင်ယန်၏ ပန်းလျနွမ်း နယ်သောမျက်နှာကို အံ့သြနေရသည်။ ထိုမျက်နှာသည် အားကောင်းသော၊ အသားများသော၊ ခက်တရော်သောမျက်နှာ။ ဉာဏ်ရည်ဉာဏ်သွေးတို့ပြည့်ဝ နေသော၊ စိတ်ခံစားချက်ကို ထိန်းချုပ်ထားနိုင်သောမျက်နှာ။ သို့တိုင် မောနေသည်။ မျက်လုံးအောက်တွင် မျက်အိတ်များ။ ပျော့တွဲကျနေသော ပါးသားများ။ အိုဘရိုင်ယန်သည် သူ့အနားချဉ်းကပ်လာကာ ဤမျက်နှာရှဲကြီးကို တမင်သက်သက်ထိုးပြသည်။

“ကျုပ်မျက်နှာကြီးက ရွတ်တွကြီး၊ မောနေလိုက်တာလို့ ခင်ဗျားတွေး နေတယ်ပေါ့။ ခင်ဗျားဘယ်လိုတွေးသလဲဆိုရင် ကျုပ်ကပြောလိုက်တော့ အာဏာတွေ ပါဝါတွေအကြောင်း၊ တကယ်တမ်းမှာ ကိုယ့်ရုပ်ကြီးပျက်စီးနေ တာတော့ ဘာမှမလုပ်တတ်ဘူးလို့ ခင်ဗျားတွေးတယ်လေ။ ဒီမယ် ရုပ်ခန္ဓာ ဆိုတာဆဲလ်တစ်ခု။ ဒါကို ခင်ဗျားသိလား။ ဆဲလ်တစ်ခုပင်ပန်းခြင်းဟာ သက်ရှိရဲ့အားမာန်။ ခင်ဗျားလက်သည်းညှပ်ရင် လူပါသေသွားလား”

အိုဘရိုင်ယန်သည် ဝင်စတန့်အိပ်ရာနားမှခွာကာ အခန်းထဲ စကြံ့လျှောက်နေသည်။ လက်တစ်ဖက် အိတ်ထဲထည့်လျက်။

"ကျုပ်တို့ဟာ အာဏာပါဝါရဲ့ ဘုန်းတော်ကြီးတွေ။ ဘုရားဆိုတာ တန်ခိုးဩဇာ။ ဘုရားဆိုတာ ပါဝါ။ ဒါပေမယ့် လောလောဆယ်မှာ ခင်ဗျားဟာ ဒါကို စကားလုံးတစ်ခုအဖြစ်ပဲ သိနေမယ်။ ပါဝါဆိုတာဘာလဲ။ ခင်ဗျားကို တွေးစရာတွေပေးဖို့ အချိန်တန်ပြီ။ ပထမဆုံးခင်ဗျားသိထားရမှာက ပါဝါဆို တာ စုပေါင်းထားတာ။ ပုဂ္ဂိုလ်တစ်ဦးဟာ တစ်ဦးတည်းအဖြစ်ကို ရပ်ပစ်လိုက်မှ ပါဝါရှိလာမယ်။ ပါတီဆောင်ပုဒ်ကို ခင်ဗျားသိမှာပေါ့။

လွတ်လပ်ရေးသည် ကျွန်စနစ်။ ခင်ဗျားဒီစာသားကို ပြောင်းပြန်လုပ်ကြည့်ဖူးသလား။ကျွန်စနစ် သည် လွတ်လပ်ရေး။ သီးသန့်တစ်ဦးတည်း ဖြစ်နေမယ်၊ လွတ်လပ်နေမယ် ဆိုရင် ဒီလူဟာ သူများအနိုင်ယူတာ ခံရတော့မယ်။ ဒီလိုပဲဖြစ်ရမှာပဲလေ။ ဘာကြောင့်ဆို လူသားတိုင်း ဟာသေဖို့လျာထားပြီးသားပဲ။

သေတယ်ဆိုတာ အရှုံးတွေအားလုံးထဲမှာ အကြီးဆုံးအရှုံး။ ဒါပေမယ့် ဒီလူဟာ ပြီးပြည့်စုံအောင် လုပ်နိုင်တယ်ဆိုရင် သူ့ရဲ့ပုဂ္ဂလဇာတိကနေလွတ်အောင် လုပ်နိုင်မယ်၊ ပါတီထဲ ကူးပြောင်းသွားနိုင်မယ်၊ သူကိုယ်တိုင်ပါတီဖြစ်လာမယ်၊ ဒီတော့မှ သူဟာပါဝါ အကြီးဆုံးနဲ့ မသေဘဲရှိနေတော့မှာ။ ခင်ဗျား စဉ်းစားရမယ့် ဒုတိယအချက်ရှိသေးတယ်။ အာဏာပါဝါဆိုတာ လူသားတွေအပေါ်လွှမ်းမိုးထားတာ။ ရုပ်ခန္ဓာ ကိုယ်ပေါ်မှာပေါ့။ အလွှမ်းမိုးဆုံးကတော့ စိတ်ကို။ ပြင်ပကိစ္စတွေအတွက်က တော့ အရေးမကြီးပါဘူး။ ခင်ဗျားတို့အခေါ် ပြင်ပအရှိတရားလေ။ ပြင်ပ ကိစ္စတွေကို ကျုပ်တို့ပါတီက အကြွင်းမဲ့ထိန်းချုပ်ထားနိုင်ပြီ။"

ဝင်စတန်သည် ရုတ်တရက်ဒိုင်ခွက်ကိုမေ့ပြီး တအားကျုံး ထသည်။ ခန္ဓာကိုယ်သာတွန့်လိမ်ပြီး နာရသည်။ ထမရ။

"ပြင်ပကိစ္စတွေကို ဘယ်လိုလုပ်ပြီးထိန်းချုပ်နိုင်မှာလဲဗျ။ ရာသီဥတုကိုတောင် မထိန်းချုပ်နိုင်ပါဘူး။ ကမ္ဘာမြေကြီးဆွဲအား ကိုရော။ ပြီးတော့ရှိသေးတယ်။ ရောဂါဘယတွေ၊ ဝေဒနာတွေ၊ သေခြင်းတရား-"

အိုဘရိုင်ယန်သည် ဝင်စတန့်အားငြိမ်ငြိမ်နေဖို့ လက်ဟန်ပြသည်။ "ကျုပ်တို့ပါတီဟာ ပြင်ပကိစ္စတွေကို ထိန်းချုပ်ပါတယ်။ ဘာကြောင့် လဲဆို ပါတီက စိတ်ကိုထိန်းချုပ်တယ်။ အရှိတရားဆိုတာ ဦးခေါင်းခွံထဲမှာ ရှိတာ။ ခင်ဗျား တစ်ထစ်ချင်းစီ သင်ရမယ် ဝင်စတန်။ ကျုပ်တို့မလုပ်နိုင်တာ ဘာမှမရှိဘူး။ ကိုယ်ဖျောက်တာ၊ လေထဲပျံတာ- ဘာမဆိုလုပ်နိုင်တယ်။ ကျုပ်သာဆန္ဒရှိရင် ဒီကြမ်းပေါ်မှာ ဆပ်ပြာ ပူဖောင်းလေးလို လွင့်နိုင်တယ်။ ဒါပေမယ့် ကျုပ်က ဆန္ဒမရှိဘူး။ ဘာကြောင့်ဆို ဒီလိုလုပ်ဖို့ ပါတီက ဆန္ဒမရှိလို့။ အဲဒီ ၁၉ရာစုခေတ်က သဘာဝတရားရဲ့နိယာမဆိုတာတွေကို ခင်ဗျားစွန့် သင့်ပြီ ဝင်စတန်။ ပါတီက

သဘာဝတရားရဲ့နိယာမကို ဖန်တီးခဲ့တယ်”

“မဖန်တီးပါဘူး။ ခင်ဗျားတို့ဟာ ဒီကမ္ဘာဂြိုဟ်ကိုတောင် မစိုးမိုးနိုင်သေးပါဘူး။ ယူရေးရှားနဲ့ အိစတာရှား ဘယ်သွားထားမလဲ။ သူတို့ကိုတောင် မနိုင်သေးပါဘူး”

“အရေးမှမကြီးတာ။ သင့်တော်လာမယ့်အချိန်ရောက်ရင် အနိုင်ယူလိုက်မှာပါ။ သူတို့ကို အနိုင်မယူဘူး ဆိုရင်ကော၊ ဘာများထူးခြားလာမှာမို့လဲ။ သူတို့ကို တည်ရှိခြင်းကနေ အမှောင်ချထား လို့ရတာပဲ။ အိုရှင်းနီးယားနိုင်ငံ သာလျှင် ကမ္ဘာပါ”

“ကမ္ဘာဆိုတာလည်း မြူမှုန်ကလေးပဲဗျ။ လူဆိုတာ သေးသေးလေး။ ဘာမှမတတ်စွမ်းဘူး။ ဒီကမ္ဘာပေါ်မှာ လူတွေဖြစ်တည်လာတာ ဘယ်လောက်ကြာသေးလို့လဲ။ လူမနေတဲ့အချိန်ဟာ နှစ်ပေါင်း သန်းချီပြီးရှိခဲ့တာပါ”

“ကြံကြီးစည်ရာတွေ။ ဒီကမ္ဘာနဲ့ဒီလူတွေဟာ သက်တမ်း အတူတူပဲ။ ဘယ်သူကမှ ပိုမကြီးဘူး။ ဘယ်လိုလုပ်ပြီးကြီးနိုင်မှာလဲ။ လူရဲ့အသိစိတ်ကို ကျော်ပြီး ဘယ်ဟာမှမတည်ရှိဘူး”

“ကျောက်စိုင်ကျောက်သားတွေထဲမှာ မျိုးသုဉ်းသတ္တဝါတွေရဲ့ အရိုးတွေပြည့်လို့ဗျ။ မွေးရှည်ဆင်ကြီးတွေ၊ တွားသွားသတ္တဝါကြီးတွေ- လူသားတွေ မရှိခင်ကတည်းက သူတို့ရှိနေခဲ့တာ”

“အဲဒီအရိုးတွေ ခင်ဗျားမြင်ဖူးလား၊ ဝင်စတန်။ သေချာတယ်။ မမြင်ဖူးဘူး။ ၁၉ ရာစု ဇီဝဗေဒပညာရှင် တွေ တီထွင်ခဲ့တဲ့ဟာပဲ။ လူသားရဲ့ရှေ့မှာ ဘာမှမရှိဘူး။ လူသားရဲ့နောက်မှာ ဘာမှရှိလာမှာမဟုတ်ဘူး။ လူသားရဲ့ အပြင်မှာလည်း ဘာမှမရှိဘူး”

“ဒါပေမယ့် စကြဝဠာကြီးတစ်ခုလုံးက ကျွန်တော်တို့ရဲ့ အပြင်မှာရှိတယ်လေ။ ကြယ်တွေကိုကြည့်စမ်းပါဦး။ တချို့ကြယ်တွေဆိုရင် အလင်းနှစ် ပေါင်းသန်းချီပြီးဝေးတယ်။ ကျွန်တော်တို့ လှမ်းမမီနိုင်တဲ့နေရာမှာ အမြဲတမ်းရှိနေတယ်”

“ကြယ်ဆိုတာဘာလဲ” ဟု အိုဘရိုင်ယန် မမှုသလိုပြောသည်။

“ကြယ်ဆိုတာ ကီလိုမီတာသိပ်မဝေးတဲ့နေရာက မီးတောက် ကလေး။ ကျုပ်တို့လှမ်းဆွတ်ချင်ရင် ဆွတ်လို့ရနိုင်တာပဲ။ ဒါမှမဟုတ် ဖျက်ဆီး လိုက်လည်းဖြစ်တာပဲ။ စကြဝဠာရဲ့အလယ်ဗဟိုဟာ ကမ္ဘာ။ နေနဲ့ကြယ်တွေဟာ ကမ္ဘာကိုပတ်နေတယ်”

ဝင်စတန် နောက်တစ်ကြိမ်ရုန်းထသည်။ သို့သော်သည် တစ်ကြိမ် သူဘာမှမပြောတော့။ သူမေးပြီးသားမေးခွန်းကိုဖြေသလို အိုဘရိုင်ယန် ဆက်ပြောသွားသည်။

“တချို့ကိစ္စအတွက်ဆိုရင် ဒါမမှန်ပါဘူး။ ပင်လယ်ရေကြောင်းသွား လာပြီဆိုရင်၊ နေကြတ်တာ လကြတ်တာကိုတွက်ချက်ပြီဆိုရင် ကမ္ဘာကနေကို

ပတ်တယ်လို့ ယူဆမှအဆင်ပြေတော့မှာပေါ့။ ကြယ်တွေဟာ ကီလိုမီတာသန်း ပေါင်းကို သန်းချီဝေးနေတယ်လို့ယူဆမှ အဆင်ပြေတော့မှာပေါ့။ ဒီတော့ ဘာဖြစ်လဲ။ နက္ခတ္တဗေဒကို နှစ်မျိုးထွင်လို့မရဘူးလို့ ခင်ဗျားပြောချင်တာ လား။ ကြယ်တွေဟာ ကျုပ်တို့နဲ့ နီးနိုင်တယ်၊ ဝေးနိုင်တယ်။ ကျုပ်တို့လိုချင်တဲ့ အတိုင်းပေါ့ဗျ။ ကျုပ်တို့ရဲ့သင်္ချာပညာရှင်တွေဟာ မယှဉ်နိုင်ဘူးလို့ ပြောချင် တာလား။ နှစ်ထပ်ကွမ်းအတွေးကို ခင်ဗျားမေ့သွားပြီလား”

ဝင်စတန် အိပ်ရာပေါ်ပြန်လဲကျသည်။ သူဘာပြောပြော အိုဘရိုင်ယန်၏ ဒိုးဒိုးဒေါက်ဒေါက်အဖြေက သူ့အားတင်းပုတ်နှင့် နှက်ချ လိုက်မြဲဖြစ်သည်။ သို့တိုင် သူမှန်သည်ဟု သူသိနေသည်။ သင့်စိတ်၏ အပြင်ဘက်တွင် ဘာမှမတည်ရှိဟူသော ယုံကြည်ချက်- ထိုယုံကြည်ချက် မှား ကြောင်း သက်သေပြနိုင်မည့် နည်းလမ်း ရှိပါလိမ့်မည်။ ထိုအချက်မှားကြောင်း ပေါ်ထွက်ခဲ့သည်မှာ ကြာလှပြီ မဟုတ်ပါလော။ အမည်ပင်တပ်ထားသေးသည်။ သူမေ့နေ၍သာ။ သူ့ကိုငုံ့ကြည့်နေသော အိုဘရိုင်ယန်၏နှုတ်ခမ်း ထောင့်စွန်းများ ကွေးတက်သွားသည်။

“ကျုပ်ပြောပြီးပြီပဲ ဝင်စတန်။ ရုပ်လွန်ပညာကို ခင်ဗျား အား မကောင်းပါဘူး။ ခင်ဗျားစဉ်းစားနေတဲ့စကားလုံးက အတ္တပဓာနဝါဒ။ ငါသာရှိဝါဒ။ ဒါပေမယ့် ခင်ဗျားမှားနေပါပြီ။ ဒါ ငါရှိဝါဒ မဟုတ်ဘူး။ စုပေါင်းဝါဒဗျ။ ဒါပေမယ့် ဒါကသတ်သတ်ကိစ္စ။ တကယ်တော့ ဘာမှမဆိုင်ဘူး။ အားလုံး ဘေးချော်ထွက်နေပြီ။ တကယ့်ပါဝါ တကယ့်အာဏာဆိုတာ ကျုပ်တို့နေ့ရော ညရော တိုက်ယူနေတဲ့ ပါဝါပေါ့ဗျာ။ အဲဒီပါဝါဟာ အရာဝတ္ထုတွေအပေါ် လွှမ်းမိုးဖို့ မဟုတ်ဘူး။ လူသားတွေအပေါ် လွှမ်းမိုးဖို့ပါ”

ထိုနေရာတွင် အိုဘရိုင်ယန်သည် အလားအလာရှိသော ကျောင်းသားလေးကို မေးခွန်းထုတ်သော ကျောင်းအုပ်ဆရာကြီး လေသံဖြင့် ဝင်စတန့်အားမေးသည်။

“လူတစ်ယောက်ဟာ တခြားလူအပေါ် ဘယ်လို အာဏာပြနိုင်သလဲ ဝင်စတန်”

ဝင်စတန်စဉ်းစားပြီး “နှိပ်စက်တဲ့နည်း” ဟုဖြေသည်။

“အတိအကျပဲ။ နှိပ်စက်ရတယ်။ နာခံမှုတစ်ခုတည်းနဲ့ မလုံလောက် ဘူး။ ပါဝါဆိုတာ ဒဏ်ပေးတာ၊ နှိပ်ကွပ်အရှက်ခွဲတာ။ ပါဝါဆိုတာ လူ့စိတ်ကို တစ်စစီဆွဲဆုတ်ပြီး ကိုယ့်ရွေးချယ်ချက်အတိုင်း ပုံစံသစ်ပြန်ဖော်တာ။ ကဲ ခင်ဗျားတွေ့ပြီလား။ ကျုပ်တို့ဖန်တီးနေတဲ့ကမ္ဘာကို။ ဟိုးအရင်က ပြုပြင်ရေး သမားကြီးတွေ စိတ်ကူးယဉ်ခဲ့တဲ့ ပျော်ရွှင်မှုပဓာနဆိုတဲ့ စိတ်ကူးယဉ်ကမ္ဘာနဲ့ အတိအကျကို ဆန့်ကျင်နေတဲ့ကမ္ဘာ။ ကြောက်တာရယ်၊ ကောက်ကျစ်တာ ရယ်၊ ညှဉ်းပန်းနှိပ်စက်တာရယ်၊ နိုင်လိုမင်းထက်လုပ်တာရယ်၊ ဒါတွေပဲရှိနေ တဲ့ကမ္ဘာ။ ရက်စက်မှု ပိုကြီးထွားလာတယ်။

ကျုပ်တို့ရဲ့ကမ္ဘာမှာ တိုးတက်တာ ဆိုလို့ နာကျင်မှုပဲရှိတယ်။

ရှေးခေတ်လူ့ယဉ်ကျေးမှုဟာ မေတ္တာနဲ့တရားမျှတမှုအပေါ်မှာ အခြေခံတယ်။ ဒီခေတ်ယဉ်ကျေးမှုကတော့ အမုန်းအပေါ်မှာ ကို အခြေခံတယ်။ ဒီခေတ်ကမ္ဘာမှာ ကြောက်တာရယ် ဒေါသရယ် အောင်နိုင် ဝင့်ကြွားတာရယ်၊ ကိုယ့်ကိုယ်ကိုယ် အညွန့်ချိုးတာရယ် ဒါတွေကလွဲလို့ ဘာ စိတ်ခံစားချက်မှမရှိဘူး။ ရှိလည်း ကျုပ်တို့ကဖျက်ဆီးပစ်မှာပဲ။

တော်လှန်ရေး မတိုင်ခင်ခေတ်အထိ ရှင်သန်နေတဲ့ တွေးလေ့တွေးထ အတွေးမျိုးတွေကို တောင် ကျုပ်တို့ရိုက်ချိုးပြီးပြီ။ မိဘနဲ့သားသမီးကြား၊ ယောက်ျား ယောက်ျား ချင်း၊ ယောက်ျားနဲ့မိန်းမကြား- အဲဒီချိတ်ဆက်မှုတွေကို ဖြတ်နိုင်ခဲ့ပြီးပြီ။ ဘယ်သူကမှ ကိုယ့်မိန်းမ ကိုယ်မယုံဘူး။ ကိုယ့်သားသမီး ကိုယ်မယုံဘူး။ မိတ်ဆွေကိုလည်း မယုံဘူး။ ဒါပေမယ့် နောင်လာမယ့်အနာဂတ်မှာဆိုရင် ဇနီးမယားတို့ အဆွေခင်ပွန်းတို့ဆိုတာ မရှိတော့ပါဘူး။ ကလေးတွေကို အမေ့ ဝမ်းကကျွတ်တာနဲ့ ခေါ်သွားမယ်။ ကြက်မကြီးရဲ့ဥကိုယူသလိုမျိုးပေါ့။ တဏှာပေမစိတ်ကိုလည်း ဖယ်ရှားပစ်လိုက်မယ်။ ကျားမဆက်ဆံပြီး မျိုးပွား တာကို ခွဲတမ်းချသလိုမျိုး တစ်နှစ်တစ်ခါ ခွဲတမ်းချပေးမယ်။ ကိုယ် လက်နှီးနှောခြင်းရဲ့ အာရုံခံစားမှုကို သုတ်သင်မယ်ကွာ။

ခုပဲအာရုံကြောပညာရှင်တွေ လုံးပန်းနေ ကြပါပြီ။ ပါတီအပေါ်သစ္စာရှိတာကလွဲလို့ တခြားဘာသစ္စာမှ ဖြစ်မလာတော့ ဘူး။ အစ်ကိုကြီးကိုချစ်တာကလွဲလို့ တခြားဘာအချစ်မှ ဖြစ်မလာတော့ဘူး။ ရန်သူကို နှိမ်နင်းနိုင်လို့ ပျော်ရတဲ့အပျော်ကလွဲရင် တခြားဘာမှရယ်စရာမောစ ရာ ရှိမှာမဟုတ်တော့ဘူး။ အနုပညာ၊ စာပေ၊ သိပ္ပံပညာ ဘာမှ ရှိမလာဘူးကွာ။ ကျုပ်တို့ဟာ ပါဝါအကြီးဆုံးဖြစ်ပြီဆိုမှတော့ သိပ္ပံပညာလည်း မလိုတော့ဘူး ပေါ့။

လှတာနဲ့အကျည်းတန်တာ ဘာမှ မကွာတော့ဘူး။ သိချင်စိတ်တို့၊ ဘဝ ဖြစ်စဉ်အပေါ်မှာ ပျော်ပိုက်တဲ့ စိတ်တို့ ဒါတွေမရှိတော့ဘူး။ ချမ်းမြေ့စရာ ဟူသမျှကို ဖျက်ဆီးပစ်လိုက်မယ်။ ဒါပေမယ့် အမြဲတမ်းပေါ့ကွာ - ဝင်စတန်၊ ဒါကို မမေ့နဲ့။ အမြဲတမ်း အာဏာပါဝါကို ယစ်မူးနေလိမ့်မယ်။ ပိုယဉ်ပါးပြီး ပိုယစ်မူးလာမယ်။ အချိန်တိုင်း အချိန်တိုင်းမှာ စစ်နိုင်တဲ့အပေါ် ရင်ဖိုပြီး မြူးနေလိမ့်မယ်။ အနာဂတ်ရဲ့ပုံကို ခင်ဗျားလိုချင်ရင် လူ့မျက်နှာပေါ်မှာ စစ်ဖိနပ်တက်နင်းထားတဲ့ပုံကိုဖော်ကြည့်”

ဝင်စတန်နဲ့ ထံမှ စကားအလာကိုစောင့်သလို အိုဘရိုင်ယန် စကားပြောရပ်ထားသည်။ ဝင်စတန် စကားမပြောနိုင်။ သွေ့နှလုံးသွေးများ ခဲသွားသလို ပင်။ အိုဘရိုင်ယန် စကားဆက်သည်။

“တက်နင်းခံရဖို့အတွက် မျက်နှာဟာအမြဲတမ်းရှိနေမယ်။ ဒါကို ခင်ဗျားမှတ်ထား။ လူ့အဖွဲ့အစည်းရဲ့ရန်သူ အယူမှားတွေဟာ အမြဲတမ်းရှိနေမယ်။ ဒါမှ သူတို့ကိုနိုင်လို့ရမယ်၊ နှိပ်ကွပ်လို့ရမယ်။ ခင်ဗျား ကျုပ်တို့လက်ထဲ ရောက်တဲ့အချိန်ကစပြီး ပိုဆိုးဖို့ပဲ။ ပူးပေါင်းကြံစည်မှု၊ သစ္စာဖောက်မှု၊ ပြီးရင်

အကျဉ်းချခံရတာ၊ နှိပ်စက်ခံရတာ၊ အသတ်ခံရတာ၊ ပျောက်ပျက်သွားတာ- ဆက်တိုက်ပါပဲ။ ကြမ်းတမ်းရက်စက်တဲ့ကမ္ဘာဖြစ်လာမှာ။ တစ်ပြိုင်တည်းမှာပဲ အောင်မြင်မှုကမ္ဘာဖြစ်လာလိမ့်မယ်။ ပါတီက ပိုပြီးပါဝါကြီးလာလေ၊ သည်းမခံနိုင်လေ။ အတိုက်အခံတွေ ပိုအားနည်းလာလေ၊ သက်ဦးဆံပိုင်စနစ် ပိုရက်စက်လေ။ ဒီလိုဖြစ်လာမှာ။ ဂိုးစတိန်းနဲ့ သူ့နောက်လိုက် အယူမှားတွေ ထာဝရရှင်သန်နေမယ်။

နေ့တိုင်းနေ့တိုင်း သူတို့ကို တိုက်ခိုက်အနိုင်ယူမယ်၊ သိက္ခာချမယ်၊ ဟားမယ်၊ ဒါပေမယ့် သူတို့ကတော့ အမြဲတမ်းရှင်သန်နေမယ်။ ဒီခုနစ်နှစ်အတွင်း ခင်ဗျားကို ကျုပ်ကစားခဲ့တဲ့ ဇာတ်လမ်းလေးမျိုး နောင်လည်း မျိုးဆက်တိုင်းမှာ သိမ်သိမ်မွေ့မွေ့လေး ကစားသွားကြဦးမယ်။ အယူမှား တစ်ကောင်ကို ကျုပ်တို့ အမြဲတမ်း ရနေမှာပဲ။ နာပြီးအော်မယ်၊ ကျိုးမယ်ကြေ မယ်၊ အထင်သေးစရာဖြစ်လာမယ်၊ အဆုံးမှာ လုံးဝဥဿုံ နောင်တရပြီး ကျုပ်တို့ရဲ့ခြေရင်းကို သူ့သဘောနဲ့သူဝပ်စင်းလာလိမ့်မယ်။ ဒါဟာကျုပ်တို့စီမံဖန်တီးနေတဲ့ ကမ္ဘာကြီးပဲ ဝင်စတန်။

နိုင်ပွဲအောင်ပွဲတွေ ဆင့်ဆင့်နေတဲ့ကမ္ဘာ။ ကမ္ဘာကြီးဟာ ဒီလိုပဲလို့ ခင်ဗျားစပြီး သိလာနေပြီ။ အဆုံးမှာတော့ ခင်ဗျား လည်း သဘောပေါက်တာထက်ကို ပိုလာလိမ့်မယ်။ ခင်ဗျားလက်ခံလာလိမ့် မယ်။ ကြိုဆိုလာလိမ့်မယ်။ ပြီးရင် ကိုယ်တိုင်ပါဝင်လာလိမ့်မယ်”

ဝင်စတန် စကားပြောနိုင်လာသည်။ “ခင်ဗျားမလုပ်နိုင်ပါဘူး”

“ဘာကိုပြောတာလဲ ဝင်စတန်”

“ခုနကခင်ဗျားပြောတဲ့ကမ္ဘာမျိုးကို ခင်ဗျားတို့မဖန်တီးနိုင်ပါဘူး။ ဒါအိပ်မက်မက်နေတာ။ ဒါမျိုး မဖြစ်နိုင်ဘူး”

“ဘာကြောင့်လဲ”

“ကြောက်တာတွေ၊ မုန်းတီးတာတွေ၊ ရက်စက်တာတွေ၊ ဒါတွေ အပေါ်မှာ လူ့ယဉ်ကျေးမှုတည်ဆောက်လို့မရဘူး။ ဘယ်ခံနိုင်မလဲ”

“ဘာဖြစ်လို့”

“အသက်မပါတော့ဘူးလေ။ ပြိုကွဲသွားမှာပဲ။ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိမ့်မယ်”

“ယုတ္တိမရှိပါဘူး။ အမုန်းဟာအချစ်ထက်ပိုပြီး ခြေကုန်လက်ပန်းကျစေတယ်လို့ ခင်ဗျား မြင်နေတာကိုး။ ခင်ဗျားမြင်နေတာ မှန်တယ်ပဲထား၊ ဘာတွေများ ထူးခြားသွားမှာမို့လဲ။ ကိုယ့်ကိုယ်ကိုယ် မြန်မြန်သုံးစားသွားဖို့ ကျုပ်တို့က ရွေးချယ်တယ်ဆိုရင်ကော။ လူ့သက်တမ်းကိုအရှိန်မြှင့်ပြီး အသက်သုံးဆယ်မှာ သူငယ်ပြန်အောင် လုပ်မယ်ဆိုရင်ကော။ ဒီအထိလုပ်ရင်တောင် ဘာတွေများ ထူးလာမှာမို့လဲ။ ခင်ဗျား ခုထိနားမလည်သေးဘူးလား။ တစ်ဦးချင်းစီရဲ့ သေဆုံး မှုဟာ သေဆုံးမှုမဟုတ်ဘူး။ ပါတီက မသေနိုင်တဲ့ အမတပါ”

ခါတိုင်းလိုပင် အိုဘရိုင်ယန်၏အသံသည် ဝင်စတန့်ကို ကူကယ်ရာမဲ့ အောင် ထုထောင်းနိုင်လွန်းသည်။ ထို့ပြင် သူ့ဘက်က သဘောမတူဘဲ ခေါင်းမာနေပါက အိုဘရိုင်ယန် ဒိုင်ခွက်ကို ကစားမည်စိုးရသည်။ သို့တိုင် သူနှုတ်မပိတ်နိုင်သေး။ အချေအတင်သဘောမဟုတ်ဘဲ သူတိုးတိုးပြောသည်။

"ကျွန်တော်မသိဘူး။ ဂရုမစိုက်ဘူးဗျာ။ တစ်နည်းနည်းနဲ့တော့ ခင်ဗျားတို့ ကျရှုံးမှာပဲ။ တစ်ခုခုက ခင်ဗျားတို့ကို အနိုင်ယူလိမ့်မယ်။ ဘဝက ခင်ဗျားတို့ကို အနိုင်ယူလိမ့်မယ်"

"အလွှာအားလုံးရဲ့ဘဝကို ကျုပ်တို့ထိန်းချုပ်တယ်။ လူ့သဘာဝ ဆိုတာကို ခင်ဗျားစဉ်းစားနေတာကိုး။

လူ့သဘာဝဟာ ကျုပ်တို့လုပ်သမျှ အတွက် ဒေါသပေါက်ကွဲပြီး တန်ပြန်တိုက်ခိုက်လိမ့်မယ်လို့ ခင်ဗျားတွေးနေတယ်။ ဒါပေမယ့် ဒီလူ့သဘာဝဆိုတာကို ကျုပ်တို့ကဖန်တီးတာ။ လူဆိုတာ ပုံသွင်းဖို့ သိပ်လွယ်တယ်ဗျ။ ဒါမှမဟုတ် ခင်ဗျားအရင်စိတ်ကူးဟောင်းကြီး ပေါ်လာပြန်ပြီလား။ ပစ္စည်းမဲ့တွေ ကျေးကျွန်တွေ အုံကြွပြီး ကျုပ်တို့ကို ဖယ်ရှား ပစ်မယ် ဆိုတဲ့အတွေးလေ။ အဲဒီအတွေးကို ခင်ဗျား ရှင်းထုတ်ပစ်လိုက်ပါ တော့။ သူတို့ဟာ တိရစ္ဆာန်တွေ၊ ဘာမှမတတ်နိုင်ပါဘူး။ လူသားဆိုတာ ပါတီ။ တခြားဟာတွေက အပြင်မှာပဲရှိတယ်၊ မဆီမဆိုင် ပေါ့ဗျာ"

"ကျွန်တော်ဂရုမစိုက်ဘူး။ နောက်ဆုံးမှာ သူတို့ကခင်ဗျားတို့ကို အနိုင်ယူလိမ့်မယ်။ တစ်စစီဆွဲဆုတ်လိမ့်မယ်"

"ခင်ဗျားမှာဘာသက်သေရှိလဲ။ ဒါမှမဟုတ်လည်း အကြောင်းရင်း တစ်ခုခုပေါ့"

"ဘာမှမရှိဘူး။ ကျွန်တော်ဒီလိုပဲယုံတယ်။ ခင်ဗျားတို့ရှုံးမယ်ဆိုတာ ကျွန်တော်သိနေတယ်။ စကြဝဠာကြီးထဲမှာ တစ်ခုခုရှိတယ်။ ဝိဥာဉ်လား၊ လောကနိယာမလား၊ ကျွန်တော်မသိဘူး။ ဒါမျိုးတစ်ခုခုရှိတယ်။ ခင်ဗျားတို့ ဘယ်တော့မှကျော်လွှားလို့ မရနိုင်တဲ့ဟာမျိုးပေါ့"

"ခင်ဗျား ဘုရားကို ယုံသလား ဝင်စတန်"

"မယုံဘူး"

"ဒါဆို ခင်ဗျားပြောတဲ့ဟာကဘာလဲ။ ကျုပ်တို့ကိုအနိုင်ယူမယ့် လောကနိယာမဆိုတာ"

"မသိဘူး။ လူသားဝိဥာဉ်ပေါ့"

"ခင်ဗျားကိုယ်ခင်ဗျား လူသားလို့ယူဆထားသလား"

"ဟုတ်ကဲ့"

"တကယ်လို့သာ ခင်ဗျားဟာလူသားဆိုရင် နောက်ဆုံး မနုသ လူသားပဲဖြစ်မယ်။ ခင်ဗျားလိုအမျိုးအစားက မျိုးသုဉ်းသွားပြီ။ ကျုပ်တို့ကတော့ အမွေဆက်ခံသူ။ ခင်ဗျားဟာ တစ်ယောက်တည်းဆိုတာ ခင်ဗျား နားလည်လား။

ခင်ဗျားဟာ သမိုင်းရဲ့အပြင်မှာရှိတယ်။ ခင်ဗျားဟာ မတည်ရှိဘူး။”

အိုဘရိုင်ယန် အမူအရာပြောင်းလာကာ လေသံရင့်လာသည်။

“ကျုပ်တို့ရဲ့ အလိမ်အညာတွေ၊ ကျုပ်တို့ရဲ့ရက်စက်မှုတွေ-ဒါတွေကြောင့် ခင်ဗျားကိုယ်ခင်ဗျား ကျုပ်တို့ထက် ကိုယ်ကျင့်စာရိတ္တအသာစီးရတယ်လို့ မှတ်နေလား”

“မှန်ပါတယ်။ ကိုယ်ကျင့်စာရိတ္တမှာ ကျွန်တော်သာပါတယ်”

အိုဘရိုင်ယန် စကားမပြော။ စကားသံနှစ်သံကို ဝင်စတန်ကြားရသည်။ အသံနှစ်သံထဲမှတစ်သံသည် မိမိကိုယ်တိုင်၏အသံဖြစ်ကြောင်း အတန်ကြာမှ ဝန်စတန် အမှတ်ရသည်။ ညီနောင်သားရင်းအသင်းထဲ စာရင်းသွင်းသောညက အိုဘရိုင်ယန်နှင့်သူ စကားပြောခဲ့သမျှကိုဖမ်းယူပြီး ပြန်ဖွင့်ပြနေခြင်း။ လိမ်ညာဖို့၊ အတုလုပ်ဖို့၊ လူသတ်ဖို့၊ မူးယစ်ဆေးဝါးနှင့် ပြည့်တန်ဆာ လုပ်ငန်းအားပေးဖို့၊ ကာလသားရောဂါဖြန့်ဝေဖို့၊ ကလေးတစ်ယောက်၏မျက်နှာထဲ အက်ဆစ်ပက်ဖို့ ပေးနေခဲ့သမျှသူ့ကတိတွေ။ ဒါကလေး ဖွင့်ပြရတာ မတန်သေးပါဘူးဆိုသောအနေဖြင့် အိုဘရိုင်ယန်စိတ်မရှည်။ ခလုတ်ပိတ်လိုက်၍ အသံရပ်သွားသည်။

“ကဲ အိပ်ရာပေါ်က ထ”

သိုင်းကြိုးများ အလိုလိုပြေသွားသည်။ ဝင်စတန်ကြမ်းပေါ်မှာ ဒယီးဒယိုင် မတ်တတ်ရပ်သည်။

“ခင်ဗျားဟာ နောက်ဆုံးလူသားပဲ ဝင်စတန်။ ခင်ဗျားဟာ လူသား ဝိဥာဉ်ကိုစောင့်ရှောက်တဲ့လူ။ ခင်ဗျားကိုယ်ခင်ဗျား အရှိအတိုင်း မြင်ရမယ်။ အဝတ်တွေချွတ်လိုက်”

ဝင်စတန်သည် အပေါ်အင်္ကျီ၏ခါးစည်းကိုဖြည်သည်။ အင်္ကျီဇစ် ပျက်စီးသွားသည်ကတော့ကြာပြီ။ သူအဖမ်းခံရပြီးကတည်းက ဤအဝတ် အစားကို တစ်ကြိမ်လောက်ချွတ်ကြည့်ဖူးသလား သူမမှတ်မိ။ အပေါ်အင်္ကျီ အောက်မှ သူ့ခန္ဓာကိုယ်သည် နံစော်ဝါရော်သောအဝတ်စုတ်ဖြင့် ထွေးလိမ် လျက်ရှိသည်။ ထိုအဝတ်စုတ်သည် အတွင်းခံအင်္ကျီဖြစ်မှန်း မှတ်မိရုံလောက် သာ။ ကြမ်းပြင်ပေါ် အဝတ်အစားများပုံချနေစဉ် အခန်းဟိုဘက်မှ သုံးဖက် မြင်မှန်ကို သူတွေ့သည်။ မှန်ရှိရာဆီ သူလှမ်းနေရင်း ရုတ်တရက်သူဆက်မ သွား။ ငိုချင်စိတ်သည် ပေါက်ကွဲထွက်လာသည်။

“ဆက်သွားလေ။ မှန်ရှေ့သွားရပ်။ ဘေးတိုက်ပုံကိုပါမြင်ရတယ်”

သူရှေ့ဆက်မသွားရဲသည်မှာ ကြောက်သောကြောင့် ဖြစ်သည်။ ဖြူရော်ရော် ခါးကိုင်းကိုင်း အရိုးစုသဏ္ဍာန်သည် သူ့ထံလျှောက်လာနေသည်။ ထိုသဏ္ဍာန်သည် သူ့ပုံရိပ်ဟုသိနေခြင်းကြောင့် မဟုတ်ဘဲ ထိုသဏ္ဍာန်သည် ကြောက်စရာကောင်းနေသည်။ ကြေးမုံပြင်ရှေ့ကို သူတိုးလာတော့ သတ္တဝါ၏ မျက်နှာက ကိုင်းသောကိုယ်ဟန်ကြောင့် ပြူးပြူးကြီးရှေ့တက်လာသည်။

နဖူးပြောင်ပြောင်၊ ကျိုးကောက်နေသော နှာတံ၊ ပွဲကျေသော ပါးရိုးအထက်မှ တထိတ်ထိတ်နှင့် စူးရဲနေသောမျက်လုံးအစုံ၊ ပါးပြင်ပေါ်မှ ချုပ်ရိုးရာ၊ ပါးစပ်ဟောင်းလောင်း။ သေချာပါသည်။ ထိုမျက်နှာသည် သူ့ မျက်နှာ။ သို့သော် အတွင်းသဏ္ဍာန်ထက် ပြင်ပသဏ္ဍာန်က ပိုပြောင်းလဲသွားသည်ဟုထင်မိသည်။

သူ့ဦးပြည်းတော်တော်ပြောင်သွားပြီ။ သူဆံပင်ဖြူပြီ ဟူသောအသိက လက်ဦးဆုံးဝင်လာသည်။ လက်နှင့်မျက်နှာတစ်ဝိုက်မှလွဲ၍ သူ့တစ်ကိုယ်လုံးပေါ် ဖုန်မှုန့်များ ချိုးကပ်ပြီးဖြူဖွေးနေသည်။ နေရာအချို့တွင် နီရဲသော အမာရွတ်နှင့်ဒဏ်ရာများ။ ခြေကျင်းဝတ်မှ ရောင်အမ်းနေသော အကြောထုံးနာသည် အရေပြားများ ကွာကျလျက်။

သို့သော် တကယ်ထိတ်လန့်စရာကောင်းသည်မှာ သူ၏ ကမ္ဘဌာန်း ရုပ်။ နံရိုးများသည် အရိုးစုပမာ အပြိုင်းအပြိုင်းထနေသည်။ ပိန်ကျုံသော ခြေတံတွင် ဒူးဆစ်သည် ပေါင်ထက်ပိုကြီးနေသည်။ ဘေးတိုက်ပုံအကြောင်း ပြောသော အိုဘရိုင်ယန်ဘာကိုဆိုလိုမှန်း ယခုမှ သိသည်။ ကျောရိုးအကွေး အဝိုက်ကား အံ့လောက်စရာပင်။ ရင်ညွန့်ရိုး ညှပ်ရိုး ရှိုက်ဝင်နေသည်အထိပခုံးများရှေ့ငေါ်ထွက်နေသည်။ ပိန်တာရိုးလည်တံသည် ဦးခေါင်းခွံ၏အလေး ချိန်ကြောင့် ကျိုးတော့ မလို။ ခန့်မှန်းပြောရလျှင် ဤခန္ဓာကိုယ်သည် ပြင်းထန် သောရောဂါဝေဒနာကို ခံစားနေရသည့် အသက်ခြောက်ဆယ်ရွယ်လူတစ် ယောက်၏ခန္ဓာ။

“တစ်ခါတလေ ခင်ဗျားတွေးတယ်မဟုတ်လား။ ကျုပ်မျက်နှာကြီး၊ ဗဟိုပါတီဝင်တစ်ယောက်ရဲ့ မျက်နှာကြီးက အိုမင်းရွတ်တွ နေလိုက်တာလို့။ ခင်ဗျားမျက်နှာကိုရော ဘယ်လိုထင်လဲ”

အိုဘရိုင်ယန်သည် ဝင်စတန့်ကို ပခုံးမှနေ၍လှည့်ပြီး သူနှင့် မျက်နှာချင်းဆိုင်စေသည်။

“ကိုယ့်ကိုယ်ကိုယ် ပြန်ရှုစားစမ်းပါဦး။ ခင်ဗျားကိုယ်ပေါ်က ဂျွတ်တွေ ဘယ်လောက်ရွံစရာကောင်းလဲ။ ခြေချောင်းကြားထဲ ချေးတွေလက်လေး သစ်လောက်ရှိတယ်။ ခြေထောက်ကအနာကြီးကလည်း ရွံစရာကြီး။ ခင်ဗျားကိုယ်က ဆိတ်စော်နံနေတာ သိလား။ ပိန်ချုံးနေတာကြည့်ဦး။ မြင်လား။ ခင်ဗျားလက်မောင်းကို ကျုပ် လက်မနဲ့လက်ညှိုးထိအောင် ပတ်လို့ရတယ်။ ခင်ဗျား လည်ပင်းကို မုန်လာဥလေးချိုးသလို ချိုးလို့ရတယ်။ ကျုပ်တို့လက်ထဲကို ခင်ဗျား စရောက်ကတည်းက နှစ်ဆယ့်ငါးကီလိုဂရမ် ဝိတ်လျော့သွားတာ ခင်ဗျားသိလား။ ဆံပင်တွေတောင် လက်တစ်ဆုပ်စာဆွဲနှုတ်လို့ရတယ်။”

အိုဘရိုင်ယန်သည် ဝင်စတန့်ခေါင်းပေါ် လက်လှမ်းလိုက်ရာ ဆံပင်များ အထွေးလိုက်ပါလာသည်။

“ပါးစပ်ဟစမ်းပါဦး။ ကိုး တစ်ဆယ် ဆယ့်တစ်၊ သွားဆယ့် တစ်ချောင်းကျန် သေးသဗျ။ အရင်ကဘယ်နှချောင်းလဲ။ အခု ကျန်တဲ့နည်း နည်းလေးတောင်

ကျွတ်ကျနေပြီ။ ဒီမှာကြည့်”

ဝင်စတန့်ရှေ့သွားတစ်ချောင်းကို အိုဘရိုင်ယန်ဆွဲချွတ်လိုက်ရာ မေးရိုးစူးခနဲဖြစ်ပြီး အိုဘရိုင်ယန့် လက်ထဲ သွားတစ်ချောင်း အမြစ်ပါကျွတ်၍ ပါလာသည်။ သွားကို အိုဘရိုင်ယန် တောက်ထုတ်လိုက်သည်။

“ခင်ဗျားက ပုပ်လိုက်လာနေပြီလေ။ ခင်ဗျားကဘာလဲ။ အရိအခွဲ အပုပ်အိတ်ကြီး။ ကဲ လှည့်ပြီး မှန်ထဲ ပြန်ကြည့်စမ်းပါဦး။ ခင်ဗျားကို မျက်နှာမူ နေတဲ့ လူကို တွေ့လား။ အဲဒါ နောက်ဆုံးလူသားပဲ။ တကယ်လို့သာ ခင်ဗျားက လူဆိုရင် အဲဒါက မနုဿ ပေါ့ဗျ။ ကဲ အင်္ကျီပြန်ဝတ်”

ဝင်စတန် အဝတ်အစားဖြည်းဖြည်းပြန်ဝတ်သည်။

ဘယ် လောက် တောင်ပိန်ပြီး ချည့်နဲ့သွားသလဲ၊ ယခုထိ သူသတိထားမိပုံမရ။ သူ့စိတ်ထဲ ဖြောင်း ဆန်နေသော တစ်ခုတည်းသော အတွေးမှာ အကျဉ်းကျသည်မှာ သူထင်ထားသည်ထက် ကြာခဲ့ပြီဟူ၍သာ။ ပျက်စီးသွားသော မိမိခန္ဓာအတွက် ကြေကွဲ စိတ်လှုံ့တက်လာသည်။ ကိုယ့်ကိုယ်ကိုယ်မသိလိုက်ခင် အိပ်ရာနံဘေးမှ ခွေး ခြေပေါ် သူပြိုကျသွားပြီး မျက်ရည်များသွန်ထွက်လာသည်။ ဖြူတောက်သော မီးရောင်အောက် ထိုင်ငိုနေသည့် ကျက်သရေတုံးသော ရုပ်ဆိုးပန်းဆိုး အရိုးစု တစ်စုသည် သူ။ သူအငိုမရပ်နိုင်ခဲ့။ သူ့ပခုံးကို အိုဘရိုင်ယန်လာကိုင်သည်။

“သိပ်မကြာပါဘူး ဝင်စတန်။ ခင်ဗျားရွေးချယ်ပြီဆိုတာနဲ့ လွတ်ပါပြီ။ အရာရာတိုင်း ခင်ဗျားပေါ်မှာပဲမူတည်နေတာ”

“ခင်ဗျားလုပ်တာ။ ကျွန်တော် ဒီဘဝရောက်အောင် ခင်ဗျားလုပ်တာ''

“မဟုတ်ဘူး ဝင်စတန်။ ခင်ဗျားကိုယ်ခင်ဗျားလုပ်ခဲ့တာ။ ခင်ဗျားကြို မမြင်ခဲ့တာ ဘာမှမရှိဘူး”

အိုဘရိုင်ယန် တစ်အောင့်နားပြီးဆက်ပြောသည်။

“ခင်ဗျားကိုကျုပ်တို့ နှာခဲ့တယ်။ အခု ခင်ဗျားခန္ဓာကိုယ်ကို ခင်ဗျား မြင်ပြီ။ ခင်ဗျားရဲ့စိတ်လည်း ခန္ဓာကိုယ်လိုပဲ။ ခင်ဗျားမှာ မာန်မာနကျန်ဦး မယ်မထင်ပါဘူး။ ခင်ဗျားအကန်ခံရတယ်၊ အရိုက်ခံရတယ်၊ စော်ကားခံရတယ်။ ခင်ဗျား နာပြီးအော်တယ်၊ သွေးတွေ အန်ဖတ်တွေနဲ့ ကြမ်းပေါ်မှာ လူးနေတယ်။ ခင်ဗျားအသနားခံတယ်။ လူတိုင်းကို ခင်ဗျားသစ္စာဖောက်တယ်။ အားလုံးကို သစ္စာဖောက်တယ်။ ကိုယ့်ကိုယ်ကိုယ် သိက္ခာမကျအောင်လုပ်ခဲ့ တာလေးများ တစ်ခုတလေရှိသေးရဲ့လား”

ဝင်စတန် အငိုရပ်သွားသည်။ မျက်ရည်များကား မျက်လုံးအိမ်ထဲမှ စိမ့်ထွက်နေဆဲ။ အိုဘရိုင်ယန်ကို သူမော့ကြည့်သည်။

“ဂျူလီယာ့ကို ကျွန်တော်သစ္စာမဖောက်ဘူး”

အိုဘရိုင်ယန်သည် သူ့ကိုတွေးတွေးဆဆငုံ့ကြည့်နေသည်။

“မှန်တယ်၊ ဒါသိပ်မှန်တယ်။ ဂျူလီယာ့ကို ခင်ဗျားသစ္စာမဖောက်ဘူး”

ထူးထူးဆန်းဆန်း အိုဘရိုင်ယန့်အား လေးစားကြည်ညိုစိတ်သည် ဝင်စတန့်နှလုံးသားထဲ ကဲမောက်လျှံလာသည်။ ထိုစိတ်ကို ဘယ်အရာကမှ ဖျက်ဆီး၍ ရမည်မထင်။

အိုဘရိုင်ယန် ဉာဏ်ကောင်းလိုက်လေ။ သူပြောသမျှ ကို အိုဘရိုင်ယန်နားမလည်ခြင်းမျိုး တစ်ခါမှမရှိခဲ့။ ဤကမ္ဘာပေါ်ရှိဘယ်သူ မဆို သူသည် ဂျူလီယာ့အား သစ္စာဖောက်ခဲ့ကြောင်း ချက်ချင်းတုံ့ပြန်ပြော ဆိုပေလိမ့်မည်။ ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့် သူ့ထံမှညှစ်ထုတ်၍ မရခဲ့သည်မှာ ဘာများပါလိမ့်။

ဂျူလီယာ့အကြောင်း သူသိသမျှအိတ်သွန်ဖာမှောက် အကုန် ပြောခဲ့သည်။ ဂျူလီယာ၏အလေ့အထ၊ အကျင့်စရိုက်၊ ယခင်ဘဝ၊ သူတို့နှစ်ဦး တွေ့ဆုံကြုံကြိုက်ခဲ့ပုံအသေးစိတ်အထိ၊ ဂျူလီယာနှင့် သူပြောခဲ့သမျှ စကားတွေ၊ မှောင်ခိုဈေးအစားအသောက်၊ သူတို့ နှစ်ဦး၏ဖောက်ပြန်မှု၊ ပါတီကိုအာခံသော မရေမရာ စီမံကိန်းလေးများ- အစစအရာရာကို သူဝန်ခံခဲ့သည်။ သို့သော်ငြား ဂျူလီယာ့ ကို သူသစ္စာမဖောက်ခဲ့။ ဂျူလီယာ့အပေါ်ထားသည့် သူ့ခံစားချက် များ တစ်သမတ်တည်းရှိနေဆဲ။ ဂျူလီယာ့ကို သူချစ်မြဲချစ်နေဆဲ။

ရှင်းပြစရာမလိုဘဲနှင့် အိုဘရိုင်ယန် နားလည်ခဲ့သည်။

“ကျွန်တော့်ကိုဘယ်တော့လောက်ပစ်မလဲ၊ ပြောပြပါဗျာ”

“ကြာဦးမယ်။ ခင်ဗျားရဲ့ကေ့စ်က မလွယ်ဘူး။ ဒါပေမယ့် စိတ်ခတ်မကျပါနဲ့။ လူတိုင်းအနေးနဲ့အမြန်တော့ ရောဂါကုလို့ ပျောက်ပါတယ်။ ကုသမှုပြီးရင် ခင်ဗျားကိုပစ်ပေးပါမယ်"

(၄)

ဝင်စတန် နေကောင်းလာသည်။ နေ့တိုင်းနေ့တိုင်း(ထိုစကားလုံး သုံး၍ ဆီလျော် ပါက) ပိုဝလာသည်။ သန်မာလာသည်။ မီးရောင်နှင့် တဇီဇီအသံသည် အကျဉ်းခန်းထဲ၌ ခါတိုင်းလိုပင် ဖြစ်သော်လည်း သူ ရောက်ခဲ့သော အခြား အကျဉ်းခန်းများနှင့်စာလျှင် ယခုအကျဉ်းခန်းသည် သက်တောင့်သက်သာ ရှိသည်။ အိပ်ရာပျဉ်ချပ်ပေါ်တွင် ခေါင်းအုံးနှင့်မွေ့ယာ။ ထိုင်စရာ ခွေးခြေ တစ်လုံး။ သူ့ကို ရေတစ်ကြိမ်ချိုးပေးကြသည်။ လက်ဆေးခွက်ထဲ မကြာခဏ ဆေးကြောသန့်စင်ခွင့် လည်းပေးထားသည်။ ရေနွေးပင်ပေးကြ သေးသည်။ အတွင်းခံအသစ်နှင့် အပေါ်အင်္ကျီတစ်စုံအပြင် ခြေထောက်မှ အကြောထုံးနာ ကို ဆေးလိမ်းပေးကြသည်။ သွားအကြွင်းအကျန်များကို နှုတ်ပေးပြီး အံကပ် အသစ်ပေးထားသည်။

အချိန်သည် ရက်လချီ၍ကုန်လွန်သွားလောက်ပြီ။ သူသာ စိတ်ဝင်စားမည်ဆိုလျှင် အချိန်ကို ဖမ်းတွက်၍ရသည်။ သူ့ကိုအချိန်မှန်မှန်ခြား၍ အစာကျွေးနေသည်။ ခန့်မှန်းကြည့်ရသလောက် နှစ်ဆယ့်လေးနာရီတွင် သုံးနပ်ကျွေးသည်။ ကျွေးသောအစာများ အံ့လောက်စရာကောင်းနေသည်။ သုံးကြိမ်မြောက်တိုင်းတွင် အသားဟင်းပါသည်။ တစ်ခါတုန်းကဆိုလျှင် စီးကရက်တစ်ဘူးပင်ပါလာသေးသည်။ သူ့တွင်မီးခြစ်မရှိသော်လည်း ဘယ်တော့မှ စကားမပြောသည့်အစောင့်က သူ့အားမီးတစ်တို့ပေးသွားသည်။ ပထမဆုံး စီးကရက်လေး ခဲလိုက်ချိန်တွင်နေမကောင်းချင်သလို ဖြစ်ရသေးသည်။ သူကတော့ မရရအောင် သောက်သည်။ အစာစားပြီးတိုင်း စီးကရက် တစ်လိပ်ကို တစ်ဝက်ကုန်အောင်ခဲသည်။

ခဲတံတိုတစ်ချောင်းချည်ထားသော သင်ပုန်းဖြူလေးတစ်ခု ပေးထား သေးရာ ပထမတော့သူမသုံး။ အိပ်ရာကနိုးနေချိန်မှာပင် တစ်ကိုယ်လုံး မသယ် နိုင်အောင်နုံးနေသည်။ အစာစားချိန်တစ်နပ်နှင့် တစ်နပ်ကြား သူတစ်ချက် တောင်မလှုပ်ဘဲ အိပ်နေသည်က များသည်။ ရံခါတော့လည်း မျက်လုံးမဖွင့်နိုင် အောင် အတိတ်အမှတ်တရ များထဲ မျောနေခဲ့သည်။ အားကောင်းသော အလင်းရောင် အောက်ဝယ် သူ အိပ်ကျင့် ရှိလာခဲ့သည်မှာ ကြာပြီ။ ပျော်ရွှင်စရာ အိပ်မက်တွေစိပ်နေသည်။ အိပ်မက်ထဲတွင် ရွှေနိုင်ငံ။ နေခြည်ဝင်းပြက် နေသော အပျက်အစီးပုံကြားထဲ အမေ၊ ဂျူလီယာ၊ အိုဘရိုင်ယန်တို့နှင့်အတူ စကားတပြောပြောနှင့် ထိုင်နေခဲ့သည်။ နိုးနေချိန်အတွေးများသည်လည်း အိပ်မက်ထဲကအတိုင်း။ ခန္ဓာကိုယ်ဝေဒနာ ပျောက်ကင်း ခဲ့သော်လည်း ပညာ တတ်တစ်ဦး၏စွမ်းအားများ သူ့ထံတွင် မရှိတော့သလိုပင်။ သူပျင်းရိမနေ၊ စကားပြောလိုစိတ်သာ မရှိ။ အရိုက်အနှက်မခံရ၊ အမေးအမြန်းမခံရဘဲ တစ်ကိုယ်တည်းနေ၊ ဝဝစား၊ သန့်သန့်ရှင်းရှင်းနေရခြင်းကို သူအပြည့်အဝ ကျေနပ်သည်။

တဖြည်းဖြည်းနှင့် သူအိပ်ချိန်တိုတောင်းလာသော်လည်း အိပ်ရာထဲမှ ထွက်လိုစိတ် မရှိသေး။ ငြိမ်ငြိမ်လေးလှဲပြီး ခန္ဓာကိုယ်ထဲ အားအင်ပြည့် ဖြိုးလာဖို့ကိုသာ သူအရေးထားသည်။ ကြွက်သားများဖောင်းလာခြင်း၊ အရေပြားတင်းလာခြင်းများ တကယ်ဟုတ် မဟုတ် သေချာရအောင် ခန္ဓာ ကိုယ်ကို သူစမ်းသော် ဝလာသည်မှာ ဒွိဟဖြစ်စရာမလိုတော့။ ပေါင်သည် ဒူးဆစ်ထက် သေသေချာချာ ပိုကြီးလာသည်နှင့် သူလေ့ကျင့်ခန်းမှန်မှန်လုပ်သည်။ ဘာမှမကြာခင် သုံးကီလိုမီတာခန့် လမ်းလျှောက်နိုင် လာသည်။ အကွာအဝေးကို သူခြေလှမ်းဖြင့်မှတ်ပြီးတိုင်းခဲ့ခြင်းဖြစ်၏။

လက်ပြင်ကိုင်းကိုင်းသည် ပြန်မတ်လာသည်။ အခြားထွေထွေထူးထူးလေ့ကျင့်ခန်းများယူဖို့ ကြိုးစားကြည့် သော် ရှက်စရာပင်ကောင်းသေးတော့။ ခွေးခြေကို လက်မောင်းတစ်ဆန့်မ” မထားနိုင်။ ခြေတစ်ပေါင်ကျိုးမရပ်နိုင်။ ဆောင့်ကြောင့်ထိုင်ကြည့်သော် ပေါင် နှင့်သလုံးသားများ အလွန်အမင်း နာသောကြောင့် မနည်းပြန်ရပ်ရသည်။ သူဝမ်းလျားထိုးပြီး ဒိုက်ထိုးကြည့်သော် နှမ်းစေ့တစ်ထောက်ပင် ကြွမလာ။ နောက်ရက်များ သူထပ်ကြိုးစားကြည့်မှ ခြောက်ကြိမ်ထိရလာသည်။ ခန္ဓာကိုယ်အတွက် နည်းနည်းအားရလာသည်။ သူ့မျက်နှာလည်း နဂိုမျက်နှာပြန် ဖြစ်လာလောက်ပြီဟု မျှော်လင့်ချက်လေး တို့တိတို့တိ ထားနိုင်လာသည်။ နဖူးပြောင်ပြောင်ကို မတော်တဆလက်နှင့်စမ်းမိမှ ချုပ်ရိုးရာနှင့် မှန်ထဲမြင်ခဲ့ရသော ယိုယွင်းမျက်နှာကိုပြန်အမှတ်ရသည်။

သူ့စိတ်သည် လှုပ်ရှားထကြွလာသည်။ အိပ်ရာပျဉ်ချပ်ပေါ် ထထိုင် ပြီး သင်ပုန်းပြားကိုင်ကာ မိမိဘာသာပညာသင်ယူဖို့ သူအသည်းအသန် ကြိုးစားသည်။ သူ့ဘက်ကအရှုံးပေးခဲ့ပြီ။ တကယ်တော့ အရှုံးပေးမည်ဟု မဆုံး ဖြတ်ခင်အစောကြီးကတည်းက အရှုံးပေးဖို့ အသင့်ဖြစ်နေခဲ့သည်။ မေတ္တာ ဝန်ကြီးဌာနထဲရောက်ကတည်းက- သူနှင့်ဂျူလီယာ တယ်လီစကရင်မှထွက်ပေါ် လာသော သတ္တညသံကိုမလွန် ဆန်နိုင်ဘဲ အဖမ်းခံရဖို့ မတ်တတ်ရပ်စောင့်စား နေကတည်းက မိမိ၏လုပ်ရပ် ကလေးကလားနိုင်ပုံကို သူလက်ဆုပ်မိမိသိခဲ့ ပြီးဖြစ်သည်။ ပိတုန်းလေးတစ်ကောင်ကို မှန်ဘီလူးဖြင့်စောင့်ကြည့်သလို အတွေးပုလိပ်က သူ့ကိုစောင့်ကြည့်ခဲ့သည်မှာ ခုနစ်နှစ်ရှိပြီဖြစ်ကြောင်း ယခုမှ သူသိသည်။ သူ့ဒိုင်ယာရီပေါ် ဖုန်မှုန့်လေးများပြန်ဖြူးပေးထားဖို့အထိ သူတို့တွေ ပိရိကြသည်။

သူပြောခဲ့သောစကားများကို ပြန်ဖွင့်ပြသည်။ ပါတီကို သူဆက်လက် အာခံနိုင်စွမ်းမရှိတော့။ ထို့ပြင် ပါတီကမှန်နေသည်။ သည်လိုပဲဖြစ်ရမည်။ မသေနိုင်သော၊ စုပေါင်းထားသောဦးနှောက်များက ဘယ်လိုလုပ် မှားနိုင်အံ့ နည်း။ မည်သည့်ပြင်ပစံနှုန်းများဖြင့် ပါတီ၏ဆုံးဖြတ်ချက်ကို ဝေဖန်သမှု ပြုနိုင်အံ့နည်း။ မှုမှန်ခြင်းသည် ကိန်းဂဏန်းဆိုင်ရာဖြစ်သည်။ သူတို့ တွေးသည့်အတိုင်း လိုက်တွေးဖို့

မေးခွန်းထုတ်ခြင်းသာ။

လက်ထဲမှခဲတံသည် နေသားမကျဖြစ်လာသည်။ ခေါင်းထဲဝင်လာသောအတွေးကို သူရေးသည်။ စာလုံးကြီးဖြင့် သူချရေးသောစာသားမှာ-

လွတ်လပ်ရေးသည် ကျွန်စနစ်။

ထို့နောက် မနားဘဲဆက်ရေးသွားသည့်စာသားမှာ-

နှစ်နှင့်နှစ်ပေါင်း ငါး။

ထို့နောက်တွင် သူ့စိတ်အာရုံသည် တစ်ခုခုကိုရှောင်ဖယ်နေသကဲ့သို့ စုစည်း၍ မရဘဲဖြစ်နေသည်။ ဘာဆက်လာဦးမလဲ သူသိပြီး သားဆိုသည်ကို သူသိနေ ၏။ လောလောဆယ်တွင်သာ မမှတ်မိခြင်း။ မှတ်မိချိန်တွင် ထိုစာသားသည် သူ့သဘောနှင့်သူပေါ်လာခြင်းမဟုတ်ဘဲ ကျိုးကြောင်းဆင်ခြင်ရာမှ ထွက်လာ သောစာသား ဖြစ်နေသည်။

ဘုရားဟူသည် တန်ခိုးသြဇာ။

အရာရာတိုင်းကို သူလက်ခံသည်။ အတိတ်ကိုပြောင်းလဲ၍ ရသည်။ အတိတ်သည် ဘယ်တုန်းကမှ မပြောင်းလဲခဲ့။ အိုရှင်းနီးယားနိုင်ငံသည် အီစတာရှားနိုင်ငံနှင့် စစ်ဖြစ်နေသည်။ အိုရှင်းနီးယားနိုင်ငံသည် အီစတာရှား နိုင်ငံနှင့် အမြဲတမ်းစစ်ဖြစ်ခဲ့သည်။ ဂျုန်း၊ အေရွန်စန်နှင့် ရူသာဖို့ တို့သည် စွဲဆိုခံရသည့်အတိုင်း ရာဇဝတ်မှုကျူးလွန်ခဲ့သည်။ သူတို့ အပြစ်မရှိကြောင်း ပြသသည့် သက်သေ သတင်းစာပိုင်း ကို သူဘယ်တုန်းကမှ မမြင်ခဲ့။ ထို သတင်းစာပိုင်း ဘယ်တုန်းကမှမရှိခဲ့။ သူ့ ဘာသာ ထွင်ခဲ့မိခြင်း ဖြစ်သည်။ မိမိကိုယ်ကို လှည့်စားခြင်း၏ ထုတ်ကုန်များဖြစ်သော အမှတ်မှားများကိုသာ သူ မှတ်မိနေခဲ့ခြင်း ဖြစ်သည်။ အရာအားလုံး လွယ်လိုက်လေ။ လက်မြှောက် အရှုံးပေးရုံနှင့် အရာအားလုံး ချောမွေ့သွားသည်။ ပင်ပန်းတကြီးရေကို ဆန်တက် ကူးခတ်နေရာမှ ချက်ချင်းရေစီးကြောင်းအတိုင်း လိုက်ပါသွားသလို ဖြစ်၏။ မိမိကိုယ်တိုင်၏ အပြုအမူမှလွဲ၍ ဘာမှပြောင်းလဲမသွား။ ဘယ်လိုပဲ ဖြစ်ဖြစ် ကြိုတင်ပြဋ္ဌာန်းပြီးသားအရာများ ဖြစ်လာမည်သာ။ ဘာကြောင့်များ သူ ပုန်ကန်မိသလဲ သူ့ဘာသာမသိချင်တော့။ အရာအားလုံးလွယ်သည်။ တစ်ခု သာ . . . ။ ထိုတစ်ခုမှလွဲ၍ . . .

ဘယ်အရာမဆို မှန်နိုင်သည်။ ပြောလေ့ရှိသော သဘာဝတရား၏ နိယာမများသည် ယုတ္တိမရှိ။ ကမ္ဘာမြေကြီးဆွဲအားဆိုသည်မှာ အလကား ပေါက်ကရဖြစ်၏။ သူသာဆန္ဒရှိပါက ကြမ်းပြင်ပေါ် ဆပ်ပြာပူဖောင်းလေးလို လွင့်နိုင်သည်ဟု အိုဘရိုင်ယန်ပြောခဲ့သည်။ “သူကလည်း သူ့ကိုယ်သူဆပ်ပြာ ပူဖောင်းလေးလို လွင့်နိုင်တယ်လို့ထင်ရင်၊ ငါကလည်း သူဒီလိုလွင့်နေတာ ကိုမြင်တယ်လို့ ထင်ရင်၊ ဒါဆိုရင် ပြီးပြီပေါ့” ဟုဝင်စတန် အဖြေထုတ်နိုင် ခဲ့သည်။ ရုတ်တရက် သူ့စိတ်ထဲအတွေးတစ်ခုပေါက်ထွက်လာသည်။ “ဒါ တကယ်မဖြစ်ပါဘူး။

စိတ်ကူးယဉ်တာပဲဥစ္စာ။ ဒါဟာစိတ်စွဲလမ်းတာ” ထို အတွေးကို သူဆက်တွန်းသည်။ အတုပြုလုပ်ခြင်းသည် ထင်ရှားနေသည်။ တစ်နေရာမဟုတ်တစ်နေရာတွင် အစစ်အမှန်များဖြစ်ပွားသော အစစ်အမှန် ကမ္ဘာလောကကြီးရှိသည်။ သို့သော် ထိုလောကမျိုး ဘယ့်နှယ့်လုပ် ရှိနိုင် အံ့နည်း။ ကျွန်ုပ်တို့၏စိတ်ကို မဖြတ်သန်းဘဲ ဘယ်လိုအသိဉာဏ်မျိုးက ဝင်ရောက်နိုင်သနည်း။ ဖြစ်ပျက်မှုအလုံးစုံသည် စိတ်ထဲတွင်သာရှိသည်။ စိတ်ထဲဖြစ်သမျှသည် ဧကန်ဖြစ်ခဲ့သည်။

အတွေးမှားကို သူခက်ခက်ခဲခဲရှင်းထုတ်လိုက်နိုင်ပြီမို့ ၎င်း၏ အန္တရာယ်မှ သူလွတ်မြောက်သွားသည်။ အန္တရာယ်ရှိသော အတွေးတစ်ခု ရှေ့တက်လာတိုင်း စိတ်ထဲတွင်အာရုံမခံနိုင်သော မျက်ကွယ်တစ်နေရာကို မွေးမြူထားရသည်။ ခေတ်သစ်ဘာသာစကားတွင် ထိုလုပ်ရပ်ကို“ရာဇဝတ်မှု ရပ်ခြင်း” ဟုခေါ်သည်။ မိမိကိုယ်ကို အဆိုပြုလွှာများတင်သွင်းသောနည်းဖြင့် ရာဇဝတ်ရပ်ခြင်းကို သူလေ့ကျင့်သည်။ “ပါတီကပြောတယ်၊ ကမ္ဘာပြားတယ်” “ပါတီက ပြောတယ်၊ ရေခဲက ရေထက်ပိုလေးတယ်” ၎င်းအဆိုများအား စောဒကတက်လာသောအဆိုများကို သူမမြင်အောင်၊ နားမလည်အောင် ကြိုးစားသည်။ လွယ်တော့မလွယ်။ “နှစ်နဲ့နှစ်ပေါင်း ငါး” ဆိုသောဂဏန်းသင်္ချာ အဆိုအမိန့်ကိုမူ သူ့ဉာဏ်ရည်ကလိုက်မမီ။

သူ့အတွင်းစိတ်ထောင့်တစ်နေရာမှ တစ်ချိန်လုံးစဉ်းစားနေမိသော ကိစ္စမှာ သူဘယ်တော့လောက် ပစ်သတ်ခံရမလဲဆိုသောကိစ္စ။ “ခင်ဗျားပေါ်မှာ မူတည်ပါတယ်” ဟု အိုဘရိုင်ယန်ဆိုခဲ့သည်။ သူ့ပေါ်မှာ မူတည်သည်ဆိုသော်ငြား လက်တွေ့တွင် သူကိုယ်ထိလက်ရောက် ဘာမှမတတ်နိုင်ကြောင်း သူသိနေသည်။ အပစ်ခံရဖို့ဆိုသည်မှာ နောင်ဆယ်မိနစ်လည်းဖြစ်နိုင်သည်။ နောင်ဆယ်နှစ်အကြာတွင်လည်းဖြစ်နိုင်သည်။ သူ့ကိုတစ်ဦးတည်း တိုက်ပိတ်ထားနိုင်သည်။ အလုပ်ကြမ်းစခန်းလည်းပို့နိုင်သည်။ ခဏတစ်ဖြုတ်လည်း ပြန်လွှတ်ပေးနိုင်သည်။ အဖြစ်နိုင်ဆုံးကတော့ သူ့ကိုမပစ်ခင် အကျဉ်းချခြင်းနှင့် စစ်ဆေးမေးမြန်းခြင်းကို အစမှအဆုံးတစ်ကြော့ပြန်လုပ်ကြဦးမည်။ နောက်ထပ်သေချာသောကိစ္စမှာ သေခြင်းတရားသည် မျှော်လင့်တုန်း ရောက်မလာ။ ထို့ပြင် ဖွင့်ဟပြောဆိုခြင်းမရှိဘဲ တစ်နည်းနည်းဖြင့်သိထားကြရသော အစဉ်အလာတစ်ခုရှိသေးသည်။ သူတို့ပစ်လျှင် နောက်စေ့ကိုသာပစ်၏။ အကျဉ်းခန်း တစ်ခုမှတစ်ခု ကူးသန်းနေစဉ် ကော်ရစ်ဒါပေါ်တွင် ကြိုတင်အသိပေးခြင်း မရှိဘဲ ပစ်လိုက်ကြခြင်း။

တစ်နေ့တွင်- အမှန်တော့ ထိုစကားလုံးမဆီလျော်။ ညသန်းခေါင် လည်းဖြစ်နိုင်သည်။ သူအိပ်မက်လှလှမက်နေချိန်။ ကျည်ဆန်ကိုစောင့် စားရင်း ကော်ရစ်ဒါပေါ် လမ်းလျှောက်နေသော သူသည် မကြာခင်ကျည်ဆန် လာတော့မည်ဟု သိနေသည်။ အားလုံး ကြေအေးပြီး အဆင်ပြေချောမွေ့နေသည်။ သံသယနှင့်စောဒကတက်စရာများ မရှိတော့။ နာကျင်မှုနှင့် ကြောက်ရခြင်းများ

နားသွားခဲ့ပြီ။

ကာယသုခနှင့်ပြည့်စုံနေသောသူသည် နေရောင် အောက် လမ်းလျှောက်ရခြင်းကို ကြည်နူးနေသည်။ သူသည် မေတ္တာ၀န်ကြီး ဌာန၏ အဖြူရောင်ကော်ရစ်ဒါပေါ်မဟုတ်တော့ဘဲ နေခြည်ဆမ်းသော ရွှေနိုင်ငံထဲ ရောက်နေသည်။ ယုန်စားကျက်ကွင်းဟောင်း၏ လူသွားလမ်း ဖုံဖုံလေး အတိုင်းလျှောက်လှမ်းနေသောသူ။ ဖ၀ါးအောက်တွင် မြက်နုလေး များ။ မျက်နှာပေါ်တွင် နေခြည်နွေးနွေး။ ကွင်းစပ်တွင် တနွဲ့နွဲ့နှင့် ညွတ်ပဲ့နေသော သစ်ပင်ကြီးများ။ တစ်နေရာရာတွင် ရေစီးနှေးသောစမ်းချောင်း ကလေး။ မိုးမခရိပ်အောက်မှ စမ်းရေအိုင်လေးများထဲ ငါးခုံးမများမြူးလျက်။

ဖြုန်းခနဲ သူကြောက်စိတ်ပေါ်ကာ ကျောရိုးတစ်လျှောက် ချွေးပြန်သွားသည်။ ငိုနေသောမိမိကိုယ်ကို တွေ့လိုက်ရ၍။

“ဂျူလီယာ၊ ဂျူလီယာရေ . . . ဂျူလီယာ”

သူ့စိတ်ထဲ ဂျူလီယာရှိနေသလို ထင်ယောင်ထင်မှားဖြစ်နေသည်။ ဂျူလီယာသည် သူနှင့်အတူရှိရုံမက သူ့အသွေးအသား ထဲထိရောက်နေသည်။ ဟိုယခင် လွတ်လွတ်လပ်လပ်တွေ့ကြစဉ် တုန်းကထက် ယခုအခိုက်ကလေး တွင် ဂျူလီယာ့အပေါ် သူမေတ္တာ သက်၀င်နေသည်။ ဂျူလီယာသည် တစ်နေ ရာရာတွင် အသက်ရှင်လျက်ရှိသည်၊ သူ့အကူအညီကိုလိုအပ်လျက်ရှိသည်ဟု သူသိနေသည်။

အိပ်ရာပေါ်ပြန်လှဲပြီး မိမိကိုယ်ကိုဖြေဆည်နိုင်အောင် သူကြိုးစားသည်။ သူဘာတွေများလုပ်ခဲ့မိပါလိမ့်။ ယခုလုပ်ခဲ့မိသော အမှားတစ်ကွက် ကြောင့် နောင်ဘယ်နနှစ်လောက် ပြစ်ဒဏ် ထပ်တိုးဦးမည်နည်း။

တစ်အောင့်ကြာလျှင် စစ်ဖိနပ်သံကြားရတော့မည်။ ယခုလို ပေါက် ကွဲမှုမျိုးကို သူတို့ဗွေမယူဘဲမနေ။ သဘောတူညီချက် သူ့ ဘက်ကကျိုးပေါက်သွားပြီကို ယခင်က သူတို့မသိလည်း ယခုတော့ သိပြီ။ ပါတီကို သူသေ၀ပ် နာခံသော်လည်း ပါတီကိုသူမုန်းနေဆဲ။ ယခင်တုန်းကတော့ သူသည် အပေါ်ယံဟန်ပြ လိုက်လျောညီထွေ နေထိုင်ခဲ့ပြီး သူ၏အယူမှားသော စိတ်ကို ဖုံးထားခဲ့သည်။ ယခုမှ နောက်ခြေတစ်လှမ်း ဆုတ်ခဲ့မိပြီ။ စိတ်ထဲတွင် လက် မြှောက်အရှုံးပေးထားသော်လည်း နှလုံးသားမဖောက်ပြန်ဖို့ မျှော်လင့် ထားခဲ့သည်။ သူမှားနေပြီဆိုသည်ကိုသိလျက် မှားပဲမှားချင်သည်။ ယခုလို တစ်ချက် အော်ညည်းမိခြင်း၌ သူ၀န်ခံပြီးဖြစ်သွားသည်။

အစမှပြန်စရဦးမည်။ နှစ်ချီလျှင်လည်းချီသွားနိုင်သည်။ မျက်နှာသွင်ပြင်အသစ်နှင့်ယဉ်ပါးမိအောင် မျက်နှာကိုလက်ဖြင့်ပွတ် ကြည့် တော့ ပါးပြင်ပေါ်တွင် နက်ရှိုင်းသောဒဏ်ရာများ။ ပါးရိုးငေါငေါ၊ နှာခေါင်း ပြားပြား။ ထို့ပြင် ကြေးမုံပြင်ကိုကြည့်ပြီးနောက်ပိုင်း သူ့အားအံကပ် အသစ်ပေး ထားသေးသည်။ ကိုယ့်မျက်နှာ ဘယ်လိုပုံပန်းရှိမှန်းမသိဘဲ မင်သေဖို့ဆိုသည် မှာမလွယ်။ မင်သေနေရုံနှင့်လည်း မပြီးသေး။

လျှို့ဝှက်ချက်တစ်ခုကို ထိန်းသိမ်းလိုလျှင် ထိုလျှို့ဝှက်ချက်ကို မိမိထံမှခွာထုတ်ထားရမည်ဖြစ်ကြောင်း သူ ယခုမှ သဘောပေါက်သည်။ လျှို့ဝှက်ချက်ရှိနေသည်ကို သင်သိထားရ မည်။ သို့သော် သင်မလိုအပ်မချင်း သင်၏ သိစိတ်အတွင်းသို့ အသွင်တစ်မျိုးဖြင့်ဝင်မလာအောင်၊ ၎င်းကို အမည်တစ်ခု တပ်ခွင့်မရအောင် ခွာထုတ်ထားရ မည်။ ယခုမှစပြီး သူသည်အတွေးမှန်ရမည်၊ ခံစားမှုမှန်ရမည်၊ အိပ်မက် အမက်မှန်ရမည်။ သူ့အမုန်းတရားကို သော့ခတ်ပိတ်သိမ်းပြီး ပြည်တည် အိတ်လေးလို သူနှင့် ခွာထုတ်ထားရမည်။

တစ်နေ့နေ့တွင်သူ့ကိုပစ်သတ်ဖို့ သူတို့ဆုံးဖြတ်ချက်ချလိမ့်မည်။ ဘယ်တော့လဲ မသိနိုင်သော်လည်း စက္ကန့်ပိုင်းလောက်စောပြီးမှန်း၍ ရနိုင်သည်။ ကော်ရစ်ဒါပေါ်လမ်းလျှောက်နေစဉ် နောက်ဘက်မှ ပစ်လိုက်ခြင်း မျိုးသာအမြဲဖြစ်၏။ ဆယ်စက္ကန့်ဆိုလျှင်ကိုပဲ လုံလောက်ပြီ။ ထိုအချိန်ကလေး အတွင်းမှာ သူ့အစ္စတ္တပိုင်းကို လှန်ပစ်လိုက်နိုင်သည်။ အသံတစ်ချက် မထွက် ဘဲ၊ ခြေလှမ်းလေးပင်မမှားဘဲ၊ မျက်နှာမူရာလေးပင် ရိုးရိုးရိပ်ရိပ် ပြောင်းမသွား ဘဲ သူ၏အမုန်းဘက်ထရီအိုးသည် သူ့ကိုမီးတောက်တစ်ခုလို ဝါးမျိုသွားပေ လိမ့်။ အမုန်းဘက်ထရီအိုးပေါက်ကွဲသွားချိန်သည် သေနတ်ပစ်ဖောက်သံနှင့် တစ်ပြိုင်တည်းလောက်ဖြစ်နိုင်သည်။ သူ့ဦးနှောက်ကို သူတို့ မဆေးနိုင်ခင် ဦးနှောက်ပေါက်ကွဲ ပြန့်ကျဲ သွားလိမ့်မည်။ သူတို့၏ ပြီးပြည့်စုံမှုထဲ ဟင်းလင်း ပေါက်တစ်ခု ကျန်ခဲ့လိမ့်မည်။ သူတို့ကို မုန်းတီးပြီးသေရခြင်းသည် လွတ်လပ် ရေးပင်တည်း။

သူမျက်လုံးမှိတ်ထားသည်။ အသိဉာဏ်ပိုင်းဆိုင်ရာ စည်းကမ်းတစ်ခု ကိုလက်ခံခြင်းထက် ပိုခက်ခဲသော ထိုလုပ်ရပ်။ မိမိကိုယ်ကိုသိက္ခာချမလားဟု မေးခြင်းဖြစ်သည်။ အညစ်ညမ်းဆုံးညစ်ညမ်းမှုထဲ ခုန်ဆင်းရမည်။ မချင့်မရဲ ဖြစ်စရာအကောင်းဆုံးသည် ဘယ်ဟာနည်း။ အစ်ကိုကြီးကို သူတွေးမိသည်။ ရောမမျက်နှာကြီး(အကြောင်းမှာ ပိုစတာထဲတွင် တစ်မီတာခန့်ကြီးသော ပုံကိုသာ သူ အမြဲတွေ့ခဲ့ရသည်)၊ နှုတ်ခမ်းမွေးမည်းမည်းတုတ်တုတ်၊ သင်သွား လေရာနောက် သင့်ကိုကြည့်နေသောမျက်လုံးတစ်စုံ။ ထိုပုံရိပ်သည် သူ့သဘော နှင့်သူ အာရုံထဲပေါ်လာနေသည်။ အစ်ကိုကြီးအပေါ်ထားသော သူ့ခံစားချက် အစစ်အမှန်သည် မည်သို့နည်း။

လေးပင်သောစစ်ဖိနပ်သံများ ကြားလိုက်ရသည်။ သံမဏိတံခါး ဂျိုင်းခနဲပွင့်ပြီး အိုဘရိုင်ယန်ဝင်လာသည်။ အိုဘရိုင်ယန်၏ နောက်ဘက်တွင် အနက်ရောင်ယူနီဖောင်းဝတ်ထားသော ဖယောင်းမျက်နှာအရာရှိ။

"ထ၊ ဒီနားလာခဲ့" ဟု အိုဘရိုင်ယန်ခေါ်သည်။

ဝင်စတန်သည် အိုဘရိုင်ယန်နှင့် မျက်နှာချင်းဆိုင်ရပ်သည်။ အိုဘရိုင်ယန်သည် သန်မာသော လက်ကြီးနှစ်ဖက်ဖြင့် ဝင်စတန့် ပခုံးကို ကိုင်ကာ မျက်နှာထဲသေချာကြည့်နေသည်။

“ခင်ဗျားကျုပ်ကို လှည့်စားဖို့ကြံနေတယ်။ ဒါမိုက်တာပဲ။ မတ်မတ် ရပ်စမ်း။ ကျုပ်မျက်နှာကိုကြည့်”

အိုဘရိုင်ယန် စကားပြောရပ်ထားပြီး နောက်တစ်ကြိမ်ပြောသော အခါ လေသံပျော့ပျောင်းသွားသည်။

“ခင်ဗျားတိုးတက်လာတယ်။ ဒါပေမယ့် အသိဉာဏ်ပိုင်းဆိုင်ရာ နည်းနည်းကလေးမှားနေတယ်။ တိုးတက်ဖို့နှောင့်နှေးခဲ့တာ တကယ်တော့ စိတ်ပိုင်းခံစားချက်ကြောင့်၊ ဒီတစ်ခုပါပဲ။ ဝင်စတန်၊ ခင်ဗျားမညာဘဲ မှန်မှန် ဖြေ။ ကျုပ်ကို ညာရင် ညာမှန်း ကျုပ်ချက်ချင်းသိတယ်။ ကဲ ဖြေစမ်း။ အစ်ကိုကြီးအပေါ်ထားတဲ့ ခင်ဗျားစိတ်ရင်းအမှန်ကဘာလဲ”

“မုန်းတယ်”

“မုန်းတယ်၊ ဟုတ်လား။ ကောင်းပြီ၊ ကဲ နောက်ဆုံးအဆင့်ပဲ ကျန်တော့တယ်။ အစ်ကိုကြီးကို ချစ်ရမယ်။ သူ့ကိုနာခံရုံနဲ့မပြီးသေးဘူး။ သူ့ကို ချစ်ရမယ်”

အိုဘရိုင်ယန်သည် ဝင်စတန့်ကိုအစောင့်များလက်ထဲ အသာအယာတွန်းပို့လိုက်သည်။

“အခန်း ၁၀၁”

ကျရောက်ခဲ့ရသော နရသိန်ခန်းဟူသမျှ ပြတင်းပေါက်မရှိဟုသာ သူသိထားခဲ့သည်။ လေဖိအားသာ နည်းနည်းကွာသည်။ အရိုက်နှက်ခံခဲ့ရသော အခန်းများ သည် မြေတိုက်ခန်းများဖြစ်ပြီး အိုဘရိုင်ယန် စစ်ဆေးမေးမြန်းခဲ့သော အခန်း သည် ခေါင်မိုးနှင့်ကပ်နေသောအခန်းများဖြစ်သည်။ ယခုလောလောဆယ် သူရောက်ရှိနေသောနေရာသည် သွားလာဖို့မဖြစ်နိုင်လောက်သော မြေပြင်အောက် နက်ရှိုင်းသည့်တစ်နေရာပင်တည်း။

ရောက်ခဲ့ဖူးသမျှအခန်းတွေထက် ပိုကျယ်သည်။ သူ့မှာတော့ ပတ်ပတ်လည်ကို သတိမထားအား။ သူသတိထားမိသည်မှာ သူ့ရှေ့တည့်တည့်မှစားပွဲလေးနှစ်လုံး။ နှစ်လုံးစလုံးကို အစိမ်းရောင် သက္ကလတ်စ အုပ်ထားသည်။ စားပွဲတစ်လုံးသည် သူနှင့်လက်တစ် ကမ်းအကွာတွင်ဖြစ်ပြီး နောက် တစ်လုံးသည် တံခါးဝနားတွင်ရှိသည်။ သူ့ကိုထိုင်ခုံပေါ်တွင် သိုင်းကြိုးများဖြင့် လှုပ်မရအောင်တုပ်ထားသည်။ ဦးခေါင်းကိုပင် အလွတ်မပေးဘဲ နောက်ဘက် မှနေ၍ ကုပ်ထားသည်။

ပထမတော့ သူတစ်ယောက်တည်း။ ထို့နောက်မှ တံခါးပွင့်လာပြီး အိုဘရိုင်ယန်ဝင်လာသည်။

"တစ်ခါတုန်းက ခင်ဗျားမေးခဲ့ဖူးတယ်။ အခန်း ၁၀၁ ထဲမှာ ဘာရှိသလဲတဲ့။ ခင်ဗျားသိပြီးသားပဲလို့ ကျုပ်ဖြေခဲ့တယ်လေ။ အခန်း ၁၀၁ ထဲဘာရှိသလဲ လူတိုင်းသိတယ်။ ကမ္ဘာ့အဆိုးရွားဆုံးအရာ ဒီအခန်းထဲရှိတယ်"

တံခါးပွင့်ပြီး အစောင့်တစ်ဦးဝင်လာသည်။ သွပ်နန်းကြိုးဖြင့်ပြုလုပ်ထားသောခြင်းတောင်းလိုလို အရာတစ်ခုကို တံခါးဝမှ စားပွဲပေါ်တင်သွားသည်။ အိုဘရိုင်ယန်ကွယ်နေ၍ ဝင်စတန် သေချာမမြင်ရ။

"ကမ္ဘာ့အဆိုးရွားဆုံးအရာဆိုတာ လူပေါ်မူတည်ပြီး ပြောင်းလဲသွားတယ်။ လူတချို့အတွက်ကတော့ အရှင်လတ်လတ်မြေမြှုပ်ခံရတာတို့ မီးရှို့ ခံရတာတို့ ရေနစ်တာတို့ ဓားထိုးခံရတာတို့ ဒါမှမဟုတ်လည်း သေတာထက် တခြားပိုဆိုးတဲ့ အရာတွေပေါ့ကွာ။တစ်ခါတလေတော့လည်း ဘာမှမဟုတ်တဲ့ အသေးအမွှားတွေဖြစ်နေရော။ အသက်အန္တရာယ်တောင် မရှိဘူး"

အိုဘရိုင်ယန် နည်းနည်းတိမ်းလိုက်သောကြောင့် စားပွဲပေါ်မှအရာ ကို ဝင်စတန်မြင်ရသည်။ သွပ်နန်းကြိုးဖြင့်ပြုလုပ်ထားသော လက်ကိုင်ပါသည့် လှောင်အိမ်။ လှောင်အိမ်သည် သူနှင့်သုံးလေး မီတာခန့်ဝေးနေသည့်တိုင် နှစ်ကန့်ခွဲထားမှန်း သူမြင်နေရသည်။ လှောင်အိမ်ထဲတွင် ကြွက်များ။

"ခင်ဗျားရဲ့ကေ့စ်မှာကတော့ ကြွက်ဖြစ်နေတယ်"

လှောင်အိမ်ကို ပထမဆုံးတစ်ချက်ကြည့်မိစဉ်မှာပင် သူ ကတုန် ကယင်ကြီးဖြစ်လာသည်။ သူ့ဝမ်းခေါင်းတစ်ခုလုံးရေတွေ ပြည့်သွားသလို

ထင်ရသည်။ အသံကွဲကြီးဖြင့် သူအော်သည်။
“ခင်ဗျားမလုပ်နိုင်ပါဘူး။ မလုပ်နိုင်ဘူး မလုပ်နိုင်ဘူး။ မဖြစ်နိုင်ဘူး”
“အိပ်မက်မက်တုန်း ခင်ဗျားအမောဆို့နေတဲ့အပိုင်းကို မှတ်မိလား။ ခင်ဗျားရှေ့မှာ မှောင်မည်းနေတဲ့ နံရံကြီး။ ခင်ဗျားနားထဲမှာ မိုးခြိမ်းနေတယ်။ နံရံရဲ့ဟိုဘက်မှာ ဘာရှိသလဲ ခင်ဗျားသိတယ်။ နံရံရဲ့ဟိုဘက်မှာ ကြွက်တွေ”
ဝင်စတန်သည် အသံမတုန်အောင်အားတင်းထားသည်။
“အိုဘရိုင်ယန်၊ ဒါမျိုးမလိုအပ်ဘူးဆိုတာ ခင်ဗျားသိပါတယ်ဗျာ။ ခင်ဗျား ကျွန်တော့်ကိုဘာလုပ်စေချင်တာလဲ”
ဝင်စတန့်မေးခွန်းကို အိုဘရိုင်ယန် တိုက်ရိုက်မဖြေ။ အိုဘရိုင်ယန် စကားပြောသောအခါ ကျောင်းအုပ်ဆရာကြီးလေသံ ဖြစ်နေသည်။ ဝင်စတန့် နောက်ဘက်မှ ပရိသတ်ကိုတင်ပြသလို အဝေးတစ်နေရာကို တွေးတွေးဆဆ ကြည့်လျက် အိုဘရိုင်ယန် စကားပြောသည်။
“သူ့သဘောအတိုင်းဆိုရင် နာတာတစ်ခုနဲ့မလုံလောက်ဘူး။ သေခါနီးဖြစ်နေရင်တောင် ဝေဒနာကိုအန်တုထားနိုင်တဲ့ အခြေအနေမျိုးရှိတယ်။ ဒါပေမယ့် လူတိုင်းလူတိုင်းမှာ သည်းမခံနိုင်တဲ့အရာမျိုး ရှိတယ်။ အစားထိုးမရတဲ့အရာမျိုးပေါ့။ သတ္တိရှိတာတို့၊ သူရဲဘောကြောင်တာတို့နဲ့ မပတ်သက်ဘူး။ ခင်ဗျား အမြင့်ကနေလိမ့်ကျတဲ့အခါ ကြိုးကိုဖမ်းဆွဲလိုက်မယ်၊ ဒါ သူရဲဘောကြောင်တာ မဟုတ်ဘူး။
ရေအောက်ထဲကနေ အပေါ် တက်လာတဲ့အခါ ခင်ဗျားလေကိုအငမ်းမရရှူမယ်၊ ဒါ သူရဲဘောကြောင်တာ မဟုတ်ဘူး။ ဒါဟာ ဖျက်လို ဖျက်ဆီးလုပ်လို့မရတဲ့ ပင်ကိုတုံ့ပြန်ချက်တစ်မျိုးပါပဲ။ ကြွက်ဆိုတာလည်းဒါပဲ။ ခင်ဗျားအတွက်ကတော့ သည်းမခံနိုင်ဘူး။ ခင်ဗျားကိုယ်တိုင် ဆန္ဒရှိပါတယ် ဆိုရင်တောင် ကြွက်ဟာ ခင်ဗျား သည်းမခံနိုင်တဲ့ ဖိအားတစ်မျိုး''
အိုဘရိုင်ယန်သည် ဟိုဘက်စားပွဲပေါ်မှ ကြွက်လှောင်အိမ်ကို မ” ပြီးဒီဘက်စားပွဲပေါ် ဂရုတစိုက်တင်သည်။ နားထဲမှသွေးတိုးသံကို ဝင်စတန် ကြားရပြီ။ လုံးဝဥဿုံအဖော်မဲ့အထီးကျန်ပြီဟု သူခံစားလိုက်ရသည်။ နေပူကျဲကျဲအောက်မှာ ဆုံးစမထင်သော ကန္တာရအလယ်ကိုမှ ရောက်ရှိသွားခြင်း ဖြစ်သည်။ တကယ်တော့ လှောင်အိမ်ထဲမှကြွက်များသည် သူနှင့်နှစ်မီတာ ပင်မကွာ။ ကြွက်မှ ရောမ ကြွက်ကြီးများ ဖြစ်နေသည်။ နှုတ်သီးများတုံးနေရုံတင် မက အမွေးများပင် အရောင်လွင့်လာပြီဖြစ်သော သက်ရင့်ကြွက်များ။
မမြင်ရသောပရိသတ်များကို အိုဘရိုင်ယန် ဆက်လက်တင်ပြသည်။
“ကြွက်ဆိုတာ ကိုက်ဖြတ်သတ္တဝါ၊ ဒါပေမယ့် သားစားကျူးသတ္တဝါ။ ဒါခင်ဗျားသိပါတယ်။ ဆင်းရဲသားရပ်ကွက်တွေထဲ ကြွက်သောင်းကျန်းတာ ကြားဖူးမှာပေါ့။ သားသည်အမေတွေများ ကလေးကိုငါးမိနစ်လောက်တောင်

ပစ်မထားရဲဘူး။ သူတို့ ကိုက်တာ အရမ်းမြန်တာဗျ။ မျက်စိတစ်မှိတ်လောက်နဲ့ အရိုးဖွေးရော။ ဂီလာနတွေ၊ သေခါနီးလူမမာတွေ-ဟာ၊ ကြွက်တွေ ဘယ် အလွတ်ပေးမလဲ။ လူသားတစ်ယောက် မခုခံနိုင်တော့ဘူးဆိုတာ ကြွက်က သိပ်သိတယ်ဗျ”

လှောင်အိမ်ထဲမှကြွက်အော်သံ ကျီခနဲညံထွက်လာသည်။ အကန့် ကိုဖောက်ပြီး တစ်ကောင့် တစ်ကောင် ကူးလူးကြဖို့ ကြွက်တွေ ပြောင်းဆန်နေသည်။ အော်သည်းသံကြီးပါ ဝင်စတန် ကြားရပြီ။ အိုဘရိုင်ယန်သည် လှောင် အိမ်ကိုကောက်ကိုင်ပြီး တစ်ခုခုကိုနှိပ်လိုက်ရာ ချောက်ခနဲအသံထွက် လာသည်။ ဝင်စတန် သွေးရူးသွေးတမ်းဖြစ်ပြီး ထိုင်ခုံပေါ်မှရုန်းထရာ အချည်းနှီး ပင်။ အိုဘရိုင်ယန်သည် ကြွက်လှောင်အိမ်ကို ဝင်စတန့်အနီးတိုးပေး၍ ယခု ဆိုလျှင် ကြွက်လှောင်အိမ်နှင့် ဝင်စတန့်မျက်နှာ တစ်မီတာပင် မကွာချင်တော့။

“ဒီလှောင်အိမ်တည်ဆောက်ပုံကို ခင်ဗျားနားလည်ပါတယ် ဝင်စတန်။ ခလုတ်ကိုတစ်ချက်နှိပ်ပြီးပြီ။ လှောင်အိမ်တံခါးက ခင်ဗျားခေါင်း နဲ့အံကိုက်ပဲ။ ကျုပ်က ခလုတ်တစ်ချက်ထပ်နှိပ်မယ်ဆိုရင် လှောင်အိမ်တံခါး ပွင့်သွားမယ်။ ကြွက်တွေလေထဲမှာပျံတာ ခင်ဗျားမြင်ဖူးလား။ ဒီကြွက်ငတ်တွေ လေးညို့ကလွှတ်သလို တစ်ချက်တည်း ခင်ဗျားမျက်နှာဆီခုန်ဝင်ပြီး ကိုက် မယ်။ တစ်ခါတလေ သူတို့ကမျက်လုံးကနေစဖောက်တယ်။ တစ်ခါတလေ တော့လည်း ပါးကဖောက်ဝင်ပြီး လျှာကိုတီးပစ်ကြတာ”

လှောင်အိမ်သည် နီးသထက်နီးလာသည်။ ဦးခေါင်းထက်ဆီမှ စူးရှ ကျည်လောင်သောအသံများ ဝင်စတန် ဆင့်ကဲဆင့်ကဲကြား နေရသည်။ သေလုမတတ်အမောဆို့နေခြင်းကို သူဒေါသတကြီး တိုက်ထုတ်သည်။ စက္ကန့် ပိုင်းလေးပင်ကျန်ပစေဦး၊ စဉ်းစားနိုင်ဖို့သည်သာ တစ်ခုတည်းသော မျှော်လင့် ချက်။ ထိုစဉ် ဆိုးရွားလှသော ကြွက်စော်ကိုသူရှူရှိုက်လိုက်မိပြီး အော်ဂလီဆန်၊ အသိစိတ်ပျောက်သွားသည်။ အရာအားလုံးမှောင်ကျကာ တစ်ခဏတော့ သူသွေးပျက်ခဲ့သည်။ ကိုယ်တိုင်သည် ပြောင်းဆန် အော်ဟစ် နေသော တိရစ္ဆာန် တစ်ကောင်။ ထိုအမှောင်ထုအတွင်းမှာပင် သူအကြံတစ်ခုကိုရခဲ့သည်။ မိမိကိုယ်ကို ကယ်နိုင်ဖို့ နည်းလမ်းတစ်ခုသာရှိသည်။ သူနှင့် ကြွက်တွေကြား လူတစ်ယောက်အစားထိုးပေးရမည်။

ကြွက်လှောင်အိမ်တံခါးနှင့် သူ့မျက်နှာ နှစ်ထွာအကွာ။ ကြွက်တွေ သိသွားပြီ။ တစ်ကောင်သောကြွက်က ခုန်တက်ခုန်ဆင်းလုပ်နေသည်။ မိလ္လာပိုက် ကအဘိုးခေါ်ရမည့် ကြွက်ငတေတစ်ကောင်ကမူ ပတပ်ရပ်ကာ လေထဲ အနံ့ခံနေသည်။ ကြွက်၏နှုတ်ခမ်းမွေးနှင့် သွားဝါဝါများကို ဝင်စတန် တွေ့နေရသည်။ ဝင်စတန် အမိုက်တိုက်ထဲကျကာ အသိစိတ်ပျောက်သွားသည်။

အိုဘရိုင်ယန် ပညာပေးကောင်းဆဲ။ ကြွက်လှောင်အိမ်တံခါးကတော့ ဝင်စတန့်မျက်နှာနှင့်ထိနေပြီ။ ပါးပြင်ကိုသွပ်နန်းကြိုးနှင့် ခြစ်မိသည်။

သူသိပ်နောက်ကျနေပြီ။ သိပ်နောက်ကျသွားလောက်ပြီ။ ထိုစဉ် ဖြူန်းခနဲသူ သဘောပေါက်သွားသည်မှာ ဤပြစ်ဒဏ်အတွက် အစားထိုးရမည့်လူသည် တစ်ဦးတည်းသာ။ သူသွေးပျက်ပြီး တရစပ်အော်နေသည်။

"ဂျူလီယာ့ကိုလုပ်၊ ဂျူလီယာ့ကိုလုပ်၊ ကျွန်တော့်ကိုမလုပ်ပါနဲ့။ ဂျူလီယာ့ကိုလုပ်ချင်သလိုလုပ်၊ ကျွန်တော်ဂရုမစိုက်ဘူး။ ဂျူလီယာ့မျက်နှာကို ကြွက်တွေကိုက်ပစေ၊ အရိုးဖွေးသွားပလေ့စေ။ ကျွန်တော့်ကိုတော့ မလုပ်ပါနဲ့"

သူသည်နောက်ပြန်လန်ပြီး ကြွက်တွေနှင့်ဝေးရာဆီကို နက်ရှိုင်းစွာ ကျသွားသည်။ သူ့ကိုယ်ခန္ဓာသည် ခုံပေါ်တွင်ကြိုးတုပ်ထားဆဲဖြစ်သော်လည်း သူသည် ကြမ်းပြင်ကိုဖောက်ကာ၊ အဆောက်အဦ၏နံရံများ၊ ကမ္ဘာမြေကြီး၊ ပင်လယ်သမုဒ္ဒရာ၊ လေထု၊ အာကာသထဲ၊ ကြယ်အုပ်စုတွေကြားထဲ လွင့်လွင့် သွားသည်။ ကြွက်တွေနှင့် ဝေးရာဆီသို့ အလင်းနှစ်ချီပြီးလွင့်သွားသည်။ သို့သော်သူ့ဘေးတွင် အိုဘရိုင်ယန် မတ်တတ်ရပ်နေဆဲ။ ပါးပြင်ကိုထိုးနေသော သွပ်နန်းကြိုးသည်အေးစက်နေဆဲ။ သူ့ကိုလွှမ်းခြုံထားသော အမှောင်ထုထဲမှ နောက်ထပ်ခလုတ်တစ်ချက်နှိပ်သံကြားရသည်။ ထိုခလုတ်နှိပ်သံသည် ကြွက် လှောင်အိမ်ကိုဖွင့်ခြင်းမဟုတ်ဘဲ ပိတ်ခြင်းဖြစ်ကြောင်း သူသိနေသည်။

သစ်အယ်ပင်ကဖီးဆိုင် လူရှင်းနေသည်။ ပြတင်းမှအရွှေလိုက်ဝင်လာသော နေခြည်သည် စားပွဲပေါ်ဝါရောင်ပြေးလျက်။ အချိန်ကား ပျင်းရိစရာ ဆယ့်ငါး နာရီ။ တယ်လီစက်မှ တင်တင်တောင်တောင် ဂီတသံထွက်လာနေသည်။

ထိုင်နေကျဆိုင်ထောင့်တွင် ဝင်စတန်ထိုင်ပြီး ဖန်ခွက်လွတ်ကို အငူ သားကြည့်နေသည်။ မျက်နှာချင်းဆိုင်နံရံပေါ်မှ ဧရာမ မျက်နှာကြီးကို. သူ မကြာခဏအကြည့်ရောက်သည်။ ပုံညွှန်းစာမှာ “အစ်ကိုကြီးသည် သင့်အား ကြည့်နေသည်။” မခေါ်ဘဲနှင့် စားပွဲထိုးရောက်လာကာ သူ့ဖန်ခွက်ထဲ ဂျင် အပြည့်ဖြည့်ပေးသွားသည်။ အခြားပုလင်းတစ်လုံးထဲမှ အရည်ကို ငန်းတောင် ဖြင့်အစက်ချပေးသည်။ ထိုအရည်သည် လေးညှင်းပွင့်နံ့လေးသင်းနေသည့် ဆေး သကြား။ ကော်ဖီဆိုင်၏ အထူးစပယ်ရှယ်ဆေးသကြား။

တယ်လီစက်အသံကိုသာ ဝင်စတန်နားစွင့်နေသည်။ လောလော ဆယ်တွင် တယ်လီစက်မှ သီချင်းလွှင့်နေသော်လည်း ငြိမ်းချမ်းရေးဝန်ကြီး ဌာနမှ တရားဝင်ကြေငြာချက်များ အချိန်မရွေး ထွက်လာနိုင်သည်။ ရင်တုန် စရာအကောင်းဆုံးသည် အာဖရိကရှေ့တန်းမှလာသော သတင်းများ။ သူ့မှာ နေ့ရောညရော ပူနေရသည်။ ယူရေးရှားစစ်တပ်ကြီးသည် (အိုရှင်းနီးယားနိုင်ငံတော်သည် ယူရေးရှားနိုင်ငံနှင့် စစ် ဖြစ်နေသည်။ အိုရှင်းနီးယား နိုင်ငံတော် သည် ယူရေးရှားနှင့် အမြဲတမ်း စစ်ဖြစ်ခဲ့၏) တောင်ဘက်သို့ ကြောက်စရာ့ အလျင်ဖြင့် ရွေ့လျားနေသည်။ နေ့လယ်သတင်းတွင် နယ်မြေအတိအကျကို မကြေငြာ သွားသော်လည်း စစ်တလင်းသည် ကွန်ဂိုမြစ်ဝဖြစ်နေလောက်ပြီ။ ဘရာဇာ ဗီးလ်နှင့် လီယိုပိုဗီးလ်တို့ အန္တရာယ်ကျရောက်နေပြီ။ မြေပုံကြည့် နေစရာမလို။ ယခုဖြစ်နေသောစစ်သည် အာဖရိကအလယ်ပိုင်းကို လက်လွတ် ဆုံးရှုံးရတော့မလားဟု မေးခြင်းမဟုတ်သေး။ စစ်ကာလတစ်လျှောက်လုံး ပထမဦးဆုံးအနေဖြင့် အိုရှင်းနီးယားနိုင်ငံတော်၏နယ်နိ မိတ်ခြိမ်းခြောက်ခံရခြင်းပင်တည်း။

သူ့စိတ်ထဲ ဘာမှန်းမသိ ဗလောင်ဆူသွားသည်။ ထိုစိတ်ကို ကြောက် စိတ်ဟုတိတိကျကျပြော၍မရ။ ခုတစ်လောရက်တွေအတွင်း ကိစ္စရပ်တစ်ခု အပေါ် သူတစ်အောင့်တစ်နားပင် အာရုံမဝင်စားနိုင်။ ဖန်ခွက်ကောက်ကိုင်ပြီး ကျိုက်ချလိုက်ရာ အမြဲတမ်းဖြစ်ခဲ့သည့်အတိုင်း ယခုလည်းကတုန်ကယင်နှင့် လေချဉ်နည်းနည်းတက်လာသည်။ ပြင်းလိုက်သည့်အရက်။ နဂိုကတည်းက အန်ချင်စရာကောင်းသော ဆေးသကြားနှင့်လေးညှင်းပွင့်နံ့သည် ဆီစော်ကို မဖျောက်နိုင်။ အဆိုးဆုံးကား ဂျင်အရက်နံ့။ နေ့ရောညရော ပတ်သက်နေရ သည့် ဂျင်အရက်နံ့သည် သူ့စိတ်ထဲအခြားရနံ့များနှင့် ဒွေးရောယှက်တင် ရှုပ်ရှက်ခတ်နေသည်။ ထိုရနံ့များကို သူ့စိတ်ထဲအမည်တပ်မထား။

ဂျင်တန်ခိုးပြပြီမို့ သူလေချဉ်တက်သည်။ သူ့နှုတ်ခမ်းများ နီရဲလျက်။ သူ့ကို လွှတ်ပေးပြီးကတည်းက သူဝလာသည်။ စိုစိုပြေပြေဖြစ်လာသည်။ ဟိုယခင်ကထက်ပင် ပိုစိုပြေသေးသည်။ နှာခေါင်းနှင့် ပါးပြင်အသားများ နီရဲကြမ်းထော်နေသည်။ ဦးပြည်းပြောင်ပြောင်ကြီးပင် ပန်းသွေးရောင်ရင့် နေလေသည်။ စားပွဲထိုးသည် မဆင့်ခေါ်ဘဲနှင့်ရောက်လာပြန်ကာ စစ်တုရင်ခုံ နှင့်တိုင်းမ်စ်သတင်းစာကို စစ်တုရင် ပြဿနာတွင်လှန်ထားလျက်သား သူ့ရှေ့ချပေးသည်။ ဖန်ခွက်အလွတ်ကိုမြင်သောကြောင့် ဂျင်ပုလင်း သွားယူပြီး ဖြည့်ပေးသည်။

စားပွဲထိုးများကိုအော်ဒါမှာစရာမလို။ သူ့အကြိုက်ကို သူတို့အားလုံးသိထားသည်။ သူ့အတွက် စစ်တုရင်ခုံနှင့် ဆိုင်ထောင့်တစ်နေရာကို အမြဲသီးသန့်ထားပေးသည်။ ဆိုင်ထဲတွင် လူပြည့်နေလျှင်သော်မှ ဘယ်သူကမှ သူနှင့်နီးနီးကပ်ကပ်လူအမြင်မခံလို၍ သူ့အတွက်နေရာကတော့ အမြဲရှိသည်။

သူကတော့ ကိုယ်သောက်သမျှ ဘယ်နှခွက်ရှိနေပြီလဲဆိုသည်ကိုပင် အရေး မလုပ်။ သူ့ရှေ့သို့ငွေတောင်း ခံလွှာဖြတ်ပိုင်းများ မကြာခဏရောက်လာမြဲ။ သူ့ကိုဈေးလျှော့ရောင်းနေသည်ဟုသာ သူထင်သည်။ သူကငွေရွှင်သူ။ ယခင် အလုပ်ဟောင်းထက် လစာငွေပိုရသောရာထူးတစ်ခုကို သူပိုင်ဆိုင် ထားသည်။

တယ်လီစကရ်မှတေးသံရပ်သွားပြီး စကားသံထွက်လာပြီမို့ ဝန်စတန် ခေါင်းထောင်နားစွင့်နေသည်။ ရှေ့တန်းမှသတင်းမဟုတ်ဘဲ အလျှံပယ် ဝန်ကြီးဌာန၏ ကြေငြာချက်သာဖြစ်နေသည်။ လွန်ခဲ့သောလေးလပတ်တွင် ဆယ်ကြိမ်မြောက်သုံးနှစ်စီမံကိန်း၏ ဘွတ်ဖိနပ်သဲကြိုးထုတ်လုပ်နိုင်စွမ်းသည် လျာထားချက်ထက် ၉၈ရာခိုင်နှုန်းကျော် လွန်သွားကြောင်း။

စစ်တုရင်ပဟေဠိကို သူလေ့လာပြီး စစ်တုရင်ရုပ်များကို နေရာချသည်။ မြင်းနှစ်ကောင်ပါဝင်နေသော ခေါင်းစားရသည့်ပွဲသိမ်းကလေး။ "အဖြူ ဘက်မှ နှစ်ကွက်ရွှေ့ပြီးအနိုင်ယူရမည်"။ အစ်ကိုကြီးပိုစတာပုံကို ဝင်စတန် မော့ကြည့်သည်။ အဖြူကအမြဲအနိုင်ယူသည်။ အဖြူက အမြဲအနိုင်ယူဖို့ စီစဉ်ပြီးဖြစ်၏။ ကမ္ဘာကြီးစတင် ပေါ်ပေါက်ကတည်းက အမည်းသည်တစ်ခါမျှ မနိုင်စဖူး။ လူကောင်းက လူဆိုးကို အောင်နိုင်ခြင်းဟူသည် ဘယ်တော့မှ မပြောင်းလဲသည့် သင်္ကေတမဟုတ်ပါလော။ တည်ငြိမ်သော စွမ်းအားပြည့် ရောမမျက်နှာကြီးက သူ့ကိုပြန်ကြည့်နေသည်။ အဖြူအမြဲနိုင်သည်။

တယ်လီစကရ်မှအသံသည် အလေးအနက်ဖြစ်လာသည်။

"ဆယ့်ငါးနာရီခွဲမှာ သတင်းနားထောင်ကြရပါမယ်။ အရေးကြီး သတင်းကို ဆယ့်ငါးနာရီခွဲမှာ လွှင့်ပါမယ်။ သတင်းမလွတ်ရအောင် ဂရုစိုက်ကြပါ "

ထို့နောက် တင်တင်တောင်တောင်ဂီတသံထွက်လာသည်။ ဝင်စတန် ရင်တွေပန်းတွေ တုန်လာသည်။ ရှေ့တန်းမှသတင်းပဲဖြစ်မည်။ သတင်းဆိုးများဟု သူအလိုလိုရိပ်မိနေပြီ။ အာဖရိကမှ မရှုမလှအရှုံးများ တစ်နေ့လုံးသူ့အာရုံထဲ

ဝင်လိုက်ထွက်လိုက်လုပ်နေသည်။ ဘယ်တုန်းကမှ မကျိုးပေါက်ခဲ့သည့် အာဖရိကနယ်နိမိတ်ထဲ ယူရေးရှားစစ်တပ်ကြီး ဝင်လာ ပုံကိုပင် သူ့စိတ်မျက်လုံးထဲမြင်နေရပြီ။

ပုရွက်ကောင်များတန်းစီ ဝင်လာသလို ယူရေးရှားစစ်တပ်ကြီး ကျူးကျော်ဝင်ရောက်လာချေပြီ။ ယူရေးရှားစစ်ကြောင်း ကို တစ်နည်းနည်းဖြင့် ပန်းတိုက်၍မရပေဘူးလော။ အာဖရိက အနောက်ဘက် ကမ်းရိုးတန်း၏ ကောက်ကြောင်းပုံကိုပင် သူစုံစုံစေ့စေ့ အာရုံဖော် ကြည့်၍ ရနေသည်။ အဖြူရောင်မြင်းရုပ်ကို သူကောက်ကိုင်ပြီး စစ်တုရင် ခုံပေါ်နေရာချသည်။ မှန်ကန်သောနေရာ။ အမည်းရောင်အုပ်ကြီး တောင်ဘက်သို့ ပြေးလွှားနေစဉ် နောက်ထပ်စစ်အင်အားတစ်စုသည် လျှို့ဝှက် ဆန်းကြယ်စွာ စုစည်းမိသွားပြီး တပ်စွဲထားကာ ကုန်းမြေနှင့်ပင်လယ်ဘက်မှ အဆက်အသွယ်ဟူသမျှကို ဖြတ်တောက်ထားလိုက်သည်။

သူ့စိတ်ဆန္ဒကြောင့် ထိုစစ်အင်အား အမှန်တကယ် တည်ရှိလာသည်။ သို့သော် ကိုယ့်ဘက်က လက်ဦးမှုရယူရမည်။ အကယ်၍သာ ရန်သူများသည် အာဖရိကတစ်တိုက် လုံးကို ထိန်းချုပ်သွားနိုင်လျှင်၊ တိုက်ကြီး၏အငူတွင် လေယာဉ်ဆင်းကွင်းနှင့် ရေပေါ်ခံတပ်များ ဆောက်နိုင်သွားလျှင်၊ အိုရှင်းနီးယား နိုင်ငံတော်သည် နှစ်ခြမ်းကွဲပေတော့မည်။ ထိုအခါ ဘာမဆိုဖြစ်လာနိုင်သည်။ စစ်ရှုံးမည်၊ တိုင်းပြည်ပြိုကွဲမည်၊ ကမ္ဘာကြီးကို နယ်မြေပြန်လည် စိတ်ပိုင်းကြရဦးမည်၊ ပါတီဖိုးဖိုးလဲသွားမည်။

ဝင်စတန် သက်ပြင်းမောကြီးကိုချသည်။ ထူးထူးဆန်းဆန်း သောင်း ပြောင်းထွေလာခံစားချက်များ သူ့ရင်ထဲရုန်းထိုးနေသည်။ သို့သော်သူကတော့ သောင်းပြောင်းထွေလာသမားမဟုတ်။ ခံစားချက်အလွှာများ ထပ်နေခြင်းသာ။ မည်သည့်အလွှာက အောက်ဆုံးအလွှာလဲ သူမပြောတတ်။

မြင်းရုပ်အဖြူကို နဂိုနေရာပြန်ထားသည်။ စိတ်အိုက်ရခြင်းလွန် သွားသော်လည်း စစ်တုရင်ပြဿနာကိုဖြေရှင်းဖို့ အာရုံမစိုက်နိုင်သေး။ သူ့ အတွေးတွေ လမ်းတကာလည်နေပြန်သည်။ နေရင်းထိုင်ရင်း သူ့လက်ချောင်း များက ဖုန်တွေဖွေးနေသောစားပွဲပေါ်တွင် စာရေးနေသည်။

၂+၂ =၅

“ရှင့်စိတ်ထဲမှ သူတို့မဝင်နိုင်တာ” ဟု ဂျူလီယာပြောခဲ့ဖူးသည်။ သို့သော် သူတို့ ဝင်နိုင်ခဲ့သည်။ “ဒီမှာဖြစ်သွားတာဟာ တစ်သက်စာပါပဲ” ဟု အိုဘရိုင်ယန်ပြောခဲ့သည်။ ထိုစကားမှန်သည်။ ဘယ်တော့မှ ကျန်းမာမလာ တော့မည့် အရာများရှိသည်။ ရင်ဘတ်ထဲမှတစ်ခုခုသည် ဇီဝိန်ချုပ်သွားခဲ့သည်။ လောင်ကျွမ်းသွားခဲ့သည်။ သံပူကပ်ခံလိုက်ရသည်။

ဂျူလီယာနှင့်သူတွေ့ခဲ့သည်။ စကားတွေပြောခဲ့သည်။ ထိုလုပ်ရပ်သည် အန္တရာယ်မရှိ။ သူဘာလုပ်လုပ် သူတို့ဂရုမစိုက်ကြတော့ကြောင်း သူ

အလိုလိုသိသည်။ နှစ်ယောက်ထဲမှ တစ်ယောက်ယောက် ကသာ ဆန္ဒရှိခဲ့ပါက သူတို့ထပ်တွေ့ဖို့ သူစီစဉ်နိုင်သည်။ တကယ်တော့ သူတို့နှစ်ဦး မမျှော်လင့်ဘဲ ပန်းခြံထဲတွင်ဆုံခဲ့ကြခြင်း ဖြစ်သည်။ မတ်လ၏ဆောင်းကြမ်းရာသီကြောင့် မြေပြင်သည်သံထည်ပမာ မာကျောအေးစက်နေသည်။ မြက်ပင်များ သေကုန်ပြီထင်သည်။ ပန်းဖူးကလေးပင် တစ်ဖူးတလေမရှိ။ ကုံကုမံပင်များသာ တိုက် လေထဲလွှင့်ပါတော့မလို မြေကြီးထဲမှကြွတက်လာနေသည်။ ဂျူလီယာ့ကို သူတွေ့တော့ သူနှင့်ဆယ်မီတာပင်မကွာ။ သူ့လက်များ ထုံကျင်အေးစက်ပြီး မျက်လုံးများ ကျိန်းစပ်နေချိန်တွင် ဂျူလီယာ့ကို သူတွေ့လိုက်ရသည်။ သူ့ အမြင်အာရုံထဲ မသဲကွဲ။

သူတို့နှစ်ယောက် နှုတ်မဆက်ဘဲဖြတ်လာခဲ့ပြီးမှ သူ နောက်ပြန် လှည့်ပြီး ဂျူလီယာ့နောက်သို့လိုက်သည်။ အားတက်သရောတော့ မဟုတ်။ ဘာအန္တရာယ်မှမရှိမှန်း သူသိနေသည်။ ဂျူးလီယာ စကားမပြော။ သူ့ကို မျက်ခြေဖြတ်ချင်သလိုလိုနှင့် မြက်တောထဲ မသိမသာဖြတ်လျှောက်သွားကာ ထို့နောက်မှသူ့ကိုဘေးချင်းယှဉ် လျှောက်ခွင့်ပေးသည်။ အရွက်မဲ့အရိုး ပြိုင်းပြိုင်းချုံပင်တွေကြားထဲ ရောက်လာကြသည်။ ပုန်းအောင်းဖို့၊ တိုက်လေကို ကာထားဖို့၊ ဘာအတွက်မှ အသုံးမဝင်။

သူတို့လမ်းလျှောက်ရပ်လိုက်ကြသည်။ ချမ်းစီးလှသည့်အထဲ တိုက်လေသည် သစ်ကိုင်းခက်များ ကြားထဲ ရှီခနဲရှီခနဲတိုက်ခတ်ကာ ကုံကု မံပင်များ ကိုဆွနေသည်။ ဂျူလီယာ့ခါးကို ဝင်စတန် ဖက်ထားသည်။

ဤနေရာတွင် တယ်လီစက်မရှိသော်လည်း မိုက်ခွက်များ ပုန်းအောင်းတပ်ဆင်ထားနိုင်သည်။ ထို့ပြင် သူတို့ကိုအလွယ်တကူ မြင်တွေ့နိုင်သည်။ ဘာမှအရေးမကြီး။ သူတို့နှစ်ယောက်ဆန္ဒရှိပါက တုနှစ်ကိုယ် ပျော်မွေ့ နိုင်သည်။ သို့ရာတွင် သူ့အပွေ့အဖက်များကို ဂျူလီယာမတုံ့ပြန်။ ဂျူလီယာ ပြောင်းလဲသွားပုံကို ယခုမှ သူသိသည်။ ဂျူလီယာ့မျက်နှာသည် ဟိုယခင်က ထက် ဝါရော်နေသည်။ နဖူးပြင်မှနားသယ်အထိ ဖြတ်ဆင်းနေသော အမာရွတ် ကြီးကို ဆံပင်ဖြင့်ကွယ်ထားသည်။ သို့သော် ထိုအရာများသည် ပြောင်းလဲခြင်း မဟုတ်သေး။ တကယ့်အပြောင်းအလဲမှာ ဂျူလီယာ့ခါး တုတ်လာသည်။ ကန့်လ ကလျှမရှိ။ အသား ကိုင်ရသည် နှင့်မတူဘဲ ကျောက်သားကိုင်ရသလိုဖြစ်သည်။ အသားအရေသည်လည်း တစ်ခါတုန်းကလို မဟုတ်တော့။

ဂျူလီယာ့ကိုနမ်းဖို့ သူမကြိုးစား။ စကားလည်းမပြောကြ။ မြက်ခင်း ဆီပြန်လျှောက်လာကြစဉ် ပထမဆုံးအနေဖြင့် ဂျူလီယာ သူ့မျက်နှာထဲ တည့်တည့်ကြည့်သည်။ ထိုခဏတဖြုတ်အကြည့်ထဲတွင် အထင်သေးခြင်းနှင့် မနှစ်မြို့ခြင်းများပြည့်နေသည်။ အတိတ်ဖြစ်ရပ်ကြောင့် သူ့ကိုမနှစ်မြို့ခြင်း လော၊ မျက်ရည်လည်နေသော ပွယောင်းယောင်းသူ့မျက်နှာကြီးကြောင့်လော၊ သူမသိ။ သံထည် ထိုင်ခုံနှစ်လုံးပေါ် သူတို့ဝင်ထိုင်ကြသည်။ ဘေးချင်းယှဉ် လျက်သား

ဖြစ်သော်လည်း ပူးပူးကပ်ကပ်မဟုတ်။ ဂျူလီယာသည် ရှူးဖိနပ် ဖြင့် သစ်ကိုင်းခြောက်ကို တမင်ဖိနင်းသည်။ ဂျူလီယာ့ခြေထောက်များ တုတ်လာသည်။

"ရှင့်ကိုကျွန်မ သစ္စာဖောက်ခဲ့တယ်" ဟု ဂျူလီယာပြောင်ပြောင် ပြောသည်။

"ကိုယ်လည်းမင်းကို သစ္စာဖောက်ခဲ့တယ်"

ဂျူလီယာသည် သူ့ကိုမနှစ်မြို့စွာ ဖျပ်ခနဲကြည့်သည်။

"တစ်ခါတလေမှာ ရှင်ဘယ်လိုမှ သည်းမခံနိုင်တဲ့ကိစ္စမျိုးနဲ့ သူတို့ ခြိမ်းခြောက်တယ်။ ရှင်တွေးတောင်မတွေးမိတဲ့ကိစ္စမျိုး။ အဲဒီအခါမှာ ရှင်ဘာပြောမလဲ။ ငါ့ကိုမလုပ်နဲ့ သူ့ကိုလုပ်။ ဒါမျိုး ပြောမယ်။ ရှင်ဟန်ဆောင်ချင်လည်း ဟန်ဆောင်မှာပေါ့။ ရှင်တကယ်ပြောတာမဟုတ်ဘူး- သူတို့ရပ်တန်းက ရပ်အောင်လို့ဆိုပြီး ရှင်ဟန်ဆောင်ထားမယ်။ ဒါပေမယ့် အဲဒါမှားနေပြီ။အဲဒီကိစ္စပေါ်တဲ့ အချိန်မှာ ရှင် တကယ်ကို ပြောခဲ့တာ။ တခြား ဘာနည်းလမ်းမှ မရှိတော့ဘူးလို့ ရှင်ထင်မယ်။ တကယ်က တခြားလူကိုပဲ ရှင်ဖြစ်စေချင်တယ်။ သူဘာဖြစ်ဖြစ် ရှင်ဂရုမစိုက်ဘူး။ ကိုယ်ဂရုစိုက်တာက ကိုယ့်အတွက်ပါပဲ" "ကိုယ်ဂရုစိုက်တာက ကိုယ့်အတွက်ပါပဲ" ဟု ဝင်စတန် သံယောင် လိုက်သည်။

"ပြီးရင်တော့ အဲဒီတခြားလူအပေါ်မှာ အရင်လိုခံစားချက်မျိုး မရှိတော့ဘူး"

"ဟုတ်တယ်။ အရင်လိုခံစားချက်မျိုးမရှိတော့ဘူး"

ထပ်ပြောစရာ စကားလုံးမရှိတော့သလိုပင်။ လေအားကြောင့် အဝတ်အစားများ သူတို့ကိုယ်ပေါ် ကပ်နေသည်။ ငြိမ်ငြိမ်ထိုင်နေရခြင်းသည် ချက်ချင်းလိုပင်ရှက်စရာကောင်းလာသည်။ ထို့ပြင် အေးကလည်းအေးသည်။ မြေအောက်ဘူတာရုံသို့ အမီသွားရမည်ဖြစ်ကြောင်း ဂျူလီယာပြောကာ ထိုင်ရာမှ ထသည်။

"ကိုယ်တို့ထပ်တွေ့ကြဦးမယ်"

"အင်းနော်၊ ထပ်တွေ့ကြဦးမယ်"

ဘာရယ်မဟုတ်၊ ဂျူလီယာ့နောက်မှ ခြေလှမ်းဝက်လောက် ခြားပြီး သူလိုက်သည်။ နှစ်ဦးသား စကားမဆိုကြတော့။ မြေအောက်ဘူတာရုံအထိဂျူလီယာ့ကိုလိုက်ပို့ပေးမည်ဟု သူဆုံးဖြတ်ပြီးကာမှ အအေးဒဏ်ခံရမည့် အရေး သူတွေးမိကာ ဂျူလီယာ့ကို လိုက်ပို့ချင်စိတ်မရှိသလောက် သစ်အယ်ပင် ကဖီးဆိုင်ကို အမြန်ပြန်ရောက်ချင်လာသည်။ ဆိုင်ထောင့်မှသူ့ နေရာလေး၊ သတင်းစာတစ်စောင်၊ စစ်တုရင်ခုံတစ်လုံးနှင့် မပြတ်တမ်းဖြည့်ပေးနေသော ယစ်ရွှေရည်။ အားလုံးအားလုံးထက် သူတောင့်တသည်က ဆိုင်ထဲမှ အနွေးဓာတ်။

သိပ်မကြာ၊ လူသုံးလေးယောက်အုပ်စုနှင့်ကြုံပြီး ဂျူလီယာ့ကို သူ လမ်းခွဲသည်။ ဂျူလီယာ့ကို မီအောင်လိုက်မနေတော့ဘဲ အရှိန်လျှော့ချကာ လာရာလမ်းအတိုင်းတပ်ခေါက်ပြန်ခဲ့သည်။ မီတာငါးဆယ်လျှောက်ပြီး

သူနောက်ပြန်လှည့်ကြည့်သော် ဂျူလီယာ့ကို မသဲကွဲတော့။

တယ်လီစက်မှ တောင်တောင်တင်တင်တီးလုံးသည် အက်ကွဲကာ လှောင်ပြောင်နေသောအသံအဖြစ် ထူးထူးခြားခြား ပေါ်ထွက်လာသည်။

"သစ်အယ်ပင်ရိပ်အောက်မှာ xxx

ငါကမင်းကိုရောင်းစားတယ် xxx

မင်းကငါ့ကိုရောင်းစားတယ် xxx

ဝင်စတန်နဲ့မျက်လုံးထဲ မျက်ရည်များအိုင်ထွန်းလာသည်။ စားပွဲထိုးဖြတ်သွားရင်း ဝင်စတန်နဲ့ဖန်ခွက်လွတ်နေသည်ကိုမြင်၍ ဂျင်ပုလင်းယူပြီးပြန်ရောက်လာသည်။

ဖန်ခွက်ကောက်ကိုင်ပြီး သူနမ်းကြည့်သည်။ ဤယမကာသည် တစ်ကျိုက်ကျိုက်လိုက်တိုင်း အနံ့ပိုဆိုးရွားလာသည်။ သို့သော် ယမကာနှင့်သူ၊ သူနှင့်ယမကာ ခွဲ၍မရတော့။ ယမကာသည်သာ သူ့ဘဝ၊ သူ့သင်္ချိုင်းကုန်း၊ သူ၏အသစ်တဖန်စခြင်း။ ဂျင်ဟူသောယမကာကြောင့်သာလျှင် ညတိုင်း မိန်းမောအိပ်ပျော်သွားရသည်။ မနက်တိုင်းပြန်လန်းအောင် လုပ်နိုင်ခဲ့သည်။ ဆယ့်တစ်နာရီခွဲမတိုင်ခင် သူအိပ်ရာမှအလွန်ထခဲသည်။ အိပ်ရာမှထချိန်တွင် သူမျက်လုံးမဖွင့်နိုင်။ အာခြောက်ကာ ကျောရိုးက ကျိုးတော့မလောက် နာသည်။ အိပ်ရာဘေးတွင် ဂျင်ပုလင်းနှင့်လက်ဖက်ရည်ပန်းကန်လုံးသာ ညလုံးပေါက်မထားလျှင် သူထူနိုင်ဖို့မလွယ်။ တစ်နေ့လယ်ခင်းလုံး သူအရက်ပုလင်းပိုက်ပြီး တယ်လီစက်နားထောင်သည်။ ဆယ့်ငါးနာရီနောက်ပိုင်းမှ သစ်အယ်ပင်ကဖီး၌ သူကျောက်ချထိုင်သည်။

သူဘာလုပ်လုပ် သူ့ကိုဘယ်သူမှဂရုစိုက်မနေကြ။ မည်သည့် ဝီစီသံကမှ သူ့ကိုလာမနှိုး။ မည်သည့်တယ်လီစက်ကမှ သူ့ကို ဟောက်ဟဲမနေ။ တစ်ပတ်လျှင်နှစ်ကြိမ်လောက်တော့ အမှန်တရားဝန်ကြီးဌာနထဲ သူရောက်သည်။ အလုပ်လုပ်သည်ဆိုရုံလောက် လုပ်သည်။ ခေတ်သစ်အဘိဓာန် ဆယ့်တစ်ကြိမ်မြောက်တည်းဖြတ်ခြင်းအတွက် အသေးအမွှားပြဿနာများ ကိုင်တွယ်ဖြေရှင်းရသည့် ကော်မတီခွဲတစ်ခု၏ ကော်မတီခွဲတစ်ခုတွင် သူ့ကို အလုပ်ခန့်ထား ကြသည်။ "ကြားဖြတ်အစီရင်ခံစာ" ဟုခေါ်သော ထိုအလုပ်ကို သူတို့တတွေ ဘာတွေများရေးထားသလဲ သူတစ်ခါမှသေသေချာချာ မကြည့်မိ။

ကော်မာကို ကွင်း၏အတွင်းဘက်တွင် ထားသင့်သလော၊ အပြင်တွင်ထားသင့် သလောစသောကိစ္စများ ဖြစ်၏။

သူ့လိုလူမျိုး စုစုပေါင်းလေးဦး ကော်မတီတွင်ရှိသည်။ သူတို့လေးဦး စုစည်းမိသည့်အခါမျိုးလည်း ရှိသည်။ စုစည်းမိပြီးလျှင် ပျောက်သွားကြပြန်သည်။ လေးဦးစလုံး ဘာမှဟုတ်တိပတ်တိ အလုပ်မလုပ်ကြောင်း အချင်းချင်း ဝန်ခံခြင်းပင်။ သို့သော် သူတို့လေးဦး ခေါင်းချင်းဆိုင်ပြီး အလုပ်ကိုသဲကြီးမဲကြီး လုပ်သည့် အချိန်မျိုးလည်းရှိသည်။ အငြင်းသန်၊ ရန်ဖြစ်ကောင်းလွန်း၍

အထက်အာဏာပိုင်များအထိလည်း ရောက်ခဲ့ဖူးသည်။ ထို့နောက်တွင် လေးဦးလုံးဖြုန်းခနဲ အသက်ကင်းမဲ့သွားကာ ကြက်ဦးတွန်လျှင်ပျောက်ပျက်သွား တော့မည့် သရဲတွေလို တစ်ဦးကိုတစ်ဦး အပြူးသားကြည့်နေမိကြသည်။

တယ်လီစက်မှ အသံရပ်နေပြန်သည်။ ဝင်စတန် ခေါင်းထောင် နားစွင့်သည်။

အရေးကြီးသတင်းများလား။ မဟုတ်သေး။ တီးလုံးပြောင်းခြင်း သာ။ သူ့မျက်ခွံအောက်တွင် အာဖရိကမြေပုံရှိသည်။ စစ်တပ်ရွေ့လျားပုံ ပုံကြမ်းမှာ အမည်းရောင်မြှားသည် တောင်ဘက်ဆီသို့ ဒေါင်လိုက်ရွေ့နေသည်။ အဖြူရောင်မြှားသည် အရှေ့ဘက်ဆီအလျားလိုက်ဖြတ်သန်းနေရာ အမည်းရောင်မြှား၏ နောက်ဖျားကိုကပ်ထိသွားသည်။ သေချာရအောင် နံရံပေါ်မှ တည်ငြိမ်သောမျက်နှာကြီးကို သူလှမ်းကြည့်သည်။

စိတ်ဝင်စားမှုအားပျော့သွားကာ သူထပ်သောက်သည်။ အဖြူရောင်မြင်းရုပ်ကောက်ကိုင်၊ အစမ်းသဘောအကွက်ရွှေ့ကြည့်၊ ချက်လုပ်တော့ သူ့ရွှေ့ကွက်မှားနေတာ သေချာသွားသည်။ အကြောင်းမှာ-

မဆင့်ခေါ်ရဘဲနှင့် အတိတ်အမှတ်တရတစ်ခုရောက်လာသည်။ သူ ကိုးနှစ်ဆယ်နှစ်သားအရွယ်။ အမေပျောက်မသွားခင် တစ်လအလို။ အူတကြုတ်ကြုတ်ဖြစ်ရခြင်းကို အခိုက်အတန့်အားဖြင့်မေ့သွားပြီး အမေ့ကို ချစ်သည့်အချစ်များ မျက်စိလည်၍သူ့ထံ ပြန်ရောက်လာခဲ့သော အတိတ် ပုံရိပ်။ ထိုနေ့ကို သူကောင်းကောင်း မှတ်မိသည်။ ပြတင်းမှန်ပေါ်ချောင်း ပေါက်အောင် ရွာနေသောမိုး။ အခန်းတွင်းမှ မှုန်ဝါးလွန်းသောမီးရောင်။ မှောင် မှောင်မဲမဲထဲ ကလေး နှစ်ယောက်ပျင်းရိစွာ အိပ်ရာထဲခွေနေသည်။

ဝင်စတန် ဂျီကျအစာတောင်းသည်။ အခန်းထဲပတ်ချာလှည့်ပြီး နံရံအောက်ခြေပျဉ်ကာကို ကန်သောကြောင့် ဘေးခန်းမှ လူများ နံရံကို တဘုန်းဘုန်းရိုက်ကြသည်။ အငယ်မလေးပါ တငိုငို တရယ်ရယ် ဖြစ်လာသောအခါ အမေသည် "လိမ်လိမ်မာမာနေ၊ လိမ်လိမ်မာမာနေမှ အရုပ်ဝယ်ပေးမယ်။ အရမ်းလှတဲ့အရုပ်လေး"ဟုဆိုကာ မိုးရေထဲထွက်သွားသည်။ အနီးအနားမှ ကုန်စုံဆိုင်ဆီ အမေသွားပြီး မြွေအံကစားသည့်ကဒ်ထူပြားပိုက်၍ ပြန်ရောက် လာသည်။ စိုထိုင်းထိုင်းကဒ်ထူပြား၏ အနံ့အသက်သည် စိတ်ပျက်စရာ။ ကဒ်ထူပြားကပြဲနေသည့်အပြင် သစ်သားအံစာတုံးကလည်းမသေသပ်။ အမေယူလာသော ပစ္စည်းများကို ဝင်စတန် စူပုပ်ပြီးကြည့်နေသည်။ သည်လို နှင့် သူတို့သားအမိ မြွေအံကစားဖြစ်သွားကာ ဝင်စတန်သည် အားရပါးရ အော်ဟစ်ပျော်ရွှင်နေခဲ့သည်။ စုစုပေါင်းရှစ်ပွဲကစားခဲ့ရာ တစ်ယောက် လေးပွဲ စီနိုင်ခဲ့သည်။ ဘာမှနားမလည်သော ဝင်စတန့်နှမလေးသည် သူတို့ရယ်၍ လိုက်ရယ်သည်။ တမနက်ခင်းလုံး ပျော်ခဲ့ကြရသည်။

ထိုအတိတ်ပုံရိပ်ကို သူ့စိတ်ထဲမှတွန်းထုတ်သည်။ ထိုပုံရိပ်သည် အမှတ်မှားခြင်း။ အမှတ်မှားခြင်းကြောင့် သူမကြာခဏဒုက္ခရောက်သည်။

သိသွားပြီဆိုတော့လည်း ဘာမှအရေးမကြီးတော့။ စစ်တုရင်ခုံဆီ အာရုံ ပြန်လှည့်ကာ မြင်းဖြူရုပ်ကိုသူကောက်ကိုင်လိုက်စဉ် လက်ထဲမှမြင်းဖြူရုပ် စစ်တုရင်ခုံပေါ်ပြန်လွတ်ကျသွားသည်။ သူလန့်ဖျပ်သွားပုံမှာ အပ်နှင့်အထိုး ခံလိုက်ရသည့်အတိုင်း။

စူးရှသော ခရာတွတ်သံ လေထဲလွင့်ပျံလာသည်။ အရေးကြီးသတင်း လာပြီ။ စစ်အောင်နိုင်ခြင်း။ ခရာသံသည် စစ်အောင်နိုင်ခြင်း၏ရှေ့ဦးနိမိတ်။ ကဖီးဆိုင်တစ်ဆိုင်လုံးတင်မက စားပွဲထိုးများပါ နိုးနိုးကြားကြား နားစွင့်နေကြ ပြီ။ ခရာသံသည် အသံလုံး မသေးလှ။

တက်ကြွသောသတင်းလွှင့်သံ တယ်လီစက်မှစတင်ကြေငြာလိုက် သည်နှင့် အပြင်ဘက်မှလူအုပ်ကြီး၏ အုန်းခနဲအားပေးသံကြောင့် သတင်း လွှင့်သံသည် လူအုပ်ကြီး၏အသံကြားထဲ မြုပ်ဝင်သွားတော့သည်။ သတင်း များသည် လမ်းကြားတွေထဲ ပဥ္စလက်ဆန်ဆန် ပြေးလွှားပျံ့နှံ့သွားသည်။ သူကြိုတင်မြင်ထားခဲ့သည့်အတိုင်း တယ်လီစက်မှကြေငြာသွားသည်။ စစ် သင်္ဘောအုပ်စုသည် လျှို့ဝှက် စွာစုစည်းမိသွားပြီး ရန်သူ့စစ်ကြောင်း နောက်မြီး ကို လျှပ်တစ်ပြက်တိုက်ခိုက်နိုင်ခဲ့သည်။ အဖြူရောင်မြားက အမည်းရောင် မြှား၏ နောက်ဖျားကလေးကို ထိုးနှက်နိုင်ခဲ့ခြင်း။ အောင်နိုင်မှုနှင့်ဆိုင်သော စာသားများ စီညံပြန့်ကျဲကုန်သည်။ "ကြီးမားသော စစ်ရေးကစားခြင်း ဟာကွက်မရှိသောပူးပေါင်းဆောင်ရွက်မှု - အပြီးအပိုင်ချေမှုန်းခြင်း - သံ့ပန်း ငါးသိန်း - လုံးလုံးစိတ်ဓာတ်ကျသွားခြင်း - အာဖရိကတစ်တိုက်လုံးကို ထိန်းချုပ် နိုင်ခြင်း - စစ်ပွဲအဆုံးသတ်အောင် အတိုင်းအတာတစ်ခုထိ လုပ်ဆောင်နိုင် ခဲ့ခြင်း - အောင်နိုင်မှု - လူသားသမိုင်းတွင် အကြီးကျယ်ဆုံးအောင်နိုင်ခြင်း - နိုင် - နိုင် - နိုင် - နိုင်ခြင်း။"

စားပွဲအောက်မှဝင်စတန့်ခြေထောက်များ အပြင်းအထန် လှုပ်ခါနေသည်။ သူသည်ထိုင်ရာမထသော်လည်း သူ့စိတ်က အပြင်ဘက်မှလူအုပ်နှင့် အတူ နားကွဲမတတ် အော်ဟစ် အားပေးနေပြီ။ အစ်ကိုကြီးပိုစတာကို ရှုစားမိပြန်သည်။ ကမ္ဘာကြီးကိုပဲ့ကိုင်သည့် ကြီးကျယ်မြင့်မားသော ပုဂ္ဂိုလ်ကြီးပါပေ။ လွန်ခဲ့သောဆယ်မိနစ် ကပင် သူ့စိတ်ထဲ ဇဝေဇဝါဖြစ်ခဲ့ရသေးသည်။ ရှေ့တန်း မှသတင်းသည် အရှုံးလော၊ အနိုင်လော။ တကယ်တော့ အချေမှုန်းခံ ယူရေးရှားစစ်တပ်ကြီးထက်ပင် ပိုသေးသည်။ မေတ္တာဝန်ကြီးဌာနသို့ စရောက် သည့်နေ့မှစပြီး သူများစွာပြောင်းလဲခဲ့သည်။ သို့ရာတွင် နောက်ဆုံးအဆင့် ကုစားမှုသည် မဖြစ်ပေါ်ခဲ့။ ယခု အခိုက်အတန့်တွင်မှ နောက်ဆုံး ကုစားမှု ကို သူရရှိတော့သည်။

သံ့ပန်းများအကြောင်း၊ အသတ်အဖြတ်များအကြောင်း တယ်လီစက် မှ သွန်ထွက်နေဆဲ။ အပြင်ဘက်မှအော်သံများ ငြိမ်ကျလာသည်။ စားပွဲထိုး များ ကိုယ့်အလုပ်ကိုယ်ပြန်လုပ်ကြပြီ။ စားပွဲထိုးတစ်ယောက် ဂျင်ပုလင်းကိုင်ပြီး သူ့အနားရောက်လာသည်။

အိပ်မက်လှလှထဲငုတ်တုတ်ထိုင်နေသောသူက ဂျင်ဖြည့်ပေးနေသည်ကို ဂရုမစိုက်။ သူပြေးလွှားမနေ၊ အော်ဟစ်အားပေး မနေ။ မေတ္တာဝန်ကြီးဌာနထဲ သူပြန်ရောက်နေသည်။ အရာရာတိုင်းအတွက် သူ့ကိုခွင့်လွှတ်ပေးပြီးကြပြီ။ သူ့ဝိဉာဉ်သည် နှင်းပွင့်လိုဖြူစင်သန့် ရှင်းလျက်။

သူသည် လူအုပ်အလယ်မှ ဝက်ခြံထဲရောက်နေပြန်ကာ အားလုံးကို သူဝန်ခံသည်။ လူတိုင်းကို ငြိစွန်းစေသည်။ နေရောင်အောက်လမ်းလျှောက်သလို အဖြူရောင်ကော်ရစ်ဒါပေါ် သူလမ်းလျှောက်နေစဉ် သူ့နောက်တွင် လက်နက်ကိုင်အစောင့်။ မျှော်လင့်စောင့်စားခဲ့ရသော ကျည်ဆန်သည် သူ့ဦးနှောက်ထဲ ဖောက်ဝင်လာသည်။

နံရံပေါ်မှ ရောမမျက်နှာကြီးကို သူငေးသည်။ နှုတ်ခမ်းမွေးမည်း မည်းတုတ်တုတ်အောက်တွင် ဘယ်လိုအပြုံးကိုဝှက်ထားသလဲဟု နှစ်ပေါင်း လေးဆယ်ကြာအောင် သူသင်ကြားခဲ့ရသည်။ ဩော် . . . ရက်စက်ပါဘိ၊ အသိမှား အယူမှား အပိုသက်သက်တွေ။ ဩော် . . . ခေါင်းမာလွန်းခဲ့သည်၊ မေတ္တာရင်ခွင်ကိုရှောင်ခွာ ထင်ရာစိုင်းခဲ့မိသည်။

အရက်စော်နံသော မျက်ရည်စီးကြောင်းနှစ်ခုက နှာတံ ဘေးနှစ်ချက် မှ စီးယိုကျလာသော်လည်း သူအားလုံးကောင်းနေသည်။ ရုန်းကန်ရခြင်း နိဋ္ဌိတံခဲ့ပြီ။ မိမိကိုယ်ကိုအောင်နိုင်ခဲ့ပြီ။ အစ်ကိုကြီးကို သူချစ်ပါသည်။ ။

ဘာသာပြန်ဆိုသူ

ဝင့်ပြုံးမြင့်

(၈. ၁၂. ၂၀၁၀)

Whisper Of Words